စတုတ္ထဘာဂံ-ဟူသော ပုဒ်၌ ဘာဂ-ဟူသော နည်းသည် ရှေးဦးစွာသော အဖို့ စသည်တို့နှင့် ဆက်ဆံသော်လည်း ဤအရာဝယ် ရှေးဦးစွာသော အဖို့ စသည်တို့၌ မထင် ၄-ခမြောက်အဖို့၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် အထင်ရှင်နည်း မည်၏။

စတုတ္ထဘာဂံ-ဟူသောပုဒ်၌ ဘာဂ-သဒ္ဒါသည် အပေါင်းဖြစ်သော ရှေးဦးစွာသော အဖို့ စသည်တို့၏ ဘာဂ-ဟူသောအမည်ကို အစိတ်ဖြစ်သော ၄-ခမြောက်အဖို့၌ တင်စား၍ အစိတ်ဖြစ်သော ၄-ခမြောက်အဖို့ကို "ဘာဂ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသုပစာ=သမုဒါယူပစာ မည်၏။ (ဘာဂ-ပုဒ် တစ်စိတ်ကို ရည်သည်။)

(တစ်နည်း) စတုတ္ထဘာဂ-ဟူသော နည်းသည် ၄-ခမြောက် အဖို့တည်း ဟူသော အစိတ်ကို မှတ်၍ ဆိုသဖြင့် လေးဖို့တစ်ဖို့တည်းဟူသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏ နည်းမည်၏။

မှတ်ချက် ။ ။ နိဒဿနနည်း လည်း ရသင့်သည်သာ။

စတုတ္ထဘာဂ-သဒ္ဒါသည် ၄-ခမြောက်အဖို့၏ စတုတ္ထဘာဂ-ဟူသော အမည်ကို အပေါင်းဖြစ်သော လေးဖို့တစ်ဖို့၌ တင်စား၍ အပေါင်းဖြစ်သော လေးဖို့တစ်ဖို့ကို "စတုတ္ထဘာဂ" ဟု ခေါ်ဝေါ် ခြင်းကြောင့် ဧကဒေသုပစာ=အဝယဝူပစာ မည်၏။ (ပုဒ်လုံးကိုရည်သည်)။

http://www.dhammadownload.com

[သီဖွယ် ။ ။ ရှေးနည်းကာ ရိုးရာနည်း ဖြစ်သည်။ နောက်နည်း၌ စတုတ္ထဘာဂအရ ၄-ခုမြောက်အဖို့သာ ရသည်။ ရှေ့ ၃-ဖို့ကို မရ။ အမှန်ယူရမည်မှာ ၄-ခုမြောက်အဖို့သာမဟုတ် ရှေးဦးစွာဖြစ်သော အဖို့ ၂-ခုမြောက်အဖို့, ၃-ခုမြောက်အဖို့, ၄-ခုမြောက်အဖို့တို့တွင် မည်သည့်အဖို့ဖြစ်ဖြစ် တစ်ဖို့ကို (၄-ဖို့ဘစ်ဖို့) ကို ယူရမည်။ ထို့ကြောင့် စတုတ္ထဘာဂကို "လေးဖို့တစ်ဖို့" ဟု ဥပစာဆိုက်အောင် ဆိုလိုရင်းအားဖြင့် ဝါ ပေါက်၍ အနက်ပေးကြသည်။ တစ်ပြိုင်နက် ၄-ဖို့လုံးကို မယူနိုင်သော်လည်း အသီးသီး ယူခဲ့သော ၄-ဖို့လုံးကို ယူနိုင်၍ အပေါင်း ဖြစ်သည်သာ။]

---

၉ ။ ။ [ဋ္ဌ၊ ၁။ ၂၆၈။]

---

၁၀ ။ ။ အာယတနောတရဏ နေတ္တိနည်း

ဝိဘင်္ဂေန-ဟူသောပုဒ်၏ အရဖြစ်သော ဒေသနာဉာဏ်ပြဓာန်းသော မဟာကြိယာဉာဏသမ္မယုတ်စိတ္တုပ္ပါဒ်, ထိုစိတ္တုပ္ပါဒ်နှင့် အတူဥပါဒ်သော ရုပ်တရား၌တွင် ဒေသနာဉာဏ်ပြဓာန်းသော မဟာကြိယာဉာဏသမ္မယုတ် စိတ္တုပ္ပါဒ်နှင့် အတူဥပါဒ်သော စက္ခုပသာဒသည် စက္ခာယတန မည်၏။ သောတပသာဒသည် သောတာယတနမည်၏။ ဃာနပသာဒသည် ဃာနာယတန မည်၏။ ဇိဝှါပသာဒသည် ဇိဝှါယတန မည်၏။ ကာယပသာဒသည် ကာယာယတန မည်၏။ ရူပါရုံသည် ရူပါယတန မည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။ ရသာရုံသည် ရသာရတန မည်၏။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။ ဒေသနာဉာဏ်ပြဓာန်းသော မဟာကြိယာဉာဏသမ္မယုတ်စိတ် လေးခုသည် မနာယတန မည်၏။ စေတသိက် ပဉ္စတိသ, သုခုမရုပ်သောဋ္ဌသသည် ဓမ္မာယတန မည်၏။ ဤသို့ အာယတနအားဖြင့် သွင်းခြင်းသည် အာယတနောတရဏ မည်၏-ဟူလိုသော်။

[သီဖွယ် ။ ။ ဝိဘင်္ဂေန-၌ "ဝေဖန်တော်မူသော ဘုရား" ဟူရာ၌ "ဝေဖန် (ဝေဖန်ဆဲအခိုက်၌ ဥပါဒ်) သော ခန္ဓာငါးပါး" ဟု ဆိုလိုသည်။ ထို့ကြောင့် ဒေသနာဉာဏ်ပြဓာန်းသော မဟာကြိယာဉာဏသမ္မယုတ်စိတ္တုပ္ပါဒ်နှင့် ထိုစိတ္တုပ္ပါဒ်နှင့်အတူဥပါဒ်သော ရုပ်ကိုသာ ကောက်သည်။]

---

http://www.dhammadownload.com

၁၃၂၁-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဋိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

အောက်ပါ ပါဋိတော်များကို အနက်မှန်မှန် သမ္မန်ခဲ့ပါ။

၁ ။ ။ အညတရော ဝုမ္ပဗွဇိတော ဘိက္ခု ပုရာဏဒုတိယိကာယ ဒဿနံ အဂမာသိ။သာ "ဧဟိ ဘန္တေ ဝိဗ္ဘမာ" တိ အဂ္ဂဟေသိ။ သော ဘိက္ခု ပဋိက္ကမန္တော ဥတ္တာနော ပရိပတိ။ သာ ဥဗ္ဘဇိကွာ အင်္ဂဇာတေ အဘိနိသီဒိ။

၂ ။ ။ အနာပတ္တိ အသဉ္ဇိစ္စ အဇာနန္တဿ နမရဏာဓိပ္ပါယဿ ဥမ္မတ္တကဿ အာဒိကမ္မိကဿာတိ။

၃ ။ ။ ဧဝံ မာ သုခံ လဘတု အယျော ဥဒါယီ၊ ယထာ မယံ ဒုဂ္ဂတာ ဒုက္ခိတာ နဿ သုခံ လဘာမ ပါပိကာဟိ သဿူဟိ ပါပကေဟိ သသုရေဟိ ပါပကေဟိ သာမိကေဟီတိ။

၄ ။ ။ ကိဉ္စာပိ ဘန္တေ အယျော အနတ္ထိကော တေန ဓမ္မေန၊ အပိစ ဒုဿဒ္ဓါပယာ အပ္ပသန္နာ မနုဿာတိ။

အောက်ပါ အဋ္ဌကထာပါဋ္ဌတို့ကို အနက်မှန်မှန် သမ္မန်ပါ။

၅ ။ ။ ယံနူနာတိ ပရိဝိတက္ကဒဿနမေတံ။ ဧဝံ ကိရဿ ပရိဝိတက္ကော ဥပ္ပဇ္ဇနာ "ယမယံ ပရိဘာ ဧကဂ္ဂစိတ္တာ ဓမ္မံ သုဏာတိ၊ အဟော ဝတာဟမ္ပိ တံ သုဏေယျ" နွှိ။

၆ ။ ။ ဒိဋ္ဌဓမ္မိကာ အာသဝါ နာမ အသံဝရေ ဋ္ဌိတေန ကသ္မိညေဝ အတ္တဘာဝေ ပတ္တဗ္ဗာ ပါဏိပ္ပဟာရဒဏ္ဍပ္ပဟာရဟတ္ထစ္ဆေဒပါဒစ္ဆေဒအကိတ္တိ အယသဝိပ္ပဋိသာရာဒယော ဒုက္ခဝိသေသာ။

၇ ။ ။ အနဝယောတိ အနုအဝယော၊ သန္ဓိဝသေန ဥကာရလောပေါ၊ အန အနု အဝယော, ယံ ယံ ကုမ္ဘကာရေဟိ ကတ္တဗ္ဗံနာမ အတ္ထိ၊ သဗ္ဗတ္ထ အနူနော ပရိပုဏ္ဏသိပ္ပေါတိ အတ္ထော။

၈ ။ ။ အညမ္ပိ ပနေတ္ထ ဟတ္ထလဃ်နပါဏိပ္ပဟာရအင်္ဂုလိဖောဋ္ဌနဂီဝုန္နာမနဥက္ကာသနာဒိအနေကပ္ပကာရံ သင်္ဂဟေတဗ္ဗံ။

၉ ။ ။ ယော တာဝ ပါသံ ဩဋ္ဌေတိ "ဧတ္ထ ဗဇ္ဈိတွာ သတ္တာ မရိဿန္တီ" တိ၊ အဝဿံ ဗဇ္ဈနကသတ္တာနံ ဝသေန ဟတ္ထာ မုတ္တမတ္တေ ပါရာဇိကာနန္တရိ-

http://www.dhammadownload.com

ယထုလ္လစ္ဆယပါစိတ္တိယာနိ ဝေဒိတဗ္ဗာနိ။

၁၀ ။ ။ **ကဿာဟံ ကေန ဟာယာမီတိ** အဟံကဿာ အညိဿာ ဣတ္ထိယာ ကေန ဘောဂေန ဝါ အလင်္ကာရေန ဝါ ရူပေန ဝါ ပရိဟာယာမိ၊ ကာ နာမ မယာ ဥတ္တရိတရာတိ ဒီပေတိ။

၁၃၂၁-ခုနှစ် မွာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ [ပါ၊ ၅၀။ ပါ၊ သျှ။ ၁၁၄။]

---

၂ ။ ။ [ပါ။ ၉၉။ ပါ၊ သျှ။ ၁၇၈။]

---

၃ ။ ။ [ပါ။ ၂၀၀။ ပါ၊ သျှ၊ ၂၅၇။]

---

၄ ။ ။ [ပါ။ ၂၈၆။ ပါ၊ သျှ။ ၃၂၄။]

---

၅ ။ [ဋ္ဌ၊ ၁။ ၁၆၉။ ဋ္ဌ၊ သျှ၊ ၂။ ၁၀၇။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၅၂။]

---

၆ ။ [ဋ္ဌ၊ ၁။ ၁၉၀။ ဋ္ဌ၊ သျှ၊ ၂။ ၁၇၇။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၂၉၀။]

---

၇ ။ [ဋ္ဌ၊ ၁။ ၂၄၉။ ဋ္ဌ၊ သျှ၊ ၂။ ၃၄၃။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၂၉၀။]

---

၈ ။ [ဋ္ဌ၊ ၁။ ၃၂၃။ ဋ္ဌ၊ သျှ၊ ၂။ ၅၆၅၊ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၅၀၄။]

---

၉ ။ [ဋ္ဌ၊ ၂။ ၅၄။ ဋ္ဌ၊ သျှ၊ ၃။ ၂၉၅။ ဋ္ဌ၊ သျှ၊ သစ်၊ ၄။ ၁၆၀။]

---

http://www.dhammadownload.com

၁၀ ။ [ဋ္ဌ၊ ၂။ ၁၃၇။ ဋ္ဌ၊ သျ၊ ၄။ ၉၅။ ဋ္ဌ၊ သျ၊ သစ်၊ ၄။ ၁၈၉။]

၁၃၂၁-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ရာဇဂဲ့ ဘဏ္ဍန္တိ ရာဇာရဟံ ဘဏ္ဍံ။

(ခ) ယတော ရညော ပဋ္ဌမသက် ဝါ အတိရေကပဋ္ဌမာသက် ဝါ အဂ္ဃနက် သုက် ဒါတဗ္ဗံ ဟောတိ၊ တံ ဘဏ္ဍန္တိ အတ္ထော။ ရာဇ ကန္တိပိ ပါဌော၊ အယမေဝတ္ထော။

(ဂ) ထေယျစိတ္တော‌တိ "ဣတော ရညော သုက် နု ဒဿာမိ" တိ ထေယျစိတ္တံ ဥပ္ပါဒေတွာ တံ ဘဏ္ဍံ အာမသတိ၊ ဒုက္ကဋံ။

(ဃ) ဌပိတဋ္ဌာနတော ဂဟေတွာ ထဝိကာယ ဝါ ပက္ခိပတိ ပဋိစ္ဆန္နဋ္ဌာနေ ဝါ ဥရုနာ သဒ္ဒိံ ဗန္ဓတိ၊ ထုလ္လစ္စယံ။

(င) သုက်ဋ္ဌာနေန ပရိစ္ဆိန္နဋ္ဌာ ဋ္ဌာနာစာဝနံ နု ဟောတိ။

(စ) သုက်ဋ္ဌာနပရိစ္ဆေဒံ ဒုတိယံ ပါဒံ အတိက္ကာမေတိ၊ ပါရာဇိကံ။

၁ ။ ။ အထက်ပါ (က) (ခ) (ဂ) မှတ်ဝါကျတို့ကို အနက်သမ္မန်ပါ။

၂ ။ ။ (စ) မှတ်ဝါကျ၌ လိုရင်းကောက်ပြီးလျှင် ဒုတိယံ ပါဒံ ဟူသော ပုဒ်တို့ကို လျှဉ်းပါး၍ သဒ္ဒါနည်း ထွက်ပြပါ။

၃ ။ ။ (ခ) (ဃ) (င) ဝါကျတို့ကို အကြောင်းပြု၍ အမည်ပေးပါ။

၄ ။ ။ ဂဟေတွာ-ပုဒ်ကို ဝစနတ္ထပြု၍ ဉာသ်နည်းအရ ကောက်ပြပါ။

၅ ။ ။ သုက်-ဟူသော ပုဒ်ကို ဓာတု, ပစ္စယ, လိင်, ဝိဘတ္တိအားဖြင့် ဝေဖန်ပါ။

၆ ။ ။ (က) (ဂ) မှတ်ပါ သဝဏ္ဏနာတို့ကို အကြောင်းနှင့်တကွ အမည် ပေး၍ အယမေဝတ္ထော-ဆိုရာ၌ အာဘောဂကို ဖော်ပြပါ။

၇ ။ ။ "ရာဇဂဲ့, ရာဇကဲ" ဟူ၍ ပါဌ်နှစ်ထွေ ရှိရာ ရာဇကဲ-ဟူသော ပါဌ် သင့်ကြောင်းကို ယုတ္တိပြ၍ ဝိနိစ္ဆယချပါ။

၈ ။ ။ ထေယျစိတ္တံ ဥပ္ပါဒေတွာ-၌ ဖြစ်သင့်သော နည်း,ဥပစာတို့ကို

http://www.dhammadownload.com

အကြောင်းနှင့် တကွ ထုတ်ပြပါ။

၉ ။ ။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာစုဏ္ဍိယဗန္ဓ စီပါ။

"ဥပစာသို့ သက်၍ ရှောင်လွဲအံ့ ခိုးခြင်းသည်သာ ဖြစ်တော့၏" ဟု ကုရုန္ဒီအဋ္ဌကထာ၌ အကယ်၍ ဆိုအပ်၏။ သို့သော်လည်း မဟာအဋ္ဌကထာ၌ "ရှောင်လွဲသူကို မင်းချင်းယောကျ်ားတို့ ညှဉ်းဆဲတတ်ကုန်၏။ ဤသို့ သက်သက် အပြစ်ကို ပြ၍ ဥပစာသို့ သက်၍ ရှောင်လွဲသော ရဟန်းအား ဒုက္ကဋ်သင့်၏။ မသက်ဘဲ ရှောင်လွဲသော ရဟန်းအား အာပတ်မသင့်" ဟု ဆိုအပ်၏။ ဤစကား ပါဠိနှင့် ညီ၏။

၁၀ ။ ။ ထေယျစိတ္တော-မှ မုချတ္ထကို ကောက်၍ ဣန္ဒြိယောတရဏ-ဟာရနေတ္တိနည်း ထုတ်ပြပါ။

၁၃၂၁-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ [ဌ၊ ၁။ ၃၁၄။ ဌ၊ သျ၊ ၂။ ၅၃၉။ ဌ၊ သျ၊ သစ်၊ ၃။ ၄၈၀။]

---

၂ ။ ။ ဒုတိယ ပါဒ-ပုဒ်တို့ကို လျှဉ်းပါး၍ သဒ္ဒါနည်း (ပုစ္ဆာ) ထွက်,

(စ) အမှတ်ပြဝါကျပါဠိအပေါင်းတို့တွင် လိုရင်းကား အတိက္ကာမေတိ-ဟူသည်တည်း။

အဓိပ္ပာယ်ကား ။ ။ လွန်စေအံ့-ဟူလိုသော်။

အရှင် အဋ္ဌကထာဆရာ ဆရာသည် အတိက္ကာမေတိ-၌ ဇော-ပစ္စည်း ဟူသော ကာရိတ်ကမ္မီကို ဆိုတော်မူ၏ (ဋ္ဌပနာ)။ ထိုကာရိတ်ကမ္မီ၏ ကာရိတ်ကမ္မသည် ဟတ္ထဲ-ဖြစ်ရာသည် မဟုတ်ပါလော (အာဘောဂ)။ ထိုကာရိတ်ကမ္မီ၏ ကာရိတ်ကမ္မကား အဘယ်ပါနည်း (ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် ပါဒ-ဟူသော ပါဋ္ဌကို မိန့်။

အဓိပ္ပာယ်ကား ။ ။ ဇော-ပစ္စည်း ဟူသော ကာရိတ်ကမ္မီ၏ ကာရိတ်ကမ္မကား ပါဒ-ဖြစ်၏ ဟူလိုသော်။

http://www.dhammadownload.com

အရှင်အဋ္ဌကထာဆရာ ဆရာသည် ပါဒ်-ဟူသော ဝိသေသျကို ဆိုတော်မူ၏ (ဌပနာ)။ ထိုဝိသေသျ၏ ဝိသေသနသည် တတိယ်-ဖြစ်ရာသည် မဟုတ်ပါလော (အာဘောဂ)။ ထိုဝိသေသျ၏ ဝိသေသနကား အာဘယ်ပါနည်း (ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် ဒုတိယ်-ဟူသော ပါဋိကို မိန့်။

အဓိပ္ပာယ်ကား ။ ။ ပါဒ်-ယူသော ဝိသေသျ၏ ဝိသေသနကား ဒုတိယ်-ဖြစ်၏-ဟူလိုသော်။

[လျှဉ်းပါး-ဟူသော ဝေါဟာရနှင့် အာဘော်-ဟူသော ဝေါဟာရ] ။လျှဉ်းပါး-ဟူသော ဝေါဟာရနှင့် အာဘော်-ဟူသော ဝေါဟာရတို့သည် ဆိုလိုရင်းသဘော အတူတူပင်ဖြစ်သည်။ ထို့ကြောင့် လျှဉ်းပါး၍ သဒ္ဒါနည်းထွက်ပြပါ-ဟူသော မေးခွန်းကို "သဒ္ဒါနည်း သာဘောဂ (ဌပနာတိက) ပုစ္ဆာထွက်, (သို့မဟုတ်) သဒ္ဒါနည်း သာဘောဂ (ဌပနာတိက) စောဒနာထွက် ("ပုစ္ဆာနှင့်စောဒနာ အတူတူ" ဟု ရေးခဲ့ပြီ။) အထွက်ခိုင်းသည်" ဟု မြင်ပါ။ အာဘော်-ဟူသော ဝေါဟာရနှင့် အဓိပ္ပာယ်တူသော လျှဉ်းပါး-ဟူသော ဝေါဟာရ ပါပြီးဖြစ်သော ကြောင့်ပင် အနုသန္ဓေ, (ဒေါသာရောပန) စောဒနာ, အဘိယာစက်ထွက်တို့ မဟုတ်ကြောင်း သိနိုင်သည်။ မည်သို့ဖြစ်စေ စကားမကျန်လျှင်အကောင်းဆုံးဖြစ်သည်။ ပုစ္ဆာ၌ စကားကျန်သည်။ "လျှဉ်းပါး၍ သဒ္ဒါနည်းပုစ္ဆာ ထွက်ပြပါ။ (သို့မဟုတ်) လျှဉ်းပါး၍ သဒ္ဒါနည်း စောဒနာ ထွက်ပြပါ" ဟု မေးမှ စကားပြည့်စုံသည်။

လျှဉ်းပါးဖွယ်ရာ၊ ရှိမှသာ၊ ဖွေရှာ လျှဉ်းပါးမြဲ ။ ။ "လျှဉ်းပါး" ဟူရာ၌ လျှဉ်းပါးစရာ, သံသယဖြစ်စရာကိုသာ လျှဉ်းပါးရသည်။ သံသယ ဖြစ်စရာ မဟုတ်တာကို မလျှဉ်းပါး၊ ဥပမာ-"ရန်ကုန်မှ ပဲခူးသို့ ရထားဖြင့် သွား၏" ဟု ဆိုရာ၌ ပဲခူးသို့ ကားဖြင့်လည်း သွားနိုင်၍ ကားသာ သံသယ ဖြစ်စရာ ရှိသည်။ သင်္ဘောဖြင့် မသွားနိုင်၍ သင်္ဘောသည် သံသယ ဖြစ်စရာ မဟုတ်၊ သို့ဖြစ်၍ ရထားဖြင့်-ဟူသော ကရိဏ်းကို လျှဉ်းပါးလိုသော် "ပဲခူးသို့ ကားဖြင့် သွားရာသည် မဟုတ်ပါလော" ဟု လျှဉ်းပါးရသည်။ "ပဲခူးသို့ သင်္ဘောဖြင့် သွားရာသည် မဟုတ်ပါလော" ဟု မလျှဉ်းပါး၊ ထို့ကြောင့် **"လျှဉ်းပါးဖွယ်ရာ၊ ရှိမှသာ၊ ဖွေရှာ လျှဉ်းပါးမြဲ"** ဟု မိန့်ဆိုကြသည်။]

---

၃ ။ ။ (ခ) (ဃ) (င) အမှတ်ပြဝါကျတို့၏ အကြောင်းနှင့်တကွအမည်

http://www.dhammadownload.com

(ခ) မှတ်ဝါကျသည် (က) အမှတ်ပြဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ ဖြစ်ပါသည်။

(ဃ) အမှတ်ပြဝါကျသည် ထေယျစိတ္တော အာမသတိ၊ အာပတ္တိ ဒုက္ကဋဿ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာမှ တစ်ပါး ဖန်အာပေတိ၊ အာပတ္တိ ထုလ္လစ္စယဿ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ ဖြစ်ပါသည်။

(င) အမှတ်ပြဝါကျသည် (ဃ) အမှတ်ပြဝါကျ၌ စောဒကတို့ စောဒနာ ဖွယ်ရှိ၍ ထိုစောဒကတို့ စောဒနာချက်ကို ပယ်ဖျက်ရန် တစ်ဖန်ဆက်လက်၍ အားထုတ်သောကြောင့် ဝါကျာရမ္ဘဝါကျ ဖြစ်ပါသည်။

[အဓိပ္ပါယော၊ အတ္ထော-ရှိက ဝိတ္ထာရ။ ။ဂုဠ္ဍတ္ထကို ဖော်ပြသောကြောင့် အဓိပ္ပါယော၊ အတ္ထော-ပါသော ဝါကျကို ဝိတ္ထာရဝါကျ အမည်ပေးရသည်။ ထို့ကြောင့် **"အဓိပ္ပါယော၊ အတ္ထော ရှိက၊ ဂုဠ္ဍတ်ဖော်ပြ၊ စကားကျ** (ရွှေရေးဆောင်နိယံ၊ ၃၄၁။)" ဟု မိန့်သည်။ (သို့သော် အယမေဝတ္ထော-ကဲ့သို့ ညွှန်ပြသော အတ္ထော-မျိုးကိုတော့ မဆိုလို။)]

---

၄ ။ ။ ဝစနတ္ထနှင့် ဥာဿကောက်

ဂဟေတွာနာတိ ဂဟေတွာ ။ ။ ဂဟေတွာန၊ ယူ၍။ ဣတိဝစနတ္ထေန၊ ဤကတွတ္ထနှင့် တကွသော ကြိယာဝိသေသနတ္ထကြောင့်။ ဂဟေတွာ၊ ဂဟေတွာ မည်၏။

ဂဟေတွာနာတိ-ကား ကြိယာဝိသေသနနှင့် တကွသော ကတ္တုသာဓနကိတ်ဝိဂြိဟ်၊ ဂဟေတွာ-ကား ကြိယာဝိသေသနနှင့် တကွသော ကတ္တုသာဓနကိတ်ပုဒ်၊ ဂဟ-ဓာတ်, တွာ-ပစ္စည်း။ ဂဟ-ဓာတ်၏ အရကား ထေယျစိတ်သည် မုချအားဖြင့် ရ၏။ ယောနိသောမနသိကာရ အစရှိသော ရှေးရှေး၌ ဖြစ်သော စိတ္တုပ္ပါဒ်သည် ဖလူပစာအားဖြင့်ရ၏။ နောက်နောက်၌ ဖြစ်သော စိတ္တုပ္ပါဒ်သည် ကာရဏူပစာအားဖြင့် ရ၏။ တွာ-ပစ္စည်း၏ အရကား ထိုမုချ, ဖလူ, ကာရဏူပစာတို့ဖြင့် မှတ်အပ်သော ခိုးယူသော ရဟန်းသည် အပဓာနအားဖြင့် ရ၏။ ကြိယာပုဒ်တို့၏ သဘောသည် ကြိယာကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော ဓာတွတ္ထသည်သာလျှင် ပဓာနအားဖြင့် ရ၏။

(တစ်နည်း) ဂဏှာတီတိ ဂဟေတွာ ။ ။ ဂဏှာတိ၊ ယူ၏။ ဣတိတသ္မာ၊

http://www.dhammadownload.com

ထိုသို့ယူတတ်သော သတ္တိကြောင့်။ ဂဟေတွာ၊ ဂဟေတွာ မည်၏။

ဂဏ္ဍာတီတိ–ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ဂဟေတွာ–ကား ကတ္တုသာဓနကိတ်ပုဒ်။ ဂဟ–ဓာတ်၊ တွာ–ပစ္စည်း။ (အကောက်ကား– အတူတူပင်)။

[တွာဒိပစ္စယန္တပုဒ်များနှင့် ဝိဂ္ဂဟ ။ ။ တွာဒိပစ္စယန္တပုဒ်တို့ကို ဝိဂြိုဟ်ပြုရာ၌ မဏိမဥ္ဇူ၊ ဆရာကြီးသည် နမာမီတိ နတွာ, အနမိန္တိ ဝါ နတွာ (မဏိမဥ္ဇူ။ ၁။ ၆။) –စသည်ဖြင့် ကတွတ္ထသက်သက် ပြုသည်။ ညောင်ကန် ဆရာတော်ကြီးလည်း နမာမီတိ နတွာန (ညောင်ကန်မူ ဥာသ်ကောက်။ ၇၆၃။)–စသည်ဖြင့် ကတွတ္ထသက်သက်ပင် ပြုသည်။ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးကား တွာဒိပစ္စယန္တပုဒ်ကို ဝိဂြိုဟ်ပြုခြင်းကို နှစ်သက်တော်မမူ။ အကယ်၍ ပြုလိုမူ ၎င်းပုဒ်များသည် ကတ္တားသက်သက်ကို မဟော ကြိယာဝိသေသနနှင့် တကွ ကတ္တားကို ဟောသောကြောင့် အဘိဝန္ဒိတွာတိ အဘိဝန္ဒိယ, ကာတုန္တိ ကာတဝေ (ဝိသုဒ္ဓါရုံသုတ်နက်။ ၅၆၄ သုတ်။) –စသည်ဖြင့် "ကြိယာဝိသေသနနှင့်တကွ ကတ္တားအနက်ကိုရအောင်ပြုရမည်" ဟု မိန့်သည်။]

---

၅ ။ ။ ဓာတွာဒိဝိဘာဂ

သုဏ်–ကား သုဏ်–ဓာတု, အ–ပစ္စယ, ပုလ္လိဂ်, နပုံသက, (ခ) အမှတ်ပြဝါကျ သုဏ်–ကား ပဌမာဧကဝစန သိ–ဝိဘတ္တိ, (ဂ) အမှတ်ပြ ဝါကျ သုဏ်–ကား ဒုတိယာဧကဝစန အံ–ဝိဘတ္တိ ဖြစ်ပါသည်။

---

၆ ။ ။ သံဝဏ္ဏနာ နှင့် အာဘောဂ

(က) (ဂ) အမှတ်ပြဝါကျ သံဝဏ္ဏနာ ။ ။ ရာဇာရဟံ ဘဏ္ဍံ–ဟူသော သံဝဏ္ဏနာသည် ရာဇဂ္ဂံဘဏ္ဍံ–၌ "မင်း၏ အဖို့အစုဖြစ်သော ဘဏ္ဍာ" ဟူသည် "မင်းအား ထိုက်သော ဘဏ္ဍာကိုပင် ဆိုသည်" ဟု အဓိပ္ပာယ်ရ အနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

ဣတော ရညော သုဏ် နဒဿာမီတိ–ဟူသော သံဝဏ္ဏနာသည် ထေယျစိတ္တံ ဥပ္ပါဒေတွာ–၌ "ခိုးလိုသော စိတ်ကို ဖြစ်စေ" ဟူသည် "ဤဘဏ္ဍာမှ မင်းအား ကင်းခွန်ကို မပေးတော့အံ့၊ ဤသို့ဖြစ်စေခြင်းကိုပင် ဆိုသည်" ဟု အဓိပ္ပာယ်ရအနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

ထေယျစိတ္တံ ဥပ္ပါဒေတွာ–ဟူသော သံဝဏ္ဏနာသည် ထေယျစိတ္တော–၌

http://www.dhammadownload.com

"ခိုးလိုသော စိတ်ရှိ" ဟူသည် "ခိုးလိုသောစိတ်ကို ဖြစ်စေခြင်းကိုပင် ဆိုသည်" ဟု အဓိပ္ပာယ်ရ အနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

ထေယျစိတ္တံ ဥပ္ပါဒေတွာ တံ ဘဏ္ဍံ အာမသတိ-ဟူသော သံဝဏ္ဏနာ သည် ရာဇဂ္ဂံ ဘဏ္ဍံ ပဉ္စမာသကံ ဝါ အတိရေက ပဉ္စမာသကံ ဝါ အဂ္ဂနကံ ထေယျစိတ္တော အာမသတိ-၌ "မင်းအား ထိုက်သော ၅-ပဲကို လည်းကောင်း, ၅-ပဲထက် လွန်သည်ကို လည်းကောင်း ထိုက်သော ဘဏ္ဍာကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်" ဟူသည် "ခိုးလိုသော စိတ်ကိုဖြစ်စေ၍ မင်းအား ထိုက်သော ၅-ပဲကို လည်းကောင်း ၅-ပဲထက် လွန်သည်ကိုလည်းကောင်း ထိုက်သော ဘဏ္ဍာကို သုံးသပ်ခြင်းကိုပင် ဆိုသည်" ဟု အဓိပ္ပာယ်ရ အနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

[ဆိုလိုရင်း ။ ။ ရာဇဂ္ဂံ ဘဏ္ဍံ-စသော ကံကို "တံ ဘဏ္ဍံ" ဟု ထေယျစိတ္တော-၏ အဖွင့် ထေယျစိတ္တံ ဥပ္ပါဒေတွာ-နောက်၌ ဖွင့်ထားသည့်အတွက် ရာဇဂ္ဂံ ဘဏ္ဍံ ပဉ္စမာသကံ ဝါ အတိရေက ပဉ္စမာသကံ ဝါ-ဟူသော ကံကို ထေယျစိတ္တော-၏ နောက်၌ ဆက်စပ်၍ အဓိပ္ပာယ်ယူပါဟု ဆိုလိုသည်။]

ဒုက္ကဋ်-ဟူသော သံဝဏ္ဏနာသည် အာပတ္တိ ဒုက္ကဋသ-၌ "ဒုက္ကဋ် အာပတ်သို့ရောက်ခြင်း" ဟူသည် "ဒုက္ကဋ် အာပတ်ဖြစ်ခြင်းကိုပင်ဆိုသည်" ဟု အဓိပ္ပာယ်ရအနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထ သံဝဏ္ဏနာ မည်၏။ [ပါဋိတော်နှင့် အဋ္ဌကထာ တွဲကြည့်ပါ။]

အယမေဝတ္ထော-၌ အာဘောဂ ။ ။ အယမေဝတ္ထော-ဖြင့် ရာဇကံ-၌ "မင်းနှင့် စပ်ဆိုင်" ဟူသည် "မင်းအား ထိုက်ခြင်းကိုပင်ဆိုသည်" ဟု အဋ္ဌကထာ ဆရာ သိစေပါသည်။

[ထောက်ဖွယ် ။ ။ ရာဇာကန္တိ ရာဇာယတ္ထံ၊ တမ္မိ ရာဇာရဟမေဝါတိ အာဟ "အယမေဝတ္ထော" တိ။ သာရတ္ထ၊ ၂။ ၁၅၂။]

---

၇ ။ ။ ပါဋ်အဆုံးအဖြတ်

ရာဇကံ-၌ "မင်းနှင့်စပ်ဆိုင်" ဟူသည် မင်းအား ထိုက်ခြင်းပင် ဖြစ်၍ (၆-နံပါတ်၌ ဆိုပြီး သာရတ္ထကို မှီးသည်။) ရာဇဂ္ဂံ-ဟူသော ပါဋ်နှင့် အနက် အဓိပ္ပာယ် အတူတူပင် ဖြစ်သောကြောင့် ရာဇကံ-ဟူသော ပါဋ် သင့်ပါသည်။

[ဆိုလိုရင်း ။ ။ ရာဇဂ္ဂံ-ပါဋ်နှင့် အနက်တူဖြစ်သောကြောင့် ရာဇကံ-ပါဋ်

http://www.dhammadownload.com

သင့်သည်။ ဤကား လိုရင်း။]

---

၈ ။ ။ နည်း, ဥပစာ

ထေယျစိတ္တဲ့ ဥပါဒေတွာ-၌ "ထေယျစိတ္တဲ့-ဟူသော နည်းသည် ခိုးလို (ခိုးယူကြောင်းဖြစ်) သော စိတ်တည်းဟူသော ပြဓာန်းသည်ကို ဆိုသဖြင့် ဖဿ အစရှိသော သမ္မယုတ္တဓမ္မတည်းဟူသော မပြဓာန်းသည်ကိုလည်း ရသောကြောင့် ပဓာနနည်း မည်၏။

ထေယျစိတ္တဲ့ ဥပါဒေတွာ-၌ ထေယျစိတ္တ-သဒ္ဒါသည် အစိတ်ဖြစ်သော ခိုးလိုသောစိတ်၏ ထေယျစိတ္တ-ဟူသော အမည်ကို အပေါင်းဖြစ်သော ခိုးလိုသော စိတ်, တဲ့သမ္မယုတ္တဓမ္မ၌ တင်စား၍ အပေါင်းဖြစ်သော ခိုးလိုသော စိတ်, တဲ့သမ္မယုတ္တဓမ္မကို "ထေယျစိတ္တ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသုပစာ= အဝယဝုပစာ မည်၏။

[သိဖွယ် ။ ။ စိတ်သည် သူတစ်ပါးတည်းဖြစ်သည် မဟုတ် သမ္မယုတ် တရားတို့နှင့် အတူတကွ ဖြစ်သည်။ သို့သော်လည်း ပြဓာန်းသောကြောင့် စိတ် တစ်ပါးတည်း ဆိုထားသည်။ စိတ်တစ်ပါးတည်းဆိုထားသည်ကို တွေ့တိုင်း နည်းတူ။ အကျယ်ကိုလိုမူ အဋ္ဌသာလိနီ အဋ္ဌကထာ စိတ္တဲ့ ဥပ္ပန္နံ-အဖွင့် ရှုပါ။]

---

၉ ။ ။ [၌၊ ၁။ ၃၁၆။]

၁၀။ ။ ဣန္ဒြိယောတရဏဟာရနေတ္တိနည်း

ထေယျစိတ္တော-မှ မုချတ္ထဖြစ်သော ခိုးလို (ခိုးယူကြောင်းဖြစ်) သော လောဘမူစိတ် ၈-ခုသည် မနိန္ဒြေမည်၏။ ဤသို့ ဣန္ဒြေအားဖြင့် သွင်းခြင်းသည် ဣန္ဒြိယောတရဏဟာရ မည်၏-ဟူလိုသော်။

[ထေယျစိတ္တော-၏ အရဒေါသမူ စိတ်ကိုလည်း ကောက်နိုင်ပုံ ။ ။ "သေသာနိ စတ္တာရိပိ ဒ္ဝီဟိ မူလေဟိ" ဟု သင်္ဂဟလာသည့်အတိုင်း အဒိန္နာဒါန သည် ရဲခါလောဘကြောင့် ဖြစ်၍ ရဲခါဒေါသကြောင့် ဖြစ်သည်။ ချဲ့ဉုးအံ့-လိုချင်၍ ခိုးယူရာ၌ လောဘကြောင့်ဖြစ်သည်။ ရန်စလိုခြင်း, သို့မဟုတ် ရန်တုံ့ပြန်ခြင်း အကျိုးငှာယူရာ၌ ဒေါသကြောင့်ဖြစ်သည်။ လိုချင်၍ ခိုးယူခဲ့သော် ထေယျစိတ္တော-မှ မုချတ္ထကို လောဘနှင့်ယှဉ်သော လောဘမူစိတ်ကို ကောက်ရလိမ့်

http://www.dhammadownload.com

မည်။ ရန်စလိုခြင်း, သို့မဟုတ် ရန်တုံ့ပြန်ခြင်း အကျိုးငှာ ယူခဲ့သော် ဒေါသနှင့် ယှဉ်သော ဒေါသမူစိတ်ကို ကောက်ရလိမ့်မည်။ ဤသို့ အဒိန္နာဒါနသည် ဒေါသ ကြောင့်လည်းဖြစ်နိုင်သောကြောင့် ဒေါသမူစိတ်ကို ကောက်၍လည်း ထုတ်နိုင်သည်။ သို့သော် ဤ၌ ယေဘုယျသို့ လိုက်၍ လောဘမူစိတ်ကို ကောက်၍ ထုတ်သည်။ ၂-မျိုးလုံးသော်လည်း ထုတ်ပါ။]

၁၃၂၂-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

အောက်ပါ ပါဠိတော်များကို အနက်မှန်မှန် ယောဇနာခဲ့ပါ။

၁ ။ ။ တေဟိ အဿမဏ္ဍလိကာသု ဘိက္ခူနံ ပတ္တပတ္တမူလံ ပညတ္တံ ဟောတိ။

၂ ။ ။ "အတ္ထိ နာမ တာတ သုဒိန္န အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဉ္ဇိဿသိ၊ နနု နာမ တာတ သုဒိန္န သကံ ဂေဟံ ဂန္တ္ဗ္ဗ" န္တိ။

၃ ။ ။ ပက်စီရေနပိ ကိဉ္စန္တိ၊ ဝက်ကေနပိ ကိဉ္စန္တိ၊ မောက္ခစိကာယပိ ကိဉ္စန္တိ၊ စိဂုံလကေနပိ ကိဉ္စန္တိ။

၄ ။ ။ အာယတဉ္စ ကရောထ၊ ဝိတ္ထတဉ္စ အပ္ပိတဉ္စ သုဝိတဉ္စ သပ္ပဝါယိတဉ္စ သုဝိလေခိတဉ္စ သုဝိတစ္ဆိတဉ္စ ကရောထ။

အောက်ပါ အဋ္ဌကထာများကို အနက်မှန်မှန် ယောဇနာခဲ့ပါ။

၅ ။ ။ တထာ ပဌမံ ယေတေ ပစုရာ ပရာဓာ သတ္ထာ တေ ယထာပရာဓံ ဧတ္ထ ဘာသိတာတိ ယထာပရာဓသာသနံ။

၆ ။ ။ တတြိဒံ မုခမတ္ထနိဒဿနံ-တေန ဟိ ဘိက္ခဝေ ဘိက္ခူနံ သိက္ခာပဒံ ပညပေဿာမိ၊ ယေန သုဒိန္နော မေထုနံ ဓမ္မံ ပဋိသေဝိ၊ ယဿ္စာ ပဋိသေဝိ၊ တဿ္စာ ပညပေဿာမီတိဝုတ္တံ ဟောတိ။

၇ ။ ။ တတ္ထ နာမ တွန္တိ တသ္မိံ နာမ တွံ။ သရာဂါယ စေတေဿသီတိ သဟရာဂေန ဇဝ္တမာနာယ မေထုနဓမ္မာယ စေတေဿတိ ကပ္ပေဿသိ ပကပ္ပေဿသိ၊ ဧတဒတ္ထံ ဝါယမိဿသီတိ အတ္ထော။

၈ ။ ။ ယံ သန္ဓာယ ဝုတ္တံ အာဟစ္ဆပဒေန ဓေါ မဟာရာဇ ရသေန

http://www.dhammadownload.com

အာစရိယဝံသတာ အဓိပ္ပါယောတိ။

၉ ။ ။ တတ္ထ ယသ္မာ နု ကေဝလံ ဣတ္ထိယာ ဧဝ နိမိတ္တံ ပါရာဇိကဝတ္ထု, နု စ မနုဿိတ္ထိယာ ဧဝ၊ သုဝဏ္ဏရဇကာဒိမယာနဋ္ဌ ဣတ္ထိနပုံ နိမိတ္တံ ဝတ္ထု မေဝ နု ဟောတိ၊ တသ္မာ ယံ ယံ ဝတ္ထု ဟောတိ တံ တံ ဒဿေတုံ "တိသ္သောဣတ္ထိယော" တိ အာဒိနာ နယေန ယေ သံ နိမိတ္တာနိ ဝတ္ထူနိ ဟောန္တိ။

၁၀။ ။ ထေယ္ယစိတ္တေနေဝ ဆိန္ဒံ ကရောတိ သြမဋ္ဌံ ဝါ ဥမ္မဋ္ဌံ ဝါ ဝေမဋ္ဌံ ဝါ။

၁၃၂၂-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ [ပါ။ ၇၊ ပါ၊ သျှ။ ၃၆။]

---

၂ ။ [ပါ။ ၁၈။ ပါ၊ သျှ။ ၆၃။]

---

၃ ။ [ပါ။ ၂၇၅။ ပါ၊ သျှ။ ၃၁၂။]

---

၄ ။ [ပါ။ ၃၇၂။ ပါ၊ သျှ။ ၄၀၀။]

---

၅ ။ [ဋ္ဌ၊ ၁။ ၁၇။ ဋ္ဌ၊ သျှ၊ ၁။ ၅၈။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၁၇၇။]

---

၆ ။ ။ [ဋ္ဌ၊ ၁။ ၇၉။ ဋ္ဌ၊ သျှ။ ၁။ ၂၆၀။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၆။]

---

၇ ။ ။ [ဋ္ဌ၊ ၁။ ၁၈၃၊ ဋ္ဌ၊ သျှ၊ ၂။ ၁၅၃၊ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၆၂။]

---

၈ ။ ။ [ဋ္ဌ၊ ၁။ ၁၉၆၊ (အောက်မှကွဲကြည့်) ဋ္ဌ၊ သျှ၊ ၂။ ၁၉၆။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၁၁၅။]

http://www.dhammadownload.com

၉ ။ ။ [ဋ္ဌ၊ ၁။ ၂၂၅။ ဋ္ဌ၊ သျှ၊ ၂။ ၂၈၀။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၂၁၂။]

၁၀။ ။ [ဋ္ဌ၊ ၁။ ၂၇၈။ ၂၆၅။ ဋ္ဌ၊ သျှ၊ ၂။ ၄၃၅။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၃၄၂။ ၃၈၃။]

၁၃၂၂-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဖိကကဏ္ဍ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) တတ္ထ ပုဗ္ဗေနိဝါသောတိ ပုဗ္ဗေ အတီတဇာတိသု နိဝုတ္ထက္ခန္ဓာ။

(ခ) နိဝုတ္ထာတိ အဗ္ဘာဝုတ္ထာ အနဘူတာ အတ္တနော သန္တာနေ ဥပ္ပဇ္ဇိတ္တာ နိရုဒ္ဓါ။

(ဂ) နိဝုတ္ထဓမ္မာ ဝါ။ နိဝုတ္ထာတိ ဂေါစရနိဝါသေန နိဝုတ္ထာ။

(ဃ) အတ္တနော ဝိညာဏေန ဝိညာတာ ပရိစ္ဆိန္နာ။

(င) ပရဝိညာဏဝိညာတာပိ ဝါ ဆိန္နဝဋ္ဋ မကာနသရဏာဒိသု။

၁ ။ ။ ဖော်ပြပါ ဝါကျတို့တွင် (ဃ) (င) မှတ်ပြဝါကျတို့ကို အနက် မှန်မှန် သမ္မန်ခဲ့ပါ။

၂ ။ ။ (ခ) မှတ်ဝါကျကို သာဘောဂစောဒနာတက်ခဲ့ပါ။ (အဓိပ္ပာယ် ပြန်ရန် မလို။)

၃ ။ ။ (ခ) (ဂ) မှတ်ဝါကျတို့ကို အကြောင်းပြ၍ အမည် မှည့်ခဲ့ပါ။

၄ ။ ။ (င) မှတ်ဝါကျပါ ဆိန္နဝဋ္ဋမက-ကို အပေါင်းဝစနတ္ထပြု၍ ဥာဿနည်း ကောက်ခဲ့ပါ။

၅ ။ ။ ဝဋ္ဋမက-ကို ဓာတ်, ပစ္စည်း, လိင် ဝေဖန်ခဲ့ပါ။

၆ ။ ။ (က) မှတ်ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာ များကို ထုတ်ပြခဲ့ပါ။

၇ ။ ။ ပရဝိညာဏေန ဝါ ဝိညာတာပိ, ပရဝိညာဏေန ပိ ဝိညာတာဝါ, ပရဝိညာဏေန ဝိညာတာပိ ဝါ, ပရဝိညာဏဝိညာတာပိ ဝါ၊ ဤသို့ ပါဠိ

http://www.dhammadownload.com

အထွေထွေရှိရာ မည်သည့်ပါဠိ သင့်ကြောင်း သဒ္ဒယုတ္တိပြ၍ ဖြေဆိုခဲ့ပါ။

၈ ။ ။ နိဝုတ္ထကွန္ဓာ-၌ နိဝုတ္ထ၏ ဖြစ်သင့်သော နည်း, ဥပစာများကို ဖြေဆိုခဲ့ပါ။

၉ ။ ။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာဖြင့် စုဏ္ဏိယဝါကျ ဖွဲ့ဆိုခဲ့ပါ။

ချစ်သားရဟန်းတို့ ဝိနည်းကို ဆောင်ကုန်သော ငါဘုရား၏ တပည့် ဖြစ်ကုန်သော ရဟန်းတို့တွင် အကြင်ဥပါလိသည် ရှိ၏။ ဤဥပါလိသည် မြတ်၏။

၁၀။ ။ (က) မှတ်ပြဝါကျ၌ ရှိသော နိဝုတ္ထကွန္ဓာ-ဟူသော ပုဒ်၌ ခန္ဓ-သဒ္ဒါကို ဝေဝစနဟာရ နေတ္တိနည်း ထုတ်ခဲ့ပါ။

၁၃၂၂-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ [ဋ္ဌ၊ ၁။ ၁၂၈။ ဋ္ဌ၊ သျှ၊ ၁။ ၄၄၉။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၃၇၃။ ဤပုဗ္ဗေနိဝါသ၏ အဖွင့်ဝယ် စာမူတို့၌ စာသားချင်း, ဝါကျပိုဒ်ပုံချင်း မတူတတ်ပေ။ ဤစာအုပ်၌ကား ပုစ္ဆာမူရင်းအတိုင်း တင်ပြသည်။]

---

၂ ။ ။ (ခ) အမှတ်ပြဝါကျ သာဘောဂစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) အမှတ်ပြဝါကျရှိ နိဝုတ္ထကွန္ဓာ-ဖြင့် အဖျာဝုတ္ထ, ဂေါစရ-ဟူသော နိဝုတ္ထ ၂-မျိုးလုံးနှင့် ဆက်ဆံသော နိဝုတ္ထ သာမန်ဖြင့် နိဝါသ၏ အရကို ဆိုတော်မူ၏ (ဌပနာ)။ ယင်း နိဝုတ္ထကွန္ဓာ-၌ "နိဝုတ္ထ" ဟူသည် အဘယ်ပါနည်း (စောဒနာ)။ အဖျာဝုတ္ထ, ဂေါစရ ၂-မျိုးလုံး ဖြစ်ရာသည် မဟုတ်ပါလော (အာဘောဂ)။ (တစ်နည်း) ဂေါစရဖြစ်ရာသည် မဟုတ်ပါလော (အာဘောဂ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) အမှတ်ပြ ဝါကျကို မိန့်။

[ဌပနာထားရာ၌ နယုပဒေသ ။ ။ "မနုစ်သက်ရာ ဌပနာ" ဟူသည့် အတိုင်း အဖျာဝုတ္ထ, ဂေါစရ-ဟူသော နိဝုတ္ထ ၂-မျိုးလုံးနှင့် ဆက်ဆံသော နိဝုတ္ထ

http://www.dhammadownload.com

သာမန်ဖြင့် "နိဝုတ္ထကမ္မန္တာ" ဟု နိဝါသအရကို ကျမ်းဆရာ ဖွင့်ဆိုထားသည်ကို စောဒကတို့ မကြိုက်နိုင်၊ သို့အတွက် (က) အမှတ်ပြဝါကျ တစ်ခုလုံးကို ဌပနာမထားဘဲ စောဒကတို့ မကြိုက်, မနှစ်သက်ရာကိုသာ ဌပနာထားသည်။ ယင်း နိဝုတ္ထကမ္မန္တာ-ဝယ် နိဝုတ္ထ-၌ စောဒကတို့ ကျေနပ်စရာ မရှိသောကြောင့်ပင် နိဝုတ္ထာတိ-စသည်ဖြင့် (ခ) အမှတ်ပြဝါကျကို ကျမ်းဆရာ ရေးရပြန်သည်။

အာဘော်ထားရာ၌ နယုပဒေသ ။ ။ အာဘော်ထားရာ၌ အစိတ်မြင်သော် အပေါင်း, အပေါင်းမြင်သော် အစိတ်ကို အာဘော်ထားရသည်။ ဤ၌ အပေါင်း အားဖြင့် "အဈာဝုတ္ထ, ဂေါစရ" ဟု နိဝုတ္ထ ၂-မျိုးရှိရာတွင် "အဈာဝုတ္ထ" ဟု အစိတ်ဖွင့်ထားသည်ကို မြင်သောအားဖြင့် "အဈာဝုတ္ထ ဂေါစရ ၂-မျိုးလုံး ဖြစ်ရာသည် မဟုတ်ပါလော" ဟု အပေါင်းအာဘော် ထားရသည်။

(တစ်နည်း) အဖြေရောင်ပြီး သံသယဖြစ်စရာကို အာဘော်ထားရသည်။ ဤ၌ အဈာဝုတ္ထာ-ဟူသော အဖြေကို မြင်သောအားဖြင့် ယင်းကို ရောင်ကွင်းပြီး သံသယဖြစ်စရာ ဖြစ်သော ဂေါစရကို "ဂေါစရဖြစ်ရာသည် မဟုတ်ပါလော" ဟု အာဘော်ထားရသည်။ ထို့ကြောင့်- **"အစိတ်မြင်ငြား၊ အပေါင်းထား၊ အပေါင်းမြင်ရာ၊ စိတ်ကိုသာ၊ ထားပါ အာဘောဂ"** ဟုလည်းကောင်း, **"အဖြေရောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေ အာဘောဂ"** ဟု လည်းကောင်း မိန့်ဆိုကြသည်။]

---

၃ ။ ။ (ခ) (ဂ) အမှတ်ပြ ဝါကျတို့၏ အကြောင်းနှင့်တကွ အမည်

(ခ) အမှတ်ပြဝါကျသည် (က) အမှတ်ပြဝါကျရှိ နိဝုတ္ထကမ္မန္တာ-ဝယ် နိဝုတ္ထ-၌ စောဒကတို့ စောဒနာဖွယ်ရှိ၍ ထိုစောဒကတို့ စောဒနာချက်ကို ပယ်ဖျက်ရန် တစ်ဖန် ဆက်လက်၍ အားထုတ်သောကြောင့် **ဝါကျာရမ္ဘဝါကျ** ဖြစ်ပါသည်။ (တစ်နည်း) ယင်း နိဝုတ္ထ-ကို ချဲ့ပြသောကြောင့် **ဝိတ္ထာရဝါကျ** ဖြစ်ပါသည်။

(ဂ) အမှတ်ပြဝါကျသည် မိမိသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏ အစွမ်းဖြင့် နိဝါသ-သဒ္ဒါ၏ အနက်မှတစ်ပါး မိမိသန္တာန်, သူတစ်ပါးသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏အစွမ်းဖြင့် နိဝါသ-သဒ္ဒါ၏ အနက်ဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပကာသန ရဝါကျ ဖြစ်ပါသည်။

[သီဖွယ် ။ ။ နယန္တ ရဝါကျကို ပကာသန ရ ခွဲရသည်။]

---

http://www.dhammadownload.com

၄ ။ ။ ဝစနတ္ထ နှင့် ဉာသ်ကောက်

ဆိန္ဒံ ဝဋ္ဌမံ ဧတေသန္တိ ဆိန္ဒဝဋ္ဌမကာ။

ဧတေသံ၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့အား။ ဆိန္ဒံ၊ ဖြတ်အပ်ပြီးသော။ ဝဋ္ဌမံ၊ သံသရာ၌ သွားလာကြောင်းဖြစ်သော လမ်းခရီးသည် (သာရတ္ထ, ဝိမတိ, ဝိသုဒ္ဓိမဂ်မဟာဋီကာ)။ (ဝါ) ကုသိုလ်, အကုသိုလ်ဟု ဆိုအပ်သော ကမ္မဝဋ်သည် (သုတ်မဟာဝါ အဋ္ဌကထာ)။ (ဝါ) သံသရာဝဋ်သည် (သုတ်မဟာဝါ ဋီကာ)။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုသို့ ဖြတ်အပ်ပြီးသော သံသရာ၌ သွားလာကြောင်းဖြစ်သော လမ်းခရီးရှိသည်၏အဖြစ်ကြောင့် (ဝါ) ထိုသို့ ဖြတ်အပ်ပြီးသော ကုသိုလ်, အကုသိုလ်ဟုဆိုအပ်သော ကမ္မဝဋ် ရှိသည်၏ အဖြစ်ကြောင့်။ (ဝါ) ထိုသို့ဖြတ်အပ်ပြီးသော သံသရာဝဋ် ရှိသည်၏ အဖြစ်ကြောင့်။ တေ၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့သည်။ ဆိန္ဒဝဋ္ဌမကာ၊ ဆိန္ဒဝဋ္ဌမကတို့ မည်ကုန်၏။

ဆိန္ဒံ ဝဋ္ဌမံ ဧတေသန္တိ-ကား စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်၊ ဆိန္ဒဝဋ္ဌမကာ-ကား စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ပုဒ်။ ဆိန္ဒ-ပုဒ်, ဝဋ္ဌမ-ပုဒ်, ဧတ-ပုဒ်, က-ပစ္စည်း။ ဤ ဆိန္ဒ ဝဋ္ဌမကာ-ဟူသော စတုတ္ထီ ဗဟုဗ္ဗီ ဟိသမာသ်ပုဒ်၌ ဆိန္ဒဝဋ္ဌမ-ဟူသော သမာသ်ပုဒ်၏ အရကား ဖြတ်အပ်ပြီးသော သံသရာ၌ သွားလာကြောင်း ဖြစ်သော လမ်းခရီးသည် (ဝါ) ဖြတ်အပ်ပြီးသော ကုသိုလ်, အကုသိုလ်ဟု ဆိုအပ်သော ကမ္မဝဋ်သည် (ဝါ) ဖြတ်အပ်ပြီးသော သံသရာဝဋ်သည် မုချအားဖြင့် ရ၏။ ထိုဖြတ်အပ်ပြီးသော သံသရာ၌ သွားလာကြောင်းဖြစ်သော လမ်းခရီး၏ (ဝါ) ထိုဖြတ်အပ်ပြီးသော ကုသိုလ်, အကုသိုလ်ဟု ဆိုအပ်သော ကမ္မဝဋ်၏ (ဝါ) ထိုဖြတ်အပ်ပြီးသော သံသရာဝဋ်၏ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် ဌာနီ, ဌာနအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ ဧတေသံ-ဟူသော အညပုဒ်၏ အရ, က-ပစ္စည်း၏ အရ အထူး မရှိသောကြောင့် ဧတေသံ-ဟူသော အညပုဒ်၏ အရနှင့် က-ပစ္စည်း၏ အရကား ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော ဖြတ်အပ်ပြီးသော သံသရာ၌ သွားလာကြောင်းဖြစ်သော လမ်းခရီးရှိသော (ဝါ) ဖြတ်အပ်ပြီးသော ကုသိုလ်, အကုသိုလ်ဟု ဆိုအပ်သော ကမ္မဝဋ်ရှိသော (ဝါ) ဖြတ်အပ်ပြီးသော သံသရာဝဋ်ရှိသော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့ ရ၏။

မှတ်ချက် ။ ။ သုတ်မဟာဝါဋီကာနှင့် ဌ၊ သျ၊ သစ် ဆရာတို့ အလိုသို့ လိုက်၍ စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ပြုသည်။ တတိယာဗဟုဗ္ဗီဟိသမာသ်လည်း

http://www.dhammadownload.com

အသင့်ပင်။ ဤသမာသ်ပုဒ်၌ က-ပစ္စည်းသည် ဒေဝတာ-၌ တဒ္ဓိတ် တာ-ပစ္စည်းကဲ့သို့ အနက်သီးခြားမရှိ။ သို့ဖြစ်၍ ဒေဝတာ-ကို နည်းမှီးကောက်သည်။

[တုလျာဓိကရဏဗဟုဗ္ဗီဟိသမာသ်ပုဒ်များနှင့် တတိယာ, စတုတ္ထီဝိဂ္ဂဟ ။ ။ ဆိန္နဝဋ္ဋမက-၌ အညပုဒ်၏ အရသည် ကံဟော သမာသ်ပုဒ်တစ်စိတ်၏ ကတ္တားဖြစ်နိုင်သောကြောင့် "ဆိန္နံဝဋ္ဋမံ ယေဟိတိ ဆိန္နဝဋ္ဋမကာ" ဟု တတိယာဗဟုဗ္ဗီဟိသမာသ် ပြုသင့်သည်။ ချဲ့ဦးအံ့- ကံဟော ပစ္စည်းနှင့် ယှဉ်သော တုလျာဒိကရဏဗဟုဗ္ဗီဟိသမာသ်ပုဒ်များ၌ တတိယာဗဟုဗ္ဗီဟိ, စတုတ္ထီဗဟုဗ္ဗီဟိ ၂-ပါးတို့နှင့် ဆက်ဆံရာတွင် ယင်းသမာသ်ပုဒ်၏ အညပုဒ်အရသည် ကံဟော ပစ္စည်းနှင့် ယှဉ်သော သမာသ်ပုဒ်တစ်စိတ်၏ ကတ္တား ဖြစ်ထိုက်လျှင် တတိယာတွဲအပ်၏။ ကတ္တားမဖြစ်ထိုက်လျှင် စတုတ္ထီတွဲအပ်၏။ ဤ၌ ဆိန္န-သည် ကမ္မဝါစက တ-ပစ္စည်းနှင့် ယှဉ်သောကြောင့် ကံဟော သမာသ်ပုဒ်တစ်စိတ် ဖြစ်၏။ အညပုဒ်အရ ဘုရားစသည်တို့သည် ယင်းကံဟော ဆိန္န-ဟူသော သမာသ်ပုဒ်တစိတ်၏ "ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့သည် ဖြတ်အပ်ပြီးသော" ဟု ကတ္တားဖြစ်နိုင်သည်။ ထို့ကြောင့် တတိယာဗဟုဗ္ဗီဟိပြုသင့်သည်။ တတိယာဗဟုဗ္ဗီဟိပြုသော် အတိသုန္ဒရဖြစ်အံ့ထင်သည်။ မန္တ လေးမြို့ တောင်သမန်တိုက် ဆရာတော် ဦးကေသဝါဘိဝံသလည်း တတိယာဗဟုဗ္ဗီဟိပင် ပြုသည်။ ဒိန္နသုကော်-၌ကား အညပုဒ်အရသည် ကံဟော သမာသ်ပုဒ်တစ်စိတ်၏ "မင်းသည် ပေးအပ်သော" ဟု ကတ္တား မဖြစ်နိုင်သောကြောင့် စတုတ္ထီဗဟုဗ္ဗီဟိသာ။ ထို့ကြောင့် **"တုလျာဓိ၊ ဗဟုဗ္ဗီမှာ၊ ကံဟောပါမူ၊ တတိယာပြုမြဲ"** ဟုလည်းကောင်း, **"ဗဟုဗ္ဗီမှာ၊ ကံဟောပါသော်၊ ယင်း၏ကတ္တား၊ အညအရ၊ ဖြစ်နိုင်ကမူ၊ တတိယာဟူ၏"** ဟုလည်းကောင်း မိန့်ကြသည်။]

---

၅ ။ ။ ဓာတ္ဝာဒိဝိဘာဂ

ဝဋ္ဋမက-ကား ဝဇ-ဓာတ် ဥမ-ပစ္စည်း (အဘိဓာန်ဋီကာ။ ၁၉၀။) (တစ်နည်း) ကုမ-ပစ္စည်း (မောဂ္ဂလာန်ဏ္ဍာဒိ။ ၁၃၁) "သမာသန္တက-ပစ္စည်း, နပုလ္လိင် ဖြစ်ပါသည်။

[အယူအဆ ။ ။ ဆိန္နံ ဥပစ္ဆိန္နံ ဝဋ္ဋမံ သဲသာရဝဋ္ဋံ ဇတေသန္တိ ဆိန္န-ဝဋ္ဋမကာ-ဟူသော သုတ်မဟာဝါဋီကာ (၅) ထောက်သော် က-သည် သမာသန္တက-ပစ္စည်း ဖြစ်၍ ဆိန္န-မပါဘဲ ဝဋ္ဋမ-သက်သက်နှင့် တွဲကာ "ဝဋ္ဋမက" ဟု မရှိသင့်။ ထို့ကြောင့် က-မပါဘဲ ဝဋ္ဋမ-သက်သက် မေးသင့်သည်။ ဤသို့

http://www.dhammadownload.com

ယူဆသည်။]

---

၆ ။ ။ (က) အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

အတီတ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပုဗ္ဗေနိဝါသော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ပုဗ္ဗ-သဒ္ဒါ၏ အတီတ (လွန်လေပြီးဟူသော) အနက်ဟောဇ၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာ။

ဇာတိသု-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပုဗ္ဗေနိဝါသော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဗုဒ္ဓ-၏အရ ဘဝတို့ကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ။ ပုဗ္ဗေ-၌ ဗဟုဝုစ် သုဝိဘတ် ၏ ဇကဝုစ် သို့ဝိဘတ် ပြန်နေသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဝိဘတ္တိပဒသံဝဏ္ဏနာ။

နိဝုတ္ထ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် နိဝါသော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဏ,ပစ္စည်း၏ အတိတ်, ကံအနက်ဟောဇ၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။ (တစ်နည်း) နိဝါသော-ကို "နိဝသီယိတ္ထာတိ နိဝါသော" ဟု အတီတကမ္မသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ 'နိ' ဥပသာရပုဒ်၏ ဓာတွတ္ထာနဝတ္ထုကဇ၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။

ခန္ဓာ (ကွန္ဓာ)-ဖြင့် နိဝါသ-၏အရ ခန္ဓာတို့ကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ။

ပုဗ္ဗေနိဝုတ္ထ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပုဗ္ဗေနိဝါသော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏ အဖြစ်, ယင်းသတ္တမီတပ္ပုရိသ်သမာသ်ပုဒ်၏ အာဓာရအနက်ဟောဇ၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ပုဗ္ဗေ နိဝါသော-ကို "ပုဗ္ဗေ နိဝါသော ပုဗ္ဗေနိဝါသော" ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ ပုဗ္ဗေ-ဟူသော ရှေးပုဒ်၌ ဝိဘတ် မကျေသည်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

---

http://www.dhammadownload.com

၇ ။ ။ ပါဠိအဆုံးအဖြတ်

ပရဝိညာဏ ဝိညာတာပိ ဝါ နိဝုတ္ထာတိ သမ္ဗန္ဓော။ နု ကေဝလံ အတ္တ နောဝ ဝိညာဏေန၊ အထခေါ ပရေသံ ဝိညာဏေန ဝိညာတာပီတိ အတ္ထော-ဟူသော သာရတ္ထ (၁။ ၃၈၈), **စ,ပီသဒ္ဒါ၊ ဆည်းလေရာကား၊ ကံမှာ ကံချင်း၊ ကတ္တားချင်း**-ဟူသော ဘုရားကြီးနိယံ (၉၁) တို့နှင့်အညီ-

ပိ-သဒ္ဒါသည် သကဝိညာဏ ဝိညာတ-ကို ဆည်းရကား ဝိညာတ-ပုဒ် နောင် ပိ-သဒ္ဒါ ထိုင်ရမည်ဖြစ်သောကြောင့် လည်းကောင်း, နယန္တ ရဇောတက ဝါ သဒ္ဒါကို တစ်ပုဒ်နောင်သာ ထားရိုးထုံးစံ ရှိသောကြောင့် လည်းကောင်း ဝိညာတ-နောင် ပိ-သဒ္ဒါထိုင်၍ တစ်ပုဒ်နောင် ဝါ-သဒ္ဒါရှိသော ဝါကျနှင့် သမာသ်မျှသာ ထူး၍ အနက် မထူးသော ပရဝိညာဏေန ဝါ ဝိညာတာပိ-ပါဠိ, ပရဝိညာဏဝိညာတာပိ ဝါ-ပါဠိ၊ ဤပါဠိ ၂-ထွေသာ သင့်ပါသည်။

---

၈ ။ ။ နည်း, ဥပစာ

နိဝုတ္ထကမ္မာ-၌ နိဝုတ္ထ-ဟူသော နည်းသည် အဇ္ဈာဝုတ္ထနိဝုတ္ထ, ဂေါစရ-နိဝုတ္ထတို့နှင့် ဆက်ဆံသော်လည်း ဤအရာဝယ် ဂေါစရနိဝုတ္ထ၌ မထင် အဇ္ဈာ ဝုတ္ထ နိဝုတ္ထ၌သာ အထင်အာဖြင့် ဆိုအပ်သောကြောင့် အထင် ရုဋ္ဌနည်း မည်၏။

နိဝုတ္ထကမ္မာ-၌ နိဝုတ္ထ-သဒ္ဒါသည် အပေါင်းဖြစ်သော အဇ္ဈဝုတ္ထနိဝုတ္ထ, ဂေါစရနိဝုတ္ထတို့၏ နိဝုတ္ထ-ဟူသော အမည်ကို အစိတ်ဖြစ်သော အဇ္ဈဝုတ္ထ နိဝုတ္ထ၌ တင်စား၍ အစိတ်ဖြစ်သော အဇ္ဈာဝုတ္ထနိဝုတ္ထကို "နိဝုတ္ထ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသုပ္ပစာ=သမုဒါယုပစာ မည်၏။

[သမုဒါယုပစာ ဖြစ်ပုံ ။ ။ နိဝုတ္ထကမ္မာ-၌ နိဝုတ္ထ-သဒ္ဒါသည် အဇ္ဈာ-ဝုတ္ထနိဝုတ္ထ, ဂေါစရနိဝုတ္ထ-ဟူသော နိဝုတ္ထ ၂-မျိုးလုံး၏ အမည် ဖြစ်သော်လည်း "အဇ္ဈာဝုတ္ထာ" ဟု အစိတ်ဖြစ်သော အဇ္ဈာဝုတ္ထနိဝုတ္ထကိုသာ ယူ၍ ဖွင့်သောကြောင့် နိဝုတ္ထ ၂-မျိုးလုံး (အပေါင်း) နိဝုတ္ထမမည်တော့ဘဲ အဇ္ဈာဝုတ္ထနိဝုတ္ထ (အစိတ်) တစ်မျိုးသာ နိဝုတ္ထမည်တော့သည်။ ဤသို့ အပေါင်း၏အမည်ဖြစ်ပါလျက် အစိတ် (အဇ္ဈာဝုတ္ထ) ကိုသာ "နိဝုတ္ထ" ဟု ခေါ်ဝေါ်သောကြောင့် သမုဒါယုပစာ ဖြစ်ရသည်။

၂-နည်း ဖွင့်ရာ၌ ထူးခြားချက် ။ ။ ရှေးနည်း၌ နိဝါသ-ကို "နိဝုတ္ထကမ္မာ" ဟု ဖွင့်ပြီး နိဝုတ္ထ-ကို "အဇ္ဈာဝုတ္ထာ" ဟု ဖွင့်သည်။ နောက်နည်း၌ နိဝါသ-

http://www.dhammadownload.com

ကို "နိဝုတ္ထမမ္မာ" ဟု ဖွင့်ပြီး နိဝုတ္ထ-ကို "ဂေါစရနိဝါသေန နိဝုတ္ထာ" ဟု ဖွင့်သည်။ ရှေးနည်း၌ "နိဝုတ္ထကန္တာ" ဟု ဖွင့်ခြင်းကြောင့် နိဝါသ-၏အရ ခန္ဓာသာ တိုက်ရိုက်ရသည်။ နာမ,ဂေါတ္တ စသည်မှာ နာနန္တရိကအားဖြင့် ယူမှ ရသည်။ (ဤအဖွင့်ထောက်သော် သံဝဏ္ဏေတဗ္ဗ ပုဗ္ဗေနိဝါသ-ဝယ် နိဝါသ-၌ နာနန္တရိကနည်း ရသည်။) နောက်နည်း၌ "နိဝုတ္ထမမ္မာ" ဟုဖွင့်ခြင်းကြောင့် "နိဝါသ-၏ အရ ခန္ဓာသာမက နိဗ္ဗာန်တရားနှင့်တကွ နာမဂေါတ္တစသော ပညတ်တရားများပါ တိုက်ရိုက်ရသည်။ ရှေးနည်း၌ "အဏ္ဏာဝုတ္ထာ" ဟု ဖွင့်ခြင်းကြောင့် မိမိသန္တာန်၌ ဖြစ်သော ခန္ဓာ (အဏ္ဏာဝုတ္ထ နိဝုတ္ထ) သာ နိဝုတ္ထ မည်သည်။ နောက်နည်း၌ "ဂေါစရနိဝါသေန နိဝုတ္ထာ" ဟုဖွင့်ခြင်းကြောင့် မိမိသန္တာန်မှာ ဖြစ်ဖြစ်, သူတစ်ပါး သန္တာန်မှာဖြစ်ဖြစ်, သတ္တဝါသန္တာန်၏ အပြင်ဗဟိဒ္ဓမှာ ဖြစ်ဖြစ် အာရုံဖြစ်သော တရားအားလုံး (ဂေါစရနိဝုတ္ထ) သည် နိဝုတ္ထ မည်သည်။ ဤသို့ ထူးကြသည်။]

---

၉ ။ ။ [၌၊ ၁။ ၁၁။]

၁၀။ ။ ဝေဝစနဟာရ နေတ္တိနည်း ။ ။ ခန္ဓ-ပုဒ်၏ ဝေဝုစ်ကို-

သမူဟော ဂဏသဃ်တာ၊ သမုဒါယော စ သဥ္ဇယော။
သန္ဓောဟော နိဝဟော ဩဃော၊ ဝိသရော နိကရော စယော။
ကာယော ခန္ဓော သမုဒယော၊ ဃဋ္ဌ သမိတိ သံဟတိ။
ရာသိ ပုဉ္ဇောသမဝါယော၊ ပူဂေါ ဇာတ် ကဒမ္ဗက်။
ဗျူဟော ဝိတာနဂုမ္ဗာ စ၊ ကလာပေါ ဇာလမဏ္ဍလ်။

ဤသို့စသည်ဖြင့် ယှဉ်အပ်၏။ ဤသို့လျှင် သုတ်၌လာသော တစ်ခုသော တရား၌ များစွာသော ဝေဝုစ်ကို ယှဉ်ခြင်းသည် ဝေဝစနဟာရ မည်၏-ဟူလိုသော်။

---

http://www.dhammadownload.com

၁၃၂၃-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဌကထာ အမှတ် (၁) မေးခွန်း

---

၁ ။ ။ နဿ သုကရာ ဥဩနှ ပဂ္ဂဟေန ယာပေတုံ-ကို ထည့်သင့်သော ကတ္တားပုဒ်, ကံပုဒ်များ ထည့်၍ အတ္ထယောဇနာခဲ့ပါ။

၂ ။ ။ အဒိန္ဒံ နာမ ယံ အဒိန္ဒံ အနိဿဋ္ဌံ အပရိစ္စတ္တံ ရက္ခိတံ ဂေါပိတံ မမာယိတံ ပရပရိဂ္ဂဟိတံ၊ ဧတံ အဒိန္ဒံ နာမ-ကို အတ္ထယောဇနာခဲ့ပါ။

၃ ။ ။ ဝဒေယျာထ ဘန္တေ ယေန အတ္ထော၊ ပဋိဗလာ မယံ အယျဿ ဒါတုံ၊ ယဒိဒံ စီဝရပိဏ္ဍပါတသေနာသနဂိလာနပ္ပစ္စယ ဘေသဇ္ဇပရိက္ခာရံ-ကို ယဒိဒံ-ပုဒ် အစွဲမှန်အောင် အတ္ထယောဇနာခဲ့ပါ။

၄ ။ ။ တာနိ စီဝရာနိ နဿန္တိပိ ဝိနဿန္တိပိ ဥယှန္တိပိ ဥန္ဒူရေဟိ ခဇ္ဇန္တိ။ ဘိက္ခူ ဒုစ္စောဋ္ဌာ ဟောန္တိ လူခစီဝရာ-ကို အတ္ထယောဇနာခဲ့ပါ။

၅ ။ ။ မဟိန္ဒတ္ထေရော ပန "တမ္မပဏ္ဍိဒီပံ ဂန္တာ သာသနံ ပတိဋ္ဌာပေဟီ" တိ ဥပဇ္ဈာယေန စ ဘိက္ခုသံဃေန စ အဇ္ဈိဋ္ဌော စိန္တေသိ "ကာလောနု ခေါ မေ တမ္မပဏ္ဍိဒီပံ ဂန္တုံ၊ နေ" တိ-၌ အာကာရကို အနက်အားဖြင့် ငုံ၍ အတ္ထ ယောဇနာခဲ့ပါ။

၆ ။ ။ တတ္ထ ကိဉ္ဇာပိ ပဋမမ္ပိ သမ္ပယုတ္တသမာဓိတော ဇာတံ၊ အထ ခေါ အယမေဝ သမာဓိတိ ဝတ္တဗ္ဗတံ အရဟတိ-ကို အယမေဝ-၏ စပ်သင့်ရာပုဒ် များကို မျှော်၍ အတ္ထယောဇနာခဲ့ပါ။

၇ ။ ။ ပါဠိယံ ပန အနာဂတမ္ပိ ပါသာဏတ္ထမ္ဘံ ဝါ ရက္ခတ္ထမ္ဘံ ဝါ အညံ ဝါ ကိဉ္စိ ပါဒဂ္ဃနကံ ဟရန္တဿ ပါရာဇိကမေဝ-၌ အညံ-၏ အပါဒါန်ကို ပေါ်အောင် အတ္ထယောဇနာခဲ့ပါ။

၈ ။ ။ ဝိဿဋ္ဌိတိ ဝိဿဂ္ဂေါ၊ အတ္ထတော ပနေတံ ဌာနာစာဝနံ ဟောတိ၊ တေနာဟ "ဝိဿဋ္ဌိတိ ဌာနတော စာဝနာ ဝုစ္စတီ" တိ-၌ အာဟ-၏ ကတ္တားကို ထည့်၍ အတ္ထယောဇနာခဲ့ပါ။

၉ ။ ။ ယေပိ သဒ္ဓါ ဟောန္တိ ပသန္နာ၊ တေပိ ဘိက္ခူ ဘောဇေတွာ တဒနန္တရံ သဗ္ဗပဋမံ တံယေဝ ဘောဇေန္တိ-၌ တံ အစွဲ မှန်အောင် အတ္ထယောဇနာ ခဲ့ပါ။

http://www.dhammadownload.com

၁၀ ။ ။ ကဏ္ဍကိတာနိတိ သေဒေန ဖုဋ္ဌောကာဃေသု သဏ္ဌာတကာဠသေတ မဏ္ဍလာနိ–ကို အတ္ထယောဇနာခဲ့ပါ။

၁၃၂၃–ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ ထည့်သင့်သော ကတ္တားပုဒ်, ကံပုဒ်များ ထည့်၍ အတ္ထယောဇနာ

(ဝေရဉ္ဇာ၊ ဝေရဉ္ဇာပြည်သည်။) (ကတ္တား) (ပဲတွံ့၊ သပိတ်ကို) (ဂဟ–၏ကဲ) ပဂ္ဂဟေန၊ ကိုင်ယူခြင်းဖြင့်။ ဥဇ္ဇေန၊ ဆွမ်းခံခြင်းဖြင့်။ (သရီရယန္တံ၊ ကိုယ်တည်းဟူသော ယန္တရားကို။) (ကာရိတ်ကဲ) (အဒ္ဓါနံ၊ ရှည်သော အခွန့်သို့။) (ဓာတ်ကဲ) ယာပေတုံ။ ရောက်စေခြင်းငှာ (ယာ+ဏာပေ+တုံ)။ (ဝါ) မျှတခြင်းငှာ (ယပ (စု) + ဏော+ တုံ)။ နှ သုကရာ၊ လွယ်သဖြင့် ပြုအပ်သည်၏ အဖြစ် မရှိသည်။ (ဝါ) မပြုလွယ်သည်။ (ဟောတိ၊ ဖြစ်၏။)

[သိမ္ဖယ် ။ ။ ပုစ္ဆက အနေနဲ့ ကံပုဒ် သုံးပုဒ်ထိအောင် ရည်မည်မထင်၊ သို့သော် ပြည့်စုံစေရန်နှင့် ဉာဏဝမုန ဖြစ်စေရန် ဖြစ်သင့်တိုင်း ထည့်သည်။ ပါ။ ဂု။ ပါ၊ သျ။ ၃၆။ ၁၃၁၆, ၁၃၁၉–ခုနှစ်များကလည်း မေးခဲ့ပြီ။]

---

၂ ။ ။ [ပါ။ ၅၇။ ပါ၊ သျ။ ၁၃၁။]

---

၃ ။ ။ [ပါ၊ သျအတိုင်းယောဇနာ။ ။ ပါ။ ၁၉၂။ ပါ၊ သျ။ ၂၄၇။]

---

၄ ။ ။ [ပါ။ ၃၇၇။ ပါ၊ သျ ၄၀၃။]

---

၅ ။ ။ [ဋ္ဌ၊ သျ အတိုင်း ယောဇနာပါ။ ။ ဋ္ဌ၊ ၁။ ၅၂။ ဋ္ဌ၊ သျ၊ ၁။ ၁၇၅။ ဋ္ဌ၊ သျ၊ သစ်၊ ၁။ ၃၈၉။]

---

၆ ။ ။ [အယမေဝ–ကို ဋ္ဌ၊ သျ အတိုင်း ယောဇနာပါ။ ။ ဋ္ဌ၊ ၁။ ၁၁၉။

http://www.dhammadownload.com

၌၊ သျှ၊ ၁၊ ၄၁၅၊ ၌၊ သျှ၊ သစ်၊ ၂။ ၃၁၁။]

---

၇ ။ ။ [အညံ့-ကို ၌၊ သျှ၊ သစ် အတိုင်း ယောဇနာပါ။ ။ ၌၊ ၁။ ၃၄၃။ ၌၊ သျှ၊ ၂။ ၆၂၃။ ၌၊ သျှ၊ သစ်၊ ၃။ ၅၅၆။]

---

၈ ။ ။ [အာဟ-၏ ကတ္တားကို "ဘဂဝါ" ဟု ထည့်။ ။ ၌၊ ၂၊ ၁၀၇။ ၌၊ သျှ၊ ၄။ ၇။ ၌၊ သျှ၊ သစ်၊ ၄၊ ၃၀၉။]

---

၉ ။ ။ [၌၊ သျှ၊ သစ် အတိုင်း ယောဇနာပါ။ ။ ၌၊ ၂။ ၂၁၄။ ၌၊ သျှ၊ ၄။ ၃၁၇။ ၌၊ သျှ၊ သစ်၊ ၄။ ၆၁၇။]

၁၀။ ။ [၌၊ ၂။ ၂၃၂။ ၌၊ သျှ၊ ၄။ ၃၆၇။ ၌၊ သျှ၊ သစ်၊ ၄။ ၆၆၂။]

၁၃၂၃-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) မနုဿာ ဥဿာယန္တိ ရညော ပရိသတိ ဘာသမာနဿ သမ္မုခါစ ပရမ္မုခါ စ သုတွာ တတ္ထ တတ္ထ မနုဿာ ဥဿာယန္တိ။

(ခ) အဝဿာယန္တိ။

(ဂ) အဝဇာနန္တာ တံ ဗျာယန္တိ သြလောကေန္တိ။

(ဃ) လာမတော ဝါ စိန္တေန္တိတိ အတ္ထော။

၁ ။ ။ (က) ဝါကျကို ရညောသမ္မန်၏ ကံပုဒ်ကို ထည့်၍ အတ္ထ-ယောဇနာပါ။

၂ ။ ။ (ခ) (ဂ) ဝါကျတို့ကို လျှင်းပါး၍ ၌ပနာ, အာဘောဂ, ပုစ္ဆာတို့ဖြင့် တက်ခဲ့ပါ။

၃ ။ ။ (က) (ခ) (ဂ) (ဃ) ဝါကျတို့ကို အချင်းချင်း ထောက်၍ အကြောင်းပြပြီး အမည်ပေးပါ။

http://www.dhammadownload.com

၄ ။ ။ (က) မှတ်ပါ မနုဿာ-ကို ကိတဝိဂ္ဂဟပြု၍ ဉာသ်နည်းအရ ကောက်ပြပါ။

၅ ။ ။ ပရိသတိ-သည် မည်သည့် လိင်, ဝိဘတ်, ဓာတ်, ပစ္စည်း ကာရက တို့ပါနည်း။

၆ ။ ။ (ခ) (ဂ) တို့ကို ထောက်၍ သဲဝဏ္ဏေတမ္မပုဒ်ကို အဋ္ဌကထာ ဆရာ၏ အာဘောဂနှင့် သဲဝဏ္ဏနာကို ဖော်ပြပါ။

၇ ။ ။ ပရိယောနဒ္ဓါယာတိ တေန အဝိဒ္ဓဏ္ဍကောသေန သမန္တတော သြနဒ္ဓါယ ဝေဋ္ဌိတာယ-၌ "သြနဒ္ဓါယ" ဟူ၍ လည်းကောင်း, "သြနန္ဒာယ" ဟူ၍လည်းကောင်း ရှိရာ သင့်ရာပါဠ်ကို သဒ္ဒယုတ္တိပြု၍ ဆုံးဖြတ်ပါ။

၈ ။ ။ ဝဿံဝုတ္ထာတိ ပုရိမိကာယ ဥပဂံတာ မဟာပဝါရဏာယ ပဝါရိတာ ပါဠိပဒဒီဝသတော ပဋ္ဌာယ "ဝုတ္ထဝဿာ" တိ ဝုစ္စန္တီ၊ ဧဝံ ဝဿံဝုတ္ထာ ဟုတွာ-ဝယ် ဝဿံဝုတ္ထာ-၌ မဟာပဝါရဏာယ ပဝါရိတာ-ပုဒ်ကို ထောက်၍ ဖြစ်သင့်သော နည်း, ဥပစာတို့၏ အမည်ကို ပြခဲ့ပါ။

၉ ။ ။ အောက်ပါ စကားပြေကို စုဏ္ဍိယဝါကျ သီကုံးခဲ့ပါ။

မှန်ပါ၏၊ ဝါသို့ ကပ်သော ရဟန်းသည် နာလကအကျင့်ကို ကျင့်သော် လည်း ငါးပါးကုန်သော အမိုးတို့တွင် တစ်မျိုးမျိုးသော အမိုးဖြင့် မိုးသည်သာ ဖြစ်သော တံခါးဖွဲ့ရှိသော ကျောင်းမှာ ကပ်အပ်၏။

၁၀။ ။ မနုဿာ-ပုဒ်ကို နေတ္တိနည်းအရ ဒေသနာဟာရ ထုတ်ပြပါ။

၁၃၂၃-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ [ရညော-သမ္မန်၏ ကံပုဒ်ကို "ဝစနံ" ဟု ထည့်။ ။ ရညော-သမ္မန်၏ စပ်ရာ ကံပုဒ်ကို "ရညော သမ္မန်၏ ကံပုဒ်" ဟု သုံးထားသည်။ ဤသို့ သင့်အောင်ယူ။ အမှန်မှာ ဝစနံ-သည် သုတွာ-၏ ကံဖြစ်၍ "သုတွာ-၏ ကံပုဒ်ကို ထည့်၍" ဟု မေးသင့်သည်။ စဉ်းစားပါ။ ။ ဋ္ဌ၊ ၁။ ၂၅၆။ ဋ္ဌ၊ သ္မျ၊ ၂။ ၃၆၉။ ဋ္ဌ၊ သ္မျ၊ သစ်၊ ၃။ ၃၁၆။]

---

http://www.dhammadownload.com

၂ ။ ။ (ခ) (ဂ) အမှတ်ပြ ဝါကျတို့ လျဉ်းပါး၍ ပုစ္ဆာတက်

(ခ) အမှတ်ပြဝါကျ တက်ပုံ ။ ။ အရင်အဋ္ဌကထာဆရာ အရင်ဥပါလိ မထေရ်သည် "ဥဇ္ဈာယန္တိ" ဟု မိန့်တော်မူ၏။ (ဋ္ဌပနာ)။ ယင်းဥဇ္ဈာယန္တိ-၌ ဥ-သည် ဥပသာရပုဒ် ၂၀-တွင် ပါဝင်သော ပကတိ ဥ-ဖြစ်ရာသည် မဟုတ်ပါလော (အာဘောဂ)။ ယင်း ဥ-သည် အဘယ်သို့သော ဥ-ဖြစ်ပါသနည်း (ပုစ္ဆာ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပာယ်ကား ။ ။ ဥဇ္ဈာယန္တိ-၌ ဥ-သည် ဥပသာရပုဒ် ၂၀-တွင် ပါဝင်သော ပကတိ ဥ-မဟုတ် အဝ-ဥပသာရပုဒ်၏ ကာရိယ (အဝ-ကို ပြုထား သော သြ-၏ ဝိပရိတ်) ဥ-ဖြစ်၏ ဟူလို။

(ဂ) အမှတ်ပြဝါကျ တက်ပုံ ။ ။ အရင်အဋ္ဌကထာဆရာ ဆရာသည် "အဝဇ္ဈာယန္တိ" ဟု ဆိုတော်မူ၏။ (ဋ္ဌပနာ)။ ယင်း အဝဇ္ဈာယန္တိ-၌ အဝ-ဥပသာရပုဒ်သည် လာမကအနက်ကို ဟောရာသည် မဟုတ်ပါလော (အာဘောဂ)။ အဘယ်အနက်ကို ဟောပါသနည်း (ပုစ္ဆာ)။ ဈေ-ဓာတ်သည် စိန္တနအနက်ကို ဟောရာသည် မဟုတ်ပါလော (အာဘောဂ)။ အဘယ်အနက်ကို ဟောပါသနည်း (ပုစ္ဆာ)။ ဈေ-ဓာတ်သည် အကမ္မကဓာတ် ဖြစ်ရာသည် မဟုတ်ပါလော (အာ ဘောဂ)။ အကမ္မက, သကမ္မက ဓာတ်တို့တွင် အဘယ်ဓာတ် ဖြစ်ပါသနည်း (ပုစ္ဆာ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာ သည် (ဂ) အမှတ်ပြ ဝါကျကို မိန့်။

အဓိပ္ပာယ်ကား ။ ။ အဝ-ဥပသာရပုဒ်သည် အဝဇာနနအနက်, ဈေ-ဓာတ်သည် သြလောကနအနက်ကို ဟော၏ ဈေ-ဓာတ်သည် သကမ္မကဓာတ် ဖြစ်၏-ဟူလို။

[မေးပုံမကောင်း ။ ။ လျဉ်းပါး၍-ဟူသော စကားလုံးပါက အာဘောဂ-ဟူသော စကားလုံး မလို၊ အာဘောဂ-ဟူသော စကားလုံးပါက လျဉ်းပါး၍-ဟူသော စကားလုံးမလို။ အမှန်မှာ "လျဉ်းပါး၍ ပုစ္ဆာတက်ခဲ့ပါ" ဟု ဖြစ်စေ သို့မဟုတ် "ဋ္ဌပနာ, အာဘောဂ, ပုစ္ဆာတို့ဖြင့် တက်ခဲ့ပါ" ဟု ဖြစ်စေ တစ်မျိုးမျိုး မေးက ပြီးသည်သာ။]

---

၃ ။ ။ (က) (ခ) (ဂ) (ဃ) အမှတ်ပြ ဝါကျတို့၏ အချင်းချင်း ထောက်ဆ၍ အကြောင်းနှင့်တကွ အမည်

http://www.dhammadownload.com

(က) အမှတ်ပြဝါကျသည် ဆိုပြီးဝါကျထောက်သော် လောမေန တံ့ မုဏ္ဍောသိ–ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ အဖွင့်သံဝဏ္ဏနာမှ တစ်ပါး မနသာ ဥဇ္ဈာယန္တိ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာဟု ဆိုအပ်သော အဖို့ တစ်ပါးကို ပြသောကြောင့် ပက္ခန္တရ ဝါကျ, (ခ) အမှတ်ပြဝါကျထောက်သော် မနသာ ဥဇ္ဈာယန္တိ–ကို အကျဉ်းအားဖြင့်ပြသောကြောင့် သနိဒ်ပဝါကျ ဖြစ်ပါသည်။

(ခ) အမှတ်ပြဝါကျသည် (က) အမှတ်ပြဝါကျထောက်သော် ယင်း (က) အမှတ်ပြဝါကျ (က–အမှတ်ပြဝါကျ၌ ဥဇ္ဈာယန္တိ–) ကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ, (ဂ) အမှတ်ပြဝါကျထောက်သော် (က) အမှတ်ပြဝါကျ (က–အမှတ်ပြဝါကျ၌ ဥဇ္ဈာယန္တိ–) ကို အကျဉ်းအားဖြင့် ပြသောကြောင့် သနိဒ်ပဝါကျ ဖြစ်ပါသည်။

(ဂ) အမှတ်ပြဝါကျသည် (ခ) အမှတ်ပြဝါကျ ထောက်သော် (ခ) အမှတ်ပြဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ (ဃ) အမှတ်ပြဝါကျ ထောက်သော် အဝ–ဥပသာရပုဒ်၏ အဝဏ္ဏနတ္ထ, ဏျေ–ဓာတ်၏ ဩလောက နတ္ထဟု ဆိုအပ်သော အဖို့ကို ပြသောကြောင့် ပက္ခဝါကျ ဖြစ်ပါသည်။

(ဃ) အမှတ်ပြဝါကျသည် (ဂ) အမှတ်ပြဝါကျထောက်၍ အဝ–ဥပသာရပုဒ်၏ အဝဏ္ဏနတ္ထ, ဏျေ–ဓာတ်၏ ဩလောကနတ္ထမှ တစ်ပါး အဝ–ဥပသာရပုဒ်၏ လာမကတ္ထ, ဏျေ–ဓာတ်၏ စိန္တနတ္ထဟု ဆိုအပ်သော အဖို့ တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ ဖြစ်ပါသည်။

[သိဖွယ်။ ။ (ခ) အမှတ်ပြဝါကျသည် (က) အမှတ်ပြဝါကျကို ချဲ့သည်။ (ဂ) (ဃ) အမှတ်ပြဝါကျသည် (ခ) အမှတ်ပြဝါကျကို ထပ်ချဲ့သည်။ ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ သဘောပင်။ (ခ) (ဂ) (ဃ) တို့ကို "ဝါကျာရမ္ဘ ချည်း" ဟုလည်း ဆိုကြသည်။ ကောင်းမည် မထင်။]

---

၄ ။ ။ ဝိဂ္ဂဟ နှင့် ဥဿံကောက်

ကုသလာ ကုသလေ ဓမ္မေ မနန္တိ ဇာနန္တိတိ မနသာ (ကစ္စည်း)။ ယေ ပဂ္ဂလာ။ အကြင် ပုဂ္ဂိုလ်တို့သည်။ ကုသလာ ကုသလေ၊ ကုသိုလ်, အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ မနန္တိ ဇာနန္တိ၊ သိတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကုသိုလ်, အကုသိုလ် တရားတို့ကို သိတတ်သော သတ္တိကြောင့်။ တေ

http://www.dhammadownload.com

ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ မနုဿာ၊ မနုဿတို့ မည်ကုန်၏။

ကုသလာ ကုသလေ ဓမ္မေ မနန္တိ ဇာနန္တိ–ကား ကတ္တုသာဓနကိတ်ဝိဂြိဟ်၊ မနုဿာ–ကား ကတ္တုသဓနကိတ်ပုဒ်။ မန–ဓာတ်, ဥဿ–ပစ္စည်း။ မန–ဓာတ်၏ အရကား ကုသိုလ်, အကုသိုလ်တရား တို့ကို သိသော ဉာဏ်ပြောန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ယောနိသောမနသိကာရ အစရှိသော ရှေးရှေးသောစိတ္တုပ္ပါဒ်သည်ဖလူပစာအားဖြင့် ရ၏။ နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူပစာအားဖြင့် ရ၏။ ဥဿ–ပစ္စည်း၏ အရကား ထိုမုချ, ဖလူ, ကာရဏူပစာတို့ဖြင့် မှတ်အပ်သော လူဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော သတ္တသန္တာန ပညတ်ဒြပ် ရ၏။

မှတ်ချက် ။ ။ "ကာရဏာကာရဏံ မနန္တိ ဇာနန္တိတိ မနုဿာ၊ အတ္ထာနတ္ထံ မနန္တိ ဇာနန္တိတိ မနုဿာ" ဟုလည်း ပြုနိုင်သည်။ အကောက်ကား အတူတူပင်။

---

၅ ။ ။ လိင်္ဂါဒိဝိဘာဂ

ပရိသတိ–ကား ကြတ္ထိလိင်, သတ္တမီဧကဝုစ် သ္မိ–ဝိဘတ်, ပရိ–ပုဗ္ဗ သိ–ဓာတ်, အ–ပစ္စည်း, ဩကာသကာရက ဖြစ်ပါသည်။

[ပရိသတိ နှင့် ပရိသတိ] ။ ။ ပရိသတိ–ဠ သ္မိ–ဝိဘတ်ကို တိ–ပြုထား သည်။ မောဂ္ဂလာန် သျာဒိကဏ္ဍ၊ တိ သဘာပရိသာယ (၁၀၄)–သုတ်ဠကား တိ–အပြုကို ဆို၏။ "မြန်မာစာပါဠိတို့ဠ နိဂ္ဂဟိတ်ကင်းသော တိ–ပြုသာ ထင်၏။ သီဟိုဠ်စာ ပါဠိတို့ဠ် "ပရိသတိ–ဟု ထင်၏" ဟု ၎င်းနိဿယဆရာတော် မှာသည်။ နိရုတ္တိဒီပနီဠ် "တိ သဘာပရိသာယ" ဟု နိဂ္ဂဟိတ် မပါဘဲ သုတ်ကို တွေ့ရသည်။]

---

၆ ။ ။ (ခ) (ဂ) အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

အဝဏ္ဏာယန္တီ–ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဥဏ္ဏာယန္တီ–ဟူသော သံဝဏ္ဏေ–တဗ္ဗပုဒ်ဠ် ဥ–၏ အဝ–ဥပသာရုပဒ်၏ ကာရိယ (အဝ–ကို ပြုထားသော ဩ–၏ ဝိပရိတ်) ဥ–၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂ–လိင်္ဂ်ပဒသံဝဏ္ဏနာ၊

အဝဇာနန္တော–ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် အဝဏ္ဏာယန္တီ–ဠ် အဝ–

http://www.dhammadownload.com

ဥပသာရ ပုဒ်၏ အဝဇာနန အနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်ထွသံဝဏ္ဏနာ။

တံ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဥဇ္ဈာယန္တိ-၏ ကံကို "တံ" ဟု ထည့်၍ အနက်ယောဇနာရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထ သံဝဏ္ဏနာ။

ဩလောကေန္တိ-ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဈာယန္တိ-၌ ဈေ-ဓာတ်၏ ဩလောကန အနက်ဟော၏ အဖြစ်ကို အဋ္ဌိကထာဆရာ သိစေပါသည်။ ဓာတွတ္ထသံဝဏ္ဏနာ။

---

၇ ။ ။ ပါဠ်အဆုံးအဖြတ်

နဟ-ဓာတ်သည် ဗန္ဓန-အနက်ကို ဟောသောကြောင့် အဝ-ပုဗ္ဗနဟ-ဓာတ်, တ-ပစ္စည်းဖြင့် ပြီးသော ဩနဒ္ဓါယ-ပါဠ်သာသင့်ပါသည်။

[ထောက်ဖွယ် ။ ။ နဟ-ဗန္ဓနေ ။ သဒ္ဒနီတိဓာတုမာလာ။ ၂၄၀။ ပုစ္ဆာ မူရင်း၌ ဩနဒ္ဓါယ-နောင် ဗဒ္ဓါယ-ကျနေသည်။]

---

၈ ။ ။ နည်း , ဥပစာ

ဝဿံဝုတ္ထာ-ဟူသော နည်းသည် မိုးလပတ်လုံး နေကြပြီး၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုကြပြီးသော ရဟန်း, မပြုကြရသေးသော ရဟန်းတို့နှင့် ဆက်ဆံသော်လည်း ဤအရာဝယ် မိုးလပတ်လုံး နေကြပြီးသော်လည်း သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာ မပြုကြရသေးသော ရဟန်းတို့၌ မထင်၊ မိုးလပတ်လုံး နေကြပြီး၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုကြပြီးသော ရဟန်းတို့၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် အထင်ရှင်းနည်း မည်၏။

ဝဿံဝုတ္ထ-သဒ္ဒါသည် အပေါင်းဖြစ်သော မိုးလပတ်လုံး နေကြပြီး၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာ ပြုကြပြီးသော ရဟန်း, မပြုကြရသေးသော ရဟန်းတို့၏ ဝဿံဝုတ္ထ-ဟူသော အမည်ကို အစိတ်ဖြစ်သော မိုးလပတ်လုံး နေကြပြီး၍ သီတင်းကျွတ် လပြည့်နေ့၌ ပဝါရဏာ ပြုကြပြီးသော ရဟန်းတို့၌ တင်စား၍ အစိတ်ဖြစ်သော မိုးလပတ်လုံး နေကြပြီး၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုကြပြီးသော ရဟန်းတို့ကို "ဝဿံဝုတ္ထ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသျူပစာ=သမုဒါယူပစာ မည်၏။

http://www.dhammadownload.com

[နယူပစာရ ဖြစ်ပုံ ။ ။ ဝဿံပုတ္ထ-ဟူသော အမည်သည် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးသည်ဖြစ်စေ, မပြုရသေးသည်ဖြစ်စေ မိုးလပတ်လုံးနေပြီးသော ရဟန်းမုန်သမျှ၏ အမည်ဖြစ်သည်။ သို့သော် "မဟာ ပဝါရဏာယ ပဝါရိတာ" ဟု အဋ္ဌကထာ (၁။ ၂၄၉)-ဖွင့်သောကြောင့် ယင်းကို ထောက်၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးသော ရဟန်းများသာ ယူသည်၊ မပြုရသေးသော ရဟန်းများ မယူရတော့။ ဤသို့ အပေါင်းအမည် ဖြစ်ပါလျက် အပေါင်းမရဘဲ အစိတ်သာရသဖြင့် ဝဿံဝုတ္ထ-ကို သမုဒါယူပစာ ယူရတော့သည်။ ဒိဒ္ဒော-ကြောင့် သမုဒ္ဒေါ-ကို သမုဒါယူပစာ ယူရ၏သို့ ထို့အတူ မဟာ ပဝါရဏာယ ပဝါရိတာ-ကြောင့် ဝဿံဝုတ္ထ-ကို သမုဒါယူပစာ ယူရသည်။ ဝဿံဝုတ္ထ-၏ အရ ပုဂ္ဂိုလ်ရသည်ကိုလည်း သတိပြုပါ။ သရုပ်ကြား အဘိဓေယျတ္ထ အားဖြင့် သံဝဏ္ဏနာဖွင့်ရာတိုင်းဝယ် သံဝဏ္ဏေတမ္မဋ္ဌ သမုဒါယူပစာ, အထင်ရှဋ္ဌနည်း အမြဲရသည်။ အဋ္ဌကထာဖွင့်ပုံကိုသာ သေချာစွာ ကြည့်ပါ။ သဘောကျပါလိမ့်မည်။ ပုရိမိကာယ ဥပဂတာ-ထောက်ရင်လဲ ဝဿံဝုတ္ထ-၌ သမုဒါယူပစာ, အထင်ရှဋ္ဌနည်းပင် ရသည်။ သို့သော် တင်ပုံချင်းတော့ မတူတတ်။]

---

၉ ။ ။ [ဋ္ဌ၊ ၁။ ၂၄၈။]

---

၁၀ ။ ။ နေတ္တိနည်း

မနသာ-၏ အရဖြစ်သော လောကီခန္ဓာ ၅-ပါးသည် ပဋ္ဌပါဒါနက္ခန္ဓာ ဒုက္ခံ အရိယသစ္စ-ဟူသော ပါဠိနှင့်အညီ ဒုက္ခသစ္စာ မည်၏။ တဿမုလကာရဏ-ဘာဝေန ပုရိမနိပ္ပန္နာ တဏှာ သမုဒယသစ္စ-ဟူသော ပါဠိနှင့်အညီ ထိုခန္ဓာ ၅-ပါး၏ အကြောင်းရင်း၏ အဖြစ်ဖြင့် ရှေးဘဝ၌ ဖြစ်ပြီးသော တဏှာသည် သမုဒယသစ္စာ မည်၏။ ဥဘိန္နမပုဝတ္တိ နိရောဓသစ္စ-ဟူသော ပါဠိနှင့်အညီ ဒုက္ခ, သမုဒယ, ၂-ပါးတို့၏ မဖြစ်ရာ ဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ နိရောဓပဇာနနပဋိပဒါ မဂ္ဂသစ္စ-ဟူသော ပါဠိနှင့်အညီ နိဗ္ဗာန်ကိုသိကြောင်း ဖြစ်သော အကျင့်သည် မဂ္ဂသစ္စာမည်၏။ ဤသို့ သစ္စာ ၄-ပါးကို ဟောသတည်း။ ထို ၄-ပါးတို့တွင် သမုဒယသည် အသာဒ မည်၏။ ဒုက္ခသည် အာဒီနဝ မည်၏။ နိရောဓ, မဂ္ဂ ၂-ပါးသည် နိဿရဏ မည်၏။ ဣဒါနိ ဖလပဋ္ဌကသည် ဖလမည်၏။ ဝါ-သုဏန္တ်ပုဂ္ဂိုလ်၏ သုတမယဉာဏ်, အတ္ထဝေဒ, ဓမ္မဝေဒ စသော ပစ္စုပ္ပန် အကျိုး, ဘဝသမ္ပတ္တိစသော သံသရာအကျိုးသည် ဖလမည်၏။

http://www.dhammadownload.com

အတီတေ ဟေတဝေါ ပဥ္စ, ဣဒါနိ ဟေတုပဥ္စကသည် ဥပါယ မည်၏။ ဝါ- ဆိုအပ်ခဲ့ပြီးသော ဖလကိုရခြင်း၏ အကြောင်းဖြစ်သော ယောနိသော မနသိကာရ, သဒ္ဓမ္မဿဝန, စတုစက္ကသမ္ပတ္တိစသော အကြောင်းသည် ဥပါယ မည်၏။ "ခန္ဓာ ဟူသောလောကသည် အနိစ္စစသည်ဖြင့် မပြတ်နှိပ်စက်၏။ ထို့ကြောင့် ခန္ဓာ ဟူသော လောက၌ ငြီးငွေ့သဖြင့် ဒါနမယစသည်ကို ပြုကြလတ်သော်" ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိ မည်၏။ ဝါ- "လူတို့ ကဲ့ရဲ့ကုန်ရကား အရှင်ဓနိယကဲ့သို့ မပြုကြလေနှင့်" ဟု မတိုက်တွန်း သော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိ မည်၏။ ဤသို့လျှင် မနုဿာ-ဟူသော ဒေသနာတော်သည် သစ္စာ ၄-ပါးကို ဟော၏။ ထိုသစ္စာ ၄-ပါးကို ဟောသော ဒေသနာ၌ အဿာဒစသည်ကို ဖွင့်ပြခြင်းသည် ဒေသနာဟာရ မည်၏-ဟူလိုသော်။

[ဒေသနာဟာရထုတ်နည်း ၂-မျိုး ။ ။ ဒေသနာဟာရ ထုတ်နည်းသည် (၁) သစ္စာ ၄-ပါးကို ထုတ်ပြီးမှ အဿာဒစသည်ကို ထုတ်သောနည်း, (၂) အဿာဒစသည်ကို ထုတ်ပြီးမှ သစ္စာ ၄-ပါးကို ထုတ်သောနည်းအားဖြင့် ၂-နည်းရှိသည်။ ထိုတွင် ဗာဟျတ္ထ၏အရ ရည်ထုတ်သော် (၁) နံပါတ်နည်း, အန္တတ္ထ၏ အရ ရည်ထုတ်သော် (၂) နံပါတ်နည်း ထုတ်ရသည်။ ဥပမာ ဥဇ္ဇာယန္တိ-၌ ဗာဟျတ္ထ၏ အရ ရည်ထုတ်သော် (၁) နံပါတ်နည်း, အန္တတ္ထ၏ အရ ရည်ထုတ်သော် (၂) နံပါတ်နည်း ထုတ်ရသည်။ ဤ၌ မနုဿာ-၏ အရ သည် ဥဇ္ဇာယန္တိ-၌ ဗာဟျတ္ထ (ဝိဘတ်) ၏ အရနှင့် အရတူဖြစ်၍ (၁) နံပါတ်နည်း ထုတ်သည်။]

၁၃၂၄-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဌကထာ အမှတ် (၁) မေးခွန်း

အောက်ပါ ပါဠိဝါကျတို့တွင် (၂) အမှတ်ဝါကျကို အာကာရငုံ၍ ကြွင်းသော ဝါကျတို့ကို ပါဌာနသာရီအားဖြင့် အနက်ယောဇနာပါ။

၁ ။ ။ တတြ သုဒံ သာရိပုတ္တ ဘိံသနကဿ ဝနသဏ္ဍဿ ဘိံသနက-တသ္မိံ ဟောတိ။

http://www.dhammadownload.com

၂ ။ ။ အညတရော ဘိက္ခု အညတရံ ဘိက္ခုံ ဇေတဝေါစ "အာဝုသော အတြဋ္ဌိတော ဗန္ဓာဟိ" တိ။

၃ ။ ။ အာရာဓနီယော ခေါ အာဝုသော ဓမ္မော သမ္မာပယုတ္တေနာတိ။

၄ ။ ။ ယာ တာ ဣတ္ထိယော ဆိန္နိကာ ဓုတ္တိကာ အဟိရိကာယော တာ အာယသ္မတာ ဥဒါယိနာ သဒ္ဓိံ ဥဟသန္တိပိ ဥလ္လပန္တိပိ ဥဇ္ဇဂ္ဃန္တိပိ ဥပ္ပဏ္ဍေန္တိပိ။

အောက်ပါ အဋ္ဌကထာဝါကျတို့တွင် (ဂ) အမှတ်ဝါကျကို ဝါကျ အပြန် အလှန်နည်း, ကြွင်းသော ဝါကျတို့ကို ပါဌာနုသာရီနည်းအားဖြင့် အနက် ယောဇနာပါ။

၅ ။ ။ ထေရီ ပန အနဝဇ္ဇာ အတ္တနော သမဏသညံ ပစ္စုပဋ္ဌပေတွာ အသာဒိယန္တီ နိသီဒိ အသဒ္ဓမ္မာဓိပ္ပါယေန ပရာမဋ္ဌာ အဂ္ဂိက္ခန္ဓသိလာထမ္ဘဒိရ သာရခါဏုကာ ဝိယ။

၆ ။ ။ ဥပရိ မဏ္ဍပသဒိသံ ပဒရစ္ဆန္နံ, သဗ္ဗပလိဂုဏ္ဌိမံ ဝါ ဆာဒေတွာ ကတံ ဝယှံ။

၇ ။ ။ ကုမီနမုခံ ဝိဝရိတွာ ဝါ ပစ္ဆာပုဋ္ဌကံ မုဉ္စိတွာ ဝါ ပသေန ဆိဒ္ဒံ ကတွာ ဝါ ကုမီနတော မစ္ဆေ ပေါထေတွာ ပလာပေန္တိဿ ပါရာဇိကံ။

၈ ။ ။ ဒဟရော ယုဝါတိ စေတ္ထ ဒဟရဝစနေန ပဋ္ဌမယောဗ္ဗန ဘာဝံ ဒဿေတိ။ ပဋ္ဌမယောဗ္ဗနေ ဟိ သတ္တာ ဝိသေသေန မဏ္ဍနကဇာတိကာ ဟောန္တိ။

၉ ။ ။ ဥမ္မီလနနိမိလနဝသေန ပန နာ ကာရေတဗ္ဗော။ သဟသာ ဥပနိဇ္ဈာယိတွာ ပုန ပဋိသင်္ခါယ သံဝရေ တိဋ္ဌတော အနာပတ္တိ။

၁၀ ။ ။ ဝိရဇ္ဇသာဒဿ ပန ရက္ခဿ အာတပေန ဖုဋ္ဌောကာသေ ဌပိတံ နိဿဂ္ဂိယမေဝ ဟောတိ။

၁၃၂၄-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ [ပါ၊ ၉။ ပါ၊ သျ။ ၄၃။]

---

http://www.dhammadownload.com

၂ ။ ။ အာကာရံ၍ အနက်ယောဇနာ

အညတရော၊ အမုတ်မရှိသော။ ဘိက္ခု၊ ရဟန်းသည်။ အညတရံ၊ အမှတ်မရှိသော။ ဘိက္ခုံ၊ ရဟန်းကို။ အာဝုသော၊ ငါ့ရှင်။ အတြ၊ ဤအရပ်၌။ ဋ္ဌတော၊ ရပ်လျက်။ ဗန္ဓာဟိ၊ ချည်လော့။ ဣတိ၊ ဤသို့။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ ဆို၏။ [ပါ။ ၁၀၄။ ပါ၊ သျှ။ ၁၈၃။]

---

၃ ။ ။ [ပါ။ ၁၄၁။ ပါ၊ သျှ၊ ၂၁၃။]

---

၄ ။ ။ [ပါ။ ၁၈၇။ ပါ၊ သျှ။ ၂၄၂။]

---

၅ ။ ။ [ဋ္ဌ၊ ၁။ ၂၃၇။ ဋ္ဌ၊ သျှ၊ ၂။ ၃၁၄။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၂၅၁။]

---

၆ ။ ။ [ဋ္ဌ၊ ၁။ ၂၉၀။ ဋ္ဌ၊ သျှ။ ၂။ ၄၇၁။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၄၁၈။]

---

၇ ။ ။ [ဋ္ဌ၊ ၁။ ၃၃၈၊ ဋ္ဌ၊ သျှ၊ ၂။ ၆၀၉။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၅၄၄။]

---

၈ ။ ။ ဝါကျအပြန်အလှန် အနက်ယောဇနာ

စ၊ ဆက်၍ဆိုဦးအံ့။ ဒဟရော ယုဝါတိ၊ ဒဟရော ယုဝါ–ဟူကုန်သော။ ဇဋ္ဌ–ဇတေသု ဝစနေသု၊ ဤသဒ္ဒါတို့တွင်။ ဒဟရဝစနေန၊ ဒဟရ–ဟူသော သဒ္ဒါဖြင့်။ ပဌမယောဇနာဘာဝံ၊ ပဌမအရွယ်၏အဖြစ်ကို။ ဒဿေတိ၊ ပြတော်မူ၏။ (တံဝစနံ၊ ဆိုအပ်ပြီးသော ထိုငါ့စကားသည်။ ဣမိနာ ဝစနေန၊ ဤသို့ဆိုအပ်လတ္တံ့သော ဒဠ္ဍိကရဏယုတ္တိ ဝစနဖြင့်။ ဟိ–သစ္စံ၊ မှန်၏။ (တစ်နည်း) ဟိ–ယုတ္တံ၊ သင့်မြတ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ တံ ဝစနံ၊ ဆိုအပ်ပြီးသော ထိုငါ့စကားသည်။ ဣမိနာ ဝစနေန၊ ဤဆိုအပ်လတ္တံ့သော ဒဠ္ဍိကရဏယုတ္တိ ဝစနဖြင့်။ ဟိ–သစ္စံ၊ မှန်သနည်း။ (တစ်နည်း) ဟိ–ယုတ္တံ၊ သင့်မြတ်သနည်း။) ဟိ–ယသ္မာ၊ အကြင်ကြောင့်။ ပဌမယောဇနေ၊ ပဌမအရွယ်၌၊ သတ္တာ၊ သတ္တဝါတို့သည်။ ဝိသေသေန၊ အထူးသဖြင့်။ မဇ္ဈနကဇာတိကာ၊ တန်ဆာဆင်ခြင်းသဘော ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (တသ္မာ၊ ထိုသို့ပဌမအရွယ်၌

http://www.dhammadownload.com

သတ္တဝါတို့သည် အထူးသဖြင့် တန်ဆာဆင်ခြင်းသဘော ရှိကုန်သည်တို့၏ အဖြစ်ကြောင့်။ တဲ့ ဝစနံ၊ ဆိုအပ်ပြီးသော ထိုင့်စကားသည်။ ကွမိနာ ဝစနေန၊ ဤ ဆိုအပ်လတ္တံ့သော ဒဋ္ဌီကရဏယုတ္တိဝစနဖြင့်။ ဟိ–သစ္စံ၊ မုနိသတည်း။ (တစ်နည်း) ဟိ–ယုတ္တံ၊ သင့်မြတ်သတည်း။) [ဋ္ဌ၊ ၂။ ၆။ ဋ္ဌ၊ သျ။ ၃။ ၁၃၇။ ဋ္ဌ၊ သျ၊ သစ်၊ ၄။ ၁၆။]

---

၉ ။ ။ [ဋ္ဌ၊ ၂။ ၁၁၈။ ဋ္ဌ၊ သျ၊ ၄။ ၄၅။ ဋ္ဌ၊ သျ၊ သစ်၊ ၄။ ၃၄၁။]

---

၁၀ ။ ။ [ဋ္ဌ၊ ၂။ ၂၃၆။ ဋ္ဌ၊ သျ၊ ၄။ ၃၇၆။ ဋ္ဌ၊ သျ၊ သစ်၊ ၄။ ၆၇၀။]

၁၃၂၄–ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ဒိဋ္ဌမင်္ဂိကသမ္ဗရာယိကပရမတ္ထေဟိ ယထာရဟံ အနုသာသတီတိ သတ္ထာ။

(ခ) အပိစ သတ္ထာ ဝိယာတိ သတ္ထာ၊

(ဂ) ဘဂဝါ သတ္ထဝါဟော။

(ဃ) ယထာ သတ္ထဝါဟော သတ္ထေ ကန္တာရံ တာရေတိ၊ စောရကန္တာရံ တာရေတိ၊ ဝါဠကန္တာရံ တာရေတိ၊ ဒုဗ္ဘိက္ခကန္တာရံ တာရေတိ၊ နိရုဒကကန္တာရံ တာရေတိ၊ ဥတ္တာရေတိ နိတ္တာရေတိ ပတာရေတိ ခေမန္တဘူမိံ သမ္ပာပေတိ၊ ဧဝံ မေဝ ဘဂဝါ သတ္ထာ သတ္ထဝါဟော (သတ္ထေ, သတ္ထေ) ကန္တာရံ တာရေတိ စောတိကန္တာရံ တာရေတိ။

၁ ။ ။ ဥတ္တာရေတိ–စသော ၃–ပါးသော ပုဒ်တို့၌ ဥပသဂ္ဂတ္ထများ ကွဲပြားစေလျက် (ဃ) အမှတ်ဝါကျကိုသာ အနက်မှန်မှန် သမ္မန်ခဲ့ပါ။

၂ ။ ။ (ဃ) အမှတ်ဝါကျကို ဋ္ဌပနာ, ပုစ္ဆာ, အာဘောဂတို့ဖြင့် ကျမ်းတက်ခဲ့ပါ။

၃ ။ ။ (ခ) (ဂ) (ဃ) အမှတ်ဝါကျတို့ကို အကြောင်းနှင့် တကွ

http://www.dhammadownload.com

ဝါကျအမည်ပေးပြီးလျှင် (ဂ) အမှတ်ဝါကျကိုသာ စာစပ်ခဲ့ပါ။

၄ ။ ။ (ခ) အမှတ်ဝါကျပါ သတ္ထာ–ဟူသော ပုဒ်ကို အစိတ်, အပေါင်း ဝိဂြိုဟ်ဆိုပြီးလျှင် အပေါင်းဝိဂြိုဟ်ကိုသာ ဉာဿနည်းအရ ကောက်ခဲ့ပါ။

၅ ။ ။ (က) အမှတ် ဝါကျလာ သမ္မရာယိက–ပုဒ်တွင် သမ္မရာယ–ဟူသော ပုဒ်တစ်စိတ်၌ ရထိုက်သော ဓာတ်, ပစ္စည်း, လိင်, ဝိဘတ်, ကြိယာ, ကာရကတို့ကို ဖော်ပြခဲ့ပါ။

၆ ။ ။ (က) အမှတ်ဝါကျကိုသာ ပြည့်ပြည့်စုံစုံ အာဘော်, သံဝဏ္ဏနာ ဖော်ပြခဲ့ပါ။

၇ ။ ။ (ဃ) အမှတ် ဥပမေယျတွင် ဖော်ပြသည့် "သတ္ထေ, သတ္ထေ" ဟု ပါဠိနှစ်မျိုးရှိရာ မည်သည့်ပါဠိသင့်ကြောင်းကို သဘာဝယုတ္တိ, အာဂမယုတ္တိတို့ဖြင့် နှိုင်းညှိဖြေဆိုခဲ့ပါ။

၈ ။ ။ (ဂ) အမှတ်ဝါကျလာ ဘဂဝါ–၌ နည်းပေါင်းမည်မျှ ပါဝင်သည်ကို ဘဝေသုဝဏ္ဏဂမနော–ဟူသော အဋ္ဌကထာဖွင့်နှင့် အညီ အပြည့်အစုံ ဖော်ပြပြီးလျှင် စောရကန္တာရ–၌ ကန္တာရ–ပုဒ်ဝယ် ရထိုက်သော ဥပစာကိုလည်း တင်ပြခဲ့ပါ။

၉ ။ ။ အောက်ပါ မြန်မာဝါကျကို ပါဠိစုဏ္ဏိယ ဝါကျ စီကုံးခဲ့ပါ။

ထိုဖားကို တစ်ယောက်သောနွားကျောင်းသားသည် တုတ်ကိုထောက်၍ ရပ်လေသော် ထိုဖား၏ ဦးခေါင်း၌ ဖိနှိပ်၍ ရပ်တည်မိပြီ။

၁၀ ။ ။ (က) အမှတ်ဝါကျလာ သတ္ထာ–ဟူသော ပုဒ်၌ ဓာတွတ္ထအရ ကောက်ယူ၍ ဓာတောတရဏဟာရ တိတိကျကျ ထုတ်ပြခဲ့ပါ။

၁၃၂၄–ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ ["၌၊ သျ၊ သစ်" အတိုင်း သမ္မန်။ ၊ ၌၊ ၁။ ၉၃။ ၌၊ သျ၊ ၁။ ၃၂၄။ ၌၊ သျ၊ သစ်။ ၂။ ၁၂၃။]

---

http://www.dhammadownload.com

၂ ။ ။ (ဃ) အမှတ်ပြဝါကျ ကျမ်းတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ) (ဂ) အမှတ်ဝါကျတို့ဖြင့် "မြတ်စွာဘုရားသည် ကုန်သည်မှူးနှင့်တူ၏" ဟု ဆိုတော်မူ၏ (ဋ္ဌပနာ)။ အဘယ်သို့ တူပါသနည်း (ပုစ္ဆာ)။ တူပုံကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော (အာဘောဂ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ) အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား ။ ။ ကုန်သည်မှူးသည် ကုန်သည်တို့ကို စောရကန္တာရစသည်ကို လွန်မြောက်စေသကဲ့သို့ မြတ်စွာဘုရားသည် သတ္တဝါတို့ကို ဇာတိကန္တာရကို လွန်မြောက်စေတော် မူသောအားဖြင့် တူ၏–ဟူလို။

[ဋ္ဌပနာထားပုံ ။ ။ သော ဝိယ ဘဂဝါတိ အာဟ "သတ္ထာ ဝိယာတိ သတ္ထာ၊ ဘဂဝါ သတ္ထဝါဟော" တိ (သာရတ္ထ။ ၁။ ၂၉၂)– ကို ကြည့်ပြီး (ခ) (ဂ) ၂–ဝါကျကို ဋ္ဌပနာ ထားသည်။ ဝိတ္ထာရဝါကျကို အဓိပ္ပာယ်တက်ရာ၌ ကထံ–ဖြင့် ပုစ္ဆာတက်ရသည်။ အဓိပ္ပာယ်ပြန်ရာ၌ ဆိုလိုရင်းကို ငုံမိပါစေလျက် ချုံးနှိုင်သ၍ ချုံးပြန်ပါ။ ဝါကျတက် တက်ပုံကို ၁၃၁၇–ခုနှစ် အဖြေကို နည်းမှီးတက်လေ။ မခဲပြီ။]

---

၃ ။ ။ (ခ) (ဂ) (ဃ) အမှတ်ပြဝါကျတို့၏အကြောင်းနှင့်တကွအမည်

(ခ) အမှတ်ပြဝါကျသည် သတ္ထာ–ပုဒ်၏ မူလတ္ထ–မှတစ်ပါး: ရူပကတ္ထ–ဟု ဆိုအပ်သော, (ဝါ) ကတ္တုသာဓနမှတစ်ပါး: ဥပမာတဒ္ဓိတ်ဟုဆိုအပ်သော အဖို့တစ်ပါး:ကို ပြသောကြောင့် ပကာသန္တရဝါကျ ဖြစ်ပါသည်။

(ဂ) အမှတ်ပြဝါကျသည် အထူးကိုပြသောကြောင့် ဝိသေသဝါကျ ဖြစ်ပါသည်။ **(ဆက်ဆံများလှ၊ သာမည၊ ထုတ်ပြ ဝိသေသာ**–နှင့်ညီသည်။) (တစ်နည်း:) ဝစနတ္ထ–မှတစ်ပါး: သရုပ်ကြား အဘိဓေယျတ္ထ–ဟု ဆိုအပ်သော အဖို့တစ်ပါး:ကို ပြသောကြောင့် ပကာသန္တရဝါကျ ဖြစ်ပါသည်။ (ဝါကျာရမ္ဘလည်း ဟူကြ၏။)

(ဃ) အမှတ်ပြဝါကျသည်၊ (ခ) (ဂ) အမှတ်ပြဝါကျတို့ကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ ဖြစ်ပါသည်။ (တပ္ပါကဋီကရဏလည်း ဟူကြ၏။)

[ဝိသေသ ဝါကျဖြစ်ပုံ ။ ။ ဆက်ဆံများလှ၊ သာမည၊ ထုတ်ပြ ဝိသေသာ–နှင့်အညီ (ခ) အမှတ်ပြဝါကျသည် ကုန်သည်မှူးနှင့်တူသော ဟိတောပဒေသစသည် အစွမ်းဖြင့် စောင့်ရောက်တတ်သော ဦးစီးနာယကမုန်သမျှနှင့် ဆက်ဆံ

http://www.dhammadownload.com

နေ၍ သာမညဖြစ်သောကြောင့် (ဂ) အမှတ်ပြဝါကျဖြင့် သာမညမှ မြတ်စွာ ဘုရားဟူသော အထူးကို ပြရသည်။ သို့အတွက် ဝိသေသဝါကျ ဖြစ်ရသည်။

ဝါကျာရမ္ဘ မကောင်း ။ ။ (ဂ) အမှတ်ပြဝါကျကို ဝါကျာရမ္ဘ ဝါကျ လည်း ခွဲကြသည်။ မကောင်းလှပါ။ အကြောင်းဆိုခဲ့ပြီ။

တပွါကဋ္ဌိကရဏမကောင်း ။ ။ (ဃ) အမှတ်ပြဝါကျကို တပွါကဋ္ဌိကရဏ ဝါကျလည်း ခွဲကြသည်။ ဘာကြောင့်နည်း? ဥပမာဖြင့် ချဲ့သောကြောင့်တဲ့။ မှန်၏-အကြောင်း, အခြင်းအရာ, သရုပ်တို့ဖြင့် ချဲ့ရာ၌ ဝိတ္ထာရ၊ ဥပမာဖြင့် ချဲ့ရာ၌ တပွါကဋ္ဌိကရဏ ခွဲရသည်။ သို့သော် ဤ၌ ဥပမာဖြင့် ချဲ့သည်ဟု ထင်ရသော်လည်း တကယ်တော့ ဥပမာဖြင့် ချဲ့ခြင်းမဟုတ်ပါ။ ဘာကြောင့် နည်း? သခံပဝါကျ ကိုက ဥပမာပါပြီး ဖြစ်သောကြောင့်တည်း။ အမှန်မှာ-ယင်း သခေံပဝါကျ၌ တူပုံ ငုပ်နေ၍ အာကာရ (တူပုံအခြင်းအရာ) ဖြင့် ကျမ်းဆရာ ချဲ့ပြခြင်းသာ ဖြစ်သည်။ ဤသို့ အာကာရချဲ့သာ ဖြစ်သောကြောင့် တပွါကဋ္ဌိ ကရဏ မကောင်းပါ။]

(ဂ) အမှတ်ပြဝါကျ စာစပ် ။ ။ သတ္တဝါဟော-ကား "သော" ဟူ၍ အနက်ပေးအပ်သည်၏အဖြစ်ကြောင့်ဘဂဝါ-၌ တုလျာဓိကရဏဝိသေသန၊ ဘဂဝါ-ကား တုလျာဓိကရဏဝိသေသျ။

ဘဂဝါ-ကား "ကို" ဟူ၍ အနက်ပေးအပ်သည်၏ အဖြစ်ကြောင့် လဗ္ဘတိ-ဟူသော ပါဌသေသ၌ ကံ၊ (ဝါ) လဘ-ဓာတ်, တေ-ဝိဘတ်ဟု ဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ၊ လဗ္ဘတိ-ကား ကံ၏ကြိယာ၊ (ဝါ) ထိုကံကို ဟောသော အာချာတ်ကြိယာ ဝါစကတည်း။

မှတ်ချက် ။ ။ လဗ္ဘတိ-ထည့် သမ္ဓန်သော နိသျသစ်၊ ဂဏ္ဍိသစ်တို့နှင့် အညီတည်း။

---

၄ ။ ။ ဝိဂ္ဂဟ နှင့် ဉာသ်ကောက်

အစိတ်ဝိဂ္ဂဟ ။ ။ အရန္တိ ပဝတ္တန္တျနေနာတိ အတ္ထော (ဥစ္စာရ) (မောဂ်၊ ၇။ ၈၈) သဟ အတ္ထေန ဝတ္တတီတိ သတ္ထော (ကုန်သည်အပေါင်းရ) (သာရတ္ထ)။ သတ္ထော ဧတဿ အတ္ထီတိ သတ္ထာ (ကုန်သည်မှူးရ) (သာရတ္ထ)။

အပေါင်းဝိဂ္ဂဟ ။ ။ သတ္ထာ ဝိယာတိ သတ္ထာ ။ ။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ သတ္ထာဝိယ၊ ကုန်သည်မှူးကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဣတိ

http://www.dhammadownload.com

တသွာ၊ ထိုသို့ ကုန်သည်မူးကဲ့သို့ ဖြစ်တော်မူသည်၏ အဖြစ်ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သတ္ထာ၊ သတ္ထာ မည်တော်မူ၏။

သတ္ထာဝိယာတိ-ကား ဥပမာတဒ္ဓိတ်ဝိဂြိဟ်၊ သတ္ထာ-ကား ဥပမာ တဒ္ဓိတ်ပုဒ်။ သတ္ထ-ပုဒ်, ဝိယ-ပုဒ်၊ ဏ (မောဂ္ဂလာန်အလို အ)- ပစ္စည်း။ ဤ သတ္ထာ-ဟူသော ဥပမာတဒ္ဓိတ်၌ သတ္ထ-ဟူသော တဒ္ဓိတ်ပုဒ်၏အရကား ကုန်သည်မူးသည် မုချအားဖြင့် ရ၏။ ထိုကုန်သည်မူး၏ မြတ်စွာဘုရားနှင့် သဒိသ သဒိသိ, ဥပမာန ဥပမေယျအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္မန်သည် ဌာနူပစာအားဖြင့် ရ၏။ ဏ-ပစ္စည်း၏ အရကား ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော မြတ်စွာဘုရားရ၏။

---

၅ ။ ။ ဓာတ္ဝာဒိဝိဘာဂ

သမ္မရာယ-ကား သံ-ပုဗ္ဗ, ပရာ-ပုဗ္ဗ ဣ-ဓာတ်, (တစ်နည်း) ဧ-ဓာတ်, (တစ်နည်း) အယ-ဓာတ်, ဏ-ပစ္စည်း (တစ်နည်း) အ-ပစ္စည်း, ပုလ္လိင်, သတ္တမီဧကဝုစ် သ္မိ-ဝိဘတ်, ဂမနက္ကြိယာ, ဩကာသကာရက ဖြစ်ပါသည်။

---

၆ ။ ။ (က) အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

ဒိဋ္ဌမင်္ဂိက သမ္မရာဟိကပရမတ္ထေဟိ ယထာရဟံ-ဟူသော သံဝဏ္ဏနာ ပါဠိဖြင့် အနုသာသတိ-၌ "ဆုံးမ" ဟူသည် မျက်မှောက် ပစ္စုပ္ပန် အတ္ထဘောဋ္ဌ ယှဉ်သော အကျိုး, တမလွန်၌ ယဉ်သော အကျိုး, မြတ်သော နိဗ္ဗာန်ဟု ဆိုအပ်သော အကျိုးတို့ဖြင့် ထိုက်သင့်သည့်အားလျော်စွာ ဆုံးမတော် မူသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထ သံဝဏ္ဏနာ။

အနုသာသတိ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် သတ္ထာ-ဟူသော သံဝဏ္ဏေတမ္ဗပုဒ်၌ သာသ-ဓာတ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယ ဓာတုပဒသံဝဏ္ဏနာ။ ရတ္တု-ပစ္စည်း၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယပဒသံဝဏ္ဏနာ၊ သာသ-ဓာတ်၏ အနုသာသန (အနုသိဋ္ဌိ) အနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယ ဓာတွတ္ထသံဝဏ္ဏနာ။ ရတ္တု-ပစ္စည်း၏ ကတ္တာ အနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထ သံဝဏ္ဏနာ။ (တစ်နည်း) "သာသတိတိ သတ္ထာ" ဟု ကတ္တု သာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း

http://www.dhammadownload.com

အဋ္ဌကထာဆရာ သီဓေပါသည်။ အဘိဓာနတ္ထ သံဝဏ္ဏနာ။

---

၇ ။ ။ ပါဠိအဆုံးအဖြတ်

မြတ်စွာဘုရားသည် ဇာတိကန္တာရစသည်ကို ကူးမြောက်စေတော်မူရာ၌ (ကုန်သည်တို့ကိုသာ ကူးမြောက်စေတော်မူသည် မဟုတ်) ဝေနေယျ သတ္တဝါတွေကို ကူးမြောက်စေတော်မူသောကြောင့် လည်းကောင်း၊ (သဘာဝယုတ္တိ), "သတ္တေတိ ဝေနေယျသတ္တေ" ဟု (သာရတ္ထဆရာ) ဖွင့်သောကြောင့်လည်း ကောင်း (အာဂမယုတ္တိ) သတ္တေ-ဟူသော ပါဌ်သာ သင့်ပါသည်။

---

၈ ။ ။ နည်း, ဥပစာ

ဘဂဝါ-၌ "ဘဂဝန္တ ဂမန" ဟူ၍ ဆိုအပ်လျက် ဘဝ-သဒ္ဒါမှ ဝ-အက္ခရာ, ဝန္တ-သဒ္ဒါမှ န္တ-အက္ခရာ, ဂမန-သဒ္ဒါမှ မ-အက္ခရာ, န-အက္ခရာတို့ကို ချေခြင်း ဝဏ္ဏလောပနိရုတ္တိနည်း, ဝ-အက္ခရာကို နောက် ဂ-အက္ခရာကို ရှေ့အား ဖြင့် ပြန်ခြင်း ဝဏ္ဏဝိပရိယာယနိရုတ္တိနည်း, ဝ-၏အစိတ် အ-အက္ခရာသည် အာ-အက္ခရာအား ဖြင့် ဖောက်ပြန် (အ-ကို အာ-ဒီဃပြု) ခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းများ ပါဝင်ပါသည်။

မှတ်ချက် ။ ။ သီလက္ခန်ဒီကာသစ်၌ ဝ-၏ အစိတ် အ-ကို အာဒီဃ ပြုပြီးမှ ဂ-နှင့် ဝါ-ကို ရှေ့နောက်ပြန်သည်။

စောရကန္တာရံ-၌ ကန္တာရ-သဒ္ဒါသည် အတူဖြစ်သော နိရုဒကကန္တာရ၏ ကန္တာရ-ဟူသော အမည်ကို အတူရှိသော စောရကန္တာရ၌ တင်စား၍ အတူ ရှိသော စောရကန္တာရကို "ကန္တာရ" ဟု ခေါ်ဝေါ်ခြင်းကြောင့် သဒိသူပစာ မည်၏။

---

၉ ။ ။ [၌၊ ၁။ ၉၄။]

---

၁၀ ။ ။ နေတ္တိနည်း

သတ္ထာ-ဟူသော ပုဒ်၌ သာသ-ဓာတ်၏ အရဖြစ်သော ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်တို့တွင် မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် ၄-ခုသည် မနောဝိညာဏဓာတ် မည်၏။ စေတသိက် ပဉ္စတိ သ

http://www.dhammadownload.com

သည် မေမှစာတ် မည်၏။ ဤသို့ စာတ်အားဖြင့် သွင်းခြင်းသည် စာတော တရဏဟာရ မည်၏-ဟူလိုသော်။

၁၃၂၅-ခုနှစ် မေမှာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁ ။ ။ ဇေဂုစ္ဆီ ဘဝံ ဂေါတမောတိ။ အတ္ထိ ခွေသ ဗြာဟ္မဏ ပရိယာယော၊ ယေန မံ ပရိယာယေန သမ္မာ ဝဒမာနော ဝဒေယျ "ဇေဂုစ္ဆီသမဏော ဂေါတမော" တိ။

၂ ။ ။ (နနု) မဒနိမ္မဒနာယ ပိပါသဝိနယာယ အာလယသမုဂ္ဃါ တာယ ဝဋ္ဋုပစ္ဆေဒါယ တဏ္ဍာက္ခယာယ ဝိရာဂါယ နိရောဓာယ နိဗ္ဗာနာယ ဓမ္မော ဒေသိတော။

၃ ။ ။ အတ္တဂရဟိနော မယံ ဘန္တေ အာနန္ဒ အနညဂရဟိနော၊ မယမေဝမှာ အလက္ခိကာ မယံ အပ္ပပုညာ။

၄ ။ ။ ဘိက္ခု အနဘိရတိယာ ပိဋ္ဌိတော ဂိဇ္ဈကူဋ္ဌံ ပဗ္ဗတံ အဘိရုဟိတွာ ပပါတေ ပပတန္တော အညတရံ ဝိလီဝကာရံ ဩတ္ထရိတွာ မာရေသိ။

အထက်ပါ ပါဋ္ဌိတော်များကို လည်းကောင်း, အောက်ပါ အဋ္ဌကထာများ ကို လည်းကောင်း အနက်မှန်မှန် သမ္မန်ခဲ့ပါ။ (နနု, ဣတိ ဝတ္တဗ္ဗော-တို့ကား ထည့်၍ အနက် သမ္မန်ရန်။)

၅ ။ ။ တတ္ထ ပုရိသမေမှာတိ အဒန္တာ ဒမေတုံ ယုတ္တာ တိရစ္ဆာနပုရိသာပိ မနုဿပုရိသာပိ။

၆ ။ ။ ပိတ္တသေမှရုဟိရာဒီဟိ အပလိဗုဒ္ဓံ ဥပက္ကိလေသဝိမုတ္တတာယ ဒူရေပိ အာရမ္မဏသမ္ပဋိစ္ဆနသမတ္ထံ ဒိဗ္ဗံ ပသာဒစက္ခု ဟောတိ။

၇ ။ ။ ကသ္မာ ဧတ္တကံ ပက္ကံ, ကိံ တုမှာကံ ဘာဇနာနိ နတ္ထိ၊ ယတ္ထ အတ္တနော သန္တကံ ပက္ခိပိတွာ ဌပေယျာထာတိ။

၈ ။ ။ အာရောစိတာယ စိတ္တပ္ပဝတ္တိယာ နတ္ထိ လောကေ ရဟောနာမ ပါပကမ္မံ ပကုဗ္ဗတော (ဣတိ ဝတ္တဗ္ဗော)။

၉ ။ ။ ကဟာပဏသ စတုတ္ထော ဘာဂေါ "ပါဒေါ" တိ ဝေဒိတဗ္ဗော။

http://www.dhammadownload.com

သော စ ခေါ ပေါရာဏသ နီလကဟာပဏသ ဝသေန၊ နှ ဣတရေသံ ဒုဩဒါမကာဒီနံ။

၁၀ ။ ။ တိဏဖျာပကော ဝိယ ဌာနာ အစာဝေတုကာမောဝ ကေဝလံ ဘိန္နတိ၊ ဘိန္နံ တာ ပန တေလာဒီနိ နိက္ခမန္တီ၊ ယံ ဝါ ပနေတ္ထ ပတ္တိန္နံ၊ တံ ဧကာဗဒ္ဓ မေဝ တိဋ္ဌတိ။

၁၃၂၅-ခုနှစ် မန္တာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ [ပါ။ ၃။ ပါ၊ သျှ။ ၁၈။]

---

၂ ။ ။ [ပါ။ ၂၃။ ပါ၊ သျှ။ ၇၇။]

---

၃ ။ ။ [ပါ။ ၂၇။ ပါ၊ သျှ။, ၈၉။]

---

၄ ။ ။ [ပါ။ ၁၀၄။ ပါ၊ သျှ။ ၁၈၃။]

---

၅ ။ ။ [ဋ္ဌ၊ ၁။ ၉၃။ ဋ္ဌ၊ သျှ၊ ၁။ ၃၂၁။ ဋ္ဌ၊ သျှ။ သစ်၊ ၂။ ၁၁၈။]

---

၆ ။ ။ [ဋ္ဌ၊ ၁။ ၁၃၂။ ဋ္ဌ၊ သျှ၊ ၁။ ၄၆၈။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၃၉၉။]

---

၇ ။ ။ [ဋ္ဌ၊ ၁။ ၁၅၀။ ဋ္ဌ၊ သျှ၊ ၂။ ၄၇။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၅၀၅။]

---

၈ ။ ။ [ဋ္ဌ၊ ၁။ ၂၀၃။ ဋ္ဌ၊ သျှ၊ ၂။ ၂၁၅။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၁၃၇။]

---

၉ ။ ။ [ဋ္ဌ၊ ၁။ ၂၅၈။ ဋ္ဌ၊ သျှ၊ ၂။ ၃၇၄။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၃၂၀။]

http://www.dhammadownload.com

၁၀။ ။ [ဋ္ဌ၊ ၁။ ၂၈၀၊ ဋ္ဌ၊ သျှ၊ ၂။ ၄၄၁။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၃၈၉။]

၁၃၂၅-ခုနှစ် မဟာစရိယတန်း
ပါဏဓိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) အဘိဝိညာပေသိတိ ပဝတ္တေသိ။

(ခ) ပဝတ္တနာပိ ဟိ ကာယဝိညတ္တိ စောပနတော ဝိညာပနာတိ ဝုစ္စတိ။

(ဂ) တိက္ခတ္တုံ အဘိဝိညာပနဏ္ဍေသ ဂဇ္ဇသဏ္ဌာန သန္နိဋ္ဌာနတ္ထ မကာသိတိ ဝေဒိတဗ္ဗော။

(ဃ) သာ တေန ဂဇ္ဇံဂဏ္ဌိ တိ သာ စ တေနေဝ အဇ္ဈာစာရေန ဂဇ္ဇံ ဂဏ္ဌိ၊ နံ အညထာ။

၁ ။ ။ (ခ) (ဃ) အမှတ်ပြု ဝါကျများကို အနက်မှန်မှန် သမ္မန်ခဲ့ပါ။

၂ ။ ။ (ဂ) အမှတ်ပြုဝါကျသို့ ပညတ် သာဘောဂစောဒနာ တက်ခဲ့ပါ။

၃ ။ ။ (က) (ခ) (ဂ) (ဃ) အမှတ်ပြုဝါကျများ၏ အမည်တို့ကို ခွဲခြား၍ ပြပါ။

၄ ။ ။ ဂဇ္ဇံ-ပုဒ်ကို ဝိဂြိုဟ်ဆို၍ ဉာသ်ကောက် ကောက်ခဲ့ပါ။ (ဃ-အမှတ်ပြု ဝါကျမှ)။

၅ ။ ။ (ခ) အမှတ်ပြုဝါကျကို ထောက်၍ အဘိဝိညာပေသိ-ဟူသော ကြိယာဌ် ဖြစ်သင့်သမျှ အနက်များနှင့် ဤအရာဌ် လိုအပ်သော အနက်ကို ရေးခဲ့ပါ။

၆ ။ ။ အညံ ပေတ္တိကံ အညံပိတာမဟန္တိ (ယံ ပန) တေ ပိတုစ ပိတာမဟာနဉ္စ သန္တကံ-ဌ အာဘောဂနှင့် သံဝဏ္ဏနာများကို ညွှန်ခဲ့ပါ (လက်သည်းကွင်းပါဠိဋ္ဌ ညွှန်ရန် မလို)။

၇ ။ ။ "သေတဋ္ဌီကာ" ဟူ၍ လည်းကောင်း, "သေတဋ္ဌီကာ" ဟူ၍ လည်းကောင်း ပါဌ်နှစ်ထွေရှိရာ "အဘယ်ပါဌ် မှန်သည်" ဟု သဒ္ဒယုတ္တိ, အတ္ထယုတ္တိပြု၍ ဆုံးဖြတ်ခဲ့ပါ။ (ဒုတိယကထာမှ)

http://www.dhammadownload.com

မနှစ်သက်ရာ ဌပနာ-နှင့်အညီ ယင်းစကားကို ဌပနာ ထားသည်။

တုံ, ထွံ- ၂-မျိုး ကျိုးပေးကြောင်းသာ ။ ။ ဤဝါကျကို ကသ္မာ-ဖြင့် သာရတ္ထဆရာ ကျမ်းတက်သည်။ ယင်း ကသ္မာ-နှင့် (အမေးနှင့် အဖြေ) ညီအောင် ဂဗ္ဘသဏ္ဌာနသန္ဓိဌာနတ္ထံ-ကို "အကြောင်း" ဟု ယူပါ။

ကျက် ။ ။ တုံ, ထွံ- ၂-မျိုး၊ အကျိုးမြန်မာ၊ နက်ပေးရာ၊ အကြောင်းသာ မှတ်လေ။ (သမ္မန္ဓစိန္တာဂဏ္ဌိသစ်၊ ၂၃၈။)

"အဘယ် အကျိုးငှာ ။ပ။ နည်း" ဟု စောဒနာ၍ "ကိုယ်ဝန်တည်ခြင်း၌ ဆုံးဖြတ်ခြင်းအကျိုးငှာ ။ပ။ ဟူလို" ဟု အဓိပ္ပာယ်ပြန်ပြီး တက်ရင်လဲ မှန်သည်ပင်။ သို့သော် သာရတ္ထနှင့်တော့ မညီ။

အချို့ စာမူတို့၌ "ဂဗ္ဘသဏ္ဌာနသန္ဓိဌာနံ" ဟု ရှိ၍ အချို့စာမူတို့၌ "ဂဗ္ဘသဏ္ဌာနသန္ဓိဌာနတ္ထံ" ဟု ရှိသည်။ ဤအဖြေ၌ကား ပုစ္ဆာမူရင်းအတိုင်း တင်ပြသည်။ ပုစ္ဆာ၌ (အထွက် မဟုတ်၍ ပညတ်-ဟူသော စကားလုံး မလိုပါ။]

---

၃ ။ ။ (က) (ခ) (ဂ) (ဃ) အမှတ်ပြ ဝါကျများ၏ အမည်

(က) အမှတ်ပြဝါကျသည် ပက္ခန္ဓရဝါကျ, (ခ) အမှတ်ပြဝါကျသည် ဒဋ္ဌီကရဏဝါကျ, (တစ်နည်း) ဝိတ္ထာရဝါကျ, (ဂ) အမှတ်ပြဝါကျသည် ဝါကျာရမ္ဘဝါကျ, (ဃ) အမှတ်ပြဝါကျသည် ပက္ခန္ဓရဝါကျ ဖြစ်ပါသည်။

မှတ်ချက် ။ ။ (ခ) အမှတ်ပြဝါကျ 'ဝိတ္ထာရဝါကျ' လည်း သင့်သည်။ အကြောင်းချဲ့ဟူလို။ သာရတ္ထ၌ ကထံ-ဖြင့် ကျမ်းတက်သည်ကိုလည်း ထောက်သည်။

---

၄ ။ ။ ဝိဂ္ဂဟနှင့် ဉာသ်ကောက်

ဂဗ္ဘတိ အတ္တဘာဝ ဘာဝေန ပဝတ္တတီတိ ဂဗ္ဘော (သာရတ္ထ)။

ယော ကလလာဒိအဝတ္ထဓမ္မပ္ပဗန္ဓော၊ အကြင်ကလလရေကြည်စသော အခိုက်အတန့်ရှိသော ဓမ္မပ္ပဗန္ဓသည်။ အတ္တဘာဝဘာဝေန၊ အတ္တဘော၏ အဖြစ်ဖြင့်။ ဂဗ္ဘတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ အတ္တဘော၏ အဖြစ်ဖြင့် ဖြစ်တတ်သော သတ္တိကြောင့်။ သော ကလလာဒိအဝတ္ထဓမ္မပ္ပဗန္ဓော၊ ထို ကလလရေကြည်စသော အခိုက်အတန့်ရှိသော ဓမ္မပ္ပဗန္ဓသည်။ ဂဗ္ဘော၊ ဂဗ္ဘ မည်၏။

http://www.dhammadownload.com

၈ ။ ။ ဂဇ္ဈသဏ္ဌာန-၌ ဂဇ္ဈ-၏ အရ အမိဝမ်ိဳးကို ယူသော် ဖြစ်သင့်သော ဥပစာနှင့် နည်းတို့ကို ညွှန်ပြပါ။

၉ ။ ။ ဘုရားရှင်၏ ပဌမဗောဓိ၌ အနှစ်နှစ်ဆယ်တို့ပတ်လုံး ရဟန်းတော်တို့သည် စိတ်ကို နှစ်သက်ကျေနပ်စေကုန်ပြီ၊ ဤသို့သဘောရှိသော လွန်ကျူးမှုကို မပြုကြကုန်-ဟူသော မြန်မာကို စုဏ္ဏိယပါဠိ စီကုံးခဲ့ပါ။

၁၀ ။ ။ ဂဇ္ဈ-၏ အရ ဗီဇက ဖြစ်လတ္တံ့ဖြစ်၍ အစဆုံး ဖြစ်သော ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်ကို ယူ၍ အာယတနောတရဏဟာရ ထုတ်ခဲ့ပါ။

၁၃၂၅-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ [ဋ္ဌ၊ ၁။ ၁၇၉။ ဋ္ဌ၊ သျှ၊ ၂။ ၁၄၁။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၄၇။]

---

၂ ။ ။ (ဂ) အမှတ်ပြဝါကျ သာဘောဂစောဒနာတက်

အရှင်အဋ္ဌကထာဆရာ အရှင်ဥပါလိမထေရ်သည် တိကွတ္တုံ မေထုန် ဓမ္မံ အဘိဝိညာပေသိ-ဖြင့် "အရှင်သုဒိန်သည် ၃-ကြိမ်တိုင်အောင် မေထုန်အကျင့်ကို ဖြစ်စေပြီ" ဟု မိန့်တော်မူ၏ (ဋ္ဌပနာ)။ အရှင်သုဒိန်သည် မေထုန်အကျင့်ဖြင့် အလိုမရှိသည် မဟုတ်ပါလော (အာဘောဂ)။ ယင်းသို့ အလိုမရှိပါဘဲလျက် အဘယ့်ကြောင့် ၃-ကြိမ်တိုင်အောင် မေထုန်အကျင့်ကို ဖြစ်စေပါသနည်း (စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား ။ ။ အရှင် သုဒိန်သည် မေထုန်အကျင့်ဖြင့် အလိုမရှိသော်လည်း ကိုယ်ဝန်တည်ခြင်း၌ ဆုံးဖြတ်လိုခြင်းကြောင့် ၃-ကြိမ်တိုင်အောင် (ကိုယ်ဝန်တည်မှု၌ စိတ်ချရအောင်, သေချာအောင်, နောက်တစ်ဖန် ထပ်မပြုရအောင် ၃-ခါတိတိ) မေထုန်အကျင့်ကို ဖြစ်စေ၏-ဟူလို။

[မနှစ်သက်ရာ ဋ္ဌပနာ ။ ။ တိကွတ္တုံ မေထုန် ဓမ္မံ အဘိဝိညာပေသိ (၃-ကြိမ်တိုင်အောင် မေထုန်အကျင့်ကို ဖြစ်စေပြီ) - ဟူသော စကား၌ စောဒကတို့ ဘဝင်မကျ မနှစ်မြို့ရာသောကြောင့် (ဂ) အမှတ်ပြဝါကျကို ကျမ်းဆရာ ရေးရကား

http://www.dhammadownload.com

ဂဇ္ဈတိ အတ္တဘာဝဘာဝေန ပဝတ္တတီတိ-ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ဂဇ္ဈော-ကား ကတ္တုသာဓနကိတ်ပုဒ်။ ဂဇ္ဈ-ဓာတ်, အ-ပစ္စည်း၊ ဂဇ္ဈ-ဓာတ်၏ အရကား ကလလရေကြည် စသော အခိုက်အတန့် ရှိသော ဓမ္မပုဗ္ဗင်္ဂ၏ ဥပါဒ် ရ၏။ အ-ပစ္စည်း၏ အရကား ဥပ္ပါဒဝန္တ ဖြစ်သော ကလလရေကြည်စသော အခိုက်အတန့်ရှိသော ဓမ္မပုဗ္ဗင်္ဂသည် အပဓာနအားဖြင့် ရ၏။ ဌာနူပစာသဒ္ဒါဖြစ်သောကြောင့် ထိုကိုမှီသော "ကိုယ်ဝန်သူယော်" ဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော သတ္တသန္တာန ပညတ်ဒြပ်သည် ပဓာနအားဖြင့် ရ၏။

(တစ်နည်း) ဂရတိ ဗဟိနိက္ခမနဝသေန သိဉ္စတီတိ ဂဇ္ဈော (မောဂ္ဂလာန်ဏာဒိဝတ္တိ၊ ၁၂၈)။

ယော ပသဝေါ၊ အကြင်ကိုယ်ဝန်သူငယ်သည်။ ဗဟိနိက္ခမနဝသေန၊ အပသို့ ထွက်သည်၏ အစွမ်းဖြင့်။ ဂရတိ သိဉ္စတိ၊ သွန်းလောင်းတတ်၏။ ဣတိတသ္မာ၊ ထိုသို့ အပသို့ ထွက်သည်၏ အစွမ်းဖြင့် သွန်းလောင်းတတ်သော သတ္တိကြောင့်။ သော ပသဝေါ၊ ထိုကိုယ်ဝန်သူငယ်သည်။ ဂဇ္ဈော၊ ဂဇ္ဈ မည်၏။

ဂရတိ ဗဟိနိက္ခမနဝသေန သိဉ္စတီတိ-ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ဂဇ္ဈော-ကား ကတ္တုသာသနမိတ်ပုဒ်။ ဂဇ္ဈ-ဓာတ်, အ-ပစ္စည်း။ ဂဇ္ဈ-ဓာတ်၏ အရကား ပဋိသန္ဓေဝိပါက်, ကမ္မဇရုပ်ဟူသော ရုပ်, နာမ် ခန္ဓာတို့၏ ဥပါဒ်သည် မုချအားဖြင့် ရ၏။ ပကတူပနိဿယသတ္တိ ရှိသော အဝိဇ္ဇာ, တဏှာ, ကံ, ကိလေသာတို့သည် ဖလူပစာအားဖြင့် ရ၏။ အ-ပစ္စည်း၏ အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ကိုယ်ဝန်သူငယ် ရ၏။ [ဤဝိဂြိုဟ်အလို ဂဇ္ဈ-ကား မုချသဒ္ဒါ။]

---

၅ ။ ။ အဘိဝိညာပေသိ အနက်

အဘိဝိညာပေသိ-ဟူသော ကြိယာဌ် (၁) သိစေပြီ-ဟူသော အနက် (၂) ဖြစ်စေပြီ-ဟူသော အနက် ၂-နက် ဖြစ်သင့်ပါသည်။

ဤအရာဌ် လိုအပ်သော အနက်ကား ဖြစ်စေပြီ-ဟူသော အနက် ဖြစ်ပါသည်။

---

၆ ။ ။ အာဟောဂ နှင့် သံဝဏ္ဏနာ

တေ (၄၊ ၁။ ၁၇၇) - ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် (ဣဒံ တေ-ဌ် ရှိသော)

http://www.dhammadownload.com

တေ-ကို အညဲ ပေတ္တိကံ၊ အညဲ ပိတာမဟံ-ဟူသော ၂-ဝါကျသို့လည်း လိုက်သမ္မန်ရမည်၏ အဖြစ်ကို, (တစ်နည်း) "အဘ, အဘိုး" ဟူသည် အခြားသူ၏ အဘ, အဘိုး မဟုတ်၊ သင်၏ အဘ, အဘိုး၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထ သဲဝဏ္ဏနာ။

ပိတု [ပုစ္ဆာမူရင်း၌ ပိတု-နောင် စ-ကျသည်။ ဋ္ဌ၊ ၁။ ၁၇၇။] သန္တကံ (ဒွန်၏ နောက်၌ ရှိသော သန္တကံ-ကို ဤ၌လည်း ယှဉ်။) - ဟူသော သဲဝဏ္ဏနာ ပါဠိဖြင့် ပေတ္တိကံ-ဟူသော သဲဝဏ္ဏေတဗ္ဗပုဒ်၌ ဏိက-ပစ္စည်း၏ သန္တက အနက်ဟောဇ၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသဲဝဏ္ဏနာ။ (တစ်နည်း) ပေတ္တိကံ-ဟူသော သဲဝဏ္ဏေတဗ္ဗပုဒ်ကို "ပိတုနော သန္တကံ ပေတ္တိကံ" ဟု သန္တကတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထ သဲဝဏ္ဏနာ။ ပိ-၏ အစိတ် ဏ္ဍ-ကို ဧ-ဝုဒ္ဓိ, တ-ကို ဒွေဘော်ပြု၍ "ပေတ္တိကံ" ဟု ပြီးသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသဲဝဏ္ဏနာ။

ပိတာမဟာနဉ္စ သန္တကံ-ဟူသော သဲဝဏ္ဏနာ့ပါဠိဖြင့် ပိတာမဟံ-ဟူသော သဲဝဏ္ဏေတဗ္ဗပုဒ်၌ ဏိက-ပစ္စည်း၏ သန္တက အနက်ဟောဇ၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသဲဝဏ္ဏနာ။ (တစ်နည်း) "ပိတာမဟာနံ သန္တကံ ပိတာမဟံ" ဟု သန္တကတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထ သဲဝဏ္ဏနာ။ "ပေတာမဟိကံ" ဟု ဆိုလိုလျက် ဏိက-ပစ္စည်းကို ချေ၍ ဏ္ဍ-ဧ-ဝုဒ္ဓိ မရောက်ဘဲ "ပိတာမဟံ" ဟု နေသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသဲဝဏ္ဏနာ။

---

၇ ။ ။ ပါဠိအဆုံးအဖြတ်

သေတဋ္ဌိကာ-၌ သေတ-ပုဒ်၊ အဋ္ဌိ-ပုဒ်၊ က-ပစ္စည်း။ ယင်း၌ အဋ္ဌိ-သဒ္ဒါသည် အရိုးဟော ဖြစ်၍ အသု-ဓာတ်, တိ-ပစ္စည်း (အဘိဓာန်ဋီကာ။ ၁၅၇)။ တိ-ပစ္စည်းကို ရိဋ္ဌ-ပြု, ရ-အနုဗန်နှင့် တကွ ဓာတွန် သ-ကိုချေ၍, (တစ်နည်း) အာ-ပုဗ္ဗ ဌာ-ဓာတ်, ဏ္ဍ-ပစ္စည်း (အဘိဓာန်ဋီကာ။ ၁၅၇)။ ဌာ-ဓာတ်ကို ဒွေဘော်, အာ-ကို ရဿပြု၍, (တစ်နည်း) အသု-ဓာတ်, ဏ္ဍ-ပစ္စည်း။ ဓာတွန် သ-ကို ဋ္ဌ-ပြု (အဘိဓာန်ဋီကာ။ ၂၇၈) ၍ "အဋ္ဌိ ဟု ပြီးသောကြောင့်လည်း ကောင်း (သဒ္ဒယုတ္တိ), ဝေရဉ္ဇာပုဏ္ဏား ဘုရားရှင်ကို တောင်းပန်ရာအခါ၌ ဝေရဉ္ဇာပြည်သည် ဖြူကုန်သော လူရိုးတို့ ရှိရာ ဖြစ်သောကြောင့် လည်းကောင်း

http://www.dhammadownload.com

(အတ္ထယုတ္တိ) သေတဋ္ဌိကာ-ဟူသော် ပါဌ် သင့်ပါသည်။

သေတဋ္ဌိကာ-ဌ် သေတာ-ပုဒ်၊ အဋ္ဌိ-ပုဒ်၊ က-ပစ္စည်း။ ယင်း၌ အဋ္ဌိ-သဒ္ဒါသည် အနာဟောဖြစ်၍ အဋ္ဌ-ဓာတ်, ဏ္ဍ-ပစ္စည်းဖြင့် "အဋ္ဌိ" ဟု ပြီးသော ကြောင့် လည်းကောင်း (သဒ္ဒယုတ္တိ), ဝေရဉ္ဇာပုဏ္ဏား ဘုရားရှင်ကို တောင်းပန်ရာ အခါ၌ ဝေရဉ္ဇာပြည်သည် ဖြူသော ကောက်နာရိရာ ဖြစ်သောကြောင့် လည်း ကောင်း (အတ္ထယုတ္တိ) သေတဋ္ဌိကာ-ဟူသော် ပါဌ်လည်း သင့်ပါသည်။

[အဘိဓာန် ဋီကာဆရာနှင့် သေတဋ္ဌိကာ ။ ။ သေတဝဏ္ဏကရဏဝသေန အဋ္ဌတိ ဟိ'သတီတိ သေတဋ္ဌိကာ၊ သာဝေ သေတဋ္ဌိကာ-ဟူသော အဘိဓာန် ဋီကာ (၄၅၄) အလို အဋ္ဌ-ဓာတ်ဖြင့် ပြီးရာ၌ပင် "သေတဋ္ဌိကာ" ဟု ရှိလိုသည်။ သို့သော် အဘိဓာန်ဋီကာဆရာသည် သာသနာတော်ကျမ်းသို့ မလိုက်ဘဲ ရေးထား ခြင်းသာ ဖြစ်၍ အဋ္ဌကထာပါဌ် ဆုံးဖြတ်ရာ၌ ထည့်သွင်း စဉ်းစားစရာ မလို။ ။ လောကီကျမ်းများကို အမှီပြု၍ ဋီကာဆရာ ရုပ်စီရင်ကြောင်းကိုလည်း ယင်း ဋီကာနိဿယ ဆရာ ကပင် မိန့်သည်။ စာကိုယ်နိဿယသစ် (အဘယာရာမ) ဆရာလည်း ဋီကာ ရုပ်စီရင်ပုံကို နှစ်သက်တော်မမူ။]

---

၈ ။ နည်း, ဥပစာ

ဂဇ္ဈသဏ္ဌာန-၌ ဂဇ္ဈ-သဒ္ဒါသည် ဌာနီဖြစ်သော ကိုယ်ဝန်သူငယ်၏ ဂဇ္ဈ-ဟူသော အမည်ကို ဌာနဖြစ်သော ဝမ်းတိုက်၌ တင်စား၍ ဌာနဖြစ်သော ဝမ်း တိုက်ကို "ဂဇ္ဈ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာနူပစာ မည်၏။

ဂဇ္ဈသဏ္ဌာန-၌ ဂဇ္ဈ-ဟူသောနည်းသည် ကိုယ်ဝန်သူငယ်တည်းဟူသော မကင်းတတ်သည်ကို ဆိုသဖြင့် ဝမ်းတိုက် တည်းဟူသော မကင်းရာကို ရသော ကြောင့် **အဝိနာဘာဝနည်း** မည်၏။

(ထောက် ။ ။ ဂဇ္ဈတိ အတ္ထဘာဝဘာဝေန ပဝတ္ထတီတိ ဂဇ္ဈော၊ ကလလာဒိ အဝတ္ထော ဓမ္မပွဗန္ဓော၊ တံနိဿိတတ္တာ ပန သတ္တသန္တာနော "ဂဇ္ဈော" တိ ဝုတ္တော၊ ယထာ "မဉ္စာဥက္ကုဋိံကရောန္တိ" တိ။ တံနိဿယဘာဝတော မာတုကုစ္ဆိ "ဂဇ္ဈော" တိ ဝေဒိတဗ္ဗော။ (သာရတ္ထ။ ၂။ ၁၄။)]

---

http://www.dhammadownload.com

၉ ။ ။ [၌၊ ၁။ ၁၇၉။]

၁၀ ။ ။ အာယတနောတရဏဟာရ နေတ္တိနည်း

ဂဇ္ဈ၏ အရဖြစ်သော မဟာဝိပါက်ဉာဏသမ္မယုတ်စိတ် ၄-ခုတို့တွင် တစ်ခုခု, စေတသိက် တေတ္တိ်သ (ပဌမဒွေကိုရည်), သို့မဟုတ် စေတသိက် ဗာတ္တိ်သ (တတိယဒွေကိုရည်), အဝိနိဗ္ဘောဂရုပ် ၈-ခု, ဇီဝိတရုပ်, ကာယပသာဒ, ပုမ္ဘာဝ, ဟဒယဝတ္ထု-ဟု ဆိုအပ်သော ကမ္မဇရုပ်၌ဒသဝိဒသတို့တွင် ကာယပသာဒသည် ကာယာယတန မည်၏။ ဝဏ္ဏ-ဟု ဆိုအပ်သော ရူပါရုံသည် ရူပါယတန မည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။ ရသာရုံသည် ရသာယတန မည်၏။ ပထဝီ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။ မဟာဝိပါက်ဉာဏသမ္မယုတ်စိတ် ၄-ခုတို့တွင် တစ်ခုခုသည် မနာယတန မည်၏။ စေတသိက်တေတ္တိ်သ သို့မဟုတ် စေတသိက်ဗာတ္တိ်သ, အာပေါ, ပုမ္ဘာဝရုပ်-ဟု ဆိုအပ်သော ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, ဩဇာ-ဟု ဆိုအပ်သော အာဟာရရုပ်အားဖြင့် သုခုမရုပ် ၅-ခုသည် ဓမ္မာယတန မည်၏။ ဤသို့ အာယတနအားဖြင့် သွင်းခြင်းသည် အာယတနောတရဏဟာရ မည်၏-ဟူလို။

[ဂဇ္ဈ-အရကောက် ရှင်းချက် ။ ။ "ဝိပါက်နာမက္ခန္ဓာ" ဟု ဆိုသော်လည်း "အစဆုံးဖြစ်သော" ဟု ဆိုသောကြောင့် ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာသာ၊ ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာလည်း "ဗီဇက ဖြစ်လတ္တံ့ ဖြစ်၍" ဟု ဆိုသောကြောင့် မဟာဝိပါက်ဉာဏသမ္မယုတ်စိတ် ၄-ခုတို့တွင် တစ်ခုခုသော ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာသာ။ "ကဋတ္တာရုပ်" ဟုဆိုသော်လည်း "အစဆုံးဖြစ်သော" ဟု ဆိုသောကြောင့် ပဋိသန္ဓေခဏ၌ဖြစ်သော ကလာပ်အားဖြင့် ကာယ, ဘာဝ, ဝတ္ထုဒသကကလာပ် (ဂဇ္ဈသေယျကသတ္တာနံ ပန ကာယဘာဝ ဝတ္ထုဒသက သဓိကာနိ တီဏိ ဒသကာနိ ပါတုဘဝန္တိ) ၃-စည်း, ရုပ်အားဖြင့် (တူရာပေါင်း) ၁၂ ခုသာ ယူရတော့သည်။ ၁၂-ခု ယူရာ၌လည်း "မုချအားဖြင့် ဆိုသော သင်္ဂြိဟ်ဆရာ၏ နည်းသို့လိုက်၍ ယူထားသည်" ဟု သိပါ။]

http://www.dhammadownload.com

၁၃၂၆-ခုနှစ် မဟာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

. အောက်ပါ ပါဠိတော်များကို အနက်ပေးပြပါ။

၁ ။ ။ အပဂတ္တော ဘဝံ ဂေါတမောတိ။ အတ္ထိ ခွေသ ဗြာဟ္မဏ ပရိယာယော၊ ယေန မံ ပရိယာယေန သမ္မာ ဝဒမာနော ဝဒေယျ "အပဂတ္တော သမဏော ဂေါတမော" တိ။

၂ ။ ။ အထ ခေါ ဘဂဝါ နိဝါသေတွာ ပတ္တစီဝရမာဒါယ အာယသ္မတော အာနန္ဒေန ပစ္ဆာသမဏေန ယေန ဝေရဉ္ဇာ ဗြာဟ္မဏသ္သ နိဝေသနံ တေနုပသင်္ကမိ။

၃ ။ ။ "အတ္ထိ နာမ တာတ သုဒိန္န အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဉ္ဇိဿသိ၊ နနု နာမ တာတ သုဒိန္န သကံ ဂေဟံ ဂန္တွဗ္ဗ" န္တိ။

၄ ။ ။ ကိဿ တွံ အာဝုသော ဗန္ဓော နိယျာသီတိ။ တေသံ ဘန္တေ ဒါရူနံ ကိစ္စာတိ။ ဂစ္ဆာဝုသော အဟံပိ အာဂစ္ဆာမီတိ။ ဃျာသိ ဘန္တေ ပုရာဟံ ဟညာမီတိ။

အောက်ပါ အဋ္ဌကထာများကို အနက်ပေးပြပါ။

၅ ။ ။ အာရကာ ဟိ သော သဗ္ဗကိလေသေဟိ သုဝိဒူရဝိဒူရေ ဋ္ဌိတော၊ မဂ္ဂေန သဝါသနာနံ ကိလေသာနံ ဝိဒ္ဓံ သိတတ္တာတိ အာရကတ္တာ အရဟံ။

၆ ။ ။ ယာ ပန မဂ္ဂသ္သ အဘာဝိတတ္တာ ဥပ္ပဇ္ဇေယျ ဇေစတုပဉ္စ ဝေါကာရ ဘဝေသု ဇေစတုပဉ္စက္ခန္ဓပဋိသန္ဓိ ဇာတိ၊ သာ မဂ္ဂသ္သ ဘာဝိတတ္တာ အနုပ္ပါဒ ဓမ္မတံ အာပဒ္ဒေနေန ခီဏာ။

၇ ။ ။ အန္တ ရဘောဂိကာ နာမ ဒွိန္နံ ရာဇူနံ အန္တ ရာ ကတိပယဂါမသာမိကာ။

၈ ။ ။ အတီတေ ကိရ ပဉ္စသတာ မိဂလုဒ္ဒကာ မဟာတိဟိ ဒဏ္ဍဝါဂုရာဟိ အရညံ ပရိက္ခိပိတွာ ဟဋ္ဌတုဋ္ဌာ ဇေတောယေဝ ဟာဝဇီဝံ မိဂပက္ခိယာတကမ္မေန ဇီဝိကံ ကပ္ပေတွာ နိရယေ ဥပပန္နာ။

၉ ။ ။ တေ တတ္ထ ပစ္စိတွာ ပုဗ္ဗေ ကတေန ကေနစိဒေဝ ကုသလကမ္မေန မနုဿေသု ဥပပန္နာ။

http://www.dhammadownload.com

၁၀ ။ ။ ကလျာဏူပနိဿယဝသေန သဗ္ဗေပိ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇဉ္စ ဥပသမ္ပဒဉ္စ လဘိသု။

၁၃၂၆-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁ ။ ။ [ပါ။ ၄။ ပါ။ သျ။ ၂၂။]

---

၂ ။ ။ [ပါ။ ၁၁။ ပါ၊ သျ။ ၄၇။]

---

၃ ။ ။ [ပါ။ ၁၈။ ပါ။ သျ။ ၆၃ ။ ။ ၁၃၂၂-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၄ ။ ။ [ပါ။ ၅၃။ ပါ၊ သျ။ ၁၂၃။]

---

၅ ။ ။ [ဌ၊ ၁။ ၈၄။ ဌ၊ သျ၊ ၁၊ ၂၈၅။ ဌ၊ သျ၊ သစ်၊ ၂၊ ၅၃။]

---

၆ ။ ။ [ဌ၊ ၁။ ၁၃၇။ ဌ၊ သျ၊ ၁။ ၄၈၆။ ဌ၊ သျ၊ သစ်၊ ၂။ ၄၃၄။]

---

၇ ။ ။ [ဌ၊ ၁။ ၂၆၈။ ဌ၊ သျ၊ ၂။ ၄၀၇။ ဌ၊ သျ၊ သစ်၊ ၃။ ၃၅၅။]

---

၈ ။ ။ [ဌ၊ ၂၊ ၄။ ဌ၊ သျ၊ ၃။ ၁၃၂။ ဌ၊ သျ၊ သစ်၊ ၄။ ၁၁။]

---

၉ ။ ။ [ဌ၊ ၂။ ၄။ ဌ၊ သျ၊ ၃။ ၁၃၂။ ဌ၊ သျ၊ သစ်၊ ၄။ ၁၁။]

၁၀။ ။ [ဌ၊ ၂။ ၄။ ဌ၊ သျ၊ ၃။ ၁၃၂။ ဌ၊ သျ၊ သစ်၊ ၄။ ၁၁။]

---

http://www.dhammadownload.com

၁၃၂၆-ခုနှစ် မွောစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) တတ္ထ သိယာ ကသ္မာ ပနေသ ပုဗ္ဗပဒေယေဝ ဝုတ္တော,နဉတ္တရပဒေ။

(ခ) ကိံ အကုသလေဟိ ဓမ္မေဟိ အဝိဝိစ္စာပိ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျာတိ၊

(ဂ) နခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ။

(ဃ) တံနိဿရဏတော ဟိ ပုဗ္ဗပဒေယေဝ ဧသ ဝုတ္တော။

(င) ကာမဓာတုသမတိက္ကမနတော ဟိ ကာမရာဂ ပဋိပက္ခတောစ ဣဒံ ဈာနံ ကာမာနမေဝ နိဿရဏံ။

(စ) ယထာဟ "ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မ" န္တိ။

၁ ။ ။ တတ္ထ သိယာ-ပါဠိကို သမ္ဗန်နှင့် ကတ္တားထည့်၍ ယထာဟ-ပါဠိ၌ ယထာ-ကို ပကာရဇောတကယူ၍ အနက်ယောဇနာခဲ့ပါ။

၂ ။ ။ (ခ) အမှတ်ပြဝါကျကို အာဘောဂပါရှိသော စောဒနာတက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃ ။ ။ (ခ) (ဂ) (ဃ) (င) (စ) အမှတ်ပြဝါကျတို့၏ ဝါကျအမည်များကို ခွဲခြားပြခဲ့ပါ။

၄ ။ ။ ကာမ-သဒ္ဒါကို ဝိဂ္ဂဟပြု၍ ဥာသ်နည်းအရ ကောက်ပြခဲ့ပါ။

၅ ။ ။ ကသ္မာ-ပုဒ်၌ လိင်နှင့် ဝိဘတ်, ဒဋ္ဌဗ္ဗံ-ပုဒ်၌ ဓာတ်နှင့် ပစ္စည်းတို့ကို ဖော်ပြခဲ့ပါ။

၆ ။ ။ အာယာမာတိ အာဂစ္ဆံ ယာမ-၌ အာဘောဂနှင့် သံဝဏ္ဏနာကို ဖော်ပြပါ။

၇ ။ ။ တတာယံ (အာဘိဒေါသိကော), တဒါယံ (အာဘိဒေါသိကော)-၌ "မည်သည့် ပါဠိသာ သင့်လျော်သည်" ဟု ယုတ္တိပြ၍ ဖြေခဲ့ပါ (လက်သည်းကွင်းပြ မလို)။

၈ ။ ။ ဂိဇ္ဈကူဋေ ပဗ္ဗတေ-၌ ရသင့်သော နည်းနှင့် ဥပစာရကို ဖော်ပြပါ။

၉ ။ ။ ငါ့သားသည် မြတ်သော အကျင့်ကို ကျင့်၍ ကောင်းကင်၌ နေ၍

http://www.dhammadownload.com

ပရိနိဗ္ဗာန်စံခြင်း ဖြစ်ပါလော။ ငါတို့အားကား အမျိုးအနွယ်၏ မျိုးစေ့ဖြစ်သော သားတစ်ယောက် ပေးခဲ့ပါလော့။ ဤစကားကို စုဏ္ဍိယဗန္ဓ သီကုံးပြပါ။

၁၀ ။ ။ ဣဒံ ဈာနံ ကာမာနမေဝ နိဿရဏံ-၌ ဒေသနာဟာရ ထုတ်ပြပါ။

၁၃၂၆-ခုနှစ် မျှောစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဌကထာ အမှတ် (၂) အဖြေ

၁ ။ ။ တတ္ထ သိယာ-ပါဠ်အနက် ယောဇနာ ။ ။ တတ္ထ တသ္မိံ ဝစနေ၊ ထို ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော စကား၌။ (ကဿစိ၊ တစ်စုံတစ်ယောက်၏။ ပရိဝိတက္ကော၊ အကြံသည်။) သိယာ၊ ဖြစ်ရာ၏။ (သာရတ္ထ။)

(တစ်နည်း) တတ္ထ-တေသု ဝိဝိစ္စေဝကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိတိ ပဒေသု၊ ထို ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူကုန်သော ပုဒ်တို့၌။ (ကဿစိ၊ တစ်စုံတစ်ယောက်၏။ စောဒနာ၊ စေဒနာခြင်းသည်။) သိယာ၊ ဖြစ်ရာ၏။ (ဝိမတိ။)

(တစ်နည်း) တတ္ထ ဌာနေ၊ ထို ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော ဝါကျအရာ၌ (စောဒကဿ၊ စောဒကဆရာ၏။ စောဒနာ၊ စောဒနာခြင်းသည်။) သိယာ၊ ဖြစ်ရာ၏။ (နိယံ။)

ယထာဟ-ပါဠ် အနက်ယောဇနာ ။ ။ ယထာ-ယေန ပကာရေန၊ အကြင်အပြားအားဖြင့်။ (မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တထာတေန ပကာရေန၊ ထိုအပြားအားဖြင့်။ ပါဠိယမ္ပိ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လည်း။ မဟာထေရော၊ မဟာထေရ်သည်။) အာဟ၊ မိန့်တော်မူပြီ။

(တစ်နည်း) ယထာ-ယေန ပကာရေန၊ အကြင်အပြားအားဖြင့်။ (ဣဒံ ဈာနံ၊ ဤပဌမဈာန်သည်။ ကာမာနမေဝ၊ ကာမတို့၏သာလျှင်။ (ဝါ) ကာမတို့သည်သာလျှင်။ နိဿရဏံ၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းတည်း။ တထာ-တေန ပကာရေန၊ ထိုအပြားအားဖြင့်။ ပါဠိယမ္ပိ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လည်း။ မဟာထေရော၊ မဟာထေရ်သည်။) အာဟ၊ မိန့်တော်မူပြီ။ (သီလက္ခန် ဋီကာသစ်။)

http://www.dhammadownload.com

[တတ္ထသိယာ–သိစရာ ။ ။ တတ္ထာတိ "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ" တိ ယံ ဝုတ္တံ၊ တတ္ထ။ သိယာတိ ကဿစိ ဧဝံ ပရိဝိတက္ကော သိယာ၊ ဝတ္ဓမာနာကာရေန ကဒါစိ စောဒေယျ ဝါတိ အတ္ထော။ (သာရတ္ထ၊ ၁။ ၂၀၆။)

ဤသာရတ္ထနည်းကျ အပြည့်အစုံ ယောဇနာလိုသော်– (ဝိဝိစ္စေဝကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိတိ၊ "ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ" ဟူ၍။ ယံဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။) တတ္ထ–တသ္မိံ ဝစနေ၊ ထိုဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ–ဟူသော စကား၌။ (ကဿစိ၊ တစ်စုံတစ်ယောက်၏။ ဧဝံ၊ ဤသို့။ ပရိဝိတက္ကော၊ အကြံသည်။) သိယာ၊ ဖြစ်ရာ၏။ ။ ဤသို့ ရှေးနည်းအလို ယောဇနာ။

(တစ်နည်း) (ဝိဝိစ္စေဝ။ ပ။ ဟိတိ၊ ဟူ၍။ ယံဝစနံ၊ ကို။ ဝုတ္တံ၊ ၏။) တတ္ထ–တသ္မိံ ဝစနေ၊ ၌။ သိယာ၊ ရံခါ။ (ဧဝံ၊ ဤသို့ ဆိုအပ်လတ္တံ့သော အခြင်းအရာအားဖြင့်။ စောဒေယျ၊ စောဒနာငြားအံ့)။ ။ ဤသို့ နောက်နည်းအလို ယောဇနာ။

တတ္ထ သိယာတိ တတ္ထ ဝေရဉ္ဇာယန္တိ အာဒိသု ပဒေသု ကဿစိ စောဒနာ သိယာတိ အတ္ထော။ (ဝိမတိ၊ ၁။ ၄၁။ ။ ဂဏ္ဌိသစ်၊ ၂။ ၃၄၈–လည်းကြည့်)။

ကျက် ။ ။ ဧတ္ထ သိယာ၊ ရှိတုံပါမူ၊ ကြိယာဝိသေသန၊ "သမ္မန္ဒ" ဟု၊ ကတ္တုသုံးပါး။ ထည့်ငြားမလွဲ၊ သမ္မန်မြဲ ။ ။ (ဘုရားကြီးနိယံ။ ၅၄။ ဤနိယံ၌ ဧတ္ထသိယာ–ဖြင့် တတ္ထ သိယာ–ကိုလည်း သင်္ကြိုဟ်အပ်၏။)

ဤနိယံအလို အပြည့်အစုံ ယောဇနာလိုသော်–တတ္ထဌာနေ။ ၌။ ဌတွာ၊ ရပ်၍။ စောဒကဿ၊ ၏။ စောဒနာ၊ သည်။ သိယာ၊ ၏။ ဤသို့ယောဇနာ။

ယထာဟ–ဝယ် သိမှတ်ဖွယ် ။ ။ ယထာဟာတိ ကိံအာဟ၊ မယာ ဝုတ္တဿ အတ္ထဿ သာဓကံ ကိံ အာဟာတိ ဝုတ္တံ ဟောတိ။ ယထာ ဝါ ယေန ပကာရေန မယာ ဝုတ္တံ၊ တထာ တေန ပကာရေနပါဠိယမ္ပိ အာဟာတိ အတ္ထော။ ယထာ ဝါ ယံ ဝစနံ ပါဠိယံ အာဟ၊ တထာ တေန ဝစနေန မယာ ဝုတ္တဝစနံ သံသန္ဒတိ စေဝ သမေတိ စ ယထာ တံ ဂဂ်ါဒကေန ယမုနောဒကန္တိပိ ဝတ္တဗ္ဗော ။ပ။ ယထာ ဝါ ယေန ပကာရေန ဓမ္မဝိနယသင်္ဂါယနတ္ထံ ဘိက္ခူနံ ဥဿာဟံ ဇနေသိ၊ တထာ·တေန ပကာရေန ပါဠိယမ္ပိ အာဟာတိ အတ္ထော။ ဧဝမီဒိသေသု။

http://www.dhammadownload.com

(သီလကွန်ဋီကာသစ်)။ ဤဋီကာသစ် ဖွင့်ပြသော အနက်ယောဇနာနည်း ၄-နည်းတို့တွင် အဖြေ၌ ယောဇနာခဲ့သည်ကား ဒုတိယနည်း, စတုတ္ထနည်း အလို ဖြစ်သည်။

ပဌမနည်းအလို ယောဇနာလိုသော် – (မယာ၊ ငါသည်။ ဝုတ္ထသ၊ ဆိုအပ်ပြီးသော။ အတ္ထသ၊ အနက်ကို။ ဝါ၊ အနက်၏။ သာဓက်၊ ပြီးစေတတ်သော။ ဝါ၊ သက်သေဖြစ်သော။) ယထာ-ကိ ဝစနံ၊ အဘယ်စကားကို (ကော၊ အဘယ် ပုဂ္ဂိုလ်သည်။) အာဟ၊ မိန့်တော် မူပြီးသနည်း။ ။ဤသို့ ယောဇနာ။

တတိယနည်းအလို ယောဇနာလိုသော် – ("ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မ" န္တိ၊ ကာမာနမေတံနိဿရဏံ ယဒိဒံ နေက္ခမ္မံ-ဟူသော။) ယထာယံဝစနံ၊ အကြင်စကားကို။ (ပါဠိယမ္မိ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၄၁၇) ၌လည်း။) (ကုတိဝုတ္ထကပါဠိ။ ၂၃၇-၌လည်း တွေ့ရသည်။) (မဟာထေရော၊ မဟာထေရ်သည်။) အာဟ၊ မိန့်တော်မူပြီ။ (တထာတေန ဝစနေန၊ ထိုပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ မိန့်တော်မူအပ်ပြီးသော စကားနှင့်။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်ပြီးသော။ ဝစနံ၊ စကားသည်။ ဂဂေါဒကံ၊ ဂင်္ဂါမြစ်ရေသည်။ ယမုနောဒကေန၊ ယမုနာမြစ်ရေနှင့်။ သံသန္ဒတိ စေဝ ယထာ၊ ရောနှောလည်း ရောနှောသကဲ့သို့။ သမေတိ စ ယထာ၊ ညီညွတ်လည်း ညီညွတ်သကဲ့သို့။ သံသန္ဒတိ စေဝ၊ ရောနှောလည်း ရောနှော၏။ သမေတိ စ၊ ညီညွတ်လည်း ညီညွတ်၏)။ ။ဤသို့ ယောဇနာ။

ကျက် ။ ။ **(၁) ယထာဟ-သာ၊ တွေ့လေရာဝယ်၊ ဟထာ-အနက်၊ "ကိံ" ဟု ဘက်၍၊ ရှေ့ဆက်ကို ထုတ်၊ မယာ ဝုတ္တ၊ အတ္ထသ-မှန်၊ သာဓက်-တည်း။ (၂) တစ်ဖန် "ယေန၊ ပကာရေန" ဟု၊ အဖွင့်ပြုကာ၊ မယာ ဝုတ္တံ၊ တထာ-ပြန်လျက်၊ ပါဠိယမ္မိ၊ အာဟ-သိလေ။ (၃) တစ်ထွေဖွင့်ဟန်၊ ယံဝစနံ-ဝယ်၊ ပါဠိယံ-မှာ၊ အာဟ-လာ၍၊ တထာတေန၊ ဝစနေန-နှင့်၊ မယာဝုတ္တံ၊ ဝစနံ-သည်။ သံသန္ဒတိ၊ "သမေတိ" ဟု၊ ထည့်၍ ယထာ၊ ဥပမာနှော၊ ဂင်္ဂါဒေန၊ ယမုနောဒ တည်း။ (၄) တစ်ဝရ့်လာ၊ ဝါကျတ္ထာကို၊ ထည့်ကာ ယေန၊"ပကာရေန" ဟု၊ အဖွင့်ပြုလျက်၊ ယထာ-နက်ယူ၊ ထို့တူ တစ်ဖန်၊ တထာ-ပြန်လျက်၊ ပါဠိယံ အာဟ၊ ၄-နည်းပြ၍၊ ဓန္ဒသီလက်၊**

http://www.dhammadownload.com

ဋီသစ်မြက်သည်၊ အနက်တွေ့ရှာ၊ ပေးဖို့တည်း။ (ပါရာဇိကဏ် ဘာသာဋီကာ)။

ယထာဟ-ပါဠိ အနက်ယောဇနာသော နည်းများကို စုံစုံလင်လင် သိလိုမူ-သီလက္ခန် ဋီကာသစ် (၁။ ၅၃), သီလက္ခန် အဋ္ဌကထာနိဿယသစ် (၁။ ၄၃), ဘုရားကြီးနိယ်အဖြေ (၆၉), ပါရာဇိကဏ်ဘာသာဋီကာ (၁။ ၅၂-၃) တို့၌ ကြည့်ပါ။ ဤဝါကျ - ဋ္ဌ။ ၁။ ၁၁၂။ ဋ္ဌ။ သျှ၊ ၁။ ၃၉၃။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၂၆၂-တို့၌ ရှိသည်။]

---

၂ ။ ။ (ခ) အမှတ်ပြဝါကျ အာဘောဂ ပါရှိသော စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) အမှတ်ပြဝါကျဖြင့် ဝိဝိစွေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ပုဒ်တို့၌ စောဒနာကိုပြဆိုတော်မူ၏ (၌ပနာ)။ စောဒနာသည် စောဒကာဘောဂနှင့် မကင်းကောင်းသည် မဟုတ် ပါလော (အာဘောဂ)။ ယင်းစောဒနာ၏ စောဒကာ ဘောဂကား အဘယ်ပါနည်း (စောဒနာ)။ ဤသို့စောဒနာဖွယ်ရှိ၍ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) အမှတ်ပြဝါကျကို မိန့်။

---

၃ ။ ။ (ခ) (ဂ) (ဃ) (င) (စ) အမှတ်ပြဝါကျတို့၏ အမည်

(ခ) အမှတ်ပြဝါကျသည် စောဒကာဘောဂဝါကျ (အဋ္ဌကထာ, ဋီကာသုံး), (တစ်နည်း) ပက္ခန္ဒရဝါကျ (ဂန္ထာဘရဏသုံး) ဖြစ်ပါသည်။

(ဂ) အမှတ်ပြဝါကျသည်ပရိဟာရဝါကျ, (တစ်နည်း) သောဓနာဝါကျ (အဋ္ဌကထာ၊ ဋီကာသုံး), (တစ်နည်း) ပက္ခန္ဒရဝါကျ (ဂန္ထာဘရဏသုံး) ဖြစ်ပါသည်။

(ဃ) အမှတ်ပြဝါကျသည် ယုတ္တိဒဋ္ဌကရဏဝါကျ (ပါရာဇိကဏ်ယောဇနာ), (တစ်နည်း) ကာရဏဝါကျ (အဋ္ဌသာလိနီယောဇနာ) ဖြစ်ပါသည်။

(င) အမှတ်ပြဝါကျသည် ယုတ္တိဒဋ္ဌကရဏဝါကျ (သာရတ္ထ), (တစ်နည်း) ဝိတ္ထာရဝါကျ (နိဿသစ်, ဂဏ္ဌီ), (တစ်နည်း) ဝါကျာရမ္ဘဝါကျ (အဋ္ဌသာလိနီနိဿျ) ဖြစ်ပါသည်။

(စ) အမှတ်ပြဝါကျသည် အာဂမဒဋ္ဌိကရဏဝါကျ, (တစ်နည်း) ဉာပကကာရဏဝါကျ ဖြစ်ပါသည်။

http://www.dhammadownload.com

[သိဖွယ် ။ ။ (ဃ) အမှတ်ပြဝါကျကိုယောဇနာက "ယုတ္တိဒဋ္ဌိကရဏ" ဟုဆိုသည်။ အဋ္ဌသာလိနီယောဇနာ, နိဿသစ်, အဋ္ဌသာလိနီနိဿ, ဂဏ္ဌိသစ် တို့က "ကာရဏ" ဟု ဆိုသည်။ နိဿ, ဂဏ္ဌိတို့က နှစ်မျိုးလုံး ဆိုသည်။

(င) အမှတ်ပြဝါကျကို သာရတ္ထ, နိဿ, ဂဏ္ဌိသစ်, အဋ္ဌသာလိနီဂဏ္ဌိ တို့က "ယုတ္တိဒဋ္ဌိကရဏ" ဟု ဆိုသည်။ နိဿသစ်က "ဝိတ္ထာရ" ဟု ဆိုသည်။ ဂဏ္ဌိက ၂-မျိုးလုံး ဆိုသည်။ အဋ္ဌသာလိနီနိဿက "ယုတ္တိဒဋ္ဌိကရဏ, ဝါကျာရမ္ဘ" ဟု ဆိုသည်။]

---

၄ ။ ။ ဝိဂ္ဂဟ နှင့် ဉာသ်ကောက်

ကိလေသကာမအဖို့၌ ဝိဂ္ဂဟနှင့် ဉာသ် ။ ။ ကာမေန္တီတိကာမာ (သာရတ္ထ၊ ၁။ ၃၅၅)။ ယေ ကိလေသကာမာ၊ အကြင်ကိလေသကာမတို့သည်။ ဝတ္ထုကာမံ၊ ဝတ္ထုကာမကို။ ကာမေန္တိ၊ အလိုရှိတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ဝတ္ထုကာမကို အလိုရှိတတ်သော သတ္တိကြောင့်။ တေ ကိလေသကာမာ၊ ထိုကိလေသကာမ တို့သည်။ ကာမာ၊ ကာမတို့မည်ကုန်၏။

ကာမေန္တီတိ-ကား ကတ္တုသာဓနကိတ်ဝိဂြိဟ်၊ ကာမာ-ကား ကတ္တု-သာဓနကိတ်ပုဒ်၊ ကမု-ဓာတ် ဏ-ပစ္စည်း၊ ကမု-ဓာတ်၏ အရကား ဝတ္ထုကာမ ကို အလိုရှိတတ်သော သတ္တိရ၏။ ဏ-ပစ္စည်း၏ အရကား သတ္တိမန္တ ဖြစ်သော ကိလေသာကာမတို့ ရ၏။

(တစ်နည်း) ကာမေန္တီ ဇတေဟီတိ ကာမာ (သာရတ္ထ၊ ၁။ ၃၅၅)။ ဇတေဟိ ကိလေသကာမေဟိ၊ ဤကိလေသကာမတို့ဖြင့်။ သမ္မယုတ္တဓမ္မာ။ သမ္မယုတ်တရားတို့သည်။ ဝတ္ထုကာမံ၊ ဝတ္ထုကာမကို။ ကာမေန္တိ၊ အလိုရှိတတ် ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ သမ္မယုတ်တရားတို့၏ ဝတ္ထုကာမကို အလို ရှိကြောင်းဖြစ်သော သတ္တိကြောင့်။ တေ ကိလေသကာမာ၊ ထိုကိလေသကာမ တို့သည်။ ကာမာ၊ ကာမတို့ မည်ကုန်၏။

ကာမေန္တီ ဇတေဟီတိ-ကား ကရဏသာဓနကိတ်ဝိဂြိဟ်၊ ကာမာ-ကား ကာရဏသာဓနကိတ်ပုဒ်။ ကမု-ဓာတ်, ဏ-ပစ္စည်း။ ကမု-ဓာတ်၏ အရ ကတ္တုဒ္ဒကြိယာကား ဝတ္ထုကာမကို အလိုရှိသော သမ္မယုတ္တဓမ္မတို့သည် မုချ အားဖြင့်ရ၏။ ကရဏတ္ထကြိယာကား ကိလေသကာမတို့၏ သဟဇာတာ-ဒိပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။ ဏ-ပစ္စည်း၏ အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ကိလေသကာမတို့ ရ၏။

http://www.dhammadownload.com

ဝတ္ထုကာမအဖို့၌ ဝိဂ္ဂဟနှင့်ဥာသ် ။ ။ ကာမီယန္တိ်တိကာမာ (သာရတ္ထ၊ ၁။ ၃၅၆)။ ယေ ဝတ္ထုကာမာ၊ အကြင်ဝတ္ထုကာမတို့ကို။ ကိလေသကာမေန၊ ကိလေသကာမသည်။ ကာမီယန္တိ်၊ အလိုရှိအပ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကိလေသကာမသည် အလိုရှိအပ်သော သတ္တိကြောင့်။ တေ ဝတ္ထုကာမာ၊ ထိုဝတ္ထုကာမတို့သည်။ ကာမာ၊ ကာမတို့ မည်ကုန်၏။

ကာမီယန္တိ်တိ-ကား ကမ္မသာဓနကိတ်ဝိဂြိုဟ်၊ ကာမာ-ကား ကမ္မသာဓန ကိတ်ပုဒ်။ ကမု-ဓာတ်, ဏ-ပစ္စည်း။ ကမုဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား ဝတ္ထုကာမတို့ကို အလိုရှိသော ကိလေသကာမသည် မုချအားဖြင့် ရ၏။ ကမ္မတ္ထ ကြိယာကား ဝတ္ထုကာမ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။ ဏ-ပစ္စည်း၏ အရကား ထိုမှချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ဝတ္ထုကာမတို့ ရ၏။

---

၅ ။ ။ လိင်္ဂါဒိဝိဘာဂ

ကသ္မာ-ကား အလိင်, ပဋမာဇကဝုစ် သိ-ဝိဘတ် ဖြစ်ပါသည်။ ဒဋ္ဌဗ္ဗ-ကား ဒိသ-ဓာတ်, တဗ္ဗ-ပစ္စည်း ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဒြပ်ကို မဟောဘဲ အမေးအနက်ကိုသာ ဟောရာ၌ ကသ္မာ-သည် နိပါတ်။ ထို့ကြောင့် အလိင် ခွဲသည်။

[သဗ္ဗနာမ် ကသ္မာ-နှင့် နိပါတ် ကသ္မာ ။ ။ ကသ္မာ-ကို သဗ္ဗနာမ်ခန်း (နာ။ ၁၀၈) ၌ လည်းကောင်း, နိပါတ်ခန်း (နာ။ ၁၃၅) ၌ လည်းကောင်း ရူပသိဒ္ဓိဆရာ ပြသည်။ အသတွဝါစက် နေပါတိက် ပဒံ (ရူပသိဒ္ဓိ၊ နာ။ ၁၃၂)-ကို ထောက်၍ "ဒြပ်ကို ဟောရာ၌ ကသ္မာ-ကို သဗ္ဗနာမ်, ဒြပ်ကို မဟောဘဲ အမေး (ကသ္မာ ဣတိ ကာရဏပုစ္ဆနေ။ ရူပသိဒ္ဓိ။ နာ။ ၁၃၅။ ကသ္မာ ဣတိ ကာရဏပုစ္ဆနတ္ထေ။ သဒ္ဒနီတိ သုတ္တမာလာ။ ၃၈၆) အနက်ကိုသာ ဟောရာ၌ နိပါတ်" ဟု ခွဲမှတ်။ ဤ၌ အမေးအနက်ကို ဟောသောကြောင့် သဗ္ဗနာမ် မဟုတ်, နိပါတ်သာ။ ယင်းကသ္မာ-ကို အဝိဘတ္တိယုတ္တနိပါတ်ခန်း၌ ပြသည့်အတွက် "ကသ္မာ-နောင် ဝိဘတ် သက်စရာ မလို" ဟု မမှတ်သင့်။ ဘာကြောင့်နည်း? ဝိဘတ္တျန္တံ ပဒံ-ဝိဘတ်ဆုံးမှ ပုဒ်အရာ ဝင်နိုင်သောကြောင့်တည်း။ သို့ဖြစ်၍ "အဝိဘတ္တိယုတ္တနိပါတ်များနောင် သိဝိဘတ်သက်ရသည်" ဟု မှတ်ပါ။ "အဝိဘတ္တိယုတ္တ" ဟုရာ၌လည်း ဝိဘတ် မသက်ရသောကြောင့် "အဝိဘတ္တိယုတ္တ" ဟု ဆိုသည် မဟုတ်, ဝိဘတ်နက် မထင်ရှားသောကြောင့်သာ "အဝိဘတ္တိယုတ္တ" ဟု

http://www.dhammadownload.com

ဆိုသည်။ ဤသို့ အဓိပ္ပာယ်ယူ။ ကိတ်, ပုဗ္ဗကာလေကကတ္တုကာနံ တုန တွာန တွာဝါ-သုတ်၌ ကာတုန-ဟူသော အဝိဘတ္တိယုတ္တနိပါတ်နောင် "'နိပါတတ္တာ သိလောပေါ" ဟု ရူပသိဒ္ဓိ ဖွင့်ထားသည်ကိုလည်း ထောက်။]

---

၆ ။ ။ အာဘောဂနှင့် သံဝဏ္ဏနာ

အာဂစ္ဆ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အာယာမ-ဟူသော သံဝဏ္ဏေ-တဗ္ဗပုဒ်၌ အာ-သဒ္ဒါ၏ အာဂစ္ဆ-သဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည် (သာရတ္ထ)။ ပရိယာယ် အဘိဓေယျတ္ထ သံဝဏ္ဏနာ။

[ထောက်] ။ ။ အာယာမာ (၌၊ ၁၊ ၁၆၄) တိဇတ္ထ အာ သဒ္ဒါ "အာဂစ္ဆာ" တိ ဣမိနာ သမာနတ္ထောတိ အာဟ "အာယာမာတိ အာဂစ္ဆယာမာ" တိ။ သာရတ္ထ၊ ၁။ ၄၅၆။]

(တစ်နည်း) အာဂစ္ဆ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အာယာမ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ အာ-ဥပသာရပုဒ်၏ အာဂစ္ဆအနက်ဟောဇ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ။

---

၇ ။ ။ ပါဠိအဆုံးအဖြတ်

တတာယံ-ကို "တတော+အယံ" ဟု ပဒစ္ဆေဒပြု, သရာ သရေ လောပ်-ဖြင့် သြ-ကို ဧ, ဒီဃ်-ဖြင့် အ-ကို အာဒီဃပြု၍ "တတာယံ" ဟု ပြီးသော ကြောင့် လည်းကောင်း၊ (ဂဏ္ဌိ ဆရာ၏ သဒ္ဒယုတ္တိ), တစ်ညဉ့် လွန်သော ဤမယောမုန့်ကို ထိုအဘ၏ အိမ်မှ အရှင်သုဒိန် ရအပ်သောကြောင့်လည်းကောင်း (အတ္ထယုတ္တိ) တတာယံ-ဟူသော ပါဠိသာ သင့်လျော်ပါသည်။

[သိဖွယ်] ။ ။ သာမည မေးသောကြောင့် သဒ္ဒယုတ္တိ, အတ္ထယုတ္တိ ၂-မျိုးလုံး ဖြေသည်။ တစ်မျိုးမျိုးဖြေရင်လဲ ပြီးနိုင်သည်သာ။ ယုတ္တိသည် ၂-မျိုး ရှိနေ၍ "သဒ္ဒယုတ္တိပြ၍, သို့မဟုတ် အတ္ထယုတ္တိပြ၍, သို့မဟုတ် (၁၃၂၅-ခုနှစ် ပုစ္ဆာကဲ့သို့) သဒ္ဒယုတ္တိ, အတ္ထယုတ္တိ ပြ၍" ဟု မိမိ လိုအပ်သလို ဝိသေသန မ, ပြီး မေးရင် ပိုကောင်းသည်။]

---

၈ ။ ။ နည်း, ဥပစာ

ဂိဏ္ဍ-ပုဒ်၌ ရသင့်သော နည်း, ဥပစာ ။ ။ ဂဏ္ဍကူဠေ ပဗ္ဗတေ-၌ ဂိဏ္ဍ-

http://www.dhammadownload.com

ဟူသော နည်းသည် အတူဖြစ်သော လင်းတ၏ ဂိဏ္ဍ ဟူသော အမည်ကို အတူရှိသော (တောင်၏) အထွတ်၌ တင်စား၍ အတူရှိသော အထွတ်ကို "ဂိဏ္ဍ" ဟု ခေါ်ဝေါ်ခြင်းကြောင့် အတင်ရုဠိနည်း မည်၏။

ဂိဏ္ဍကူဋေပမ္ဗတေ-၌ ဂိဏ္ဍ-သဒ္ဒါသည် အတူဖြစ်သော လင်းတ၏ ဂိဏ္ဍ ဟူသော အမည်ကို အတူရှိသော အထွတ်၌တင်စား၍ အတူရှိသော အထွတ်ကို "ဂိဏ္ဍ" ဟု ခေါ်ဝေါ်ခြင်းကြောင့် သဒိသူပစာ မည်၏။

ဂိဏ္ဍကူဋ-ပုဒ်၌ ရသင့်သော နည်း ။ ။ ဂိဏ္ဍကူဋေ ပမ္ဗတေ-၌ ဂိဏ္ဍကူဋ-ဟူသော နည်းသည် ("ဂိဏ္ဍသဒိသကူဋ" ဟု ဆိုအပ်လျက်) သဒိသ-ဟူသော အလယ်ပုဒ်ကို ချေသောကြောင့် ဝဏ္ဏလောပနိရုတ္တိနည်း မည်၏။

ပမ္ဗတ-၌ ရသင့်သော နည်း, ဥပစာ ။ ။ ဂိဏ္ဍကူဋေ ပမ္ဗတေ-၌ ပမ္ဗတ-ဟူသော နည်းသည် ဂိဏ္ဍကုဋ်တောင်, ဝေဘာရတောင်, ဝေပုလ္လတောင်, ဣသိဂိလိတောင်စသည်တို့နှင့် ဆက်ဆံသော်လည်း ဤအရာဝယ် ဝေဘာရတောင်, ဝေပုလ္လတောင်, ဣသိဂိလိတောင်စသည်တို့၌ မထင်, ဂိဏ္ဍကုဋ်တောင်၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် အထင်ရုဠိနည်း မည်၏။

ဂိဏ္ဍကူဋေ ပမ္ဗတေ-၌ ပမ္ဗတ-သဒ္ဒါသည် အပေါင်းဖြစ်သော ဂိဏ္ဍကုဋ်တောင်, ဝေဘာရတောင်, ဝေပုလ္လတောင်, ဣသိဂိလိတောင်စသည်တို့၏ ပမ္ဗတ-ဟူသော အမည်ကို အစိတ်ဖြစ်သော ဂိဏ္ဍကုဋ်တောင်၌ တင်စား၍ အစိတ်ဖြစ်သော ဂိဏ္ဍကုဋ်တောင်ကို "ပမ္ဗတ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသျုပစာ =သမုဒါယူပစာ မည်၏။

ဥပမာတဒ္ဓိတ် မဆင့်မှ သဒိသူပစာ ရသည် ။ ။ ဂိဏ္ဍသဒိသာနိ ဝါတသကုဋာနိ။ (၌၊ ၁။ ၂၄၈)။ ဂိဏ္ဍော ဝိယာတိ ဝါ ဂိဏ္ဍ၊ ကူဋ်။ တံ ဧတဿာတိ ဂိဏ္ဍကူဋော၊ ပမ္ဗတော။ ဂိဏ္ဍသဒိသကူဋောတိ ဂိဏ္ဍကူဋောတိ ဝါ မဏ္ဍေ ပဒလောပီသမာသော။ (သာရတ္ထ၊ ၂။ ၁၁၂)။ ။အဋ္ဌကထာ၌ သဒိသာနိ-ဖြင့် "ဂိဏ္ဍ-၏ သဒိသူပစာ၏ အဖြစ်ကို ပြသည်" ဟု ယူပါ။ သို့မှ ဥပစာ ရသည်။ သာရတ္ထ ဖွင့်နည်းအတိုင်း "သဒိသာနိ-ဖြင့် ဂိဏ္ဍ-၏ ဥပမာတဒ္ဓိတ်၏ အဖြစ်ကို ပြသည်" ဟု ယူသော် ဂိဏ္ဍ-၌ မုချပင်၊ ဥပစာမရ။ "ဥပမာတဒ္ဓိတ် မဆင့်မှ သဒိသူပစာ ရသည်။ ဆင့်သော် သဒိသူပစာ မရ, မုချ" ဟု ဆိုလိုသည်။ သရိက္ခက, သဒိသ-စသည်တို့ဖြင့် ဖွင့်ရာ၌လည်း နည်းတူ။

သဒိသူပစာ, ဧကဒေသျုပစာ တို့နှင့် တွဲသင့်သော ရုဠိ ။ ။ ဂိဏ္ဍ-၌ အတင်ရုဠိ, ပမ္ဗတ-၌ အထင်ရုဠိ။ ဤသို့ ရုဠိချင်း မတူကြ။ သဒိသူပစာ ရရာ၌

http://www.dhammadownload.com

အတင်ရုဋ္ဌီ, ဧကဒေသျူပစာ=သမုဒါယူပစာ ရရာ၌ အထင်ရုဋ္ဌီ ရသည်၊ "သဒိသူပစာနှင့် အတင်ရုဋ္ဌီ, ဧကဒေသျူပစာ=သမုဒါယူပစာနှင့် အထင်ရုဋ္ဌီ တွဲရသည်" ဟု ဆိုလိုသည်။ ထို့ကြောင့် **"ဧကဒေသျူ၊ အထင်ဟူ၊ ရုဋ္ဌူ များတတ်စွ။ သဒိသူကား၊ တင်ရုထား၊ မမှား မှတ်လေပါ"** ဟု မိန့်ကြသည်။ ["အတင်ရုဋ္ဌီ" ဟူသည် ဥပစာ ၁၀-ပါးပင် ဖြစ်၍ ဥပစာ ၁၀-ပါးလုံး၌ အတင်ရုဋ္ဌီနည်း ရသည် ချည်းသာ။ သို့သော်လည်း အခြားသောနည်းများ မရသော ဥပစာများ၌သာ အတင်ရုဋ္ဌီ နည်းကို သုံးရသည်။

ရုဋ္ဌီ ၃-မျိုးနှင့် အထူး ။ ။ ရုဋ္ဌီသည် အထင်ရုဋ္ဌီ, အတွင်ရုဋ္ဌီ, အတင်ရုဋ္ဌီ အားဖြင့် ၃-မျိုး ရှိ၏။ ထိုတွင်-

ဒြပ်တစ်ခုတည်း၌ သကတ်အများရှိ၏။ ထိုများစွာသော သကတ်တို့တွင် ထင်သော သကတ်ကို စွဲ၍ ပညတ်ခြင်းသည်လည်းကောင်း, တစ်ခုတည်းသော သကတ်သည် ဒြပ်အများနှင့် ဆက်ဆံ၏။ ထိုများစွာသော ဒြပ်တို့တွင် ထင်သော ဒြပ်ကို စွဲ၍ ပညတ်ခြင်းသည် လည်းကောင်း အထင်ရုဋ္ဌီ မည်၏။ ပြယုဂ်ကား ဂစ္ဆတီတိ ဂေါ-တည်း။ ဤပြယုဂ်၌ နွားဒြပ် တစ်ခုတည်း၌ စားခြင်းသကတ်, သွားခြင်းသကတ်, အိပ်ခြင်းသကတ် စသောအားဖြင့် သကတ်အများရှိ၏။ ထိုများစွာသော သကတ်တို့တွင် ထင်သော သွားခြင်းသကတ်ကို စွဲ၍ "ဂေါ" ဟု ပညတ်ခြင်းသည် လည်းကောင်း, တစ်ခုတည်းသော သွားခြင်းသကတ်သည် သွားတတ်သော သတ္တဝါ မှန်သမျှ ဒြပ်အများနှင့် ဆက်ဆံ၏။ ထိုများစွာသော ဒြပ်တို့တွင် ထင်သော နွားဒြပ်ကို စွဲ၍ "ဂေါ" ဟု ပညတ်ခြင်းသည် လည်း ကောင်း အထင်ရုဋ္ဌီ မည်၏။

တစ်စုံတစ်ခုသော ဒြပ်သည် သကတ်ကြောင့် နာမပညတ်ကို ရ၏။ ထိုသကတ်ကြောင့် ရသော နာမ ပညတ်သည် သကတ်ပျောက်သော်လည်း နာမ ပညတ် မပျောက်ခြင်းသည် (ဝါ) နာမပညတ် မပျောက်ဘဲ တွင်နေခြင်းသည် အတွင်ရုဋ္ဌီ မည်၏။ ပြယုဂ်ကား ရူပါဒီသု သတ္တာ ဝိသတ္တာတိ သတ္တာ-တည်း။ ဤပြယုဂ်၌ သဆန္ဒရာဂပုဂ္ဂိုလ်တို့သည် ရူပက္ခန္ဓာစသည်တို့၌ ငြိကပ်ခြင်း သကတ်ကြောင့် သတ္တ-ဟူသော နာမပညတ်ကို ရ၏။ ထိုသတ္တ-ဟူသော နာမပညတ်သည် နိစ္ဆန္ဒရာဂပုဂ္ဂိုလ်တို့၌လည်း ထိုရူပက္ခန္ဓာစသည်တို့၌ ငြိကပ် ခြင်းသကတ် ပျောက်ငြားသော်လည်း ထိုသကတ်ကြောင့် ရသော သတ္တ-ဟူ သော နာမပညတ် မပျောက်ခြင်းသည် (ဝါ) နာမပညတ် မပျောက်ဘဲ "သတ္တ" ဟူ၍ပင် အမည် တွင်နေခြင်းသည် အတွင်ရုဋ္ဌီမည်၏။

http://www.dhammadownload.com

တင်စား၍ ခေါ်ဝေါ်ခြင်းသည် အတင်ရုဋ္ဌီ မည်၏။ ပြယုဂ်ကား မဉ္ဇာ ဃောသန္တိ-တည်း။ ဤပြယုဂ်၌ ဌာနဖြစ်သော ညောင်စောင်းဒြပ်၏ မဉ္ဇ ဟူသော အမည်ကို ဌာနီဖြစ်သော လူဒြပ်၌ တင်စား၍ ဌာနီဖြစ်သော လူဒြပ်ကို "မဉ္ဇ" ဟု ခေါ်ဝေါ်ခြင်းသည် အတင်ရုဋ္ဌီ မည်၏။

ကျက် ။ ။ များပြားစွာလှ၊ သကတ္ထတွင်၊ ထင်သည့်သကတ်၊ စွဲပညတ်မူ။ မှတ်လော့ အထင်ရုဋ္ဌီတည်း။ (ဘုရားကြီး နိယံ။ ၁၁၈။)

သကတ်တစ်ခု၊ အစုများစွာ။ ဆက်ဆံပါလျက်၊ ထင်ရာ စွဲလည်း၊ အမြဲ ဤရုဋ္ဌီပင်တည်း။ (ဘုရားကြီးနိယံ။ ၁၁၉။)

သက္ကတ္ထကြောင့်၊ ရသောပညတ်၊ သကတ်ပျောက်လျက်၊ မည်မပျက်သည်၊ သက်သက် အတွင် ရုဋ္ဌီတည်း။ (ဘုရား ကြီး နိယံ။ ၁၂၀။)

မှာဖွယ် ။ ။ ရုဋ္ဌီ ၃-မျိုးကို ကျမ်းရင်းအနေဖြင့် ဝိသုဒ္ဓိမဂ်မဟာ ဋီကာ၌ တွေ့ရသည်။ ကြည့်လိုမူ ဝိသုဒ္ဓိမဂ်မဟာဋီကာ ပဌမအုပ်စာမျက်နှာ (၃၆၆), ယင်းနိသျ (မဟာစည်ဆရာတော်ရေး) ဒုတိယအုပ်စာမျက်နှာ (၃၃၁) ကို ကြည့်ပါ။

သတိပြုဖွယ် ။ ။ ဤမေးခွန်းသည် "ဂိဇ္ဈကူဋေ ပဗ္ဗတေ၌" ဟု သာမည ဆိုသော်လည်း သဒိသာနိ-ဟူသော အဖွင့်ကို ကြည့်ပြီး ဂိဇ္ဈ-ကို ရည်၍ မေးသော မေးခွန်းဖြစ်ဟန်ရှိသည်။ သို့သော်လည်း ရသင့်တိုင်း ဖြေလိုက်သည်။ ၁၃၂၇-ခုနှစ် ပုစ္ဆာကဲ့သို့ လိုအပ်သော ပုဒ်ကို အတိအကျ ဖော်မေးရင် အကောင်းဆုံး ဖြစ်သည်။ ဒီလို မဟုတ်လျှင် အဖြေ အမျိုးမျိုး ထွက်နေသောကြောင့် ဖြေရာမှာ ရော စစ်ရာမှာပါ အချိန်ကုန်လှသည်။ သတိပြုဖွယ်ပင်။]

---

၉ ။ ။ [ဌ၊ ၁။ ၁၇၈။]

---

၁၀ ။ ။ ဒေသနာဟာရ နေတ္တိနည်း

ဣဒံ ဈာနံ ကာမာနမေဝ နိဿရဏံ-၌ ကိလေသကာမသည် သာယာ တတ်သောကြောင့် အဿာဒ မည်၏။ ဝတ္ထုကာမသည် အာဒီနဝ မည်၏။ ပဌမ

http://www.dhammadownload.com

ဈာန်သည် နိဿရဏ မည်၏။ ဈာန်ချမ်းသာကို ခံစားခြင်းစသော ပစ္စုပ္ပန် အကျိုး, ဘဝသမ္ပတ္တိ စသော သံသရာအကျိုးသည် ဖလ မည်၏။ ဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း, ယောနိသောမနသိကာရစသော အကြောင်းသည် ဥပါယ မည်၏။ "ဆိုအပ်ခဲ့ပြီးသော အကျိုးကို အလိုရှိကုန်သော သူတို့သည် ဈာန်ကို ရအောင် အားထုတ်ကြကုန်" ဟု မဆိုသော်လည်း ဆိုသကဲ့သို့ ဖြစ်ခြင်း သည် အာဏတ္ထိ မည်၏။ ဤသို့ ဒေသနာဟာရ မည်သော သံဝဏ္ဏနာ ဝိသေသ သည် အဿာဒစသည်ကို ဖွင့်ပြတတ်၏။ ထို အဿာဒစသည်တို့တွင် အာဒီ နဝေါ ဖလဉ္စ ဒုက္ခံ-ဟူသောပါဠိနှင့်အညီ အာဒီနဝသည် လည်းကောင်း, ဖလ သည် လည်းကောင်း ဒုက္ခသစ္စာ မည်၏။ အဿာဒေါ သမုဒယော-ဟူသော ပါဠိနှင့်အညီ အဿာဒသည် သမုဒယသစ္စာ မည်၏။ နိဿရဏံ နိရောဓော-ဟူသော ပါဠိနှင့်အညီ နိဿရဏသည် နိရောဓသစ္စာ မည်၏။ ဥပါယော အာဏတ္ထိ စ မဂ္ဂေါ-ဟူသော ပါဠိနှင့်အညီ ဥပါယသည်လည်းကောင်း၊ အာဏတ္ထိသည် လည်းကောင်း မဂ္ဂသစ္စာ မည်၏။ ဤသို့ ဣဒံ ဈာနံ ကာမာန မေဝ နိဿရဏံ-ဟူသော သုတ်ပုဒ်ဒေသနာတော်သည် သစ္စာ ၄-ပါး:ကို ဟောကြားတတ်၏။ ဤသို့လျှင် ဣဒံ ဈာနံ ကာမာနမေဝ နိဿရဏံ-ဟူသော ဒေသနာတော်သည် အဿာဒ စသည်ကို ဖွင့်ပြလျက် သစ္စာ ၄-ပါး:ကို ဟော ကြားတတ်သောကြောင့် ဒေသနာဟာရ မည်၏-ဟူလိုသော်။

၁၃၂၇-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠို, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁ ။ ။ အနုပုဗ္ဗေန စာရိကံ စရမာနော ယေန ဝေသာလီ၊ တဒဝသရိ-ဟူသော ပါဠိတော်ကို ယေန-ပုဒ်, တံပုဒ်တို့၌ ကရိဏ်းအနက်ကိုယူ၍ ယောဇနာ ခဲ့ပါ။

၂ ။ ။ အသောသုံ ခေါ အာယသ္မာတော သုဒိန္နသ ဉာတကာ "သုဒိန္နော ကိရ ကလန္ဒပုတ္တော ဝေသာလိံ အနုပတ္တော" တိ-ဟူသော ပါဠိတော်ကို အနက် အားဖြင့် အာကာရကို သွင်း၍ ယောဇနာခဲ့ပါ။

၃ ။ ။ ဘိက္ခု ဘိက္ခဲ့ အာဏာပေတိ "ဣတ္ထန္နာမဿ ပါဝဒ၊ ဣတ္ထန္နာမော ဣတ္ထန္နာမဿ ပါဝဒတု၊ ဣတ္ထန္နာမော ဣတ္ထန္နာမံ ဘဏ္ဍံ အဝဟာရတ္ထု" တိ-ဟူ

http://www.dhammadownload.com

သော ပါဠိတော်ကို အနက်အားဖြင့် အာကာရကို ထုတ်၍ ယောဇနာခဲ့ပါ။

၄ ။ ။ အထ ခေါ ဘဂဝါ သမ္မဟုလေဟိ ဘိက္ခူဟိ သဒ္ဓိံ သေနာသန စာရိကံအာဟိဏ္ဍန္တော အဒ္ဒသ သန္ထတာနိ တဟံ တဟံ ဥဇ္ဇိတာနိ-ဟူသော ပါဠိတော်ကို ပါဌာနသာရီအားဖြင့် ယောဇနာခဲ့ပါ။

၅ ။ ။ သမဏာ မယံ မဟာရာဇ၊ ဓမ္မရာဇဿ သာဝကာ။

တဝေဝ အနုကမ္ပာယ၊ ဇမ္မုဒီပါ ဣဓာဂတာ-

ဟူသော အဋ္ဌကထာပါဠိကို ယောဇနာခဲ့ပါ။

၆ ။ ။ ယထာ အညေပိ ဒေဝါ သုဏန္တိ၊ တထာ နိစ္ဆာရေသုံ-ဟူသော အဋ္ဌကထာပါဠိကို ယထာ, တထာ-သဒ္ဒါတို့၏ အနက်ကို မှန်ကန်စေလျက် ယောဇနာခဲ့ပါ။

၇ ။ ။ အထ ခေါ အယမေဝ သမာဓိတိ ဝတ္တဗ္ဗတံ အရဟတိ၊ ဝိတက္ကဝိစာရက္ခောဘဝိရဟေန အတိဝိယ အစလတ္တာ, သုပ္ပသန္နတ္တာစ-ဟူသော အဋ္ဌကထာပါဠိကို ကြောင်း, ကျိုး ပြန်လှန်၍ ယောဇနာခဲ့ပါ။

၈ ။ ။ တသ္မာတိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ "သာတသဟဂတာ စ မေ ကာယဂတာသတိ နဝိဇဟိဿတီ" တိ-ဟူသော အဋ္ဌကထာပါဠိကို အာကာရသွင်း၍ ယောဇနာခဲ့ပါ။

၉ ။ ။ ဘုမ္မဒေဝတံ အာဒိံ ကတွာ ယာဝ အကနိဋ္ဌဒေဝတာယ သန္တိကေ ပစ္စက္ခာတာပိ အပ္ပစ္စက္ခာတာဝ ဟောတိ-ဟူသောပါဠိကို အပစ္စက္ခာတာ-၌ သဒ္ဒတ္ထကို ထင်စေ၍ ယောဇနာခဲ့ပါ။

၁၀ ။ ။ ယံ ကဒလိနာဠိကေရာဒီနံ တတ္ထဇာတကဖလာနိ အာမသန္တဿ ဒုက္ကဋံ ဝုတ္တံ၊ ဣဒံ ဒုရူပစိဏ္ဍဒုက္ကဋံ နာမ-ဟူသော ပါဠိကို ကတ္တားထည့်၍ ယောဇနာခဲ့ပါ။

၁၃၂၇-ခုနှစ် မွောစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ [သျ ရှေ့နည်း အတိုင်း ယောဇနာ။ ။ ပါ။ ၁၂။ ပါ။ သျ။ ၅၁။]

---

http://www.dhammadownload.com

၂ ။ ။ [သျှ အတိုင်း ယောဇနာ ။ ။ ပါ။ ၁၇။ ပါ၊ သျှ။ ၆၁။]

---

၃ ။ ။ အနက်အားဖြင့် အာကာရထုတ်၍ ယောဇနာ

ဘိက္ခု၊ ရဟန်းသည်။ ဘိက္ခု၊ ကို။ အာဏာပေတိ၊ စေခိုင်းအံ့။ (ကိ်၊ အဘယ်သို့။ အာဏာပေတိ၊ စေခိုင်းအံ့နည်း။) ဣတ္ထန္နာမဿ၊ ဤအမည်ရှိသော ရဟန်းအား။ ပါဝဒ၊ အဆင့် ဆိုချေ။ (ကိ်၊ သို့။ ပါဝဒ၊ အဆင့် ဆိုချေအံ့နည်း။) ဣတ္ထန္နာမော၊ ဤအမည်ရှိသော ရဟန်းသည်။ ဣတ္ထန္နာမဿ၊ ဤအမည်ရှိသော ရဟန်းအား။ ပါဝဒတု၊ ဆင့်၍ ဆိုပစေလော။ (ကိ်၊ သို့။ ပါဝဒတု၊ ဆင့်၍ ဆိုပစေအံ့နည်း။) ဣတ္ထန္နာမော၊ ဤအမည်ရှိသော ရဟန်းသည်။ ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။ ဘဏ္ဍံ၊ ကို။ အဝဟရတု၊ ခိုးပစေလော။ (ဣတိ၊ သို့။ ပါဝဒတု၊ ဆင့်၍ ဆိုပစေအံ့သတည်း။ ဣတိ၊ သို့။ ပါဝဒ၊ အဆင့်ဆိုစေအံ့ သတည်း။) ဣတိ၊ သို့။ (အာဏာပေဟိ၊ စေခိုင်းအံ့သတည်း။) [ပါ။ ၆၆။ ပါ၊ သျှ၊ ၁၄၁ ။ ။ ဋ္ဌ၊ ၁။ ၃၂၄၊ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၅၀၅-လည်း ကြည့်။]

---

၄ ။ ။ [ပါ။ ၃၃၈။ ဖွဲ့။ သျှ။ ၃၇၄။]

---

၅ ။ [ဋ္ဌ၊ ၁၊ ၅၅။ ဋ္ဌ၊ သျှ၊ ၁။ ၁၈၇။ ဋ္ဌ၊ သျှ၊ သစ်။ ၄၀၆။]

---

၆ ။ [(၇) နံပါတ်ရှိ ပါဠိကို ကျော် မေးထားသည်။ ။ ဋ္ဌ၊ ၁။ ၁၈၁။ ဋ္ဌ၊ သျှ၊ ၂။ ၁၄၆။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၅၂။]

---

၇ ။ ။ [ဋ္ဌ၊ သျှ၊ သစ်၊ အတိုင်း ယောဇနာ ။ ။ ဋ္ဌ၊ ၁။ ၁၁၉။ ဋ္ဌ၊ သျှ၊ ၁။ ၄၁၅။ ဋ္ဌ၊ သျှ၊ ၂။ ၃၁၁။ ။ ၁၃၂၇-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၈ ။ ။ အာကာရသွင်း၍ ယောဇနာ

ကဿပ၊ ကဿပ။ (ခေါ်ပန်၊ စင်စစ်။ ယသ္မာ၊ အကြောင်းကြောင့်။ အဟံ၊ ငါသည်။ ဇာနညော-ဇာနန္တော ဇဝ၊ သိသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ "ဇာနာမိ" တိ၊ "သိ၏" ဟူ၍။ ဝဒါမိ၊ ဆို၏။ ပဿညော-ပဿန္တော ဇဝ၊

http://www.dhammadownload.com

မြင်သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ "ပဿာမိ" တိ၊ "မြင်၏" ဟူ၍။ ဝဒါမိ၊ ဆို၏။) (အနိယမထည့်) တသွာ၊ ထို့ကြောင့်။ ဣဟ-ဣမသ္မိံသာသနေ၊ ဤငါဘုရား၏ သာသနာတော်၌။ တေ၊ သင်သည်။ မေ၊ ငါ့အား။ သာတသဟဂတာ၊ အသုဘ-အာနာပါနဒ္ဓ ပဌမစျာန်၏ အစွမ်းအားဖြင့် သုခနှင့် တကွဖြစ်သော။ ကာယဂတာသတိ၊ ကိုယ်ကို အာရုံပြု၍ဖြစ်သော သတိသည်။ န ဝိဇဟိဿတိ၊ မစွန့်လတ္တံ့။ ဣတိ ဧဝံ၊ ဤသို့။ သိက္ခီတဗ္ဗံ၊ ကျင့်ရာ၏။ [သာမည မေးခြင်း ဖြစ်၍ ပါဠိအားဖြင့် အာကာရကို သွင်း၍လည်း ယောဇနာနိုင်သည် ။ ။ ဋ္ဌ၊ ၁။ ၂၀၇။ ဋ္ဌ၊ သျ၊ ၂။ ၂၂၆။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၁၅၁။]

---

၉ ။ ။ ["အပ္ပစ္စက္ခာတာဝ၊ ပယ်အပ်သည် မဟုတ်သည်သာလျှင်" ဟု သဒ္ဒတ္ထယောဇနာ။ ကြွင်း သျ အတိုင်း။ ။ ဋ္ဌ၊ ၁။ ၂၂၀။ ဋ္ဌ၊ သျ၊ ၂။ ၂၆၅။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၁၉၅၊]

---

၁၀ ။ ။ ["ဘဂဝတာ" ဟု ကတ္တားထည့်။ ။ ဋ္ဌ။ ၁။ ၂၇၁။ ဋ္ဌ၊ သျ၊ ၂။ ၄၁၅၊ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၃၆၄။]

၁၃၂၇-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ဣဒါနိ ယံတံ အညမ္မိ ဝတ္ထုံ ဥပ္ပန္နံ၊ တံ ဒသ္သေတုံ "တေန ခေါ ပန သမယေန" တိ အာဒိမာဟ။

(ခ) တတြာပိ အယမနုတ္တာနပဒဝဏ္ဏနာ။

(ဂ) ဝေသာလိကာတိ ဝေသာလိဝါသိနော။

(ဃ) ဝဇ္ဇိပုတ္တကာတိ ဝဇ္ဇိရဋ္ဌေ ဝေသာလိယံ ကုလာနံ ပုတ္တာ။

(င) သာသနေ ကိရ ယော ယော ဥပဒ္ဒဝေါ အာဒိနဝေါ အဗ္ဘုဒမုပ္ပဇ္ဇိ။

(စ) သဗ္ဗံ တံ ဝဇ္ဇိပုတ္တကေ နိဿာယ။

၁ ။ ။ (က) အမှတ်ပြဝါကျကို အာဟ-၏ ကတ္တားကို ထည့်ပြီးလျှင် အာဓာရနှင့် အာဓာရကြီယာ ညီညွတ်စွာ ယောဇနာခဲ့ပါ။

http://www.dhammadownload.com

၂ ။ ။ (က) အမှတ်ပြဝါကျမှ (ခ) အမှတ်ပြဝါကျသို့ အဓိပ္ပာယ်ပြန်နှင့်တကွ ဗျတိရေကစောဒနာ တက်ခဲ့ပါ။

၃ ။ ။ (ဃ) (င) (စ) အမှတ်ပြဝါကျတို့၏ အမည်များကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

၄ ။ ။ ဝေသာလိကာ-ဟူသော ပုဒ်ကို ဝိဂ္ဂိဟ်ပြု၍ ဉာသ်နည်းအားဖြင့် အရကောက်ပြခဲ့ပါ။

၅ ။ ။ (ခ) အမှတ်ပြဝါကျဝယ် ဝဏ္ဏနာ-၌ လိင်, ဝိဘတ်, ဓာတ်, ပစ္စည်းများကို ပြပြီးလျှင် ထည့်သင့်သော ကြိယာကို ထည့်၍ပြခဲ့ပါ။

၆ ။ ။ (ဂ) အမှတ်ပြဝါကျ၌ အဌကထာဆရာ၏ အာဘော်နှင့် သံ - ဝဏ္ဏနာများကို ထုတ်ပြခဲ့ပါ။

၇ ။ ။ "သဗ္ဗန္တံ, သဗ္ဗံတံ" ဟူ၍ ပါဌ်နှစ်ထွေရှိခဲ့ရာ မည်သည့်ပါဌ်သင့်သည်ကို အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၈ ။ ။ ဝဇ္ဇိပုတ္တကာ-ဟူသော ပုဒ်ဝယ် ဝဇ္ဇိ-ပုဒ်၌ ရသင့်သော နည်း, ဥပစာများကို ထုတ်ပြခဲ့ပါ။

၉ ။ ။ ဒေဝဒတ်သည်လည်း ဝဇ္ဇိတိုင်းသားဖြစ်ကုန်သော အပင်းအသင်းတို့ကို ရ၍ သံဃာကို ခွဲခဲ့ပြီ၊ သည်သာမကသေး၊ ဝဇ္ဇိတိုင်းသားတို့သည်သာလျှင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု၍ အနှစ်တစ်ရာရောက်လတ်သော် ဓမ္မမဟုတ်သော ဝိနည်းမဟုတ်သော [ဥဒ္ဒမ္မံ, ဥဗ္ဗိနယံ-ပုဒ်တို့ကို ဝိသေသန ကြံခါ "သော" ဟု မြန်မာပြန်ပေးထားသည်ကား မကောင်း။] မြတ်စွာဘုရား၏ သာသနာတော်ကို ပြကြကုန်ပြီ-ဟူသော အဌကထာလာ အကြောင်းအရာကို စုဏ္ဍိယဗန္ဓ ဖွဲ့ပြခဲ့ပါ။

၁၀ ။ ။ အဗ္ဗုဒမုပွဇ္ဇိ-ဝယ် အဗ္ဗုဒ-၏ အရကို သြရုယှောရုယှအန္ဓယပဒ-ဌာနဟာရ ထုတ်ပြခဲ့ပါ။

၁၃၂၇-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဋိ, အဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ (က) အမှတ်ပြဝါကျ ယောဇနာ

ဣဒါနိ-ဣမသ္မိံ ကာလေ၊ ဤယခုအခါ၌။ အည်၊ မက္ကဋီ ဝတ္ထုမှတစ်ပါး

http://www.dhammadownload.com

သော။ ယန္တံ ဝတ္ထု၊ အကြင် ဝဇ္ဇိပုတ္တကဝတ္ထုသည်။ ဥပ္ပန္နံ၊ ဖြစ်ပြီ။ တမ္မိ ဝတ္ထုံ၊ ထိုဝဇ္ဇိပုတ္တက ဝတ္ထုကိုလည်း။ ဒဿေတုံ၊ ပြခြင်းငှာ။ တေန ခေါ ပန သမယေန တိအာဒိ၊ တေနခေါ ပန သမယေန-ဤသို့ အစရှိသော။ ဝစနံ၊ စကားကို။ (အာယသ္မာ ဥပါလိတ္ထေရော၊ အရှင်ဥပါလိမထေရ်သည်။) (ကတ္တား) အာဟ၊ လျှောက်၏။ (အာဟ-ကား ပစ္စုပ္ပန်) ။ ။ [ဋ္ဌ၊ ၁၊ ၁၉၄။ ဋ္ဌ၊ သျ၊ ၂။ ၁၉၂။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၁၀၉။]

မှတ်ချက် ။ ။ "သံဂိတိကာရော" ဟုလည်း ကတ္တား ထည့်နိုင်သည်။

[ကုဒါနိ အာဟ-အနက်ပေးနည်း ။ ။ ကုဒါနိ-နောက် အာဟ-တွေ့က ယင်း အာဟ-ကို ပစ္စုပ္ပန်ပေး။ အာဟ-သာ မဟုတ် အတိတ်ဟော ကြိယာ မှန်သမျှ ပစ္စုပ္ပန်ပေး။

ကျက် ။ ။ **ကုဒါနိ အာဟ၊ ရိုက ဧကန်၊ ပစ္စုပ္ပန်ကို၊ အမှန်အာဟ၊ ဟောလေမြဲ**။ (ဘုရားကြီး နိယ်။ ၂၇။)

ကုဒါနိ-နောက်၊ တိတ်ဟောရောက်၊ ဟောမြောက်ပစ္စုပ္ပန်။ (ရွှေရေးဆောင် နိယ်။ ၃၆၉။)]

---

၂ ။ ။ **(ခ) အမှတ်ပြဝါကျ ဗျတိရေကစောဒနာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) အမှတ်ပြဝါကျဖြင့် "မက္ကဋီ ဝတ္ထုမှ အခြားတစ်မျိုးဖြစ်သော ဝဇ္ဇိပုတ္တက ဝတ္ထုကို ပြခြင်းငှာ တေန ခေါ ပန သမယေန-အစရှိသောစကားကို အရှင်ဥပါလိမထေရ်သည် လျှောက်၏" ဟု ဆို၏။ (ဋ္ဌပနာ)။ "မက္ကဋီဝတ္ထုမှ တခြားတစ်မျိုး ဖြစ်သော ဝဇ္ဇိပုတ္တကဝတ္ထုကို ပြခြင်းငှာ တေန ခေါ ပန သမယေန-အစရှိသော စကားကို အရှင် ဥပါလိ မထေရ်သည် လျှောက်၏" ဟု အကယ်၍ ဆရာ ဆိုသည်ဖြစ်အံ့၊ ယင်းသို့ ဖြစ်သည်ရှိသော် ထိုစကားရပ်၌ ပေါ်လွင် ထင်ရှားသော ပုဒ်တို့ကိုလည်း ဖွင့်ခြင်း သည် ဖြစ်ရာ၏ (ဗျတိရေက)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား ။ ။ "မက္ကဋီဝတ္ထုမှ အခြားတစ်မျိုးဖြစ်သော ဝဇ္ဇိပုတ္တက ဝတ္ထုကို ပြခြင်းငှာ တေန ခေါ ပန သမယေန-အစရှိသော စကားကို အရှင် ဥပါလိမထေရ်သည် လျှောက်၏" ဟု ဆိုသော်လည်း ပေါ်လွင် ထင်ရှားသော ပုဒ်တို့ကို မဖွင့်၊ မပေါ်လွင် မထင်ရှားသောပုဒ်တို့ကိုသာ ဖွင့်ခြင်းဖြစ်၏- ဟူလို။

http://www.dhammadownload.com

[ဗျတိရေက စောဒနာ ။ ။ ယဒိ, စေ, သစေ-စသော သဒ္ဒါတို့ဖြင့် မှတ်အပ်သော (၀၀) ယင်းသဒ္ဒါ အမှတ်အသားပါသော စောဒနာသည် ဗျတိရေက စောဒနာမည်၏။ ဗျတိရေကာ ယဒျာဒိနာ။ (ဂန္ဓဘရဏ)။

"ယဒိ, စေ, သစေ" ဟု ဆိုသော်လည်း ယင်းသဒ္ဒါ သက်သက်မဟုတ်။ **ယဒိ,သစေ၊ တွေ့လရကား၊ ဧဝံသတိ၊ ဖော်ဖွယ်ရှိ၏**-နှင့်အညီ ယဒိ-စသော သဒ္ဒါတို့ နောက်၌ ယင်းသဒ္ဒါတို့နှင့် တွဲဘက်ဖြစ်သော (ယဒိ-စသည်နောက်၌ ဆိုအပ်ပြီးသော စကားသည် ဧကဝုစ် ဖြစ်အံ့) ဧဝံ သတိ, (ဗဟုဝုစ် ဖြစ်အံ့) ဧဝံ သန္တေ သု-သဒ္ဒါ ထုတ်ဖော်ယှဉ်တွဲအပ်၏။ "ယဒိ သိယာ၊ ဧဝံ သတိ (အာပန္နတိ-စသည်)" ဟု လည်းကောင်း, "ယဒိ သိယုံ၊ ဧဝံ သန္တေ သု (အာပန္နတိ စသည်)" ဟု လည်းကောင်း ထုတ်ဖော် ယှဉ်တွဲ၍ စောဒနာအပ်၏-ဟူလို။

မြန်မာလို စောဒနာရာ၌ "အကယ်၍ ဖြစ်အံ့၊ ယင်းသို့ ဖြစ်သည်ရှိသော် (ဖြစ်ရာ၏ စသည်။)" ဟု လည်းကောင်း၊ "အကယ်၍ ဖြစ်ကုန်အံ့၊ ယင်းသို့ ဖြစ်ကုန်သည် ရှိသော် (ဖြစ်ရာ၏ စသည်)" ဟု လည်းကောင်း စောဒနာရသည်။ ဤသို့ လိုရင်း အကျဉ်းချုပ်ကို မှတ်သားအပ်၏။

ဗျတိရေကစောဒနာ ပြယုဂ် ။ ။ ဗျတိရေကစောဒနာ ပြယုဂ်ကို "ယဒိ ယာဝတာ ဣမသ္မိံ ကာယေ ဥပါဒိန္နကရူပံ နာမ အတ္ထိ။ သဗ္ဗတ္ထ ကာယာယတနံ ကပွါသပဒ္ဒလေ သေနဟော ဝိယ၊ ဧဝံ သန္တေ လက္ခဏ သမ္မိဿတာ အာပန္နတိ" ဟူ၍ လည်းကောင်း၊ "ယဒိ ဧဝံ နာ သဗ္ဗတ္ထ ကာယာယတနန္တိ" ဟူ၍ လည်းကောင်း ထုတ် ။ ။ "အဋ္ဌသာလိနီ အဋ္ဌကထာ။ ၃၄၉။ သျ၊ ၃။ ၂၀၃" ကြည့်။

ပုစ္ဆာထုတ် စည်းမျဉ်းဥပဒေအဖြေ၌ ထုတ်ပြသော ဗျတိရေကစောဒနာ၏ ပြယုဂ်သည် ဗျတိရေက စောဒနာ သက်သက်မဟုတ်, ဗျတိရေကနှင့် အယုတ္တ ရောသော ဗျတိရေကာယုတ္တ စောဒနာ ဖြစ်သည် (ယင်း၌ရှု။)]

---

၃ ။ ။ (ဃ) (င) (စ) အမှတ်ပြ ဝါကျတို့၏ အကြောင်းနှင့်တကွ အမည်

(ဃ) အမှတ်ပြဝါကျသည် ဝေသာလိကာ-ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ အဖွင့်သံဝဏ္ဏနာမှ တစ်ပါး ဝဇ္ဇိပုတ္တကာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့် သံဝဏ္ဏနာဟု ဆိုအပ်သော အဖို့တစ်ပါး:ကိုပြသောကြောင့် ပက္ခန္ဒရဝါကျ ဖြစ်ပါသည်။

(င) (စ) အမှတ်ပြနှစ်ဝါကျပေါင်းသည် (ဃ) အမှတ်ပြဝါကျကို ချဲ့ပြ

http://www.dhammadownload.com

သောကြောင့် ဝိတ္ထာရဝါကျ ဖြစ်ပါသည်။ ထိုတွင် (င) အမှတ်ပြ ဝါကျသည် အနိယမကို ပြသောကြောင့် အနိယမဝါကျ ဖြစ်ပါသည်။ (စ) အမှတ်ပြဝါကျ သည် နိယမကိုပြသောကြောင့် နိယမဝါကျ ဖြစ်ပါသည်။

[ကိရ-အမှတ်အသားနှင့် ဝါကျခွဲ ။ ။ ကိရ-ပါက "ချဲ့သည်" ဟု မှတ်ပါ၊ ယင်း ကိရ-ပါသော ဝါကျတွင် ဥပမာန, ဥပမေယျ-ပါက ယင်းဝါကျကို တပ္ပါကဋ္ဌိကရဏ, မပါက ဝိတ္ထာရဝါကျ ခွဲရသည်။]

---

၄ ။ ။ ဝိဂ္ဂဟ နှင့် ဉာသ်ကောက်

ဝေသာလီ နိဝါသော ဧတေသန္တိ ဝေသာလိကာ (သာရတ္ထ။ ဂဏ္ဌိ။ ဂဏ္ဌိသစ်)။ ဧတေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့အား။ ဝေသာလီ၊ ဝေသာလီပြည်ဟု ဆိုအပ်သော။ နိဝါသော၊ နေရာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုသို့ ဝေသာလီပြည်ဟု ဆိုအပ်သော နေရာရှိသည်၏ အဖြစ်ကြောင့်။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဝေသာလိကာ၊ ဝေသာလိကတို့ မည်ကုန်၏။

ဝေသာလီ နိဝါသော ဧတေသန္တိ-ကား ဧတေသံ နိဝါသ တဒ္ဓိတ်ဝိဂြိဟ်၊ ဝေသာလိကာ-ကား ဧတေသံ နိဝါသတဒ္ဓိတ်ပုဒ်။ ဝေသာလီ ပုဒ်, ဏိက-ပစ္စည်း။ ဤ ဝေသာလိကာ-ဟူသော ဧတေသံ နိဝါသတဒ္ဓိတ်၌ ဝေသာလီ-ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား ဝေသာလီပြည်ဟု ဆိုအပ်သော နေရာသည် မုချအားဖြင့် ရ၏။ ထိုဝေသာလီပြည်ဟု ဆိုအပ်သော နေရာ၏ ရဟန်းတို့နှင့် ဌာန, ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာနူပစာအားဖြင့် ရ၏။ ဏိက-ပစ္စည်း၏ အရကား ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော ဝေသာလီပြည်-ဟု ဆိုအပ်သော နေရာရှိသော ရဟန်းတို့သည် အပဓာနအားဖြင့် ရ၏။ ဝိသေသန ပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော "သမ္မန်သကတ်" ဟု ဆိုအပ်သော ဂုဏ်သည်သာလျှင် ပဓာန အားဖြင့် ရ၏။

(တစ်နည်း) ဝေသာလိယံ ဝသန္တီတိ ဝေသာလိကာ (နိသျသစ်, ဂဏ္ဌိ)။ ယေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်၊ ဝေသာလိယံ၊ ဝေသာလီပြည်၌။ ဝသန္တိ၊ နေကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့ဝေသာလီပြည်၌ နေကုန်သည်တို့၏ အဖြစ်ကြောင့်။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဝေသာလိကာ၊ ဝေသာလိကတို့ မည်ကုန်၏။

ဝေသာလိယံ ဝသန္တီတိ-ကား ဝသန္တိတဒ္ဓိတ်ဝိဂြိဟ်။ ဝေသာလိကာ-ကား

http://www.dhammadownload.com

ဝသန္တိတဒ္ဓိက်ပုဒ်, ဝေသာလီ-ပုဒ် ဏိက-ပစ္စည်း။ ဤဝေသာလိကာ-ဟူသော ဝသန္တိကဒ္ဓိတ်၌ ဝေသာလီ-ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား ဝေသာလီပြည်သည် မုချအားဖြင့် ရ၏။ ထိုဝေသာလီပြည်၏ နေကုန်သော ရဟန်းတို့နှင့် ဌာန, ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာနူပစာအားဖြင့် ရ၏။ ဏိက-ပစ္စည်း၏ အရကား ထိုမုချ, ဌာနူပစာ တို့ဖြင့် မှတ်အပ်သော ဝေသာလီပြည်၌ နေကုန်သော ရဟန်းတို့သည် အပဓာနအားဖြင့် ရ၏။ ဝိသေသနပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော သမ္မန်သကတ်-ဟု လိုအပ်သော ဂုဏ်သည်သာလျှင် ပဓာနအားဖြင့် ရ၏။

---

၅ ။ ။ လိင်္ဂါဒိဝိဘာဂ

ဝဏ္ဏနာ-ကား ကွတ္ထိလိင်, ပဌမာဧကဝုစ် သိ-ဝိဘတ်, ဝဏ္ဏ-ဓာတ်, ယု-ပစ္စည်း, ကွတ္ထိလိင်ဧတေတက အာ-ပစ္စည်း ဖြစ်ပါသည်။

ထည့်သင့်သောကြိယာ

(ခ) အမှတ်ပြ ဝါကျဝယ် ထည့်သင့်သော ကြိယာကား ဟောတိ-ဖြစ်ပါသည်။

[ကြိယာထည့်နည်း ။ ။ ကြိယာ မပါသော ဝါကျများ၌ အတ္ထိ, သို့မဟုတ် ဘဝတိ-ကြိယာ ထည့်ပါ။

ထောက် ။ ။ ယတ္ထ ဟိ ကြိယာပဒံ န သူယတိ၊ တတ္ထ "အတ္ထိ, ဘဝတိ" တိ သမ္မန္ဓော (ရူပသိဒ္ဓိဋီကာ။ ၃၂၀)။

ကျက် ။ ။ **ခပ်သိမ်းအရာ၊ ကြိယာပဒ၊ မကြားရချေ၊ မမြင်လေလျှင်၊ ထိုတွင် အတ္ထိ၊ ဘဝတိ-ကြိယာ၊ ယထာရဟ၊ ထည့်သွင်းရ၊ မှတ်ကြ မြဲမြံစွာ**။ (သမ္မန္ဓစိန္တာဂဏ္ဌိသစ်။)

မှတ်ချက် ။ ။ ဘဝတိ-နှင့် ဟောတိ-အတူတူ၊ အသုံးများ၍ ဟောတိ-ထည့်သည်။]

---

၆ ။ ။ (ဂ) အမှတ်ပြ ဝါကျ အာဟောဂ နှင့် သဲ့ဝဏ္ဏနာ

ဝေသာလိဝါသိနော-ဟူသော သဲ့ဝဏ္ဏနာပါ၌ဖြင့် ဝေသာလိကာ-ဟူသော သဲ့ဝဏ္ဏေတဗ္ဗပုဒ်၌ ဏိက-ပစ္စည်း၏ ဧကေတံ နိဝါသအနက် ဟောဂါ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသဲ့ဝဏ္ဏနာ။ (တစ်နည်း) ဝေသာလိကာ-

http://www.dhammadownload.com

ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဝေသာလီ နိဝါသော ဧတေသန္တိ ဝေသာလိကာ" ဟု ဧတေသံ နိဝါသတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

(တစ်နည်း) ဝေသာလိဝါသိနော-ဟူသော သံဝဏ္ဏနာပါဋ်ဖြင့် ဝေသာလိကာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဏိက-ပစ္စည်း၏ ဝသန္တီအနက်ဟောင်း၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဝေသာလိကာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဝေသာလိယံ ဝသန္တီတိ ဝေသာလိကာ" ဟု ဝသန္တီတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

မှတ်ချက် ။ ။ ရှေးနည်းကားသာရတ္ထ, ဂဏ္ဌိသစ်တို့ အလို။ နောက်နည်းကား နိဿယသစ် အလို။ ဂဏ္ဌိဆရာကား ၂-မျိုးလုံးပင် ဆိုသည်။

---

၇ ။ ။ ပါဋ်၌ အဆုံးအဖြတ်

ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ-သုတ်၌ ဝဝတ္ထိတဝိဘာသတ္တဝါ-သဒ္ဒါသည် ပြအပ်သော နိစ္စ, အနိစ္စ, အသန္တ ဝိဓိ ၃-ပါး၊တို့တွင် တန္ဓနံ တံ ဓနံ, တန္နိစ္စုတံ တံ နိစ္စုတံ-တို့ကဲ့သို့ အနိစ္စဝိဓိ ဖြစ်သင့်သောကြောင့် သဗ္ဗန္တံ, သဗ္ဗံတံ-ပါဋ် ၂-ထွေလုံး သင့်ပါသည်။

[ဝါဒန္တရ ။ ။ စာတို့၌ နံ-အဆင့်မဲ့ သဗ္ဗံ တံ-ပါဋ် အရှိများသည်။ နံ-ဆင့်လျက် ရှိသော သဗ္ဗန္တံ-ပါဋ်ကို ယောဇနာ၌ တွေ့ရသည်။ အလားတူ ဖြစ်သော ယန္တံ-ပါဋ်ကို သဒ္ဒနီတိ ပဒမာလာ (၃၆၂) ၌ တွေ့ရသည်။ ဤသို့စသည်ဖြင့် နံ-ဆင့်လျက်ရှိသော ပါဋ်လည်း မရှားလှပါ။ အချို့က ယတ္ထ သန္ဓိတော သရော အတ္ထံ ဒူသေတိ။ နံ တတ္ထ သန္ဓိ (သဒ္ဒနီတိ-သုတ္တမာလာ။ ၁၈၆။) - ကိုထောက်၍ တ-သဗ္ဗနာမ်ပုဒ်၏ အနက် ပျက်ဖွယ်ရှိ (အန္တ အနက်ထင်မည်ဖြစ်) သောကြောင့် နံ-ဆင့်လျက် သဗ္ဗန္တံ-ပါဋ် "မရှိသင့်" ဟု ဆို၏။ သို့သော် ရှေ့ဝါကျ၌ ယော ယော-ဟူသော အနိယမ ပါဗြိုးဖြစ်၍ တ-သဗ္ဗနာမ်ပုဒ်၏ အနက် ပျက် (အန္တ အနက်ထင်) ဖွယ်ရာ မရှိပါ။ ၂-ထွေလုံး သင့်သော်လည်း သဗ္ဗံ တံ-ရှိက သုန္ဒရတရဟု မှတ်။ နော တက္ကော ဝိစာရေတွာ ဂဟေတဗ္ဗော။]

---

http://www.dhammadownload.com

၈ ။ ။ နည်း, ဥပစာ

ဝဇ္ဇီ-ဟူသောနည်းသည် ဝဇ္ဇီတိုင်း ဝေသာလီမြို့တည်းဟူသောမကင်း ရာကို ဆိုသဖြင့် ဝဇ္ဇီတိုင်း ဝေသာလီမြို့၌နေသော လူတည်းဟူသော မကင်းတတ်သည်ကိုလည်း ရသောကြောင့် နာနန္တ ရိကနည်း မည်၏။

ဝဇ္ဇီ-သဒ္ဒါသည် ဌာနဖြစ်သော ဝဇ္ဇီတိုင်း ဝေသာလီမြို့၏ ဝဇ္ဇီ-ဟူသော အမည်ကို ဌာနီဖြစ်သော ဝဇ္ဇီတိုင်း ဝေသာလီမြို့၌ နေကုန်သော လူတို့၌ တင်စား၍ ဌာနီဖြစ်သော ဝဇ္ဇီတိုင်း ဝေသာမြို့၌နေကုန်သော လူတို့ကို "ဝဇ္ဇီ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာနူပစာ မည်၏။

(တစ်နည်း) ဝဇ္ဇီဟူသော နည်းသည် ဝဇ္ဇီတိုင်း ဝေသာလီပြည်နှင့် ဝဇ္ဇီတိုင်း ဝေသာလီပြည်နေလူကို အပြားမဲ့အားဖြင့် ဆိုအပ်သောကြောင့် အဘေဒနည်း မည်၏။

ဝဇ္ဇီ-သဒ္ဒါသည် ဝဇ္ဇီတိုင်း ဝေသာလီပြည်နှင့် ဝဇ္ဇီတိုင်း ဝေသာလီပြည် နေလူ ပြားသော်လည်း မပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းကြောင့် အဘေဒူပစာ မည်၏။

မှတ်ချက် ။ ။ ဂါမဓမ္မော-၌ ဂါမ-ကဲ့သို့ပင် ၂-နည်းလုံး သင့်သည်။

[ရှေ့နည်းရှင်းချက် ။ ။ ဝဇ္ဇီ-သဒ္ဒါသည် ဝဇ္ဇီမင်းတို့ကို ဟောရကား ဝဇ္ဇီအရ မင်းကို ယူသော် မုချပင်။ တိုင်း(ဇနပုဒ်)ကိုယူသော် ဌာနူ-ပစာ, အဝိနာဘာဝနည်း။ ဝေသာလီမြို့ (ပြည်)ကို ယူသော် သမုဒါ-ယူပစာ, အထင်ရှဳိနည်း။ မြို့(ပြည်) နေ လူကို ယူသော် ဌာနူပစာ, နာနန္တ ရိကနည်း။ ထို့ကြောင့် ဝဇ္ဇီရဋ္ဌေ-ဟူသော မူလသဒ်ဝဏ္ဏနာကိုသာ ထောက်သော် ဌာနူပစာ, အဝိနာဘာဝနည်း။ ဝေသာလိယ်-ဟူသော အနုသဒ်ဝဏ္ဏနာကိုပါ ထောက်သော် သမုဒါယူပစာ, အထင်ရှဳိနည်း။ ကုလာနံ-ဟူသော အနုအနုသဒ်ဝဏ္ဏနာကို ထောက်သော် ဌာနူပစာ, နာနန္တ ရိကနည်း။ အဆင့်ဆင့် တင်စားသည်။ သို့သော် အစိတ်ကို ယူ၍ မမေးခြင်းကြောင့် တစ်ဝါကျလုံး ခြုံကြည့်ရမည်ဖြစ်၍ တစ်ဝါကျလုံးဖြင့် ဝဇ္ဇီတိုင်း ဝေသာလီမြို့ကို ဆိုလိုရင်းမဟုတ်။ ယင်း၌ နေကုန်သော လူ (ဌာနီ) တို့ကို ဆိုလိုရင်းဖြစ်သောကြောင့် ဤ၌ ဌာနူပစာ, နာနန္တ ရိက နည်းသာလိုသည်။ ဌာနူပစာ, အဝိနာဘာဝနည်း။ သမုဒါယူပစာ, အထင် ရှဳိနည်းတို့ မလို။

"ဝဇ္ဇီတိုင်း အတွင်း၌ ရှိသော ဝေသာလီမြို့၌ နေကုန်သော လူတို့" ဟု

http://www.dhammadownload.com

ဆိုလိုသည်။ တိုင်းနှင့် ဇနပုဒ်, မြို့နှင့် ပြည် အတူတူ။ ဆိုအပ်ပြီးသော ဌာနူပစာ, နာနန္တရိကနည်းလည်း တဒ္ဓိတ်မဆင့်မှ ရသည်။ သာရတ္တ, ဝဇီရဗုဒ္ဓိဆရာတို့ တဒ္ဓိတ်ဆင့်လိုကြသည်။ တဒ္ဓိတ်ဆင့်သော် မုချပင်။ တိုင်း (ဇနပုဒ်) ဟောသဒ္ဒါများနှင့် ပတ်သက်၍ ကြည့်လိုမူ သီလက္ခန် (အမ္ဗဋ္ဌသုတ်) အဌကထာ, ၎င်း နိဿယသစ်, ဋီကာသစ်နှင့် အဘိဓာန်ဋီကာ။ ၁၈၄။ မောဂ္ဂလာန် ဏာဒိကဏ္ဍ နိသျသစ်တို့ ကြည့် ။ ။ မေးခွန်း၌ "(ဝဇ္ဇီ-ပုဒ်၌)" ဟု ဒီဃနှင့် ရှိသင့်သည်။]

---

၉ ။ ။ [ဌ၊ ၁။ ၁၉၄။]

---

၁၀ ။ ။ ဩရုယှောရုယှအနွယပဒဌာနဟာရ နေတ္တိနည်း

အဗ္ဗုဒ-၏ အရဖြစ်သော ထေယျစေတနာ၏ ပဒဌာန်ကား သာမည အားဖြင့် အယောနိသောမနသိကာရတည်း။ ထို၏ ပဒဌာန်ကား သဒ္ဓမ္မ-အဿဝနတည်း။ ထို၏ ပဒဌာန်ကား အက္ခဏတည်း။ ထို၏ ပဒဌာန်ကား အတ္တသမ္မာအပွဏိဓိတည်း။ ထို၏ ပဒဌာန်ကား ဗာလူပသေဝနတည်း။ ထို၏ ပဒဌာန်ကား အပွဋိရူပဒေသဝါသတည်း။ ထို၏ ပဒဌာန်ကား ပုဗ္ဗေအက တပုညတာတည်း။ ထိုပုဗ္ဗေအကတပုညတာသည် သခ်ါရတည်း။ ထို၏ ပဒဌာန်ကား အဝိဇ္ဇာတည်း။ ထို၏ ပဒဌာန်းကား အာသဝေါတရား ၄-ပါး တည်း။ ထို၏ ပဒဌန်ကား ဇရာ, မရဏ, မုစ္ဆာတည်း။ ထို၏ ပဒဌာန်ကား ဇာတိတည်း။ ထို၏ ပဒဌာန်ကား ဘဝတည်း။ ထို၏ ပဒဌာန်ကား ဥပါဒါန်တည်း။ ထို၏ ပဒဌာန်ကား တဏှာတည်း။ ထို၏ ပဒဌာန်ကား ဝေဒနာတည်း။ ထို၏ ပဒဌာန်ကား ဖဿတည်း။ ထို၏ ပဒဌာန်ကား သဋ္ဌာယတနတည်း။ ထို၏ ပဒဌာန်ကား နာမ်, ရုပ်တည်း။ ထို၏ ပဒဌာန်ကား ဝိဉာဏ်တည်း။ ဤသို့ စသည်ဖြင့် ဩရုယှောရုယှ အနွယအားဖြင့် ပဒဌာန်ကို စိစစ်ခြင်းသည် ဩရုယှော-ရုယှအနွယပဒဌာနဟာရ မည်၏-ဟူလိုသော်။

[သပ္ပုရိသူပနိဿယ-သည် အကြောင်း, အတ္တသမ္မာပဏိဓိ-သည် အကျိုး ။ ။ အတ္တသမ္မာပဏိဓိသည် သပ္ပုရိသူပနိဿယ၏ ပဒဌာန်မဟုတ်၊ သပ္ပုရိသူပနိဿယသည်သာ အတ္တသမ္မာပဏိဓိ၏ ပဒဌာန် ဖြစ်သည်။

ထောက် ။ ။ သပ္ပုရိသူပနိဿယော အတ္တသမ္မာပဏိဓာနဿ ပဒဌာနံ။ (နေတ္တိပါဠိ။ ၂၆။)

http://www.dhammadownload.com

သိဖွယ် ။ ။ ထိုမှပြန်၍ ဤဌ်လည်း အတ္တသမ္မာအပွဏိဓိသည် ဗာလူ-ပါသေဝန၏ ပဒဋ္ဌာန် မဟုတ်, ဗာလူပါသေဝနသည်သာ အတ္တသမ္မာအပွဏိဓိ၏ ပဒဋ္ဌာန် ဖြစ်သည်။]

၁၃၂၈-ခုနှစ် မျှောစရိယတန်း
ပါရာကကဏ္ဍ ပါဋိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁ ။ ။ ယေ ပန တေ မောဂ္ဂလာန ပဋ္ဌဝိနိသိတာ ပါဏာ၊ တေ ကထံ ကရိဿသီတိ-ဟူသော ပါဋိတော်ကို ကတ္တား, ကြိယာ အစုံအလင်ထည့်၍ အနက်ပေးခဲ့ပါ။

၂ ။ ။ အထ ခေါ အာယသ္မာ သုဒိန္ဒော တံ ဉာတိဒါသိံ ဧတဒဝေါစ "သစေတံ ဘဂိနိ ဆဋ္ဌနီယဓမ္မံ၊ ဣဓ မေ ပတ္တေ အာကိရာ" တိ-ဟူသော ပါဋိတော်ကို အနက်အားဖြင့် အာကာရကို သွင်း၍ ယောဇနာခဲ့ပါ။

၃ ။ ။ နတ္ထိ ဘန္တေ တာဒိသာနိ၊ ဒါရူနိ ယာနာဟံ အယျဿ ဒဒေယျံ၊ အတ္ထိ ဘန္တေ ဒေဝဂဟဒါရူနိ နဂရပဋိသဒ်ါရိကာနိ။ အာပဒတ္ထာယ နိက္ခိတ္တာနိ၊ သစေ တာနိ ဒါရူနိ ရာဇာ ဒါပေတိ ဟရာပေထ ဘန္တေ-ဟူသော ပါဋိတော်ကို အနက်ပေးခဲ့ပါ။

၄ ။ ။ ဥပသင်္ကမိတွာ ဘဂဝန္တံ ဧတဒဝေါစ "သန္ဒိပတိတော ဘန္တေ ဘိက္ခုသံဃော၊ ယဿ ဒါနိ ဘန္တေ ဘဂဝါ ကာလံ မညတိ" တိ-ဟူသော ပါဋိတော်ကို အနက်အားဖြင့် အာကာရကို ထုတ်၍ ယောဇနာခဲ့ပါ။

အောက်ပါ အဋ္ဌကထာပါဋ္ဌတို့ကို အနက်ယောဇနာခဲ့ပါ။

၅ ။ ။ အာရကတ္တာ ဟတတ္တာစ၊ ကိလေသာရီန သော မုနိ။
ဟတသံ သာရစက္ကာရော၊ ပစ္စယာဒီန စာရဟော။
န ရဟော ကရောတိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိ။

၆ ။ ။ မုဒ္ဓါပိ တဿ ပုဂ္ဂလဿ ရတ္တိပရိယောသာနေ ပရိပါကသိထိ လဗန္ဓနံ ဝဏ္ဏာ ပဝုတ္တတာလဖလမိဝ ဂိဝတော ပစ္ဆိဇ္ဇိတွာ သဟသာဝဘူမိယံ ဝိပတေယျ။

http://www.dhammadownload.com

၇ ။ ။ ဣဒ ပနာယံ ဝိတက္ကဝိစာရပီတိဟိ အနဘိဘူတတ္တာ ဥက္ခိတ္တသိရာ ဝိယ ဟုတ္တာ ပရိဗ္ဗတ္တကိစ္စာ ဇာတာ၊ တသ္မာ ဝုတ္တာ။

၈ ။ ။ ဘဂဝတော ဇတမတ္ထံ အာရောစေသုန္တိ ဘဂဝတော ဇတံ အတ္ထံ အာစိက္ခိံသု ပဋိဝေဒယိံသု။ အာရောစယမာနာ စ နေဝ ပိယကမ္ယတာယ, န ဘေဒပုရေက္ခာရတာယ၊ န တဿာယသ္မတော အဝဏ္ဏပကာသနတ္ထာယ၊ န ကလိသာသနာရောပနတ္ထာယ။

၉ ။ ။ မဟာပစ္စရိယံ တာဝ "ဇကဘင်္ဂေန နိပန္နကောယေဝ မုစ္စတိ။ ပါဒေ ပန ဘူမိတော မောစေတွာ နိပန္နော ယက္ခဂတိတကောပိ ဝိသညီဘူတောပိ န မုစ္စတီ" တိ ဝုတ္တံ။

၁၀ ။ ။ သီမာသမ္မန္နနေ ပန ဓုဝနာဝါ အန္တော ခဏိတွာ ဝါ ဖလကေဟိ ဗန္ဓိတွာ ဝါ ကတာ သမ္မတ္တိမေန ပရိစ္ဆေဒေန တိဏ္ဏံ ဝါဟနိကာ ဇဝ ဝဋ္ဋတိ။

၁၃၂၈-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ ကတ္တား, ကြိယာ အစုံအလင် ထည့်၍ အနက်

မောဂ္ဂလာန၊ မောဂ္ဂလာန်။ ပထဝီနိဿိတာ၊ မြေ၌ မှီကုန်သော။ ဝါ၊ မြေကို မှီကုန်သော။ ယေ တေ ပါဏာ၊ အကြင်သတ္တဝါတို့သည်။ (သန္တိ၊ ရှိကုန်၏။) (ကြိယာ ထည့်) တေ ပါဏေ၊ ထိုသတ္တဝါတို့ကို။ ကထံ၊ အဘယ်သို့လျှင်။ (တွဲ၊ သင်သည်။) (ကတ္တားထည့်) ကရိဿသိ ပန၊ ပြုလတ္တံ့နည်း။ ဣတိ၊ ဤသို့။ (ဘဂဝါ၊ မြတ်စွာဘုရားသည်။) (ကတ္တား ထည့်) (ပုစ္ဆိ၊ မေးတော်မူပြီး။) (ကြိယာထည့်) [ပါ၊ ဂ။ ပါ၊ သျ။ ၃၉။]

---

၂ ။ ။ အနက်အားဖြင့် အာကာရသွင်း၍ ယောဇနာ

အထခေါ၊ ထိုအခါ၌။ အာယသ္မာ သုဒိန္နော၊ အရှင် သုဒိန်သည်။ တံ ဉာတိဒါသိံ၊ ထိုဆွေမျိုးတို့၏ ကျွန်မကို။ ဘဂိနိ၊ နှမ။ ဇတံ၊ ဤဝတ္ထုသည်။ ဆဋ္ဌနီယမဓ္မံ၊ မင့်မတွယ် စွန့်ပယ်အပ်သော သဘောရှိသည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ (ဇဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။) (ထည့်) မေ၊ ငါ၏။

http://www.dhammadownload.com

ဣဓ ပတ္တေ၊ ဤသပိတ်၌။ အာကိရ၊ လောင်းလော့။ ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ဆိုပြီ ။ ။ [ပါ။ ၁၇။ ပါ၊ သျ။ ၆၁။]

---

၃ ။ ။ [ပါ။ ၅၂။ ပါ၊ သျ။ ၁၂၀။]

---

၄ ။ ။ အနက်အားဖြင့် အာကာရထုတ်၍ ယောဇနာ

ဥပသင်္ကမိတွာ၊ ကပ်၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။ (ကိံ၊ အဘယ်သို့။ အဝေါစ၊ လျှောက်ပြီးသနည်း။) ဘန္တေ၊ မြတ်စွာဘုရား။ ဘိက္ခုသံဃော၊ ရဟန်းအပေါင်းသည်။ သန္ဓိပတိတော၊ အညီအညွတ်စည်းဝေးပြီ။ ဘန္တေ၊ မြတ်စွာဘုရား (ယဿ-ကို ယော+အဿ-ဖြတ်) ဒါနိ၊ ယခုအခါ၌။ အဿ၊ ထိုစကား ပြောဟောခြင်း, အဆုံးအမ ပေးတော်မူခြင်း၏။ ယော-ကာလော၊ အကြင်အခါသည်။ (အတ္ထိ၊ ရှိ၏။) (တံ) ကာလံ၊ ထိုအခါကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မညတိ၊ သိတော်မူ၏။ (တစ်နည်း) ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒါနိ၊ ယခုအခါ၌။ ယဿ၊ အကြင်တရားစကား ပြောဟောခြင်း, အဆုံးအမ ပေးတော်မူခြင်း၏။ ကာလံ၊ အခါကို၊ မညတိ၊ သိတော်မူ၏။ (တဒေဝ၊ ထိုတရားစကား ပြောဟောခြင်း, အဆုံးအမ ပေးတော်မူခြင်းကိုသာလျှင်။ ကရောဟိ၊ ပြုတော်မူပါလော့။) ဣတိ၊ ဤသို့။ (အဝေါစ၊ လျှောက်ပြီးသတည်း။) ။ ။ [ပါ။ ၈၈။ ပါ၊ သျ။ ၁၆၄။]

---

၅ ။ ။ [ဌ၊ ၁။ ၈၇။ ဌ၊ သျ၊ ၁။ ၂၉၆။ ဌ၊ သျ၊ သစ်၊ ၂။ ၇၈ ။ ၁၃၁၇-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၆ ။ ။ [ဌ၊ ၁။ ၁၀၃။ ဌ၊ သျ၊ ၁။ ၃၆၄။ ဌ၊ သျ၊ သစ်၊ ၂။ ၂၀၀။]

---

၇ ။ ။ [ဌ၊ ၁။ ၁၂၁။ ဌ၊ သျ၊ ၁။ ၄၂၂။ ဌ၊ သျ၊ သစ်။ ၂။ ၃၂၄။]

---

၈ ။ ။ [ဌ၊ ၁။ ၁၈၄။ ဌ၊ သျ၊ ၂။ ၁၅၇။ ဌ၊ သျ၊ သစ်၊ ၃။ ၆၈။]

http://www.dhammadownload.com

၉ ။ ။ [ဋ္ဌ၊ ၁။ ၂၄၆၊ ဋ္ဌ၊ သျှ၊ ၂။ ၃၃၆။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၂၇၇။]

၁၀။ ။ [ဋ္ဌ၊ ၁။ ၂၈၉။ ဋ္ဌ၊ သျှ၊ ၂။ ၃၆၆။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၄၁၃။]

၁၃၂၈-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) အနာဒိနဝဒဿောတိ ယံ ဘဂဝါ ဣဒါနိ သိက္ခာပဒံ ပညပေန္တော အာဒီနဝံ ဒဿေသိတိ၊ တံ အပသဿန္တော အနဝဇ္ဇသညီ ဟုတ္ဝာ။

(ခ) သစေ ဟိ အယံ "ဣဒံ နု ကရဏီယန္တိ ဝါ မူလစ္ဆေဇ္ဇာယ ဝါ သံဝတ္တတီ" တိ ဇာနေယျ၊ သဒ္ဓါပဗ္ဗဇိတော ကုလပုတ္တော တတောနိဒါနံ ဇိဝိတက္ခယံ ပါပုဏန္တော်ပိ နာ ကရေယျ။

(ဂ) ဧတ္ထ ပန အာဒီနဝံ အပသဿန္တော နိဒ္ဒေါသသညီ အဟောသိ။

(ဃ) တေန ဝုတ္တံ "အနာဒီနဝ ဒဿော" တိ။

(င) ပုရာဏဒုတိယိကာယာတိ ဘုမ္မဝစနံ။

၁ ။ ။ (ဂ) အမှတ်ပြဝါကျကို ပကတိကတ္တား, (ဃ) အမှတ်ပြဝါကျကို ကတ္တားထည့်၍ အနက်ယောဇနာခဲ့ပါ။

၂ ။ ။ (ခ) အမှတ်ပြဝါကျကို သာဘောဂပုစ္ဆာနည်းအားဖြင့် တက်ပြခဲ့ပါ။

၃ ။ ။ (ခ) (ဂ) အမှတ်ပြဝါကျတို့၏ အမည်များကို အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

၄ ။ ။ အနဝဇ္ဇသညီ-ဟူသော ပုဒ်ကို ဝိဂ္ဂဟပြု၍ ဥာဿနည်းအားဖြင့် အရ ကောက်ပြပါ။

၅ ။ ။ မူလစ္ဆေဇ္ဇာယ-ဝယ် ဆေဇ္ဇာယ-၌ ဓာတ်, ပစ္စည်း, လိင်, ဝိဘတ် တို့ကို ဖော်ပြပါ။

၆ ။ ။ (င) အမှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာကို ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com

၇ ။ ။ ဇီဝိတကွယ်, ဇီဝိတခယ်-ဟူသော ပါဠိနှစ်ခုတို့တွင် အဘယ် ပါဠိသင့်မြတ်သည်ဟု အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

၈ ။ ။ အပညတ္တေ သိက္ခာပဒေတိ ပဌမပါရာဇိကသိက္ခာပဒေ အဋ္ဌပိတေ-ဠ သံဝဏ္ဏနာကို ရှု၍ သံဝဏ္ဏေတမ္ပ သိက္ခာပဒေ-ဠ ဖြစ်သင့်သော နည်း, ဥပစာများကို ထုတ်ပြပါ။

၉ ။ ။ ထိုမိဘတို့သည် ငါ့ကို ဥစ္စာနှစ်ကို စောင့်ရှောက်ခြင်းအကျိုးငှာ အမြဲ အစဉ်လိုက်ကြလိမ့်မည်။ ထို့ကြောင့် ငါသည် ကြောင့်ကြမဲ့ ရဟန်း တရားကို ပြုခြင်းငှာ ရလိမ့်မည်မဟုတ်။ သားငယ်ကို ရပြီး၍ကား လိုက်ခြင်းမှ ရှောင်ကြဉ်ကြလိမ့်မည်-ဟူသော စကားကို ပါဠိစုဏ္ဏိယဗန္ဓ စီကုံးပြပါ။

၁၀။ ။ (ခ) အမှတ်ပြဝါကျပါ ကုလပုတ္တော-ကို ဣန္ဒြိယောတရဏဟာရ နေတ္တိနည်း ထုတ်ပြပါ။

၁၃၂စ-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁ ။ ။ [(ဂ) အမှတ်ပြဝါကျ၌ ပန-နှောင် "အာယသ္မာ သုဒိန္နော" ဟု ပကတိကတ္တား ထည့်။

(ဃ) အမှတ်ပြဝါကျ၌ "အာယသ္မတော ဥပါလိတ္ထေရေန" ဟု ကတ္တား ထည့်။ "သံဂီတိကာရေဟိ" ဟုလည်း ထည့်နိုင်သည်။ ကြွင်း သျ အတိုင်း။ ။ ဋ္ဌ၊ ၁။ ၁၇၉။ ဋ္ဌ၊ သျ၊ ၂။ ၁၄၁။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၄၇။]

---

၂ ။ ။ (ခ) အမှတ်ပြဝါကျ သာဘောဂပုဒ္ဓာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) အမှတ်ပြဝါကျဖြင့် "(အရှင်သုဒိန်သည်) ဘုရားရှင် ယခု သိက္ခာပုဒ်ကို ပညတ်တော်မူလျက် ပြတော်မူလတ္တံ့သော အပြစ်ကို မမြင်သည့်, 'အပြစ်မရှိ' ဟု အမှတ်ရှိသည်ဖြစ်၍ (မေထုန်အကျင့်ကို ဖြစ်စေပြီ)" ဟု ဆိုတော်မူ၏ (ဋ္ဌပနာ)။ ဆရာ့စကားသည် အဘယ်သို့သော ဒဋ္ဌီကရဏယုတ္တိဝစနဖြင့်သင့်နိုင်ပါအံ့နည်း (ပုဒ္ဓာ)။ အရှင်သုဒိန်သည် အပြစ်ကိုမြင်သည်, "အပြစ်မရှိ" ဟု အမှတ်ရှိသည်ဖြစ်သော်လည်း ရာဂ မကင်းသေးသော ပုဂ္ဂိုလ်ဖြစ်၍ မေထုန်အကျင့်ကို ဖြစ်စေရာသည် မဟုတ်ပါ

http://www.dhammadownload.com

လော (အာဘောဂ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား ။ ။ "ဤမေထုန်အမှုကို မပြုထိုက်" ဟူ၍ လည်းကောင်း, "ဤမေထုန် အမှုသည် အမြစ်အရင်း ပြတ်ခြင်းငှာ ဖြစ်၏" ဟူ၍ လည်းကောင်း အရှင်သုဒိန် သိခဲ့လျှင် ယုံကြည်၍ ရဟန်းပြုသော အမျိုးကောင်းသားဖြစ်၍ ထိုမေထုန်မပြုခြင်း ဟူသော အကြောင်းကြောင့် အသက်ကုန်ခြင်းသို့ ရောက်သော်လည်း မေထုန်အမှုကို မပြုရာ။ ဤသို့သော ဒဋ္ဌိကရဏယုတ္တိဝစနဖြင့် ငါ့စကား သင့်ရာ၏–ဟူလို။ [ဝါကျတက်ကို ၁၃၁၆–ခုနှစ် အဖြေရှိ အာဂမဒဋ္ဌိနည်း မှီးတက်လေ၊ မခဲပြီ။]

---

၃ ။ ။ (ခ) (ဂ) အမှတ်ပြဝါကျတို့၏ အကြောင်းနှင့်တကွ အမည်

(ခ) (ဂ) အမှတ်ပြ နှစ်ဝါကျပေါင်းသည် (က) အမှတ်ပြဝါကျကို ယုတ္တိအားဖြင့် မြဲမြံခိုင်ခဲ့အောင် ပြုသောကြောင့် ယုတ္တိဒဋ္ဌိကရဏဝါကျ ဖြစ်ပါသည်။ ထိုတွင်–

(ခ) အမှတ်ပြဝါကျသည် (က) အမှတ်ပြဝါကျကို ဗျတိရေကယုတ္တိအားဖြင့် မြဲမြံခိုင်ခဲ့အောင် ပြုသောကြောင့် ဗျတိရေကယုတ္တိဒဋ္ဌိကရဏ ဝါကျ ဖြစ်ပါသည်။

(ဂ) အမှတ်ပြဝါကျသည် (က) အမှတ်ပြဝါကျကို အနွယယုတ္တိအားဖြင့် (တစ်နည်း) သဘာဝယုတ္တိအားဖြင့် မြဲမြံခိုင်ခဲ့အောင် ပြုသောကြောင့် အနွယယုတ္တိဒဋ္ဌိကရဏဝါကျ (တစ်နည်း) သဘာဝယုတ္တိဒဋ္ဌိကရဏဝါကျ ဖြစ်ပါသည်။

---

၄ ။ ။ ဝိဂ္ဂဟ နှင့် ဥဿံကောက်

အနဝဇ္ဇသညာ အဿ အတ္ထီတိ အနဝဇ္ဇသညီ။ အဿ၊ ထိုအရှင်သုဒိန်အား (ဆဋ္ဌီအနက်လည်း ပေးကြသည်။) အနဝဇ္ဇသညာ "အပြစ်မရှိ" ဟူ၍ ဖြစ်သော အမှတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုသို့ "အပြစ်မရှိ" ဟူ၍ ဖြစ်သော အမှတ်ရှိသည်၏ အဖြစ်ကြောင့်။ အနဝဇ္ဇသညီ၊ အနဝဇ္ဇသညီ မည်၏။

အနဝဇ္ဇသညာ အဿ အတ္ထီတိ–ကား အဿတ္ထိတဒ္ဓိတ်ဝိဂြိုဟ်။ အနဝဇ္ဇသညီ–ကား အဿတ္ထိတဒ္ဓိတ်ပုဒ်။ အနဝဇ္ဇသညာ–ပုဒ် အဿ–ပုဒ် အတ္ထိ–ပုဒ် ဣ–ပစ္စည်း။ ဤအနဝဇ္ဇသညီ–ဟူသော အဿတ္ထိတဒ္ဓိတ်၌ အနဝဇ္ဇသညာ–

http://www.dhammadownload.com

ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား "အပြစ်မရှိ" ဟူ၍ ဖြစ်သော အမှတ်သည် မုချအားဖြင့် ရ၏။ "အပြစ်မရှိ" ဟူ၍ ဖြစ်သော အမှတ်၏ အရှင်သုဒိန်နှင့် ဂုဏ်ဂုဏော်, ဌာနီဌာနအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်္ဓသည် ဌာနူပစာအားဖြင့် ရ၏။ ဤ-ပစ္စည်း၏အရကား ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော အရှင်သုဒိန် ရ၏။

---

၅ ။ ။ ဓာတ္ဝာဒီဝိဘာဂ

ဆေဇ္ဈာယ-ကား ဆိဒိ-ဓာတ်, ဏျ-ပစ္စည်း, နပုလ္လိင်, စတုတ္ထီဧကဝုစ်သ-ဝိဘတ် ဖြစ်ပါသည်။

---

၆ ။ ။ (c) အမှတ်ပြဝါကျအာဘောဂနှင့် သံဝဏ္ဏနာ

ဘုမ္မဝစနံ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပုရာဏဒုတိယိကာယ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ အာယ-၏ သတ္တမီဧကဝုစ် သ္မိ-ဝိဘတ်၏ ကာရိယအာယ-၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဝိဘတ္တိပဒသံဝဏ္ဏနာ။

(တစ်နည်း) ဘုမ္မဝစနံ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပုရာဏဒုတိယိကာယ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သတ္တမီဝိဘတ်အဆုံးရှိသော ပုဒ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ကာရကလိင်္ဂပဒသံဝဏ္ဏနာ။

---

၇ ။ ။ ပါဠိအဆုံးအဖြတ်

ဝါ-သဒ္ဒါ, နဝါ-သဒ္ဒါ, ကွစိ-သဒ္ဒါတို့ကို မထည့်ဘဲ "ဝဂ္ဂေယော သာယောသာနံ တတိယပဌမာ" ဟု သုတ်ကို တည်၍ အသဒိသဒ္ဒေဘော်ပြုသင့်ရာ ဌာနဠ အမြဲ အသဒိသဒ္ဒေဘော်ပြုရန် အရှင်မဟာကစ္စည်းဆရာ ညွှန်ပြထား:သောကြောင့် ခိ-ဓာတ်သည် အသဒိသဒ္ဒေဘော် ပြုသင့်ရာဌာန ဖြစ်ရကား: အသဒိသဒ္ဒေဘော် ဆင့်လျက်ရှိသော ဇီဝိတက္ခယံ-ဟူသော ပါဠိသာ သင့်မြတ်ပါသည်။

---

၈ ။ ။ နည်း, ဥပစာ

သိက္ခာပဒေ-ဟူသော နည်းသည် သိက္ခာပုဒ် အား:လုံး:နှင့် ဆက်ဆံသော်လည်း: ဤအရာဝယ် သိက္ခာပုဒ်အား:လုံး:၌ မထင်၊ ပဌမ ပါရာဇိကသိက္ခာပုဒ်

http://www.dhammadownload.com

ဌ်သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် အထင်ရှုဋ္ဌနည်း မည်၏။

သိက္ခာပဒ-သဒ္ဒါသည် အပေါင်းဖြစ်သော သိက္ခာပုဒ် အားလုံး၏။ သိက္ခာပဒ-ဟူသော အမည်ကို အစိတ်ဖြစ်သော ပဌမ ပါရာဇိကသိက္ခာပုဒ်ဌ် တင်စား၍ အစိတ်ဖြစ်သော ပဌမပါရာဇိကသိက္ခာပုဒ်ကို "သိက္ခာပဒ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧက ဒေသုဒ္ဒေသပစာ=သမုဒါယုပစာ မဲည်၏။ [သရုပ်ကြား အဘိဓေယျတ္ထ အားဖြင့် သံဝဏ္ဏနာဖွင့်ထားသည်ကို သတိပြု။]

---

၉ ။ ။ [ဋ္ဌ၊ ၁။ ၁၇၈။]

၁၀။ ။ ဣန္ဒြိယောတရဏဟာရ နေတ္တိနည်း

ကုလပုတ္တော-၏ အရ အရှင်သုဒိန်သန္တာန်ဌ် ဖြစ်သော စက္ခုပသာဒသည် စက္ခုန္ဒြေ မည်၏။ သောတပသာဒသည် သောတိန္ဒြေ မည်၏။ ဃာနပသာဒသည် ဃာနိန္ဒြေ မည်၏။ ဇိဝှာပသာဒသည် ဇိဝှိန္ဒြေ မည်၏။ ကာယပသာဒသည် ကာယိန္ဒြေ မည်၏။ ပုမ္ဘာဝရုပ်သည် ပုရိသိန္ဒြေမည်၏။ ရုပ်ဇီဝိတ, နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေမည်၏။ စိတ်သည် မနိန္ဒြေ မည်၏။ သုခဝေဒနာသည် သုခိန္ဒြေ မည်၏။ ဒုက္ခဝေဒနာသည် ဒုက္ခိန္ဒြေ မည်၏။ သောမနဿဝေဒနာသည် သောမနဿိန္ဒြေ မည်၏။ ဒေါမနဿ ဝေဒနာသည် ဒေါမနဿိန္ဒြေ မည်၏။ ဥပေက္ခာဝေဒနာသည် ဥပေက္ခိန္ဒြေမည်၏။ သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်၏။ ဝီရိယစေတသိက်သည် ဝီရ်ယိန္ဒြေ မည်၏။ သတိစေတသိက်သည် သတိန္ဒြေမည်၏။ ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏။ ပညာစေတသိက်သည် ပညိန္ဒြေမည်၏။ ဤသို့ဣန္ဒြေအားဖြင့် သွင်းခြင်းသည် ဣန္ဒြိယောတရဏဟာရ မည်၏-ဟူလိုသော်။

၁၃၂၉-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁ ။ ။ ဇေဋ္ဌောတိဿ ဘော ဂေါတမ ဝစနိယော၊ သော ဟိ နေသံ ဇေဋ္ဌော ဟောတီတိ-ကို ဝါကျပြန်နှင့် ကတ္တား, ကြိယာ ပြည့်စုံစွာ ထည့်စွက် အနက်သမ္မန်ပါ။

http://www.dhammadownload.com

၂ ။ ။ ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟာသိ-ဟူသော ပါဠိတော်ကို ၅-နံပါတ်ပါ အဌကထာနှင့်အညီ အနက်ပေးခဲ့ပါ။

၃ ။ ။ ဗဟူနံ ခေါ တွံ မောဃပုရိသ အကုသလာနံ ဓမ္မာနံ အာဒိကတ္တာ ပုဗ္ဗင်္ဂမော။ ဤပါဠိတော်ကို အာဒိကတ္တာ-၌ ဗာဟျတ္ထကို မှန်ကန်စေလျက် ကြိယာစွက်ပြီး အနက်ပေးခဲ့ပါ။

၄ ။ ။ မောရော ဝါ ကပိဥ္ဇရော ဝါ တိတ္ထိရော ဝါ ဝဋ္ဌကော ဝါ သာဋ္ဌကံ ဝါ ဝေဌနံ ဝါ ဟီရည် ဝါ သုဝဏ္ဏံ ဝါ ဆိဇ္ဇမာနံ ပတတိ-ဟူသော ပါဠိတော်ကို အနက် ဖော်ခဲ့ပါ။

၅ ။ ။ ဝိရာဂေါတိ တဿာ ဇိဂုစ္ဆနံ ဝါ သမတိက္ကမော ဝါ။ ဥဘိန္နမန္တရာ စ-သဒ္ဒေါ သမ္ပိဏ္ဍနတ္ထော၊ သော ဟိ ဂူပသမံ ဝါ သမ္ပိဏ္ဍေတိ ဝိတက္ကဝိစာရ ဂူပသမံ ဝါ။ ဤအဌကထာကို ပါဠိလျှောက် အနက်ပေးခဲ့ပါ။

၆ ။ ။ ဂန္ဓံ ဝါ လာခံ ဝါ တေလံ ဝါ ရဇနေ ပက္ခိပိတုံ နဝဋ္ဌတိ။ စီဝရံ ရဇိတွာ သခေ်နဝါ မဏိနာ ဝါ ယေန ကေနစိ နဃဋ္ဌေတဗ္ဗံ-ကို အနက်ပေးခဲ့ပါ။

၇ ။ ။ အဌကောတိ ဝေဟာသမဋ္ဌော ဝုစ္စတိ၊ ယံ သေတကမ္မမာလာ ကမ္မလတာကမ္မာဒီနံ အတ္ထာယ ဗန္ဓန္တိ-ကို ယံ-၏ တွဲဖက် ထည့်စွက်လျက် အနက်ယောဇနာပါ။

၈ ။ ။ အတ္တုပနာယိကန္တိ အတ္တနိ တံ ဥပနေတိ, အတ္တာနံ ဝါ တတ္ထ ဥပနေတိတိ အတ္ထုပနာယိကော၊ တံ အတ္တုပနာယိကံ၊ ဧဝံ ကတွာ သမုဒါစ ရေယျာတိ သမ္ဗန္ဓော-ကို ဝိဂ္ဂဟ၌ အဘိဓေယျတ္ထ ပေါ်စေလျက် အနက် ပေးခဲ့ပါ။

၉ ။ ။ ရတ္တိံ သုပန္တေန "ဧတ္တကံ နာမ ရတ္တိဘာဂံ သုပိတွာ စန္ဒေန ဝါ တာရကာယ ဝါ ဣဒံ နာမ ဌာနံ ပတ္တကာလေ ဝုဋ္ဌဟိဿာမီ" တိ သဥဿာဟေန သုပိတဗ္ဗံ-ကို ပတ္တ, သုပိတဗ္ဗံ-တို့၏ ပစ္စည်းအနက် ထင်စေလျက် အနက် ပေးခဲ့ပါ။

၁၀။ ။ သော ကိရ မဇ္ဈေ စတုရဿံ ဂဗ္ဘံ ကတွာ ဗဟိ မဏ္ဍလမာဋ္ဌ ပရိက္ခေပေန ကတော၊ ယထာ သက္ကာ ဟောတိ အန္တောယေဝ အာဝိဥ္ဇန္တေ ဟိ ဝိစရိတုံ-ကို ပြင်,ထည့်သင့်သည်တို့ကို ပြင်, ထည့်လျက် အနက်ပေးခဲ့ပါ။

http://www.dhammadownload.com

၁၃၂၉-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁ ။ ။ဝါကျအပြန်အလှန်နှင့် ကတ္တား, ကြိယာ ပြည့်စုံစွာထည့်စွက်၍အနက်

ဘော ဂေါတမ၊ အရှင်ဂေါတမ။ (သော ကုက္ကုဋ္ဌဿပကော၊ ကိုအထူး သဖြင့် ရှေးဦးစွာ ပေါက်သော ကြက်ငယ်သည်။) (ပကတိကတ္တား ထည့်) ဇေဋ္ဌောတိ၊ "အထူးသဖြင့် ကြီး၏" ဟူ၍။ ဝစနိယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ (ကဿ၊ အဘယ်ကြောင့်။ သော ကုက္ကုဋ္ဌဿပကော၊ ထို အထူးသဖြင့် ရှေးဦးစွာပေါက်သော ကြက်ငယ်သည်။ ဇေဋ္ဌောတိ၊ "အထူးသဖြင့် ကြီး၏" ဟူ၍။ ဝစနိယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာသနည်း။) ဟိ-ယသ္မာ၊ အကြောင်းကြောင့်။ နေသံ-ကုက္ကုဋ္ဌဿပကာနံ၊ ထိုကြက်ငယ် အပေါင်းတို့တွင်။ ဝါ၊ ထိုကြက်ငယ်အပေါင်းတို့၏။ (အန္တ ရော၊ အလယ်၌။) (ထည့်) သော-ကုက္ကုဋ္ဌဿပကော၊ ထိုအထူးသဖြင့် ရှေးဦးစွာ ပေါက်သော ကြက်ငယ်သည်။ ဇေဋ္ဌော၊ အထူးသဖြင့် ကြီးသည်။ ဟောတိ၊ ဖြစ်၏။ (တသ္မာ၊ ထိုသို့ဖြစ်သည်၏ အဖြစ်ကြောင့်။ သော ကုက္ကုဋ္ဌဿပကော၊ ထိုအထူးသဖြင့် ရှေးဦးစွာ ပေါက်သော ကြက်ငယ်သည်။ ဇေဋ္ဌောတိ "အထူးသဖြင့် ကြီး၏" ဟူ၍။ ဝစနိယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာသတည်း။) ဣတိ၊ ဤသို့။ (ဗြာဟ္မဏော၊ ပုဏ္ဏားသည်။) (ကတ္တားတည့်) အဝေါစ၊ လျှောက်ပြီ။ (ကြိယာထည့်)။ [ပါ။ ၄။ ပါ။ သျ။ ၂၄။ ။ဋ္ဌ။ ၁။ ၁၀၉-လည်း ကြည့်။]

မှတ်ချက် ။ ။ ဝေရဉ္ဇော ဗြာဟ္မဏော ဘဂဝန္တံ ဇေတဝဝေါစ-ပါဠိတော်ကို ထောက်၍ အဝေါစ-ထည့်သည်။ အဋ္ဌကထာ၌ကား "ဗြာဟ္မဏော အာဟ" ဟု အာဟ-ထည့်သည်။ "အနက်ပြ" ဟု သော်လည်း ယူ။

---

၂ ။ ။ (၅) နံပါတ်ပါ အဋ္ဌကထာနှင့် အညီ အနက်

ပိတိယာ၊ ပိတိကို။ ဝိရာဂါ စ၊ စက်ဆုပ်ခြင်းကြောင့် လည်းကောင်း။ ပိတိယာ၊ ပိတိ၏။ ဂူပသမာ စ၊ ငြိမ်းခြင်းကြောင့် လည်းကောင်း။ (တစ်နည်း) ပိတိယာ၊ ပိတိကို။ ဝိရာဂါ စ၊ ကောင်းစွာ လွန်မြောက်ခြင်းကြောင့်လည်းကောင်း။ ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဂူပသမာ စ၊ ငြိမ်းခြင်းကြောင့် လည်းကောင်း။ ဥပေက္ခကော စ၊ လျစ်လျူရှုခြင်းနှင့် ပြည့်စုံသည် ဖြစ်၍လည်း။

http://www.dhammadownload.com

ဝိဟာသိ၊ နေတော်မူပြီ။ [ပါ။ ၅။ ပါ၊ သျှ။ ၂၆။]

---

၃ ။ ။ ကြိယာစွက်ပြီး အနက်

မောဃပုရိသ၊ အချီးနိုး ဖြစ်သော ယောကျ်ားး။ တွံ၊ သင်သည်။ ဗဟူနံ၊ များစွာကုန်သော ပုဂ္ဂိုလ်တို့၏ (အာဒိ, ပုဗ္ဗ-တို့၌ စပ်)။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို (ကတ္တာ-၌စပ်)။ အာဒိကတ္တာ၊ အစ၌ ပြုတတ်သော သူသည် (ကတ္တားပေး)။ ပုဗ္ဗင်္ဂမော၊ ရှေးဦးစွာ သွားပြီးသော သူသည်။ (ဟောတိ၊ ဖြစ်၏။) (ကြိယာထည့်)။ ။ [ပါ၊ ၂၄။ ပါ၊ သျှ၊ ၈၂။ ။ဌ၊ သျှ၊ သစ်၊ ၃။ ၇၇-လည်းကြည့်။]

[အာဒိကတ္တာ-သည် ဟိတ် မဟုတ် ။ ။ ကတ္တာ-သည် ကရ-ဓာတ်, တု-ပစ္စည်းဖြင့် ပြီးသော သတ္တာဒိဂိဏ်းဖြစ်၍ ဟိတ် မပေးသင့်။ အာဒိ-နှင့် "အာဒိမှိ ကတ္တာ အာဒိကတ္တာ" ဟု သတ္တမီတပ္ပု ရိသ်သမာသ်တွဲ၊ အာဒိ-ကတ္တာ သည် ဟိတ် မဟုတ်၊ ကတ္တားသာ။]

---

၄ ။ ။ [ပါ၊ ၅၉။ ပါ၊ သျှ၊ ၁၃၅။]

---

၅ ။ ။ [ဌ၊ ၁။ ၂၂၀။ ဌ၊ သျှ၊ ၁။ ၄၁၇။ ဌ၊ သျှ၊ သစ်၊ ၂။ ၃၁၄။]

---

၆ ။ ။ [ဌ၊ ၁။ ၂၅၂။ ဌ၊ သျှ၊ ၂။ ၃၅၆။ ဌ၊ သျှ၊ သစ်၊ ၃။ ၃၀၁။]

---

၇ ။ ။ [ဌ၊ သျှ၊ သစ်အတိုင်း ယောဇနာ ။ ။ ဤနေရာ၌ ယောဇနာ ဖွင့်ပုံ မကောင်း ။ ။ ဌ၊ ၂။ ၆၂။ ဌ၊ သျှ၊ ၃။ ၃၁၇။ ဌ၊ သျှ၊ သစ်၊ ၄။ ၁၈၂။]

---

၈ ။ ။ [ဌ၊ သျှ၊ သစ် အတိုင်းပေး ။ ။ ဌ၊ ၂။ ၈၀။ ဌ၊ သျှ၊ ၃။ ၃၇၂။ ဌ၊ သျှ၊ သစ်၊ ၄။ ၂၃၈။]

---

၉ ။ ။ [ဌ၊ သျှ၊ သစ် အတိုင်းပေး ။ ။ ဌ၊ ၂။ ၁၀၆။ ဌ၊ သျှ၊ ၄။ ၅။ ဌ၊ သျှ၊ သစ်၊ ၄။ ၃၀၆။]

http://www.dhammadownload.com

၁၀ ။ ။ [ဋ္ဌ၊ သျ၊ သစ် အတိုင်းပေး ။ ။ ဋ္ဌ၊ ၂။ ၁၁၉။ ဋ္ဌ၊ သျ၊ ၄။ ၄၆။ ဋ္ဌ၊ သျ၊ သစ်၊ ၄။ ၃၄၂။]

၁၃၂၉-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) အညထတ္တာယာတိ ပသာဒညထာဘာဝါယ ဝိပွဋိသာရာယဟောတိ။

(ခ) ယေ မဂ္ဂေန အနာဂတသဒ္ဒါ၊ တေသံ ဝိပွဋိသာရံ ကရောတိ "ဤဒိသေပိ နာမ ဓမ္မဝိနယေ မယံ ပသန္နာ၊ ယတ္ထေဝံ ဒုပ္ပဋိပန္နာ ဘိက္ခူ" တိ။

(ဂ) ယေ ပန မဂ္ဂေနာဂတသဒ္ဒါ၊ တေသံ သိနေရု ဝိယ ဝါတေဟိ အဓိလော ပသာဒေါ ဤဒိသေဟိ ဝတ္ထူဟိ ဣတော ဝါ ဒါရဏတရေဟိ။

(ဃ) တေန ဝုတ္တံ "ဧကစ္စာနံ အညထတ္တာယာ" တိ။

၁ ။ ။ ဝိယ-ပုဒ်ကို ကြိယာနှင့် စပ်ကာ (ဂ) အမှတ်ပြဝါကျကို အနက်မှန်မှန် သမ္မန်ပါ။

၂ ။ ။ (ဂ) အမှတ်ပြ ဝါကျကို သာဘောဂပုစ္ဆာ တက်ပြခဲ့ပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃ ။ ။ (ခ) စသော ဝါကျအားလုံးကို ဝါကျအမည် ပေးပြီးလျှင် (က) ဝါကျကို သဒ္ဒါနည်း စာစပ်ပါ။

၄ ။ ။ (ဃ) အမှတ်ပြ ဝါကျလာ အညထတ္တာယ-ပုဒ်ကို အစိတ်, အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟဒ္ဒ ဉာသ်နည်းကောက်ပြပါ။

၅ ။ ။ (ဂ) အမှတ်ပြဝါကျလာ သိနေရု, ဝတ္ထူဟိ-ပုဒ်တို့၌ ဓာတ်, ပစ္စည်း, လိင်တို့ကို ဖော်ပြပါ။

၆ ။ ။ (က) အမှတ်ပြ ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာများကို ထုတ်ပြခဲ့ပါ။

၇ ။ ။ (အထ ဧတေ, အထ ဧတေ, အထ ဧဝါ တံ) မောဃပုရိသ အပွသန္နာနဉ္စေဝ အပွသာဒါယ-၌ ပါဠ် ၃-တန်တွင် အဘယ်ပါဠ် မှန်သနည်း?

http://www.dhammadownload.com

သဒ္ဒနယပြ၍ ဆုံးဖြတ်ခဲ့ပါ။

၈ ။ ။ (ဂ) အမှတ်ပြဝါကျ၌ ဥပမာစတုက္ကကိုလည်းကောင်း, ဒုဿီလ ပုဂ္ဂလေ နိဿာယ ဟိ ဥပေါသထော နာ တိဋ္ဌတိ၊ ပဝါရဏာ နာ တိဋ္ဌတိ၊ သံဃ ကမ္မာနိ နာပဇ္ဇန္တိ-၌ နည်းကိုလည်းကောင်း အကြောင်းပြ၍ ထုတ်ပြခဲ့ပါ။

၉ ။ ။ စိတ်ဖြစ်ခြင်းကို ပြောကြားအပ်ပြီးသော် "ရှင်ရဟန်းအဖြစ် မည်သည် စိတ်၏ အထူးသဖြင့် စင်ကြယ်ခြင်းအကျိုးငှာ ဖြစ်၏။ သင်သည် မမေ့ မလျော့သည်ဖြစ်၍ ရဟန်းတရားကို ပြုကျင့်ပါလော့" ဟု ပြောဆိုအပ် သတဲ့သည်။ ဤအဋ္ဌကထာစကားကို စုဏ္ဏိယဗန္ဓ စီကုံးခဲ့ပါ။

၁၀ ။ ။ (က) အမှတ်ပြဝါကျလာ ဝိပွဋိသာရာယ-ပုဒ်၏ အရကို အာဝတ္တ-ဟာရ ထုတ်ခဲ့ပါ။

၁၃၂၉-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ (ဂ) အမှတ်ပြဝါကျ အနက်သမ္မှန်

ပန၊ ဗျတိရေကကို ပြဉီးအံ့။ ယေ-ဧနာ၊ အကြင်လူတို့သည်။ မဂ္ဂေန၊ အရိယမဂ်ဖြင့်။ အာဂတသဒ္ဒါ၊ လာသော ယုံကြည်ခြင်း ရှိကြကုန်၏။ တေသံ-ဧနာနံ၊ ထိုလူတို့၏။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ သိနေရု၊ မြင်းမိုရ်တောင်သည်။ ဝါတေဟိ၊ လေတို့ဖြင့်။ ဝါ၊ လေတို့ကြောင့်။ (အစလော၊ တုန်လှုပ်ခြင်း မရှိသည်။ ဟောတိ) ဝိယ၊ ဖြစ်သကဲ့သို့။ (တထာ၊ ထို့အတူ။) ဤဒိသေဟိ၊ ဤဝတ္ထုတို့ကဲ့သို့ ရှုအပ်ကုန်သော။ ဝတ္ထူဟိ ဝါ၊ ဝတ္ထုတို့ဖြင့်လည်းကောင်း။ ဝါ၊ ဝတ္ထုတို့ကြောင့်လည်းကောင်း။ ကတော ဝတ္ထုတော- ကမေဟိ ဝတ္ထူဟိ၊ ဤဝတ္ထုတို့ထက်။ ဒါရဏာတရေဟိ၊ အထူးသဖြင့် ကြမ်းတမ်းကုန်သော။ ဝတ္ထူဟိ ဝါ၊ ဝတ္ထုတို့ဖြင့်လည်းကောင်း။ ဝါ၊ ဝတ္ထုတို့ကြောင့် လည်းကောင်း။ အစလော၊ တုန်လှုပ်ခြင်း မရှိသည်။ (ဟောတိ၊ ဖြစ်၏)။ [ဋ္ဌ၊ ၁။ ၁၈၄။ ဋ္ဌ၊ သျ၊ ၂။ ၁၅၆။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၆၈။]

---

၂ ။ ။ (ဂ) အမှတ်ပြဝါကျ သာဘောဂပုဒ္ဓာ

အဓိပ္ပာယ်တက် တက်ပုံ ။ ။ အရှင် အဋ္ဌကထာဆရာ ဆရာသည် (ခ)

http://www.dhammadownload.com

အမှတ်ပြု ဝါကျဖြင့် "အရှင်သုဒိန်၏ မေထုန်အမှုသည် အရိယမဂ်ဖြင့် မလာသော ယုံကြည်ခြင်း ရှိကြကုန်သော လူတို့အား ဝိပွဒို့သာရကို ပြုတတ်၏" ဟု ဆိုတော်မူ၏ (ဋ္ဌပနာ)။ အရိယမဂ်ဖြင့် လာသော ယုံကြည်ခြင်း ရှိကြကုန်သော လူတို့အား ဤသုဒိန်ဝတ္ထုကဲ့သို့ ရှုအပ်သော ဝတ္ထု, ဤဝတ္ထုတို့ထက် အထူးသဖြင့် ကြမ်းတမ်းကုန်သော ဝတ္ထုတို့ကြောင့် တုန်လှုပ်ခြင်း ရှိသော ကြည်ညိုခြင်းသည် ဖြစ်ရာသည် မဟုတ်ပါသော (အာဘောဂ)။ ယင်းလူတို့ကား အဘယ်သို့ ဖြစ်ပါသနည်း (ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) အမှတ်ပြုဝါကျကို မိန့်။

[ဗျတိရေက ဝါကျ အာဘော် ထားနည်း ။ ။ ဗျတိရေက ဝါကျကို တက်ရာ၌ နှ-ကို ထုတ်၍ အာဘော်ထားအပ်၏။ အနွယဝါကျကို တက်ရာ၌ နှ-ကို သွင်း၍ အာဘော်ထားအပ်၏။

ကျက် ။ ။ "ဗျတိရေကာ၊ အနွယာ" ဟု၊ စောဒနာ နှစ်ချက်၊ ပြေင်လျက်ရှိက၊ နှ-ကိုထုတ်,သွင်း၊ အချင်းချင်း၊ ဖြစ်လျှင်း အာဘော်ပေ။ (သမ္မန္တစိန္တာဂဏ္ဌိသစ်။ ၅၆၈)]

ဝါကျတက် တက်ပုံ ။ ။ အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ) အမှတ်ပြု ဝါကျဖြင့် အနွယကို ဆိုတော်မူ၏ (ဋ္ဌပနာ)။ အနွယသည် ဗျတိရေကနှင့် မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ)။ ယင်းအနွယ၏ ဗျတိရေကကား အဘယ်ပါနည်း (ပုစ္ဆာ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) အမှတ်ပြုဝါကျကိုမိန့်။

---

၃ ။ ။ (ခ) (ဂ) (ဃ) အမှတ်ပြုဝါကျတို့၏ အမည်

(ခ) (ဂ) အမှတ်ပြုနှစ်ဝါကျပေါင်းသည် ဝိတ္ထာရဝါကျ ဖြစ်ပါသည်။ ထိုတွင် (ခ) အမှတ်ပြုဝါကျသည် အနွယဝါကျ, (ဂ) အမှတ်ပြုဝါကျသည် ဗျတိရေကဝါကျ, (ဃ) အမှတ်ပြုဝါကျသည် လဒ္ဓဂုဏဝါကျ, (တစ်နည်း) နိဂမဝါကျ ဖြစ်ပါသည်။

[တေန ဝုတ္တံ-အမှတ်အသားနှင့်ဝါကျခွဲ ။ ။ တေနဝုတ္တံ-ပါသော ဝါကျကို "လဒ္ဓဂုဏဝါကျ" ဟု ဆရာတို့ဆိုကြသည်။ ရွှေရေးဆောင် ဆရာကား "နိဂုမ်းဝါကျ" ဟု ယူဆသည်။ ထို့ကြောင့် ဤဝါကျမျိုးတွေ့တိုင်း ၂-မျိုးခွဲရသည်။

http://www.dhammadownload.com

ကျက် ။ ။ တေန ဝုတ္တံ၊ တည်ပါဠိပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ်ပြ၊ ဆိုကုန်ကြ၏၊ နိဂုမ်းထင်လှ၊ နှောတက္ကာ။ ။ (ရွှေရေးဆောင်နိယံ၊ ၃၂၈)]

(က) အမှတ်ပြဝါကျ (သဒ္ဒါနည်း) စာစပ်

အညထတ္တာယာတိ-ကား သဒ္ဒပဒတ္တကပုဒ်တည်း။ (တစ်နည်း) အညထတ္တာယ-ကား မိမိနှောင်ထိုင်သော ဣတိ-၌ သံဝဏ္ဏေတဗ္ဗ၊ ဣတိ ကား သံဝဏ္ဏေတဗ္ဗဓောတက။ (တစ်နည်း) အညထတ္တာယ-ကား ပသာဒညထာဘာဝါယ ဝိပွဋိသာရာယ ဟောတိ-တို့၌ သံဝဏ္ဏေတဗ္ဗ၊ ပသာဒညထာဘာဝါယ ဝိပွဋိသာရာယ ဟောတိ-တို့ကား သံဝဏ္ဏနာ။ ဣတိကား ပသာဒညထာဘာဝါယ ဝိပွဋိသာရာယ ဟောတိ-တို့၌ ဓောတက၊ ပသာဒညတာဘာဝါယ ဝိပွဋိသာရာယ ဟောတိ-တို့ကား ဓောတကဝဏ္ဏ။

ပသာဒညထာဘာဝါယ ဝိပွဋိသာရာယ-တို့ကား "ဌာ" ဟူ၍ အနက်ပေးသောကြောင့် ဟောတိ-၌ တဒတ္ထသမ္ဗန်၊ ဟောတိ-ကား တဒတ္ထသမ္ဗန်၏ ကြိယာ။

---

၄ ။ ။ ဝိဂ္ဂဟနှင့် ဉာသ်ကောက်

အစိတ်ဝိဂ္ဂဟ ။ ။ နှ ဉာယတေတိ အညော၊ အညော ပကာရော အညထာ။

အပေါင်းဝိဂ္ဂဟ ။ ။ အညထာ ဘာဝေါ အညထတ္တံ။

အညထာ၊ ကြည်ညိုသည်မှ တစ်ပါးသော မကြည်ညိုသော ဝိပွဋိသာရစိတ္တုပ္ပါဒ် (ဒေါသမူစိတ္တုပ္ပါဒ်) ဟူသော အပြား၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော ဝိပွဋိသာရ (ကုက္ကုစ္စ) တည်း။ အညထတ္တံ၊ ကြည်ညိုသည်မှ တစ်ပါးသော မကြည်ညိုသော ဝိပွဋိသာရစိတ္တုပ္ပါဒ် (ဒေါသမူစိတ္တုပ္ပါဒ်) ဟူသောအပြား၏ ဖြစ်ကြောင်း, ဖြစ်ရာဖြစ်သော ဝိပွဋိသာရ (ကုက္ကုစ္စ)။

အညထာ ဘာဝေါ-ကား ဘာဝတဒ္ဓိတ်ဝိဂြိဟ်၊ အညတတ္တံ-ကား ဘာဝတဒ္ဓိတ်ပုဒ်၊ အညထာ-ပုဒ် တ္တ-ပစ္စည်း။ ဤအညထတ္တံ-ဟူသော ဘာဝတဒ္ဓိတ်၌ အညထာ-ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား ကြည်ညိုသည်မှ တစ်ပါးသော မကြည်ညိုသော ဝိပွဋိသာရစိတ္တုပ္ပါဒ် (ဒေါသမူ စိတ္တုပ္ပါဒ်) ဟူသော အပြားသည်မှ ချအား ဖြင့် ရ၏။ ထိုကြည်ညိုသည်မှ တစ်ပါးသော မကြည်ညိုသော ဝိပွဋိသာရ

http://www.dhammadownload.com

စိတ္တပ္ပါဒ် (ဒေါသမူစိတ္တုပ္ပါဒ်) ဟူသော အပြား၏ ဝိပွဒိုသာရ (ကုက္ကုစ္စ) နှင့် အပေါင်းအစိတ်, ပကာရပကာရဝန္တ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္မန္နဘောသည် ဌာနူပစာအားဖြင့် ရ၏။ တွ-ပစ္စည်း၏ အရကား ထိုမူလ ဌာနူပစာတို့ဖြင့် မှတ်အပ်သော ဝိပွဒိုသာရ (ကုက္ကုစ္စ) ရ၏။

---

၅ ။ ။ ဓာတ္ဝာဒိဝိဘာဂ

သိနေရ-ကား သိနာ-ဓာတ်, ဧရ-ပစ္စည်း, ပုလ္လိင် ဖြစ်ပါသည်။ ဝတ္ထူဟိ-ကား ဝသ-ဓာတ်, ရတ္ထု-ပစ္စည်း (အဘိဓာန်ဋီကာ၊ မြန်မာမူ ရူပသိဒ္ဓိ), (တစ်နည်း) တု-ပစ္စည်း (သီဟိဠ်ဋ္ဌမူရူပသိဒ္ဓိ), (တစ်နည်း) ထု-ပစ္စည်း (မောဂ္ဂလာန်ဏာဒိဝုတ္တိ), နပုလ္လိင် ဖြစ်ပါသည်။

---

၆ ။ ။ (က) အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

ပသာဒညထာဘာဝါယ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အညထတ္တာယ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ အည-၏ အပါဒါန်ကို ပသာဒ-ကို ခံရမည်၏ အဖြစ်ကိုအဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။ တွ-ပစ္စည်း၏ ဘောအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာသိစေပါသည်။ ပစ္စယတ္ထ သံဝဏ္ဏနာ။ (တစ်နည်း) "အညထာ ဘာဝေါ အညထတ္တံ" ဟု ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

ဝိပွဒိုသာရာယ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အညထတ္တ-၏ အရ ဝိပွဒိုသာရကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ။

ဟောတိ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အညထတ္တာယ-ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၌ (ယင်း၏ စပ်ရာ) ဟောတိ-ဟူသော ပါဌသေသကြိယာ ထည့်စွက်၍ အနုက်ယောဇနာရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထ သံဝဏ္ဏနာ။

---

၇ ။ ။ ပါဠိ အဆုံးအဖြတ်

"အထ ခေါ ဧတံ" ဟု ပုဒ်ဖြတ်၍ ဝမောဒဒန္တာနံ-သုဂ်ဖြင့် အစိတ် သြ-ကို ဝ-ပြုလျှင် အထခွေတံ-ပါဠိ မှန်ပါသည်။ ဝါ ပရော အသရူပါ-သုတ်ဖြင့်

http://www.dhammadownload.com

နောက် ၈-ကို ချေလျှင် အထခေါတဲ့-ပါဠိလည်း မှန်ပါသည်။

"**စတ္တာရောမေ-အစရှိသော ပြယုဂ်၌နှစ်ပါးသောအစီအရင်ရောက်လ လတ်သော်သာဝကာသ,အနဝကာသနှစ်ပါးတို့တွင်အနဝကာသအစီအရင် အား ကြီးသည်ဖြစ်သောကြောင့် အနဝကာသ အစီအရင်သည် ဖြစ်၏**" ဟု သဒ္ဒဝိဒူတို့ မိန့်ရကား သရာ သရေ လောပ် သုတ်အစီအရင် မဖြစ်သင့်သောကြောင့် အထ ခေတဲ့-ပါဠိကား မမှန်ပါ။

[ထောက် ။ ။ အထခွေတ (ပါ။ ၂၃) ဆို အထ ခေါ ဇတဲ့၊ အထ ခေါ တဆို့ပိပါဠ္ဍော။ ဋ္ဌ၊ ၁။ ၁၈၄။ (မေးခွန်းပါ ပါဠိ-ပါ။ ၂၄။)

နှိုင်းချိန်ဖွယ် ။ ။ သရာ သရေ လောပ်-သုတ်ဖြင့် စီရင်၍ အထခေတဲ့-ရုပ်ပြီးပုံကို ယောဇနာဆရာ ဆိုသည်။ သင့်, မသင့်ကိုမူ နှိုင်းချိန်ကြရာ၏။]

---

၈ ။ ။ **ဥပမာ စတုက္ကနှင့်နည်း**

(ဂ) အမှတ်ပြဝါကျ ဥပမာစတုက္က ။ ။ သိနေရ-အရ မြင်းမိရိတောင်သည် နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် ဥပမာနမည်၏။

ပသာဒေါ-အရ (အရိယမဂ်ဖြင့်လာသော ယုံကြည်ခြင်းရှိကြကုန်သော လူတို့၏။) ကြည်ညိုခြင်းသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျ မည်၏။

မြင်းမိရိတောင်, ယုံကြည်ခြင်းတို့၏မတုန်လှုပ်ခြင်းဂုဏ်တစ်စိတ်တစ်ဒေသ တူကြသော သဘောသည် နှိုင်းယှဉ်ခြင်းမျှ ဖြစ်သောကြောင့် ဥပမာ မည်၏။

[ဂုဏ်တစိတ်တူ၊ မတူဒြပ်၊ ဂုဏ်ဖြင့်မှတ်၍၊ သိအပ်ပြီဆ၊ သိရတဖြာ၊ ဥပမာ။ တွင်းကြီးနယ်။ ၂၁။]

ဝိယ-သဒ္ဒါသည် ဥပမာကို ထွန်းပြသောကြောင့် ဥပမာ ဇောတက မည်၏။

ဒုသီလ။ ပ။ နပ္ပဝတ္တန္တိ-၌ နည်း ။ ။ ဒုသီလပုဂ္ဂလေ နိဿာယ ဟိ ဥပေါသထော နာ တိဋ္ဌတိ၊ ပဝါရဏာ နာ တိဋ္ဌတိ၊ သံဃကမ္မာနိ နပ္ပဝတ္တန္တိ (ဋ္ဌ၊ ၁။ ၁၈၉) ၌ သံဃကမ္မာနိ-ဟူသော နည်းသည် ဥပုသ်, ပဝါရဏာ တည်းဟူသော ယှဉ်ဘက် ဥပေါသထ, ပဝါရဏာ သဒ္ဒါတို့၏ အနက်ကို ချန်၍ ဥပသမ္ပဒါ စသော သံဃက် တည်းဟူသော အနက်ကို ဟောသောကြောင့် ဂေါဗလိဗန္ဓနည်း မည်၏။ သာရတ္ထ။

မှတ်ချက် ။ ။ ပုညဉ္စာဏ သမ္ပာရနည်း ပါရိသေသနည်း များလည်း ရသည်ပင်။

http://www.dhammadownload.com

၉ ။ ။ [၌၊ ၁။ ၂၀၃။]

၁၀ ။ ။ အာဝတ္တဟာရ နေတ္တိနည်း

ဝိပဿီသာရာယ-ပုဒ်၏ အရ ကုက္ကုစ္စ စေတသိက် (တစ်နည်း) ကုက္ကုစ္စ ပြဓာန်းသော ဒေါသမူစိတ္တုပ္ပါဒ်အကုသိုလ်သဘဝဓမ္မတရား၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရ, သဒ္ဓမ္မအဿဝန, ဗာလူပါသေဝန, အကွဇ္ဇ, စက္က ဝိပတ္တိ, ပမာဒစသည်တည်း။ ထို ၆-ပါး တို့တွင် အယောနိသောမနသိကာရကို ယူသဖြင့် အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ-ဟူသည်နှင့် အညီ အယောနိသောမနသိကာရလျှင် အကြောင်းရှိသော အကုသိုလ် တရားတို့သည် လည်ကုန်၏။ သဒ္ဓမ္မအဿဝနကို ယူသဖြင့် အဿဝနတာယ ဓမ္မဿ ပရိဟာရန္တိ-ဟူသည်နှင့်အညီ သဒ္ဓမ္မ အဿဝနလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။ ဗာလူပသေဝနကို ယူသဖြင့် ဒုက္ခော ဗာလေဟိ သံဝါသော-ဟူသည်နှင့် အညီ ဗာလူပသေဝနလျှင် အကြောင်း ရှိသော အကုသိုလ် တရားတို့သည် လည်ကုန်၏။ အကွဇ္ဇကို ယူသဖြင့် ခဏာတီတာ ဟိ သော စန္တိ-ဟူသည်နှင့်အညီ အကွဇ္ဇလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။ စက္ကဝိပတ္တိကို ယူသဖြင့် ဝိပန္နဒိဋ္ဌိမာယာဝီ တံ ဧညော ဝသလော ဣတိ-ဟူသည်နှင့် အညီ စက္ကဝိပတ္တိလျှင် အကြောင်းရှိသော အကုသိုလ် တရားတို့သည် လည်ကုန်၏။ ပမာဒကို ယူသဖြင့် ပမာဒေါ မစ္စုနော ပဒံ-ဟူသည်နှင့်အညီ ပမာဒလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။

သုတ်၌ ဝိပဿီသာရကို ဆိုသဖြင့် ထို၏ ဆန့်ကျင်ဘက်ဖြစ်သော အဝိပဿီ-သာရကိုလည်း ယူအပ်၏။ ထို၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရ, သဒ္ဓမ္မသဝန, သပ္ပုရိသူပနိဿယ, နဝမခဏ, စက္ကသမ္ပတ္တိ, အပ္ပမာဒ စသည်တည်း။ ထို ၆-ပါး တို့တွင် အယောနိသော မနသိကာရကို ယူသဖြင့် ထို၏ ဆန့်ကျင်ဘက်ဖြစ်သော ယောနိသောမနသိကာရကိုလည်း ယူအပ်၏။ ထိုကို ယူသဖြင့် ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ။ ဥပ္ပန္နာစ ကုသလာ ဓမ္မာ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ-ဟူသည်နှင့် အညီ ထိုလျှင် အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။ သဒ္ဓမ္မ

http://www.dhammadownload.com

အသဝနကို ယူသဖြင့် ထို၏ ဆန့်ကျင်ဘက် ဖြစ်သော သဒ္ဓမ္မဿဝန ကိုလည်း ယူအပ်၏။ ထိုကိုယူသဖြင့် ပဋိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ၊ ကတမေ ပဉ္စ၊ အသုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊ ကံခံဝိဟနတိ၊ ဒိဋ္ဌိ ဥုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ–ဟူသည်နှင့်အညီ သဒ္ဓမ္မဿဝနလျှင် အကြောင်း ရှိသော မကြားစတောင်း၊ ထုံးကောင်း ကြားသီး၊ ကြားပြီးစင်စွာ၊ ကခံပျောက်ကင်း၊ ဖြောင့်စင်းအယူ၊ ကြည်ခြင်းဟူသား၊ ၅–ဆူမှန်ချက်၊ ကျိုးဆက်မျက်မှောက်၊ ချက်ချင်း ရောက်ခြင်း စသော ကုသိုလ်တရားတို့သည် လည်ကုန်၏။ ဗာလူပသေဝနကို ယူသဖြင့် ထို၏ ဆန့်ကျင်ဘက်ဖြစ်သော သပ္ပုရိသူပနိဿယ ကိုလည်း ယူအပ်၏။ ထိုကိုယူသဖြင့် သဗ္ဗဓေဝ သမာသေထ–စသည်နှင့် အညီ ထိုလျှင်အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။ အက္ခဏကို ယူသဖြင့် ထို၏ ဆန့်ကျင်ဘက်ဖြစ်သော နဝမခဏကိုလည်း ယူအပ်၏။ ထိုကို ယူသဖြင့် ဇကောဝ ခေါ ဘိက္ခဝေ ခဏော သမယော စ ဗြဟ္မစရိယဝါသာယ–ဟူသည်နှင့် အညီ ထိုလျှင် အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။ စက္ကဝိပတ္တိကို ယူသဖြင့် ထို၏ ဆန့်ကျင်ဘက်ဖြစ်သော စက္ကသမ္ပတ္တိ ကိုလည်း ယူအပ်၏။ ထိုကိုယူသဖြင့် စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ–ဟူသည်နှင့် အညီ ထိုလျှင် အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။ ပမာဒကို ယူသဖြင့် ထို၏ ဆန့်ကျင်ဘက်ဖြစ်သော အပ္ပမာဒ ကိုလည်း ယူအပ်၏။ ထိုကို ယူသဖြင့် အပ္ပမာဒံပသံသန္တိ၊ ပုညကြိယာသု ပဏ္ဍိတာ–ဟူသည်နှင့် အညီ ထိုလျှင်အကြောင်း ရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။ ဤသို့ သဘာဂါဝတ္တုန, အသဘာဂါ–ဝတ္တုနအားဖြင့် ဖွင့်ခြင်းသည် အာဝတ္တဟာရ မည်၏–ဟူလိုသော်။

၁၃၃၀–ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁ ။ ။ အထ ခေါ ဘဂဝါ တံ ဘိက္ခုံ ဧတဒဝေါစ "ကိတ္တကေန ခေါ ဘိက္ခု ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော စောရံ ဂဟေတွာ ဟနတိ ဝါ ဗန္ဓတိ ဝါ ပဗ္ဗာဇေတိ ဝါ" တိ–ဟူသော ပါဠိတော်ကို အာကာရကို အနက်အားဖြင့် သွင်း၍ ယောဇနာခဲ့ပါ။

၂ ။ ။ သတ္ထဟာရကံ ဝါသေ ပရိယေသေယျာတိ အသိ ဝါ သတ္တိ ဂါ

http://www.dhammadownload.com

ဘေဏ္ဍိံ ဝါ လဂုဋ္ဌံ ဝါ ပါသာဏံ ဝါ သတ္ထံ ဝါ ဝိသံ ဝါ ရဇ္ဇုံ ဝါ-ဟူသော ပါဋိကို ကတ္တား, ကြိယာ ထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။

၃ ။ ။ အတ္ထိ စေတ္ထ စေတနာ လဗ္ဘတိ-ဟူသော ပါဋိကို ဧတ္ထ-စွဲကို မှန်စေလျက် အနက်ယောဇနာခဲ့ပါ။

၄ ။ ။ ယတော အဟံ ဘန္တေ ဇာတော နာဘိဇာနာမိ သုပိနန္တေ နပိ မေထုနံ ဓမ္မံ ပဋိသေဝိတာ၊ ပဂေဝ ဇာဂရောတိ-၌ ယတော-၏ နိယမ, ဇာတော၏ အဓိပ္ပာယကို ပြ၍ ယောဇနာခဲ့ပါ။

၅ ။ ။ ပုရိမေန ဓမ္မိကသုခါပရိစ္စာဂနိမိတ္တံ ဖာသုဝိဟာရံ၊ ပစ္ဆိမေန ဥတ္တရိမနုဿဓမ္မာနုယောဂနိမိတ္တံ-ကို ကတ္တား, ကြိယာ ထည့်စွက်၍ အနက် ယောဇနာခဲ့ပါ။

၆ ။ ။ ဣဒါနိ ယံ တေန သုတံ၊ တံ ဒဿေန္တော "နသမဏော ဂေါ တမော" တိ ဧဝမာဒိမာဟ-ကို ကတ္တားထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။

၇ ။ ။ ကိံ ပန ဧဝံ ဝတ္တုံ လဗ္ဘတိ၊ ဝိညတ္တိ ဝါ ပယုတ္တဝါစာ ဝါ နဟောတီတိ-ကို ပါဌာနသာရိနည်းအားဖြင့် ယောဇနာခဲ့ပါ။

၈ ။ ။ စတုဗ္ဗိဓံ ဟိ ဝိနယံ၊ မဟာထေရာ မဟိဒ္ဓိကာ။

နိဟရိတွာ ပကာသေသုံ၊ ဓမ္မသင်္ဂါဟကာ ပုရာ-

ဟူသော ဂါထာကို အနက်မှန်မှန် သမ္မန်ခဲ့ပါ။

၉ ။ ။ အဝေလာယံ သမ္ပတ္တော "ဂစ္ဆာဟိ" တိ နဝတ္တဗ္ဗော-ကို အာကာရကို အနက်အားဖြင့် ထုတ်၍ ယောဇနာခဲ့ပါ။

၁၀ ။ ။ ထေယျစိတ္တေန ဝိဿဇ္ဇေန္တော ဘဏ္ဍံ အဂ္ဃါပေတွာ ကာရေတဗ္ဗော-ကို ကတ္တားထည့်စွက်၍ အနက် ယောဇနာခဲ့ပါ။

၁၃၃၀-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍပါဋိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ အာကာရကို အနက်အားဖြင့် သွင်း၍ ယောဇနာ ။ ။ အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တံ ဘိက္ခုံ၊ တရားသူကြီး ဖြစ်ဖူးသော ထိုရဟန်းကို။ ဘိက္ခု၊ ရဟန်း။ ကိတ္တကေန၊ အဘယ်မျှလောက်သော ဥစ္စာကို

http://www.dhammadownload.com

ခိုးယူခြင်းကြောင့်။ မာဂဓော၊ မာဂဓတိုင်းကိုအစိုးရသော။ သေနိယော၊ များသော စစ်သည်ရှိသော။ ဗိမ္မိသာရော၊ ရွှေအနှစ်နှင့် စင်စစ်တူသော အဆင်းရှိသည်၏ အဖြစ်ကြောင့် ဗိမ္မိသာရအမည်ရှိသော၊ ဝါ၊ မြတ်သော ရွှေအဆင်းနှင့် မယွင်းပုံတူ တူသော အဆင်းရှိသည်၏ အဖြစ်ကြောင့် ဗိမ္မိသာရအမည်ရှိသော။ ရာဇာ၊ မင်းသည်။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ဖမ်း၍။ ဟနတိ ဝါ၊ ရိုက်နှက်ပုတ်ခတ် သတ်မူလည်း သတ်သနည်း။ ဗန္ဓတိ ဝါ၊ မြဲစွာနှောင်တွဲ. ဖွဲ့မူလည်း ဖွဲ့သနည်း။ ပဗ္ဗာဇေတိ ဝါ၊ တစ်ပါးရင်ခွင် နှင်မူလည်း နှင်သနည်း။ ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ဤစကားကို၊ အဝေါစ၊ မိန့်တော်မူပြီး။ [ပါ၊ ၅၅။ ပါ၊ သျ၊ ၁၂၈။]

---

၂ ။ ။ ["ယော ပန ဘိက္ခု" ဟု ကတ္တားထည့် ။ ။ ကြွင်း သျ အတိုင်း။ ပါ၊ ၉၂။ ပါ၊ သျ၊ ၁၇၃။]

---

၃ ။ ။ [ပါ၊ ၁၅၃။ ပါ၊ သျ။ ၂၂၆။]

---

၄ ။ ။ [ပါ၊ ၂၄၈။ ပါ၊ သျ။ ၂၉၁။]

---

၅ ။ ။ [ဋ္ဌ၊ သျ၊ သစ် အတိုင်း ယောဇနာ ။ ။ ဋ္ဌ၊ ၁။ ၈၂။ ဋ္ဌ၊ သျ၊ ၁။ ၂၇၅။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၃၃။]

---

၆ ။ ။ [ဋ္ဌ၊ သျ၊ သစ် အတိုင်း ယောဇနာ ။ ။ ဋ္ဌ၊ ၁။ ၁၀၁။ ဋ္ဌ၊ သျ၊ ၂။ ၃၅၉။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၁၈၉။]

---

၇ ။ ။ [ဋ္ဌ၊ ၁။ ၁၇၄။ ဋ္ဌ၊ သျ၊ ၂။ ၁၂၃။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၂၆။]

---

၈ ။ ။ [ဋ္ဌ၊ ၁။ ၁၉၅။ ဋ္ဌ၊ သျ၊ ၂။ ၁၉၆။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၁၁၅။]

---

၉ ။ ။ အာကာရကို အနက်အားဖြင့် ထုတ်၍ ယောဇနာ ။ ။ အဝေလာယံ၊ အခါမဟုတ်သည်၌။ သမ္မတ္တော၊ ရောက်လာသော ဧည့်သည်ကို။ နဝတ္တမ္မော၊

http://www.dhammadownload.com

မဆိုအပ်။ (ကိ၊ အဘယ်သို့။ နဂတ္တမ္ဘော၊ မဆိုအပ်သနည်း။) ဂစ္ဆာဟိ၊ သွား လော့။ ဣတိ၊ ဤသို့။ (နု ဝတ္တမ္ဘော၊ မဆိုအပ်သတည်း)။ [ဋ္ဌ၊ ၂။ ၆၈။ ဋ္ဌ၊ သျ၊ ၃။ ၃၃၄။ ဋ္ဌ၊ သျ၊ သစ်၊ ၄။ ၁၉၉။]

---

၁၀ ။ ။ [ဝိသဒ္ဒေန္တော-နောင် "ဝိနယဓရေန (ဝိနည်းဓိရ်သည်။)" ဟု ကတ္တားစွက် ယောဇနာ ။ ။ ဋ္ဌ၊ ၂။ ၇၇။ ဋ္ဌ၊ သျ၊ ၃။ ၃၆၃။ ဋ္ဌ၊ သျ၊ သစ်၊ ၄။ ၂၂၈။]

၁၃၃၀-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ပရိဘောဂေါတိ ဘဏ္ဍပရိဘောဂေါ။

(ခ) ပရိဘောဂေနာပိ ဟိ ဝါသိအာဒိဘဏ္ဍဿ အဣော ပရိဟာယတိ။

(ဂ) တသ္မာ ဧဝံ ဥပပရိက္ခိတဗ္ဗံ။

(ဃ) သစေ ကောစိ ဂဿစိ ပါဒဋ္ဌနကံ ဝါသိ ဟရတိ (အဝဟရတိ)။

(င) တတြ ဝါသိသာမိကော ပုစ္ဆိတဗ္ဗော။

၁ ။ ။ (င) အမှတ်ပြဝါကျကို ပဓာနကံနှင့် ကတ္တားကို ထည့်၍ ယောဇနာ ခဲ့ပါ။

၂ ။ ။ (ခ) အမှတ်ပြဝါကျကို သာဘောဂစောဒနာ နည်းအားဖြင့် တက် ခဲ့ပါ။

၃ ။ ။ (က) (ခ) (ဂ) (ဃ) အမှတ်ပြ ဝါကျတို့၏ အမည်များကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

၄ ။ ။ ပရိဘောဂ-ဟူသော ပုဒ်ကို ဝစနတ္ထပြု၍ ဉာဿနည်းအရ ကောက် ခဲ့ပါ။

၅ ။ ။ ဝါသိ-၌ ဓာတ်, ပစ္စည်း, လိင်, အနှ်, ဝိဘတ်, ကာရကတို့ကို ပြဆိုခဲ့ပါ။

၆ ။ ။ (က) အမှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သဝဏ္ဏနာများကို ပြဆိုခဲ့ပါ။

http://www.dhammadownload.com

၇ ။ ။ "ဟရတိ, အဝဟရတိ" ဟု ၂-ထွေရိရာ မည်သည့်ပါဠိ သင့်ကြောင်းကို ပြခဲ့ပါ။

၈ ။ ။ (က) အမှတ်ပြဝါကျ၌ သံဝဏ္ဏနာကို ရှု၍ သံဝဏ္ဏေတမ္မပုဒ်၌ ရသင့်သော နည်း, ဥပစာများကို ပြဆိုခဲ့ပါ။

၉ ။ ။ "သင်သည် ဤပဲခွပ်ကို အဖို့ဘယ်မျှဖြင့် ဝယ်အပ်ပါသနည်း" ဟု မေးအပ်၏။ "တစ်မတ်ဖြင့် ဝယ်အပ်ပါသည်ဘုရား" ဟု လျှောက်ထားခဲ့သော် "သင်သည် ဝယ်ပြီးလျှင် ထားအပ်ပါသလော။ သို့မဟုတ် သုံးစွဲအပ်ပါသလော" ဟု မေးအပ်၏။–ဟူသော မြန်မာစကားများကို ပါဠို စုဏ္ဏိယ ဝါကျ စီကုံးခဲ့ပါ။

၁၀ ။ ။ ဝါသိသာမိကော-ဝယ် သာမိက၏ မရွှင်မပြ စွဲဆို ခိုက်ကို ယူ၍ ဓာတောတရဏဟာရနေတ္တိနည်း ထုတ်ခဲ့ပါ။

၁၃၃၀-ခုနှစ် မွာစရိယတန်း
ပါရာဓိကကဏ္ဍ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ (ဂ) အမှတ်ပြဝါကျ ပဓာနကံနှင့် ကတ္တားထည့်၍ ယောဇနာ။

တတြ-တသ္မိံ ဟရဏေ၊ ထိသို့ခိုးယူရာ၌။ (ဝိနယဓရေန၊ ဝိနည်းခိုရ်သည်။) (ကတ္တား) ဝါသိသာမိကော၊ ပဲခွပ်၏အရှင်ကို။ (အည်း၊ ပဲခွပ်၏အဖို့ကို။) (ပဓာနကံ) ပုစ္ဆိတမ္ဟေ၊ မေးအပ်၏။ [ဋ္ဌ၊ ၁။ ၂၆၇။ ဋ္ဌ၊ သျ၊ ၂။ ၄၀၄။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၃၅၁။]

---

၂ ။ ။ (ခ) အမှတ်ပြဝါကျ သာဘောဂ စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) အမှတ်ပြဝါကျဖြင့် "ဘဏ္ဍာကို သုံးဆောင်ခြင်းသည် ပရိဘောဂ မည်၏" ဟု ဆိုတော်မူ၏ (ဋ္ဌပနာ)။ "ပရိဘောဂံ" ဟု သာမညအားဖြင့် ရှေးဆရာတို့ ဆိုကြကုန်သည် မဟုတ်ပါလော (အာဘောဂ)။ ထိုသို့ဖြစ်လျက် "ဘဏ္ဍာပရိဘောဂေါ" ဟု ဖွင့်ဆိုသော ဆရာ့စကား၌သည် အဘယ်သို့သော ဒဋ္ဌကရဏယုတ္တိဝစနဖြင့် သင့်နိုင်ပါအံ့နည်း (စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) အမှတ်ပြဝါကျကို မိန့်။

http://www.dhammadownload.com

အဓိပ္ပာယ်ကား ။ ။ သုံးစွဲခြင်းကြောင့်လည်း ပဲခွပ် အစရှိသော ဘဏ္ဍာ၏ အဖိုးသည် ယုတ်လျော့၏။ ဤသို့သော ဒဋ္ဌိကရဏယုတ္တိဝစနဖြင့် "ဘဏ္ဍပရိဘောဂေါ" ဟု ဖွင့်ဆိုသော ငါ့စကား သင့်၏–ဟူလို။

[သိဖွယ် ။ ။ ဝါကျတက်ကို နောတ်မှီးတက်လေတော့။ (ဂ) အမှတ်ပြဝါကျပါ ပေါင်းတက်မှ ဝိတ္ထာရအနေဖြင့် တက်လို့ရသည်။ (ခ) အမှတ်ပြတစ်ဝါကျတည်း တက်သော် ဝိတ္ထာရအနေဖြင့် တက်လို့ မရ။]

---

၃ ။ ။ (က) (ခ) (ဂ) (ဃ) အမှတ်ပြဝါကျတို့၏ အကြောင်းနှင့်တကွ အမည်

(က) အမှတ်ပြဝါကျသည် အဋ္ဌ–ဟူသော သံဝဏ္ဏေတမ္ဗပုဒ်၏ အဖွင့် သံဝဏ္ဏနာမှ တစ်ပါး ပရိဘောဂ်–ဟူသော သံဝဏ္ဏေတမ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာ ဟု ဆိုအပ်သော အဖို့တစ်ပါးကို ပြသောကြောင့် ပကွန္တရဝါကျ ဖြစ်ပါသည်။

(ခ) အမှတ်ပြဝါကျသည် (က) အမှတ်ပြဝါကျကို ယုတ္တိအားဖြင့် မြဲမြံခိုင်ခဲ့အောင် ပြုသောကြောင့် ယုတ္တိဒဋ္ဌိကရဏဝါကျ ဖြစ်ပါသည်။

(ဂ) အမှတ်ပြဝါကျသည် (ခ) အမှတ်ပြဝါကျကို ဆိုသဖြင့် ရအပ်သော အကျိုးကို ပြသောကြောင့် လဒ္ဓဂုဏဝါကျ ဖြစ်ပါသည်။ (တစ်နည်း)

(ခ) (ဂ) အမှတ်ပြ နှစ်ဝါကျပေါင်းသည် (က) အမှတ်ပြ ဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ ဖြစ်ပါသည်။ ထိုတွင်–

(ခ) အမှတ်ပြဝါကျသည် အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ ဖြစ်ပါသည်။

(ဂ) အမှတ်ပြဝါကျသည် အကျိုးကို ပြသောကြောင့် ဖလဝါကျ ဖြစ်ပါသည်။

(ဃ) အမှတ်ပြဝါကျသည် (ဂ) အမှတ်ပြဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ ဖြစ်ပါသည်။

---

၄ ။ ။ ဝစနတ္ထနှင့် ဥသ်ကောက်

ပရိဘုဉ္ဇနံ ပရိဘောဂေါ၊ ပရိဘုဉ္ဇနံ၊ သုံးဆောင်ခြင်း။ ပရိဘောဂေါ၊ သုံးဆောင်ခြင်း။

http://www.dhammadownload.com

ပရိဘုဥ္ဇနံ-ကား ဘာဝသာဓနကိတ် ဝိဂြိဟ်၊ ပရိဘောဂေါ-ကား ဘာဝသာဓနကိတ်ပုဒ်။ ပရိပုဗ္ဗ ဘုဇ-ဓာတ်, ဏ-ပစ္စည်း။ ပရိ-ဟူသော ဥပသာရပုဒ်၏ အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ် ရ၏။ ဘာဝဝါစကပုဒ်တို့၏ သဘောသည် ဓာတ်အရ, ပစ္စည်းအရ အထူးမရှိသောကြောင့် သုံးဆောင်ခြင်း ကြီယာ ရ၏။

---

၅ ။ ။ ဓာတွာဒိ ဝိဘာဂ

ဝါသိ-ကား ဝသဓာတ်, ဏ္ဏ-ပစ္စည်း (မောဂ္ဂလာန် ဏွာဒိဝုတ္တိ), (တစ်နည်း) ဏိ-ပစ္စည်း (အဘိဓာန်ဋီကာ), ဏ္ဍတ္တိလိင်, ဏ္ဍကာရန် (မောဂ္ဂလာန် ဏွာဒိဝုတ္တိ), (တစ်နည်း) ဏ္ဍိကာရန် (အဘိဓာန်ဋီကာ), ဒုတိယာဧကဝုစ် အံ ဝိဘတ်, ကမ္မကာရက ဖြစ်ပါသည်။

[ဝါသိ, ဝါသီ ။ ။ မောဂ္ဂလာန် ဏွာဒိဝုတ္တိ (၁၀) အလို ဏ္ဍ-ကာရန္တ, အဘိဓာန်ဋီကာ (၃၉၃) အလို ဏ္ဍိ-ကာရန္တဖြစ်၍ ဝါသိ, ဝါသီ-ပါဠိနှစ်ထွေ ရှိနိုင်သည်။]

---

၆ ။ ။ (က) အမှတ်ပြုဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

ဘဏ္ဍပရိဘောဂေါ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပရိဘောဂ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏အရ ဘဏ္ဍာကို သုံးဆောင်ခြင်း ဘဏ္ဍ ပရိဘောဂကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အာဘေယျတ္ထသံဝဏ္ဏနာ။

(တစ်နည်း) ဘဏ္ဍပရိဘောဂေါ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ဘဏ္ဍပရိဘောဂေါ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏ အဖြစ်, ယင်း ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏ ကံအနက် ဟောဂ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဘဏ္ဍပရိဘောဂေါ-ဟူသော ပုဒ်ကို "ဘဏ္ဍဿ ပရိဘောဂေါ ဘဏ္ဍ ပရိဘောဂေါ" ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ "ဘဏ္ဍပရိဘောဂ" ဟု နေလိုလျက် ဘဏ္ဍ-ဟူသော ရေ့.ပုဒ် ကျေနေသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com

[ကောင်းမည်မထင် ။ ။ နောက်နည်းသည် **သံဝဏ္ဏနာ၊ ဖွင့်ဆိုရာ၌၊ ပါဠိရင်းမှာ၊ ရှိတာ မပြ၊ အနက္ထ၊ သေသ တုလျက်၊ မရှိတာပြ၊ တဒ္ဓိတ၊ လောပသမာသ်၊ ကြံလေပါ**–နှင့် ညီသော်လည်း ကောင်းမည် မထင်ပါ။]

---

၇ ။ ။ ပါဠ် အဆုံးအဖြတ်

ဟရတိ–၌ ဟရ–ဓာတ်၏ အနက်သည် ဟရ–အာဒါနေ–ဟူသော သဒ္ဒနိတိ ဓာတုမာလာ (၁၅၃) နှင့်အညီ အာဒါနတ္ထတည်း။ ယင်း၌ "ယူခြင်း" ဟူသည် ဤနေရာ၌ ခိုးယူခြင်းပင် ဖြစ်ရကား ဟရတိ–နှင့် အဝဟရတိ–သည် အနက်တူ ဖြစ်သောကြောင့် ဟရတိ, အဝဟရတိ–၂–ထွေလုံး သင့်ပါသည်။

[သီဖွယ် ။ ။ "အနက်တူ" ဟု ဆိုသော်လည်း အဝဟရတိ–သဒ္ဒါသည် ခိုးယူ၏–ဟူသော အနက်၌ သဒ္ဒတ္ထအားဖြင့် ဖြစ်သည်။ ဟရတိ–သဒ္ဒါကား သဒ္ဒတ္ထအားဖြင့် မဖြစ်။ အဓိပ္ပါယတ္ထအားဖြင့်သာ ဖြစ်သည်။ မှန်၏–အဝဟရတိ–၌ အဝ–သဒ္ဒါသည် ထေယျ (ခိုးခြင်း) အနက်ဟောတည်း။ ရူပသိဒ္ဓိ။ ၁၅၈။ သဒ္ဒနီတိ သုတ္တမာလာ။ ၃၆၄။]

---

၈ ။ ။ နည်း, ဥပစာ

ပရိဘောဂေါ–ဟူသောနည်းသည် ပရိဘောဂအားလုံးနှင့် ဆက်ဆံသော်လည်း ဤအရာဝယ် ပရိဘောဂအားလုံး၌ မထင်၊ ဘဏ္ဍပရိဘောဂ၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် အထင်ရှိဋ္ဌနည်း မည်၏။

ပရိဘောဂ–သဒ္ဒါသည် အပေါင်းဖြစ်သော ပရိဘောဂ အားလုံး၏ "ပရိဘောဂ" ဟူသောအမည်ကို အစိတ်ဖြစ်သော ဘဏ္ဍပရိဘောဂ၌ တင်စား၍ အစိတ်ဖြစ်သော ဘဏ္ဍပရိဘောဂကို "ပရိဘောဂ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသုဒ္ဓုပစာ=သမုဒါယုပစာ မည်၏။

[သတိပြု ။ ။ သရုပ်ကြား အဘိဓေယျအားဖြင့် ဖွင့်ထားသည်ကို သတိပြုပါ။]

---

၉ ။ ။ [ဋ္ဌ၊ ၁။ ၂၆၇။]

---

http://www.dhammadownload.com

၁၀ ။ ။ ဓာတောတရဏဟာရနေတ္တိနည်း

သာမိက၏ မရွှင်မပြ စွဲဆိုခိုက်ဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်တို့တွင် ဒေါသမူဒွေသည် မနောဝိညာဏဓာတ် မည်၏။ စေတသိက်ဓာဝိသသည် ဓမ္မဓာတ် မည်၏။ ဤသို့ ဓာတ်အားဖြင့် သွင်းခြင်းသည် ဓာတောတရဏဟာရ မည်၏-ဟူသော်။

၁၃၃၁-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဂကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁ ။ ။ အာယသ္မန္တံ သုဒိန္နံ ဇေတဝေါစ "ကိဒိသာ နာမ တာ အယျပုတ္တ အစ္ဆရာယော၊ ယာသံ တွံ ဟေတု ဗြဟ္မစရိယံ စရသီ" တိ-ဟူသော ပါဠိတော်ကို အာကာရကို အနက်အားဖြင့် သွင်း၍ ယောဇနာခဲ့ပါ။

၂ ။ ။ တတြ ယွာယံ ဘိက္ခု သမဂ္ဂေန သံဃေန ဥတ္ထိစတုတ္ထေန ကမ္မေန အကုပ္ပေန ဌာနာရဟေန ဥပသမ္ပန္နော၊ အယံ ဣမသ္မိံ အတ္ထေ အဓိပ္ပေတော "ဘိက္ခူ" တိ-ဟူသော ပါဠိတော်ကို တတြ-အစွဲ မှန်စေလျက် အနက်ပေးခဲ့ပါ။

၃ ။ ။ အာဒိယေယျာတိ အာဒိယေယျ၊ ဟရေယျ၊ အဝဟရေယျ၊ ဣရိယာပထံ ဝိကောပေယျ၊ ဌာနာစာဝေယျ၊ သင်္ကေတံ ဝိတိနာမေယျ-ဟူသော ပါဠိတော်ကို ကတ္တားထည့်စွက်၍ အနက်ပေးခဲ့ပါ။

၄ ။ ။ အညတရော ဘိက္ခု ဝါတမဏ္ဍလိကာယ ဥက္ခိတ္တံ သာဋကံ ပဿိတွာ "သာမိကာနံ ဒဿာမိ" တိ အဂ္ဂဟေသိ-ဟူသော ပါဠိတော်ကို အာကာရကို အနက်အားဖြင့် ထုတ်၍ ယောဇနာခဲ့ပါ။

၅ ။ ။ ယေ စာပိ သံဝရမူလကာ ကုသလာ ဓမ္မာ ဝုတ္တာ ဘဂဝတာ ဝိနယဓရော ပဂ္ဂလော တေသံ ဒါယာဒေါ၊ ဝိနယမူလကတ္တာ တေသံ ဓမ္မာနံ-ကို အနက်မှန် သမ္မန်ခဲ့ပါ။

၆ ။ ။ နာနပ္ပကာရဂုဏဝိသေသာဓိပ္ပာယေန၊ သာဒုဖလူပဘောဂါဓိပ္ပာယေန ဒိဇဂဏေဟိ နိစ္စဖလိတမဟာရုက္ခော ဝိယ-ကို ဥပမေယျဝါကျ၌ ကဲ့, ကြိယာ ထည့်စွက်၍ အနက်ပေးခဲ့ပါ။

၇ ။ ။ သတပါကသဟဿပါကာနဉ္စ ဘေသဇ္ဇတေလာနံ တုမ္ဟာနိ ပူရေတွာ ဧကမေကဿ ဘိက္ခုနော အဗ္ဘဉ္ဇနတ္ထာယ သဟဿဂ္ဃနကံ တေလမဒါသိ-

http://www.dhammadownload.com

ကို ကတ္တားထည့်စွက်၍ အနက်ပေးခဲ့ပါ။

၈ ။ ။ မဟာဘောဂါတိ ဒိဝသပရိဗ္ဗယသခ်ါတဘောဂမဟန္တတာယ မဟာဘောဂါ။ အညေဟိ ဥပဘောဂေဟိ ဇာတရူပရဇတသေဝ ပဟူတ-တာယ ပဟူတဇာတရူပရဇတာ-ကို အနက်မှန် သမ္မန်ခဲ့ပါ။

၉ ။ ။ တိဏကုဋိယော ဘိန္ဒိတွာတိ နဒဏ္ဍမုဂ္ဂရာဒီဟိ စုဏ္ဏဝိစုဏ္ဏံ ကတွာ ပဟ္ဟသသေန ပန တိဏဥ္စ ဒါရုဝလ္လိအာဒိနိစ ဩရောပေတွာတိ အတ္ထော-ကို ကြိယာထည့်စွက်၍ အနက်ပေးခဲ့ပါ။

၁၀ ။ ။ စတုရော ဇနာ သံဝိဓာယ၊
ဂရုဘဏ္ဍံ အဝါဟရုံ။
တယော ပါရာဇိကာ, ဧကော နပါရာဇိကော၊
ပဉ္စာ မေသာ ကုသလေဟိ စိန္တိတာ-
ဟူသော ဂါထာကို အနက် ယောဇနာခဲ့ပါ။

၁၃၃၁-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ အာကာရကို အနက်အားဖြင့် သွင်း၍ ယောဇနာ ။ ။ အာယသ္မန္တံ သုဒိန္နံ၊ အရှင် သုဒိန်ကို။ အယျပုတ္တ၊ အရှင့်သား။ ယာသံ-အစ္ဆရာနံ၊ အကြင် နတ်သမီးတို့၏။ ဟေတု၊ အကြောင်းကြောင့်။ တွံ၊ သင်သည်။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရသိ၊ ကျင့်၏။ တာ အစ္ဆရာယော၊ ထိုနတ်သမီးတို့သည်။ ကီဒိသာ နာမ၊ အဘယ်သို့ သဘောရှိကုန်သနည်း။ ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ဆိုပြီ။ [ပါ။ ၂၀။ ပါ၊ သျ၊ ၆၈။]

---

၂ ။ ။ [တတြ၊ ထိုဘိက္ခကော-အစရှိသော နည်းဖြင့် ဆိုအပ်ကုန်ပြီးသော ဘိက္ခုတို့တွင်။ ဤသို့ အဋ္ဌကထာ (၂၀၈) ဖွင့် အတိုင်းလည်း စွဲနိုင်သည် ။ ။ [ပါ။ ၂၈။ ပါ၊ သျ။ ၉၂။]

---

၃ ။ ။ ["ယော ပန ဘိက္ခု" ဟု ကတ္တားထည့် ။ ။ ပါ။ ၅၇။ ပါ၊ သျ။ ၁၃၁။]

---

http://www.dhammadownload.com

၄ ။ ။ အာကာရကို အနက်အားဖြင့် ထုတ်၍ ယောဇနာ ။ ။ အညတရော၊ အမှတ်မရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ဝါတမဏ္ဍလိကာယ၊ လေပွေဖြင့်။ ဥက္ခိတ္တံ၊ ချီအပ်သော။ သာဒုကံ၊ ပုဆိုးကို။ ပသိတွာ၊ မြင်၍။ အဂ္ဂဟေသိ၊ ယူပြီ။ (ကိ၊ အဘယ်သို့။ စိန္တေတွာ၊ ကြံ၍။ အဂ္ဂဟေသိ၊ ယူပြီးသနည်း။) သာမိကာနံ၊ အရှင်တို့အား။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံ၍။ အဂ္ဂဟေသိ၊ ယူပြီးသတည်း) ။ ။ [ပါ။ ၇၂။ ပါ၊ သျ။ ၁၄၆။]

---

၅ ။ ။ [ဋ္ဌ၊ ၁။ ၇၇။ ဋ္ဌ၊ သျ၊ ၁။ ၂၅၅။ ဋ္ဌ၊ သျ၊ သစ်၊ ၁။ ၅၁၃။]

---

၆ ။ ။ [ဋ္ဌ၊ သျ၊ သစ်အတိုင်းပေး ။ ။ ဋ္ဌ၊ ၁။ ၁၀၀။ ဋ္ဌ၊ သျ၊ ၁။ ၃၅၄။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၁၈၀ ။ ။ ၁၃၁၈-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၇ ။ ။ ["ဗြာဟ္မဏော" ဟု ကတ္တားထည့် ။ ။ ဋ္ဌ၊ ၁။ ၁၆၇။ ဋ္ဌ၊ သျ၊ ၂။ ၁၀၁၊ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၆၀၃။]

---

၈ ။ ။ [ဋ္ဌ၊ ၁။ ၁၇၃။ ဋ္ဌ၊ သျ၊ ၂။ ၁၂၀။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၂၁။]

---

၉ ။ ။ [ဋ္ဌ၊ သျ၊ သစ် အတိုင်းပေး ။ ။ ဋ္ဌ၊ ၁။ ၂၄၉။ ဋ္ဌ၊ သျ၊ ၂။ ၃၄၆။ ဋ္ဌ၊ သျ၊ သစ်၊ ၃ ။ ၂၈၉။]

၁၀။ ။ [ဋ္ဌ၊ ၁။ ၃၂၁။ ဋ္ဌ၊ သျ၊ ၂။ ၅၅၉။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၄၉၈။]

၁၃၃၁-ခုနှစ် မဂ္ဂာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ ဥပေက္ခာယဇနိတသတိပါရိသုဒ္ဓိ။

(ခ) ဣမသ္မိဥ္စ ဈာနေ သုပရိသုဒ္ဓါ သတိ။

(ဂ) ယာ စ တဿာ သတိယာ ပါရိသုဒ္ဓိ၊ သာ ဥပေက္ခာယ ကတာ

http://www.dhammadownload.com

နံ အညေန။

(ဃ) တသ္မာ ဧတံ "ဥပေက္ခာသတိပါရိသုဒ္ဓိ" န္တိ ဝုစ္စတိ။

၁ ။ ။ (ဂ) (ဃ) အမှတ်ပြဝါကျတို့ကို ဝုစ္စတိ-၏ ကတ္တာထည့်စွက်၍ အနက်ပေးခဲ့ပါ။

၂ ။ ။ (ဂ) အမှတ်ပြဝါကျကို သာဘောဂပုဒ္ဓာနည်းအားဖြင့် တက်ပြပါ။

၃ ။ ။ (က) (ခ) (ဂ) (ဃ) အမှတ်ပြဝါကျတို့၏ အမည်ကို ဖော်ပြ၍ (က) ဝါကျ၌ ပါသော ဥပေက္ခာယ-ပုဒ်ကို စာစပ်ခဲ့ပါ။

၄ ။ ။ ဥပေက္ခာသတိပါရိသုဒ္ဓိ-ကို ဖြစ်သင့်သမျှ သမာသ် တွဲစပ်၍ နောက်ဆုံး ဝစနတ္ထကိုသာ ဉာသ်နည်းအရ ကောက်ပြပါ။

၅ ။ ။ ဥပေက္ခာယ-၌ ဓာတ်, ပစ္စည်း, ပစ္စယတ္ထ, လိင်, ကာရကာ, ဝိဘတ်, ကရကတို့ကို ပြခဲ့ပါ။

၆ ။ ။ (က) အမှတ်ပြ ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာကို ဖော်ပြပါ။

၇ ။ ။ ဌပေတွာ ပန သတိ' (ဥပေက္ခာဝေဒနမေဝ) (ဥပေက္ခေကဂ္ဂတမေဝ) ဂဟေတွာ နိပ္ပရိယာယေန-စသည်၌ "ဥပေက္ခာဝေဒနမေဝ, ဥပေက္ခေကဂ္ဂတမေဝ" ဟု ပါဠိနှစ်ထွေရှိရာ သင့်သော ပါဠိကို အကြောင်းပြ၍ ညွှန်ကြားခဲ့ပါ။

၈ ။ ။ (က) အမှတ်ပြဝါကျ၌ ဖြစ်သင့်သော နည်း, ဥပစာများကို တင်ပြခဲ့ပါ။

၉ ။ ။ ထိုတတြမဇ္ဈတ္တုပေက္ခာ၏ ထက်ဝန်းကျင် စင်ကြယ်သည်၏ အဖြစ်ကြောင့် ထက်ဝန်းကျင် စင်ကြယ်သော လအရေး၏ အရောင်ကဲ့သို့တကွ ဖြစ်ကုန်သော သတိစသော တရားတို့သည်လည်း ထက်ဝန်းကျင် စင်ကြယ်ကုန်သည် ထက်ဝန်းကျင် ဖြူစင်ကုန်သည် ဖြစ်ကုန်၏။ ထို့ကြောင့် ဤစတုတ္ထစျာန်ကိုသာ "ဥပေက္ခာသတိပါရိသုဒ္ဓိ" ဟု ဟောအပ်ပြီ။ ဤမြန်မာစကားကို ပါဠိစုဏ္ဏိယဝါကျ စီကုံးခဲ့ပါ။

၁၀ ။ ။ ဥပေက္ခာသတိပါရိသုဒ္ဓိ-၏ အဘိဓေယျတ္ထကို ယူ၍ ပဒဋ္ဌာန-ဟာရနေတ္တိနည်း ထုတ်ပြပါ။

http://www.dhammadownload.com

၁၃၃၁-ခုနှစ် ခမ္မာစရိယတန်း
ပါရာဇိကကဏ္ဍပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁ ။ ။ ["ဘဂဝတော" ဟု ကတ္တားထည့် ။ ။ ဋ္ဌ၊ ၁။ ၁၂၅။ ဋ္ဌ၊ သျှ။ ၁။ ၄၃၇။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၃၅၂။]

---

၂ ။ ။ (ဂ) အမှတ်ပြဝါကျ သာဘောဂပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ) အမှတ်ပြုဝါကျဖြင့် "စတုတ္ထ-ဈာန်၌ သတိသည် ကောင်းစွာ ထက်ဝန်းကျင်မှ စင်ကြယ်၏" ဟု ဆိုတော်မူ၏ (ဋ္ဌပနာ)။ ထိုသတိ၏ ကောင်းစွာ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းကို ဥပေက္ခာမှ တစ်ပါးသော တရားသည် ပြုအပ်သည်မဟုတ်ပါလော (အာဘောဂ)။ အဘယ် တရားသည် ပြုအပ်ပါသနည်း (ပုစ္ဆာ)။ ဤသို့မေးမြန်းရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား ။ ။ သတိ၏ ကောင်းစွာ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းကို ဥပေက္ခာမှ တစ်ပါးသော တရားသည်ပြုအပ်သည် မဟုတ်၊ ဥပေက္ခာသည် ပြုအပ်၏–ဟူလို။

---

၃ ။ ။ (က)၊ (ခ) (ဂ) (ဃ) အမှတ်ပြဝါကျတို့၏ အမည်

(က) အမှတ်ပြဝါကျသည် ပကိဏ္ဏကရဝါကျ (ခ) အမှတ်ပြဝါကျသည် ယုတ္တိဒဋ္ဌိကရဏဝါကျ (ဂ) အမှတ်ပြဝါကျသည် ဝါကျာရမ္ဘဝါကျ (ဃ) အမှတ်ပြဝါကျသည် လဒ္ဓဂုဏဝါကျ ဖြစ်ပါသည်။

(တစ်နည်း) (ခ) (ဂ) (ဃ) အမှတ်ပြ ၃-ဝါကျပေါင်းသည် ဝိတ္ထာရဝါကျ ဖြစ်ပါသည်။ ထိုတွင်- (ခ) (ဂ) အမှတ်ပြ ၂-ဝါကျပေါင်းသည် ကာရဏဝါကျ ဖြစ်ပါသည်။ ထိုတွင် (ဂ) အမှတ်ပြဝါကျသည် ဝါကျာရမ္ဘ ဝါကျ (ဃ) အမှတ်ပြဝါကျသည် ဖလဝါကျ ဖြစ်ပါသည်။

ဥပေက္ခာယ–ပုဒ် စာစပ် ။ ။ ဥပေက္ခာယ-ကား "သည်" ဟူ၍ အနက်ပေးသောကြောင့် ဇနိတသတိပါရိသုဒ္ဓိ-ဝယ် ဇနိတာ-ဟူသော ပုဒ်တစ်စိတ်၌ ဇန-ဓာတ်, တ-ပစ္စည်းဟု ဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကတ္တား ဇနိတာ-ဟူသော ပုဒ်တစ်စိတ်ကား ကတ္တား ၏ ကြိယာ။ ဝါ၊

http://www.dhammadownload.com

ထိုကတ္တားကို မဟောသော ကိတ်ကြိယာ ဝါစကတည်း။

---

၄ ။ ။ ဝစနတ္ထနှင့် ဥာသ်ကောက်

ဥပေက္ခာယဇနိတာ ဥပေက္ခာဇနိတာ။ သတိယာ ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ။ ဥပေက္ခာဇနိတာ သတိပါရိသုဒ္ဓိ ဇတဿာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ။

ဇတဿ၊ ဤစတုတ္ထဈာန်အား။ ဥပေက္ခာဇနိတာ၊ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော။ သတိပါရိသုဒ္ဓိ၊ သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုသို့ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ တံ ဈာနံ၊ ထိုစတုတ္ထဈာန်သည်။ ဥပေက္ခာသတိပါရိသုဒ္ဓိ၊ ဥပေက္ခာသတိပါရိသုဒ္ဓိ မည်၏။

ဥပေက္ခာဇနိတာ သတိပါရိသုဒ္ဓိ ဇတဿာတိ–ကား မဇ္ဈေလောပိစတုတ္ထိ–ဗဟုဗ္ဗိဟိသမာသ်ဝိဂြိဟ်၊ ဥပေက္ခာသတိပါရိသုဒ္ဓိ–ကား မဇ္ဈေလောပိစတုတ္ထိ–ဗဟုဗ္ဗိဟိ သမာသ်ပုဒ်။ ဥပေက္ခာဇနိတာ–ပုဒ်, သတိပါရိသုဒ္ဓိ–ပုဒ်, ဇတ–ပုဒ်။ ဤဥပေက္ခာသတိပါရိသုဒ္ဓိ–ဟူသော မဇ္ဈေလောပိစတုတ္ထိ ဗဟုဗ္ဗိဟိသမာသ်ပုဒ်၌ ဥပေက္ခာသတိပါရိသုဒ္ဓိ–ဟူသော သမာသ်ပုဒ်၏ အရကား တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း၊ဂုဏ်သည် မုချအားဖြင့် ရ၏။ ထိုတတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း၊ဂုဏ်၏ စတုတ္ထဈာန်နှင့် ဂုဏ် ဂုဏေား, ဌာနီ ဌာန၏ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္မန်သည် ဌာနူပစာအားဖြင့်ရ၏။ ဇတဿ–ဟူသော အညပုဒ်၏အရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော စတုတ္ထဈာန်သည် အပဓာနအားဖြင့် ရ၏။ ဝိသေသနပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲ ဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော သမ္မန်သကတ်ဟု ဆိုအပ်သော ဂုဏ်သည်သာ ပဓာနအားဖြင့်ရ၏။

မှတ်ချက် ။ ။ မဇ္ဈေလောပိသတ္တမီဗဟုဗ္ဗိဟိ သမာသ်လည်း အသင့်ပင်။

---

၅ ။ ။ ဓာတ္ဝာဒိဝိဘာဂ

ဥပေက္ခာယ–ကား ဥပ–ပုဗ္ဗ ဣက္ခ–ဓာတ်, အ–ပစ္စည်း (ကိတ), အာ–ပစ္စည်း (ဣတ္ထိဇောတက), ကတ္တုတ္ထ (ကိတပစ္စယတ္ထ), ဣတ္ထိလိင်္ဂတ္ထ (ဇောတေ

http://www.dhammadownload.com

တဗွတ္ထ), ဣတ္ထိလိင် (ဤ၌ သဒ္ဒလိင်, ဓောတောတဗွတ္ထဥ်ကား အတ္ထလိင်), အာကာရန္တ, တတိယာဇကေဝုစ် နာ-ဝိဘတ်, ကတ္တုကာရက ဖြစ်ပါသည်။

---

၆ ။ ။ (က) အမှတ်ပြဝါကျ အာဘောဂနှင့် သဝတ္ထနာ

ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိ-ဟူသော သဝတ္ထနာ ပါဠ်ဖြင့် ဥပေက္ခာ-ဇနိတာ- ဟူသော သဝဇ္ဈောတဗွပုဒ်၏ တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏ အဖြစ်, ယင်းတပ္ပုရိသ်သမာသ်ပုဒ်၏ ကတ္တားအနက်ဟောဇ်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသဝတ္ထနာ။ (တစ်နည်း) ဥပေက္ခာဇနိတာ-ဟူသော သဝဇ္ဈောတဗွပုဒ်ကို "ဥပေက္ခာယ ဇနိတာ ဥပေက္ခာဇနိတာ" ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသဝတ္ထနာ။

သတိပါရိသုဒ္ဓိ-ဟူသော သဝဇ္ဈောတဗွသမာသ်ပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်, ယင်းဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏ သမ္ဗန်အနက်ဟောဇ်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထ သဝတ္ထနာ။ (တစ်နည်း) သတိပါရိသုဒ္ဓိ-ဟူသော သဝဇ္ဈောတဗွပုဒ်ကို "သတိယာ ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ" ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသဝတ္ထနာ။

ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟူသော သဝဇ္ဈောတဗွပုဒ်၏ စတုတ္ထီဗဟုဗ္ဗီဟိ-သမာသ်ပုဒ်၏အဖြစ်, ယင်းစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ သမ္ဗဒါန်အနက်ဟောဇ်၏အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသဝတ္ထနာ။ (တစ်နည်း) ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟူသော သဝဇ္ဈောတဗွပုဒ်ကို "ဥပေက္ခာဇနိတာ သတိပါရိသုဒ္ဓိ ဇေသာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ" ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသဝတ္ထနာ။ ဥပေက္ခာဇနိတာ-ဟူသော ရှေ့ပုဒ်၌ ဇနိတာ-ဟူသော နောက်ပုဒ်ကျေနေသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသဝတ္ထနာ။ (ဤကား ဂဏ္ဌိသစ်ဆရာ၏ အလိုတည်း။)

(တစ်နည်း) ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိ-ဟူသော သဝတ္ထနာပါဠ်ဖြင့် ဥပေက္ခာသတိ-ဟူသော သဝဇ္ဈောတဗွပုဒ်၏ တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်, ယင်းတတိယာတပ္ပုရိသ်သမာသ်ပုဒ်၏ ကတ္တားအနက်ဟောဇ်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသဝတ္ထနာ,

http://www.dhammadownload.com

(တစ်နည်း) ဥပေက္ခာသတိ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဥပေက္ခာယ ဧနိတာ သတိ ဥပေက္ခာသတိ" ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ ဧနိတ-ဟူသော အလယ်ပုဒ် ကျေနေသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်၏အဖြစ်, ယင်းစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ သမ္ဗန္ဓိန်အနက်ဟောဓ၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဥပေက္ခာသတိပါရိသုဒ္ဓိ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဥပေက္ခာသတိပါရိသုဒ္ဓိ ဧတသ္မာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ" ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ (ဤကား ဂဏ္ဌိဆရာ၏ အလိုတည်း။)

မှတ်ချက် ။ ။ ရှေးနည်းသည် ဥပေက္ခာသတိပါရိသုဒ္ဓိ၌ ပုရိမပဒေ ဥတ္တရပဒလောပေနေကဲ့ သမာသပဒန္တိအာဟ ဥပေက္ခာယ ဧနိတသတိပါရိသုဒ္ဓိ၌-ဟူသော သာရတ္ထနှင့်ညီသည်။

---

၇ ။ ။ ပါဠိ အဆုံးအဖြတ်

စတုတ္ထစျာန်သည် မုချအားဖြင့် ဥပေက္ခာ, ဧကဂ္ဂတာဟူသော အင်္ဂါ ၂-ပါးရှိသော စျာန်ဖြစ်သောကြောင့် ဥပေက္ခေကဂ္ဂတမေဝ-ပါဠိသာ သင့်ပါသည်။

---

၈ ။ ။ နည်း, ဥပစာ

သတိ-ဟူသော နည်းသည် သတိတည်းဟူသော ပြဓာန်းသည်ကို ဆိုသဖြင့် သမ္မယုတ်တရာ်းတည်းဟူသော မပြဓာန်းသည်ကိုလည်း ရသောကြောင့် ပဓာန နည်း မည်၏။

သတိ-သဒ္ဒါသည် အစိတ်ဖြစ်သော သတိ၏ သတိဟူသော အမည်ကို အပေါင်းဖြစ်သော သတိ, တဲ့သမ္မယုတ္တဓမ္မတို့၌ တင်စား၍ အပေါင်းဖြစ်သော သတိ, တဲ့သမ္မယုတ္တဓမ္မတို့ကို "သတိ" ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသုပစာ= အဝယဝုပစာ မည်၏။

[ထောက် ။ ။ သတိသီသေနာတိ သတိ ဥတ္တမံ်ဂ် ကတွာ၊ ပဓာန်

http://www.dhammadownload.com

ကတွာတိ ဝုတ္တံ ဟောတိ။ သာရတ္ထ ။ ။ ဥပလက္ခဏ, နိဒဿနနည်းများလည်း သင့်သည်။ သို့သော် အဋ္ဌကထာ, ဋီကာဆရာတို့ အလိုတော့ ကျမည်မဟုတ်။]

---

၉ ။ ။ [ဋ္ဌ၊ ၁။ ၁၂၅။]

---

၁၀ ။ ။ ပဒဋ္ဌာနဟာရနေတ္တိနည်း

ဥပေက္ခာသတိပါရိသုဒ္ဓိ-၏ အဘိဓေယျတ္ထဖြစ်သော စတုတ္ထဈာန်၏ ပဒဋ္ဌာန်ကား စတုရင်္ဂိဝိရိယတည်း။ ထို၏ပဒဋ္ဌန်ကား မဟာဗောဓိမဏ္ဍိုင်တည်း။ ထို၏ ပဒဋ္ဌာန်ကား ပါရမီ ၁၀-ပါး, အပြား ၃၀, စွန့်ခြင်းကြီး ၅-ပါး, စရိယ ၃-ပါးတည်း။ ထို၏ ပဒဋ္ဌာန်ကား မဟာဘိနိဟာရတည်း။ ထို၏ ပဒဋ္ဌာန်ကား မဟာကရုဏာတော်တည်း။ ထို၏ပဒဋ္ဌာန်ကား ဒုက္ခိတ သတ္တဝါအပေါင်းတည်း။ ဤသို့ အောက်သက် သြရုယျောရုယ္ဟအားဖြင့်လည်းကောင်း, စတုတ္ထဈာန်သည် မဟာဝဇိရဉာဏ်တော်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် အောက်မင်္ဂ, အောက်ဖိုလ်ဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် အရဟတ္တ မင်္ဂ ဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် အရဟတ္တဖိုလ်ဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် ပစ္စဝေက္ခဏာဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် သမ္မညုတဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် သကလဗုဒ္ဓဂုဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် ဒေသနာဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် ဝေနေယျသတ္တဝါတို့၏ ဟိတသုခ၏ နီးစွာသော အကြောင်းတည်း။ ဤသို့အထက်ထက် အာရယ္ဟာရုယ္ဟအားဖြင့် လည်းကောင်း ပဒဋ္ဌာန်ကိုစိစစ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏-ဟူလိုသော်။

မှတ်ချက် ။ ။ ဘဂဝတာ ပနိဒံ စတုတ္ထဈာနံ ဗောဓိရုက္ခမူလေနိဗ္ဗတ္တိတံ-ဟူသော အဋ္ဌကထာ (၁၂၆) ကို ထောက်၍ ဤစတုတ္ထဈာန်ကား ဗောဓိရုက္ခမူလ ၌ ဖြစ်စေအပ်သော ဝိပဿနာပါဒကစသော အကျိုးရှိသော စတုတ္ထဈာန်သာ။

၁၃၃-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁ ။ ။ ယေ တေ ဗြာဟ္မဏ ရူပရသာ သဒ္ဒရသာ ဂန္ဓရသာ ရသရသာ

http://www.dhammadownload.com

ဖောဋ္ဌဗ္ဗရဿာ၊ တေ တထာဂတဿ ပဟီနာ-ကို (၅) နံပါတ်ပါ အဋ္ဌကထာနှင့် အညီ အနက်ပေးပါ။

၂ ။ ။ သုတ္တာရုဠ္ဟ ဘဏ္ဍ ပါမံဂ် ဝါ ကဏ္ဍသုတ္တက် ဝါ ကဠိသုတ္တက် ဝါ သာဋက် ဝါ ဝေဌန် ဝါ ထေယျစိတ္တော အာမသတိ၊ အာပတ္တိ ဒုက္ကဋဿ-ကို အနက်မှန် သမ္မန်ပါ။

၃ ။ ။ နစ ဘိက္ခဝေ အတ္တာနံ ပါတေတဗ္ဗံ၊ ယော ပါတေယျ၊ အာပတ္တိ ဒုက္ကဋဿ-ကို ပဌမဝါက္ယဋ္ဌ ကတ္တားနှင့် အပဓာနကံ, ဒုတိယဝါက္ယဋ္ဌ ပဓာနာ ပဓာနကံများစွက်၍ အနက်ပေးခဲ့ပါ။

၄ ။ ။ ကာသာဝကဏ္ဍာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။

ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ-

ကို တေ-၏ တွဲဖက်စွက်၍ အနက်ပေးခဲ့ပါ။

၅ ။ ။ တတ္ထ ပဟီနာတိ စိတ္တသန္တာနတော ဝိဂတာ ဇဟိတာ ဝါ၊ ဇတသ္မိံ ပနတ္ထေ ကရဏေ သာမိဝစနံ ဒဋ္ဌဗ္ဗံ-ကို အနက်ပေးပါ။

၆ ။ ။ ကိံ ပန အညထာပိ ဂဗ္ဘဂ္ဂဟဏံ ဟောတိတိ၊ ဟောတိ-ကို အည-၏ အပါဒါန်ခံလျက် လိုက်စပ်နည်းဖြင့် မေး,ဖြေ ပေါ်အောင် အနက်ဖော်ခဲ့ပါ။

အောက်ပါ အဋ္ဌကထာတို့ကို အနက်မှန် သမ္မန်ပါ။

၇ ။ ။ ထေယျစိတ္တေန မုခဝဋ္ဋိယံ ဂဟေတွာ ကုမ္မိံ အာဝိဉ္ဆတိ တေလံ ဂဠေတုကာမော၊ ပါဒဂ္ဃနကေ ဂဠိတေ ပါရာဇိကံ။

၈ ။ ။ ဘတ္တဝိဿဂ္ဂကာလာဒီသု ကာကေ ဝါ သောဏေ ဝါ ကဠံ ဝါ ကထလံ ဝါ ခိပိတွာ ပလာပေတိ၊ ဝဋ္ဋတိ။

၉ ။ ။ သာရထိတိ အဿဒမကော။ ဂေါဒမကောတိပိ ကုရုန္ဒဋ္ဌကထာယံ ဝုတ္တံ။ တဿ ပတောဒသူစိယာ ဝိဇ္ဈနဘာဝေါယေဝ နိမိတ္တံအဟောသိ။ တသ္မာ သူစိလောမပေတော ဇာတော။

၁၀ ။ ။ ဣတ္ထိပုရိသာ အညမညံ ကိဉ္စိဒေဝ တမ္မူလကန္တပုပ္ဖဝါသာဒိပွကာရံ ပဏ္ဏာကာရံ မိတ္တသန္ထဝဘာဝဿ ဒဋ္ဌဘာဝတ္ထာယ ပေသေန္တိ၊ အယံ ဝနဘင်္ဂေါနာမ။

http://www.dhammadownload.com

၁၃၃၂-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ (၅) နံပါတ်ပါ အဋ္ဌကထာနှင့်အညီ အနက်

ဗြာဟ္မဏာ၊ ပုဏ္ဏား။ ယေ တေ ရူပရသာ၊ အကြင်ရူပါရုံ၌ သာယာခြင်း ထိုသည်လည်း ကောင်း။ ယေ တေ သဒ္ဒရသာ၊ အကြင်သဒ္ဒါရုံ၌ သာယာခြင်း တို့သည် လည်း ကောင်း။ ယေ တေ ဂန္ဓရသာ၊ အကြင်ဂန္ဓာရုံ၌ သာယာခြင်း တို့သည် လည်း ကောင်း။ ယေ တေ ရသရသာ၊ အကြင်ရသာရုံ၌ သာယာခြင်း တို့သည်လည်း ကောင်း။ ယေ တေ ဖောဋ္ဌဗ္ဗာရသာ၊ အကြင်ဖောဋ္ဌဗ္ဗာရုံ၌ သာယာ ခြင်းတို့သည် လည်း ကောင်း။ (သန္တီ၊ ရှိကုန်၏။) တေ၊ ထိုအာရုံ ၅-ပါး၌ သာယာခြင်းတို့သည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ (စိတ္တသန္တာနတော၊ စိတ်အစဉ်မှ။) ပဟီနာ၊ ကင်းကုန်ပြီ။ (တစ်နည်း) တေ၊ ထိုအာရုံငါးပါး၌ သာယာခြင်းတို့ကို။ တထာဂတဿ၊ မြတ်စွာဘုရားသည်။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ [ပါ၊ ၂။ ပါ၊ သျှ၊ ၁၄။]

---

၂ ။ ။ [ပါ၊ ၅၈။ ပါ၊ သျှ၊ ၁၃၄။]

---

၃ ။ ။ ကတ္တား, ကံများ စွက်၍ အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ (ဘိက္ခုနော၊ ရဟန်းသည်။) (ကတ္တား) အတ္တာနံ-အတ္တာ၊ မိမိကိုယ်ကို။ (ပပါတံ၊ ကမ်းပါးပြတ်သို့။) (အပဓာနကံ) နှ ပါတေတဗ္ဗံ-နှ ပါတေတမ္မော၊ မချအပ်။ ဝါ၊ မကျစေအပ်။ ယော-ဘိက္ခု၊ အကြင်ရဟန်းသည်။ (အတ္တာနံ၊ မိမိကိုယ်ကို။) (ပဓာနကံ) (ပပါတံ၊ ကမ်းပါးပြတ်သို့။) (အပဓာနကံ) ပါတေယျ၊ ချငြားအံ့။ ဝါ၊ ကျစေငြားအံ့။ အဿဘိက္ခုနော၊ ထိုရဟန်းအား၊ ဒုက္ကဋာ၊ ဒုက္ကဋ် အမည်ရှိသော။ အာပတ္တိ၊ အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) [ပါ၊ ၁၀၄။ ပါ၊ သျှ၊ ၁၈၃ ။ ။ ဋ္ဌ၊ သျှ၊ သစ်၊ ၄။ ၁၈၄-လည်း ကြည့်။]

မှတ်ချက် ။ ။ ပါဠိတော်နိသျအလို အပဓာနကံကို "ဟေဋ္ဌိမဋ္ဌာနံ" ဟု ထုတ်ရပါမည်။

---

http://www.dhammadownload.com

၄ ။ ။ [သျ အတိုင်းပေး။ ။ ပါ၊ ၁၁၆၊ ပါ၊ သျ၊ ၁၉၇။]

---

၅ ။ ။ [ဋ္ဌ၊ ၁။ ၁၀၄။ ဋ္ဌ၊ သျ၊ ၁။ ၃၆၇။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၂၀၇။]

---

၆ ။ ။ အည-၏အပါဒါန်ခံလျက် လိုက်စပ်နည်းဖြင့် အနက်

["စောဒနာတက်" ဟု သာမညမေးရာ၌ ။ ။ ဤမေးခွန်းသည် "သာ-ဘောဂစောဒနာ, ဒေါသာရောပန စောဒနာ" ဟု စောဒနာ ၂-မျိုး ယူသော ဝါဒသို့ မလိုက်ဘဲ၊ "ဒေါသ မပါလျှင် ပုစ္ဆာ, ဒေါသ ပါလျှင် စောဒနာ" ဟု စောဒနာတစ်မျိုးတည်းယူသော ဝါဒသို့လိုက်၍ မေးသောမေးခွန်းဖြစ်သည်။ "စောဒနာတက်" ဟု သာမညမေးသောမေးခွန်းတိုင်း၌ နည်းတူသိပါ။ အမှန်မှာ မေးခွန်းသေချာမှ နည်းခြင်းသာ၊ နာနာစရိယ နာနာဝါဒများပြားလှ၍ ဒေါသ ပါစေလိုလျှင် "ဒေါသာရောပနစောဒနာတက် တက်ပြခဲ့ပါ" ဟု ဝိသေသန မ,မေးရမည်။]

---

၃ ။ ။ **စောဒကာဘောဂါဒိစတုက္က**

၁ ။ ။ နနု နာ ဒွာသဋ္ဌိယာ ဌာနေသု အကမ္မိတ္ထာတိ ပါဠိယံ ဝုတ္တံ (စောဒကာဘောဂ)။

၂ ။ ။ အထ ကသ္မာ နာ သုတ္တပရိယောသာနေဝ အကမ္မိတ္ထာတိ ဝေဒိတဗ္ဗာ (ဒွါသဋ္ဌိယာ ဌာနေသု အကမ္မိတ္ထာတိ ပေဒိတဗ္ဗာ) (စောဒနာ)။

၃ ။ ။ နနု "ဘညမာနေ" တိ (ဝတ္တမာနကာလဝသေန) ဝုတ္တံ (ပရိဟာရာဘောဂ)။

၄ ။ ။ တသ္မာ နာ သုတ္တပရိယောသာနေဝ အကမ္မိတ္ထာတိ ဝေဒိတဗ္ဗာ (ဒွါသဋ္ဌိယာ ဌာနေသု အကမ္မိတ္ထာတိ ဝေဒိတဗ္ဗာ) (ပရိဟာရ)။

---

၄ ။ ။ **ဝိဂ္ဂဟ** ။ ။ အဝုစ္စိတ္ထာတိ ဝုတ္တံ။

ဝစနာဒိဆက္က

၁ ။ ။ ဝုတ္တံ-ဟူသော နိပ္ပန္နသည် ဝစန။

၂ ။ ။ အဝုစ္စိတ္ထ-ဟူသော ဝိဂြိဟ်ဝါကျသည် ဝစနတ္ထ။

၃ ။ ။ ဆိုခြင်း ကြီယာသကတ်သည် ဝစနဟေတု။

၄ ။ ။ ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

၅ ။ ။ ဆိုအပ်သော ဘညမာနေ ဟူသော သဝိညတ္တိကဝစီဘေဒ သဒ္ဒါ

http://www.dhammadownload.com

ဒြပ်သည် ဝစနီယ။

၆ ။ ။ ဥတ္တံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

---

၅ ။ ။ **ဟိတ်၏သမ္ဗန်** ။ ။ နိဂ္ဂါထကတ္တာ-ဟူသော ဟိတ်၏ သမ္ဗန်ကား ဣမဿ သုတ္တဿ-ဖြစ်ပါသည်။

စာစပ် ။ ။ ဣမဿ သုတ္တဿ-ကား "၏" ဟူ၍ အနက်ပေးသောကြောင့် နိဂ္ဂါထကတ္တာ-ဝယ် တ္တ-ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ တ္တ-ပစ္စည်းကား သမ္ဗန္ဒီ, သတ္တိ။

ဣမဿ သုတ္တဿ-ကား "သည်" ဟူ၍ အနက်ပေးသောကြောင့် နိဂ္ဂါထကတ္တာ-ဝယ် နိဂ္ဂါထက-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္ဆ, တုလျတ်၊ နိဂ္ဂါထက-ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ဝါစ္ဆတ္ထ ။ ။ ဘာဝသမ္ဗန်ပုဒ်၏ ဝါစ္ဆတ္ထကား ကတ္တုတ္ထ ဖြစ်ပါသည်။ [နိဂ္ဂါထက-ပုဒ် ဗဟုဗ္ဗီဟိသမာသ်ပုဒ် ဖြစ်သည်ကို သတိပြု။]

---

၆ ။ ။ **(က) အမှတ်ပြဝါကျ အာဘောဂနှင့် သဲဝဏ္ဏနာ**

နိဂ္ဂါထကသုတ္တော-ဟူသော သဲဝဏ္ဏနာပါဠိဖြင့် ပုစ္ဆာ, ဝိဿဇ္ဇနာ၏ အစွမ်းအားဖြင့် ဖြစ်သော သဂါထကသုတ်သည် ဝေယျာကရဏ မမည်၊ ပုစ္ဆာ, ဝိဿဇ္ဇနာ၏ အစွမ်းအားဖြင့် ဖြစ်သော နိဂ္ဂါထကသုတ်သည်သာ ဝေယျာကရဏ မည်၏ဟူသော အဓိပ္ပာယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသဲဝဏ္ဏနာ။

(တစ်နည်း) နိဂ္ဂါထကသုတ္တော-ဟူသော သဲဝဏ္ဏနာပါဠိဖြင့် ဝေယျာကရဏသို့-၌ ဝေယျာကရဏအရ ပုစ္ဆာ, ဝိဿဇ္ဇနာ၏ အစွမ်းအားဖြင့် ဖြစ်သော သဂါထကသုတ်ကို မယူရ၊ ပုစ္ဆာ, ဝိဿဇ္ဇနာ၏ အစွမ်းအားဖြင့် ဖြစ်သော နိဂ္ဂါထကသုတ်ကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထသဲဝဏ္ဏနာ။

မှတ်ချက် ။ ။ ရေ.နည်းသာ သုန္ဒရတရ။

ဣမသ္မိ နိဂ္ဂါထကသုတ္တော-ဟူသော သဲဝဏ္ဏနာပါဠိဖြင့် ရှိတာမပြ၊ အနတ္တ-နှင့် အညီ စ-နိပါတ်ပုဒ်, ပန-နိပါတ်ပုဒ်တို့၏ ပဒပူရဏတို့၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ နိပါတလိင်္ဂတ္ထသဲဝဏ္ဏနာ။

---

http://www.dhammadownload.com

၇ ။ ။ နိရုတ္တိနည်းဖြင့် ရှပ်ပြီးပုံ

လောက-ကား လုဒ-ဓာတ်, ဏ-ပစ္စည်း၊ ဥ-ကို ဩ-ပြု၍ "လောဒ" ဟု ဆိုလိုလျက် ဒ-ကို ဂ-ပြုခြင်း ဝဏ္ဏဝိကာရ, ဂ-ကို က-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် "လောက" ဟု ပြီးပါသည်။ (တစ်နည်း) ဒ-ကို က-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် "လောက" ဟု ပြီးပါသည်။

[ထောက်ပွယ် ။ ။ လုဒ္ဓတိတိ လောကော၊ ဂဿ ကော၊ ဒဿ ဝါ။ အဘိဓာန်ဋီကာ။ ၁၈၆။]

---

၈ ။ ။ မြေလှူပ်ရာအခါ ။ ။ ၆၂-ပါးသော မိစ္ဆာအယူတို့ကို ဖြေရှင်း၍ ဟောတော်မူအပ်ကုန်သည်ရှိသော် ထိုထို မိစ္ဆာအယူ ပြီးဆုံးတိုင်း ပြီးဆုံးတိုင်းသော အခါသည် ဗြဟ္မာလသုတ်ကို ဟောတော်မူရာ၌ မြေလှူပ်ရာအခါ ဖြစ်ပါသည်။

မြေလှူပ်သော အကြိမ် ။ ။ မြေလှူပ်သော အကြိမ်ကား ၆၂-ကြိမ် ဖြစ်ပါသည်။ (အဋ္ဌကထာ)

---

၉ ။ ။ ဂါထာအမည် ။ ။ ဂါထာအမည်ကား ပထျာဝတ္တာဂါထာ ဖြစ်ပါသည်။

ဆန်းအမည် ။ ။ ဆန်းအမည်ကား အနုဋ္ဌုဘဆန်း ဖြစ်ပါသည်။

---

၁၀ ။ ။ ဘာဝါလင်္ကာရ

၁ ။ ။ ဒိသ-ဓာတ်၏အရ ဘုရားရှင်၏ သန္တာန်၌ဖြစ်သော ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ။

၂ ။ ။ ဗြဟ္မာလသုတ်တရားတော်သည် အာရမ္မဏဝိဘာဝ။

၃ ။ ။ ဗြဟ္မာလသုတ်၏ အာဒိကလျာဏ စသော ဂုဏ်သည် ဥဒ္ဒီပန-ဝိဘာဝ။

၄ ။ ။ အကြိမ်များစွာ မြေလှူပ်ခြင်းသည် အနုဘာဝ။

---

http://www.dhammadownload.com

၁၃၃၂-စုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁ ။ ။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ အဓိစ္စသမုပ္ပန္နိကာ အဓိစ္စသမုပ္ပန္နံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ ဒ္ဝီဟိ ဝတ္ထူဟိ-ကို အနက် ယောဇနာခဲ့ပါ။

၂ ။ ။ ဥပသင်္ကမိတွာ ဇိဝင်္ကံ ကောမာရဘစ္စံ ဧတဒဝေါစ "ကဟံပန သမ္မ ဇိဝက ဘဂဝါ" တိ-ကို အဝေါစ-၏ ကတ္တားကို ဝိသေသနစုံစွာဖြင့် ထည့်ပြီး အနက်အားဖြင့် အာကာရ အပြင်ထုတ်လျက် ယောဇနာပါ။

၃ ။ ။ ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊ ယေ ဂေါတ္တပဋိသာရိနော။
ဝိဇ္ဇာစရဏသမ္ပန္နော၊ သော သေဋ္ဌော ဒေဝမာနုသေ-ကို နိယ-မာနိယမ ထည့်စွက် အနက်ပေးခဲ့ပါ။

၄ ။ ။ အတ္တနာ အာပါယိကောပိ အပရိပူရမာနော-ကို အာလုပ်ပုဒ် ထည့်လျက် (၉) နံပါတ်ပုစ္ဆာ အဋ္ဌကထာအားလျော်စွာ ယောဇနာပါ။

၅ ။ ။ တတိယံ ရာဂါဒိပဋိပက္ခဘူတော နာမရူပပရိစ္ဆေဒေါ ဇတ္ထ ကထိတောတိ နာမရူပပရိစ္ဆေဒကထာတိ ဝုစ္စတိ-ကို ဇတ္ထ-အစွဲ မှန်ကန်စေ လျက် အနက် ယောဇနာခဲ့ပါ။

၆ ။ ။ သာ ပရိသာ အတ္တနော စ သိက္ခိတသိက္ခတာယ, သတ္ထရိ စ ဂါရဝေနာတိ ဒ္ဝီဟိ ကာရဏေဟိ နိဝါတေ ပဒီပသိခါ ဝိယ နိစ္စလာ သန္ဒိသိန္နာဝ အဟောသိ-ကို ဝါကျအပြန်အလှန် အနက်ယောဇနာခဲ့ပါ။

၇ ။ ။ သမ္မဟုလာနန္တိ ဗဟုကာနံ၊ တတ္ထ ဝိနယပရိယာယေန တယော ဇနာ "သမ္မဟုလာ" တိ ဝုစ္စန္တိ-ကို သဗ္ဗနာမ်အစွဲ မလွဲစေဘဲ ဝုစ္စန္တိ-၏ ကတ္တား ထည့်၍ အာကာရ အပြင်ထုတ်လျက် အနက်ယောဇနာပါ။

၈ ။ ။ ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသင်္ခတမပွဋိကူလံ။
မဓုရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေဟိ-ကို အနက် ယောဇနာခဲ့ပါ။

၉ ။ ။ အတ္တနာ အာပါယိကောပိ အပရိပူရမာနောတိ အတ္တနာ ဝိဇ္ဇာ-စရဏသမ္ပဒါယ အာပါယိကေနာပိ အပရိပူရမာနေန-ကို ဝိဇ္ဇာစရဏ-၌ သဒ္ဒတ္ထ, အဘိဓေယျတ္ထ ပေါအောင် အနက်ယောဇနာပါ။

http://www.dhammadownload.com

၁၀ ။ ။ ဥတ္တာနမုခေါတိ ယထာ ဧကစ္စေ နိက္ကုဇ္ဇိတမုခါ ဝိယ သမ္ပတ္တာ ယ ပရိသာယ နကိဠိ ကထေန္တိ၊ အတိဒုလ္လဘကထာ ဟောန္တိ။ နဝေရူပေါ-ကို ပကတိကတ္တားထည့်၍ အနက်ယောဇနာခဲ့ပါ။

၁၃၃၂-ခုနှစ် မေမွာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဋိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁ ။ ။ [ပါ။ ၂၆။ ပါ၊ သျ။ ၈၂။ ပါ၊ သျ၊ သစ်။ ၁၂၅။]

---

၂ ။ ။ ["ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော" ဟု ဝိသေသန စုံစွာဖြင့် ကတ္တားထည့်ပြီး သျ အတိုင်း ယောဇနာ ။ ။ ပါ။ ၄၇။ ပါ၊ သျ။ ၁၁၅။ ပါ၊ သျ၊ သစ်။ ၁၈၈။]

---

၃ ။ ။ [သျ အတိုင်းပေး ။ ။ ပါ။ ၉၂။ ပါ၊ သျ။ ၂၂၆။ ပါ၊ သျ၊ သစ်၊ ၃၃၅။]

---

၄ ။ ။ အာလုပ်ပုဒ်ထည့်လျက် အဋ္ဌကထာ အားလျော်စွာ ယောဇနာ

(အဗ္ဗဋ္ဌ၊ အမ္ဗဋ္ဌ။) အတ္တနာ၊ မိမိသည်။ အပါယိကော-အပါယိကေန၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၏ ပျက်စီးခြင်း၏ အကြောင်း၌ ယှဉ်သည်။ (ဟောန္တေနာ) ပိ၊ ဖြစ်လျက်လည်း။ အပရိပူရမာနော၊ ထိုပျက်စီးခြင်း၏ အကြောင်း၌ ယှဉ်သည်၏ အဖြစ်ကို ပြည့်စုံစေခြင်းငှာ မစွမ်းနိုင်သော (ပေါက္ခရသာတိနာ-၌ စပ်)။ (တစ်နည်း) အတ္တနာ၊ ကိုယ်တိုင်။ အပရိ-ပူရမာနော-အပရိပူရမာနေန၊ ပြည့်စုံစေခြင်းငှာ မစွမ်းနိုင်သော။ အပါ-ယိကော-အပါယိကေနပိ၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၏ ပျက်စီးခြင်း၏ အကြောင်း၌ ယှဉ်သည်ဖြစ်၍လည်း။ [ပါ။ ၉၆။ ပါ၊ သျ။ ၂၃၆။ ပါ၊ သျ၊ သစ်။ ၃၅၁ ။ ။ သီ၊ ဋီ၊ သစ်၊ ၂။ ၂၇၈-လည်း ကြည့်။]

---

၅ ။ ။ [သျ အတိုင်း ယောဇနာ ။ ။ ၄။ ၂၀။ ၄၊ သျ၊ ၁။ ၇၅။ ၄၊

http://www.dhammadownload.com

သျ၊ သစ်၊ ၁။ ၁၂၉။]

---

၆ ။ ။ ဝါကျ အပြန်အလှန် အနက်ယောဇနာ

နိဝါတေ၊ လေမရှိသော အရပ်၌။ ပဒီပသိခါ၊ ဆီမီးလျှံသည်။ နိစ္စလာ၊ မတုန်လှုပ်သည်၊ ဟုတ္တာ၊ ဖြစ်၍။ သန္နိသိန္နာ ဝ၊ ကောင်းစွာ တည်နေသည်သာလျှင်။ အဟောသိ ဝိယ၊ ဖြစ်ပြီးသကဲ့သို့။ တထာ၊ ထို့အတူ။ သာ ပရိသာ၊ ထိုမြတ်စွာဘုရား၏ ပရိသတ်သည်။ (တသာ ပရိသာယ၊ ထိုမြတ်စွာဘုရား၏ ပရိသတ်၏။) အတ္တနော၊ မိမိ၏။ သိက္ခိတသိက္ခတာယ စ၊ သင်အပ်ပြီးသော အကျင့်ရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း။ သတ္ထရိ၊ မြတ်စွာဘုရား၌။ ဂါရဝေန စ၊ အလေးပြုတတ်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အလေးပြုခြင်း ကြီးယာကြောင့်လည်းကောင်း။ ဝါ၊ အလေးပြုအပ်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော သီလ, သမာဓိ, ပညာကြောင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဟိ၊ နှစ်ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ နိစ္စလာ၊ မတုန်မလှုပ်သည်။ (ဟုတ္တာ၊ ဖြစ်၍။) သန္နိသိန္နာဝ၊ ကောင်းစွာ တည်နေသည်သာလျှင်။ အဟောသိ၊ ဖြစ်ပြီ။ [စာကိုယ်၌ ဟိ–သဒ္ဒါ ပါသော်လည်း ဟိ–ကို ကာရဏကြောင့် အနက်ရှည်လျား ရှုပ်ထွေးနေဖွယ်ရှိ၍ မေးခွန်း၌ ဟိ–ကို တမင် ဖြုတ်မေးဟန် ရှိသည်။ ဌ။ ၄၃။ ဌ၊ သျ၊ ၁။ ၁၅၃။ ဌ၊ သျ၊ သစ်၊ ၁။ ၂၇၈။]

---

၇ ။ ။ ကတ္တားထည့်၍ အာကာရအပြင်ထုတ်လျက် အနက်ယောဇနာ

သမ္မဟုလာနန္တိ၊ "သမ္မဟုလာနံ" ဟူသည်ကား။ ဗဟုကာနံ၊ များစွာကုန်သော။ တတ္ထ–တသ္မိံပါဒ္ဒေ၊ သမ္မဟုလာနံ–ဟူသော ထိုပါဒဋ္ဌ်။ ဝိနယ–ပရိယာယေန၊ ဝိနည်းဒေသနာတော်နည်းအားဖြင့်။ တယော၊ သုံးပါးကုန်သော။ ဇနာ၊ ရဟန်းတို့ကို။ (အာယသ္မတာ ဥပါလိတ္ထေရေန၊ အရှင်ဥပါလိမထေရ်သည်။) (ကတ္တား) ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ (ကိံ၊ အဘယ်သို့။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်သနည်း။) သမ္မဟုလာတိ၊ "များစွာသောရဟန်းတို့" ဟူ၍။ (အာယသ္မတာ ဥပါလိတ္ထေရေန၊ အရှင်ဥပါလိမထေရ်သည်။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်သတည်း)။ [ဌ။ ၄၃။ ဌ၊ သျ၊ ၁။ ၁၅၄။ ဌ၊ သျ၊ သစ်၊ ၁။ ၂၇၉။]

မှတ်ချက် ။ ။ သာမညမေးခွန်း ဖြစ်၍ ပါဠိအားဖြင့်လည်း အာကာရကို ထုတ်၍ ယောဇနာနိုင်သော်လည်း ဘစ်နည်းယောဇနာက မေးခွန်း၏ လိုအပ်

http://www.dhammadownload.com

သော အဖြေသည် ပြည့်စုံပြီဖြစ်သောကြောင့် အနက်အားဖြင့် အာကာရကို ထုတ်၍ ယောဇနာသောနည်း တစ်နည်းသာ ယောဇနာလိုက်ပါသည်။ [ဝိသေသ မ,မေးသင့်သည်။]

---

၈ ။ ။ [ဋ္ဌ။ ၂၀၅။ ဋ္ဌ၊ သျှ၊ ၂။ ၂၂၈။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၂၇၇။]

---

၉ ။ ။ [ဝိဇ္ဇာစရဏသမ္ပဒါယ၊ ရအပ်သော ဓမ္မတို့၏ လက္ခဏာကို မဖောက်မပြန် ရတတ်သော။ ဝါ၊ မိမိ၏ ဆန့်ကျင်ဘက်ဖြစ်သော တမော ခန္ဓ စသည်ကို ဖောက်ခွဲတတ်သော။ ဝါ၊ မိမိ၏ အာရုံကို ထင်ရှားသည်ကို ပြုတတ်သော တရား, နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော တရားတို့နှင့် ပြည့်စုံခြင်း၏ (သဒ္ဒတ္ထ)။ ဝိ၊ ဋ္ဌ၊ ၁။ ၈၈။ သာရတ္ထ၊ ၁။ ၂၃၅။ ဝိမတိ၊ ၁။ ၅၀။ ပါ၊ ဋ္ဌ၊ သစ်၊ ၁။ ၄၂၁။

(တစ်နည်း) ဝိဇ္ဇာစရဏသမ္ပဒါယ၊ ဝိပဿနာဉာဏ်မှစ၍ ရှစ်ပါး အပြား ရှိသော ပညာ, ရှစ်ပါးသော သမာပတ်တို့နှင့် ပြည့်စုံခြင်း၏ (အဘိဓေယျတ္ထ)။ ဋ္ဌ။ ၂၄၀။ ကြွင်း သျှ အတိုင်း ယောဇနာ ။ ။ ဋ္ဌ။ ၂၄၃။ ဋ္ဌ၊ သျှ၊ ၂။ ၃၃၄။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၄၀၉။]

---

၁၀ ။ ။ ["သမဏော ဂေါတမော" ဟု (ဥတ္တာနမုခေါတိ–နောင်) ပကတိ ကတ္တားထည့်၍ ယောဇနာ။ သျှဉ်ကား: "ဘဝံ ဂေါတမော" ဟု ထည့်သည်။ ။ ဋ္ဌ။ ၂၅၆။ ဋ္ဌ၊ သျှ၊ ၂။ ၃၇၃။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၄၄၈ ။ ၁၃၂၃–ခုနှစ်ကလည်း မေးခဲ့ပြီ။]

၁၃၃၂–ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ယထာဘုစ္ဆန္တိ ယထာဘူတံ။

(ခ) ဝဏ္ဏ သမ္မာ ဝဒမာနာ ဝဒေယျန္တိ တထာဂတသ ဝဏ္ဏ ဝတ္ထုကာမာ သမ္မာ ဝဒေယျုံ၊ အဟာပေတွာ ဝတ္ထုံ

http://www.dhammadownload.com

သက္ကုဏေယျန္တိ အတ္ထော။

(ဂ) ကတမေ စ ပန တေ ဓမ္မာ ဘဂဝတာ ဧဝံ ထောမိတာတိ သဗ္ဗညုတညာဏံ။

(ဃ) ယဒိ ဧဝံကသ္မာ ဗဟုဝစနနိဒ္ဒေသော ကတောတိ ပုထုစိတ္တသမာယောဂတော စေဝ ပုထုအာရမ္မဏတော စ။

၁ ။ ။ (ဃ) အမှတ်ပြဝါကျကို ကတော-၏ ကတ္တားထည့်လျက် အနက်ယောဇနာပါ။

၂ ။ ။ (ဂ) အမှတ်ပြဝါကျမှ (ဃ) အမှတ်ပြဝါကျသို့ ဗျတိရေကစောဒနာတက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃ ။ ။ (ဂ) (ဃ) အမှတ်ပြဝါကျတို့၌ ဖြစ်သင့်သော စောဒကာ-ဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄ ။ ။ (ဃ) အမှတ်ပြဝါကျပါ ပုထုအာရမ္မဏ-ကို အစိတ်,အပေါင်း ဝစနတ္ထပြုလျက် အပေါင်းဝစနတ္ထကိုသာ ဝစနာဒိဆက္က ခွဲပြပါ။

၅ ။ ။ (ဃ) အမှတ်ပြ ဝါကျ၌ပါသော ပုထုအာရမ္မဏတော စ-ဟူသော ဟိတ်၏ သမ္ဗန်ကို ခံပြပြီးလျှင် ပုထုအာရမ္မဏ-၏ ဝစ္စတ္ထကိုလည်း ဖော်ပြပါ။

၆ ။ ။ (က) အမှတ်ပြ ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာကို ထုတ်ပြခဲ့ပါ။

၇ ။ ။ (က) အမှတ်ပြဝါကျ၌ ပါသော ယထာဘုစ္စံ-ဟူသော ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ပြဆိုခဲ့ပါ။

၈ ။ ။ ကိုယ်ဝန် ပျက်ကြောင်းများနှင့် ပျက်ခဲ့သော် မပျက်အောင် ပြုပုံများ ဖြေပါ။

၉ ။ ။ (ဃ) အမှတ်ပြဝါကျကို အဓိပ္ပာယ် မပျက်စေဘဲ ဝတ္တမျိုး ဂါထာတစ်ခုဖွဲ့လျက် ဂါထာအမည် ဆန်းအမည် ပေးခဲ့ပါ။

၁၀။ ။ (ခ) အမှတ်ပြဝါကျပါ ဝဒမာနာ-၏ အရကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ပြပါ။

http://www.dhammadownload.com

၁၃၃၂-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁ ။ ။ ["ဘဂဝတာ" ဟု ကတ္တားထည့်၍ ယောဇနာ ။ ။ ဋ္ဌ။ ၉၃။ ဋ္ဌ၊ သျှ၊ ၁။ ၃၀၈။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၄၆၀။]

---

၂ ။ ။ (ဃ) အမှတ်ပြဝါကျ ဗျတိရေကစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ) အမှတ်ပြဝါကျဖြင့် "ဘုရားရှင် ချီးမွမ်းတော်မူအပ်ကုန်သော တရားတို့သည် သဗ္ဗညုတဉာဏ်တော်တည်း" ဟု ဆိုတော်မူ၏ (ဋ္ဌပနာ)။ ဘုရားရှင် ချီးမွမ်းတော်မူအပ်ကုန်သော တရားတို့သည် သဗ္ဗညုတဉာဏ် အကယ်၍ ဖြစ်ကုန်အံ့။ ယင်းသို့ ဖြစ်ကုန်ခဲ့သော် ဗဟုဝုစ်ဝိဘာတ်ဖြင့် ညွှန်ပြခြင်းကို မပြုအပ်, မပြုသင့်, မပြုထိုက် (ဗျတိရေက)။ ဤသို့ ဗျတိရေက စောဒနာနည်းဖြင့် စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ) အမှတ်ပြဝါကျကို မိန့်။

[သိဖွယ် ။ ။ (ဃ) အမှတ်ပြဝါကျကို ဗျတိရေကာယုတ္တစောဒနာတက် တက်မှ ပြည့်စုံသည့်အပြင် ထုံးစံလည်း ကျသည်။ ဘာကြောင့်နည်း? (ဃ) အမှတ်ပြဝါကျကိုက ဗျရေတိကာယုတ္တစောဒနာနည်းဖြင့် စောဒနာ၍ ထိုစောဒနာကို ဖြေထားသော ဝါကျဖြစ်သောကြောင့်တည်း။ ထို့ကြောင့် "ဗျတိရေကာယုတ္တစောဒနာ တက်ပြပါ" ဟု မေးမှ ပြည့်စုံသည်။ သို့သော် စောဒနာ ၂-မျိုးဖြစ်၍ စည်းမျဉ်းနှင့်တော့ မညီ။

ဗျတိရေကာယုတ္တစောဒနာတက် ။ ။ ဗျတိရေကာယုတ္တစောဒနာတက် တက်သော် ဗျတိရေကနောင် "ထိုသို့ဗဟုဝုစ်ဝိဘာတ်ဖြင့် ညွှန်ပြခြင်းကို မပြုအပ်, မပြုသင့်, မပြုထိုက်ပါဘဲလျက် အဘယ့်ကြောင့် ဗဟုဝုစ်ဝိဘာတ်ဖြင့် ညွှန်ပြခြင်းကို ပြုတော်မူအပ်ပါသနည်း" ဟု. အယုတ္တထည့်၍ စောဒနာပါ။]

---

၃ ။ ။ စောဒကာဘောဂါဒိစတုက္က

၁ ။ ။ နနု ဘဂဝတာ ထောမိတာ တေ ဓမ္မာ သဗ္ဗညုတညာဏံ ဟောန္တိ (စောဒကာဘောဂ)။

၂ ။ ။ အထ ကသ္မာ ဗဟုဝစနနိဒ္ဒေသော ကတော (စောဒနာ)။

http://www.dhammadownload.com

၃ ။ ။ နန္ဒ ပုထုစိတ္တသမာယောဂဆွေဂ ပုထုအာရမ္မဏဆ္ဆ ဟောတိ (ပရိဟာရာဘောဂ)။

၄ ။ ။ တသ္မာ ဗဟုဝစနိဒ္ဒေသော ကတော (ပရိဟာရ)။

---

၄ ။ ။ အစိတ်ဝစနတ္ထ ။ ။ ပုထဇ္ဇိ မဟန္တဘာဝေန ပတ္ထရန္တိ ပုထူနိ။ (မောဂ္ဂလာန ဏာဒိဝုတ္တိ။ ၅)။ အာဂန္တွာ စိတ္တစေတသိကာ ရမန္တိ ဇော္ဍာ တိ အာရမ္မဏာနိ။ (အဘိဓာန်ဋီကာ။ ၉၄)။ (တစ်နည်း) အာရမ္မီယန္တိ စိတ္တစေတသိ-ကေဟိ ဂယ္ဟန္တိတိ အာရမ္မဏာနိ။ (အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။ ၂၄၁။)

အပေါင်းဝစနတ္ထ ။ ။ ပုထူနိ အာရမ္မဏာနိ ဇတသာတိ ပုထုအာရမ္မဏံ။ (သီ။ ဋီ။ သစ်။ ၁။ ၃၈၂။)

ဝစနာဒိဆက္က

၁ ။ ။ ပုထုအာရမ္မဏံ-ဟူသော နိပ္ပန္နသည် ဝစန။

၂ ။ ။ ပုထူနိ အာရမ္မဏာနိ ဇတသ-ဟူသော ဝိဂြိုဟ် ဝါကျသည် ဝစနတ္ထ။

၃ ။ ။ များစွာကုန်သော အာရုံတို့၏ သဗ္ဗညုတညာဏ်နှင့် အာရုံ, အာ-ရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်း သမ္မန်သဂတ်သည် ဝစနဟေတု။

၄ ။ ။ ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

၅ ။ ။ သဗ္ဗညုတညာဏ်ဩပ်သည် ဝစနိယ။

၆ ။ ။ ဗဟုဂေါစရံ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနိယတ္ထ။

မှတ်ချက် ။ ။ "ပုထုအာရမ္မဏံ အာရမ္မဏံ ဇတသာတိ ပုထုအာရမ္မဏံ (အာရမ္မဏ-သဒ္ဒါတစ်ခုကျေ)" ဟုလည်း ဝိဂ္ဂဟ ပြုနိုင်ပါသည်။ (သီ၊ ဋီ၊ သစ်၊ ၁။ ၃၈၂။)

---

၅ ။ ။ ဟိတ်၏သမ္မန် ။ ။ ပုထုအာရမ္မဏတော-ဟူသော ဟိတ်၏ သမ္မန်ကား သဗ္ဗညုတညာဏသ-ဖြစ်ပါသည်။

ဝါစ္စတ္ထ ။ ။ ပုထုအာရမ္မဏ-၏ ဝါစ္စတ္ထကား ကတ္တုတ္ထ-ဖြစ်ပါသည်။ [ပုထုအာရမ္မဏ-ပုဒ် ဗဟုဗ္ဗီဟိသမာသ်ပုဒ် ဖြစ်သည်ကို သတိပြု။]

---

http://www.dhammadownload.com

၆ ။ ။ (က) အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

ယထာဘူတံ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ယထာဘုစ္ဆံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဏျ-ပစ္စည်း၏ သကတ္ထ (သွတ္ထ) ၌ ဖြစ်သည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ယထာဘုစ္ဆံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ယထာဘူတမေဝ ယထာဘုစ္ဆံ" ဟု သကတ္ထ (သွတ္ထ) တဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

---

၇ ။ ။ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

ယထာဘုစ္ဆံ-ကား ယထာဘူတ-ပုဒ်, ဏျ-ပစ္စည်း, အံ (သိ) ဝိဘတ်၊ "ယထာဘူတဏျံ" ဟု ဆိုလိုလျက် တျ-ကို စ-ပြုခြင်း ဝဏ္ဏဝိကာရ, စ-ကို ဒွေဘော်လာခြင်း ဝဏ္ဏာဂမ, ဘူ-၌ ဥ-ကို ဥ-ရဿပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် "ယထာဘုစ္ဆံ" ဟု ပြီးပါသည်။ (ရူပသိဒ္ဓိ) [ရူပသိဒ္ဓိ ဏျတ္တတာ ဘာဝေ တု (၃၈၇)-သုတ် ကြည့်။]

(တစ်နည်း) "ယထာဘူတဏျံ" ဟု ဆိုလိုလျက် တျ-သံယုဂ်ကို စ္ဆ-သံယုဂ် ပြုခြင်း ဝဏ္ဏဝိကာရ, ဘူ-၌ ဥ-ကို ဥ-ရဿပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်း တို့ဖြင့် "ယထာဘုစ္ဆံ" ဟု ပြီးပါသည်။ (သဒ္ဒနီတိ) [သဒ္ဒနီတိ သုတ္တမာလာ တျဒျာနံ သညောဂေါစ္ဆယဂဇ္ဈယုဂံ (၁၀၄)-သုတ် ကြည့်။]

(တစ်နည်း) (တ-ကို ယ-မကပ်ဘဲ) "ယထာဘူတယံ" ဟု ဆိုလိုလျက် တ-ကို စ-ပြုခြင်း ဝဏ္ဏဝိကာရ, ယ-ကို ပုဗ္ဗရူပ် စ-ပြုခြင်း ဝဏ္ဏဝိကာရ, ဘူ-၌ ဥ-ကို ဥ-ရဿပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် "ယထာဘုစ္ဆံ" ဟု ပြီးပါသည်။ (မောဂ္ဂလာန်) [မောဂ္ဂလာန် သညာဒီကဏ္ဏ တဝဂ္ဂ ဝရဏာနံ ယေ စ ဝဂ္ဂဗယာ (၄၈), ဝဂ္ဂလသေဟိ တေ (၄၉)-သုတ်တို့ကြည့်။ နိရုတ္တိဒီပနီ ယင်းသုတ် (၄၄, ၄၃)-တို့လည်း ရှု။]

---

၈ ။ ။ ကိုယ်ဝန်ပျက်ကြောင်း ။ ။ ကိုယ်ဝန်ပျက်ကြောင်းများကား- (၁) လေ၊ (၂) ပိုး၊ (၃) ကံ ဖြစ်ပါသည်။

မပျက်အောင်ပြုပုံ ။ ။ ဆိုအပ်ကုန်ပြီးသော ၃-ပါးကုန်သောအကြောင်းတို့တွင် လေကြောင့်ကိုယ်ဝန်ပျက်ခဲ့သော် နောက်ထပ်တစ်ဖန်မပျက်အောင်

http://www.dhammadownload.com

ငြိမ်းအေးစေတတ်သော အေးမြသောဆေးကို ပေးသည်။ ပိုးတို့ကြောင့် ကိုယ်ဝန်ပျက်ခဲ့သော် နောက်ထပ်တစ်ဖန် မပျက်အောင် ပိုးတို့ကို ကုစားမှုကို ပြုလုပ်သည်။ ဤသို့ပြုလုပ်ပါသည်။

မှတ်ချက် ။ ။ ကဲ့ကြောင့် ကိုယ်ဝန်ပျက်ခဲ့သော် ဘုရားရှင်တို့သော်မှ လည်း တားမြစ်ခြင်းငှာ မတတ်နိုင်ပါ။ (၌။ ၉၁။)

---

၉ ။ ။ ဂါထာဖွဲ့နှင့် ဂါထာအမည်, ဆန်းအမည်

ယဒိ ကသ္မာ ကတော ဟောတိ၊ ဗဟူဝစနနိဒ္ဒေသော။
ပုထုစိတ္တသမာယောဂါ၊ ပုထုအာရမ္မဏာစေဝ။
ဤဂါထာသည် ဝတ္တဂါထာ, အနုဋ္ဌုဘဆန်း-ဖြစ်ပါသည်။
မှတ်ချက် ။ ။ ဟူ-၌ ဆန်းကြောင့် ဒီဃ ရောက်သည်။

---

၁၀ ။ ။ ဘာဝါလင်္ကာရ

၁ ။ ။ ဝဒမာနာ-၏ အရ ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း ပြောဆိုသောသူ၏သန္တာန်၌ဖြစ်သော ဝိရိယပြဓာန်းသောစိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယိဘာဝ, ဝီရရသ။

၂ ။ ။ ဘုရားရှင်သည် အာရမ္မဏဝိဘာဝ။

၃ ။ ။ ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်သည် ဥဒ္ဒီပနဝိဘာဝ။

၄ ။ ။ ဒိဋ္ဌဓမ္မိက, သမ္မရာယိက-စသော အကျိုး အဆက်ဆက်သည် အနုဘာဝ။

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁ ။ ။ တသ္မ တတ္ထ ဧကကဿ ဒီဃရတ္တံ နိဝုသိတတ္တာ အနဘိရတိပရိတဿနာ ဥပပဇ္ဇတိ "အဟောဝတ အညေပိ သတ္တာ ဣတ္ထတ္တံ အာဂစ္ဆေယ္ယု"န္တိ-ကို အနက်အဓိပ္ပာယ်ဖွင့် အာကာရ အတွင်းသွင်းလျက် အနက်ယောဇနာပါ။

http://www.dhammadownload.com

၂ ။ ။ ဣဓ မဟာရာဇ ဘိက္ခု သန္တုဋ္ဌော ဟောတိ ကာယပရိဟာရိကေန စိဝရေန ကုစ္ဆိပရိဟာရိကေန ပိဏ္ဍပါတေန၊ သော ယေန ယေနေဝ ပက္ကမတိ၊ သမာဒါယေဝ ပက္ကမတိ-ကို သမာဒါယ-၏ ကံ ထည့်၍အနက်ယောဇနာပါ။

အောက်ပါ ပါဠိ, အဋ္ဌကထာတို့ကို အတ္ထယောဇနာပါ။

၃ ။ ။ အထခေါ ဘဂဝါ တထာရူပံ ဣဒ္ဒါဘိသခ်ါရံ အဘိသခ်ါရေသိ။ ယထာ အဒ္ဒသ အမ္ဗဋ္ဌော မာဏဝေါ ဘဂဝတော ကောသော ဟိတံ ဝတ္ထဂုယှံ။

၄ ။ ။ သုတံ မေတံ ဘော ဂေါတမ "သမဏော ဂေါတမောသဗ္ဗံတပံ ဂရဟတိ၊ သဗ္ဗံ တပသိံ လူခဇီဝိံ ဧကံသေန ဥပက္ကောသတိ ဥပဝဒတီ" တိ။

၅ ။ ။ အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရစန္ဒနံ။
ယောစ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

၆ ။ ။ သိဝဝိဇ္ဇာတိ သုသာနေ ပဝိသိတွာ သန္တိကရဏဝိဇ္ဇာ၊ သိဂ်ါလရုတ-ဝိဇ္ဇာတိပိ ဝဒန္တိ-ကို ဝဒန္တိ-၏ ကတ္တားထည့်၍ အတ္ထယောဇနာပါ။

၇ ။ ။ သုဋ္ဌု အဂ္ဂေ ရူပသဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗအာယုဝဏ္ဏသုခယသ-အာဓိပတေယျသခ်ါတေ ဒသ ဓမ္မေ သံဝတ္တေတိ နိဗ္ဗတ္တေတီတိ သက္ကသံ-ဝတ္တနိကာ-ကို နိယမာနိယမ-ထည့်၍ အတ္ထယောဇနာပါ။

၈ ။ ။ တတ္ထ ဣဏံ အာဒါယာတိ ဝမိယာ ဓနံ ဂဟေတွာ။ ဗျန္တိံ ကရေယျာတိ ဝိဂတန္တံ ကရေယျ၊ ယထာ တေသံ ကာကဏိကမတ္တောပိ ပရိယန္တော နာမ နာဝသိဿတိ၊ ဧဝံ ကရေယျ-ကို ယထာ-နောင် လက္ခဏ ကြိယာ ထည့်၍ အတ္ထယောဇနာပါ။

၉ ။ ။ ယေ ပန "သပုတ္တဒါရဘာဝေါ နာမ ပဗ္ဗဇိတဿ အယုတ္တော" တိ လာယနမဒ္ဒနဋ္ဌာနေသု ဝိဟိမုဂ္ဂမာသတိလာဒီနိ သက်ံမိတွာ ပစိတွာ ပရိဘုဥ္ဇန္တိ၊ တေ ဥဉ္ဉာစရိယာ နာမ။

၁၀ ။ ။ ပဋိသလ္လီနော ဘဂဝါတိ နာနာလမ္မဏစာရတော ပဋိက္ကမ္မ သလ္လီနော နိလီနော၊ ဧကီဘာဝံ ဥပဂမ္မ ဧကတ္တာရမ္မဏေ ဈာနရတိံ အနဘဝတီတိ အတ္ထော-ကို အတ္ထော-၏ သမ္ဗန်ကို ထည့်၍ အတ္ထယောဇနာပါ။

http://www.dhammadownload.com

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ အနက်အားဖြင့်အာကာရ အတွင်းသွင်းလျက် အနက်ယောဇနာ

တဿ-သတ္တဿ၊ ထိုသတ္တဝါအား။ တတ္ထ-တသ္မိံ ဗြဟ္မဝိမာနေ၊ ထို ဗြဟ္မာ့ဗိမာန်၌။ ဧကဿ၊ တစ်ယောက်ထည်းတည်း။ ဒိဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ နိဝုသိတတ္တာ၊ နေအပ်သည်၏အဖြစ်ကြောင့်။ အညေ၊ ငါမှ တစ်ပါးကုန်သော။ သတ္တာပိ၊ သတ္တဝါကိုသည်လည်း။ ဣတ္ထတ္တံ၊ ဤသို့ အပြား ရှိသော ဗြဟ္မာ၏ အဖြစ်သို့။ ဝါ၊ ဤသို့အပြားရှိသော ဗြဟ္မာ၏ ဖြစ်ကြောင်း ဖြစ်ရာဖြစ်သော ဗြဟ္မာဇာတ်သို့။ အာဂစ္ဆေယျုံ၊ ရောက်လာကြပါကုန်မူကား။ အဟော ဝတ၊ သြော်-ကောင်းလေစွတကား။ ဝါ၊ ကောင်းလေစွ သြ။ ဣတိ၊ ဤသို့။ အနာဘိရတိ။ အဘော်၏ လာခြင်းကို မြော်လင့်တောင့်တခြင်းဟူသော မမွေ့လျော်ခြင်းသည်။ ပရိတဿနာ၊ တောင့်တတတ် တုန်လှုပ်တတ်သော တဏှာ, ဒီဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ [ပါ။ ၁၇။ ပါ၊ သျှ။ ၆၁။ ပါ၊ သျှ၊ သစ်။ ၉၆။]

---

၂ ။ ။ [သမာဒါယ-၏ ကံကို "အဋ္ဌပရိက္ခာရမတ္တက် သဗ္ဗံ" ဟု ထည့်။ ဋ္ဌ။ ၁၈၆။ "သဗ္ဗံ၊ အလုံးစုံသော။ အဋ္ဌပရိက္ခာရမတ္တက်။ ရှစ်ပါးသော ပရိက္ခရာ မျှကို" ဟု ယောဇနာ။ ကြွင်း သျှ-အတိုင်း။ ။ ပါ။ ၆၇။ ပါ၊ သျှ။ ၁၅၅။ ပါ၊ သျှ၊ သစ်။ ၂၅၇။]

---

၃ ။ ။ [ပါ။ ၉၉။ ပါ၊ သျှ။ ၂၄၅။ ပါ၊ သျှ၊ သစ်။ ၃၅၈။]

---

၄ ။ ။ [ပါ။ ၁၅၃။ ပါ၊ သျှ။ ၃၂၉။ ပါ၊ သျှ၊ သစ်။ ၄၈၁။]

---

၅ ။ ။ [ပါ။ ၁၅၃။ ဋ္ဌ၊ သျှ၊ ၁။ ၁၉၁။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၃၂၉။]

---

၆ ။ ။ [သျှ အတိုင်းယောဇနာ့။ ။ ဋ္ဌ။ ၈၈။ ဋ္ဌ၊ သျှ၊ ၁။ ၂၉၄။ ဋ္ဌ သျှ၊ သစ်၊ ၁။ ၄၄၆။]

---

http://www.dhammadownload.com

၇ ။ ။ [သျ အတိုင်းယောဇနာ ။ ။ ဋ္ဌ။ ၁၄၃။ ဋ္ဌ၊ သျ၊ ၂။ ၆၄။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၇၁။]

---

၈ ။ ။ ["ကရိယမာနေ" ဟု လက္ခဏာကြိယာထည့်၍ သျ-အတိုင်း ယောဇနာ ။ ။ ဋ္ဌ။ ၁၈၉။ ဋ္ဌ၊ သျ၊ ၂။ ၁၈၄။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၂၉၄။]

---

၉ ။ ။ [ဋ္ဌ။ ၂၄၂။ ဋ္ဌ၊ သျ၊ ၂။ ၃၃၁။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၄၀၆။]

၁၀။ ။ [အတ္ထော-၏ သမ္ဗန်ကို "အဿ ပဋိသလ္လိနောတိ ပဒဿ" ဟု ထည့်၍ သျ-အတိုင်း ယောဇနာ ။ ။ ဋ္ဌ။ ၂၇၆။ ဋ္ဌ၊ သျ၊ ၂။ ၄၂၃။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၅၀၃။]

၁၃၃၃-ခုနှစ် မဖွာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ရာဇဂဟေတိ ဇဝံနာမကေ နဂရေ။

(ခ) တဉ္ဉိ မန္ဒာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ ရာဇဂဟန္တိ ဝုစ္စတိ။

(ဂ) အလဂ္ဂနဋ္ဌေန အဇ္ဈောကာသော ဝိယာတိ အဇ္ဈောကာသော။

(ဃ) ပဗ္ဗဇိတော ဟိ ကူဋာဂါရရတနပါသာဒဒေဝဝိမာနာဒီသု ပိဟိတဒွါရဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တော်ပိ နေဝ လဂ္ဂတိ နာ သဇ္ဇတိ နာ ဗဇ္ဈတိ။ တေန ဝုတ္တံ "အဇ္ဈောကာသော ပဗ္ဗဇ္ဇာ" တိ။

၁ ။ ။ ရာဇဂဟော-ဟူသောပုဒ်ကို သံဝဏ္ဏနာနှင့်အညီ ဝေါဟာရတ္ထ, သဒ္ဒတ္ထ အနက်ပေး၍ (ဂ) အမှတ်ပြဝါကျကို နိယမာနိယမ ထည့်၍အနက် ယောဇနာပါ။

၂ ။ ။ (ဂ) အမှတ်ပြဝါကျမှ (ဃ) အမှတ်ပြဝါကျသို့ သာဘောဂါ ယုတ္တပုစ္ဆာ တက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန်မလို။)

http://www.dhammadownload.com

၃ ။ ။ (ဃ) အမှတ်ပြဝါကျဉ် ဖြစ်သင့်သော စောဒကာဘောဂါဒိ-စတုက္ကကို ထုတ်ပြပါ။

၄ ။ ။ ဒဿိတုံ ယုတ္တာတိ ဒဿနီယာ-ဥ် ဒဿနီယာ-ပုဒ်ကို သဝဏ္ဏနာ နှင့်အညီ ဝစနတ္ထပြု၍ ဝစနာဒိဆက္က ကောက်ပြပါ။

၅ ။ ။ (ခ) အမှတ်ပြဝါကျဉ်ပါသော ပရိဂ္ဂဟိတတ္ထာ-ဟူသောဟိတ်၏ သမ္ဗန်ကို ထုတ်ပြ၍ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

၆ ။ ။ (ခ) အမှတ်ပြဝါကျဉ် အဋ္ဌကထာဆရာ၏ အာဘော်နှင့် သဝဏ္ဏနာကို ထုတ်ပြပါ။

၇ ။ ။ ဒီဝသမာသာဒီနံ လက္ခဏံ ဘဝိတုံ ယုတ္တာတိ လက္ခဏာ-ဥ် လက္ခဏာ-ဟူသော ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ပြဆိုပါ။

၈ ။ ။ ဝိရတိ ၃-ပါးတို့တွင် သေတုဃာတဝိရတိ၏ အရ တရားကိုယ် နှင့် အာရုံကို ဖော်ပြပါ။

၉ ။ ။ (ခ) အမှတ်ပြ အဋ္ဌကထာလာ အဓိပ္ပာယ်ကို ခြုံမိအောင် ဝတ္တမျိုး တစ်ဂါထာဖွဲ့လျက် ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

၁၀။ ။ ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ နံ တေ ဂမိဿန္တိအပါယ ဘူမိံ။

ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ-ဥ် ဂတာသေဝယ် အန္တတ္ထကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ပြပါ။

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ ဆေါဟာရတ္ထ ။ ။ ရာဇဂေဟေ၊ ရာဇဂြိုဟ်ဟူသော အမှည်ရှိသော မြို့၌။

သဒ္ဒတ္ထ ။ ။ ရာဇဂေဟေ၊ မန္ဒာတုစက္ကြာမင်း, မဟာဂေါဝိန္ဒပုရောဟိတ် အစရှိသည်တို့သည် ပိုင်းခြား၍ ယူအပ်သောမြို့၌။ [ဋ္ဌ။ ၁၂၂။ ဋ္ဌ၊ သျ၊ ၂။ ၁။

http://www.dhammadownload.com

၌၊ သျှ၊ သစ်၊ ၂။ ၄။]

[(ဂ) အမှတ်ပြဝါကျကို သျှ၊ သစ် အတိုင်း ယောဇနာ ။ ။ ၌။ ၁၆၂။ ၌၊ သျှ၊ ၂။ ၁၁၄။ ၌၊ သျှ၊ သစ်၊ ၂။ ၁၃၆။]

---

၂ ။ ။ (ဃ) အမှတ်ပြဝါကျ သာဘောဂါယုတ္တ (သာဘောဂ) ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ) အမှတ်ပြဝါကျဖြင့် မကပ်ငြိတတ်သည်၏ အဖြစ်တည်းဟူသော အနက်သဘော့သတ္တိကြောင့် ရဟန်း၏ အဖြစ်သည် လွင်တီးခေါင်နှင့် တူရကား "အဇ္ဈောကာသ မည်၏" ဟု ဆိုတော်မူ၏ (၌ပနာ)။ ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် ပိတ်အပ်ပြီးသော တံခါး၊မ, လေသာပြတင်း, တံခါးရွက် ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်ပြီးသော စုလစ်မွန်ချွန် အထွတ်ရှိသော ကျောင်း, ရတနာပြာသာဒ်, နတ်ဗိမာန် အစရှိသည်တို့၌ နေသည် မဟုတ်ပါလော (အာဘောဂ)။ ယင်းသို့နေပါလျက် အဘယ့်ကြောင့် "အဇ္ဈောကာသော ပဗ္ဗဇ္ဇာ" ဟူ၍ ဟောတော်မူအပ်ပါသနည်း (အယုတ္တ=ပုစ္ဆာ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ) အမှတ်ပြဝါကျကို မိန့်။

[သဘာဝ မကျသော ၌ပနာ ။ ။ အမေးအား‌လျော်စွာ တက်သည်။ သို့သော်-၌ပနာ သဘာဝမကျ။ ဘာ့ကြောင့်နည်း? (ဃ) အမှတ်ပြဝါကျလုံး၌ ပဓာနစကားသည် တနေ့ဝတ္ထု အဇ္ဈောကာသော ပဗ္ဗဇ္ဇာတိ-ဖြစ်သည်။ ယင်းပဓာနစကားကို မျှော်တက်ရမည့်အပြင် အဇ္ဈောကာသော ပဗ္ဗဇ္ဇာ-၌ စောဒကတို့ မနှစ်မျို့ဖွယ်, စောဒနာဖွယ်ရှိ၍ (ဃ) အမှတ်ပြဝါကျကို ကျမ်းဆရာ ရေးရကား မနှစ်သက်ရာ ၌ပနာ-နှင့်အညီ ယင်းကို ၌ပနာ ထားရမည်ဖြစ်သောကြောင့် တည်း။ ထို့ကြောင့် "ဘုရား‌ရှင်သည် 'အဇ္ဈောကာသော ပဗ္ဗဇ္ဇာ' ဟု ဟောတော်မူ၏" ဟု ၌ပနာထားမှသဘာဝကျသည်။ ဆိုလိုသည်မှာ "(ဃ) အမှတ်ပြဝါကျတစ်ခုလုံးကို တက်စေလိုသော် (ဂ) အမှတ်ပြဝါကျကို ၌ပနာ မထား‌စေသင့်" ဟု ဆိုလိုသည်။

ဝါကျတစ်ခုလုံး မတက်စေသင့် ။ ။ သို့မဟုတ် (ဂ) အမှတ်ပြဝါကျကို ၌ပနာ ထား‌စေလိုသော် (ဃ) အမှတ်ပြဝါကျတစ်ခုလုံးကို မတက်စေသင့်၊ နဗ္ဗတိ-တိုင်ရုံသာ ရည်၍ တက်စေသင့်သည်။ ယင်းတိုင်ရုံသာ ရည်၍ တက်သော် –

http://www.dhammadownload.com

အရှင်အဌကထာဆရာ ဆရာသည် (ဂ) အမှတ်ပြဝါကျဖြင့် မကပ်ငြိတတ်သည်၏ အဖြစ်တည်းဟူသော အနက်သဘောသတ္တိကြောင့် ရဟန်း၏ အဖြစ်သည် လွင်တီးခေါင်နှင့် တူရကား "အဗ္ဘောကာသ မည်၏" ဟု ဆိုတော်မူ၏ (ဌပနာ)။ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ပိတ်အပ်ပြီးသော တံခါးမ, လေသာပြတင်း, တံခါးရွက် ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်ပြီးသော စုလစ်မွန်ချွန် အထွတ်ရှိသော ကျောင်း, ရတနာပြာသာဒ်, နတ်ဗိမာန် အစရှိသည်တို့၌ နေသည်မဟုတ်ပါလော (အာဘောဂ)။ အဘယ်သို့ မကပ်ငြိပါသနည်း (ပုစ္ဆာ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဌကထာဆရာသည် (ဃ) အမှတ်ပြဝါကျကို မိန့်။

ဝါကျထူးပုံ ။ ။ (ဃ) အမှတ်ပြဝါကျတစ်ခုလုံးကို ရည်တက်သော် ယင်း (ဃ) အမှတ်ပြဝါကျဝယ် ပဗ္ဗဇိတော။ ပ။ နဗဇ္ဈတိ-သည် ကာရဏ, တေန။ ပ။ ပဗ္ဗဇ္ဇာတိ-သည် ဖလဝါကျမည်၏။ (ထို့ကြောင့် ကသ္မာ-ဖြင့် မှတ်အပ်သော အယုတ္တဖြင့် တက်သည်။ နဗဇ္ဈတိ-တိုင်ရုံသာ ရည် တက်သော် ပဗ္ဗဇိတော။ ပ။ နဗဇ္ဈတိ-သည် ဝိတ္ထာရ (အလဂ္ဂနဌေန-ကို ချဲ့သည်။ ဝိတ္ထာရဖြစ်၍ ကထံ-ဖြင့် မှတ်အပ်သော အယုတ္တဖြင့် တက်သည်။) တေန-စသည်သည် လဒ္ဓဂုဏ (တစ်နည်း) နိဂမဝါကျ မည်၏။ ဤသို့ ထူးကြသည်။

အမှန်မှာ ။ ။ ဤမေးခွန်း၌ သာဘောဂါယုတ္တပုစ္ဆာတက်-ဟူသော စကားလုံးကိုက အချိုးမကျပါ။ အယုတ္တ-စကားလုံး သုံးလိုလျှင် ပုစ္ဆာ-စကားလုံးနှင့် တွဲမသုံးသင့်၊ "အယုတ္တစောဒနာ" ဟုသာ သုံးရိုးရှိ၍ စောဒနာ-စကားလုံးနှင့်သာ တွဲသုံးသင့်သည်။ သို့ဖြစ်၍ "သာဘောဂါယုတ္တစောဒနာ တက်ပြပါ" ဟု မေးက တော်သေးသည်။ သို့သော်စည်းမျဉ်းတော့ လွန်နေမြဲ။ ပုစ္ဆာ-စကားလုံး သုံးလိုလျှင် အယုတ္တ-နှင့် ပုစ္ဆာ-သည် အမည်သာ ကွဲသော "ထမင်းနဲ့နှင့် ယာဂု" ကဲ့သို့ အတူတူဖြစ်၍ အယုတ္တ-စကားလုံး ထည့်စရာမလို။ သို့ဖြစ်၍ "သာဘောဂပုစ္ဆာတက်ပြပါ" ဟု မေးမှ ကောင်းသည်။ အဖြေကား အတူတူပင်။]

---

၃ ။ ။ စောဒကာဘောဂါဒိစတုက္က

၁ ။ ။ နနု ပဗ္ဗဇိတော ကူဋ္ဌာဂါရရတနပါသာဒ ဒေဝဝိမာနာဒီသု ပိဟိတ ဒ္ဓါရဝါတပါနေသု ပဋိစ္ဆန္ဒေသု ဝသန္တော ဟောတိ (စောဒကာဘောဂ)။

http://www.dhammadownload.com

၂ ။ ။ အထ ကသ္မာ "အစ္ဆောကာသော ပဗ္ဗဇ္ဇာ" တိ ဝုတ္တံ (စောဒနာ)။

၃ ။ ။ နနု နေဝလဂ္ဂတိ နာ သဇ္ဇတိ နာ ဗဇ္ဈတိ (ပရိဟာရာဘောဂ)။

၄ ။ ။ တသ္မာ "အစ္ဆောကာသော ပဗ္ဗဇ္ဇာ" တိ ဝုတ္တံ (ပရိဟာရ)။

---

၄ ။ ။ ဝစနတ္ထ ။ ။ ဒဿိတဗ္ဗာတိ ဒဿနီယာ။

ဝစနာဒိဆဏ္ဏ

၁ ။ ။ ဒဿနီယာ-ဟူသော နိပ္ပန္နသည် ဝစန။

၂ ။ ။ ဒဿိတဗ္ဗာ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ။

၃ ။ ။ ကြည့်ရှုခြင်း ကြိယာသကတ်သည် ဝစနဟေတု။

၄ ။ ။ ဣတိ-သဒ္ဒါသည် ဝစနဟေတုဓောတက။

၅ ။ ။ ဒဋ္ဌဗ္ဗာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

[ကျက်ဖွယ် ။ ။ ကမ္မဝါစက၊ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုတ္တ,သဏ္ဌာ၊ အရဟာ, သဏ္ဌာဏေယျ၊ အနုဏ္ဍိတ၊ စသည်တို့နှင့် ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။ [သံဝဏ္ဏနာနိယံ)]

---

၅ ။ ။ ဟိတ်၏သမ္ဗန် ။ ။ ပရိဂ္ဂဟိတတ္တာ-ဟူသော ဟိတ်၏ သမ္ဗန်ကား တသ္မ နဂရသ္မာ-ဖြစ်ပါသည်။

စာစပ် ။ ။ တသ္မ နဂရသ္မာ-ကား "၏" ဟူ၍ အနက်ပေးသောကြောင့် ပရိဂ္ဂဟိတတ္တာ-ဝယ် တ္တ-ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ တ္တ-ပစ္စည်းကား သမ္ဗန္ဓီ, သတ္တိ။

တသ္မ နဂရသ္မာ-ကား "ကို" ဟူ၍ အနက်ပေးသောကြောင့် ပရိဂ္ဂဟိတတ္တာ-ဝယ် ပရိဂ္ဂဟိတ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္ဆ, တုလျတ်၊ ပရိဂ္ဂဟိတ-ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ပစ္စယတ္ထ ။ ။ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကမ္မတ္ထ-ဖြစ်ပါသည်။

---

http://www.dhammadownload.com

၆ ။ ။ (ခ) အမှတ်ပြဝါကျ အာဘောဂနှင့် သဝဏ္ဏနာ

မန္ဒာတုမဟာဂေါဝိန္ဒာဒီဟိ-ဟူသော သဝဏ္ဏနာပါဠိဖြင့် ရာဇဂဟ-ဠိ ရာဇ-အရ မန္ဒာတုစကြာမင်း, မဟာဂေါဝိန္ဒပုရောဟိတ် စသည်တို့ကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထ-သဝဏ္ဏနာ။

ပရိဂ္ဂဟိတတ္တာ-ဟူသော သဝဏ္ဏနာပါဠိဖြင့် ဂဟ-ဠ အ-ပစ္စည်း၏ ကံ အနက်ဟောင်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထ သဝဏ္ဏနာ။ (တစ်နည်း) ဂဟ-ကို "ဂယှတီတိ ဂဟံ" ဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသဝဏ္ဏနာ။

မန္ဒာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ-ဟူသော အပေါင်းသဝဏ္ဏနာ ပါဠိဖြင့် ရာဇဂဟ-ဟူသော သဝဏ္ဏော တဗ္ဗပုဒ်၏ တတိယာတပ္ပုရိသ် သမာသ်ပုဒ်၏ အဖြစ်, ယင်းတတိယာတပ္ပုရိသ်သမာသ်ပုဒ်၏ ကတ္တား အနက်ဟောင်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင် ပဒတ္ထသဝဏ္ဏနာ။ (တစ်နည်း) ရာဇဂဟ-ဟူသော သဝဏ္ဏော တဗ္ဗပုဒ်ကို "ရာဇူဟိ ဂဟံ ရာဇဂဟံ" ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသဝဏ္ဏနာ။

---

၇ ။ ။ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

လက္ခညာ-ကား လက္ခ-ဓာတ်, အနိယ-ပစ္စည်း, ဣတ္ထိဓောတက အာ-ပစ္စည်း။ "လက္ခနိယာ" ဟု ဆိုလိုလျက် ဒန္တဇ န-ကို မုဒ္ဓဇ ဏ-ပြုခြင်း ဝဏ္ဏဝိကာရ, ဤ-ကို ချေခြင်း ဝဏ္ဏလောပ, (ဏ-ကို ယ-ကပ်၍) ဏျ-ကို ဥ-ပြုခြင်း ဝဏ္ဏဝိကာရ, ဥ-ကို ဒွေဘော်လာခြင်း ဝဏ္ဏာဂမ-နိရုတ္တိနည်းတို့ဖြင့် "လက္ခညာ" ဟု ပြီးပါသည်။ (သီလက္ခန်ဒိကာသစ်, ရူပသိဒ္ဓိ)။

(တစ်နည်း) "လက္ခနိယာ" ဟု ဆိုလိုလျက် ဤ-ကို ချေခြင်း ဝဏ္ဏလောပ, (န-ကို ယ-ကပ်၍) ရှ-သံယုက် ည-သံယုက်ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်း တို့ဖြင့် "လက္ခညာ" ဟု ပြီးပါသည်။ (သဒ္ဒနီတိ)။

(တစ်နည်း) "လက္ခနိယာ" ဟု ဆိုလိုလျက် ဒန္တဇ န-ကို မုဒ္ဓဇ ဏ-ပြုခြင်း ဝဏ္ဏဝိကာရ, ဤ-ကို ချေခြင်း ဝဏ္ဏလောပ, ဏ-ကို ဥ-ပြုခြင်း ဝဏ္ဏဝိ-

http://www.dhammadownload.com

ကာရ, ယ-ကို ပုဗ္ဗရူပ် ဥ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် "လက္ခဉာ" ဟု ပြီးပါသည်။ (မောဂ္ဂလာန်)။

[ထောက်ပြယ် ။ ။ လက္ခိတဗ္ဗာတိ လက္ခဏီ(ဏိ)ယာ၊ သာ ဧဝ လက္ခ-ဉာ ယဝတော ဏကာရဿ ဥ ကာရာဒေသဝသေန ယထာ "ပေါက္ခရညော သုမာပိတာ"တိ။ (သီလက္ခန် ဋီကာသစ်၊ ၂။ ၁၄။)

မှတ်ချက် ။ ။ အနီယ-ပစ္စည်းဖြစ်၍ "လက္ခဏီယာ" ဟု ဤ-ဒီဃနှင့် ရှိပါ။ ရမဏီယာ ဒဿနီယာ (ပါဠိတော်), လက္ခဏီယာတိအတ္ထော (သီလက္ခန် ဋီကာဟောင်း။ ၂၁၂)-တို့လည်း ထောက်။ ဋီကာသစ်၌ ရဿနှင့် ရှိသည်။

"ပေါက္ခရိနိ" ဣတိဓ "တေသုဝုဒ္ဓိ" တိအာဒိနာ ဣကာရနကာရာန်အကာရဏကာရာဒေသာ၊ ပေါက္ခရဏီ, ပေါက္ခရဏီ။ "တတော ယောနမောတ္ထု" တိသုတ္တေ တုဂ္ဂဟဏေန ယောနမောကာရော စ၊ ဤကာရဿ ယကာရော၊ "ယဝတ" မိစ္စာဒိသုတ္တေ ကာရဂ္ဂဟဏေန ဏျဿ ဥ ကာရော, ဒ္ဝိတ္တံ့။ ပေါက္ခရညော ပေါက္ခရဏိယော ဝါ ဣစ္စာဒိ။ (ရူပသိဒ္ဓိ။ ၈၉။)

ရော ညယုဂ် ဏျော စ။ အာနိအာယော အညာယော၊ အာကိဠ ညံ၊ ဂေလညံ၊ သာမညံ၊ ကွစိ နာ ဘဝတိ၊ အာဏဏ္ဍော။ (သဒ္ဒနီတိ သုတ္တမာလာ။ ၁၁၇။)

ယေ ပသိဝဏ္ဏသ ။ ။ ပသညဿ ဣဝဏ္ဏဿ လောပေါ ဟောတိ ဝါ ယကာရေ ।ပ၊ ပေါက္ခရညော။ (မောဂ္ဂလာန သျာဒိကဏ္ဍ။ ၁၁၆။)

ပေါက္ခရညောတိ ပေါက္ခရဏီသဒ္ဒတော ယောမှိ ဣမိနာ ဤကာရ လောပေ "တဝဂ္ဂဝရဏာနံ ယေ စဝဂ္ဂဗယဉာ" တိ ၁-၄၈ ဏဿ ဉကာရေ "ဝဂ္ဂလငသဟိ တေ" တိ ၁-၄၉ ယဿ စ ဥ ကာရော။ (ယင်းပဋ္ဌိကာ။)

---

၈ ။ ။ **သေတုယာတဝိရတိ၏ အရ တရားကိုယ်** ။ ။ သေတုယာတဝိရတိ၏ အရ တရားကိုယ်ကား မဂ်နှင့် ယှဉ်သော (မဂ္ဂသမ္မယုတ္တ) ဝိရတိ ဖြစ်ပါသည်။

သေတုယာတဝိရတိ၏ အာရုံ ။ ။ သေတုယာတဝိရတိ၏ အာရုံကား နိဗ္ဗာန်-ဖြစ်ပါသည်။ (အဋ္ဌကထာ။ ၂၇၂)။

---

http://www.dhammadownload.com

၉ ။ ။ ဂါထာဖွဲ့နှင့် ဂါထာအမည်, ဆန်းအမည်

တဉ္ဇိ မန္ဒာတုရညာ စ၊ ပရိဂ္ဂဟိတဘာဝတော။
အညေဟိစေဝ ရာဇူဟိ၊ ဝုတ္တံ ရာဇဂဟံ ဣတိ။
ဤဂါထာကား ပဏ္ဍာဝတ္ထုဂါထာ, အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။

၁၀။ ။ ဘာဝါလင်္ကာရ

၁ ။ ။ ဂတာသေ-ဝယ် အန္ဆတ္ထအရ ဘုရား၌ရှင်ကို "ကိုးကွယ်လည်း လျောင်းပုန်းအောင်းမှီခိုရာ" ဟူ၍ မှီဝဲဆည်းကပ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ, ပညာပြောနှံးသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ။

၂ ။ ။ ဘုရား၌ရှင်သည် အာရမ္မဏဝိဘာဝ။

၃ ။ ။ ဘုရား၌ရှင်၏ ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ။

၄ ။ ။ အပါယ်သို့ မလားရခြင်း, လူ့အတ္တဘောကို စွန့်၍ နတ်အတ္တ-ဘောကို ရခြင်းစသည်သည် အနုဘာဝ။

၁၃၃၄-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁ ။ ။ နိသဇ္ဇ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ကာယနုတ္ထဘိက္ခဝေ ဇေတရဟိ ကထာယ သန္နိသိန္နာ သန္နိပတိတာ၊ ကာ စ ပန ဝေါ အန္တရာကထာ ဝိပ္ပကတာ" တိ-ဟူသော ပါဠိကို အာကာရကို အတွင်းသွင်း၍ ယောဇနာပါ။

၂ ။ ။ အဗရာမသတော စဿ ပစ္စတ္တညေဝ နိဗ္ဗုတိ ဝိဒိတာ။ ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ဝိဒိတ္တာ အနုပါဒါ ဝိမုတ္တော ဘိက္ခဝေ တထာဂတော-ဟူသော ပါဠ်ကို မှန်မှန်ယောဇနာပါ။

၃ ။ ။ လဋ္ဌုကိကာပိ ခေါ အမ္ဗဋ္ဌ သကုဏိကာ သကေ ကုလာဝကေ ကာမလာပိနီ ယောတိ-ဟူသော ပါဠ်ကို သကုဏိကာ-ဌ် သဒ္ဒတ္ထကို ထင်စေလျက် ယောဇနာပါ။

၄ ။ ။ ယတ္ထ သီလံ တတ္ထ ပညာ၊ ယတ္ထ ပညာ တတ္ထ သီလံ။ သီလဝ

http://www.dhammadownload.com

တော ပညာ၊ ပညာဝတော သီလံ။ သီလပညာဏဋ္ဌ ပန လောကသ္မိံ အဂ္ဂ-မက္ခာယတိ-ကို ယောဇနာပါ။

၅ ။ ။ ဓမ္မောတိ ဟေတု၊ ဝုတ္တဥ္စေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ" တိ။ အတ္ထောတိ ဟေတုဖလံ ဝုတ္တဥ္စေတံ "ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ" တိ-ဟူသော ပါဠိကို ဝါကျ အပြန်အလှန် ယောဇနာပါ။

၆ ။ ။ တတ္ထ ကာယနုတ္ထာတိ ကတမာယ နု ကထာယ သန္နိသိန္နာဘဝ ထာတိ အတ္ထော။ ကာယနေတ္ထာတိပိ ပါဠိ၊ တဿာ ကတမာယ နု ဇေတ္ထာတိ အတ္ထော။ ကာယနောတ္ထာတိပိ ပါဠိ၊ တဿာပိ ပုရိမောယေဝ အတ္ထော-ဟူသော ပါဌ်ကို သဗ္ဗနာမ်တို့၏ အစွဲ မလွဲစေဘဲ ယောဇနာပါ။

၇ ။ ။ အန္တရာ ကထာတိ ကမ္မဋ္ဌာနမနသိကာရဥ္စေသပရိပုစ္ဆာဒီနံအန္တရာ အညာ ဧကာ ကထာ။ ဝိပ္ပကထာတိ မမ အာဂမနပစ္စယာ အပရိနိဋ္ဌိတာ သိခံ အပ္ပတ္တာ-ကို အနက်ယောဇနာပါ။

၈ ။ ။ ယသ္မာ ဧတ္ထ ဒွါသဋ္ဌိ ဒိဋ္ဌိယော ဝိဘတ္တာ၊ တသ္မာ "ဒိဋ္ဌိဇာလ" န္တိပိ နံ ဓာရေဟိ-ဟူသောပါဌ်ကို အာလုပ်ပုဒ်, ကတ္တားပုဒ်တို့ကို ထည့်လျက် အနက် ယောဇနာပါ။

၉ ။ ။ နာဿ ပရော ပစ္စယော၊ နု ပရဿ သဒ္ဒါယ ဧတ္ထ ဝတ္ထုတိတိ အပရပ္ပစ္စယော-ကို သဗ္ဗနာမ်အစွဲ မလွဲစေဘဲ ယောဇနာပါ။

၁၀။ ။ ကတိပါဟစ္စယေန ပဗ္ဗဇိတ္တာ အဂ္ဂညသုတ္တေ ဥပသမ္ပဒဥ္စေဝ အရဟတ္တဥ္စ အလတ္ထုံ-ကို ကတ္တားထည့်၍ ယောဇနာပါ။

၁၃၃၄-ခုနှစ် မြောစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁ ။ ။ အာကာရကို အတွင်းသွင်း၍ ယောဇနာ

နိသဇ္ဇခေါ၊ နေတော်မူပြီး၍သာလျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေ၊ ရဟန်းတို့။ (တုမှေ၊ သင်ချစ်သားတို့သည်။) ဇေတဝနဟိ၊ ဤယခု ငါဘုရား ကြွလာတော်မူဆဲအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ ကောင်းစွာနေကြကုန်သည်။ ဝါ၊ ကောင်းစွာ ထိုင်ကြကုန်သည်။ သန္နိပတိတာ၊ ကောင်းစွာ ကျရောက်ကြကုန်သည်။ ဝါ၊

http://www.dhammadownload.com

စည်းဝေးကြကုန်သည်။ အတ္ထနု၊ ဖြစ်ကြကုန်သနည်း။ ဝေါ၊ သင်တို့၏။ ဝါ၊ သင်တို့သည်။ (မမ၊ ငါဘုရား၏။ အာဂမနပစ္စယာ၊ ကြွလာတော်မူခြင်း ဟူသော အကြောင်းကြောင့်။) အန္တရာ၊ ကမ္မဋ္ဌာနမနသိကာရ၊ ဥဒ္ဒေသ၊ ပရိပုစ္ဆာတို့၏ အကြား၌။ ဝိပွကထာ၊ အပြားအားဖြင့် ပြုခြင်းမှ ကင်းသော။ ဝါ၊ ကင်းပြီးသော အပြားအားဖြင့် ပြုခြင်းရှိသော။ ဝါ၊ ပြုအပ်ပြီး မဟုတ်သော။ ဝါ၊ ပြုအပ်ဆဲ ဖြစ်သော။ ဝါ၊ ပြောဆိုအပ်ပြီး မဟုတ်သော။ ဝါ၊ ပြောဆိုအပ်ဆဲဖြစ်သော။ ဝါ၊ ပြု၍ မပြီးသေးသော။ ဝါ၊ ပြောဆို၍မပြီးသေးသော။ အန္တရာ၊ ကမ္မဋ္ဌာန-မနသိကာရ၊ ဥဒ္ဒေသ၊ ပရိပုစ္ဆာမှ တစ်ပါးသော။ ကထာ၊ စကားသည်။ ကာ စ ပန၊ အဘယ်နည်း။ ဝါ၊ အဘယ်စကားတဲ့နည်း။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ သိစေတော်မူပြီ။ ဝါ၊ မိန့်တော်မူပြီ။ [ပါ။ ၂။ ပါ၊ သျ။ ၁၀။ ပါ၊ သျ၊ သစ်။ ၂၂။]

မှတ်ချက် ။ ။ အန္တရာ-ကို အညတ္ထ, ဝေမ္မတ္ထ ယူ၍ တန္တနည်း, သိလေသနည်းအားဖြင့် ယောဇနာသည်။ သာမညမေးခွန်း ဖြစ်၍ ပါဠိအားဖြင့်လည်း အာကာရကို သွင်း၍ ယောဇနာနိုင်သော်လည်း တစ်နည်း ယောဇနာက မေးခွန်း၏ လိုအပ်သောအဖြေသည် ပြည့်စုံပြီဖြစ်သောကြောင့်အနက်အားဖြင့် အာကာရကို သွင်း၍ ယောဇနာသောနည်း တစ်နည်းသာ ယောဇနာလိုက်ပါသည်။ [ဝိသေသ, မ, မေးသင့်သည်။]

---

၂ ။ ။ [ပါ။ ၁၆။ ပါ၊ သျ။ ၅၈။ ပါ၊ သျ၊ သစ်။ ၉၄။]

---

၃ ။ ။ [သကုဏိကာပိ၊ ငယ်သော ငှက်မသည် သော်လည်း။ ဤသို့ သဒ္ဒတ္ထယောဇနာ။ (က-ပစ္ဆည်း ခုဒ္ဒကတ္ထ။ သကုဏကာ=ခုဒ္ဒကသကုဏာ။ ဇာ၊ ဋ္ဌ။ ၄။ ၃၄၇။ ဤဒ္ဒ ဣတ္ထိလိင်ဖြစ်၍ သကုဏိကာ) ကြွင်း သျ-အတိုင်း ယောဇနာ။ ပါ။ ၈၆။ ပါ၊ သျ။ ၂၀၆။ ပါ၊ သျ၊ သစ်။ ၃၁၆ ။ ။ ၁၃၂၂, ၁၃၃၀-ခုနှစ်များကလည်း မေးခဲ့ပြီ။]

---

၄ ။ ။ [ပါ။ ၁၁၆။ ပါ၊ သျ။ ၂၈၀။ ပါ၊ သျ၊ သစ်။ ၄၀၃။]

---

http://www.dhammadownload.com

၅ ။ ။ ဝါကျ အပြန်အလှန် ယောဇနာ

ဓမ္မောတိ၊ ဓမ္မောဟူသည်ကား။ ဟေတု၊ အကြောင်းတည်း။ (ကသ္မာ၊ အဘယ့်ကြောင့်။ ဓမ္မဿ၊ ဓမ္မသဒ္ဒါ၏။ ဟေတုပရိယာယဘာဝေါ၊ ဟေတုသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်သနည်း။) ဟိ-ယသ္မာ၊ အကြင်ကြောင့် "ဟေတုမှိ ဉာဏ် ဓမ္မပဋိသမ္ဘိဒါ" တိ၊ "ဟေတုမှိဉာဏ် ဓမ္မပဋိသမ္ဘိဒါ" ဟူ၍၊ ဝါ၊ ဟူသော။ ဇတံ ဝစနံ၊ ဤစကားကို။ (ပဋိသမ္ဘိဒါ ဝိဘင်္ဂေ၊ ပဋိသမ္ဘိဒါ ဝိဘင်္ဂ်၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။) ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ (တသ္မာ၊ ထို့ကြောင့်။ ဓမ္မဿ၊ ဓမ္မသဒ္ဒါ၏။ ဟေတုပရိယာယဘာဝေါ၊ ဟေတုသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်သတည်း။) ဟေတုမှိ၊ အကြောင်း၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ မည်၏။ အတ္ထောတိ၊ အတ္ထော-ဟူသည်ကား။ ဟေတုဖလံ၊ အကြောင်း၏အကျိုးတည်း။ (ကသ္မာ၊ အဘယ့်ကြောင့်။ အတ္ထဿ၊ အတ္ထသဒ္ဒါ၏။ ဟေတုဖလပရိယာယဘာဝေါ၊ ဟေတုဖလသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်သနည်း။) ဟိယသ္မာ၊ အကြင်ကြောင့်။ "ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ" တိ၊ "ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ" ဟူ၍။ ဝါ၊ ဟူသော။ ဇတံ ဝစနံ၊ ဤစကားကို။ (ပဋိသမ္ဘိဒါဝိဘင်္ဂေ၊ ပဋိသမ္ဘိဒါဝိဘင်္ဂ်၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။) ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ (တသ္မာ၊ ထို့ကြောင့်။ အတ္ထဿ၊ အတ္ထသဒ္ဒါ၏။ ဟေတုဖလပရိယာယဘာဝေါ၊ ဟေတုဖလသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်သတည်း။) ဟေတုဖလေ၊ အကြောင်း၏ အကျိုး၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါ မည်၏။

[ဋီကာသစ် နည်းမှိုး ယောဇနာသည်။ ယင်းဋီကာသစ်၌ ဝက်ဝုစ်အားဖြင့် ကထံ-ဖြင့် မေးသည်။ သျှ၊ သစ်-အတိုင်းသော်လည်း ယောဇနာ။ ဋ္ဌ။ ၂၁။ ဋ္ဌ၊ သျှ၊ ၁။ ၇၈။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၁၄၆။]

---

၆ ။ ။ [သျှ-အတိုင်းယောဇနာ ။ ။ ဋ္ဌ။ ၄၉။ ဋ္ဌ၊ သျှ၊ ၁။ ၁၇၀။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၃၀၁။]

---

၇ ။ ။ [ဋ္ဌ။ ၅၀။ ဋ္ဌ၊ သျှ၊ ၁။ ၁၇၁။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၃၀၂။]

---

http://www.dhammadownload.com

၈ ။ ။ အာလုပ်ပုဒ်, ကတ္တားပုဒ်တို့ ထည့်လျက် အနက်ယောဇနာ

(အာနန္ဒ၊ အာနန္ဒာ။) (အာလုပ်ပုဒ်) ယသ္မာ။ အကြောင်ကြောင့်။ ဇတ္ထ-ဇ-တသ္မိ ဓမ္မပရိယာယေ၊ ဤဒေသေတဗ္ဗအနက်ကို သိစေတတ်သော တရား ဒေသနာတော်၌။ ဒွါသဋ္ဌိ၊ ခြောက်ဆယ့်နှစ်ပါးသော။ ဒိဋ္ဌိယော၊ ဒိဋ္ဌိတို့ကို။ ဝိဘတ္တာ၊ ဝေဖန်တော်မူအပ်ကုန်ပြီ။ တသ္မာ၊ ထိုသို့ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ကို ဝေဖန်အပ်ရာ၏ အဖြစ်ကြောင့်။ (ကဟ-ကမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ တွံ၊ သင်သည် (ကတ္တား)။ ကမ် ဓမ္မ ပရိယာယံ၊ ဤဒေသေတဗ္ဗအနက်ကို သိစေတတ်သော တရားဒေသနာတော်ကို။ ဒိဋ္ဌဇာလန္တိပိ၊ "ဒိဋ္ဌဇာလ" ဟူ၍လည်း။ ဝါ၊ "ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဟုဆိုအပ်သော ဇာရိရာဖြစ်သော သုတ်" ဟူ၍လည်း။ ဓာရေဟိ၊ မှတ်လော့။ (ကဟ, ကမ် ဓမ္မပရိယာယံ-ပုဒ်တို့လည်း လိုက်။ နံ-ကာ: အနက်မဲ့)။ [ဋ္ဌ။ ၁၁၈။ ဋ္ဌ၊ သျ၊ ၁။ ၃၉၁။ ဋ္ဌ၊ သျ၊ သစ်၊ ၁။ ၅၃၉။]

---

၉ ။ ။ [သျ အတိုင်းယောဇနာ ။ ။ ဋ္ဌ။ ၂၄၈။ ဋ္ဌ၊ သျ၊ ၂။ ၃၄၉။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၄၂၅။]

၁၀။ ။ ["ဧတေမာဏဝါ၊ ဤဝါသေဋ္ဌ, ဘာရဒ္ဝါဇလုလင်တို့သည်" ဟု ကတ္တားထည့် ယောဇနာ ။ ။ ဋ္ဌ။ ၃၃၈။ ဋ္ဌ၊ သျ၊ ၂။ ၅၅၉။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၆၅၁။]

၁၃၃၄-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ဝတ္ထုဂုယ္ဟတိ အင်္ဂတော။

(ခ) ဘဂဝတော ဟိ ဝရဝါရဏသဒိသဝ ကောသောဟိတံ ဝတ္ထုဂုယှံ သုဝဏ္ဏဝဏ္ဏံ ပဒုမဂဗ္ဘသမာနံ။

(ဂ) တံ သော ဝတ္ထုပဋိစ္ဆန္နတ္တာ အပသဿန္တော, အန္တောမုခ ဂတာယ စ ဓိတုယ ပဟူတဘာဝံ အသလ္လက္ခေန္တော တေသု ဒွီသု လက္ခဏေသု က'ဒိ အဟောသိ ဝိစိကိစ္ဆိ။

http://www.dhammadownload.com

(ဃ) တထာရူပင်္ကို တဲ့ရုပ်။

၁ ။ ။ (ခ) အမှတ်ပြဝါကျကို မှန်ကန်စွာ အနက်ယောဇနာပါ။

၂ ။ ။ (ဂ) အမှတ်ပြဝါကျ၌ အပဿန္တော-မှ က-နှင့် ဟိတ်-သို့ သဒ္ဒသာဘောဂပုစ္ဆာနည်းဖြင့် ထွက်ပြပါ။

၃ ။ ။ (ဂ) အမှတ်ပြဝါကျ၌ ဖြစ်သင့်သော စောဒကာ ဘောဂါဒိစတုက္က ကို ထုတ်ပြပါ။

၄ ။ ။ ဝတ္ထုဂုယှ်-ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ကောက်ပြပါ။

၅ ။ ။ (ဂ) အမှတ်ပြဝါကျပါ ဟိတ်၏ သမ္မန်ကို ခံပြု၍ ဖြစ်သင့်သမျှ စာစပ်ပြီးလျှင် ဘာဝသမ္မန်ပုဒ်၏ ပစ္စယတ္ထကိုလည်း ညွှန်ပြပါ။

၆ ။ ။ (က) အမှတ်ပြဝါကျ၌ သံဝဏ္ဏနာ, (ဃ) အမှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်ပြပါ။

၇ ။ ။ ဝတ္ထုဂုယှ်၌ ဂုယှ်-ပုဒ်၏ ရုပ်ပြီးပုံကို ဓာတု, ပစ္စယ စသည်နှင့် တကွ အစုံအလင် ဖော်ပြပါ။

၈ ။ ။ ကခံတိ, ဝိစိကိစ္ဆတိ, နာဓိမုစ္စတိ-ပါဠိတို့ဖြင့် ပြအပ်သော ကခ်ါ, ဝိစိကိစ္ဆာ, အနဓိမုစ္စနတာ-တို့၏ အထူးကို ရေးပြီးလျှင် လူအများ အရှက်ကို ပြုအပ်ရာ ဝတ္ထုဂုယှကို အမွှန်လုလင်အား မြတ်စွာဘုရား ပြတော်မူရာ၌ အဆုံး အဖြတ်ကို ပြဆိုခဲ့ပါ။

၉ ။ ။ ဟဒယရူပံ ဒိသွာ ဗုဒ္ဓနကသတ္ထော ဘဝေယျ၊ ဟဒယမံသံ နိန္နေတွာ ဒဿေယျ သမ္မာသမ္ဗုဒ္ဓေါ-ဟူသော အဋ္ဌကထာလာ ပါဠိကို အဓိပ္ပာယ် မပျက် စေဘဲ ဝတ္ထုမျိုးလာဂါထာစီ၍ ၎င်းဂါထာကို အမည်မှည့်ခဲ့ပါ။

၁၀။ ။ တေ တာဒိသေ ပူဇယေတော၊ နိဗ္ဗုတေ အကုတောဘယေ။
နသက္ကာ ပုညံ သခါတုံ၊ ကုမေတ္တမပိ ကေနစိ-

၌ ပူဇယေတော-ဝယ် ဓာတ်၏အရကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကို ထုတ်ပြပါ။

http://www.dhammadownload.com

၁၃၃၄-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, ကဋ္ဌကထာ အမှတ် (၂) အဖြေ

၁ ။ ။ [ဌ။ ၂၄၆။ ဌ၊ သျ၊ ၂။ ၃၄၂။ ဌ၊ သျ၊ သစ်၊ ၂။ ၄၁၉။]

---

၂ ။ ။ ကံသို့ သဒ္ဒသာဘောဂပုစ္ဆာထွက်

အရှင်အဌကထာဆရာ ဆရာသည် အပဿန္တော-ဟူသော ပါဠ်ဖြင့် ကမ္မီကို ဆိုတော်မူ၏ (ဌပနာ)။ ကမ္မီသည် ကမ္မနှင့် မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ)။ ယင်းကမ္မီ၏ ကမ္မကား အဘယ်ပါနည်း (ပုစ္ဆာ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဌကထာဆရာသည် တံ-ဟူသော ပါဠ်ကို မိန့်။

အဓိပ္ပာယ်ကား ။ ။ အပဿန္တော-ဟူသော ကမ္မီ၏ ကမ္မကား တံ-ဖြစ်၏-ဟူလိုသော်။

ဟိတ်သို့ သဒ္ဒသာဘောဂပုစ္ဆာထွက်

အရှင်အဌကထာဆရာ ဆရာသည် အပဿန္တော-ဟူသော ပါဠ်ဖြင့် ဟိတ်၏ ဖိုလ်ကို ဆိုတော်မူ၏ (ဌပနာ)။ ဟိတ်၏ ဖိုလ်သည် ဟိတ်နှင့် မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ)။ ယင်းဟိတ်၏ဖိုလ်၏ ဟိတ်ကား အဘယ်ပါနည်း (ပုစ္ဆာ)။ ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဌကထာဆရာသည် ဝတ္ထပဋိစ္ဆန္ဒတ္တာ-ဟူသော ပါဠ်ကို မိန့်။

အဓိပ္ပာယ်ကား ။ ။ အပဿန္တော-ဟူသော ဟိတ်၏ဖိုလ်၏ ဟိတ်ကား ဝတ္ထပဋိစ္ဆန္ဒတ္တာ-ဖြစ်၏-ဟူလိုသော်။

---

၃ ။ ။ စောဒကာဘောဂါဒိစတုက္ကာ

၁ ။ ။ နနု ဘဂဝတော ကာယေ ဣမာနိ ဒွေ (ကောသောဟိတဝတ္ထဂုယှ, ပဟူတဇိဝှတာ သခ်ါတာနိ) မဟာပုရိသလက္ခဏာနိ အတ္ထိ (စောဒကာဘောဂ)။

၂ ။ ။ အထ ကသ္မာ တေသု ဒွီသု လက္ခဏေသု ကံခီ အဟောသိ ဝိစိကိစ္ဆီ (စောဒနာ)။

၃ ။ ။ နနု တံ သော ဝတ္ထပဋိစ္ဆန္ဒတ္တာ အပဿန္တော အန္တောမုခတာယ

http://www.dhammadownload.com

စ ဇိဝှါယ ပဟူတဘာဝံ အသလ္လက္ခေန္တော ဟောတိ (ပရိဟာရာဘောဂ)။

၄ ။ ။ တသ္မာ တေသု ဒ္ဝီသု လက္ခဏေသု ကံခီ အဟောသိ ဝိစိကိစ္ဆီ (ပရိဟာရ)။

---

၄ ။ ။ ဝိဂ္ဂဟ ။ ။ ဝတ္ထေနဂုဟိတဗ္ဗန္တိ ဝတ္ထဂုယှံ (ဝတ္ထသဒ္ဒူပပဒ ဂုဟ-ဓာတ်, ဏျ-ပစ္စည်း)။

ဝစနာဒိဆက္က

၁ ။ ။ ဝတ္ထဂုယှံ-ဟူသော နိပ္ပန္နသည် ဝစန။

၂ ။ ။ ဝတ္ထေန ဂုဟိတဗ္ဗံ-ဟူသော ဝိဂ္ဂိဟ်ဝါကျသည် ဝစနတ္ထ။

၃ ။ ။ အဝတ်၏ ဖုံးလွှမ်းခြင်း ကြိယာနှင့် (တစ်နည်း) ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်နှင့် သာဓက, သာဓ၂ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း, ဖုံးလွှမ်းခြင်း ကြိယာသည်လည်းကောင်း ဝစနဟေတု။

၄ ။ ။ ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။

၅ ။ ။ အင်္ဂါဇာတ်ဒြပ်သည် ဝစနီယ။

၆ ။ ။ အင်္ဂဇာတံ, ရဟဿင်္ဂ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ။

---

၅ ။ ။ **ဟိတ်၏သမ္ဗန်** ။ ။ ဝတ္ထပဋိစ္ဆန္နတ္တာ-ဟူသော ဟိတ်၏ သမ္ဗန်ကား တဿ ဝတ္ထဂုယှဿ-ဖြစ်ပါသည်။

ဖြစ်သင့်သမျှ စာစပ် ။ ။ တဿ ဝတ္ထဂုယှဿ-ကား "၏" ဟူ၍ အနက် ပေးသောကြောင့် ဝတ္ထပဋိစ္ဆန္နတ္တာ-ဝယ် တ္တ-ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ တ္တ-ပစ္စည်းကား သမ္ဗန္ဓီ, သတ္တိ။

တဿဝတ္ထဂုယှဿ-ကား "ကို" ဟူ၍ အနက်ပေးသောကြောင့် ဝတ္ထပဋိစ္ဆန္နတ္တာ-ဝယ် ဝတ္ထပဋိစ္ဆန္န-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ ဝတ္ထပဋိစ္ဆန္န-ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထ ။ ။ ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထကား ကမ္မတ္ထ-ဖြစ်ပါသည်။ [လဟုကနည်းအားဖြင့် "ဝတ္ထေဟိ ပဋိစ္ဆာဒီယိတ္ထာတိ ဝတ္ထပဋိစ္ဆန္နံ" ဟု ကိတန္တသမာသ်ဝိဂ္ဂဟ ပြုအပ်၏။ ဝတ္ထ+ပဋိ+ဆဒ+တ]။

---

http://www.dhammadownload.com

၆ ။ ။ (က) အမှတ်ပြဝါကျ၌ သံဝဏ္ဏနာ ။ ။ အင်္ဂတော-ဟူသော သံဝဏ္ဏနာသည် ဝတ္တဂုယ-ဟူသော သံဝဏ္ဏေတမ္မပုဒ်၏ ပရိယာယ်အနက်ကို ဖွင့်ပြသောကြောင့် ပရိယာယ်အဘိဓေယျတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

(ဃ) အမှတ်ပြဝါကျ အာဘောဂ ။ ။ တံရူပ်-ဟူသော သံဝဏ္ဏနာပါဠ် ဖြင့် တထာရူပ်-ဟူသော သံဝဏ္ဏေတမ္မပုဒ်၌ တထာ-သဒ္ဒါ၏ တံ-သဒ္ဒါ၏ အနက် (နိယမ) ကို ဟောသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ တထာရူပ်-ပုဒ်၏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ အဖြစ်, ယင်းစတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ပုဒ်၏ သမ္ဗဒါန်အနက်ဟောဇ်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ (တစ်နည်း) တထာရူပ်-ဟူသော သံဝဏ္ဏေတမ္မပုဒ်ကို "တံ ရူပ် တေသာတိ တထာရူပ်" ဟု စတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။

---

၇ ။ ။ ဂုယ့်-ပုဒ် ရုပ်ပြီးပုံ ။ ။ ဂုယ့်-ကား ဂုဟ-ဓာတ်, ဏျ-ပစ္စည်း၊ ဓာတ်၏ အစိတ် သရကို ချေ, (၀၃မဒ။ ပ။ ဂါရောဝါ သုတ်ဖြင့်) "ဏျ" ပစ္စည်းကို ဓာတွန် ဟ နှင့်တကွ ယု-ပြု, နာမ်ငဲ့, သိ-သက်, အံ-ပြု, ချေ, ကပ်၍ "ဂုယ့်" ဟု ပြီးပါသည်။ [ရူပသိဒ္ဓိ။ ၅၅၆ (ဂါရယ့်, ဂယ့်)-ကြည့်။]

(တစ်နည်း) ဂုယ့်-ကား ဂုဟ-ဓာတ်, ယက် (က်-ကား အနုဗန်) ပစ္စည်း၊ ဓာတ်၏ အစိတ် သရကို ချေ, (ဟဿ ဝိပလ္လာသော-သုတ်ဖြင့်) ဟ-နှင့် ယ-ရှေ့နောက်ပြန်, နာမ်ငဲ့, သိ-သက်, အံ-ပြု, ချေ, ကပ်၍ "ဂုယ့်" ဟု ပြီးပါသည်။ [မောဂ္ဂလာန် သညာဒိကဏ္ဍ။ ၅၀, ခါဒိကဏ္ဍ။ ၃၂-တို့ကြည့်။]

မှတ်ချက် ။ ။ ရှေ့နည်းကား ရူပသိဒ္ဓိနည်း, နောက်နည်းကား မောဂ္ဂလာန်နည်း ဖြစ်ပါသည်။

---

၈ ။ ။ အခ်ါ, ဝိစိကိစ္ဆာ, အနဓိမုစ္စနတာတို့၏ အထူး

အားနည်းသော တွေးတော ယုံမှားခြင်းသည် ကခ်ါ-မည်၏။

အလယ်အလတ်ဖြစ်သော တွေးတောယုံမှားခြင်းသည် ဝိစိကိစ္ဆာ-မည်၏။

အားရှိသော တွေးတောယုံမှားခြင်းသည် အနဓိမုစ္စနတာ-မည်၏။

ဤသို့ ကခ်ါ, ဝိစိကိစ္ဆာ, အနဓိမုစ္စနတာတို့ ထူးကြပါသည်။ (ဋ္ဌ။ ၂၄၆။)

http://www.dhammadownload.com

ဝတ္ထုဂုဟ္ဟကို ပြတော်မူရာ၌ အဆုံးအဖြတ်

လူအများ အရှက်ကို ပြုအပ်ရာ ဝတ္ထုဂုယ္ဟကို အမှုဋ္ဌလုလင်အား မြတ်စွာဘုရား ပြတော်မူရာ၌ မြတ်စွာဘုရားသည် လျှို့ဝှက်အပ်သော အင်္ဂါဇာတ် အစစ်ကို ပြတော်မူသည် မဟုတ်ပါ၊ တန်ခိုးဖြင့် ဖန်ဆင်းတော်မူ၍ သင်းပိုင်ဝတ်သော ခါးပန်းကျိုးပန်းသော သင်္ကန်းရုံသော အင်္ဂါဇာတ်တော်၏ အရိပ်အတုအရောင်ကလေးမျှကိုသာ ပြခြင်း ဖြစ်ပါသည်။ (ဋ္ဌ။ ၂၄၆။)

---

၉ ။ ။ ဂါထာစီနှင့် ဂါထာအမည်

ဒိသွာန ဟဒယရူပံ၊ ဘဝေ ဗုဇ္ဈနကော ဇနော။

နိန္နေတွာ ဟဒယမံသံ၊ ဒသေယျဒ္ဓိပဒုတ္တမော။

ဤဂါထာသည် ဥဘယသကာရဝိပုလာဂါထာ-ဖြစ်ပါသည်။

---

၁၀ ။ ။ ဘာဝါလင်္ကာရ

၁ ။ ။ ပူဇ-ဓာတ်၏ အရ ဘုရားရှင်တို့ကို ပူဇော်သော သူ၏သန္တာန်၌ ဖြစ်သော ပီတိနှင့် တကွ စေတနာပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ။

၂ ။ ။ ဘုရားရှင်တို့သည် အာရမ္မဏဝိဘာဝ။

၃ ။ ။ ဘုရားရှင်တို့၏ တာဒိသ, နိဗ္ဗုတ, အကုတောဘယ စသော ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ။

၄ ။ ။ ပူဇော်ခြင်းကြောင့် ရအပ်သော ကောင်းမှုစသည်သည် အနုဘာဝ။

သီလက္ခန္ဓဝဂ္ဂ ပါဠို, အဋ္ဌကထာ မေးခွန်း အဖြေ

ကြီးကျယ်။

http://www.dhammadownload.com

ဓမ္မသင်္ကီ ပါဠိ, အဋ္ဌကထာ မေးခွန်း အဖြေ

၁၃၁၅-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

အောက်ပါ ပါဠိတော်, အဋ္ဌကထာ ဝါကျများ၏ အနက်တို့ကို ကျန မှန်ကန်အောင် ရေးသားပါ။

၁ ။ ။ ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ သုခဿ စ ပဟာနာ။ ပ။ ပဌမံ (စတုတ္ထံ) ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ။ (ပေယျာလကို ဖော်ရန် မလို။)

၂ ။ ။ ယေ ဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ ဌပေတွာ ဝေဒနာက္ခန္ဓံ ဌပေတွာ သညာက္ခန္ဓံ ဌပေတွာ ဝိညာဏက္ခန္ဓံ။

၃ ။ ။ ယာ တသ္မိံ သမယေ စိတ္တဿ ဌိတိ သဏ္ဌိတိ အဝဋ္ဌိတိ အဝိသာဟာရော အဝိက္ခေပေါ အဝိသာဟဋမာနသတာ သမထော သမာဓိန္ဒြိယံ သမာဓိဗလံ။

၄ ။ ။ ယာ ကုသလစိတ္တဿ ဝါ အကုသလစိတ္တဿ ဝါ အဗျာကတ-စိတ္တဿ ဝါ ဝါစာ ဂိရာ ဗျပ္ပထော ဥဒီရဏံ ဃောသော ဃောသကမ္မံ ဝါစာ ဝစီဘေဒေါ၊ အယံ ဝုစ္စတိ ဝါစာ။

၅ ။ ။ သမယေ နိဒ္ဒိသိ စိတ္တံ၊ စိတ္တေန သမယံ မုနိ။
နိယမေတွာန ဒီပေတုံ၊ ဓမ္မေ တတ္ထ ပဘေဒတော။

၆ ။ ။ ကကြောယ် ဤယျော-ရွယျော "မိဂဝံ ဂမိသ္သာမိ" တိ ဓနံ သုဒ္ဓေါဒေါ၊

http://www.dhammadownload.com

၈ ။ ။ အဒေါသော ယောဗ္ဗနသ။ အဒုဋ္ဌော ဟိ ဝလိပ့လိတာဝဟေန ဒေါသဂ္ဂိနာ အဥယှမာနော ဒီဃရတ္တံ ယုဝါ ဟောတိ။

၉ ။ ။ အပရဒီပနာ ပန ပဒတ္ထုတိ ဝါ ဟောတိ ဒဋ္ဌိကမ္မံ ဝါတိ ဧဝံ ဒွေ ဌာနာနိ ဂစ္ဆတိ။

၁၀။ ။ ဝိတက္ကနဝသေန ဝိတက္ကော။ ဗလဝတရတက္ကသေတံ နာမံ။ သုဋ္ဌုကပွနဝသေန သင်္ကပွေါ။ ဧကဂ္ဂံ စိတ္တံ အာရမ္မဏေ အပွေတီတိ အပွနာ။

၁၃၁၅-ခုနှစ်မွောစရိယတန်း
မမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁ ။ ။ [ပါ။ ၄၅။ ပါ၊ သျ။ ၁၀၂။]

---

၂ ။ ။ [ပါ။ ၂၇။ ပါ၊ သျ။ ၆၇။]

---

၃ ။ ။ [ပါ။ ၁၉။ ပါ၊ သျ။ ၄၀။]

---

၄ ။ ။ [ပါ။ ၁၆၈။ ပါ၊ သျ။ ၂၆၇။]

---

၅ ။ ။ [ဋ္ဌ။ ၉၉။ ဋ္ဌ၊ သျ၊ ၁။ ၃၆၇။]

---

၆ ။ ။ [ဋ္ဌ။ ၁၃၂၊ ဋ္ဌ၊ သျ၊ ၁။ ၅၃၂။]

---

၇ ။ ။ [ဋ္ဌ။ ၁၅၅။ ဋ္ဌ၊ သျ၊ ၂။ ၂၉။]

---

၈ ။ ။ [ဋ္ဌ။ ၁၇၂။ ဋ္ဌ၊ သျ၊ ၂။ ၉၃။]

---

http://www.dhammadownload.com

၉ ။ ။ [ဌ။ ၁၈၂။ ဌ၊ သျ၊ ၂။ ၁၄၂။]

---

၁၀ ။ ။ [ဌ။ ၁၈၇။ ဋ္ဌ၊ သျ၊ ၂။ ၁၅၇။]

[မှတ်ချက် ။ ။ ဤနှစ်မေးခွန်းများတွင် ၁-နံပါတ်, ၂-နံပါတ်, ၃ နံပါတ် မေးခွန်းများ ပြောင်းပြန်ဖြစ်ခါ ပါဠိရှိ အစဉ်အတိုင်း မဟုတ်သည်ကို တွေ့ရသည်။]

၁၃၁၅-ခုနှစ် မွေစရိယတန်း
ဓမ္မသင်္ကထီ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

ကေ့ပါဒါဒိတာယဟေတုနာ သမ္မယုတ္တာတိဟေတုသမ္မယုတ္တာ။ ဟေတုနာ ဝိပ္ပယုတ္တာတိ ဟေဝိပ္ပယုတ္တာ။ ဣမေသံ ဒွိန္နမ္မိ ဒုကာနံ ကိဉ္စာပိ အတ္ထတော နာနတ္တံနတ္ထိ၊ ဒေသနာဝိလာသေန, ပန တထာ ဗုဇ္ဈန်္ဂာနံ ဝါ ပဂ္ဂလာနံ အဇ္ဈာသယဝသေန ဝုတ္တာ။

၁ ။ ။ အထက်ပါ အဋ္ဌကထာဝါကျများကို မှန်ကန်အောင် အနက်ယောဇနာပါ။

၂ ။ ။ ဣမေသံ-အစရှိသော ဝါကျကို ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိက္ခေပ, ပုစ္ဆာတို့ဖြင့် ပြည့်စုံစွာ တက်ပြပါ။ (အဓိပ္ပာယ် ပြန်ရန်မလို။)

၃ ။ ။ ဗုဇ္ဈန်္ဂာနံ ဝါ-ဌ် ဝါ-သဒ္ဒါ၏ ကြောင်း, ကျိုး အနက်နှစ်ပါး တို့တွင် အဘယ်ကို လဲလို၍ ထားပါသနည်း။

၄ ။ ။ ဒေသနာဝိလာသ-ပုဒ်ကို အစိတ်, အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဗျုပ္ပတ္တိစသော လေးပါးကို တိကျမှန်ကန်စွာ ခွဲခြားဝေဖန်ပြပါ။

၅ ။ ။ လောကေ အပရိယာပန္နဘာဝေန လောကတော ဥတ္တရာတိ လောကုတ္တရာ-ဟူသော ဝါကျဝယ် "အပရိယာပန္နဘာဝေန" ဟု ကရဏန္တ သဒ္ဒါကို ထားရာ၌ ကတ္တုသတ္တိ, ကမ္မသတ္တိ ၂-မျိုးတို့တွင် မည်သည့်သတ္တိ ထူကို ပြုလို၍ ထားပါသနည်း။

http://www.dhammadownload.com

၆ ။ ။ အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌိဟိ ဥပေတေန ကမ္မုနာ အာဒိနှာ ဖလဘာဝေန ဂဟိတာတိ ဥပါဒိနှာ-ဟူသော အဋ္ဌကထာပါဠိ၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့် တကွ သံဝဏ္ဏနာအမည်များကို မှန်ကန်အောင် ညွှန်ပြပါ။

၇ ။ ။ ဒေသနာဝိလာသဝသေန ပန-စသည်၌ ပန-သဒ္ဒါ၏ အနက်ကို ပြခဲ့ပါ။

၈ ။ ။ အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌိဟိ ဥပေတေန ကမ္မုနာ အာဒိနှာ-၌ ဥပေတ-အရကို ကိုယ်ပြု၍ ဒဿနတ္ထစသော ကြိယာဂါးတန် ဝေဖန်ထုတ်ပြပါ။

၉ ။ ။ ဇိဝိတိန္ဒြေစေတသိက်၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ဒပဋ္ဌာန် တို့ကို ထုတ်ပြပါ။

၁၀။ ။ ဥပါဒိနှာ-၌ ဥပ-အရ တရားသည် အာဒိနှာ-အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြပါ။

၁၃၁၅-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁ ။ ။ [ဋ္ဌ။ ၈၉။ ဋ္ဌ၊ သျှ၊ ၁။ ၃၂၀။]

---

၂ ။ ။ ဣမေသံ-အစချိသော ဝါကျ ဋ္ဌပနာ, ဟောဂါဒိ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဘုရားရှင်သည် သဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုက်တို့ကို ဟောတော်မူ၏ (ဋ္ဌပနာ)။ ၂-ပါးလည်းဖြစ်ကုန်သော ဤသဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုက်တို့၏ အနက်အားဖြင့် ထူးသည်၏ အဖြစ်သည် မရှိသည် မဟုတ်ပါလော (အာဘောဂ)။ ယင်းသို့ အနက်အားဖြင့် ထူးသည်၏ အဖြစ်သည် မရှိသောကြောင့် (အာဘောဂဟေတု)။ သဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုက် ၂-ဒုက်လုံးကို ဟောတော်မမူသင့် (ဋ္ဌပနာပဋိက္ခေပ)။ အဘယ်၏ အစွမ်းဖြင့် သဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုက် ၂-ဒုက်လုံးကို ဟောတော် မူပါသနည်း (ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာ ဆရာသည် ဣမေသံ-အစချိသော ဝါကျကို မိန့်။

http://www.dhammadownload.com

[ကျက် ။ ။ ဌပနာ၊ အာဘော်၊ ဟိတ်ဖော်၊ ဌဖျက်၊ အမေးစွက်၊ ငါးချက် ကျမ်းရိုးလာ။

သိဖွယ် ။ ။ ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိက္ခေပ, ပုစ္ဆာ သို့မဟုတ် စောဒနာ။ ဤ ၅-မျိုးကို "ဌပနာဘောဂါဒိ ကျမ်းတက်" ဟု လည်းကောင်း, "ဌပနာပဉ္စကကျမ်းတက်" ဟု လည်းကောင်း ခေါ်သည်။ ပုစ္ဆာ နှင့် စောဒနာ "အတူတူ" ဟု ရေးခဲ့ပြီ။ ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာ ပဋိက္ခေပ, ပုစ္ဆာ။ ဤ ၅-မျိုးကို အစွဲပြု၍ "ဌပနာဘောဂါဒိပုစ္ဆာတက်" ဟုလည်းကောင်း, "ဌပနာပဉ္စကပုစ္ဆာတက်" ဟု လည်းကောင်း, ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိက္ခေပ, စောဒနာ၊ ဤ ၅-မျိုးကို စောဒနာ ကို အစွဲပြု၍ "ဌပနာဘောဂါဒိစောဒနာတက်" ဟု လည်းကောင်း, "ဌပနာပဉ္စကစောဒနာတက်" ဟု လည်းကောင်း ပုစ္ဆာနှင့် စောဒနာခွဲခြား၍လည်း ခေါ်ကြသည်။ (ဤအဖြေ၌ မေးခွန်းလိုက်၍ ခေါင်းစည်း တပ်သည်။ သို့သော် မာတိကာ၌ကား ပုစ္ဆာနှင့်စောဒနာ ခွဲခြား၍ရေးသည်။) အနွယ (အနုညာတ) ပါခြင်းကြောင့် မထူး၊ ပဉ္စကပင်။]

---

၃ ။ ။ ဝါ-သဒ္ဒါ ထားရခြင်း အကြောင်း

ဒေသနာတော်ကို တင့်တယ်စံပယ်စေတတ်သော သဗ္ဗညုတဉာဏ်ဟူသော (ဒေသနာဝိလာသ) အကြောင်းမှတစ်ပါး ထိုသဟေတုက, ဟေတု သမ္မယုတ္တအပြားတို့ဖြင့် သစ္စာ ၄-ပါးတရားကို သိကုန်သော ပဂ္ဂိုလ်တို့၏ အလို၏ အစွမ်းဟူသော (တထာ ဗုဒ္ဓန္တာနံ ပဂ္ဂလာနံ အဇ္ဈာသယ) အကြောင်း တစ်ပါးကို လဲလို၍ ဝါ-သဒ္ဒါ ထားပါသည်။

[ဝါ-စသော သဒ္ဒါတို့ ထားရခြင်း အကြောင်း

၁ ။ ။ သဒ္ဒါကို လဲလှယ် (ပြောင်းလဲ) ပြလိုသောကြောင့် လည်းကောင်း,

၂ ။ ။ အနက်ကို လဲလှယ် (ပြောင်းလဲ) ပြလိုသောကြောင့် လည်းကောင်း,

၃ ။ ။ အကြောင်းကို လဲလှယ် (ပြောင်းလဲ) ပြလိုသောကြောင့်လည်းကောင်း,

၄ ။ ။ အကျိုးကို လဲလှယ် (ပြောင်းလဲ) ပြလိုသောကြောင့် လည်းကောင်း,

http://www.dhammadownload.com

၅ ။ ။ အကြောင်း, အကျိုး ၂-မျိုးလုံးကို လဲလှယ် (ပြောင်းလဲ) ပြလို သောကြောင့်လည်းကောင်း, ဝါ, အထဝါ, အပိစ, အပရောနယော-သဒ္ဒါတို့ကို ကျမ်းဆရာတို့ ထားတတ်ကြကုန်၏။

သဒ္ဒါ, အနက်, အကြောင်း အကျိုးယူပုံ ။ ။ ထို သဒ္ဒါ, အနက်, အကြောင်း, အကျိုး ၄-မျိုးတို့တွင်-

၁ ။ ။ သံဝဏ္ဏေတဗ္ဗ ဖြစ်သော သဒ္ဒါ (သံဝဏ္ဏေတဗ္ဗ) ကို သဒ္ဒါ ခေါ်သည်။

၂ ။ ။ သံဝဏ္ဏနာဖြစ်သော အနက် (သံဝဏ္ဏနာ) ကိုအနက်ခေါ်သည်။

၃ ။ ။ သံဝဏ္ဏနာ၌ ပြသော အကြောင်း (သံဝဏ္ဏနာပြ အကြောင်း) ကို အကြောင်းခေါ်သည်။

၄ ။ ။ သံဝဏ္ဏနာ၌ ပြသောအကျိုး (သံဝဏ္ဏနာပြ အကျိုး) ကို အကျိုး ခေါ်သည်။

ဤသို့အားဖြင့် သံဝဏ္ဏေတဗ္ဗ၌ သဒ္ဒါ ၁-မျိုး၊ သံဝဏ္ဏနာ၌ အနက်, အကြောင်း, အကျိုး ၃-မျိုး ဖြစ်သင့်သည်။ ထို ၃-မျိုးတို့တွင် အကြောင်းပြ သံဝဏ္ဏနာ, အကျိုးပြ သံဝဏ္ဏနာမှ ကြွင်းသော သံဝဏ္ဏနာကို "အနက်" ဟု ယူ။ ဥဒါဟရဏ်ကို သက်ဆိုင်ရာ ထိုထိုအဖြေ၌ တွေ့ရလတ္တံ့။

မှတ်ချက် ။ ။ ဆိုအပ်ခဲ့ပြီးသော အကြောင်း, အကျိုးမျိုးမတွေ့ရသော နေရာတို့၌ ဝါ-သဒ္ဒါစသည်ကို"အကြောင်း, အကျိုး ၂-မျိုးတို့တွင် အဘယ်ကို လဲလို၍ ထားပါသနည်း" ဟု ၄-မျိုးမယူဘဲ "အနက်နှင့် အကြောင်း, သဒ္ဒါနှင့် အကျိုး အတူတူယူ၍ ၂-မျိုးသာ" ဟု ယူဆသော ဝါဒသို့ လိုက်၍ မေးခဲ့သော်-

အနက်သည်အကြောင်း သဒ္ဒါသည်အကျိုး ။ ။ "အနက်ကိုအကြောင်း သဒ္ဒါကိုအကျိုး" ဟုယူ၊ "အနက် ပြောင်းလဲခဲ့သော် အကြောင်းကို, သဒ္ဒါ ပြောင်းလဲခဲ့သော် အကျိုးကို လဲလို၍ ထားသည်" ဟု မှတ်ပါ။

မှန်၏-ယောကျ်ားစသော အနက်မရှိက ပုရိသ-စသော သဒ္ဒါထားခြင်း ၄ာ မတတ်ကောင်း၊ အနက် ရှိမှသာ သဒ္ဒါ ထားဖြစ်သောကြောင့် အနက်သာ အကြောင်း ဖြစ်သည်။

ထောက်ဖွယ် ။ ။ အဝိဇ္ဇမာနေ အတ္ထေ၊ နတံ သက္ကာ ဌပေတဝေ။ ဝိဇ္ဇာမာနေ ပနတ္ထမှိ၊ သက္ကက္ခရံ ဌပေတဝေ (အကျယ်ကို ဌ၊ သျ၊ အဓိဝစနဒုက် စသည်၌ ရှုပါ။)

http://www.dhammadownload.com

သဒ္ဒါ ဥပကဟေတု-၌ အကျိုးဖြစ်၍ သိစေတတ်သောကြောင့် သဒ္ဒါကို ဥပကဟိတ် ဆိုသည်ကိုလည်း ထောက်။ (အကျိုးဖြစ်၍ သိစေတတ်သော ကြောင့်သာ "ဥပကဟိတ်" ဟု ဆိုသည်။ စင်စစ် သဒ္ဒါကား အကျိုးတည်း။ (ကာရိယ) ဥပကဟိတ် သဘောကို ဆိုင်ရာကျမ်းတို့၌ ကြည့်ပါ။ သဘောကျပါလိမ့်မည်။)

ဥုးကေသဝါဘိဝံသ-၏ မိန့်ချက် ။ ။ "ဘယ်သူဘာပြောပြော အနက်ဟာ အကြောင်း, သဒ္ဒါဟာ အကျိုး၊ အနက်ရှိမှ သဒ္ဒါ ဖြစ်သည်။ ဝဏ္ဏပုတ္တော-စသည်၌ ဥပစာအားဖြင့် အနက်ရှိသည်။ ၎င်းကို ကပ်၍ပြောသည်ကား ဥပစာ နားမလည်သော ဆရာကြီးတို့သာ ဖြစ်၏" ဟုလည်း မန္တလေးမြို့ အနောက်ပြင် တောင်သမန်တိုက် ဆရာတော် ဥုးကေသဝါဘိဝံသ (၁၃၂၀-ခုနှစ်၊ ဝါခေါင် လဆုတ် ၃-ရက်နေ့) အမိန့်ရှိသည်။ အချို့က "သဒ္ဒါက အကြောင်း, အနက်က အကျိုး" ဟု ဆိုသည်။ လေ့လာကြည့်ပါ။

သဒ္ဒါမကွဲ၊ အနက်လွဲ၊ ထားမြဲ ဝါ, ထဝါ ။ ။ ဝါ-သဒ္ဒါစသည်ထားရာ၌ ခြုံပြီး လေ့လာသော် သဒ္ဒါ မကွဲပြား မပြောင်းလဲဘဲ အနက် ကွဲပြား ပြောင်းလဲ ဒါတွေချည်း တွေ့ရပေလိမ့်မည်။ ထို့ကြောင့် **"သဒ္ဒါ မကွဲ၊ အနက်လွဲ၊ ထားမြဲ ဝါ, ထဝါ"** ဟု မိန့်သည်။]

---

၄ ။ ။ **အစိတ်ဝစနတ္ထ** ။ ။ ဒေသိယတိ, ဒေသိယံတိ အတ္ထော ဧတာ ယာတိ ဝါ ဒေသနာ။ ဝိလာသေတီတိ ဝိလာသော။

အပေါင်းဝစနတ္ထ ။ ။ ဒေသနာယ ဝိလာသော ဒေသနာဝိလာသော။ (ယောဇနာ။ ၇၁။)

ဗျုပ္ပတ္တိစတုက္က

အဘိဓာန်ဋီကာ အလိုအားဖြင့်-

၁ ။ ။ ဒေ-ဟူသော, သ-ဟူသော, နာ-ဟူသော, ဝိ-ဟူသော, လာ-ဟူသော, သော-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂ ။ ။ ဒေသနာ-ပုဒ်, ဝိလာသ-ပုဒ်သည်လည်းကောင်း, ဒေသနာတော်၏ သဗ္ဗညုတဉာဏ်တော်နှင့် အကျိုး, အကြောင်း၏အဖြစ်ဖြင့်စပ်ခြင်း သမ္မန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃ ။ ။ ဒေသနာဝိလာသော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

http://www.dhammadownload.com

၄ ။ ။ ဒေသနာတော်ကို တင့်တယ်စေခြင်း ကြိယာသည် ပဝတ္တိနိမိတ်။ ဘေဒစိန္တာဒီပနီ အလိုအားဖြင့်-

၁ ။ ။ ဒေသနာယ ဝိလာသော-ဟူသော ဝိဂ္ဂဟသည် ဗျုပ္ပတ္တိ။

၂ ။ ။ တူ၏။

၃ ။ ။ ဒေသနာဝိလာသော-ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

၄ ။ ။ တူ၏။

[ဗျုပ္ပတ္တိစတုက္က (သို့မဟုတ်) ဗျုပ္ပတ္တာဒီစတုက္က ထုတ်နည်း ၂-မျိုး

(၁) ဗျုပ္ပတ္တိ၊ (၂) ဗျုပ္ပတ္တိနိမိတ်၊ (၃) ပဝတ္တိ၊ (၄) ပဝတ္တိနိမိတ်၊ ဤ ၄-ပါးကို "ဗျုပ္ပတ္တိစတုက္က, (သို့မဟုတ်) ဗျုပ္ပတ္တာဒီစတုက္က" ဟု ခေါ်သည်။ ထိုတွင် အဘိဓာန်ဋီကာ အလိုအားဖြင့်-

၁ ။ ။ အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ မည်၏။

၂ ။ ။ ကိတ်ပုဒ်၌ ဓာတ်, ပစ္စည်း, ကြိယာသည်, သမာသ်ပုဒ်၌ ပုဒ်, သမ္ဗန်သည်, တဒ္ဓိတ်ပုဒ်၌ ပုဒ်, ပစ္စည်း, သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ် မည်၏။ (ကြိယာ, ပကတိ, ပစ္စယာဒယော။ အဘိဓာန်ဋီကာ။)

၃ ။ ။ အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ မည်၏။

၄ ။ ။ ဓာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ် ၅-ပါးသည် ပဝတ္တိနိမိတ် မည်၏။ (ဓာတိ, ကြိဟာ, ဂုဏ, ဒဗ္ဗ, နာမာနိ။ အဘိဓာန်ဋီကာ။) ဘေဒစိန္တာဒီပနီ အလိုအားဖြင့် -

၁ ။ ။ ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ မည်၏။

၂ ။ ။ အဘိဓာန်ဋီကာနည်းနှင့် တူ၏ (ဗျုပ္ပတ္တိယာ အပေက္ခိတံ ဂမန, သမ္ဗန္ဓာဒိကံ ဗျုပ္ပတ္တိမိတ္တံ။ ဘေဒစိန္တာဒီပနီ။)

၃ ။ ။ နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ မည်၏။

၄ ။ ။ အဘိဓာန်ဋီကာနည်းနှင့် တူ၏။

နည်း ၂-ပါး နှိုင်းယှဉ်ချက် ။ ။ နည်း ၂-ပါး၌ ဗျုပ္ပတ္တိ အရသာ ထူးသည်။ ကြွင်း ၃-ချက် (ပဝတ္တိအရာဝယ် အဆိုသာ ကွဲသည်။) အရကား အတူတူပင်။

သုန္ဒရတရနယ ။ ။ ဝိဂြိုဟ် မပြုကောင်းတော ရဂ္ဂီပုဒ် စသည်၌ အဘိဓာန်ဋီကာ အလိုအားဖြင့်သာ ၄-ချက် ခွဲလို့ ရသည်၊ ဘေဒစိန္တာဒီပနီ အလိုအားဖြင့်

http://www.dhammadownload.com

၄-ချက် ခွဲလို့ မရ။ ထို့ကြောင့် အဘိဓာန်ဋီကာနည်းသာ အားလုံးနှံ့၍ ပိုကောင်းသည်။

ကျက် ။ ။ ပရမတ္ထောဝ ဗျုပ္ပတ္တိ၊ တံ နိမိတ္တံ တု ဓာတ္ဝာဒီ။
ပဝတ္တိဟောတိ ပညတ္တိ၊ တံ နိမိတ္တံ တု ဓာတျာဒီ။
ဝိဂ္ဂဟောဓဝ ဗျုပ္ပတ္တိ၊ နိပ္ပန္နော ပဝတ္တိ မတောဝ။
ဒွေ နိမိတ္တာနိ ဘိဓာန၊ ဋီကာယဲ ဝုတ္တသဒိသာ။

ကြိယာ ၂-ခုတို့၏ အထူး ။ ။ ကြိယာသဒ္ဒါကို ဗျုပ္ပတ္တိစတုက္ကခွဲရာ၌ ဗျုပ္ပတ္တိနိမိတ်အရ ကြိယာနှင့် ပဝတ္တိနိမိတ်အရ ကြိယာတို့ အဘယ်သို့ ထူးသနည်း ဟူမူ-အစိတ်ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်မည်၏။ အပေါင်းပညတ္တိသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းကြိယာသည် ပဝတ္တိနိမိတ်မည်၏။ ဤသို့ထူးကြသည်။

ကျက် ။ ။ အစိတ်ကြောင်းရာ၊ ကြိယာ၊ မှန်စွာ ဗျုပ္ပတ္တိ။
အပေါင်းကြောင်းရာ၊ ကြိယာ၊ သညာပဝတ္တိ။
(တောင်တွင်းနိယ်။ ၁၄၆-၇။)

အကျယ်ကို အဘိဓာန်ဋီကာ (၄၃၆) နှင့် ဘေဒစိန္တာ (၁၆၂) စာကိုယ်, ဒီပနီတို့၌ ရှုပါ။]

---

၅ ။ ။ ကရဏ္တသဒ္ဒါ ထားခြင်း အကြောင်း

၄ ။ ။ အပုမာဏော ဓမ္မေ အာရဗ္ဘ ယေ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ-ဟူသော ပါဠိတော်ကို ကံပုဒ်, ကတ္တားပုဒ်တို့၏ အဘိဓေယျတ္ထကို ဖော်လျက် အနက်ယောဇနာပါ။

၅ ။ ။ ယံ ဇတ္ထ ဝုစိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။
ဝုတ္တာဓိကာစ ဓမ္မာ၊ အဘိဓမ္မောတေန အက္ခာတော-ဟူသော ဂါထာကို ကတ္တားအစုံအလင်ထည့်လျက် အနက်ပေးပါ။

၆ ။ ။ နိဗ္ဗုတာ နူန သာမာတာ၊ နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယသာယံ ဥဒ္ဓိသော ပတိ-ဟူသော ဂါထာကို နိယမာနိယမ စုံလင်စေလျက် အနက်ပေးပါ။

အောက်ပါ အဋ္ဌကထာပါဠိတို့ကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။

၇ ။ ။ ဧဝံ တသ္မိံ စိတ္တနိယမိတော သမယေ ဧတေ သန္တိသမူဟ-ကိစ္စာ ရမ္မဏယနဝသေန ဒုရနုဗောဓပ္ပဘေဒေ ဖဿဝေဒနာဒယော ဓမ္မေ ဗောဓေ

http://www.dhammadownload.com

တုန္တိ အတ္ထော။

၈ ။ ။ ယော "မိဂဝံ ဂမိဿာမီ" တိ ဓနံ သဇ္ဇေတိ၊ ဇိယံ ဝဋ္ဌေတိ၊ သတ္တိံ နိသေတိ၊ ဘတ္တံ ဘုဥ္ဇတိ၊ ဝတ္ထံ ပရိဒဟတိ၊ ဧတ္တာဝတာ ကာယဒ္ဓါရေ စောပနံ ပတ္တံ ဟောတိ။

၉ ။ ။ နဂေဝလဥ္ဇတ္ထ တာယ သတိယေဝ ပရိသုဒ္ဓါ၊ အပိစ ခေါ သဗ္ဗေပိ သမ္ပယုတ္တမျှော၊ ဆတိသိသေန ပန ဒေသနာ ဝုတ္တာ။

၁၀ ။ ။ ဇိဝှါတေမနံ အာပံ လဒ္ဓါဝ ဥပ္ပဇ္ဇတိ၊ နဝိနာ တေန။ သုက္ခ-ဇိဝှါနဉ္ဇိ သုက္ခခါဒနီယေ ဇိဝှါယ ဌပိတေပိ ဇိဝှါဝိညာဏံ နုပ္ပဇ္ဇတေဝ။

၁၃၃၀-ခုနှစ် မျှောစရိယတန်း
မျှသင်္ဂဏီ ပါဠိ, အဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ အနိယမဝါကျ ထည့်စွက်၍အနက်

(ယသ္မိံ သမယေ၊ အကြင်အခါ၌။ ပဌမံ၊ ရှေးဦးစွာသော။ ကာမာဝစရံ၊ ကာမာဝစရဖြစ်သော။ မဟာကုသလစိတ္တံ၊ မဟာကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။) တသ္မိံ သမယေ၊ ထိုပဌမကာမာဝစရ မဟာကုသိုလ်စိတ်ဖြစ်သော အခါ၌။ အယံ ဖဿော၊ ဤဖဿသည်။ ဟောတိ၊ ဖြစ်၏။ ။ [ပါ။ ၁၈။ ပါ၊ သျ။ ၃၇။ ဌ။ ၁၈၃။]

---

၂ ။ ။ [ပါ။ ၂၄။ ပါ၊ သျ။ ၅၇။]

---

၃ ။ ။ [သျ အတိုင်းပေး ။ ။ ပါ။ ၁၀၂။ ပါ၊ သျ။ ၁၅၃။]

---

၄ ။ ။ [သျ အတိုင်းယောဇနာ ။ ။ ပါ။ ၂၁၁။ ပါ၊ သျ။ ၃၃၄။]

တိကျစွာ ယောဇနာလိုသော် ။ ။ ယေ-မျှော၊ အကြင် အပွမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ် ၈-ခု, စေတသိက် ဆတ္တိံသ, အပွမာဏတရားကို အာရုံပြုခိုက် မနောဒ္ဓါရာဝဇ္ဇန်း, မဟာကုသိုလ်ညာဏ သမ္ပယုတ် ၄-ခု, မဟာကြိယာညာဏသမ္ပယုတ် ၄-ခု, အဘိညာဉ်ဒွေး, အပွမညာ

http://www.dhammadownload.com

ကြဉ်သော စေတသိက်ဆတ္တိ သတရားတို့သည်။ အပွမာဏော၊ လောကုတ္တရာ မည်ကုန်သော။ ဓမ္မော၊ လောကုတ္တရာစိတ် ၈-ခု, စေတသိက် ဆတ္တိ သ, နိဗ္ဗာန် တရားတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နန္တိ၊ ဖြစ်ကုန်၏။ သရူပတော၊ သရုပ် အားဖြင့်။ စိတ္တစေတသိကာ၊ စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ အပွမာဏ တရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ် ၈-ခု, စေတသိက် ဆတ္တိ သ, အပွမာဏတရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု, မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု, အဘိညာဉ်ဒွေး, အပွမညာကြဉ်သော စေတသိက် ဆတ္တိ သ တရားတို့သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏) ။ ။ ဤသို့ တိတိကျကျသော်လည်း ယောဇနာ။]

---

၅ ။ ။ [ဝုတ္တာ-၏ ကတ္တားကို ဘဂဝတာ, အက္ခာတော-၏ ကတ္တားကို အဘိဓမ္မတ္ထဝိဘာဝိဟိ (အဘိဓမ္မ-သဒ္ဒါ၏ အနက်ကို သိကုန်သော ပညာရှိတို့သည်)-ထည့်၍ သျ အတိုင်းပေး ။ ။ ဋ္ဌ။ ၂၀။ ဋ္ဌ၊ သျ၊ ၁။ ၈၀။]

---

၆ ။ ။ [သျ အတိုင်းပေး ။ ။ ဋ္ဌ။ ၇၆။ ဋ္ဌ၊ သျ၊ ၁။ ၂၅၉။]

---

၇ ။ ။ [ဋ္ဌ။ ၉၉။ ဋ္ဌ၊ သျ၊ ၁။ ၃၆၈။]

---

၈ ။ ။ [ဋ္ဌ။ ၁၃၂။ ဋ္ဌ၊ သျ၊ ၁။ ၅၃၂ ။ ။ ၁၃၁၅-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၉ ။ ။ [ဋ္ဌ။ ၂၂၂။ ဋ္ဌ၊ သျ၊ ၂။ ၃၀၃။]

---

၁၀ ။ ။ [ဋ္ဌ။ ၃၂၂။ ဋ္ဌ၊ သျ၊ ၃။ ၁၁၉။]

၁၃၃၀-ခုနှစ် မန္တာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) အတ္တနော ပန သဘာဝံ ဓာရေန္တီတိ ဓမ္မာ၊

http://www.dhammadownload.com

(ခ) ဓာရိယန္တိ ဝါ ပစ္စယေဟိ, ဓာရိယန္တိ ဝါ ယထာသဘာဝတောတိ ဓမ္မာ။

(ဂ) နု ကုသလာ အကုသလာ။

(ဃ) မိတ္တာပဋိပက္ခာ အမိတ္တာ ဝိယ, လောဘာဒိပဋိပက္ခာ အလောဘာဒယော ဝိယ စ ကုသလပဋိပက္ခာတိ အတ္ထော။

(င) နု ဗျာကတာတိ အဗျာကတာ။

၁ ။ ။ (ခ) အမုတ်ပြဝါကျကို နိယမာနိယမ ကဲ, ကတ္တား အသီးအသီး ထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။

၂ ။ ။ (ခ) အမုတ်ပြဝါကျကို ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိပက္ခေပ, စောဒနာ-ဟူသော ဌပနာပဉ္စကနည်းဖြင့် တက်ပြပါ။ (အဓိပ္ပာယ် ပြန်ရန်မလို။)

၃ ။ ။ (ခ) အမုတ်ဝါကျ၌ အဘယ်ကို လဲလှယ်လို၍ ဝါ-သဒ္ဒါများကို ထားရပါသနည်း? ရှင်းလင်းပြီးလျှင် ၎င်းဝါကျဖြင့် ပယ်အပ်သော ဒေါသကို လည်း ပြခဲ့ပါ။

၄ ။ ။ (ခ) အမုတ်ပြဝါကျပါ အမိတ္တာ-ပုဒ်ကို အပေါင်း ဝစနတ္ထမျှ ပြု၍ ဗျုပ္ပတ္တိစတုက္က ခွဲပြပါ။

၅ ။ ။ (ဃ) အမုတ်ပါ လောဘာဒိပဋိပက္ခာ အလောဘာဒယော ဝိယ-ပုဒ်တို့၏ လိင်, ဂဏ, အန္တ, ပဒတို့ကို စိစစ်ပြပါ။

၆ ။ ။ ဓာရိယန္တိ ဝါ ပစ္စယေဟိ-၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာများကို ထုတ်ဖော်ခဲ့ပါ။

၇ ။ ။ (ဂ) အမုတ်ပြဝါကျ၌ နု-နိပါတ်ပုဒ်၏ ဖြစ်သင့်သောအနက်ကို ပြပြီးလျှင် ဣဓ ပနာယံ (သုခသဒ္ဒေါ) သုခဝေဒနာယမေဝ ဒဋ္ဌဗ္ဗော-၌ ဧဝ-သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထတို့ကို ၂-ခုမျှ ဖော်ပြပါ။

၈ ။ ။ (ဃ) အမုတ်ပါ ကုသလပဋိပက္ခာ-ဝယ် ကုသလ-၌ ဒဿနတ္ထ စသည် ကြိယာ ၅-တန် ထုတ်ပြပါ။

၉ ။ ။ ဓာရိယန္တိ ဝါ ပစ္စယေဟိတိ ဓမ္မာ-၌ ဓမ္မာ-အရ ဖြစ်ထိုက်သော တရားများကို အထောက်ပြ၍ ဖော်ပြပြီးလျှင် လောဘာဒိပဋိပက္ခာ-၌ လောဘ၏ လက္ခဏာဒိစတုက္ကကိုလည်း ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com

၁၀ ။ ။ သမ္မယောဂဝသေန ပဝတ္တမာနေန သဟ ဝိတက္ကေန သဝိတက္ကာ-ဒ္ဒဲ ဝတ္တန္တိ-ဟူသော ပါဠိသေသအရ ဖြစ်ထိုက်သော တရားများကို ဖော်ပြ၍ ဝိတက်က ထိုတရားတို့အား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကိုလည်း ညွှန်ကြားခဲ့ပါ။

၁၃၃၀-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ (ခ) အမှတ်ပြဝါကျ အနက်ယောဇနာ

ဝါ၊ တစ်နည်းကား။ (ယေ သဘာဝါ၊ အကြင်သဘောတရားတို့ကို။) (အနိယမ, ကံ) (အတ္တနော၊ မိမိ မိမိ၏) (လိုက်) ပစ္စယေဟိ၊ အကြောင်းတရားတို့သည်။ ဓာရိယန္တိ၊ ဆောင်အပ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ (တေ သဘာဝါ၊ ထိုသဘောတရားတို့သည်။) (နိယမ) ဓမ္မာ၊ ဓမ္မမည်ကုန်၏။ ဝါ၊ တစ်နည်းကား၊ (ယေ သဘာဝါ၊ အကြင်သဘောတရားတို့ကို။) (အနိယမ, ကံ) ယထာသဘာဝတော၊ မိမိ မိမိတို့၏ သဘောအားလျော်သဖြင့်။ (ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။) (ကတ္တား) ဓာရိယန္တိ လက်ခံယန္တိ၊ မှတ်အပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ (တေ သဘာဝါ၊ ထိုသဘောတရားတို့သည်။) (နိယမ) ဓမ္မာ၊ ဓမ္မ မည်ကုန်၏။ [ဋ္ဌ။ ၈၁။ ဋ္ဌ။ သျ၊ ၁။ ၂၇၇။]

[ထောက်ဖွယ် ။ ။ ယေ သဘာဝါ ပစ္စယေဟိ ကမ္မာဒိပစ္စယေဟိ ကတ္တု ဘူတေဟိ ဓာရိယန္တိ ဣတိ တေ သဘာဝါ ဓမ္မာ၊ ယေ သဘာဝါ ယထာသဘာဝတော သဘာဝါနုရူပတော ဓာရိယန္တိ လက်ခံယန္တိ ပဏ္ဍိတေဟိ ဣတိ တေ သဘာဝါ ဓမ္မာ။ (ယောဇနာ။)]

---

၂ ။ ။ (ခ) အမှတ်ပြဝါကျ ဋ္ဌပနာပဋ္ဌကတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) အမှတ်ပြဝါကျဖြင့် ဓမ္မာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ" ဟု ကတ္တု သာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကို ဆိုတော်မူ၏ (ဋ္ဌပနာ)။ ယင်

http://www.dhammadownload.com

ဝစနတ္ထမှ တစ်ပါးသော ဝစနတ္ထလည်း ပြုသင့်သည် မဟုတ်ပါလော (အာဘောဂ)။ ထိုသို့ပြုသင့်သောကြောင့် (အာဘောဂဟေတု)။ ကတ္တုသာဓနဝစနတ္ထကိုသာ မဆိုသင့် (ဌပနာပဋိက္ခေပ)။ တစ်ပါးသော ဝစနတ္ထကား အဘယ်ပါနည်း (စောဒနာ)။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) အမှတ်ပြဝါကျကို မိန့်။

---

၃ ။ ။ (ခ) အမှတ်ပြဝါကျ၌ ဝါ-သဒ္ဒါများ ထားရခြင်းအကြောင်း

ဓမ္မာ-၌ ရမ္မ-ပစ္စည်း၏ ကတ္တုသာဓနအနက်မှ တစ်ပါး ကမ္မသာဓန အနက်, ဓမ္မသဒ္ဒါ၏ သခ်ံတာသခ်ံတဓမ္မ (သရုပ်ကြား အဘိဓေယျတ္ထ) အနက်မှ တစ်ပါး သခ်ံတဓမ္မ (သရုပ်ကြားအဘိဓေယျတ္ထ) အနက်ကိုလဲလှယ်လို၍ (ခ) အမှတ်ပြဝါကျ၌ ပဌမ ဝါ-သဒ္ဒါကို ထားရပါသည်။

ဓမ္မ-သဒ္ဒါ၏ သခ်ံတဓမ္မ (သရုပ်ကြားအဘိဓေယျတ္ထ) အနက်မှ တစ်ပါး သခ်ံတာအခ်ံတပညတ္တိဓမ္မ (သရုပ်ကြားအဘိဓေယျတ္ထ) အနက်ကို လဲလှယ်လို၍ ဒုတိယ ဝါ-သဒ္ဒါကို ထားရပါသည်။

(ခ) အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသ ။ ။ (ခ) အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသကား အဗျာပိတဒေါသ ဖြစ်ပါသည်။

မှတ်ချက် ။ ။ (ခ) အမှတ်ပြဝါကျ ပကတ္တ္တရဝါကျ ဖြစ်သည်။ ပုစ္ဆာ၌ "(ဂ) အမှတ်ပြဝါကျ၌" ဟု တတိယကွာရာ (ဂ) နှင့် တွေ့ရသည်။ (ဂ) အမှတ်ပြဝါကျ၌ ဝါ-သဒ္ဒါ မရှိ၊ (ခ) အမှတ်ပြဝါကျ၌သာ ဝါ-သဒ္ဒါရှိသောကြောင့် "(ခ) အမှတ်ပြဝါကျ၌" ဟု ဒုတိယကွာရာ (ခ) နှင့်ရှိမှ မှန်သည်။

---

၄ ။ ။ ဝစနတ္ထ ။ ။ နံ မိတ္တာ အမိတ္တာ။

ဗျုပ္ပတ္တိစတုက္က

အဘိဓာန်ဋီကာ အလိုအားဖြင့်-

၁ ။ ။ အ-ဟူသော, မိ-ဟူသော, တ္တာ-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

http://www.dhammadownload.com

၂ ။ ။ နှ-ပုဒ်, မိတ္တာ-ပုဒ်သည်လည်းကောင်း, ဝိရဒ္ဓဘောဂုဏ်၏ အဆွေခင်ပွန်းနှင့် ဂုဏ်ဂုဏေအဖြစ်ဖြင့် စပ်ခြင်း သမ္မန်သည် လည်းကောင်း ဗျူပွတ္တိနိမိတ်။

၃ ။ ။ အမိတ္တာ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄ ။ ။ ဝိရဒ္ဓဘောဂုဏ်သည် ပဝတ္တိနိမိတ်။

ဘေဒစိန္တာ ဒီပနီ အလိုအားဖြင့်-

၁ ။ ။ နှ မိတ္တာ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျူပွတ္တိ။

၂ ။ ။ တူ၏။

၃ ။ ။ အမိတ္တာ-ဟူသော နိပ္ပန္နသည် ပဝတ္တိ။

၄ ။ ။ တူ၏။

---

၅ ။ ။ လိင်္ဂါဒိဝိဘာဂ

လောဘာဒိပဋိပက္ခာ-ကား ပုလ္လိင်္ဂ, ပရိသာဒိဂဏ, အကာရန္တ, သမာသ-နာမပဒ ဖြစ်ပါသည်။

အလောဘာဒယော-ကား ပုလ္လိင်္ဂ, ရတ္တာဒိဂဏ, ဣကာရန္တ, သမာသ-နာမပဒ ဖြစ်ပါသည်။

ဝိယ-ကား အလိင်္ဂ, ဂဏဝိမုတ္တ, အကာရန္တ, နိပါတပဒ ဖြစ်ပါသည်။

---

၆ ။ ။ အာဘောဂနှင့် သံဝဏ္ဏနာ

ဓာရိယန္တိ-ဟူသော သံဝဏ္ဏနာပါဋ္ဌဖြင့် ဓမ္မာ-ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၌ ဓရ-ဓာတ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယ-ဓာတုပဒသံဝဏ္ဏနာ။ ရမ္မ-ပစ္စည်း၏ ကံအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။

ဝါ-ဟူသော သံဝဏ္ဏနာပါဋ္ဌဖြင့် တစ်နည်းတစ်ဖုံအားဖြင့် ဝစနတ္ထပြုသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

ပစ္စယေဟိ-ဟူသော သံဝဏ္ဏနာပါဋ္ဌဖြင့် ဓာရိယန္တိ-၌ "ဆောင်ခြင်း" ဟူသည် ကံစသော အကြောင်းတရားတို့၏ ဆောင်ခြင်းပင်တည်း ဟူသော

http://www.dhammadownload.com

အဓိပ္ပာယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

---

၇ ။ ။ (ငး) အမှတ်ပြဝါကျ နှ-နိပါတ်ပုဒ်၏ ဖြစ်သင့်သော အနက် ။ (ငး) အမှတ်ပြဝါကျ၌ နှ-နိပါတ်ပုဒ်၏ ဖြစ်သင့်သော အနက်ကား အည အနက် ဖြစ်ပါသည်။

၈၀-သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ ။ ။ ဣဓ ပနာယံ (သုခ သဒ္ဒေါ) သုခ ဝေဒနာယမေဝ ဒဋ္ဌဗ္ဗော-၌ ၈၀-သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထတို့ကား သုခမူလ, သုခါရမ္မဏ အနက်တို့ ဖြစ်ပါသည်။

---

၈ ။ ။ ကုသလ-၌ ကြိယာ ၅-တန်

ပဒဋ္ဌာနဟာရနေတ္တိနည်းအားဖြင့်-

၁ ။ ။ ကုသိုလ်သည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထ။

၂ ။ ။ ယောနိသောမနသိကာရသည် (ပဌမဖလူပစာရအားဖြင့် ပြအပ်သော) ဒီပကတ္ထ။

၃ ။ ။ ကုသလဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်သည် (ပဌမကာရဏူပစာရအားဖြင့် ပြအပ်သော) ပကာသနတ္ထ။

၄ ။ ။ သဒ္ဓမ္မသဝန, သပ္ပုရိသူပနိဿယ စသည်သည် (ဒုတိယဖလူပစာရအားဖြင့် ပြအပ်သော) ဝိဘာဝတ္ထ။

၅ ။ ။ ကာယိကသုခ, စေတသိကသုခ စသော အဆက်အဆက်သော အကျိုးသည် (ဒုတိယကာရဏူပစာရအားဖြင့် ပြအပ်သော) အနုဘာဝတ္ထ။

လက္ခဏာဒိစတုက္ကနည်း အားဖြင့်

၁ ။ ။ အနဝဇ္ဇသုခဝိပါကလက္ခဏာသည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထ။

၂ ။ ။ ယောနိသောမနသိကာရပဒဋ္ဌာန်သည် (ပဌမဖလူပစာရအားဖြင့် ပြအပ်သော) ဒီပကတ္ထ။

၃ ။ ။ အကုသလဝိဒ္ဓံသနကိစ္စသရသည် (ပဌမကာရဏူပစာရအားဖြင့် ပြအပ်သော) ပကာသနတ္ထ။

http://www.dhammadownload.com

၄ ။ ။ ဝေဒါနဘာဝသမ္မတ္တိရသနှင့် ဝေဒါနံအာကာရပစ္ဆိပ္ပဋ္ဌာန်သည် (ဒုတိယဖလူပစာရအားဖြင့် ပြအပ်သော) ဝိဘာဝတ္ထာ။

၅ ။ ။ ဣဋ္ဌဝိပါကဖလပစ္ဆိပဋ္ဌာန်သည် (ဒုတိယကာရဏူပစာရအားဖြင့် ပြအပ်သော) အနုဘာဝတ္ထာ။

(တစ်နည်း)

၁ ။ ။ အနဝဇ္ဇသုခဝိပါကလက္ခဏာသည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထာ။

၂ ။ ။ ယောနိသောမနသိကာရပဒဋ္ဌာန်သည် (ပဌမဖလူပစာရအား ဖြင့် ပြအပ်သော) ဒီပကတ္ထံ။

၃ ။ ။ ဝေဒါနဘာဝသမ္မတ္တိရသသည် (ပဌမကာရဏူပစာရအားဖြင့် ပြအပ်သော) ပကာသနတ္ထာ။

၄ ။ ။ အကုသလဝိဒ္ဓံသနကိစ္စရသသည် (ဒုတိယဖလူပစာရ အားဖြင့် ပြအပ်သော) ဝိဘာဝတ္ထာ။

၅ ။ ။ ဣဋ္ဌဝိပါက ဖလပစ္ဆိပဋ္ဌာန်သည် (ဒုတိယကာရဏူပစာရအားဖြင့် ပြအပ်သော) အနုဘာဝတ္ထာ။

ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်-

၁ ။ ။ ကုသိလ်သခ်ါရသည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထာ။

၂ ။ ။ အဝိဇ္ဇာသည် (ပဌမဖလူပစာရအား ဖြင့်ပြအပ်သော) ဒီပကတ္ထာ။

၃ ။ ။ ဝိညာဏ်သည် (ပဌမကာရဏူပစာရအားဖြင့် ပြအပ်သော) ပကာသနတ္ထာ။

၄ ။ ။ အာသဝသည် (ဒုတိယဖလူပစာရအားဖြင့်ပြအပ်သော) ဝိဘာဝတ္ထာ။

၅ ။ ။ နာမ်,ရုပ်သည် (ဒုတိယကာရဏူပစာရအားဖြင့် ပြအပ်သော) အနုဘာဝတ္ထာ။

---

၉ ။ ။ ဓမ္မာ-အရ ဖြစ်ထိုက်သော တရားများ

ဓာရိယန္တိ ဝါ ပစ္စယေဟိတိ ဓမ္မာ-၌ ဓမ္မာ-အရ ဖြစ်ထိုက်သော တရားများကား ပစ္စယေဟိ-ဟူသော ကတ္တားကို ထောက်၍ သခ်ိုက တရားများ ဖြစ်ပါသည်။

http://www.dhammadownload.com

လောဘ-၏ လက္ခဏာဒီစတုက္က

လောဘော အာရမ္မဏဂ္ဂဟဏလက္ခဏော၊
အဘိသင်္ဂရသော၊
အပရိစ္စာဂပစ္စုပဋ္ဌာနော၊
သံယောဇနီယဓမ္မေသု အဿာဒဒဿနပဒဋ္ဌာနော။ (ဋ္ဌ။ ၂၉၁။)

---

၁၀ ။ ။ အရကောက် ။ ။ ဝတ္တန္တိ-ဟူသောပါဋ္ဌသေသအရဖြစ်ထိုက်သော တရားများကား ဒွေပဋ္ဌိညာဉ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ခု၊ ပဌမဈာန်စိတ် ၁၁-ခု, ပေါင်း သဝိတက္ကစိတ် ၅၅-ခု, ဝိတက်ကြဉ်သော စေတသိက် ဧကပညာသ ဖြစ်ပါသည်။

ပဋ္ဌာန်းပစ္စည်း ။ ။ ဝိတက်က သဝိတက္ကစိတ် ၅၅-ခု, ဝိတက်ကြဉ်သော စေတသိက် ဧကပညာသတို့အား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကား သဟဇာတ, အညမည, နိဿယ, ဝိပါက, ဈာန, မဂ္ဂ, သမ္မယုတ္တ, အတ္ထိ, အဝိဂတ (ယထာရဟ) ၉-ပစ္စယသတ္တိတို့ ဖြစ်ပါသည်။

၁၃၁၁-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁ ။ ။ ယာ တသ္မိံ သမယေ ပီတိ ပါမောဇ္ဇံ အာမောဒနာ ပမောဒနာ ဟာသော ပဟာသော ဝိတ္တံ သြဒဂ္ဂျံ အတ္တမနတာ စိတ္တဿ-ကို အတ္တမနတာ-ဌ် အဋ္ဌကထာအလို ပါဝင်စေလျက် အနက်ပေးပါ။

၂ ။ ။ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ-ကို အာကာရဋ္ဌ တုလျတ် စွက်၍ အနက်ပေးပါ။

၃ ။ ။ ယေန စက္ခုနာ အနိဒဿနေန သပ္ပဋိဃေန ရူပံ သနိဒဿနံ သပ္ပဋိဃံ ပဿိ ဝါ ပဿတိ ဝါ ပဿိဿတိ ဝါ-ကို ကတ္တားစွက်၍ အနက် ပေးပါ။

၄ ။ ။ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္မယုတ္တာ၊ ဣမေ ဓမ္မာ ဂန္ထသမ္မယုတ္တာ-ကို သရုပ်ပေါ်အောင် အနက် ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၅ ။ ။ ဗီလာသယာ ဒရီသယာ၊ နိက္ခမန္တိ သကာသယာ။
တေပဇ္ဇ အာသယာ ဆဒ္ဒါ၊ ခုဝံ ဗုဒ္ဓေါ ဘဝိဿတိ-
ကို ကြောင်း,ကျိုး ပေါ်အောင် အနက် ဖော်ပြခဲ့ပါ။

၆ ။ ။ ဥပါဒိယန္တေ၀ ဘူတာနိ၊ နု ဘူတာနိ ဝိယ ဥပါဒိယန္တီတိ
ဥပါဒါ-ကို ကတ္တား, က် လျော်စွာစွက်၍ အနက်ပေးပါ။

၇ ။ ။ ဂရဟိဿန္တီ တံ ဝိညူ၊ အသုစိ နာဂရိကော ယထာ။
၀ဇ္ဇိတော သီလ၀န္တေဟိ၊ ကထံ ဘိက္ခု ကရိဿသိ-
ကို ၀ဇ္ဇိတော-၏ ၀ါစ္စ, ၀ါစက စွက်၍ အနက်ပေးပါ။

၈ ။ ။ ပဋိက္ကူလေပိစေတသ္မိံ အာရမ္မဏေ အာနိသံသဒဿာဝိတာယ
စေ၀ နိ၀ရဏာသန္တာပပဟာနေန စ ပီတိသောမနဿံ ဥပ္ပဇ္ဇတိ-ကို အပိ, စ-
တို့၏ အနက် ထင်စေလျက် အနက်ပေးခဲ့ပါ။

၉ ။ ။ ပတ္ထဒ္ဓေါ ဘ၀တိ ကာယော၊ ဒဒ္ဓော ကဋ္ဌမုခေန ၀ါ။
ပထဝီ ဓာတုပွကော ပေန၊ ဟောတိ ကဋ္ဌမုခေ၀ သော-
ကို ၀ါသဒ္ဒေါ ဥပမတ္ထော-ဟူသော ဋီကာနှင့်အညီ အနက်ပေးခဲ့ပါ။

၁၀ ။ ။ ယော ပနေတ္ထ သိတောဇတ္ထ ပဋိဗဒ္ဓေါ စတုန္နံ မဟာဘူတာနံ
ဥပါဒါယ ပသာဒေါ၊ ဣဒံ ပသာဒစက္ခု နာမ-ကို အနက်ပေးပါ။

၁၃၃၁-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ [ယာ အတ္တမနတာ၊ အကြောင် မိမိ၏ စိတ်၏ အဖြစ်သည် ။ ။
ကြွင်းသျှ အတိုင်းပေး ။ ။ ပါ။ ၁၈။ ပါ၊ သျှ။ ၃၉။ ဋ္ဌ။ ၁၈၈။ ။ ၁၃၁၈,
၁၃၂၇-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၂ ။ ။ အာကာရဋ္ဌ တုလျတ် စွက်၍ အနက်

ယံ တတိယဇ္ဈာနံ၊ အကြောင်တတိယဈာန်ဟူသော အကြောင်းကြောင့်။ တံ
တတိယဇ္ဈာနသမင်္ဂိပုဂ္ဂလံ၊ ထိုတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ အရိယာ၊
ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ (တတိယဇ္ဈာနသမင်္ဂိပုဂ္ဂလော၊

http://www.dhammadownload.com

တတိယစျာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။) (တုလျတ်) ဥပေက္ခကော၊ အသင့်အားဖြင့် ရှုတတ်သော သဘောနှင့်ပြည့်စုံ၏။ သတိမာ၊ သတိရှိ၏။ သုခဝိဟာရီ၊ ချမ်းသာစွာ နေခြင်းငှာ အလေ့ရှိ၏။ ဣတိ၊ ဤသို့။ အာစိက္ခန္တိ၊ ချီးမွမ်းတော်မူကုန်၏။ [ပါ။ ၄၅။ ပါ၊ သျ။ ၁၀၁။ ။ ၁၃၁၈, ၁၃၂၅-ခုနှစ်များကလည်း မေးခဲ့ပြီ။]

---

၃ ။ ။ [သျ အတိုင်းပေး ။ ။ ပါ။ ၁၅၇၊ ပါ၊ သျ။ ၂၃၈။]

---

၄ ။ ။ သရုပ်ပေါ်အောင် အနက်

ယေ ဓမ္မာ၊ အကြင် လောဘမူစိတ် ၈-ခု, ဒေါသမူဒွေ, ဒိဋ္ဌဂတဝိပ္ပယုတ် ၄-ခုဠ် လောဘ, ဒေါသမူဒွေဠ် ဒေါသ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဋ္ဌဝိသတရားတို့သည်။ တေဟိ ဓမ္မေဟိ၊ ထိုလောဘ, ဒေါသ, ဒိဋ္ဌိ ဟု ဆိုအပ်သော ဂန္ထတရားတို့နှင့်။ သမွယုတ္တာ၊ အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။) ဣမေ ဓမ္မာ၊ ဤလောဘမူစိတ် ၈-ခု, ဒေါသမူဒွေ, ဒိဋ္ဌဂတဝိပ္ပယုတ် ၄-ခုဠ် လောဘ, ဒေါသမူဒွေဠ် ဒေါသ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဋ္ဌဝိသတရားတို့သည်။ ဂန္ထသမွယုတ္တာ၊ လောဘ, ဒေါသ, ဒိဋ္ဌိဟု ဆိုအပ်သော ဂန္ထတရားတို့နှင့် အညီအညွတ် အပြားအားဖြင့်ယှဉ်ကုန်သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။) [ပါ။ ၂၃၁။ (သျ မရေး) မာတိကာဓေတုကထာ အရကောက် ဂန္ထသမွယုတ္တဒုက်။]

---

၅ ။ ။ [သျ အတိုင်းဖော် ။ ။ ဋ္ဌ။ ၄၇။ ဋ္ဌ၊ သျ၊ ၁။ ၁၆၈။]

---

၆ ။ ။ [သျ အတိုင်းပေး ။ ။ ဋ္ဌ။ ၉၂။ ဋ္ဌ၊ သျ၊ ၁။ ၃၃၂။]

---

၇ ။ ။ [သျ အတိုင်းပေး ။ ။ ဋ္ဌ။ ၁၆၉။ ဋ္ဌ၊ သျ၊ ၂။ ၈၀ ။ ။ ၁၃၁၇-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၈ ။ ။ [သျ အတိုင်းပေး ။ ။ ဋ္ဌ။ ၂၄၄။ ဋ္ဌ၊ သျ၊ ၂။ ၄၀၃။]

---

http://www.dhammadownload.com

၉ ။ ။ [သျ အတိုင်းပေး ။ ။ ဋ္ဌ။ ၃၃၉။ ဋ္ဌ၊ သျ၊ ၃။ ၁၆၆။]

---

၁၀ ။ ။ [ဋ္ဌ။ ၁၄၅။ ဋ္ဌ၊ သျ၊ ၃။ ၁၉၀။]

၁၃၃၁-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) တတ္ထ ယော စိတ္တသမုဋ္ဌာနိကကာယော၊ နသော ဝိညတ္တိ။

(ခ) စိတ္တသမုဋ္ဌာနာယ ပန ဝါယောဓာတုယာ သဟဇာတံ ရူပကာယံ သန္ဆမ္ဘေတုံ သန္နာရေတုံ စာလေတုံ ပစ္စယော ဘဝိတုံ သမတ္ထော ဧကော အာကာရဝိကာရော အတ္ထိ၊ အယံ ဝိညတ္တိ နာမ။

(ဂ) သာ အဋ္ဌ ရူပါနိ ဝိယ နု စိတ္တသမုဋ္ဌာနာ။

(ဃ) ယထာ ပန အနိစ္စာဒိဘေဒါနံ ဓမ္မာနံ ဇရာမရဏတ္တာ "ဇရာ-မရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတ" န္တိ အာဒိ ဝုတ္တံ၊ ဧဝံ စိတ္တ-သမုဋ္ဌာနာနံ ရူပါနံ ဝိညတ္တိတာယ သာပိ စိတ္တသမုဋ္ဌာနာ နာမ ဟောတိ။

(င) ဝိညာပနတ္တာ ပနေသာ ဝိညတ္တိတိ ဝုစ္စတိ။

၁ ။ ။ (ခ) အမှတ်ပြဝါကျကို အနက်မှန်ကန်စွာ ယောဇနာခဲ့ပါ။

၂ ။ ။ (ဃ) အမှတ်ပြဝါကျပါ ဥပမေယျဝါကျ၌ သမ္ဗန္ဓာဝတ္ထုနည်း အားဖြင့် လိုရင်းကောက်၍ ယင်း၏ဟိတ်ကို ဌပနာပဋ္ဌကပညတ်နည်း ထွက်ခဲ့ပါ။

၃ ။ ။ (ခ) အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသနှင့် (င) အမှတ်ပြဝါကျ၌ "ဝုစ္စတိ" ဟု ထားရပုံကို ရှင်းလင်း ဖြေဆိုပါ။

၄ ။ ။ ဝါယောဓာတုယာ-ဝယ် ဝါယော-ပုဒ်ကို ဝစနတ္ထပြုပြီးလျှင် ၎င်း၏ ဗျုပ္ပတ္တာဒိစတုက္ကကိုလည်း ထုတ်ပြခဲ့ပါ။

၅ ။ ။ အနိစ္စာဒိ-ပုဒ်, ဝါယောပုဒ်တို့၏ လိင်, ဂဏ, ပဒ, အန္တ တို့ကို စိစစ် ပြဆိုခဲ့ပါ။

http://www.dhammadownload.com

၆ ။ ။ (ခ) (ဂ) အမှတ်ပြဝါကျတို့၌ အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာ များကို သိသာရုံ ပြဆိုခဲ့ပါ။

၇ ။ ။ အထက်ပါ ဝါကျတို့လာ ပန, ပိ, န-ပုဒ်တို့၏ အနက်တို့ကို ပြဆိုခဲ့ပါ။

၈ ။ ။ ဧသာ ဝုစ္စတိ-ကို ကိုယ်ပြု၍ ဒဿနတ္ထစသော ကြိယာ ၅-တန် ဝေဖန်ပိုင်းခြားခဲ့ပါ။

၉ ။ ။ ရူပဿ ဇရတာ-၏ လက္ခဏာဒီစတုက္ကကို ထုတ်ပြခဲ့ပါ။

၁၀ ။ ။ အထက်ပါ စိတ္တသမုဋ္ဌာနာယ-ပုဒ်၌ စိတ္တ-အရ, စိတ္တသမုဋ္ဌာ-နာယ-အရတို့ကိုကောက်ပြ၍ စိတ္တ-အရ တရားက စိတ္တသမုဋ္ဌာနာယ-အရ တရားအားကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကိုလည်းအသီးသီးပြဆိုခဲ့ပါ။

၁၃၃၁-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ [ဌ။ ၁၂၅။ ဌ၊ သျ။ ၁။ ၄၉၉။]

---

၂ ။ ။ သမ္မန္နာဝတ္ထုနည်းအားဖြင့် လိုရင်းကောက်၍ ပညတ်နည်း ဌာပနာ ပဋ္ဌကထွက်

(ဃ) အမှတ်ပြပါ ဥပမေယျဝါကျ၌ သမ္မန္နာဝတ္ထု နည်းအားဖြင့် လိုရင်း ကား သာပိ စိတ္တသမုဋ္ဌာနာ နာမ ဟောတိ-ဟူသည်တည်း။

အဓိပ္ပာယ်ကား ။ ။ ထိုဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန် မည်သည် ဖြစ်၏-ဟူလိုသော်။

အရှင်အဋ္ဌကထာဆရာ ဆရာသည် သာပိ စိတ္တသမုဋ္ဌာနာ နာမဟောတိ-ဟူသော ပါဠိဖြင့် "ထိုဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန်မည်သည် ဖြစ်၏" ဟု ဆိုတော်မူ၏ (ဌဋ္ဌနာ)။ အကျိုးသည် အကြောင်းနှင့်မကင်းကောင်းသည် မဟုတ် ပါလော (အာဘောဂ)။ ထိုသို့မကင်းကောင်းသောကြောင့် (အာဘောဂဟေတု)။ "ထိုဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန်မည်သည်ဖြစ်၏" ဟု အကျိုးကိုသာ

http://www.dhammadownload.com

မဆိုသင့် (ဌပနာပဒိုက္ကေပ)။ ဝိညတ်၏ စိတ္တသမုဋ္ဌာန် မည်ခြင်း၏ အကြောင်း ကား အဘယ်ပါနည်း (ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော် မူလိုသော အဋ္ဌကထာဆရာသည် ဝိညတ္တိတာယ-ဟူသော ဟိတ်ကိုမိန့်။

အဓိပ္ပာယ်ကား ။ ။ ဝိညတ်၏ စိတ္တသမုဋ္ဌာန်မည်ခြင်း၏ အကြောင်း ကား ဝိညတ္တိတာယ-ဖြစ်၏-ဟူလိုသော်။

[လိုရင်းကောက် ၂-မျိုးနှင့် အထူး ။ ။ လိုရင်းကောက်သည် သမ္မန္နာဝတ္ထ နည်း, အသမ္မန္နာဝတ္ထနည်းအားဖြင့် ၂-မျိုးရှိ၏။ ထိုတွင်-

ကိတ်ကြိယာကို အာချာတ်ကြိယာနှင့် တွဲ၍ ကောက်သော နည်းသည် သမ္မန္နာဝတ္ထနည်း မည်၏။ ပြယုဂ်ကား ဝန္ဒိတွာ ဝက္ခာမိ (ကစ္စည်း ကိတ်ပဏာမ)-စသည်တည်း။ ဤပြယုဂ်၌ ဝန္ဒိတွာ-ဟူသော ကိတ်ကြိယာကို ဝက္ခာမိ-ဟူသော အာချာတ်ကြိယာနှင့် တွဲ၍ ကောက်သောကြောင့် သမ္မန္နာဝတ္ထနည်း မည်၏။

အာချာတ်ကြိယာနှင့် မတွဲဘဲ ကိတ်ကြိယာတစ်ခုတည်းကိုသာ ကောက် သော နည်းသည် အသမ္မန္နာဝတ္ထနည်း မည်၏။ ပြယုဂ်ကား-ဝန္ဒိတွာ-စသည်တည်း။ ဤပြယုဂ်၌ ဝက္ခာမိ-ဟူသော အာချာတ်ကြိယာနှင့် မတွဲဘဲ ဝန္ဒိတွာ-ဟူသော ကိတ်ကြိယာ တစ်ခုတည်းကိုသာ ကောက်သောကြောင့် အသမ္မန္နာဝတ္ထနည်း မည်၏။

မှတ်ချက် ။ ။ "ကိတ်ကြိယာ" ဟု သာမန်ဆိုသော်လည်း ပုဗ္ဗကာလ ကိတ်ကြိယာ (ဝိသေသနကြိယာ-အပဓာနကြိယာ) ကိုသာ ယူ၊ "အာချာတ် ကြိယာ" ဟု ဆိုသော်လည်း အပရကာလကိတ်ကြိယာ (ဝိသေသျကိတ်ကြိယာ-ပဓာနကိတ်ကြိယာ) ကိုပါ ယူ [ဟုတွာ ဂတော (ပါရာဇိကဏ္ဍ အဋ္ဌကထာ ဗုဒ္ဓ ပဏာမ), ပစိတွာ သြဒနော ဘုတ္တော (ဘောဒနိက္ခန္ဓ)-စသည်ကို ပြယုဂ်ထုတ်]။ ထို့ကြောင့် အပိုအလိုမရှိ အတိအကျဖြစ်အောင် "ပုဗ္ဗကာလကြိယာကို အပရကာလကြိယာနှင့် တွဲ၍ ကောက်သော နည်းသည် သမ္မန္နာဝတ္ထနည်း မည်၏။ အပရကာလကြိယာနှင့် မတွဲဘဲ ပုဗ္ဗကာလကြိယာ တစ်ခုတည်းကိုသာ ကောက်သော နည်းသည် အသမ္မန္နာဝတ္ထနည်း မည်၏" ဟု မှတ်ပါ။

သမ္မန္နစိန္တာဂဏ္ဌိသစ်၌ "ဓာတွတ္ထသမ္မန္နာဝတ္ထိနည်း, ဓာတွတ္ထအသမ္မန္နာ-ဝတ္ထနည်း" ဟု ဓာတွတ္ထ-သဒ္ဒါပါ တွဲသုံးသည်။ "အာချာတ်ဓာတ်၏ အနက် နှင့် စပ်ခိုက်ရည်၍ ကောက်သော နည်းသည် ဓာတွတ္ထသမ္မန္နာဝတ္ထနည်း မည်၏။ အာချာတ်ဓာတ်၏ အနက်နှင့် မစပ်ခိုက် ရည်၍ ကောက်သော နည်းသည်

http://www.dhammadownload.com

ဓာတွတ္ထအသမ္မန္နာဝတ္ထနည်း မည်၏" ဟု ဆိုလိုသည်။ ။မဏိမဏ္ဍူနှင့် သမ္မန္နစိန္တာဂဏ္ဌိသစ်တို့ ကြည့်။

(တစ်နည်း) ပဓာနကြိယာ-ကို ကတ္တား, ကံစသော ပုဒ်များနှင့် တွဲ၍ ကောက်သော နည်းသည် သမ္မန္နာဝတ္ထနည်း မည်၏။ ပြယုဂ်ကား-အဟံ ဝက္ခာမိ-စသည်တည်း။ ကတ္တား, ကံ စသော ပုဒ်များနှင့် မတွဲဘဲ ပဓာနကြိယာ တစ်ခုတည်းကိုသာ ကောက်သော နည်းသည် အသမ္မန္နာဝတ္ထနည်း မည်၏။ ပြယုဂ်ကား ဝက္ခာမိ-စသည်တည်း။ ဤသို့လည်း အချို့ဆရာတို့ ဆိုကြကုန်၏။ သို့သော် ရှေ့နည်းသာ ယုတ္တတရ။

မှတ်ချက် ။ ။ ရှေးနည်းအလို ဤမေးခွန်း ဤဝါကျ၌ မမေးသင့်။ ရှေ့နည်းကား ပုဗ္ဗကာလကြိယာ ပါမှ ရသည်။ နောက်နည်းကား ပုဗ္ဗကာလကြိယာ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ရသည်။ ရှေ့နည်းအရာကျဉ်းသည်၊ နောက်နည်း အရာကျယ်သည်။ သို့သော်လည်း ရှေ့နည်းသာ ယုတ္တတရဖြစ်၍ ရှေ့နည်း မရရာ၌သာ နောက်နည်း သုံးသင့်သည်၊ သုံးပါ။ "လိုရင်းကောက်၍" ဟု သာမည မေးရာ၌ ပဓာနကြိယာကိုသာ ကောက်ပါ။]

---

၃ ။ ။ (ခ) အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသ

ဗျတိရေက (က) အမှတ်ပြဝါကျကိုသာ ဆိုသည်ရှိသော် အနွယ မရှိဟူသော အနက်အဓိပ္ပာယ်ရောက်ရကား (အနွယရှိက ဗျတိရေကရှိမြဲ၊ ဗျတိရေကရှိက အနွယရှိမြဲဖြစ်၍) ဗျတိရေက အနွယ ဆန့်ကျင်သော ဝိရောဓိ ဒေါသ ရောက်ရာသောကြောင့် (ခ) အမှတ်ပြဝါကျကို ကျမ်းဆရာ ရေးရကား ယင်း (ခ) အမှတ်ပြဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

မှတ်ချက် ။ ။ (ခ) အမှတ်ပြဝါကျ အနွယဝါကျ ဖြစ်သည်။

[အနွယဝါကျဖြင့် ပယ်အပ်သော ဒေါသ ။ ။ အနွယဝါကျဖြင့် ဝိရောဓိ ဒေါသကို ပယ်သည်။

ကျက်ဖွယ် ။ ။**ဗျတိရေက၊ အနွယ၊ ဒေါသဝိရောတင်။]**

(ဂ) အမှတ်ပြဝါကျ၌ "ဝုစ္စတိ" ဟု ထားရပုံ ။ ။ ဝိညတ်၏ အဖြစ် (ဝိညတ်မည်ရာ) ၌ သကတ် (အကြောင်း) ကို ပြလို၍ (ဂ) အမှတ်ပြဝါကျ၌ "ဝုစ္စတိ" ဟု ထားရပါသည်။

http://www.dhammadownload.com

မှတ်ချက် ။ ။ "ဥပစာကို ပြလို၍ ထားသည်" ဟုလည်း ဆိုကြသည်။ စဉ်းစားပါ။

[ဝုစ္စတိ-သဒ္ဒါထားရခြင်း အကြောင်း ။ ။ သကတ်ကိုပြလို၍ လည်းကောင်း, အဖြေဝိသဇ္ဇနာကို ပြလို၍လည်းကောင်း, ဥပစာကို ပြလို၍လည်းကောင်း, အာသင်္ကာကို ပြလို၍လည်းကောင်း ကျမ်းဆရာတို့သည် ဝုစ္စတိ-သဒ္ဒါကို ထားကြကုန်၏။

ကျက် ။ ။ **သကတ်တစ်ထွေ၊ အဖြေ, ဥပစာ၊ အာသင်္ကာ၊ ထားရာ ဝုစ္စတိ။** (ရွှေရေးဆောင်နိယ်၊ ၁၂၈။)

မှတ်ချက် ။ ။ နိယ်၌ ဝုစ္စတိ-ဆိုသည်ကား ဥပလက္ခဏမျှသာ၊ ဝုစ္စန္တိ, ဝုစ္စတေ, ဝုစ္စန္တေ-ဟူသော ကမ္မဝါစကကြိယာပုဒ်တို့ကိုလည်း ယူအပ်ကုန်၏။]

---

၄ ။ ။ **ဝစနတ္ထ** ။ ။ ဝါယတိ ဂစ္ဆတီတိ ဝါယော။

ဗျုပ္ပတ္တာဒိစတုက္က

အဘိဓာန်ဋီကာ အလိုအားဖြင့်-

၁ ။ ။ ဝါ-ဟူသော, ယော-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂ ။ ။ ဝါ-ဓာတ်, ဏ-ပစ္စည်းသည်လည်းကောင်း, အစိတ် ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သောသွားခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃ ။ ။ ဝါယော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄ ။ ။ အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော သွားခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဘောဒစိန္တာဒီပနီ အလိုအားဖြင့်-

၁ ။ ။ ဝါယတိ ဂစ္ဆတီတိ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂ ။ ။ တူ၏။

http://www.dhammadownload.com

၃ ။ ။ ဝါယော-ဟူသော နိပ္ပန္နသည် ပဝတ္တိ။

၄ ။ ။ တူ၏။

မှတ်ချက် ။ ။ ဤဝစနတ္ထကား ဝါယနကံဝသေန ဝါယော-ဟူသော ဤအဋ္ဌကထာ (၃၇၄) နှင့် အညီ ပြုသော ဝစနတ္ထ ဖြစ်သည်။ "ဝါယတိ (ဘူတသင်္ခါတေ) ပါပေတီတိ ဝါယော" ဟု ဟေတုကတ္တုသာဓနလည်း ဤကာကျော် (၁၉၇) အလိုအားဖြင့် ပြုနိုင်သည်သာ။

---

၅ ။ ။ လိင်္ဂါဒိဝိဘာဂ

အနိစ္စာဒိ-ကား ပုလ္လိင်္ဂ်, ရတ္တာဒိဂဏ, သမာသနာမပဒ, ဣကာရန္တ ဖြစ်ပါသည်။

ဝါယော-ကား ပုလ္လိင်္ဂ်, မနောဂဏာဒိဂဏ, ကိတသုဒ္ဓနာမပဒ, အကာရန္တ ဖြစ်ပါသည်။

---

၆ ။ ။ (ခ) (ဂ) အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

(ခ) အမှတ်ပြဝါကျသံဝဏ္ဏနာပါဠိဖြင့် ဝိညတ္တိ-အရ တကွဖြစ်ဘက် ရူပကာယကို ခိုင်ခဲ့စေခြင်း, ကောင်းစွာဆောင်ခြင်း, လှုပ်ရှားစေခြင်းငှာ ခိုင်ခဲ့ စေခြင်း, လှုပ်ရှားစေခြင်းတို့၌ စိတ္တဇဝါယောဓာတ်၏ အထောက်အပံ့ဖြစ်ခြင်းငှာ စွမ်းနိုင်သော စိတ္တဇမဟာဘုတ်တို့၏ တစ်ခုသော အမူအရာ အထူးကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ။

(ဂ) အမှတ်ပြဝါကျ သံဝဏ္ဏနာပါဠိဖြင့် ဝိညတ်၏ အဋ္ဌကလာပ်ရုပ်တို့ ကဲ့သို့ ပရမတ္ထအားဖြင့် မရှိသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည် (ဤကား)။ ဘာဝတ္ထသံဝဏ္ဏနာ။

---

၇ ။ ။ ပန-ပုဒ်၏ အနက် ။ ။ (ခ) အမှတ်ပြဝါကျလာ ပန-ပုဒ်၏ အနက်ကား အနွယ ဖြစ်ပါသည်။ (ဃ) အမှတ်ပြဝါကျလာ ပန-ပုဒ်၏ အနက်ကား သမ္ဘာဝနာ (စပ်ရာပုဒ်ကို ကြည့်ဆိုသည်။) ဖြစ်ပါသည်။ (ဇ) အမှတ်ပြ ဝါကျလာ ပန-ပုဒ်၏ အနက်ကား ဝါကျာရမ္ဘ ဖြစ်ပါသည်။

http://www.dhammadownload.com

ပိ-ပုဒ်၏ အနက် ။ ။ ပိ-ပုဒ်၏ အနက်ကား သမ္ပိဏ္ဍန ဖြစ်ပါသည်။

နု-ပုဒ်၏ အနက် ။ ။ (က) (ဂ) အမှတ်ပြဝါကျလာ နု-ပုဒ်၏အနက်ကား ပဋိသေဓန ဖြစ်ပါသည်။

---

၈ ။ ။ ကြိယာ ၅-တန်

၁ ။ ။ အမူအရာအထူး (အာကာရဝိကာရ) သည် (မုချအားဖြင့်ပြအပ်သော) ဒဿနတ္ထ။

၂ ။ ။ စိတ္တဇမဟာဘုတ်တို့သည် (ပဌမဖလူပစာရအားဖြင့် ပြအပ်သော) ဒီပကတ္ထ။

၃ ။ ။ စိတ်၏အလိုဆန္ဒ အကြံအစည်ကို သိခြင်းသည် (ပဌမကာရဏူပစာရအားဖြင့် ပြအပ်သော) ပကာသနတ္ထ။

၄ ။ ။ စိတ်သည် (ဒုတိယ ဖလူပစာရအားဖြင့် ပြအပ်သော) ဝိဘာဝတ္ထ။

၅ ။ ။ အလိုရှိအပ်သော အကျိုး၏ ပြည့်စုံခြင်းသည် (ဒုတိယကာရဏူပစာရအားဖြင့် ပြအပ်သော) အနဘာဝတ္ထ။

---

၉ ။ ။ ရူပဿ ဇရတာ-၏ လက္ခဏာဒီစတုက္က

ရူပပရိပါကလက္ခဏာ ရူပဿ ဇရတာ၊
ဥပနယနရသာ၊
သဘာဝါနပဂမေပိ နဝဘာဝါပဂမပစ္စုပဋ္ဌာနာ၊
ပရိပစ္စမာနရူပပဒဋ္ဌာနာ။ (ဋ္ဌ။ ၃၆၅။)

---

၁၀ ။ ။ အရကောက်နှင့်ပဋ္ဌာန်းပစ္စည်း

စိတ္တသမုဋ္ဌာနာယ-ပုဒ်၌ စိတ္တ-အရ စိတ်, စိတ္တသမုဋ္ဌာနာယ-အရ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ရပါသည်။

စိတ္တ-အရ စိတ်တရားက စိတ္တသမုဋ္ဌာနာယ-အရ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကား အဓိပတိ,

http://www.dhammadownload.com

သဟဇာတ, နိဿယ, အာဟာရ, ဣန္ဒြိယ, ဈာနင်္ဂတ္တ, အတ္ထိ, အဝိဂတ ၈-ပစ္စယသတ္တိတို့ ဖြစ်ပါသည်။

၁၃၃၂-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာအမှတ် (၁) မေးခွန်း

၁ ။ ။ ယော တသ္မိံ သမယေ အဒေါသော အဒုဿနာ အဒုဿိတတ္တံ အဗျာပါဒေါ အဗျာပဇ္ဇော အဒေါသော ကုသလမူလံ။ အယံ တသ္မိံ သမယေ အဗျာပါဒေါ ဟောတိ-ကို အနက်ယောဇနာပါ။

၂ ။ ။ ယံ အာပေါ အာပေါဂတံ သိနေဟော သိနေဟဂတံ ဗန္ဓနတ္တံ ရူပဿ။ ဣဒံ တံ ရူပံ အာပေါဓာတု-ကို အနက်ယောဇနာပါ။

၃ ။ ။ ရူပါယတနံ ဒိဋ္ဌံ သဒ္ဒါယတနံ သုတံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မုတံ သဗ္ဗံ ရူပံ မနသာ ဝိညာတံ ရူပံ-ကို အနက်ယောဇနာပါ။

၄ ။ ။ ပဥ္စ ကမ္မာနိ အာနန္တရိကာနိ ယာ စ မိစ္ဆာ ဒိဋ္ဌိနိယတာ။ ဣမေ ဓမ္မာ မိစ္ဆတ္တနိယတာ-ကို အနက်ယောဇနာပါ။

၅ ။ ။ ဒွါသီတိ ဗုဒ္ဓတော ဂဏှိ၊ ဒွေ သဟဿာနိ ဘိက္ခုတော။ စတုရာသီတိ သဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော-ကို ဘိက္ခု-အရ ထင်စေလျက် အနက်ယောဇနာပါ။

၆ ။ ။ နိဗ္ဗာန် ဒိသ္သာပိ ကတ္တုဗ္ဗဿ ကိလေသပ္ပဟာနဿာဘာဝါ နံ "ဒဿန" န္တိ ဝုစ္စတိ-ကို ကဲ့ပုဒ်ထည့်၍ အနက်ယောဇနာပါ။

၇ ။ ။ အယဉ္စိ တတ္ထ တတ္ထ "တိဏ္ဏံ သင်္ဂတိ ဖဿော" တိ ဧဝံ ကာရဏသဿဝသေန ပဝေဒိတော-ကို အယံ-၏ အစွဲထင်စေလျက် အနက်ယောဇနာပါ။

၈ ။ ။ ယဿ ဥပ္ပဇ္ဇတိ။ တံ အတ္တဟိတပဋိပတ္တိယံ, သမ္မယုတ္တဓမ္မေ စ ယာတာဝ လက္ခဏပဋိဝေဓေ ပရိနေတိတိ ပရိဏာယိကာ-ကို အနက်ယောဇနာပါ။

၉ ။ ။ ယံ ပန အဝိုတေ သုပ္ပမတ္တေ ဝါ သရာဝမတ္တေ ဝါ အာရမ္မဏေ ပဝတ္တံ၊ တံ ပရိက္ခံ အာရမ္မဏံ အဿာတိ ပရိတ္တာရမ္မဏံ-ကို သဗ္ဗနာမ်ပုဒ်တို့၏ အစွဲထင်စေလျက် အနက်ယောဇနာပါ။

http://www.dhammadownload.com

၁၀ ။ ။ ဘူမိတော ဝုဋ္ဌိတာ ယာဝ၊ ဗြဟ္မလောကာ ဝိဓာဝတိ။
အစ္ခိ အစ္ခိမတော လောကေ၊ ဒယ့်မာနမ့်ိ တေဇသော-
ကို အနက် ယောဇနာပါ။

၁၃၂၂-ခုနှစ် မြန်မာစာရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ [ပါ။ ၂၃။ ပါ၊ သျှ။ ၅၅။]

---

၂ ။ ။ [ပါ။ ၁၇၈။ ပါ၊ သျှ။ ၂၈၇ ။ ။ ၁၃၂၃-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၃ ။ ။ [ပါ။ ၂၀၁။ ပါ၊ သျှ။ ၃၀၆။]

---

၄ ။ ။ [ပါ။ ၂၁၁။ ပါ၊ သျှ။ ၃၃၅။]

---

၅ ။ ။ [သျှ အတိုင်း ယောဇနာ ။ ။ ဋ္ဌ။ ၂၇။ ဋ္ဌ၊ သျှ။ ၁။ ၁၀၅။]

---

၆ ။ ။ [သျှ အတိုင်း ယောဇနာ ။ ။ ဋ္ဌ။ ၈၆။ ဋ္ဌ၊ သျှ၊ ၁။ ၃၀၀။]

---

၇ ။ ။ [သျှ အတိုင်း ယောဇနာ ။ ။ ဋ္ဌ။ ၁၅၂။ ဋ္ဌ၊ သျှ၊ ၂။ ၁၄။]

---

၈ ။ ။ [ဋ္ဌ။ ၁၉၂။ ဋ္ဌ၊ သျှ၊ ၂။ ၁၇၇။]

---

၉ ။ ။ [သျှအတိုင်း ယောဇနာ ။ ။ ဋ္ဌ။ ၂၂၉။ ဋ္ဌ၊ သျှ၊ ၂။ ၃၂၈။]

---

၁၀ ။ ။ [ဋ္ဌ။ ၃၃၈။ ဋ္ဌ၊ သျှ၊ ၃။ ၁၆၅။]

---

http://www.dhammadownload.com

၁၃၃၂-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေခွန်း

(က) ဘူရီတိ ပထဝိယာ နာမံ။

(ခ) အယမ္ပိ သဏ္ဌေန, ဝိတ္တဋ္ဌေန စ ဘူရီ ဝိယာတိ ဘူရီ။

(ဂ) တေန ဝုတ္တံ "ဘူရီ ဝုစ္စတိ ပထဝီ၊ တာယ ပထဝီသမာယ ဝိတ္ထဋာယ ဝိပုလာယ ပညာယ သမန္နာဂတောတိ ဘူရိ-ပညော"တိ။

(ဃ) အပိစ ပညာယ ဧတံ အဓိဝစနံ ဘူရီတိ။

(င) ဘူတေ အတ္ထေ ရမတိတိပိ ဘူရိ။

၁ ။ ။ (ဂ) အမှတ်ပြဝါကျကို အနက်အားဖြင့် အာကာရအပြင်ထုတ်လျက် ယောဇနာပါ။

၂ ။ ။ (ခ) ဝါကျကို ပါပနာဒိကျမ်းရိုး ၅-ချက် တက်ခဲ့ပါ။

၃ ။ ။ (ဂ) ဝါကျ၌ အဘယ်ကိုပြလို၍ တေန ဝုတ္တံ-သဒ္ဒါကိုထားသည်ကိုပြ၍ (ဃ) ဝါကျ၌ အကြောင်း, အကျိုး, သဒ္ဒါ, အနက်တို့တွင် အဘယ်ကို ပြောင်းလဲလို၍ အပိစ-သဒ္ဒါကို ဆိုပါသနည်း။

၄ ။ ။ ဘူရိပညော-ကို အစိတ်, အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဗျုပ္ပတ္တိစတုက္က ထုတ်ပြပါ။

၅ ။ ။ (က) ဝါကျရှိ ပုဒ်တို့၏ လိင်, ဂဏ, ပဒ, အန္တတို့ကို စိစစ်ပြပါ။

၆ ။ ။ (င) ဝါကျ၌ အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာ အမည်တို့ကို ဖော်ပြပါ။

၇ ။ ။ (ဂ) ဝါကျ၌ တ-သဒ္ဒါ၏ အစွဲကို ဖော်ပြ၍ (ခ) ဝါကျရှိ ဝိယ-သဒ္ဒါ၏ အနက်ကိုလည်း ဖော်ပြပါ။

၈ ။ ။ (ခ) ဝါကျ၌ ဘူရီ-အရကို ကြိယာ ၅-တန် ထုတ်ပြပါ။

၉ ။ ။ (က) ဝါကျ၌ ဘူရီ-အရကို လက္ခဏာဒိစတုက္က ထုတ်ပြပါ။

၁၀ ။ ။ ပထဝီ-အရ ပစ္စည်းတရားသည် ဝုစ္စတိ-အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြပါ။

http://www.dhammadownload.com

၁၃၃၂-စုနှစ် မဇ္ဈိမနိကာယတန်း
မဇ္ဈိမဂဏ္ဌိ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁ ။ ။ (ဂ) အမှတ်ပြု ဝါကျအာကာရ အပြင်ထုတ်လျက်အနက်ယောဇနာ

တေန၊ ထို့ကြောင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ (ကိံ၊ အံဘယ်သို့။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီးသနည်း။) ပထဝီ၊ မြေကြီးကို။ ဘူရိ၊ "ဘူရိ" ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပထဝီ သမာယ၊ မြေကြီးနှင့် တူသော။ ဝိတ္ထဋသာယ၊ ပျံ့နှံ့ကြီးကျယ်သော။ ဝိပုလာယ၊ ပြန့်ပြောသော။ တာယ ပညာယ၊ ထိုပညာနှင့်။ သမန္နဂတော၊ ပြည့်စုံသည်တည်း။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဘူရိပညော၊ ဘူရိပညမည်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီးသတည်း။ [ဋ္ဌ။ ၁၉၁။ ဋ္ဌ၊ သျ၊ ၂။ ၁၇၆။]

---

၂ ။ ။ (ခ) အမှတ်ပြဝါကျ ပါပနာဒီကျမ်းရိုး ၅-ချက်တက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) အမှတ်ပြဝါကျဖြင့် "မြေသည် ဘူရီမည်၏" ဟု ဆိုတော်မူ၏ (ဋ္ဌပနာ)။ ယင်းသို့သော ဆိုသည်ရှိသော် မြေသာ ဘူရီ မည်၍ ပညာသည် ဘူရီမမည် ဟူသောအနက်သည် ရောက်၏ (အနုလောမပါပနာ)။ စင်စစ်တမူကား၊ ပညာလည်း ဘူရီမည်၏ (ပဋိလောမပါပနာ)။ ထိုသို့မည်သောကြောင့် "ပညာလည်း ဘူရီ မည်၏" ဟု ဆိုသင့်၏ (အနုလောမရောပနာ)။ ."မြေသာ ဘူရီ မည်၏" ဟု မဆိုသင့် (ပဋိလောမရောပနာ)။ မဆိုသင့်ဘဲလျက် ဆိုချေသော် ဆရာ၌ အဗျာပိတဒေါသ ရောက်ခဲ့ရာ၏ (ဒေါသာရောပန)။ အဘယ်သို့ မှတ်ရအံ့နည်း (စောဒနာ)။ ဤသို့စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပာယ်ကား ။ ။ (ခ) အမှတ်ပြဝါကျဖြင့် "ပညာလည်း ဘူရီမည်၏" ဟု ပြဆိုသောကြောင့် သင်တင်တိုင်းသော အဗျာပိတဒေါသ ငါ၌ မရောက်ဟူလိုသော်။

---

၃ ။ ။ (ဂ) အမှတ်ပြဝါကျ၌တေနဝုတ္တံ-သဒ္ဒါထားရခြင်းအကြောင်း

ဉာပက, သာဓက, အာဂမဒဋ္ဌိကရဏကို ပြလို၍ (ဂ) အမှတ်ပြဝါကျ၌

http://www.dhammadownload.com

တေန ဝုတ္တံ-သဒ္ဒါ ထားပါသည်။

[တေန ဝုတ္တံ-စသော သဒ္ဒါတို့ ထားရခြင်း အကြောင်း ။ ။ လဒ္ဓဂုဏ် ကို ပြလို၍ လည်းကောင်း, ဉာပက, သာဓက, အာဂမဒဋ္ဌကရဏကို ပြလို၍ လည်းကောင်း ကျမ်းဆရာတို့သည် တေန ဝုတ္တံ-စသော သဒ္ဒါတို့ကို ထားကြကုန်၏။

ကျက် ။ ။ တေန ဝုစ္စတိ၊ ဟူ၍ရှိက၊ လဒ္ဓဂုဏ်ပါ၊ သာဓကာ၊ ညီရာ ရှေ့နောက်ပြ။ (ရွှေရေးဆောင်နိယ်။ ၃၂၇။)
တေနေတံ ဝုစ္စတိ၊ ပါဠိတွေ့ကြုံ၊ လဒ္ဓဂုဏ်လည်းပြ၊ သာဓက။ (တွင်းကြီးနိယ်။ ၉၈။)
တေနဝုစ္စတိ၊ ရှိသည့်ပါဠိပုဒ်၊ ထုတ်၍ပြသော်၊ လဒ္ဓဂုဏ၊ သာဓက၊ ညီမျှကျမ်းဂန်ညီ။ (တောင်တွင်းနိယ်။ ၁၀၁။)

မှတ်ချက် ။ ။ တောင်တွင်းအလို သံဝဏ္ဏနာ, သံဝဏ္ဏေတဗ္ဗဟူသော ကျမ်းညီခြင်းကို ပြလို၍လည်း "ထားသည်" ဟုမှတ်ပါ ။ ။ နိယ်တို့၌ တေန ဝုတ္တံ, တေန ဒေသိတံ-စသည်ကိုလည်း ယူ။]

(ဃ) အမှတ်ပြဝါကျ၌ အဝိစ-သဒ္ဒါ ဆိုရခြင်းအကြောင်း

ဥပမာတဒ္ဓိတ် (မုချတ္ထ) အားဖြင့် ပညာသည် ဘူရီမည်၏-ဟူသော (အဓိပ္ပာယ်) အနက်မှတစ်ပါး အထင်ရှဋ္ဌ (ဥပစာရတ္ထ) အားဖြင့် ပညာသည် ဘူရီမည်၏-ဟူသော (အဓိပ္ပာယ်) အနက်ကို ပြောင်းလဲပြလို၍ (ဃ) အမှတ်ပြဝါကျ၌ အဝိစ-သဒ္ဒါကို ဆိုပါသည်။

မှတ်ချက် ။ ။ (ဃ) အမှတ်ပြ ဝါကျ အလို ပညာသည် အထင်ရှဋ္ဌ အားဖြင့် ဘူရီ မည်သည်။

---

၄ ။ ။ အစိတ်ဝစနတ္ထ ။ ။ ဘဝန္တီ ဇတ္ထာတိ ဘူရီ၊ ဘဝတိ ဝါ ပညာယတိ ဝမုတီစာတိ ဘူရီ၊ အထ ဝါ ဘူတာဘူတာ တန္နိဿိတာ သတ္တာ ရမန္တီ ဇတ္ထာတိ ဘူရီ။ (သဒ္ဒနီတိ ပဒမာလာ၊ ၁၁၀။) ဘူရီ ဝိယာတိ ဘူရီ။ (မဟာနိဒ္ဒေသ အဋ္ဌကထာ။ ၁၉၉။)

ပဇာနာတီတိ ပညာ၊ ပညာပေတီတိ ဝါ ပညာ၊ ပကာရေန ဝါ ဇာနာတီတိ ပညာ။ (အဋ္ဌကထာ။ ၁၆၅။ ၁၉၁။) (တစ်နည်း) ပညာယတေ ဇောယာတိ ပညာ။ (အဘိဓာန်ဋီကာ။ ၁၅၂။)

http://www.dhammadownload.com

အပေါင်းဝစနတ္ထ ။ ။ ဘူရီ ပညာ ယဿာတိ ဘူရိပညော။

ဗျုပ္ပတ္တိစတုက္က

အဘိဓာန်ဋီကာ အလိုအားဖြင့်-

၁ ။ ။ ဘူ-ဟူသော, ရိ-ဟူသော, ပ-ဟူသော, ညော-ဟူသော အစိတ် အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂ ။ ။ ဘူရီ-ပုဒ်, ပညာ-ပုဒ်, ယ-ပုဒ်သည်လည်းကောင်း, မြေကြီးနှင့် တူသော ပညာ၏ ပညာရှိနှင့် ဌာနီဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်း ကောင်း ဗျုပ္ပတ္တိနိမိတ်။

၃ ။ ။ ဘူရိပညော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄ ။ ။ မြေကြီးနှင့် တူသော ပညာဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဘေဒစိန္တာဒီပနီ အလိုအားဖြင့်-

၁ ။ ။ ဘူရီ ပညာ ယဿဇတိ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂ ။ ။ တူ၏။

၃ ။ ။ ဘူရိပညော-ဟူသော နိပ္ဖန္နသည် ပဝံတ္တိ။

၄ ။ ။ တူ၏။

[ဘူရိ-ဒ္ဒ ဝိဂ္ဂဟ တစ်မျိုး ။ ။ ဘူရိ သဒ္ဒဿ ပထဝိဝစနေ "ဘူရိပညော" တိ အတ္ထသာဓကံ ဝစနံ (သဒ္ဒနီတိ ပဒမာလာ။ ၁၁၀။)-ကို ထောက်သော် (ဘူရိ-သဒ္ဒါ မြေဟောဖြစ်၍) အစိတ်ဝစနတ္ထပြုရာ၌ ဥပမာတဒ္ဓိတ်မဆင့်ဘဲ "ဘူရိ ဝိယ ပညာ ယဿာတိ ဘူရိပညော" ဟု ဥပမာ ပုဗ္ဗပဒဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ လည်း ပြုနိုင်သည်သာ။ ။ ဘူ ရိ ဝုစ္စတိ။ ပ။ ဘူရိပညောသည် မဟာနိဒ္ဒေသ ပါဠိတော် (၇၃) ဖြစ်သည်။]

---

၅ ။ ။ လိင်္ဂါဒိဝိဘာဂ

ဘူရီ-ကား ဣတ္ထိလိင်္ဂ, နဒါဒိဂဏ, ကိတသဒ္ဒနာမပဒ, ဥ၌ကာရန္တ ဖြစ်ပါသည်။

ဣတိ-ကား အလိင်္ဂ, ဂဏဝိမုတ္တ, နိပါတပဒ, ဣကာရန္တ ဖြစ်ပါသည်။

ပထဝိယာ-ကား ဣတ္ထိလိင်္ဂ, နဒါဒိဂဏ, ကိတသဒ္ဒနာမပဒ, ဥ၌ကာရန္တ ဖြစ်ပါသည်။

http://www.dhammadownload.com

နာမ်-ကား နပုံသကလိင်, စိတ္တာဒိဂဏ, ကိတသုဒ္ဓနာမပဒ, အကာရန္တ ဖြစ်ပါသည်။

---

၆ ။ ။ (c) အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

ဘူတေ ရမတိတိ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ဘူရီ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ဘူတသဒ္ဒူပပဒ ရမု-ဓာတ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတုပဒသံဝဏ္ဏနာ။ ကွိ-ပစ္စည်း၏ ကတ္တာအနက်ဟောဇ်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထ သံဝဏ္ဏနာ။ ဘူရီ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ကိတန္တ တပ္ပုရိသ်သမာသ်ပုဒ်၏ အဖြစ်, ယင်း ကိတန္တ တပ္ပုရိသ်သမာသ်ပုဒ်၏ အာဓာရ အနက်ဟောဇ်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တစ်နည်း) ဘူရီ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဘူတေ ရမတိတိ ဘူရီ" ဟု ကိတန္တ သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ "ဘူတရီ" ဟု ဆိုလိုလျက် တ-ကို ချေ၍ "ဘူရီ" ဟု နေသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။။။

မှတ်ချက် ။ ။ ဘူရီ-၌ ဘူတ-သဒ္ဒူပပဒ ရမု-ဓာတ်, ကွိ-ပစ္စည်း, ဣတ္တိ ဧတေတက ဤ-ပစ္စည်း။

အတ္ထေ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ဘူတ-အရ အတ္ထကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထ သံဝဏ္ဏနာ။

ဝိ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပညာသည် ဥပမာတဒ္ဓိတ်နှင့် ရုဠှီအား ဖြင့်သာ ဘူရီ မည်သည် မဟုတ်, ကိတန္တ သတ္တမီတပ္ပုရိသ်သမာသ်အား ဖြင့်လည်း ဘူရီ မည်သေးသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

---

၇ ။ ။ (ဂ) အမှတ်ပြဝါကျ၌ တ-သဒ္ဒါ၏ အစွဲ ။ ။ (ဂ) အမှတ်ပြဝါကျ၌ တ-သဒ္ဒါ၏အစွဲကား ဘူရီမည်သည်၏အဖြစ်ဟူသောအနက်ဖြစ်ပါသည်။

(ခ) အမှတ်ပြဝါကျ၌ ဝိယ-သဒ္ဒါ၏ အနက် ။ ။ (ခ) အမှတ်ပြဝါကျ၌

http://www.dhammadownload.com

ဝိယ-သဒ္ဒါ၏ အနက်ကား ဥပမာအနက် (ပဋိဘာဂတ္ထ) ဖြစ်ပါသည်။

---

၈ ။ ။ ကြိယာ ၅-တန်

၁ ။ ။ (ခ) အမှတ်ပြဝါကျ၌ ဘူရီ-အရဖြစ်သော ပညာသည် (မုချ အားဖြင့် ပြအပ်သော) ဒဿနတ္ထ။

၂ ။ ။ ယောနိသောမနသိကာရသည် (ပဌမ ဖလူပစာရအားဖြင့် ပြအပ် သော) ဒီပကတ္ထ။

၃ ။ ။ အာရုံ၌ မတွေဝေခြင်းသည် (ပဌမကာရဏူပစာရအားဖြင့် ပြအပ် သော) ပကာသနတ္ထ။

၄ ။ ။ သဒ္ဓမ္မသဝန, သပ္ပုရိသူပနိဿယ စသည်သည် (ဒုတိယဖလူပစာရ အားဖြင့် ပြအပ်သော) ဝိဘာဝတ္ထ။

၅ ။ ။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ အစ အနုပါဒိသေသနိဗ္ဗာန်တိုင် အောင်သော အကျိုးသည် (ဒုတိယကာရဏူပစာရအားဖြင့် ပြအပ်သော) အနုဘာဝတ္ထ။

---

၉ ။ ။ (က) အမှတ်ပြဝါကျ ဘူရီ-အရ ဖြစ်သော ပထဝီဓာတ်၏ လက္ခဏာဒီ စတုက္က

ကက္ခဋတ္တလက္ခဏာ ပထဝီဓာတု၊ ပရိပါစနရသာ။

မဒ္ဒဝါနုပ္ပဒါနုပစ္စုပဋ္ဌာနာ၊ သေသတ္တယပဒဋ္ဌာနာ။ (ဋ္ဌ။ ၃၆၈။)

[ဘူရီ-အရ မှတ်ချက် ။ ။ ဘူရီ-အရ "မြေကြီး" ဟု ခေါ်ဝေါ် ပညတ် သမုတ်အပ်သော အဋ္ဌကထာပ်ရပ် ၈-ခု ရသော်လည်း ပဓာနဖြစ်သော ပထဝီ ဓာတ်ကိုသာ (ထုတ်ဖြစ်အောင်) ယူထုတ်သည်။ ဘူရီ-အရ ရုပ် ၈-ပါးဖြစ်သော ကြောင့် မေးခွန်း စကားကျန်သည်။]

---

၁၀ ။ ။ ပဌာန်းပစ္စည်း

ပထဝီ-အရ သုံးပါး, တစ်ပါး, နှစ်ပါးသော မဟာဘုတ်ပစ္စည်း တရား သည် ဝုစ္စတိ (ပုဒ်လုံး)-အရ တစ်ပါး, သုံးပါး, နှစ်ပါးသော မဟာဘုတ် ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကား သဟဇာတ,

http://www.dhammadownload.com

အညမည, နိဿယ, အတ္ထိ, အဝိဂတ ၅-ပစ္စယသတ္တိတို့ ဖြစ်ပါသည်။

ပထဝီ-အရ မဟာဘုတ်လေးပါး ပစ္စည်းတရားသည် ဝုစ္စတိ (ပုဒ်လုံး)-အရ ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ-ဟူသော ဥပါဒါရုပ် ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကား သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ၄-ပစ္စယသတ္တိတို့ ဖြစ်ပါသည်။

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဃိ ပါဠို, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

---

၁ ။ ။ ယော တသ္မိံ သမယေ တက္ကော ဝိတက္ကော သင်္ကပ္ပေါ အပ္ပနာ ဗျပ္ပနာ စေတသော အဘိနိရောပနာ သမ္မာသင်္ကပ္ပေါ ။ အယံ တသ္မိံ သမယေ သမ္မာသင်္ကပ္ပေါ ဟောတိ-ကို အနက်ယောဇနာပါ။

၂ ။ ။ ယာ ရူပဿ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော။ ဣဒံ တံ ရူပံ ရူပဿ ဇရတာ-ကို အနက်ယောဇနာခဲ့ပါ။

၃ ။ ။ ယံ ဖောဋ္ဌဗ္ဗံ အနိဒဿနံ သပ္ပဋိဃံ ကာယေန အနိဒဿနေန သပ္ပဋိဃေန ဖုသိ ဝါ ဖုသတိ ဝါ ဖုသိဿတိ ဝါ ဖုသေ ဝါ-ကို ကတ္တား ထည့်စွက်၍ အနက်ပေးခဲ့ပါ။

၄ ။ ။ ယေ စ ဓမ္မာ ကိရိယာ နေဝ ကုသလာ နာကုသလာ နော စ ကမ္မဝိပါကာ သဗ္ဗေ ရူပံ အသန်တာ စ ဓာတု။ ဣမေ ဓမ္မာ အဗျာကတာ-ကို အနက်ယောဇနာခဲ့ပါ။

၅ ။ ။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယော၀ ဩဘာသယမန္တလိက္ခံ-

ဟူသော ဂါထာကို အနက် ယောဇနာပါ။

၆ ။ ။ သာ ဟိ သုခဒုက္ခာကာရပ္ပဝတ္တိ ဥပေက္ခတိ, မဇ္ဈတ္တာကာရ သဏ္ဌိတတ္တာ တေနာကာရေန ပဝတ္တတိတိ ဥပေက္ခာ-ကို သာ-၏ အစွဲကို

http://www.dhammadownload.com

ထင်စေလျက် အနက်ပေးပါ။

၇ ။ ။ ကုတိ ဟေဋ္ဌာ ဝုတ္တမေဝေတံ ဓမ္မဒ္ဓယံ ပုနံ ကုမသို့ ဌာနေ ဥပကာရဝသေန ဂဟိတံ-ကို ကတ္တားထည့်၍ အနက်ပေးခဲ့ပါ။

၈ ။ ။ ယထာ ဟိ ဓနိနော ဓနံ ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိ၊ ဇဝံ ပိတိမတောပိ ပိတိံ ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိ။ တသ္မာ "ဝိတ္တိ" တိ ဝုတ္တာ-ကို ကံပုဒ်ထည့်၍ အနက်ယောဇနာပါ။

၉ ။ ။ ယော ပန ဝိပဿနာယ အကတာဓိကာရော ဟောတိ၊ တဿ ဒန္ဓာ အဘိညာ ဟောတိ၊ ကတာ ဓိကာရဿ ဒိပွါ-ကို အနက်ယောဇနာခဲ့ပါ။

၁၀ ။ ။ ယထာ ဝါ ဂိရိမာရုဠ္ဟော၊ အတ္တနောယေဝ ဇဏ္ဏုကံ။
သြလုဗ္ဘတိ တထေဝေတံ၊ စျာနမောလုဗ္ဘ ဝတ္တတိ-
ဟူသော ဂါထာကို အနက်ယောဇနာခဲ့ပါ။

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ [ပါ။ ၂၀။ ပါ၊ သျှ။ ၄၆။]

---

၂ ။ ။ [ပါ။ ၁၆၉။ ပါ၊ သျှ။ ၂၇၀။]

---

၃ ။ ။ [ပါ။ ၁၇၀။ ပါ၊ သျှ။ ၂၇၃။]

---

၄ ။ ။ [ပါ။ ၂၀၅။ ပါ၊ သျှ။ ၃၁၇။]

---

၅ ။ ။ [ဋ္ဌ။ ၁၈။ ဋ္ဌ၊ သျှ၊ ၁။ ၇၁။]

---

http://www.dhammadownload.com

၆ ။ ။ [သျ အတိုင်းပေး ။ ။ ဋ္ဌ။ ၈၅။ ဋ္ဌ၊ သျ၊ ၁။ ၂၉၉။]

---

၇ ။ ။ ["ဘဂဝတာ" ဟု ကတ္တားထည့်၍ သျ အတိုင်းပေး ။ ။ ဋ္ဌ။ ၁၇၅။ ဋ္ဌ၊ သျ၊ ၂။ ၁၀၆။]

---

၈ ။ ။ [သျ အတိုင်း ယောဇနာ ။ ။ ဋ္ဌ။ ၁၈၇။ ဋ္ဌ၊ သျ၊ ၂။ ၁၅၉။ ၁၃၂၂-ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၉ ။ ။ [ဋ္ဌ။ ၂၂၈။ ဋ္ဌ၊ သျ၊ ၂။ ၃၂၃။]

---

၁၀ ။ ။ [ဋ္ဌ။ ၂၅၆။ ဋ္ဌ၊ သျ၊ ၂။ ၄၄၈။]

၁၃၃၃-ခုနှစ် မဟာစရိယတန်း
မဟာသင်္ကြိ ပါဠိ၊ အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ကမ္မကိလေသေဟိ အာစိယတိတိ အာစယော။

(ခ) ပဋိသန္ဓိစုတိဂတိပဝတ္တာနံ ဇတေ နာမံ။

(ဂ) တဿ ကာရဏံ ဟုတွာ နိပ္ပါဒနဘာဝေန တံ အာစယံ ဂစ္ဆန္တီ၊ ယဿ ဝါ ပဝတ္တန္တီ၊ တံ ပုဂ္ဂလံ ယထာဝုတ္တမေဝ အာစယံ ဂမေန္တီတိပိ အာစယဂါမိနော။

(ဃ) သာသဝကုသလာကုသလာနံ ဇတေ အဓိဝစနံ။

၁ ။ ။ (ဂ) ဝါကျကို ထည့်သင့်သော ကတ္တားပုဒ်များထည့်၍ အနက်ယောဇနာပါ။

၂ ။ ။ (ဂ) ဝါကျကို ဌပနာဒိပဉ္စကနည်းဖြင့် စောဒနာ တက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃ ။ ။ (ဂ) ဝါကျ၌ ဝါ-သဒ္ဒါ ထားရခြင်း၏ အကြောင်းကို ပြ၍

http://www.dhammadownload.com

ၵင်းဝါကျဖြင့် ပယ်အပ်သော ဒေါသကို ဖော်ပြပါ။

၄ ။ ။ အာစယဂါမိနော-ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဗျုပ္ပတ္တိစတုက္က ထုတ်ပြပါ။

၅ ။ ။ (က) ဝါကျရှိပုဒ်တို့၏ လိင််, ဂဏ, ပဒ, အန္တ တို့ကို ဖော်ပြပါ။

၆ ။ ။ (က) ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဗျတိရေက, အနွယအားဖြင့် ဖော်ပြပြီးလျှင် သံဝဏ္ဏနာ အမည်ကိုလည်း အကြောင်းပြ၍ မှည့်ခဲ့ပါ။

၇ ။ ။ (ခ) ဝါကျရှိ ပဝတ္တာနံ-၌ ပ-သဒ္ဒါ၏ အနက်ကို ဖော်ပြ၍ (ဂ) ဝါကျရှိ ဧဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ, နိဝတ္တေတဗ္ဗတ္ထတို့ကို ထုတ်ပြပါ။

၈ ။ ။ အာစယော-အရကို ကြိယာ ၅-တန် ထုတ်ပြပါ။

၉ ။ ။ ကမ္မကိလေသေဟိ-၌ ကမ္မ၏ လက္ခဏာဒီစတုက္ကကို ထုတ်ပြပါ။

၁၀ ။ ။ ကမ္မကိလေသေဟိ-အရ ပစ္စည်းတရားသည် အာစိယတိ-အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကို ဖော်ပြပါ။

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

---

၁ ။ ။ [သျှ အတိုင်းယောဇနာ ။ ။ ၌။ ၈၆။ ၌၊ သျှ၊ ၁။ ၃၀၃။ ဤဝါကျ ၁၃၂၆ ခုနှစ်ကလည်း မေးခဲ့ပြီ။]

---

၂ ။ ။ (ဂ) အမှတ်ပြဝါကျ ဌပနာဒိပဋ္ဌက စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ) အမှတ်ပြဝါကျဖြင့် အာစယဂါမိနော-ဝယ် အာစယ-ဟူသော ပုဒ်တစ်စိတ်၏ အဘိဓေယျတ္ထကို ဆိုသော် မူ၏ (ဌပနာ)။ ဂါမီ-ဟူသော ပုဒ်တစ်စိတ်နှင့် အာစယဂါမိ-ဟူသော ပုဒ်လုံး သည် အဘိဓာနတ္ထနှင့် မကင်းကောင်းသည်မဟုတ်ပါလော (အာဘောဂ)။ ထိုသို့ မကင်းကောင်းသောကြောင့် (အာဘောဂဟေတု)။ အာစယ-ဟူသော ပုဒ်တစ်စိတ် ၏ အဘိဓေယျတ္ထကိုသာ မဆိုသင့် (ဌပနာပဋိက္ခေပ)။ ဂါမီ-ဟူသော ပုဒ်တစ်စိတ် နှင့် အာစယဂါမိ-ဟူသော ပုဒ်လုံး၏ အဘိဓာနတ္ထကား အဘယ်နည်း (စောဒနာ)။

http://www.dhammadownload.com

ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာ ဆရာသည် (ဂ) အမှတ်ပြဝါကျကို မိန့်။

---

၃ ။ ။ (ဂ) အမှတ်ပြဝါကျ ဝါ–သဒ္ဒါ ထားရခြင်း အကြောင်း ။ ။ အာစယဂါမိနော–ဝယ် ဂါမိ–ဠ် ဏိ–ပစ္စည်း၏ သုဒ္ဓကတ္တုသာဓနအနက်မှ တစ်ပါး ဟေတုကတ္တုသာဓနအနက်ကို ပြောင်းလဲပြလိုသောကြောင့် (ဂ) အမှတ်ပြဝါကျ၌ ဝါ–သဒ္ဒါ ထားရပါသည်။

(ဂ) အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသ ။ ။ (ဂ) အမှတ်ပြဝါကျ ဖြင့် ပယ်အပ်သော ဒေါသကား အဗျာပိတဒေါသ ဖြစ်ပါသည်။

မှတ်ချက် ။ ။ (ဂ) အမှတ်ပြဝါကျ ပက္ခန္တရဝါကျ ဖြစ်သည်။

---

၄ ။ ။ အစိတ်ဝစနတ္ထ ။ ။ အာစိယတီတိ အာစယော။ ဂစ္ဆန္တီတိ ဂါမိနော, ဂမေန္တီတိ ဝါ ဂါမိနော။

အပေါင်းဝစနတ္ထ ။ ။ အာစယဲ ဂါမိနော အာစယဂါမိနော။

ဗျုပ္ပတ္တိစတုက္က

အဘိဓာန်ဋီကာ အလိုအားဖြင့်–

၁ ။ ။ အာ–ဟူသော, စ–ဟူသော, ယ–ဟူသော, ဂါ–ဟူသော, မိ–ဟူသော, နော–ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂ ။ ။ အာစယ–ပုဒ်, ဂါမိပုဒ်သည်လည်းကောင်း, ပဋိသန္ဓေ, စုတိ, ဂတိဟု ဆိုအပ်သော ဝဋ်တရား၏ အာသဝေါတရား တို့၏ အာရုံ ဖြစ်ကုန်သော ကုသိုလ်, အကုသိုလ်တို့နှင့် အကျိုးအကြောင်း၏ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

၃ ။ ။ အာစယဂါမိနော–ဟူသော အပေါင်း ပညတ္တိသဒ္ဒါသည် ပဝတ္ထိ။

၄ ။ ။ ပဋိသန္ဓေ, စုတိ, ဂတိဟု ဆိုအပ်သော ဝဋ်တရားသို့ ရောက်ခြင်း, ရောက်စေခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဘေဒစိန္တာဒီပနီ အလိုအားဖြင့်=

၁ ။ ။ အာစယဲ ဂါမိနော–ဟူသော၊ ဝိဂြိဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂ ။ ။ တူ၏။

http://www.dhammadownload.com

၃ ။ ။ အာစယဂါမိနော-ဟူသော နိပ္ပန္နသည် ပဝတ္တိ။

၄ ။ ။ တူ၏။

---

၅ ။ ။ လိင်္ဂါဒိဝိဘာဂ

ကမ္မကိလေသေဟိ-ကား ပုလ္လိင််, ပုရိသာဒိဂဏ, သမာသနာမပဒ, အကာရန္တ ဖြစ်ပါသည်။

အာစိယတိ-ကား အလိင််, သွာဒိ, ကိယာဒိဂဏ.(သဒ္ဒနီတိ ဓာတု-မာလာ), အာချာတပဒ, ကွကာရန္တ ဖြစ်ပါသည်။

ကွတိ-ကား အလိင််, ဂဏဝိမုတ္တ, နိပါတပဒ, ကွကာရန္တ ဖြစ်ပါသည်။

အာစယော-ကား ပုလ္လိင််, ပုရိသာဒိဂဏ, ကိတသဒ္ဒနာမပဒ, အကာရန္တ ဖြစ်ပါသည်။

---

၆ ။ ။ (က) အမှတ်ပြုဝါကျ အာဟောဂနှင့် သံဝဏ္ဏနာ

ကမ္မကိလေသေဟိ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အာစိယတိ-၌ "ဆည်းပူး ခြင်း" ဟူသည် သတ္တ, ဇီဝတို့၏ ဆည်းပူးခြင်းမဟုတ်, ကံ, ကိလေသာတို့၏ ဆည်းပူးခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဓိပ္ပာယ်ရအနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ သံဝဏ္ဏနာ ဖြစ်ပါသည်။

အာစိယတိတိ-ဟူသော သံဝဏ္ဏနာပါဠိဖြင့် အာစယော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ အာ-ပုဗ္ဗ စယ-ဓာတ် မဟုတ်, အာ-ပုဗ္ဗ. စိ-ဓာတ်၏ အဖြစ်ကို အဋ္ဌကထာဆရာသိစေပါသည်။ ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒ သံဝဏ္ဏနာ ဖြစ်ပါသည်။

အ-ပစ္စည်း၏ ကတ္တားစသော အနက်ကို မဟော ကံအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ကိတ်ပစ္စည်း၏အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။ (တစ်နည်း) အာစယော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို အာစိနာတိတိ အာစယော-စသည်ဖြင့် ဝစနတ္ထ မပြုရ၊ "အာစိယတိတိ အာစယော" ဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက် ။ ။ ဤအာဘောဂတို့ကား အာစိယတိ-ကို "ဆည်းပူးအပ်၏" ဟု ပေးသော မင်းခင်း ဂဏ္ဌိနှင့် အညီ ဖြစ်သည်။

---

၇ ။ ။ **ပဝတ္တာနံ-၌ ပ-သဒ္ဒါ၏ အနက်** ။ ။ (ခ) အမှတ်ပြဝါကျရှိ ပဝတ္တာနံ-၌ ပ-သဒ္ဒါ၏ အနက်ကား ပဗန္ဓ (အဆက်မပြတ်) အနက် ဖြစ်ပါသည်။

ဧဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ ။ ။ (ဂ) အမှတ်ပြဝါကျရှိ ဧဝ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထကား အကြင်အကြင် ဆိုအပ်ခဲ့ပြီးသည်သာလျှင်ဖြစ်သော က်, ကိလေသာတို့သည် ပွားစေအပ်သော ပဋိသန္ဓေ, စုတိ, ဂတိဟုဆိုအပ်သော ဝဋ်တရား ဖြစ်ပါသည်။

ဧဝ-သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ ။ ။ (ဂ) အမှတ်ပြဝါကျရှိ ဧဝ-သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထကား မဆိုအပ်သေးသော က်, ကိလေသာတို့သည် ပွားစေအပ်သော ပဋိသန္ဓေ, စုတိ, ဂတိဟုဆိုအပ်သော ဝဋ်တရားမှတစ်ပါးသော တရားများ ဖြစ်ပါသည်။

---

၈ ။ ။ [၁၃၂၆-ခုနှစ် အမှတ် (၂) နံပါတ် (ဂ) အဖြေ ပြန်ကြည့်ပါ။]

---

၉ ။ ။ [၁၃၂၇-ခုနှစ် အမှတ် (၂) နံပါတ် (၉) အဖြေ ပြန်ကြည့်ပါ။]

---

၁၀ ။ ။ [၁၃၂၆-ခုနှစ် အမှတ် (၂) နံပါတ် (၁၀)အဖြေပြန်ကြည့်ပါ။]

၁၃၃၄-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁ ။ ။ ယာ တသ္မိံ သမယေ ဝိညာဏက္ခန္ဓသ ဥဒုတာ ဥဒုကတာ အဇိမှတာ အဝကံ်တာ အကုဋိလတာ။ အယံ တသ္မိံသမယေ စိတ္တုဒုကတာ ဟောတိ-ကို အနက်ယောဇနာခဲ့ပါ။

၂ ။ ။ ယောအာကာသော အာကာသဂတံ အယံ အယဂတံ ဝိဝရော

http://www.dhammadownload.com

ဝိဝရဂတံ အသမ္မုဋ္ဌံ စတူဟိ မဟာဘူတေဟိ။ ဣဒံ တံ ရူပံ အာကာသဓာတု-ကို အနက်ယောဇနာပါ။

၃ ။ ။ ယေ ဓမ္မာ တေသံ တေသံ သတ္တာနံ အဿတ္တံ ပစ္စတ္တံ နိယတာ ပါဋိပုဂ္ဂလိကာ ဥပါဒိဏ္ဏာ ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ။ ဣမေဓမ္မာ အဿတ္တာ-ကို အနက်ယောဇနာခဲ့ပါ။

၄ ။ ။ နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ-ကို နိယမထည့်၍ အနက်ပေးပါ။

၅ ။ ။ သဟ ဩလောကနေနေဝ ကိဉ္စိကိဉ္စိကာလံ ဩလမ္ဗိ၊ ယဿမန္ဒဝါ တေရိတဿ ပဋ္ဌိကဿေဝ တူရိယဿ မဓုရသဒ္ဒေါ နိဂ္ဂစ္ဆတိ-ကို ယဿ-အစွဲ မလွဲအောင် အနက်ယောဇနာပါ။

၆ ။ ။ တံ တံ ဥပါဒါယ ပညတ္တော။ ကာလော ဝေါဟာရမတ္တကော။

ပုဗ္ဗော ဖဿာဒိဓမ္မာနံ၊ သမူဟောတိ ဝိဘာဝိတော-

ဟူသော ဂါထာကို ကတ္တားထည့်စွက်၍ အနက်ပေးပါ။

၇ ။ ။ တဇ္ဇာသမန္နာဟာရေန ပန ဣန္ဒြိယေန စ ပရိဂ္ဂဟေ ဝိသယေ အနန္တ ရာယေန ဥပဂူနတော ဇသ "အာပါထဂတဝိသယပဒဋ္ဌာနော" တိ ဝုစ္စတိ-ကို ဇသ-၏ အစွဲထင်စေလျက် အနက်ယောဇနာပါ။

၈ ။ ။ သာ ပန ယသ္မာ နာ အညဿ ကဿစိ အတ္တနော မနတာ၊ စိတ္တဿေဝ ပနေသော ဘာဝေါ စေတသိကော ဓမ္မော၊ တသ္မာ "အနတ္တ မနတာ စိတ္တဿာ" တိ ဝုတ္တာ-ကို အနက်ယောဇနာပါ။

၉ ။ ။ ယသ္မာ ပန စျာနစေတနာ ပဋိသန္ဓိ အာကနုတိ၊ တသ္မာ စေတနာပိ စေတနာသမ္မယုတ္တဓမ္မာပိ ဝဋ္ဋန္တိယေဝ-ကို အာကာရနှင့် သမ္မဒါန် ထည့်၍ အနက်ပေးပါ။

၁၀ ။ ။ နာ အန္တလိက္ခေ နာ သမုဒ္ဒမဇ္ဈေ၊
နာ ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
နာ ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ-

ဟူသော ဂါထာကို အနက် ယောဇနာပါ။

http://www.dhammadownload.com

၁၃၃၄-ခုနှစ် မဂ္ဂာစရိယတန်း
မဂ္ဂသင်္ကီ ပါဠို, အဋ္ဌကထာ အမှတ် (၁) အဖြေ

---

၁ ။ ။ [ပါ။ ၂၅။ ပါ၊ သျှ။ ၅၉ ။ ။ ၁၃၂၈-ခုနှစ်ကလည်း မေး ခဲ့ပြီ။]

---

၂ ။ ။ [ပါ။ ၁၆၉။ ပါ၊ သျှ။ ၂၆၈ ။ ။ ၁၃၁၈-ခုနှစ်ကလည်း မေး ခဲ့ပြီ။]

---

၃ ။ ။ [ပါ။ ၂၁၃။ ပါ၊ သျှ။ ၃၃၉။]

---

၄ ။ ။ [ပါ။ ၂၄၁။ ပါ၊ သျှ။ ၄၀၁။]

---

၅ ။ ။ [ဋ္ဌ၊ ၆၀။ ဋ္ဌ၊ သျှ၊ ၁။ ၂၁၄။]

---

၆ ။ ။ ["ပဏ္ဍိတေန" ဟု ကတ္တားထည့်ပေး (ယောဇနာ) ။ ။ ဋ္ဌ။ ၁၀၁။ ဋ္ဌ၊ သျှ၊ ၁။ ၃၇၇။]

---

၇ ။ ။ [ဋ္ဌ။ ၁၅၂။ ဋ္ဌ၊ သျှ၊ ၂။ ၁၅။]

---

၈ ။ ။ [ဋ္ဌ။ ၁၈၈။ ဋ္ဌ၊ သျှ၊ ၂။ ၁၆၀။]

---

၉ ။ ။ [သျှ အတိုင်းပေး ။ ။ ဋ္ဌ။ ၂၀၇။ ဋ္ဌ၊ သျှ၊ ၂ ။ ၂၃၄။]

---

၁၀ ။ ။ [ဋ္ဌ။ ၃၁၃။ ဋ္ဌ၊ သျှ၊ ၃။ ၉၄။]

---

http://www.dhammadownload.com

၁၃၃၄-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) စေတော ဝိကွိပတိတိ စေတသောဝိက္ခေပေါ။

(ခ) ဘန္တ္တဲ့ စိတ္တသာတိ စိတ္တသ ဘန္တ္တဘာဝေါ, ဘန္တ္တယာန-ဘန္တ္တဂေါဏာဒီနိ ဝိယ။

(ဂ) ဣမိနာ ဧကာရမ္မဏသ္မိံယေဝ ဝိပ္ပန္နနံ ကထိတံ။

(ဃ) ဥဒ္ဒစ္စဥ္ဥိ ဧကာရမ္မဏေ ဝိပ္ပန္နတိ၊ ဝိစိကိစ္ဆာ နာနာရမ္မဏေ။

၁ ။ ။ (ခ) ဝါကျကို ဥပမာနဝါကျဥ် ကြိယာထည့်၍ ပဓာန, အပဓာန ဝါကျအစဉ်ကျအောင် အနက်ယောဇနာခဲ့ပါ။

၂ ။ ။ (ဃ) ဝါကျကို ဌပနာ, အာဘောဂါဒိပဋ္ဌကနည်းဖြင့် စောဒနာ တက်ခဲ့ပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃ ။ ။ (ဂ) ဝါကျဥ် "ကထိတံ" ဟု ထားရုံကို ရှင်းပြ၍ (ဃ) ဝါကျ ဖြင့် ပယ်အပ်သော ဒေါသကိုလည်း ဖော်ပြခဲ့ပါ။

၄ ။ ။ ဘန္တ္တယာန-ပုဒ်ကို အပေါင်းဝစနတ္ထမျှ ပြု၍ ဗျုပ္ပတ္တိစတုက္က ခွဲပြခဲ့ပါ။

၅ ။ ။ ဘန္တ္တဘာဝေါ, ဘန္တ္တဂေါဏာဒီနိ-တို့ဥ် ဘန္တ္တ-ပုဒ်တို့၏ လိင်, ဂဏ, အန္တ, ပဒတို့ကို အသီးသီး စိစစ်ပြဆိုခဲ့ပါ။

၆ ။ ။ (က) ဝါကျဥ် အဋ္ဌကထာဆရာ၏ အာဘော်ကို ဗျတိရေက, အနွယ အားဖြင့် ဖော်ပြ၍ သဲ့ဝဏ္ဏနှာ အမည်ကိုလည်း ဖြေဆိုခဲ့ပါ။

၇ ။ ။ (ဂ) ဝါကျဥ် သဗ္ဗနာမ်ပုဒ်အစွဲကို လည်းကောင်း, ဧဝ-သဒ္ဒါ၏ နိဝတ္တေ တဗ္ဗ, ဂဟေတဗ္ဗတို့ကို လည်းကောင်း ပြဆိုခဲ့ပါ။

၈ ။ ။ (ဂ) ဝါကျဥ် ကထိတံ-ဝယ်ဓာတ်၏အရဲ့ ကတ္တုဋ္ဌကြိယာအရကို ကောက်ပြီးလျှင် ဒဿနတ္ထစသော ကြိယာ ၅-တန် ထုတ်ပြဖြေဆိုခဲ့ပါ။

၉ ။ ။ (ဃ) ဝါကျဥ် ဥဒ္ဓစ္စသဟဂုတ်စိတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့၏ အာရုံဥ်လည်၍ ဖြစ်ပုံ ပရမတ္ထအခြင်းအရာကို ဥပမာဖြင့် သိသာအောင် ပြခဲ့ပါ။

၁၀ ။ ။ (ဃ) ဝါကျဥ် ဧကာရမ္မဏေ-အရ ပစ္စည်းတရားသည် ဝိပ္ပန္နတိ-

http://www.dhammadownload.com

အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြပါ။

၁၃၄-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဃိ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁ ။ ။ (ခ) အမှတ်ပြဝါကျ အနက်ယောဇနာ

ဘန္တေတွံ စိတ္တသာတိ၊ "ဘန္တေတွံ စိတ္တသ" ဟူသည်ကား ဘန္တေယာန-ဘန္တေဂါဇာဒီနိ၊ တုန်လှုပ်သောယာဉ်, တုန်လှုပ်သောနွား စသည်တို့သည်။ (ဘမန္တီ) ဝိယ၊ တုန်လှုပ်ကုန်သကဲ့သို့။ စိတ္တသ၊ စိတ်၏။ ဘန္တဘာဝေါ၊ တုန်လှုပ်သည်၏ အဖြစ်တည်း။ [ဋ္ဌ။ ၃၀၂။ ဋ္ဌ၊ သျှ၊ ၃။ ၅၀။]

[ပဓာန, အပဓာန ဝါကျအစဉ် ။ ။ ဥပမာန, ဥပမေယျဝါကျတို့တွင် ဥပမေယျဝါကျသည် ပဓာန, ဥပမာန ဝါကျသည် အပဓာန၊ ထိုပဓာန, အပဓာန ဝါကျတို့တွင် ဝါကျအစဉ်အားဖြင့် အပဓာနဝါကျက ရှေ့, ပဓာနဝါကျက နောက် ဖြစ်သည်။ သို့ဖြစ်၍ အပဓာနဝါကျကို ရှေးဦးစွာယောဇနာ၍ ပဓာန ဝါကျကို နောက်မှ ယောဇနာသည်ကို "ပဓာန, အပဓာန ဝါကျအစဉ်ကျ ယောဇနာသည်" ဟု သိပါ။

ဥပမေယျော ပဓာနော၀၊ ဣတရော ဟိဿ ပဓာနကော။ (ဇာလိနီ။ ၁၆၇။)

ဥပမာနောပမေယျောသု၊ ဝါကျေသု ယံ ပဓာနကံ။

တံ ပဋိမောပမေယျော၀၊ ဂဟေတဗ္ဗံ နယညုနာ။ (သမ္မန္ဓစိန္တာ ဂဏ္ဌိသစ်။ ၁၁၈)]

---

၂ ။ ။ (ဃ) အမှတ်ပြဝါကျ ဋ္ဌပနာ အာဘောဂါဒိပဋ္ဌကစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ) အမှတ်ပြဝါကျဖြင့် ဘန္တေတွံ စိတ္တသ-ဟူသောပါဠိဖြင့် "တစ်ခုသောအာရုံ၌ သာလျှင် တုန်လှုပ်ခြင်းကို ဟောတော်မူအပ်၏" ဟု ယုတ္တိဒဋ္ဌိယကို ဆိုတော်မူ၏ (ဋ္ဌပနာ)။ ယုတ္တိဒဋ္ဌိယသည် ယုတ္တိဒဋ္ဌိကရဏနှင့် မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ)။ ထိုသို့မကင်းကောင်းသောကြောင့် (အာဘောဂဟေတု)။ ယုတ္တိဒဋ္ဌိယကိုသာ မဆိုသင့် (ဋ္ဌပနာပဋိက္ခေပ)။ ယုတ္တိဒဋ္ဌိကရဏကား အဘယ်ပါနည်း (စောဒနာ)။

http://www.dhammadownload.com

ဤသို့စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာ ဆရာသည် (ဃ) အမှတ်ပြဝါကျကို မိန့်။

[မှာဖွယ် ။ ။ တက်ပုံနယ ကြွယ်ဝစေခြင်းငှာ ဝါကျတက် တက်လိုက်သည်။ အဓိပ္ပာယ်တက် တက်ပုံကို ၁၃၂၄-ခုနှစ် နည်းမှီတက်ပါ။ မခဲတော့ပြီ။]

---

၃ ။ ။ (ဂ) အမှတ်ပြဝါကျ "ကထိတံ" ဟု ထားရပုံ

ဘန္တေ တွဲစိတ္တသ-၌ စောဒကဘက်က "အာရုံသာမည (တစ်ခုသောအာရုံ အထူးထူးသော အာရုံ) ၌ တုန်လှုပ်ခြင်း" ဟု အာဘော်ထားသည်။ ပရိဟာရဘက်က "တစ်ခုသောအာရုံ၌သာ တုန်လှုပ်ခြင်း" ဟု အာဘော်ထားသည်။ ယင်းသို့ အာဘော်ထားကြရာတွင် စောဒကဘက်က အင်အားကြီး၍ နိုင်လုလတ်သော် ပရိဟာရ (ကျမ်းဆရာ) ဘက်က တစ်ခုသောအာရုံ၌သာ တုန်လှုပ်ခြင်းဟူသော အလိုရှိအပ်သော စကားကို ဆွဲယူလုယက်၍ ပြသည် (အကြောင်း မဘက်ခြင်း ကြောင့် လုယက်ရာရောက်သည်)။ ဤသို့ လု၍ ပြသော စကား (စကားလု) ကို ပြလိုသောကြောင့် (ဂ) အမှတ်ပြဝါကျ၌ "ကထိတံ" ဟု ထားရပါသည်။

[ကျက် ။ ။ သူကလှိုင်မှု၊ စကားလု၊ ထားမှုကထိတာ။ (ရွှေရေးဆောင်နိယံ။ ၃၂၂။)]

(ဃ) အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသ ။ ။ (ဃ) အမှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသကား ဝိရောဓိဒေါသ (တစ်နည်း) ဩစိတျဟီန-ဒေါသ ဖြစ်ပါသည်။

မှတ်ချက် ။ ။ (ဃ) အမှတ်ပြဝါကျ ယုတ္တိဒဋ္ဌကရဏဝါကျဖြစ်သည်။ "ဟိ-သဒ္ဒေါ ဝိတ္ထာရော" ဟု ဆိုသော ယောဇနာအလို ပုနရုတ္တိဒေါသကို ပယ်သည်။

---

၄ ။ ။ အပေါင်းဝစနတ္တ ။ ။ ဘန္တံ ယာနံ ဘန္တယာနံ။ (ကမ္မဓာရည်း သမာသ်။)

ဗျုပ္ပတ္တိစတုက္က

အဘိဓာန်ဋီကာ အလိုအားဖြင့်-

http://www.dhammadownload.com

၁ ။ ။ ဘ-ဟူသော, န္တ-ဟူသော, ယာ-ဟူသော, နံ-ဟူသော အစိတ် အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂ ။ ။ ဘန္တ-ပုဒ်, ယာန-ပုဒ်သည် လည်းကောင်း, တုန်လှုပ်သောဂုဏ်၏ ယာဉ်နှင့် ဂုဏ်ဂုဏေအဖြစ်ဖြင့် စပ်ခြင်း သမ္မန်သည်လည်းကောင်း ဗျုပ္ပတ္တိ-နိမိတ်။

၃ ။ ။ ဘန္တယာနံ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄ ။ ။ တုန်လှုပ်သောယာဉ်တို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်း အရာဟု ဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ်။

ဘေဒစိန္တာဒီပနီ အလိုအားဖြင့်-

၁ ။ ။ ဘန္တံ ယာနံ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

၂ ။ ။ တူ၏။

၃ ။ ။ ဘန္တယာနံ-ဟူသော နိပ္ပန္နသည် ပဝတ္တိ။

၄ ။ ။ တူ၏။

---

၅ ။ ။ လိင်္ဂါဒိဝိဘာဂ

ဘန္တဘာဝေါ-၌ ဘန္တ-ကား နပုံသကလိင်္ဂ, စိတ္တာဒိဂဏ, အကာရန္တ, ကိတနာမပဒ ဖြစ်ပါသည်။

ဘန္တဂေါဏာဒီနိ-၌ ဘန္တ-ကား ပုလ္လိင်္ဂ, ပုရိသာဒိဂဏ, အကာရန္တ, ကိတနာမပဒ ဖြစ်ပါသည်။

---

၆ ။ ။ (က) အမှတ်ပြဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

စေတော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် စေတသော-ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၌ ဆဋ္ဌီဝိဘတ်၏ သမ္မန်စသော အနက်ကို မဟော, ကံအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဝိတတျတ္ထဝဏ္ဏနာ။

စေတော ဝိက္ခိပတီတိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် စေတသော ဝိက္ခေပေါ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ စေတ-သဒ္ဒူပပဒ ဝိ-ပုဗ္ဗ ခီ-ဓာတ် မဟုတ်, စေတ-သဒ္ဒူပပဒ ဝိ-ပုဗ္ဗ ခိပ-ဓာတ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတုပဒ သံဝဏ္ဏနာ။

http://www.dhammadownload.com

ဏာ-ပစ္စည်း၏ ကဲ့သော အနက်ကို မဟော ကတ္တား အနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထသဲ့ဝဏ္ဏနာ။

စေတသော ဝိက္ခေပေါ-ဟူသော သဲ့ဝဏ္ဏေတဗ္ဗပုဒ်၏ ကိတ္တန အလုတ္တ ဒုတိယာတပ္ပုရိသ်သမာသ်ပုဒ် မဟုတ်, ကိတ္တန အလုတ္တဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏အဖြစ်, ယင်း ကိတ္တန အလုတ္တဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၏ သမ္ဗန်စသော အနက်ကို မဟော, ကဲ့အနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသဲ့ဝဏ္ဏနာ။ (တစ်နည်း) စေတသောဝိက္ခေပေါ-ဟူသော သဲ့ဝဏ္ဏေတဗ္ဗပုဒ်ကို "စေတသော (အံ-ဝိဘတ်၏ ကာရိယ ဩ) ဝိက္ခိပတိတိ စေတသောဝိက္ခေပေါ" ဟု ကိတ္တန အလုတ္တ ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထမပြုရ၊ "စေတသော (သ-ဝိဘတ်၏ ကာရိယ ဩ) ဝိက္ခိပတိတိ စေတသောဝိက္ခေပေါ" ဟု ကိတ္တန အလုတ္တဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသဲ့ဝဏ္ဏနာ။

---

၇ ။ ။ (ဂ) အမှတ်ပြဝါကျ သဗ္ဗနာမ်ပုဒ်အစွဲ ။ ။ (ဂ) အမှတ်ပြဝါကျ ဣမိနာ-ဟူသော သဗ္ဗနာမ်ပုဒ်အစွဲကား ဘဿတ္တံစိတ္တသ-ဟူသော ပါဠိ ဖြစ်ပါသည်။

ဇဝ-သဒ္ဒါ၏ နိဝတ္တေတဗ္ဗ (တ္ထ) ။ ။ ဇဝ-သဒ္ဒါ၏ နိဝတ္တေတဗ္ဗ (တ္ထ) ကား အထူးထူး အမျိုးမျိုးသော အာရုံ ဖြစ်ပါသည်။

ဇဝ-သဒ္ဒါ၏ ဂဟေတဗ္ဗ (တ္ထ) ။ ။ ဇဝ-သဒ္ဒါ၏ ဂဟေတဗ္ဗ (တ္ထ) ကား တစ်ခုတည်းသော အာရုံ ဖြစ်ပါသည်။

---

၈ ။ ။ ကြိယာ ၅-တန်

၁ ။ ။ ကထိတံ-ဝယ် ကထ-ဓာတ်၏ ကတ္တုဿကြိယာအရ ဖြစ်သော ဒေသနာဉာဏ်ပြဓာန်းသော မဟာကြိယာ ဉာဏသမ္မယုတ်စိတ္တုပ္ပါဒ်သည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထ။

၂ ။ ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည် (ပဌမဖလူပစာရအားဖြင့် ပြအပ်သော) ဒီပကတ္ထ။

၃ ။ ။ ဘဿတ္တံ စိတ္တသ-ဟူသော ဝစီဘေဒသဒ္ဒါသည် (ပဌမကာရဏ္ဏ

http://www.dhammadownload.com

ပစာရအားဖြင့် ပြအပ်သော) ပကာသနတ္ထ။

၄ ။ ။ ပါရမီဉာဏ်, ဝိပဿနာဉာဏ်တော်တို့သည် (ဒုတိယဖလုပစာရ အားဖြင့် ပြအပ်သော) ဝိဘာဝတ္ထ။

၅ ။ ။ ဓမ္မသဝနကုသိုလ်ဖြစ်ခြင်းစသော ဝေနေယျတို့၏ ဟိတသုခ သည် (ဒုတိယကာရဏူပစာရအားဖြင့် ပြအပ်သော) အနုဘာဝတ္ထ။

---

၉ ။ ။ ဥဒ္ဓစ္စသဟဂုတ်စိတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့၏ အာရုံ၌ လည်း၍ ဖြစ်ပုံ

အလုံးတစ်ခု, လေးထောင့်တစ်ခု ဖြစ်ကုန်သော ၂-လုံးကုန်သော ပတ္တမြား တို့ကို ချိုင့်ဝှမ်းရာအရပ်၌ လှိမ့်၍ လွှတ်အပ်ကုန်သည်ရှိသော် လုံးသော ပတ္တမြား သည် ဧကန်အားဖြင့် လည် (လိမ့်) သကဲ့သို့ ဤအတူ ဝိစိကိစ္ဆာ သဟဂုတ် စိတ်သည် အာရုံ၌ ဧကန်အားဖြင့် လည် (လိမ့်) သည်။ လေးထောင့်ဖြစ်သော ပတ္တမြားသည် ရပ်တန့်၍ ရပ်တန့်၍ လည် (လိမ့်) သကဲ့သို့ ဤအတူ ဥဒ္ဓစ္စ သဟဂုတ်စိတ်သည် အာရုံ၌ ရပ်တန့်၍ ရပ်တန့်၍ လည် (လိမ့်) သည်။ (ဋ္ဌ။ ၃၀၂။)

---

၁၀ ။ ။ ပဋ္ဌာန်းပစ္စည်း

ဧကာရမ္မဏော-အရ တစ်ခုသော အာရုံ ပစ္စည်းတရား သည် ဝိပ္ပန္နတိ-အရ ဥဒ္ဓစ္စသဟဂုတ်စိတ် ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ၄-ပစ္စယသတ္တိတို့ ဖြစ်ပါသည်။

ဓမ္မသင်္ဂဏီပါဠိ, အဋ္ဌကထာ မေးခွန်း အဖြေ ပြီး၏။

http://www.dhammadownload.com

စကားပြီးဆုံး ကျမ်းနိဂုံး

ပခုက္ကူခရိုင်တွင် ပါဝင်သော တောင် ၃-လုံးကို တူးဖြိုညှို့၍ မြို့တည်သည်ကို စွဲ၍ **ကူးခန်း,** မွေတော်ဓာတ်သည် ရွှေသမင်ကဲ့သို့ ပေါ်လွင် ထင်ရှားစေလျက် ကူးသန်းသည်ကို စွဲ၍ **ကူးသန်း,** နရပတိကြီး တိုက်ခိုက် သိမ်းပိုက်ပြီးသော အဆုံးဌ် တူးခန်း, ကူးသန်း အမည် ၂-ပါးကို ပ,စေ ခန်းစေသောအားဖြင့် နံနိမ်မှည့်သည်ကို စွဲ၍ **ပခန်း** [ကုခနနဂရဿ ပန ကူးသန်းတိ နဂရဿ ဝါ ပခန်းတိ နဂရဿ ဝါ ။ ။ အာစရိယဝံသနိဿယသစ် နိဂုံး။] ဟူ၍ အမည် ၃-မျိုးဖြင့် ထင်ရှားသော မြို့၏အရှေ့ခရီး ၂-တိုင်ခန့်အကွာ ဧရာဝတီ, ချင်းတွင်းမြစ် ၂-စင်းတို့အကြားတွင် ပေါ်ထွန်းသော ကျန်း၏ အလည်ဗဟိုတွင် တည်ရှိသော ဇ,တမျှော် (ဇတရော်) ရွာကြီး၌ ခမည်းတော် မြေပိုင်ရှင် ဦးမြင့်, မယ်တော် ဒေါ်ပုတို့မှ ၁၂၉၅ ခု၊ တပေါင်းလဆုတ် ၃-ရက်နေ့တွင် ဖွားမြင်ပြီး ၁၃၀၆-ခု နယုန်လဆန်း ၅-ရက်နေ့တွင် သာမဏေဘောင်သို့ ဝင်ရောက်ကာ ၁၃၁၅-ခု ဒုတိယ ဝါဆိုလဆန်း ၇-ရက်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်သော **"အရှင် သီလာစာရာဘိဝံသ** (လေးဘွဲ့ရ ဓမ္မာစရိယ ဦးသာဌေးမြင့်)" အမည်ရသော အကျွန်ုပ်သည် ရေးသားအပ်သော "နည်းပြဓမ္မာစရိယကျမ်း" သည် ၁၃၃၆-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူ. (၅-၅-၇၄) တွင် ကောင်းမွန်စွာ ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်သတည်း။

ပြုခဲ့လတ္တာ မြတ်ပူဇာ

ဤမျှသော အခြေသို့ ရောက်အောင် နည်းနာနယ အဝဝဖြင့် သွန်သင်ပြသ ချီးမြှောက် မစတော်မူခဲ့ကြသော ဇ,တမျှော် (ဇတရော်) ရွာ ရွှေစေတီကျောင်းတိုက် (ဇယ်ဆရာ) ဆရာတော် **ဦးဧမိန္ဒ,** မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) **ဦးသောဘိတ,** မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် (သကျသီဟဓမ္မာစရိယ) ဆရာတော် **ဦးဝါသဝါဘိဝံသ,** မန္တလေးမြို့ အနောက်ပြင် တောင်သမန်တိုက် (သကျသီဟ ဓမ္မာစရိယ) ဆရာတော် **ဦးကောသဝါဘိဝံသ** စသော ကျေးဇူးတော်ရင် ဆရာအရှင်မြတ်များအား ဤကျမ်း ရေးသားပြုစုခြင်း ဟူသော မွန်မြတ်သော ကောင်းမှုဖြင့် လေးလေးစားစား ကျေးဇူး တုံ့ဆပ်သောအားဖြင့် ပျပ်ဝပ်ကော်ရော် ပူဇော်ပါ၏။

http://www.dhammadownload.com

အရှင်တို့တွက် တောင့်တချက်

ဤ**"နည်းပြဓမ္မာစရိယကျမ်း"** သည် ကျမ်းပြီးခြင်း၏ ဘေးရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ ကင်းစင်ပလျက် ပြီးသင့်ချိန်ခါ အဆုံးတိုင်ရောက် ကောင်းမွန်စွာ ပြီးမြောက်အောင်မြင်သကဲ့သို့ ထို့အတူ ဓမ္မာစရိယလောင်းလျာ အရှင်တို့ ဓမ္မာစရိယအောင်ပန်း ဆွတ်လှမ်းနိုင်ရေးအတွက် လက်တွဲကာ ကြိုးပမ်းလျက် ရှိကြသော ဓမ္မာစရိယလောင်းလျာ အရှင်တို့နှင့် ယင်းအရှင်တို့ကို သွန်သင် ပြသ ပို့ချလျက် ရှိကြသော စာချအရှင်တို့ ကိုယ်စီကိုယ်ငတွေးခေါ်ကြံစည်ကြိုးပမ်းလျက်ရှိကြသော မွန်မြတ်သော အတွေးအခေါ် အကြံအစည် ကြိုးပမ်းချက်များသည် ဤကျမ်း၏ အထောက်အကူဖြင့် အောင်မြင်မှု၏ ဘေးရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ တွန်းလှန်ကြလျက် ပြီးသင့်ချိန်ခါ အဆုံးတိုင်ရောက် ကောင်းမွန်စွာ ပြီးမြောက် အောင်မြင်ကြပြီးလျှင် မြတ်ရှင်သာသနာ ကြီးပွားရာ ကြီးပွားကြောင်း လုပ်ငန်း အပေါင်းကိုလည်း အောင်မြင်စွာ လုပ်ဆောင်နိုင်ကြပါစေသတည်း။

မိမိအတွက် တောင့်တချက်

အကျွန်ုပ်သည် ဤ**"နည်းပြဓမ္မာစရိယကျမ်း"** ကို ရေးသားပြုစု မြတ်ကောင်းမှုကြောင့် ဘဝတိုင်း ဘဝတိုင်း ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းသာလျက် ပညာပါရမီ တစ်ဆင့်ထက် တစ်ဆင့် ရင့်သည်ထက် ရင့်ကာ တာဝန်ရှိရောင်း ပြဿနာအပေါင်းကို မပင်မပန်း ရွှင်ရွှင်လန်းလန်းဖြင့် ဖောက်ပြန်ချွတ်ယွင်း ပို,လိုခြင်းမရှိဘဲ အဖြေပေးနိုင်သော စွမ်းရည်နှင့် ပြည့်စုံပြီးလျှင် ရှင်တော်ဘုရား ဟောမြွက်ထားသည့် သုံးပါးသာသနာ စက်အာဏာကို ပြောင်တဝင်းဝင်း မိုက်မောင်ကင်းအောင် ထွန်းလင်းတောက်ပစေနိုင်လျက် နိဗ္ဗာန်ကို တိုက်ရိုက်မြင်ကြောင်း တရားအပေါင်းကို လျင်မြန်, ပြီးမြောက် အဆုံးရောက်အောင် အားထုတ်နိုင်ရပါလို၏။

နိဂုံးပြီး၏။

အရှင်သီလာစာရာဘိဝံသ (လေးဘွဲ့ရ ဓမ္မာစရိယ ဦးသာဌေးမြင့်)
ရေးသားအပ်သော

နည်းပြ ဓမ္မာစရိယကျမ်း ပြီး၏။

http://www.dhammadownload.com

ဓမ္မာစရိယ မေးခွန်းထုတ်

စည်းမျဉ်းအဖြေ

မှာထားချက်

ဤဓမ္မာစရိယ မေးခွန်းထုတ် စည်းမျဉ်းအဖြေသည် အစိုးရ ဓမ္မာစရိယ တန်းနှင့် ရင်ဆိုင်နေကြရသော စာချ, စာသင် အရှင်မြတ်တိုင်း လက်ဝယ် ရှိကို ရှိရမည်မှာ အထူးပြောဖို့ လိုလိမ့်မည်မဟုတ်ပါ။ လေ့လာဖူးသူ အရှင်မြတ်များ အသင့် လက်ခံပြီး ဖြစ်ပါလိမ့်မည်။ ယခုမှ လေ့လာကြရသော အရှင်မြတ်များ လည်း (ဆရာ့ဆရာကြီးများ၏ နည်းနာနိဿယ အဝဝကို တစ်ထိုင်တည်းဖြင့် တဝကြီး သိနိုင်အောင် ဖန်တီးပေးခြင်း, အချိန်တိုတိုဖြင့် လွယ်လင့်တကူ စာချ တန်းကို ဖြေစွမ်းနိုင်အောင် ဖန်တီးပေးခြင်း စသော စွမ်းရည်တို့ကြောင့်) လက်ထဲ အရောက် နောက်ကျလိုက်တာလို့ပင် အောက်မေ့မိကြပါလိမ့်မည်။ အစိုးရ အနေ ဖြင့် ယင်းအဖြေကို ထုတ်ပြန်ခဲ့သော်လည်း အနည်းငယ်သော ဆရာတော်ကြီးများ လက်ဝယ်သာ ပေးပို့နိုင်ခဲ့ပါ၏။ ကျယ်ပြန့်မှု မရှိခဲ့ပါ။ စာချဆရာတော်သည် ဥူးပဉ္စင်းတို့ကို ပို့ချစဉ်အချိန်ကပင် ဤစည်းမျဉ်းအဖြေများကို အစိုးရစာချတန်း နှင့် မျက်နှာလွှဲ၍ မရကြသေးသော စာချ, စာသင် အရှင်မြတ်တိုင်း ထိတွေ့ နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် လုပ်ဆောင်သင့်ကြောင်း မကြာခဏ မိန့်ကြားလေ့ရှိသည်။ ထိုအချိန်ကပင် ရှိခဲ့သော ဆရာတော်၏ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေချင်သော ဆန္ဒသည် ထိုအချိန်က အခွင့်မသင့်ခဲ့ပါ။ "နည်းပြဓမ္မာစရိယ ကျမ်း" ရိုက်ရန် စီစဉ်တော့မှဥူးပဉ္စင်းတို့သည် ဆရာတော်ဆန္ဒကို သိကြပြီးဖြစ်သည့် အတိုင်း ဓမ္မာစရိယမေးခွန်းထုတ် စည်းမျဉ်းအဖြေကို "နည်းပြဓမ္မာစရိယကျမ်း" နောက်တွင် ပူးတွဲရိုက်ပါရန် ဝိုင်းဝန်းလျှောက်ထားကြရာမှ ယခုလို ပူးတွဲတင်ပြ နိုင်သော အခြေအနေသို့ ရောက်သည်အထိ အခွင့်သင့်ခဲ့ပါ၏။

ယင်းသို့ တင်ပြရာ၌ စာချဆရာတော်သည် ဥဒါဟရဏ်တို့ကိုထုတ်ရာဝယ် (ဥဒါဟရဏ်တို့ ထုတ်ရာ၌ ကျမ်းညွှန်း မပါသည်က များသည်၊ ပါသော်လည်း ဆဋ္ဌမူနှင့် ကိုက်ညီသော ကျမ်းညွှန်း အနည်းငယ်သာ ပါလေရာ) ကျမ်းညွှန်း မပါရာ၌ ထည့်သွင်း ညွှန်ပြခြင်း, ဆဋ္ဌမူနှင့် မကိုက်ညီရာ၌ ကိုက်ညီအောင်

http://www.dhammadownload.com

ပြင်ဆင်ညွှန်ပြခြင်းများ ပြုလုပ်ထားလေသည်။ စာပြင်ဆရာသည် တာဝန်အရ လုပ်ပိုင်ခွင့်ရှိသော ပြင်သင့်သည်များကို ပြင်ခြင်း, လက်နှိပ်စက်ဖြင့် ရိုက်ထားသော မူရင်းကို အမြင်ရှင်း၍ အဓိပ္ပါယ်လည်း သိလွယ်အောင် ဖြတ်တောက်ခြင်း, ထားသိုခြင်းများပြုလုပ်ထားလေသည်။

ယင်းတို့မှအပ အဓိပ္ပာယ် အယူအဆ ရွှေ့လျားပြောင်းလဲစေမည့်စကား လုံးများကို ပြင်ဆင်ခြင်း, ပယ်နုတ်ခြင်း, ထည့်သွင်းခြင်းများ မပြုလုပ်ပါ။

သို့ဖြစ်၍ ဤဓမ္မာစရိယ မေးခွန်းထုတ် စည်းမျဉ်းအဖြေကို မူရင်းအတိုင်း တင်ပြကြောင်း သိစေပါရန် အမှာစကား ရေးသားလိုက်ရပါသည်။

မှတ်ချက် ။ ။ ဤအဖြေဝယ် ကျမ်းညွှန်းရာ၌ အသုံးပြုထားသော စာအုပ်များသည် "နည်းပြဓမ္မာစရိယကျမ်း" ၌ အသုံးပြုခဲ့သော စာအုပ်များပင် ဖြစ်လေသည်။

အရှင် သိရိန္ဒာဘိဝံသ
သ,စ,အ ဓမ္မာစရိယ, အဂ္ဂမဟာအက္ကော်, ပါဠိပါရဂူ,
ဝိနယဓရ ဝိနယကောဝိဒ, အာဘိဓမ္မိက အဘိဓမ္မကောဝိဒ
မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်
ဗဟန်း၊ ရန်ကုန်
၁၃၃၆-ခု ဝါဆိုလပြည့် ဓမ္မစကြာနေ့

http://www.dhammadownload.com

ဓမ္မာစရိယ
မေးခွန်းထုတ် စည်းမျဉ်းအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဓမ္မာစရိယတန်းဌ ပြဋ္ဌာန်းသော ကျမ်းစာများနှင့် မေးခွန်းထုတ် စည်းမျဉ်း

ကျမ်းရင်း ၃-ကျမ်း

(၁) ပါရာဇိကဏ် ပါဠိတော်နှင့် အဋ္ဌကထာ

(၂) သုတ်သီလက္ခန် ပါဠိတော်နှင့် အဋ္ဌကထာ

(၃) ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် အဋ္ဌကထာ

ကျမ်းရင်း ၃-ကျမ်းလုံး ပဌမနေ့

ပါဋ္ဌာနသာရီအနက်ယောဇနာနည်း, အာကာရဝဏ်၍ ထုတ်၍ အနက်ယောဇနာနည်း, ဝါကျအပြန်အလှန် အနက်ယောဇနာနည်း, သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ အနက်ယောဇနာနည်းများကို ထည့်သွင်း မေးနိုင်သည်။

ပါရာဇိကဏ် ဒုတိယနေ့

(၁) ခက်ခဲသော အဋ္ဌကထာဝါကျတို့ကို ထုတ်ပြ၍ အနက်ယောဇနာ စေခြင်း။

(၂) လိုအပ်သော ပါဠိဝါကျတို့ကို ထုတ်ပြ၍ အနုသန္ဓေ, ပုစ္ဆာ, စောဒနာ ကျမ်းတက်, ထွက်နည်းကို မေးရာ၌ သုဒ္ဓတက်, ထွက်နည်း ၂-မျိုးတို့တွင် ၁-မျိုးမျိုးကို မေးခြင်း။

မှတ်ချက် ။ ။ စောဒနာတက်ကို မေးရာ၌ လီနန္တရစောဒနာ, အာဘောဂ စောဒနာ, အယုတ္တစောဒနာ, ဗျတိရေကစောဒနာ, အန္ဓယစောဒနာတို့တွင် တစ်ခုခုကိုသာ မေးရမည်။ အထွက်ကို မေးရာ၌လည်း သဒ္ဒါ, ပညတ်, ပရမတ်

http://www.dhammadownload.com

တို့တွင်တစ်ခုခုကိုသာမေးရမည်။

(၃) သခေါ်ပ, ဝိတ္ထာရစသော ဝါကျအမည်ခွဲခြင်း, စာစပ်ကိုမေးခြင်း။

မှတ်ချက် ။ ။ ဝါကျခွဲရာ၌ ဂန္ဆာဘရဏကျမ်းလာနှင့် အဋ္ဌကထာ, ဋီကာသုံးရိုး ဝါကျအမည်များကိုသာ မေးမြန်းရမည်။

(၄) ဝိဂ္ဂဟ နှင့် ဉာသ်ကောက်နည်းကို မေးခြင်း။

(၅) လိင်, ဝိဘတ်, ဓာတ် ပစ္စည်း, ကြိယာ, ကာရကတို့၏ အနက်, အဓိပ္ပါယ်, အဆုံးအဖြတ်ကို မေးခြင်း။

(၆) ကျမ်းရင်း ၃-ကျမ်းလုံး၌ အဋ္ဌကထာပုဒ်ဖွင့်ပါဠိဖွင့် အရာ၌ အဋ္ဌကထာဆရာ၏အလို အာဘောဂကိုလည်းကောင်း, အဖွင့်သံဝဏ္ဏနာအမည်ကို လည်းကောင်း မေးခြင်း။

မှတ်ချက် ။ ။ သံဝဏ္ဏနာအမည်မှာ သံဝဏ္ဏနာကျမ်းလာ သံဝဏ္ဏနာအားလုံးနှင့် သက်ဆိုင်သည်။

(၇) ပုဒ်မှာ: ပုဒ်မှန် အဆုံးအဖြတ်ကို မေးခြင်း။

မှတ်ချက် ။ ။ ဆိုင်ရာအဋ္ဌကထာ, ဋီကာဖြစ်စေ, ရှေ့နောက်ထောက်ထားဖွယ်ဖြစ်စေ, ဓာတ်ပစ္စည်း ဝေဖန်၍ဖြစ်စေ, သဒ္ဒနယ အထောက်အထားထင်ရှားဖြစ်စေ ရှိရမည်။

(၈) ဆိုင်ရာအဋ္ဌကထာပါ တစ်စုံတစ်ခုသောပုဒ်ကိုဖြစ်စေ, ဝါကျကိုဖြစ်စေ နည်း, ဥပစာ တစ်ခုခုစပ်၍ မေးခြင်း။

မှတ်ချက် ။ ။ ဥပမာ, ဥပမာန, ဥပမေယျ, ဥပရိကျွာ, ဥပစာများ ခွဲဝေထုတ်ဆောင်နည်းများလည်း စပ်ဆိုင်ပါဝင်သည်။

(၉) သတ်မှတ်ပေးသည့် အဋ္ဌကထာလာ အကြောင်းအရာကို စုကွိယ ဗန္ဓဖြင့် ရေးသားစေခြင်း။

(၁၀) နေတ္တိဟာရ ထုတ်နည်းကို ဆိုင်ရာပါဠိနှင့် စပ်၍ မေးခြင်း။

သီလကွန် ဒုတိယနေ့

(၁) ခက်ခဲသော အဋ္ဌကထာဝါကျတို့ကို ထုတ်ပြ၍ အနက်ယောဇနာစေခြင်း။

(၂) လိုအပ်သော ပါဠိဝါကျတို့ကို ထုတ်ပြ၍ သုဒ္ဓအတက်, အထွက် ၂-မျိုးတို့တွင် ၁-မျိုးမျိုးကို မေးခြင်း။

http://www.dhammadownload.com

မှတ်ချက် ။ ။ အတက်ကို မေးရာ၌ ပါရာဇိကဏ် (၂) နံပါတ် ပုစ္ဆာ အတိုင်း မေးရမည်။ အထွက်၌ သဒ္ဒါ, ပညတ်, ပရမတ် ထွက်နည်းတို့နှင့် အထွဋ္ဌါရ, အဓိပ္ပေတတ္ထ မေးနည်းတို့လည်း စပ်ဆိုင်ပါဝင်သည်။

(၃) ကိဉ္စာပိ, သစေပိ, ယဒိ, သစေ, အထစေ, လက္ခဏာရုစိ, နနု, နနုစ အစရှိသော ဝါကျတို့တွင် တစ်ခုခုကို ထုတ်ပြ၍ ၎င်းတို့ကို ဝါကျ၌ ထားရခြင်း ၏ အကြောင်းနှင့် တကွ စောဒကာဘောဂ, စောဒနာ, ပရိဟာရကာဘောဂ, ပရိဟာရ, အနုဂ္ဂဟ, အရုစိ စသော သက်ဆိုင်ရာ အဓိပ္ပာယ်ကို မေးခြင်း။

(၄) ဝိဂ္ဂဟနှင့် ဝစနတ္ထစသော ၆-ပါးအခွဲကို မေးခြင်း။

(၅) ဟိတ်၏ သမ္ဗန်ထံးခြင်းနှင့် တကွ တ္ထ, တာ သမ္ဗန်တို့၏ က်, ကတ္ထား, သမ္ဗန် အနက် ၃-တန်ဖြစ်ရာ၌ စာစပ်နည်းကို လည်းကောင်း, ဘာဝ သမ္ဗန်ပုဒ်၌ ရထိုက်သော ပစ္စယတ္ထကိုလည်းကောင်း မေးခြင်း။

(၆) ပါရာဇိကဏ် အမှတ် (၆) ပြင်ဆင်ချက်အတိုင်း ဖြစ်သည်။

(၇) နိရုတ္တိနည်းဖြင့် ပုဒ်ပြိုးပုံကိုမေးခြင်း၊ ဝိပလ္လာသဖြစ်ပုံကိုမေးခြင်း။

(၈) နက်နဲခက်ခဲသော အဓိပ္ပာယ်အဆုံးအဖြတ်ကို မေးခြင်း။

မှတ်ချက် ။ ။ ခက်ခဲသောအရာ၌ အဓိပ္ပာယ်ယူပုံ ဆုံးဖြတ်ခြင်း, ဝါဒကွဲပြားသော အချက်၌ ဥပဒ္ဒေသ ၄-မျိုး သင့်ရာညွှန်ပြ၍ ဆုံးဖြတ်ခြင်း, ကျမ်းချင်းကွဲလွဲရာ၌ ကျမ်းညှိနည်း, နီတတ္ထ, နေယျတ္ထ, ဥဒုဝုစ်, ဝက်ဝုတ်, အတ္ထာပန္နေ, အတ္ထာပတ္တိနည်းအားဖြင့် လည်းကောင်း, သဒ္ဒန္တရသန္နိဿန, သဒ္ဒန္တရ ပေါဟနအားဖြင့် လည်းကောင်း အဓိပ္ပာယ် ယူပုံယူနည်းများကို မေးခြင်းများ စပ်ဆိုင်ပါဝင်သည်။

(၉) သတ်မှတ်ပေးသည့် အဋ္ဌကထာပါ အကြောင်းအရာ အဓိပ္ပာယ်သွား အတိုင်း ဝုတ္တောဒယဆန်းကျမ်းလာ ဂါထာ ၁-မျိုးမျိုး ကျနအောင် စီကုံးစေခြင်း။

မှတ်ချက် ။ ။ အဋ္ဌကထာ၌ ပါရှိသော ဂါထာ၏ အမျိုးအမည်ကို မေးခြင်း, အနက်ယောဇနာစေခြင်းလည်း စပ်ဆိုင်ပါဝင်သည်။

(၁၀) အဋ္ဌကထာပါဠိကို စွဲ၍ ဌာယီဘာဝစသော ဘာဝါလင်္ကာရကို မေးခြင်း။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီ ဒုတိယနေ့

(၁) ခက်ခဲသော အဋ္ဌကထာဝါကျတို့ကို ထုတ်ပြ၍ အနက်ယောဇနာ ဆေခြင်း။

(၂) လိုအပ်သော ဝါကျတို့ကို ထုတ်ပြ၍ ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိက္ခေပ, စောဒနာဟူသော ဌပနာပဋ္ဌကဖြင့် သော်လည်းကောင်း, ဌပနာအနုလောမပါပနာဒီကျမ်းရိုး ၅-ချက်ဖြင့်သော်လည်းကောင်း သုဒ္ဓကျမ်းတက် ကျမ်းထွက် ၂-မျိုးတို့တွင် ၁-မျိုးမျိုးကို မေးခြင်း။

မှတ်ချက် ။ ။ (က) အတက်, အထွက် ၂-မျိုးတို့တွင် ၁-မျိုးကိုသာ မေးရမည်။ (ခ) ဇဝံသတိ, ဇဝဋ္ဌိ, ယဒိဇဝံ-စသည်အစချီသော ဝါကျတို့၌ နိတ္ထာအားဖြင့်သော်လည်းကောင်း, နေယျတ္ထာအားဖြင့်သော်လည်းကောင်း ရသင့်ရထိုက်သောအနုလောမပါပနာဒီကို ထုတ်ပြစေခြင်းလည်း စပ်ဆိုင်ပါဝင်သည်။

(၃) ဝါ, အထ ဝါ, အပိစ, အပရော နယော-တို့၏ သဒ္ဒါ, အနက်, အကြောင်း, အကျိုး ဝါကျလဲလှယ်ပုံကို မေးခြင်း။ တေန, တသ္မာ, တေနေဝါဟ, တေန ဝုစ္စတိ, တေနဝုတ္တံ, ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာ, အဓိပ္ပေတံ, ကထိတံ, သမ္ဘဝတော-စသည်ထားပုံ အဓိပ္ပာယ်ကို ဝါကျထုတ်ပြ၍ မေးခြင်း၊ ပုနရုတ္တိဒေါသ စသော ဂန္ထဒေါသတို့ကို ပါဠိဝါကျထုတ်ပြ၍ မေးခြင်း။

(၄) ဝိဂ္ဂဟပြုစေ၍ ဗျုပ္ပတ္တိစသော ၄-ပါး အခွဲကို မေးခြင်း။

မှတ်ချက် ။ ။ ဗျုပ္ပတ္တိစသော ၄-ပါးအခွဲကို မေးခြင်း၌ ဘေဒစိန္တာဒီပနီနှင့် အဘိဓာန်ဋီကာလာသော နည်း ၂-မျိုးတို့တွင် မည်သည့်နည်းနှင့် မဆို ဖြေဆိုနိုင်ခွင့် ရှိပါသည်။

(၅) လိင်္ဂ, ဂဏ, ဂဏဝိမုတ်, အန္တနှင့်တကွသော သမာသပဒသည်ကို မေးခြင်း။

(၆) ပါရာဇိကဏ် အမှတ် (၆) ပြင်ဆင်ချက်အတိုင်း ဖြစ်သည်။

(၇) ဟိ, စ, ပန-စသော နိပါတ်ပုဒ်တို့၏ အနက်, ဧဝ-၏ နိဝတ္တေ-တဗ္ဗစသော အနက်, ယ, တ-စသည်တို့၏ စွဲရာအနက်တို့ကို မေးခြင်း။

(၈) ပုဒ်ဝါကျများ၌ ယထာရဟ ဖြစ်သင့်ဖြစ်ထိုက်သော ဒဿနတ္ထ စသည် ထုတ်နည်းကို မေးခြင်း။

မှတ်ချက် ။ ။ ၎င်း၌ လက္ခဏာဒီစတုက္ကနည်းဖြင့်သော်လည်းကောင်း,

http://www.dhammadownload.com

အခြားနည်းဖြင့်သော်လည်းကောင်း ဖြေဆိုနိုင်ခွင့်ရှိသည်။ "ဒဋ္ဌဗ္ဗံ, ဝေဒိတဗ္ဗံ, သိဒ္ဓံ" ဟု ထားသော ဝါကျများ၌ မုချထွ, နေယျထွ စသည်ကိုလည်းကောင်း, သဒ္ဒသိဒ္ဓိ, အတ္ထသိဒ္ဓိ, သဒ္ဒတ္ထသိဒ္ဓိ, ပစ္စက္ခသိဒ္ဓိ, အနုမာနသိဒ္ဓိ, အာကပ္ပသိဒ္ဓိ, ပရိကပ္ပသိဒ္ဓိ, သိဒ္ဓေယျသိဒ္ဓိ, အတ္ထာပတ္တိသိဒ္ဓိ-အစရှိသော အနက်သဘောကျ ရောက်ရာ အဓိပ္ပာယ်ယူနည်းကို မေးနည်းများ စပ်ဆိုင်ပါဝင်သည်။

(၉) အဘိဓမ္မာအရာ၌ သိမ်မွေ့ နက်နဲ ခက်ခဲသော သဘောအဓိပ္ပာယ် အဆုံးအဖြတ်ကို မေးခြင်း။

မှတ်ချက် ။ ။ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ထုတ်ခြင်းကို မေးခြင်း, ပရမတ္ထဓမ္မဖြစ်ပုံအခြင်းအရာ, ဝိထိဖြစ်ပုံ စသည်ကို မေးခြင်းလည်း ပါဝင်သည်။

(၁၀) ပါဠိအဋ္ဌကထာဝါကျ၌ သင့်ရာပုဒ်တို့၏ ပဋ္ဌာန်းပစ္စည်းစပ်နည်း နှင့်တကွ ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ, ပစ္စည်းပြိုင်ပုံကို မေးခြင်း။

ကျမ်းရင်း ၃-ကျမ်း မေးခွန်းထုတ် စည်းမျဉ်း ပြီး၏။

ဓမ္မာစရိယ မေးခွန်းထုတ် စည်းမျဉ်း အဖြေ

ကျမ်းရင်း ၃-ကျမ်းလုံး၌ ပဌမနေ့

ပါဋ္ဌာနသာရီ

(၁) "ပါဋ္ဌာနသာရီ အနက် ယောဇနာနည်း" ဟူသည် ။ ။ ဟိတ် စသည်တို့ဖြင့် တန်ဆာမဆင်မူ၍ ပါဠိရှိသည်အား လျော်စွာ အနက်ယောဇနာခြင်းကို ဆိုလိုသည်။

(၂) (တစ်နည်း) "ပါဋ္ဌာနသာရီအနက်ယောဇနာနည်း" ဟူသည် ။ ။ ဥပမာ, ဟိတ်တို့ဖြင့် တန်ဆာမဆင်မူ၍ ပါဠိကို အစဉ်လျှောက်၍ ပါဠိရှိသည့် အတိုင်း အနက်ယောဇနာနည်းမျိုးကို "ပါဋ္ဌာနသာရီအနက် ယောဇနာနည်း" ဟု ဆိုလိုသည်။

(၃) (တစ်နည်း) "ပါဋ္ဌာနသာရီအနက်ယောဇနာနည်း" ဟူသည် ။ ။ ဟိတ်လည်း မပါ၊ ဥပမာလည်း မဘက်၊ ၂-ပါးစုံ ရောယှက်ခြင်းလည်း မရှိဘဲ ပကတိပါဠိရှိသည့်အတိုင်း အစဉ်လျှောက်၍ စပ်ယှဉ်အပ် စပ်ယှဉ်သင့်သော

http://www.dhammadownload.com

ပုဒ်တို့ကို စပ်ယှဉ်၍ အနက်ယောဇနာခြင်းသည် ပါဠာနုသာရီ အနက်ယောဇနာခြင်း မည်၏။

(ပါ) ဥဒါဟရဏ် ။ ။ (၁) တေန ခေါ ပန သမယေန ဝေသာလိယာ အဝိဒူရေ ကလန္ဒကါမော နာမအတ္ထိ။ (ပါရာဇိကဏ်ပါဠိတော်။ ၁၃။)

တေန၊ လ။ သမယေန၊ ဠ်။ ဝေသာလိယာ၊ ၏။ အဝိဒူရေ၊ ဠ်။ ကလန္ဒကါမော နာမ၊ သည်။ အတ္ထိ၊ ရှိ၏။ ။ ဤသို့ ဟိတ်စသည်တို့ဖြင့် တန်ဆာမဆင်မူ၍ ပါဠိရှိသည်အား လျော်စွာ အနက်ယောဇနာခြင်းတည်း။

(သီ) ဥဒါဟရဏ် ။ ။ (၂) ဇဝံစိန္တေတွာ ယေန မဏ္ဍလမာဠော တေန ဥပသင်္ကမီတိ ယေနာတိ ယေန ဒိသာဘာဂေန၊ သော ဥပသင်္ကမိတမ္ဘော။ ဘုမ္မတ္ထေ ဝါ ဇတံ ကရဏဝစနံ၊ ယသ္မိံ ပဒေသေ သော မဏ္ဍလမာဠော တတ္ထ ဂတောတိ အယမတ္ထော။ (ဋ္ဌ။ ၄၈။)

ဇဝံ စိန္တေတွာ ယေန မဏ္ဍလမာဠော တေန ဥပသင်္ကမီတိ ဇတ္ထ၊ ဠ်။ ယေနာတိ၊ "ယေန" ဟူသည်ကား။ ယေန ဒိသာဘာဂေန၊ အကြင်အရပ်မျက်နှာအဖို့ဖြင့်။ သော မဏ္ဍလမာဠော၊ ထိုစည်းဝေးရာ ဇရပ်သို့။ ဥပသင်္ကမိတမ္ဘော၊ ချဉ်းကပ်အပ်၏။ ဝါ၊ တစ်နည်းကား။ ဇတံ၊ ဤယေန–ဟူသော သဒ္ဒါသည်။ ဘုမ္မတ္ထေ၊ သတ္တမီအနက်ဠ်။ ကရဏဝစနံ၊ ကရိဏ်းဝိဘတ်ရှိသော သဒ္ဒါတည်း။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်ဠ်။ သောမဏ္ဍလမာဠော၊ သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုစည်းဝေးရာဇရပ်ရှိသော အရပ်သို့။ ဂတောတိ၊ ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။ ဤသို့အစရှိသည်ဖြင့် အနက်ယောဇနာနည်းမျိုးသည် ပါဠာနုသာရီ အနက်ယောဇနာနည်းမျိုး မည်၏။

(နီ) ဥဒါဟရဏ် ။ ။ (၃) သမယေ နိဒ္ဒိသိ စိတ္တံ၊ စိတ္တေန သမယံ မုနိ။
နိယမေတွာန ဒီပေတုံ၊ ဓမ္မေ တတ္ထ ပဘေဒတော။

စိတ္တေန၊ ဝိသေသနဖြစ်သော စိတ်ဖြင့်။ သမယံ၊ စိတ်၏ဖြစ်ရာ ဝိသေသျဖြစ်သော သမယကို။ နိယမေတွာန၊ မှတ်သား၍။ **(တစ်နည်း)** နိယမေတွာန၊ အထူးပြု၍။ တတ္ထ တသ္မိံ သမယေ၊ ထိုစိတ်၏ဖြစ်ရာ သမယ၌။ ဝါ၊ ထိုစိတ်ဖြင့် အထူးပြုအပ်သော ဝိသေသျဖြစ်သော သမယ၌။ ပဘေဒတော၊ ကုသိုလ်အစရှိသော အထူးအပြားအားဖြင့်။ ဓမ္မေ၊ ဖဿ အစရှိသော တရားတို့ကို။ ဒီပေတုံ၊ ပြခြင်းငှာ။ **(တစ်နည်း)** ဝေနေယျံ၊ ဝေနေယျသတ္တဝါကို။ ဒီပေတုံ ဇောဓေတုံ၊ သိစေခြင်းငှာ။ သမယေ၊ ဝိသေသနဖြစ်သော သမယ၌။ စိတ္တံ၊ ဝိသေသျဖြစ်

http://www.dhammadownload.com

သော စိတ်ကို။ မုနိ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိသိ၊ ညွှန်ပြတော်မူ၏။ (ဋ္ဌ။ ၉၉။)

ယသ္မိံ သမယေ–ဌ် သမယ–ကား ဝိသေသန
စိတ္တံ–ကား ဝိသေသျ
တသ္မိံ သမယေ–ဌ် သမယ–ကား ဝိသေသျ
စိတ္တံ–ကား ဝိသေသန

နိသျဆရာ၏ အမှာစကား (နိသျ။ ၃၆၈။)

အာကာရဒုံ, ထုတ်

(၁) "အာကာရဒုံ၍ အနက်ယောဇနာနည်း" ဟူသည် ။ ။ အာကာရ ဖြစ်သင့်သော ဝါကျကို အာကာရဝန္တသို့ သွင်း၍ (ဒုံ၍) အနက်ယောဇနာခြင်း ကို ဆိုလိုသည်။

(၂) "အာကာရထုတ်၍ အနက်ယောဇနာနည်း" ဟူသည် ။ ။ အာကာရ ဖြစ်သော ဝါကျကို အာကာရဝန္တသို့ မသွင်းမူ၍ (ထုတ်၍) အနက်ယောဇနာ ခြင်းကို ဆိုလိုသည်။

(ပါ) ဥဒါဟရဏ် ။ ။ အထ ခေါ အာယသ္မတော သုဒိန္နသ ပိတာ အာယသ္မန္တံ သုဒိန်္နံ ဧတဒဝေါစ "ဘုဉ္ဇ တာတ သုဒိန္နာ" တိ။ (ပါရာဇိကဏ် ပါဠိတော်။ ၁၈။)

(၁) အထခေါ၊ ဌ်။ အာယသ္မတော သုဒိန္နသ၊ ၏။ ပိတာ၊ သည်။ အာယသ္မန္တံ သုဒိန်္နံ၊ ကို။ "ဘုဉ္ဇ တာတ သုဒိန္နာ" တိ၊ "ဘုဉ္ဇ တာတ သုဒိန္န" ဟူ၍။ ဧတံ၊ ကို။ အဝေါစ၊ ဆို၏။ ။ ဤကား အာကာရဒုံ၍ အနက်ယောဇနာ ခြင်းတည်း။

(၂) အထခေါ၊ ဌ်။ အာယသ္မတော သုဒိန္နသ၊ ၏။ ပိတာ၊ သည်။ အာယသ္မန္တံ သုဒိန်္နံ၊ ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ဆို၏။ ကိံ၊ အဘယ်သို့ လျှင်။ အဝေါစ၊ ဆိုသနည်း။ "ဘုဉ္ဇ တာတ သုဒိန္နာ" တိ၊ ဟူ၍။ အဝေါစ၊ ဆို၏။ ။ ဤကား အာကာရထုတ်၍ အနက်ယောဇနာခြင်းတည်း။

(တစ်နည်း) စည်းမျဉ်းဥပဒေ၌ အာကာရဒုံ၍ ထုတ်၍ အနက်ယောဇနာ နည်းဟူရာဝယ်–

(၁) "အာကာရဒုံ၍ အနက်ယောဇနာနည်း" ဟူသည် ။ ။ ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ မနသာဝ ဝတ္ထုပိတဖြစ်၍ ဟူ၍–ဟောသော မြန်မာအနက်

http://www.dhammadownload.com

သည် အာကာရတ္ထမည်၏။ ထိုအာကာရတ္ထကို ဟောသော ဣတိ-သဒ္ဒါနှင့်တကွ ဣတိ-သဒ္ဒါ၏ အတွင်း၌ရှိသော ပုဒ်တို့ကို ပေါင်း၍ သဒ္ဒပဒတ္ထက အဖြစ်ဖြင့် ကြိယာ၏ အတွင်းသို့သွင်း၍ ယောဇနာခြင်းမျိုးသည် "အာကာရံ၍ ယောဇနာနည်းမျိုးမည်၏" ဟု ဆိုလိုသည်။

(သီ) ဥဒါဟရဏ် ။ ။ ဘဂဝါ ကိရ အတ္တနော သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ ဖာသုကဋ္ဌာနေ ဝိဟရန္တေ မနသိ ကရောသိ "အသုကော မယှံ သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ ဂတော သက္ခိဿတိ နု ခေါ ဝိသေသံ နိဗ္ဗတ္တေတုံ နော ဝါ" တိ။ (ဋ္ဌ။ ၄၉။)

ဘဂဝါ၊ သည်။ အတ္တနော၊ ၏။ သန္တိကေ၊ ၌။ ကမ္မဋ္ဌာနံ၊ ကို။ ဂဟေတွာ၊ ၍။ ဖာသုကဋ္ဌာနေ၊ ချမ်းသာရာအရပ်၌။ ဝိဟရန္တေ၊ နေကုန်သော ရဟန်းတို့ကို။ "အသုကော မယှံ။ လ။ နော ဝါ" တိ၊ ဟူ၍။ မနသိကရောတိ ကိရ၊ နှလုံးသွင်းတော်မူသတတ်။ ။ ဤသို့ အနက်ယောဇနာနည်းမျိုးသည် အာကာရံ၍ အနက်ယောဇနာနည်းမည်၏။

(၂) "အာကာရထုတ်၍ အနက် ယောဇနာနည်း" ဟူသည် ။ ။ အာကာရဝန်္တမှ အပြင်ထုတ်၍ ယောဇနာနည်းမျိုးသည် အာကာရကို အပြင်ထုတ်၍ ယောဇနာနည်း မည်၏။

ဥဒါဟရဏ် ။ ။ ယခင်ဝါကျအနက်။ ။ ဘဂဝါ၊ သည်။ အတ္တနော၊ ၏။ သန္တိကေ၊ ၌။ ကမ္မဋ္ဌာနံ၊ ကို။ ဂဟေတွာ၊ ၍။ ဖာသုကဋ္ဌာနေ၊ ၌။ ဝိဟရန္တေ၊ တို့ကို။ မနသိကရောတိ၊ ၏။ ကိ မနသိ ကရောတိ၊ နည်း။ "အသုကော မယှံ။ လ။ နော ဝါ" တိ၊ ဟူ၍။ မနသိ ကရောတိ ကိရ၊ သတတ်။ ။ဤသို့ အနက်ယောဇနာနည်းမျိုးသည် အာကာရကို အပြင်ထုတ်၍ အနက်ယောဇနာနည်း မည်၏။

(တစ်နည်း) (ခ) "အာကာရံ၍ အနက်ယောဇနာနည်း" ဟူသည်။ ။ အာကာရဝန်္တ ဝါကျ၏ နောက်၌ အာကာရအနက်ရှိသော ဣတိ-သဒ္ဒါဖြင့် ပြဆိုထားသော အာကာရဝါကျစကားရပ်ကို အာကာရဝန်္တ ဝါကျအတွင်းသို့ သွတ်သွင်းကိုက်ငံ့လျက်အနက်ယောဇနာခြင်းမျိုးတည်း။ ထိုနည်းသည်-

(က) အာကာရဝါကျပါဠိကို အနက်ယောဇနာခြင်းမပြုဘဲ အာကာရပါဠိ အတိုင်း အတွင်းငံ့နည်း,

(ခ) အာကာရဝါကျပါဠိကို အနက်ယောဇနာခြင်းနှင့်တကွ အတွင်းငံ့

http://www.dhammadownload.com

နည်းဟု ၂-မျိုးပြား၏။ ထို ၂-မျိုး ၂-ပါးတို့တွင်-

(က) ဥဒါဟရဏ် ။ ။ မာတာပိတရော ဟိ ကဒါစိ ပုတ္တကေ ဧဝမ်ိဳ ဝဒန္တီ "စောရာ ဝေါ ခဏ္ဍာခဏ္ဍိကံ် ကရောန္တူ" တိ။ (နီ၊ ဋ္ဌ။ ၁၄၃။)

ဟိ-သစ္စံ၊ မှန်၏။ မာတာပိတရော၊ အမိအဘာတို့သည်။ ကဒါစိ၊ တစ်ရံ တစ်ခါ၌။ ပုတ္တကေ၊ သားငယ်သမီးငယ်တို့ကို။ "စောရာ ဝေါ ခဏ္ဍာခဏ္ဍိကံ် ကရောန္တူ" တိ၊ "စောရာ ဝေါ ခဏ္ဍာခဏ္ဍိကံ် ကရောန္တု" ဟူ၍။ ဧဝမ်ိဳ၊ ဤသို့လည်း။ ဝဒန္တီ၊ ပြောဆိုတတ်ကြကုန်၏။ ။ ဤကား အာကာရပါဠိကို အနက်ယောဇနာခြင်းမပြုဘဲ ပါဠိအတိုင်း ဆုံပုံတည်း။

ဝေါ၊ နင်တို့ကို။ စောရာ၊ ခိုးသူတို့သည်။ ခဏ္ဍာခဏ္ဍိကံ်၊ အပိုင်းအပိုင်း။ ကရောန္တု၊ ပြုစေကုန်သတည်း။ (နီသု။ ၅၇၇။)

မှတ်ချက် ။ ။ ဤသို့ အာကာရပါဠိကို သီးသန့် ယောဇနာခြင်းသည် ပေါရာဏာစရိယတို့၏ ဝါဒပေတည်း။

(ခ) ဥဒါဟရဏ် ။ ။ တံ တံ ကမ္မံ ကတွာ ဥယျောဇေတဗ္ဗော "ဂစ္ဆ ဝိယာသာဒေါ ဟုတွာ ဇီဝိသသီ" တိ။ (နီ၊ ဋ္ဌ။ ၃၀။)

ပဌမနည်း ။ ။ တံ တံ ကမ္မံ၊ ထိုထိုအမှုကို။ ကတွာ၊ ပြု၍။ အာဝုသော၊ ငါ့ရှင်။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားချေ။ ဂန်တွာ၊ သွားပြီး၍။ ဝိယာသာဒေါ၊ စားကြွင်းစားသည်။ ဟုတွာ၊ ဖြစ်၍။ ဇီဝိသသီ၊ အသက်ရှင်ရလတ္တံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဥယျောဇေတဗ္ဗော၊ လွှတ်လိုက်အပ်၏။

ဒုတိယနည်း ။ ။ (တစ်နည်း) တံ တံ ကမ္မံ၊ ကို။ ကတွာ၊ ၍။ အာဝုသော၊ ငါ့ရှင်။ တွံ၊ သည်။ ဂစ္ဆ၊ ချေ။ ဂန်တွာ၊ ၍။ ဝိယာသာဒေါ၊ သည်။ ဟုတွာ၊ ၍။ ဇီဝိသသီတိ၊ ဟူ၍။ ဝတွာ၊ ၍။ ဥယျောဇေတဗ္ဗော၊ ၏။

တတိယနည်း ။ ။ (တစ်နည်း) တံ တံ ကမ္မံ၊ ကို။ ကတွာ၊ ၍။ "ဂစ္ဆ ဝိယာသာဒေါ ဟုတွာ ဇီဝိသသီ" တိ၊ "ငါ့ရှင် အသင်သွားပါချေ သွားပြီး စားကြွင်းစားဖြစ်လျက် အသက်ရှင်ရလတ္တံ့" ဟူ၍။ ဝတွာ၊ ပြောဆို၍။ ဥယျောဇေတဗ္ဗော၊ ၏။

ဤကား အာကာရဝါကျ ပါဠိကို အနက်ယောဇနာခြင်းနှင့်တကွ အတွင်း ဆုံ၍ ယောဇနာနည်းတည်း။

(၂) "အာကာရကို အပြင်ထုတ်၍ ယောဇနာနည်း" ဟူသည် ။ ။ အာကာရဝါကျက အာကာရဝန္တဝါကျ၏ အတွင်းမှာ ဝင်ရောက်နေသဖြင့် ၎င်း

http://www.dhammadownload.com

အတွင်း ဝင်နေသော အာကာရဝါကျကို အာကာရဝန္တ ဝါကျ၏ အပြင်ဘက်မှာ သီးခြားထုတ်လျက် အနက်ယောဇနာခြင်းမျိုးတည်း။ ထိုနည်းသည်လည်း-

(က) အာကာရဝါကျကို အနက်ယောဇနာခြင်း မပြုဘဲ အာကာရဝါကျ ပါဠ်အတိုင်း အပြင်ထုတ်နည်း,

(ခ) အာကာရဝါကျကို အနက်ယောဇနာခြင်းနှင့်တကွ အာကာရဝါကျ ပါဠ်ကို အပြင်ထုတ်၍ အနက်ယောဇနာနည်း ဟူ၍ ၂-ပါး ပြား၏။ ထို ၂-ပါး တို့တွင် -

(က) ဥဒါဟရဏ် ။ ။ ဗျာပါဒသဟဂတေန စေတသာ "ကွမေ သတ္တာ ဟညန္တု ဝါ ဗဇ္ဈန္တု ဝါ ဥစ္ဆိဇ္ဇန္တု ဝါ၊ မာ ဝါ အဟေသု" န္တိ ဝဒတိ။ (နီ၊ ဋ္ဌ။ ၁၃၆။)

ဗျာပါဒသဟဂတေန၊ ဒေါသနှင့်တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဝဒတိ၊ ပြောဆို၏။ ကိံ၊ အဘယ်သို့။ ဝဒတိ၊ နည်း။ "ကွမေသတ္တာ ဟညန္တု ဝါ ဗဇ္ဈန္တု ဝါ ဥစ္ဆိဇ္ဇန္တု ဝါ၊ မာ ဝါ အဟေသု" န္တိ၊ "ကွမေ သတ္တာ ဟညန္တု ဝါ ဗဇ္ဈန္တု ဝါ ဥစ္ဆိဇ္ဇန္တု ဝါ၊ မာ ဝါ အဟေသုံ" ဟူ၍။ ဝဒတိ၊ ပြောဆို၏။

ကွမေ သတ္တာ၊ ဤသတ္တဝါတို့ကို။ ဝါ၊ တို့သည်။ ဟညန္တု ဝါ၊ သတ် အပ်ကုန်လည်း သတ်အပ်ပါကုန်မူကား။ အဟော ဝတ၊ ကောင်းလေစွ သော်။ ဗဇ္ဈန္တု ဝါ၊ နှောင်ဖွဲ့အပ်ကုန်မူလည်း နှောင်ဖွဲ့အပ်ပါကုန်မူကား။ အဟော ဝတ၊ သော်။ ဥစ္ဆိဇ္ဇန္တု ဝါ၊ ဖြတ်အပ်ကုန်မူလည်း ဖြတ်အပ်ကုန်ပါမူကား။ အဟော ဝတ၊ သော်။ မာ ဝါ အဟေသုံ၊ မဖြစ်မူလည်း မဖြစ်ပါကုန်မူကား။ အဟော ဝတ၊ သော်။

(တစ်နည်း) ကွမေ သတ္တာ၊ တို့ကို။ ဝါ၊ တို့သည်။ ဟညန္တု ဝါ၊ သတ် မူလည်း သတ်အပ်စေကုန်သတည်း။ ဗဇ္ဈန္တု ဝါ၊ နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့အပ် စေကုန်သတည်း။ ဥစ္ဆိဇ္ဇန္တု ဝါ၊ ဖြတ်မူလည်းဖြတ်အပ်စေကုန်သတည်း။ မာ ဝါ အဟေသုံ၊ မဖြစ်မူလည်း မဖြစ်ကြစေကုန်သတည်း။

မှတ်ချက် ။ ။ ဤသို့ အာကာရပါဠ်ကို အပြင်ထုတ်၍ သီးသန့် ယော ဇနာခြင်းသည် ပေါရာဏာစရိယတို့၏ ဝါဒပေတည်း။

(ခ) ဥဒါဟရဏ် ။ ။ တတော ဒေဝတာနံ "အဇ္ဇာပိ နူန သိဒ္ဓတ္ထသ ကတ္တာဇ္ဇကိစ္စံ အတ္ထိ၊ ပလ္လင်္ကသ္မိဉ္စိ အာလယံ နာ ဝိဇဟတီ" တိ ပရိဝိတက္ကော ဥဒပါဒိ။ (နီ၊ ဋ္ဌ။ ၁၃။)

http://www.dhammadownload.com

တတော၊ ထိုသို့ရတော်မူလျက် ပလ္လင်တော်ကို ခုနစ်ရက်ပတ်လုံး မမှိတ်သော မျက်စိတော်တို့ဖြင့် ကြည့်ခြင်းကြောင့်။ ဒေဝတာနံ၊ နတ်တို့အား။ ပရိဝိတက္ကော၊ အကြံအစည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ကိံ၊ အဘယ်သို့။ ဝါ၊ အဘယ်သို့သော အခြင်းအရာ အာကာရဖြင့်။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ နည်း။

မှာထားချက်။ ။ ဣတိ–သဒ္ဒါ၊ အာကာရတ္ထ၊ နောက်၌ပြုမူ၊ ဝါစက ပုစ္ဆာ၊ ကိံ–သဒ္ဒါကို၊ ရှေ့မှာစွက်၍၊ အနက်သမ္မန်မြို–ဟူသော နိယံနှင့်အညီ ကိံ–သဒ္ဒါ ထည့်ပါ၌။

အဇ္ဈာပိ၊ ယနေ့၌သော်လည်း။ သိဒ္ဓတ္ထသ၊ သိဒ္ဓတ္ထမင်းသားအား။ ကတ္တုဗ္ဗကိစ္စံ၊ ပြုဖွယ်ကိစ္စသည်။ အတ္ထိ နူန၊ ကျန်ရှိသေးယောင်တကား။ ဟိ၊ မှန်၏။ အယံ၊ ဤသိဒ္ဓတ္ထမင်းသားသည်။ ပလ္လင်္ကံသ္မိံ၊ ပလ္လင်တော်၌။ အာလယံ၊ ကပ်ငြိတွယ်တာခြင်းကို။ နု ဝိဇဟတိ၊ မစွန့်ရက်နိုင်သေး။ ဣတိ၊ ဤသို့။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ၏။

(တစ်နည်း) တတော၊ ကြောင့်။ ဒေဝတာနံ၊ တို့အား။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ၏။ ကိံ၊ သို့။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ နည်း။ အဇ္ဈာပိ၊ လည်း။ သိဒ္ဓတ္ထသ၊ အား။ ကတ္တုဗ္ဗကိစ္စံ၊ သည်။ အတ္ထိ နူန၊ ကား။ ဟိ၊ မှန်၏။ အယံ၊ သည်။ ပလ္လင်္ကံသ္မိံ၊ ၌။ အာလယံ၊ ကို။ "နု ဝိဇဟတိ" တိ၊ "မစွန့်ရက်နိုင်သေး" ဟူ၍။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(တစ်နည်း) တတော၊ ကြောင့်။ ဒေဝတာနံ၊ တို့အား။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ကထံ၊ သို့။ ဝါ၊ အဘယ်သို့သော အခြင်းအရာ အာကာရဖြင့်။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ နည်း။ "အဇ္ဈာပိ နူန သိဒ္ဓတ္ထသ ကတ္တုဗ္ဗကိစ္စံ အတ္ထိ၊ ပလ္လင်္ကသ္မိံဉိ အာလယံ နု ဝိဇဟတိ" တိ၊ "ယနေ့ထိပင် သိဒ္ဓတ္ထမှာ ပြုဖွယ်ကိစ္စ ကျန်ရှိသေး၏။ မှန်၏။ ဤသိဒ္ဓတ္ထကား ပလ္လင်တော်၌ တွယ်တာကပ်ငြိခြင်း မစွန့်နိုင်သေး" ဟူ၍။ ပရိဝိတက္ကော၊ အကြံအစည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

မှတ်ချက် ။ ။ ဤကား အာကာရဝါကျကို အနက်ယောဇနာခြင်းနှင့် ဘက္ခု အပြင်ထုတ်၍ အနက်ယောဇနာခြင်းသည် ပေါရာဏာစရိယတို့၏ ဝါဒ ဆပတည်း။

http://www.dhammadownload.com

ဝါကျအပြန်အလှန်

"ဝါကျအပြန်အလှန်အနက်ယောဇနာနည်း" ဟူသည် ။ ။ ကာရဏ, ဖလ-ဖြစ်သင့်သော ဝါကျတို့၌ ကသ္မာ-စသည်တို့ဖြင့် ပုစ္ဆာထုတ်၍ ဖလဝါကျသို့ ယသ္မာ, တသ္မာ-စသည် ထည့်စွက် အနက်ယောဇနာခြင်းမျိုးကို ဆိုလိုသည်။

(ပါ) ဥဒါဟရဏ် ။ ။ သမ္မသာဒနံ ပန ထပေတွာ နိပ္ပရိယာယေန တိဝင်္ကမေဝေတံ ဟောတိ။ ယထာဟ "ကတမံ တသ္မိံ သမယေ တိဝင်္ကံ ကံ စျာနံ ဟောတိ? ပီတိ သုခံ စိတ္တသ္မေကဂ္ဂတာ" တိ။ (ပါ၊ ဋ္ဌ၊ ၁။ ၁၁၉။)

ပန၊ ပရိယာယမှတစ်ပါး: နိပ္ပရိယာယကို ဆိုဦး:အံ့။ သမ္မသာဒနံ၊ သမ္မသာဒနကို။ ထပေတွာ၊ ၍။ နိပ္ပရိယာယေန၊ အား:ဖြင့်။ ဇတံ၊ ထိုဒုတိယစျာန်သည်။ တိဝင်္ကံ ကမေဝ၊ အင်္ဂါသုံး:ပါး: ရှိသည်သာလျှင်။ ဟောတိ၊ ၏။ ကေန ကာရဏေန၊ ကြောင့်။ ဇတံ ဇတသ စျာနသ၊ ထိုဒုတိယစျာန်၏။ တိဝင်္ကံ ကဘာဝေါ၊ ကို။ ဝိညာတဗ္ဗော၊ သနည်း။ "ကတမံ တသ္မိံ သမယေ။ လ။ စိတ္တသ္မေကဂ္ဂတာ" တိ၊ ဟူ၍။ ယထာယေန ကာရဏေန၊ ကြောင့်။ ဘဂဝါ၊ သည်။ ဓမ္မသင်္ဂဏီယံ၌။ အာဟ၊ ပြီ။ တထာ တေန ကာရဏေန၊ ကြောင့်။ ဇတသ စျာနသ၊ ၏။ တိဝင်္ကံ ကဘာဝေါ၊ ကို။ ဝိညာတဗ္ဗော။ အပ်၏။ ။ ဤသို့ ယောဇနာခြင်းမျိုးကို "ဝါကျအပြန်အလှန် ယောဇနာခြင်းမျိုး" ဟု ဆိုလိုသည်။

မှတ်ချက် ။ ။ ဤဝါကျအပြန်အလှန်ကိုဖော်ပြရာ၌ ဤနည်းမှတစ်ပါး: သီလက္ခန္ဓနှင့် ဓမ္မသင်္ဂဏီပဌမနေ့တို့၌ ဝါကျအပြန်အလှန် ရသင့်ရထိုက်သော ဝါကျများကို ဖော်ပြဖြေဆိုသော နည်းများလည်း သင်္ဝဏ်စေရမည်။

(တစ်နည်း) "ဝါကျအပြန်အလှန်အနက်ယောဇနာနည်း" ဟူသည် ။ ။ မူလဝါကျ, အနုဝါကျဖြစ်သော ဟေတု, ဖလဝါကျ၌ လည်းကောင်:, နိယမာနိယမဝါကျ၌လည်းကောင်:, ဥပမာန, ဥပမေယျဝါကျ၌ လည်းကောင်: အနုဝါကျမှ မူလဝါကျသို့ ပြန်လှန်၍ ယောဇနာသောနည်းမျိုးကို "ဝါကျအပြန်အလှန် ယောဇနာနည်း" ဟု ဆိုလိုသည်။

နိယမာနိယမဝါကျ၌ ဥဒါဟရဏ် ။ ။ ဘဂဝါ ကတဘတ္တကိစ္စော တေသံ သတ္တာနံ စိတ္တသန္တာနာနိ သြလောကေတွာ ယထာ ဓမ္မံ ဒေသေတိ။ ယထာ ကေစိ သရဏဂမနေသု ပတိဋ္ဌဟန္တိ။ ကေစိ ပဉ္စသု သီလေသု၊ ကေစိ သောတာပတ္တိ သကဒါဂါမိ အနာဂါမိဖလာနံ အညတရသ္မိံ၊ ကေစိ ပဗ္ဗဇိတွာ

http://www.dhammadownload.com

အဂ္ဂဖလေ အရဟတ္တေ။ (သီ၊ ဋ္ဌ။ ၄၆။)

ကတဘတ္တကိစ္စော၊ ပြုအပ်ပြီးသော ဆွမ်း၏ ကိစ္စရှိသော။ ဘဂဝါ၊ သည်။ တေသံ သတ္တာနံ၊ တို့၏။ စိတ္တသန္တာနာနံ၊ စိတ်၏အစဉ်တို့ကို။ ဩလောကေတွာ၊ ၍။ ယထာ၊ အကြင်သို့သော အခြင်းအရာဖြင့်။ ဓမ္မေ၊ တရားကို။ ဒေသိတေ၊ ဟောတော်မူအပ်သည်ရှိသော်။ ကေစိ၊ အချို့သောသူတို့သည်။ သရဏဂမနေသု၊ သရဏဂုံတို့၌။ ပတိဋ္ဌဟန္တိ၊ တည်ကုန်၏။ ကေစိ၊ တို့သည်။ ပဉ္စသုသီလေသု၊ တို့၌။ ပတိဋ္ဌဟန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ သောတာပတ္တိသကဒါဂါမိ-အနာဂါမိဖလာနံ၊ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်တို့တွင်။ အညတရသ္မိံ၊ တစ်ပါးပါးသော ဖိုလ်၌။ ပတိဋ္ဌဟန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ ပဗ္ဘဇိတွာ၊ ၍။ အဂ္ဂဖလေ၊ မြတ်သော ဖိုလ်ဟုဆိုအပ်သော။ အရဟတ္တေ၊ ၌။ ပတိဋ္ဌဟန္တိ၊ ကုန်၏။ တထာ၊ ထိုသို့သော အခြင်းအရာဖြင့်။ ဓမ္မံ၊ ကို။ ဒေသေတိ၊ ၏။ ။ဤသို့ အနက်ယောဇနာသော နည်းမျိုးသည် နိယမာနိယမဝါကျတို့ကို ပြန်လှန်၍ အနက်ယောဇနာနည်း မည်၏။

(တစ်နည်း) "ဝါကျအပြန်အလှန်အနက်ယောဇနာနည်း" ဟူသည် ။ ။ ဥပမာန ဥပမေယျ, ကာရဏ ဖလ ဥပမာ မဟုတ်သော ယထာ တထာ စသည်ဖြင့် တည်ရှိသော ဝါကျများကို တည်ရှိသော အစဉ်အတိုင်း အနက်မပေးဘဲ ရှေ့ဝါကျကို နောက်, နောက်ဝါကျကို ရှေ့ထားလျက် ဝါကျကို ပြန်လှန်ပြီးလျှင် အနက်ယောဇနာခြင်းမျိုးတည်း။

(နှီ) ဥဒါဟရဏ် ။ ။ ကရဏာ ဝိယ သတ္ထေသု၊ ပညာ ယဿ မဟေသိနော။
ဥေယျဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။

မဟေသိနော၊ ကြီးကျယ်များမြတ် ပူဇော်အပ်ကုန်သော သီလအစု အစရှိကုန်သော ငါးပါးသော တရားအစုတို့ကို ရှာမှီးတော်မူတတ်သော။ ဝါ၊ ပုထုဇဉ်သေခ အသေခ ကျသိတို့ထက် ထူးတော်မူသည်၏ အဖြစ်ကြောင့် မြတ်သော ကျသိတစ်ဆူ ဖြစ်တော်မူသော။ ဝါ၊ မြတ်ကုန်သော ပုဂ္ဂိုလ်တို့သည် ရှာမှီးအပ်တော်မူသော။ ယဿ သမ္မာသမ္ဗုဒ္ဓဿ၊ အကြင် မြတ်စွာဘုရား၏။ ပညာ၊ မဟာကရုဏာသမာပတ္တိဉာဏ်တော်မှတစ်ပါးသော အသာဓာရဏဉာဏ်တော် စတုဝေသာရဇ္ဇဉာဏ်တော် ဒသဗလဉာဏ်တော် အစရှိသော အပိတ်အပင် အတားအဆီး မရှိသော အလုံးစုံသော ဉာဏ်ပညာတော်သည်။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဥေယျဓမ္မေသု၊ သိအပ်သိသင့်သိထိုက်ကုန်သော သခါရ ဝိကာရ လက္ခဏ နိဗ္ဗာန်ပညတ်ဟု ဆိုအပ်ကုန်သော ဥေယျတရားတို့၌။ ယထာရုစိ၊

http://www.dhammadownload.com

အလိုတော်အားလျော်စွာ။ ဝါ၊ အကြင်အကြင် အလိုအတိုင်း။ ဝါ၊ အလိုရှိတိုင်း၊ ပဝတ္တိတ္ထ။ ဖြစ်လေပြီ။ (ဥပမေယျ ဝါကျအနက်) ကိမိဝ၊ အဘယ်ကဲ့သို့ ဖြင့် သနည်း ဟူမူကား။ မဟေသိနော၊ သော။ ဝါ၊ သော။ ဝါ၊ သော။ သမ္မာ-သမ္မဒ္ဒသ၊ မြတ်စွာဘုရား၏။ ကရဏာ၊ တစ်ပါးသော ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံသော အသာဓာရဏဖြစ်တော်မူသော မဟာကရုဏာတော်သည်။ သဗ္ဗေသု ကုန်သော။ သတ္တေသု၊ တို့၌။ ယထာရုစိ၊ စွာ။ ဝါ၊ အတိုင်း။ ဝါ၊ အလိုရှိတိုင်း၊ ပဝတ္တိတ္ထ ဝိယ၊ ဖြစ်လေပြီး၏သို့တည်း။ (ဥပမာနဝါကျအနက်) (နီ၊ ၌။ ၁။)

မှတ်ချက် ။ ။ ဤ၌ "ဥပမာနဝါကျ ရှေ့,ဥပမေယျဝါကျ နောက်နေသည်ကို ရှေ့,နောက် ပြန်လှန်၍ ဥပမေယျဝါကျတို့ကို ရှေ့,ဥပမာနဝါကျကို နောက်ထား၍ အနက်ယောဇနာသည်" ဟု မှတ်ပါလေ။

သဒ္ဓတ္ထ, အဓိပ္ပာယတ္ထ

"သဒ္ဓတ္ထအနက်ယောဇနာနည်း" ဟူသည် ။ ။ ဝစနတ္ထကို ငဲ့၍ ယော-ဇနာခြင်းမျိုးကို "သဒ္ဓတ္ထအနက်ယောဇနာနည်း" ဟု ဆိုလိုသည်။

"အဓိပ္ပါယတ္ထအနက်ယောဇနာနည်း" ဟူသည် ။ ။ ဝစနတ္ထကို မငဲ့မူ၍ လိုအပ်သော အဓိပ္ပာယ်အနက် ရရှိအောင် ယောဇနာခြင်းမျိုးကို "အဓိပ္ပါယတ္ထ အနက်ယောဇနာနည်း" ဟု ဆိုလိုသည်။

(ပါ) ဥဒါဟရဏ် ။ ။ ယံနူနာဟံ ကေသမဿုံ ဩဟာရေတွာ ကာသာ-ယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗာဇေယျံ။ (ပါဠိတော်။ ၁၃။)

ဤဝါကျ၌ အစ္ဆာဒေတွာ-ဟူသော ပုဒ်ကို ဖုံးလွှမ်း၍-ဤလို ယောဇနာသော် သဒ္ဓတ္ထ။ ဝတ်ရုံ၍-ဤလိုယောဇနာသော် အဓိပ္ပါယတ္ထ။

(တစ်နည်း) ဤဝါကျ၌ပင် အနဂါရိယံ-ဟူသော ပုဒ်ကို အိမ်၏ အစီး-အပွား မရှိသော ရဟန်းဘောင်၌-ဤလို ယောဇနာသော် သဒ္ဓတ္ထ။ အိမ်ယာ မထောင် ရဟန်းဘောင်၌-ဤလို ယောဇနာသော် အဓိပ္ပါယတ္ထ။ ။ဤသို့ ယောဇနာခြင်းမျိုးကို "သဒ္ဓတ္ထ, အဓိပ္ပါယတ္ထ ယောဇနာနည်းမျိုး" ဟု ဆိုလိုသည်။

သဒ္ဓတ္ထ, အဓိပ္ပါယတ္ထ ယောဇနာနည်း၌ရှင်းလင်းချက် ။ ။ အဂါရဿ ဟိတံ အဂါရိယံ၊ ဟိတတဒ္ဓိတ်။ နတ္ထိ အဂါရိယံ ဧတ္ထာတိ အနဂါရိယံ၊ ဗဟုဗ္ဗီဟိ သမာသ်။ ဤသို့ "တဒ္ဓိတ်ဝစနတ္ထ, ဗဟုဗ္ဗီဟိသမာသဝစနတ္ထ ဖြစ်သော အနက်ကိုသာ ငဲ့၍ ပေးသော အနက်သည် သဒ္ဓတ္ထ, ယင်းဝစနတ္ထ ဖြစ်သော အနက်ကို

http://www.dhammadownload.com

မင့်မူ၍ အဓိပ္ပာယ်ရအနက်ကိုသာငဲ့၍ ပေးသောအနက်သည် အဓိပ္ပါယတ္ထ မည်၏" ဟု ဆိုလိုသည်။

(တစ်နည်း) "သဒ္ဒတ္ထယောဇနာ" ဟူသည် ။ ။ သဒ္ဒါသည် ဟောအပ် သည်အား လျော်စွာ အနက်ကို ထုတ်ဖော်၍ အနက် ယောဇနာသောနည်းကို "သဒ္ဒတ္ထယောဇနာနည်း" ဟု ဆိုလိုသည်။

(သို) ဥဒါဟရဏ် ။ ။ ကိလေသာရိန် ဟတတ္တာ, ပစ္စယာဒီနဉ္စအရဟတ္တာ အရဟတာ။ သမ္မာသာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ သမ္မသမ္ဗုဒ္ဓေန ။ (၄။ ၄၄။)

သဒ္ဒတ္ထ ယောဇနာနည်း ။ ။ ကိလေသာရိန်၊ ကိလေသာ ဟူကုန်သော ရန်သူတို့ကို။ ဟတတ္တာ စ၊ သတ်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ပစ္စယာဒီနံ၊ ပစ္စည်းလေးပါးအစရှိသည်တို့ကို။ အရဟတ္တာ စ၊ ခံတော်မူတတ် သည်၏အဖြစ်ကြောင့် လည်းကောင်း။ အရဟတာ၊ ကိလေသာဟူကုန်သော ရန်သူတို့ကို သတ်တော်မူတတ်သော မြတ်စွာဘုရားသည်။ ဝါ၊ ပစ္စည်းလေးပါး အစရှိသည်တို့ကို ခံတော်မူတတ်သော မြတ်စွာဘုရားသည်။ (သဒ္ဒတ္ထ၊ သဂုဏဒဗ္ဗပက္ခ။)

သမ္မာ၊ မဖောက်မပြန်။ သာမဉ္စ၊ ကိုယ်တော်တိုင်သာလျှင်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသောတရားတို့ကို။ ဗုဒ္ဓတ္တာ၊ သိတော်မူတတ်သည်၏အဖြစ်ကြောင့်။ သမ္မာသမ္ဗုဒ္ဓေန၊ မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် အလုံးစုံသော တရားတို့ကို သိတော်မူတတ်သော မြတ်စွာဘုရားသည်။ (သဒ္ဒတ္ထ၊ သဂုဏ ဒဗ္ဗပက္ခ) ။ ။ ဤသို့ အနက်ယောဇနာခြင်းကို "သဒ္ဒတ္ထယောဇနာနည်း" ဟု ဆိုလိုသည်။

"အဓိပ္ပါယတ္ထယောဇနာနည်း" ဟူသည် ။ ။ ဝါစကသဒ္ဒါ၏ အနက်ကို မရှုမူ၍ ဆိုလိုသော အလိုအား လျော်စွာ အနက်ယောဇနာသော နည်းမျိုးကို "အဓိပ္ပါယတ္ထ အနက်ယောဇနာနည်း မျိုး" ဟု ဆိုလိုသည်။

အဓိပ္ပါယတ္ထအနက်ယောဇနာနည်း ။ ။ အရဟတာ၊ မြတ်စွာဘုရား သည်။ (အဓိပ္ပါယတ္ထ၊ ကေဝလဒဗ္ဗပက္ခ), သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ (အဓိပ္ပါယတ္ထ၊ ကေဝလဒဗ္ဗပက္ခ) ။ ။ ဤသို့ အနက်ယောဇနာခြင်းကို "အဓိပ္ပါယတ္ထ ယောဇနာနည်း" ဟု ဆိုလိုသည်။

(တစ်နည်း) "သဒ္ဒတ္ထအနက်ယောဇနာနည်း" ဟူသည် ။ ။ ပါဠိတော် အဋ္ဌကထာဆိုင်ရာ ပုဒ်တစ်ခုခုဌ ပါဝင်တည်ရှိသော ဓာတု, ပစ္စယ, သာဓန,

http://www.dhammadownload.com

သတ္တိ စသောအားဖြင့် ပြီးသော သဒ္ဒါ၏ အနက်ကို ဓာတု, ပစ္စယ, သာဓန, သတ္တိ, ဝစနတ္ထအားလျော်စွာ အနက်ယောဇနာစေခြင်းမျိုးတည်း။

ဥဒါဟရဏ် ။ ။ ဒယာယ တာယ သတ္တေသု၊ သမုဿာဟိတမာနသော။

သတ္တေသု၊ သတ္တဝါတို့၌။ (ပဝတ္တာယ၊ ဖြစ်သော။) တာယ ဒယာယ၊ ထိုဒုက္ခိတသတ္တဝါတို့ကို ဆင်းရဲဒုက္ခ ပယ်ဖျောက်ခြင်း၏ အစွမ်းအားဖြင့် စောင့်ရှောက်တတ်သော တရားသည်။ ဝါ၊ စောင့်ရှောက်ကြောင်းတရားသည်။ (တစ်နည်း) တာယ ဒယာယ၊ ထိုဒုက္ခိတသတ္တဝါတို့၌ ရောက်တတ် ဖြစ်တတ်သော တရားသည်။ ဝါ၊ ရောက်ကြောင်း ဖြစ်ကြောင်း တရားသည်။ သမုဿာဟိတမာန-သော၊ ကောင်းစွာ တိုက်တွန်းနှိုးဆော်အပ်သော စိတ်ရှိတော်မူသော။ ယော သမ္မုဒ္ဒေါ၊ အကြင်မြတ်စွာဘုရားသည်။ သမ္မဝတ္တယိ၊ ဖြစ်စေတော်မူထပြီ။ ဝါ၊ ဟောကြားတော်မူပြီ။ (နီ၊ ဋ္ဌ။ ၁။)

မှတ်ချက် ။ ။ ဤ၌ ဒယာယ-ဟူသော ပုဒ်တွင် ပေးပြီးခဲ့သော အနက်ကို "သဒ္ဒတ္ထအနက်ယောဇနာနည်း" ဟူ၍ မှတ်ပါ။

ဒုက္ခာပနယနဝသေန ဒယတိ ဒုက္ခိတသတ္တေ ရက္ခတီတိ ဒယာ၊ ဒယ ရက္ခဏေ။ ဒုက္ခိတသတ္တေသု ဒယတိ ဂစ္ဆတိ ပဝတ္တတီတိ ဝါ ဒယာ (ကရဏာ)။ ဒယ ဂတိယံ။ (အဋ္ဌသာလိနီယောဇနာ။ ၂။)

"အဓိပ္ပါယတ္ထအနက်ယောဇနာနည်း" ဟူသည် ။ ။ ပါဠိတော်, အဋ္ဌကထာဆိုင်ရာ ပုဒ်တစ်ခုခု၌ အဋ္ဌကထာဆရာ, ဋီကာဆရာများ၏ အလို အာဘောဂနှင့်တကွ ဆိုလိုရင်းဖြစ်သော အလိုရှိအပ်သော အဓိပ္ပာယ်ကို ပါဝင်အောင် အနက်ယောဇနာခြင်းတည်း။

ဥဒါဟရဏ် ။ ။ ဥပ္ပန္နံ ဂမိယစိတ္တံ ဒုပ္ပဋိဝိနောဒနိယံ။ (နီ၊ ဋ္ဌ။ ၁၀၉။)

ဥပ္ပန္နံ၊ ဂမိယစိတ်၏ ဆန့်ကျင်ဘက်ဖြစ်သော ကမ္မဋ္ဌာန်းကိုဆင်ခြင်ခြင်းဖြင့် မခွာအပ်သော (အဓိပ္ပါယတ္ထ)။ ဂမိယစိတ္တံ၊ ဂမိယစိတ်သည်။ ဝါ၊ ခရီးမသွားမီ ဖြစ်ပေါ်သော ခရီးသွားအံ့လတ္တံ့သော စိတ်သည်။ ဒုပ္ပဋိ ဝိနောဒနိယံ၊ ပယ်ဖျောက်နိုင်ခဲ၏။ (နိသျ။ ၄၃၅။)

မှတ်ချက် ။ ။ ဤ၌ ဥပ္ပန္နံ-ဟူသော ပုဒ်တွင် ပေးခဲ့ပြီးသော အနက်ကို "အဓိပ္ပါယတ္ထအနက်ယောဇနာနည်း" ဟူ၍ မှတ်ပါ။

သဗ္ဗဒါ အဝတ္ထမာနမ္ပိ ဂမိယစိတ္တံ ပဋိပက္ခပစ္စဝေက္ခဏာယ အဝိက္ခမ္ဘိ

http://www.dhammadownload.com

တတ္တာ "ဥပ္ပန္နံ" န္တိ။ (မူလဋီကာ။ ၆၈။)

ကျမ်းရင်း (၃) ကျမ်း ပဌမနေ့ စည်းမျဉ်း အဖြေ ပြီး၏။

ပါရာဇိကဏ် ဒုတိယနေ့ စည်းမျဉ်းအဖြေ

(၁) ၌ ပဌမနေ့နှင့် အတူ ဖြစ်သောကြောင့် အထူးညွှန်ကြားရန်မလို။

---

(၂) နံပါတ် စည်းမျဉ်း အဖြေ

စည်းမျဉ်း (၂) ၌ အနုသန္ဓေ့, ပုဏ္ဏာ, စောဒနာဟူသော စကားရပ်တို့တွင်-

(က) "အနုသန္ဓေတက်" ဆိုသည်မှာ ။ ။ "ရေ့နောက်စပ်၍၊ တတ်သရွေ့၊ မှတ်လေ့အနုသန္ဓေတည်း" ဟူသည်နှင့်အညီ ရေ့နောက်စကားနှစ်ရပ်တို့ကို စပ်၍တက်သော အနုသန္ဓိကသမ္မန္ဓသံဝဏ္ဏနာမျိုးကို ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ ဧဝံ ဥဒ္ဒိဋ္ဌသိက္ခာပဒံ ပဒါနက္ကမေန ဝိဘဇိတွာ ဣဒါနိ ယံ တံ "ပဋိသေဝေယျာ" တိ ဇတ္ထ ယေနာကာရေန ပဋိသေဝေယျာတိ ဝုစ္စတိ တသ္သာကာရဿဒဿနတ္ထံ "ပဋိသေဝတိ နာမာ" တိ ဣဒံ မာတိကာ ပဒံ ဌပေတွာ "နိမိတ္တေန နိမိတ္တံ အင်္ဂတေန အင်္ဂတ" န္တိ ဝုတ္တံ (ပါ၊ ဋ္ဌ၊ ၁။ ၂၂၅)-စသော အနုသန္ဓေဝါကျကဲ့သို့တည်း။

(ခ) "ပုဏ္ဏာတက်" ဆိုသည်မှာ ။ ။ "အစပ်မပါ၊ မေးခြင်းသာ၊ ပုဏ္ဏာအတက် ခေါ်သတည်း" ဟူသည်နှင့်အညီ ကထံ, ကသ္မာ, ကိံ-စသော ပုဏ္ဏာဇောတကပုဒ်တို့ဖြင့် မေးမြန်းခြင်းကို ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ ကသ္မာ ပန တံ တေ ဧဝံ ပသ်သန္တီတိ (ပါ၊ ဋ္ဌ၊ ၁။ ၁၂၂။ နီ၊ ဋ္ဌ။ ၂၂၀)-အစရှိသော အမေးဝါကျကဲ့သို့တည်း။

(ဂ) "စောဒနာတက်" ဟူသည်မှာ ။ ။ "အာဘော်မပါ၊ မေးပုဏ္ဏာ၊ အာဘော်ပါက၊ စောဒနာ" ဟူသည်နှင့် အညီ စောဒကဓ၏ နလုံးသွင်း အာဘောဂ' ကို ပြု၍ နနု, နနုစ-စသော စောဒကနလုံးသွင်းကို ထွန်းပြတတ်သော သဒ္ဒါတို့ဖြင့် မေးသော အမေးစောဒနာမျိုးကို ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ နနု စ ဝိတက္ကဝိစာရာနံ ဥပသမာတိ ဣမိနာပိ

http://www.dhammadownload.com

အယမတ္ထော သိဒ္ဓေါ၊ အထ ကသ္မာ ပုန ဝုတ္တံ အဝိတက္ကအဝိစာရန္တိ (ပါ၊ ၌၊ ၁။ ၁၁၉။ နီ၊ ၌။ ၂၁၄)-အစရှိသော အမေးစောဒနာဝါကျကဲ့သို့တည်း။

မှတ်ချက် ။ ။ စောဒနာသည် "သာဘောဂစောဒနာ, ဒေါသာရောပန စောဒနာ" ဟု ၂-မျိုးရှိ၏။ ထိုတွင် အထက်ပါ စောဒနာမျိုးကို "သာဘောဂ စောဒနာ" ဟု ခေါ်သည်။ ဒေါသာရောပနစောဒနာကား ဝိရောဓိ, အဗျာပိတ စသော ဂန္ဆ ဒေါသတင်၍ စောဒနာသော စောဒနာမျိုး ဖြစ်သည်။ ထိုစောဒနာ ၂-မျိုးတွင် ၁-မျိုးမျိုးကို မေးနိုင်သည်။

(ဃ) သုဒ္ဓတက်, ထွက်နည်း ၂-မျိုးတို့တွင် တစ်မျိုးမျိုးကို မေးခြင်း- ဟူသော စကားရပ်တို့၌-

"သုဒ္ဓတက်, ထွက်" ဆိုသည်မှာ ။ ။ ဥပမာ, ဟိတ်တို့နှင့် မရောယှက်ဘဲ သက်သက်သော တက်,ထွက်ကို "သုဒ္ဓတက်, သုဒ္ဓထွက်" ဟု ဆိုလိုသည်။ ယင်း အတက် အထွက်ကို-

(၁) အမေးမပါ၊ သမ္မန္ဓာ၊ မှန်စွာအတက် ခေါ်ရိုးတည်း။

(၂) မေး၍ထွက်ရာ၊ သမ္မန္ဓာ၊ မှန်စွာအထွက် ခေါ်ရိုးတည်း။

(၃) ကာရကမှ၊ ကြိယာသို့၊ ဆက်စပ်သမ္မန်၊ ပြုလေပြန်၊ အမှန် အတက် ခေါ်သတည်း။

(၄) ကြိယာမှ၊ ကာရကသို့၊ ဆက်စပ်သမ္မန်၊ ပြုလေပြန်၊ အမှန် အထွက် ခေါ်သတည်း။

ဟူကုန်သော ပေါရာဏာစရိယတို့၏ နယူပဒေသကို ထောက်ဆ၍ သိအပ်၏။ "ထိုအတက်အထွက် ၂-မျိုးတို့တွင် ၁-မျိုးမျိုးကိုသာ မေးရမည်" ဟု ဆိုလိုသည်။

စည်းမျဉ်း (၂) ၏ မှတ်ချက်တွင် **စောဒနာတက်ကိုမေးရာ၌ (၁) လီနန္တရ စောဒနာ, (၂) အယုတ္တစောဒနာ, (၃) အာဘောဂစောဒနာ, (၄) အနွယ စောဒနာ, (၅) ဗျတိရေကစောဒနာတို့တွင် တစ်ခုခုကို မေးရမည်**-ဟူသော စကားရပ်၌-

(က) "လီနန္တရစောဒနာ" ဆိုသည်မှာ ။ ။ အမေးပုစ္ဆာ စောဒနာတို့ မပါမူ၍ အဖြေသက်သက်သာ ရှိသော ဝါကျတို့၌ ငုပ်လျက်နေသော စောဒနာကို ဖော်ထုတ်၍ စောဒနာရသော စောဒနာမျိုးကို ဆိုလိုသည်။

ဥဒါဟရုဏ် ။ ။ "တတ္ထ ကဿ ကေန ဝိစ္ဆိန္ဒနံ၊ ကထံ ကဿ ပဝတ္တန္တိ အန္တောလီနစောဒနံ သန္ဓာယာဟ "သောဟိ" တိ အာဒိ (သာရတ္ထ၊ ၁။ ၂၀၄)"

http://www.dhammadownload.com

ဟူ၍ လည်းကောင်း,

"နန စ သိက္ခာ သာဇီဝသမာပန္နော" တိ ဣမသ ပဒဘာဇနံ ကရောန္တေန "ယံ သိက္ခံ သာဇီဝဥ္ဍ သမာပန္နော၊ တဒုဘယံ ဒသေတွာ တေသု သိက္ခတိ၊ တေန ဝုစ္စတိ သိက္ခာသာဇီဝသမာပန္နော" တိ ဝတ္တဗ္ဗံ သိယာ၊ ဧဝမေဝတွာ "တသ္မိံ သိက္ခတိ၊ တေန ဝုစ္စတိ သာဇီဝသမာပန္နော" တိ ဧတ္တကမေဝ ကသ္မာ ဝုတ္တန္တိ အန္တောလိနစောဒနံ သန္ဓာယာဟ **"နကေဝလဥ္ဍာယ မေတသ္မိံ"** န္တိ အာဒိ (သာရတ္ထ၊ ၂။ ၆၃)" ဟူ၍ လည်းကောင်း သာရတ္ထဋီကာ၌လာသော စောဒနာ မျိုးတည်း။ ယင်းစောဒနာကို-

(၁) အမေးပုစ္ဆာ၊ မရှိပါ၍၊ ထိုထိုဝါကျ၊ စုဒ်ထုတ်ရ၊ လိနန္တရခေါ်။

(၂) သောတုဇန၊ မြင်ခဲလှ၊ လိနန္တရစောဒနာ။

(၃) တင်းလင်းမရ၊ ကြံတွေးဆ၊ စုဒ်ကြသင့်ရာရာ-

ဟူသော ပေါရာဏာစရိယတို့၏ နယူပဒေသကို နည်းမှီး၍ သိအပ်၏။

မှတ်ချက် ။ ။ အန္တောလိနစောဒနာ, လိနတ္ထစောဒနာ, လိနန္တရစောဒနာ တို့သည် အမည်သာ ကွဲပြား၍ အဓိပ္ပာယ် မထူးခြားသော စောဒနာတို့ ဖြစ်သည်။

အယုတ္တစောဒနာစသော ၄-မျိုးတို့ကို-

"အယုတ္တာစေဝ အာဘောဂါ၊ ဗျတိရေကာနွယာ တထာ။

စတုဓာ စောဒနာ ဘေဒါ၊ နိပါတေဟျုပလက္ခိတာ"

ဟု ဆိုသည့်အတိုင်း မှတ်အပ်၏။ ယင်း ၄-မျိုးတွင် -

(ခ) "အယုတ္တံ စောဒေတိ ဧတာယာတိ အယုတ္တစောဒနာ" ဟူသည်နှင့် အညီ မသင့်သည်ကို စောဒနာကြောင်းဖြစ်သော စကားသည် အယုတ္တစောဒနာ မည်၏။

(ဂ) "အာဘောဂံ ဒသေတွာ စောဒနာ အာဘောဂစောနာ" ဟူသည်နှင့် အညီ အာဘော်အကြောင်းကို ပြလျက် စောဒနာသော စကားသည် အာဘောဂ စောဒနာ မည်၏။

(ဃ) "ဗျတိရေကတော စောဒေတိ ဧတာယာတိ ဗျတိရေက စောဒနာ" ဟူသည်နှင့် အညီ ဆန့်ကျင်ဘက်အားဖြင့် စောဒနာကြောင်းဖြစ်သော စကား သည် ဗျတိရေကစောဒနာ မည်၏။

(င) "အနွယတော စောဒေတိ ဧတာယာတိ အနွယစောဒနာ" ဟူသည် နှင့် အညီ အလျော်အားဖြင့် စောဒနာကြောင်းဖြစ်သော စကားသည် အနွယ

http://www.dhammadownload.com

စောဒနာ မည်၏ ။ ။ ထို့ကြောင့်-

"မသင့်ဟုပြ၊ အယုတ္တ၊ သင့်က နွယခေါ်။

ဆန့်ကျင်ဘက်ပြ၊ ဗျတိက၊ ကြောင်းပြ အာဘော်ခေါ်" ဟု စပ်ဆိုတော်မူကြသည်။ ။ ထိုစောဒနာ ၄-မျိုးတို့ကို ချဲ့ဦးအံ့-

"ကထံ ကသ္မာ ကိမတ္ထန္ဆိ၊ လကျွာအယုတ္တစောဒနာ။

နနု ဟိ လက္ခီတာ ဘောဂါ၊ ဗျတိရေကာ ယဒျာဒိနာ။

ကေန ကသ္မာတိ လကျွာဝ၊ အနွယာစောနာ ဘဝေ။ (ဂန္ဆာ-ဘရဏ)" ဟူသည်နှင့်အညီ အယုတ္တစောဒနာကို ကထံ, ကသ္မာ, ကိမတ္ထံ-ဟူကုန်သော နိပါတ်ပုဒ်တို့ဖြင့် မှတ်အပ်ကုန်၏။

ဥဒါဟရဏ် ။ ။ တဉ္ဇ ခေါ အပ္ပံ ဝါ ဗဟုံ ဝါ ဒေသေန္တော အာဒိ-ကလျာဏာဒိပ္ပကာရမေဝ ဒေသေတိ။ ကထံ? ဧက ဂါထာပိဟိ သမန္တဘ [ဒ္ဒ-ကတ္တာ ဓမ္မသ ပဌမပါဒေန အာဒိကလျာဏာ၊ ဒုတိယ တတိယပါဒေဟိ မဇ္ဈေ ကလျာဏာ။ ပစ္ဆိမပါဒေန ပရိယောသာနကလျာဏာ (ပါ၊ ၌၊ ၁။ ၉၈)-စသည်တည်း။

အပ္ပံ ဝါ၊ အနည်းငယ်သော တရားကိုလည်းကောင်း။ ဗဟုံ ဝါ၊ များစွာသော တရားကို လည်းကောင်း။ ဒေသေန္တော၊ ဟောတော်မူသော မြတ်စွာဘုရားသည်။ အာဒိကလျာဏာဒိပ္ပံကာရံ၊ အာဒိကလျာဏ စသော အပြားရှိသော တရားကို။ ကထံ ဒေသေတိ၊ အဘယ်သို့ ဟောကြားတော်မူပါသနည်း။ ။ ဤသို့ လိုက်ပုဒ်စုံလင်စွာဖြင့် ကထံ-ဟူသော စောဒနာဝါကျကို ယောဇနာ။

ဤဥဒါဟရဏ်၌ တရားကိုဟောရာ၌ "အာဒိကလျာဏစသော ဂုဏ်တို့နှင့် ပြည့်စုံသော တရားကိုသာ ဟောသည်" ဟု ဆိုသော စကားသည် "မသင့်" ဟု စောဒနာသောကြောင့် အယုတ္တစောဒနာ။

ကသ္မာ-ဖြင့် မှတ်၍တက်သော အယုတ္တစောဒနာကား ။ ။ အညေသံ အရဟတ္တမဂ္ဂေါ အနုတ္တရာဗောဓိ ဟောတိ နဟောတိတိ? နဟောတိ။ ကသ္မာ၊ အသဗ္ဗဂုဏဒါယကတ္တာ။ (ဝိ၊ ၌၊ ၁။ ၁၁၀။)

အညေသံ၊ တစ်ပါးသော သူတို့၏။ အရဟတ္တမဂ္ဂေါ၊ သည်။ အနုတ္တရာ၊ သော။ ဗောဓိ၊ သည်။ ဟောတိ၊ ဖြစ်သလော။ နဟောတိ၊ မဖြစ်သလော။ ဣတိအယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ နဟောတိ၊ မဖြစ်။ ဣတိအယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။ ကသ္မာ၊ ကြောင့်။ နဟောတိ၊ နည်း။

http://www.dhammadownload.com

အသဗ္ဗဂုဏဒါယကတ္တာ၊ အလုံးစုံသော ဂုဏ်ကို မပေးတတ်သည်၏ အဖြစ်ကြောင့်။ နှ ဟောတိ၊ မဖြစ်။

ဤဥဒါဟရဏ်၌ ဘုရား၏ အရဟတ္တမဂ်ဉာဏ်သည် အနုတ္တရာဗောဓိမည်၍ ပစ္ဆေကဗုဒ္ဓ, သာဝကတို့၏ အရဟတ္တမဂ်ဉာဏ်သည် အနုတ္တရာဗောဓိမမည်ရာ၌ "မသင့်" ဟု နှလုံးပြု၍ စောဒနာသောကြောင့် အယုတ္တစောဒနာမည်၏။

ကိမတ္ထံ-ဖြင့် မှတ်၍တက်သော အယုတ္တစောဒနာကား ။ ။ "ကိမတ္ထံ ပဿတိ" ဟူသည်တည်း ။ ။ ကုစ္ဆိဂတံ၊ ဝမ်း၌ တည်သော ဘုရားလောင်းကို။ ကိမတ္ထံ၊ အဘယ့်ကြောင့်။ ပဿတိ၊ မြင်သနည်း။

ဤဥဒါဟရဏ်၌ အမိဝမ်းတိုက်တွင်း၌ တည်သောကြောင့် မမြင်နိုင်သော ဘုရားလောင်းကို "မြင်သည်" ဟု ဆိုရာ၌ "မသင့်" ဟု နှလုံးပြု၍ စောဒနာသောကြောင့် အယုတ္တစောဒနာ မည်၏။

အထူးမှတ်ချက် ။ ။ ကိမတ္ထံ-ဟူသော ပုစ္ဆာဓောတကနိပါတပဒဖြင့် တိုက်ရိုက်တက်သော အယုတ္တစောဒနာဝါကျကို ပါရာဇိကဏ်အဋ္ဌကထာ ပ, ဒုနှင့် ဋီကာတို့၌ မတွေ့ပါ။ အဖြေကို ရှုလျက် မိမိက တက်၍ ပြရမည့် စောဒနာမျိုးကား များပါ၏။ မိမိက ပြုလုပ်သော စောဒနာထက် အဋ္ဌကထာလာ စောဒနာကား ဒဋ္ဌတရဖြစ်သဖြင့် သုတ်မဟာဝါ အဋ္ဌကထာ စာမျက်နှာ (၂၈) ၌ ပါသော ပြယုဂ်ကို ဆောင်၍ ရေးလိုက်ပါသည်။

အာဘောဂစောဒနာကို နနု, နနု စ-စသောသဒ္ဒါတို့ဖြင့် မှတ်အပ်ကုန်၏။

ဥဒါဟရဏ် ။ ။ နနု စာယံ သဒ္ဒါ ပဌမန္တာနေပိ အတ္ထိ၊ အယဉ္စကောဒိနာမကော သမာနိ၊ အထ ကသ္မာ ဣဓမေဝ "သမ္မသာဒနံ စေတသော စကောဒိဘာဝဉ္စာ" တိ ဝုတ္တန္တိ။ (ပါ၊ ၌၊ ၁။ ၁၁၈။ နီ၊ ၌။ ၂၁၄။)

ဤဥဒါဟရဏ်၌ နနု စ-ဖြင့် အာဘောဂကိုပြ၍ စောဒနာသောကြောင့် အာဘောဂစောဒနာ မည်၏။ နနု-ဝါကျလည်း ဤအတူပင်တည်း။

ဗျတိရေကစောဒနာကို ယဒိ, သစေ-စသော နိပါတ်ပုဒ်တို့ဖြင့် မှတ်အပ်ကုန်၏။

ဥဒါဟရဏ် ။ ။ ယဒိ ပနေတာနိ တဿ, တဿ ဗျာနဿ ဥပစာရက္ခဏေယေဝ ပဟီယန္တိ၊ အထကသ္မာ "ကတ္ထ စုပ္ပန္နံ ဒုက္ခိန္ဒြိယံ အပရိသေသံ နိရုဇ္ဈတိ? ဣဓ ဘိက္ခဝေ ဘိက္ခုံ ဝိဝိစ္စေဝ ကာမေဟိ။ ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ-

http://www.dhammadownload.com

ဝိဟရတိ။ ဇတ္ထုပ္ပန္နံ ဒုက္ခိန္ဒြိယံ အပရိသေသံ နိရုဇ္ဈတိ။ ကတ္ထ စုပ္ပန္နံ ဒေါမနသိန္ဒြိယံ၊ သုခိန္ဒြိယံ၊ သောမနသိန္ဒြိယံ အပရိသေသံ နိရုဇ္ဈတိ? ဣဓ ဘိက္ခဝေ ဘိက္ခု သုခသ စ ပဟာနာ။ ပ။ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ဇတ္ထုပ္ပန္နံ သောမနသိန္ဒြိယံ အပရိသေသံ နိရုဇ္ဈတိ" တိ ဇဝံ ဈာနေသွေဝနိရောဓော ဝုတ္တောတိ။ (ပါ၊ ၌၊ ၁။ ၁၂၃။ နီ၊ ၌။ ၂၂၀။)

ဤဥဒါဟရုဏ်၌ ဒုက္ခ, ဒေါမနဿ, သုခ, သောမနဿတို့ကို ထိုထို ဈာန်တို့၏ ဥပစာရ၌ ပယ်အပ်၏ဟူသော စကားသည် "ကတ္ထစုပ္ပန္နံ ဒုက္ခိန္ဒြိယံ အပရိသေသံ နိရုဇ္ဈတိ" စသည်ဖြင့် ဈာန်လေးပါးတို့၏ ခဏ၌ ချုပ်၏ဟူသော မဟာဝဂ္ဂသံယုတ်ပါဠိတော် (၁၈၉)-စကားနှင့် ဆန့်ကျင်သောအားဖြင့် စောဒနာသောကြောင့် ဗျတိရေကစောဒနာမည်၏။

အန္ဝယစောဒနာကို ကေန, ကသ္မာ-ဟူကုန်သော နိပါတ်ပုဒ်တို့ဖြင့် မှတ်အပ်ကုန်၏။ ။ထိုတွင် -

ကေန-ဖြင့် မှတ်သော အန္ဝယစောဒနာကား-

နံ ဟရာမိ နဘဋ္ဌာမိ၊ အာရာ သိဃ်ာမိ ဝါရိဇံ။
အထ ကေန နံဝဏ္ဏေန၊ "ဂန္ဓထေနော" တိ ဝုစ္စတိ။

ဒေဝတေ၊ နုတ်သမီး။ ဝါရိဇံ၊ ကြာပန်းကို။ အဟံ၊ ငါသည်။ နဟရာမိ၊ မဆောင်။ နံ ဘဋ္ဌာမိ၊ မချီး။ အာရာ၊ အဝေးမှ။ သိဃ်ာမိ၊ နမ်း၏။ အထ၊ ထိုသို့ဖြစ်လျက်။ ကေန ဝဏ္ဏေန၊ အဘယ်အကြောင်းကြောင့်။ "ဂန္ဓထေနော" တိ၊ "နံ့သာခိုး" ဟူ၍။ ဝုစ္စတိ နံ၊ ဆိုအပ်သနည်း။

ဤဥဒါဟရုဏ်၌ ကြာပန်းကို မခိုးယူဘဲ အဝေးမှ နမ်းရှုပါလျက် အဘယ့်ကြောင့် "နံ့သာခိုး" ဟူ၍ "စွပ်စွဲပြောဆိုပါသနည်း" ဟု အလျော်အားဖြင့် စောဒနာသောကြောင့် အန္ဝယစောဒနာမည်၏။

အထူးမှတ်ချက် ။ ။ ပါရာဇိကဏ် အဋ္ဌကထာ ပ,ဒုတို့၌ ကေန-ဟူသော အန္ဝယစောဒနာ တိုက်ရိုက်မတွေ့ပါ။ မိမိက ပြုလုပ်၍ ရကောင်းသော စောဒနာ မျိုးကား များစွာရှိပါ၏။ ဤသို့ရှိငြားသော်လည်း ပါဠိတော်လာ စောဒနာကား မိမိပြုလုပ်၍ တက်ရသော စောဒနာထက် ဒဠ္ဠတမ ဖြစ်သောကြောင့် ဆက္ကနိပါတ ခရပုတ္ထဝဂ္ဂ သိဃ်ပုပ္ဖဇာတက ပါဠိဇာတ် ပါဠိတော် (၈၁၊ ၁။ ၁၅၂)-မှ ထုတ်ယူ၍ ပြလိုက်ပါသည်။

ကသ္မာ-ဖြင့် မှတ်၍တက်သော အန္ဝယ စောဒနာကား ။ ။ အယဉ္စ

http://www.dhammadownload.com

ဝေရဉ္ဇောဗြာဟ္မဏော မဟတော ဥဿာဟေန ဘဂဝန္တံ ဝဿာဝါသံ ယာစိ။ သော ကသ္မာ ဘဂဝတော အတ္ထိဘာဝမ္ပိ နာနုဇာနာတိ။ (ပါ၊ ၌၊ ၁။ ၁၄၇။)

ဝေရဉ္ဇော၊ သော။ အယဉ္စ ဗြာဟ္မဏော၊ သည်လည်း။ မဟတော၊ ကြီးစွာသော။ ဥဿာဟေန၊ အားထုတ်ခြင်းဖြင့်။ ဘဂဝန္တံ၊ ကို။ ဝဿာဝါသံ၊ ဝါဆို၍ နေခြင်းကို။ ယာစိ၊ တောင်းပန်ပြီ။ သော ဗြာဟ္မဏော၊ သည်။ ကသ္မာ၊ အဘယ်ကြောင့်။ ဘဂဝတော၊ ၏။ အတ္ထိဘာဝမ္ပိ၊ ရှိသည်၏ အဖြစ်ကိုလည်း။ နာနုဇာနာတိ၊ မသိသနည်း။ ဣတိအယံ၊ ကား။ စောဒနာ၊ တည်း။

ဤဥဒါဟရဏ်၌ "ဝေရဉ္ဇာပုဏ္ဏားသည် ကြီးစွာသော အားထုတ်ခြင်းဖြင့် မြတ်စွာဘုရားကို ဝါဆို၍ နေခြင်းကို တောင်းပန်ပါလျက် အဘယ့်ကြောင့် မြတ်စွာဘုရား၏ ရှိသည်၏ အဖြစ်ကို မသိသနည်း" ဟု အလျော်အားဖြင့် စောဒနာသောကြောင့် အန္ဓယစောဒနာ မည်၏။ "ယင်း ဆိုအပ်ခဲ့ပြီးသော စောဒနာတက်တို့တွင် တစ်ခုခုသာ မေးရမည်" ဟု ဆိုလိုသည်။

မှတ်ချက်။ ။ ကထံ, ကသ္မာ, ကိမတ္ထံ-တို့ဖြင့် မှတ်အပ်သော အချို့ကုန်သော စောဒနာတက်တို့၏ ပုံစံများသည် စည်းမျဉ်း (၂) ၏ အစက ရှင်းလင်းခဲ့သော အနုသန္ဓေ, ပုစ္ဆာ, စောဒနာတို့တွင် ပုစ္ဆာတက် ဖြစ်ခြားသော်လည်း စတုဓာ စောဒနာ ဘေဒါ-သို့ လိုက်၍ "စောဒနာ" ဟု ရေးလိုက်သည်။

ဂင်းစည်းမျဉ်း (၂) ၏ မှတ်ချက်၌လည်း အထွက်ကို မေးရာ၌လည်း သဒ္ဒါ, ပညတ်, ပရမတ်တို့တွင် တစ်ခုခုကိုသာ မေးရမည်-ဟူသော စကား၌ "သဒ္ဒါထွက် ပညတ်ထွက် ပရမတ်ထွက်တို့တွင် တစ်ခုခုသာ မေးရမည်" ဟု ဆိုလိုသည်။ ။ ထို ၃-ပါး-တို့တွင် -

သဒ္ဒါထွက်ဆိုသည်မှာ။ ။ တစ်ခုခုသော ဝါကျ၌ ပဓာန၏ အရာကို ကောက်ယူပြီးလျှင် ဂင်းပဓာနမှ ဆိုင်ရာ ကာရကစသော ပုဒ်များသို့ **စပ်ရာမှ ထွက်၊ ထွက်ရာမှ စပ်**-ဆိုသည့်အတိုင်း စပ်၍ ထွက်ခြင်းကို ဆိုလိုသည်။

ဥဒါဟရဏ်ကား။ ။ ဗုဒ္ဓံ ဝန္ဒတိ-အစရှိသည်တည်း။ ။ ဤ၌ ဝန္ဒတိ-ဟူသော ကြိယာကို အရကောက်၍ ဗုဒ္ဓံ-ဟူသောကာရကပုဒ်ကို ထွက်ရာ၏။

ထွက်ပုံကား။ ။ ဝန္ဒတိ-ဟူသော သကမ္မကကြိယာကို ဆရာဆို၏။ ယင်းကြိယာ၏ ကံကား အဘယ်ပါနည်း၊ "ယင်းသကမ္မကကြိယာသည် ကံပုဒ်မ ဆိတ်ကောင်းပါသလော" ဟု မေးဖွယ်ရာရှိ၍ ဗုဒ္ဓံ-ကို မိန့်။

အဓိပ္ပာယ်ကား။ ။ ဝန္ဒတိ-ဟူသော ကြိယာ၏ ကံကား ဗုဒ္ဓံ-ဟူလို။

http://www.dhammadownload.com

ဤသို့ ထွက်ခြင်းမျိုးကို "သဒ္ဒါထွက်" ဟု ဆိုလိုသည်။

ပညတ်ထွက်ဆိုသည်မှာ။ ။ ပဓာနကြီးယာမှ လောကဝေါဟာရဖြစ်သော ပညတ္တိဓမ္မကို အရယူပြီးလျှင် ဆိုင်ရာပုဒ်သို့ လောကဝေါဟာရပညတ်အားဖြင့် သာ စပ်ထွက်ခြင်းကို ဆိုလိုသည်။

ဥဒါဟရဏ်ကား။ ။ ဗုဒ္ဓံ ဝန္ဒတိ-စသည်တည်း။ ။ ဤ၌ ဝန္ဒတိ-ကို ပဓာနကောက်၍-ဆရာ "ရှိခိုး၏" ဟု ဆို၏။ အဘယ်ကို ရှိခိုးပါသနည်း၊ သိကြား, ဗြဟ္မာ စသော နတ်များကိုပင် ရှိခိုးလေသလော၊ ဤသို့မေးဖွယ်ရှိ၍ ဗုဒ္ဓံ-ကို မိန့်။

အဓိပ္ပာယ်ကား။ ။ သိကြားစသည်ကို ရှိမခိုး၊ ဘုရားကို ရှိခိုး၏ ဟူလို သည်။ ။ ဤသို့ ထွက်ခြင်းမျိုးကို "ပညတ်ထွက်" ဟု ဆိုလိုသည်။

ပရမတ်ထွက် ဆိုသည်မှာ။ ။ ပဓာနကြီးယာမှပရမတ္ထအရတရားကိုယ် ကိုယူ၍ ဆိုင်ရာပုဒ်သို့ အကြောင်းအကျိုး, ပစ္စည်း ပစ္စယုပ္ပန်, အာရုံ အာရမ္မဏိက စသောအားဖြင့် စပ်ထွက်ခြင်းကို ဆိုလိုသည်။

ဥဒါဟရဏ်ကား။ ။ ဗုဒ္ဓံ ဝန္ဒတိ-တည်း။ ။ ဤ၌ ဝန္ဒတိ-ဟူသော ပဓာနကြိယာ၌ ဝန္ဒ-ဓာတ်၏အရကို ကာမာဝစရကုသိုလ်ပဏ္ဏာမစေတနာကို အရယူ၍-ဆရာ ဝန္ဒတိ-သည် အာရမ္မဏိက ပစ္စယုပ္ပန်ဖြစ်ခဲ့၏။ ယင်း၏ အာရုံ ပစ္စည်းတရားကားအဘယ်ပါနည်း။ ယင်းသည် အာရုံပစ္စည်းတရားနှင့် ကင်း ကောင်းအံ့လော။ ဤသို့ မေးဖွယ်ရှိ၍ ဗုဒ္ဓံ-ကို မိန့်။

အဓိပ္ပာယ်ကား။ ။ ယင်းဝန္ဒ-ဓာတ်၏အရ ဖြစ်သော ကာမာဝစရ-ကုသိုလ်ပဏ္ဏာမ စေတနာအာရမ္မဏိက ပစ္စယုပ္ပန်တရား၏ အာရုံပစ္စည်းတရား ကား ဘုရားဖြစ်၏-ဟူလို။ ။ ဤသို့ ထွက်ခြင်းမျိုးကို "ပရမတ်ထွက်" ဟု ဆိုလို သည်။

---

(၃) နံပါတ် စည်းမျဉ်း အဖြေ

စည်းမျဉ်း (၃) ၌ သခ်ေပ, ဝိတ္ထာရစသော ဝါကျအမည်ခွဲခြင်း-ဟူ သော စကားသည် ပေါ်လွင် ထင်ရှား၏။ အကျယ်ရေးသားစရာ မလို။

စာစပ်ကို မေးခြင်း၌ သဒ္ဒါစပ်, ပရမတ်စပ် ၂-မျိုးစလုံးကိုမေးနိုင်သည်။

"သဒ္ဒါစပ်" ဟူသည်မှာ ။ ။ ဖြစ်သင့်သော သဒ္ဒါနည်းအားလျော်စွာ

http://www.dhammadownload.com

စပ်ခြင်းကို ဆိုလိုသည်။

ဥပမာ။ ။ ဗုဒ္ဓံ ဝန္ဒတိ–၌ ဗုဒ္ဓံ–ကား "ကို" ဟူ၍ အနက် ပေးသော ကြောင့် ဝန္ဒတိ–၌ အဝုတ္တကံ, ဝန္ဒတိ–ကား အဝုတ္တကံ၏ကြိယာ။ (တစ်နည်း) ဗုဒ္ဓံ–ကား ကို။ လ။ ကြောင့် ဝန္ဒတိ–၌ ကာရက။ ဝန္ဒတိ–ကား ကြိယာ။ ဤသို့ စပ်ခြင်းကို ဆိုလိုသည်။

"ပရမတ်စပ်" ဟူသည်မှာ ။ ။ ပရမတ္ထအားဖြင့် ရသင့်သလို ဆိုင်ရာ ပုဒ်၌ စပ်ခြင်းကို "ပရမတ်စပ်" ဟု ဆိုလိုသည်။

ဥပမာ ။ ။ ဗုဒ္ဓံ ဝန္ဒတိ–၌ ဝန္ဒ–ဓာတ်၏အရ ပဏာမ စေတနာကို အာရမ္မဏိက ပစ္စယုပ္ပန်ဟူ၍ ဗုဒ္ဓံ–၏အရ အာရုံပစ္စည်းတရားကို ယူပြီးလျှင် ဗုဒ္ဓံ–ကား ဝန္ဒတိ–၌ အာရမ္မဏပစ္စည်း, ဝန္ဒတိ–ကား အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်။ ဤသို့ စသည်ဖြင့် စပ်ခြင်းမျိုးကို ဆိုလိုသည်။

ၚ်းစည်းမျဉ်း (၃) ၏ မှတ်ချက်၌ ဂန္ဆာဘရဏကျမ်းလာနှင့် အဋ္ဌကထာ, ဋီကာသုံးရိုး ဝါကျအမည်များကိုသာ မေးရမည်–ဟူသော စကား၌–

ဂန္ဆာဘရဏကျမ်းလာဝါကျတို့ကား ။ ။ သနေ်ပ, ဝိတ္ထာရ, ဝါကျာရမ္ဘ, ကာရဏ, ဖလ, သာမည, ဝိသေသ, တပ္ပါကဋီကရဏ, ဒဋ္ဌီ, ပက္ခန္တရ, အနွယ, ဗျတိရေက, သမ္ဘာဝနာ, ဂရဟာ–အားဖြင့် (၁၄) တို့ကို ဆိုလိုသည်။

အဋ္ဌကထာဋီကာသုံး ဝါကျ ဆိုသည်မှာ ။ ။ နိဂမန, လဒ္ဓဂုဏ, လဒ္ဓ ဒေါသ, ဥပနှာသ စသော ဝါကျများကို ဆိုလိုသည်။ ထို ဝါကျတို့တွင် ထိုက်သင့်သလို ကြည့်ရှု၍ (၁) နံပါတ်ပုစ္ဆာ၌ ထုတ်ပေးခဲ့သော ဝါကျတို့ကို လည်းကောင်း, အခြားတစ်နေရာမှ ဝါကျကိုယူ၍လည်းကောင်း မေးမြန်းနိုင်သည်။

---

(၄) နံပါတ် စည်းမျဉ်း အဖြေ

စည်းမျဉ်း (၄) ၌ ဝိဂ္ဂဟနှင့် ဉာသ်ကောက်နည်းကို မေးခြင်း–ဟူသော စကား၌ ဝိဂ္ဂဟ–ဆိုသည်မှာ သမာသဝိဂ္ဂဟ, တဒ္ဓိတဝိဂ္ဂဟ, ကိတဝိဂ္ဂဟ၊ ဤ ဝိဂ္ဂဟတို့ကို "ဝိဂ္ဂဟ" ဟု ဆိုလိုသည်။ "ထိုဝိဂ္ဂဟကို အဋ္ဌကထာ၌ ဝိဂြိုဟ်တု အနေအားဖြင့်သော် လည်းကောင်း, ဝိဂြိုဟ်ပြုအနေအားဖြင့်သော် လည်းကောင်း ဖွင့်ဆိုသော သံဝဏ္ဏနာကို ထောက်ဆ၍ ဝိဂြိုဟ်အဖြုခိုင်းခြင်း, သို့မဟုတ်

http://www.dhammadownload.com

အထက်ပါ ဝိဂြိုဟ်တု ဝိဂြိုဟ်ပြ မရှိဘဲ မိမိအလိုရှိရာ ပဒတစ်ခုခုကို ဝိဂြိုဟ် အပြုခိုင်းခြင်းကို မေးရမည်" ဟု ဆိုလိုသည်။ ထိုစကားကို ချဲ့အံ့-

ယံ ပန ကိဉ္စိ အတ္ထိ ဧ့ယျံ နာမ၊ တဿ သဗ္ဗဿ ဗုဒ္ဓတ္တာ ဝိမောက္ခန္တိ-ကဉ္ဇာဝသေန ဗုဒ္ဓေါ။ (ပါ၊ ၌၊ ၁။ ၉၄။)

ဤပြဃုဂ်ဒ္ဒ သဗ္ဗဿ ဗုဒ္ဓတ္တာ-ဟူသော ဝိဂြိုဟ်ပြသံဝဏ္ဏနာဖြင့် ဗုဒ္ဓေါ-ဟူသော ပုဒ်ကို "သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ" ဟု ကတ္တုသာဓနဝိဂြိုဟ်ပြု ဆိုရမည်ကို ပြ၏။ ဤသို့ သံဝဏ္ဏနာကို ထောက်ဆ၍ ဝိဂြိုဟ်ဆိုခြင်းကို လည်းကောင်း, အထက်ပါ ဝါကျတွင် "ဧ့ယျံ-ကို ဝိဂြိုဟ်ဆိုခဲ့ပါ" ဟု မေးခဲ့လျှင် အဖွင့်သံဝဏ္ဏနာ ထောက်ထားစရာမရှာဘဲ "ဉာတဗ္ဗန္တိ ဧ့ယျံ" ဟု သဘာဝတရားကို ထောက်ဆ၍ ဝိဂြိုဟ်ပြုအပ်၏။ "ဤသို့ အဖွင့်သံဝဏ္ဏနာ အထောက်အထား ကင်းသော အလိုရှိရာ ပဒတစ်ခုခုကို လည်းကောင်း ဝိဂြိုဟ် အပြုခိုင်းနိုင်သည်" ဟု ဆိုလိုသည်။

ဉာသ်ကောက်နည်းကို မေးခြင်း-ဟူသော စကားရပ်၌ "ဉာသ်ကောက်" ဟူသည်- ဇာနိတဗ္ဗဿ ဇာနိတ္ထ-အစရှိသော နျာသပဏာမကောက်ကို "ဉာသ်ကောက်" ဟု ခေါ်သည်။ ထိုဉာသ်ကောက်နည်းအတိုင်း ပါဠို, အဋ္ဌ-ကထာ, ဋီကာတို့၌ လာသော ပုဒ်တို့၏ အရကောက်ခြင်းကို သဒိသူပစာ အားဖြင့် "ဉာသ်ကောက်" ဟု ခေါ်ဆို၍ ထိုဉာသ်ကောက်နည်းအတိုင်း မေးမြန်းခြင်းကို "ဉာသ်ကောက်နည်းကို မေးခြင်း" ဟု ဆိုလိုသည်။ ထိုနည်း အရ ကောက်ယူရကုန်သော ပုဒ်တို့သည် သမာသပဒ, တဒ္ဓိတပဒ, အာချာတပဒ, ကိတပဒ, ဝိဘတ္တိ, သဗ္ဗနာမပဒ, ဥပသာရပဒ, နိပါတပဒအားဖြင့် ၈-ပါး ပြား၏။ ထို ၈-ပါး တို့၌လည်း မုချကောက်, ဥပစာကောက်, ဓာတ်၏အရ ကောက်, ပစ္စည်း၏အရကောက်, ဝိဘတ်၏အရကောက် စသောအားဖြင့် အသီးသီး ရှိကြ၏။ ထိုအရကောက်တို့ကို "အထက်ပါ ဇာနိတဗ္ဗဿ ဇာနိတ္ထ-အစရှိသော နျာသပဏာမ အကောက်အတိုင်း မေးမြန်းရမည်" ဟု ဆိုလိုသည်။

မှတ်ချက် ။ ။ တစ်ပုဒ်တည်း၌ ဥပစာ ၁၀-ပါး ကုန်စင်အောင် အရ ကောက်ခြင်းမျိုးကို ဤ၌ မလို။

---

(၅) နံပါတ် စည်းမျဉ်း အဖြေ

စည်းမျဉ်း (၅) ၌ (က) "လိင်" ဟူသည် ။ ။ ဓာတုပစ္စယဝိဘတ္တိ-

http://www.dhammadownload.com

ဝဇ္ဇီတမတ္ထဝံလိင်္ဂ (ရူပသိဒ္ဓိ။ ၂၈၃), ဝိသဒတ္တာဒိသဟိတံ လိနတ္ထဂမကံ နိပ္ပန္နံ-ဝစနံလိင်္ဂ (သဒ္ဒနီတိသုတ္တမာလာ။ ၁၉၂), ရက္ခောတိဝစနံလိင်္ဂ (နျာသ။ ၅၃)-တို့နှင့် အညီ ဓာတ်, ပစ္စည်း, ဝိဘတ်သည် ကြွင်အပ်သော အနက်ရှိသော သဒ္ဒါသည်လည်းကောင်း, သန့်ရှင်းသည်၏အဖြစ် အစရှိသည်နှင့်တကွဖြစ်သော ကွယ်ဝှက်သော အနက်ကို သိစေတတ်သော ရကွ-စသော သဒ္ဒါသည်လည်းကောင်း လိင်မည်၏။ ထိုလိင်သည် နိပ္ပန္န, အနိပ္ပန္နအားဖြင့် ၂-ပါးပြား၏။ "ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်, ဒွိလိင်, တိလိင်, အလိင်" ဟုလည်း ပြား၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသည်တို့ကိုပင် "လိင်" ဟု ခေါ်သည်။

(ခ) "ဝိဘတ်" ဟူသည် ။ ။ ကမ္မဒိဝသေန ကေတ္တာ-ဒိဝသေန စ ဝိဘဇန်တီ ဝိဘတ္တိယော၊ သျာဒယော (ရူ-ကာရကအစ)။ တစ်ခုသောအနက်ကိုလည်း ကဲစသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း, ကဝုစ်စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း ဝေဖန်တတ်သော သိ-စသော သဒ္ဒါသည် ဝိဘတ်မည်၏။ နာမ်ဝိဘတ်ကို ရည်ရွယ်၍ ဆိုသည်။ ကာလာဒိဝသေန ဓာတွတ္ထံ ဝိဘဇန်တီ ဝိဘတ္တိယော၊ တျာဒယော (ရူ-အာချာတ်အစ)။ အတိတ်စသော ကာလ စသည်တို့၏ အစွမ်းအားဖြင့် ဓာတ်တို့၏ အနက်ကို ဝေဖန်တတ်သော တိ-စသည်သည် ဝိဘတ်မည်၏။ အာချာတ်ဝိဘတ်ကို ရည်သည်။ ဤ သိ,တိ-စသည်တို့ကိုပင် "ဝိဘတ်" ဟု ခေါ်ဆိုသည်။

(ဂ) "ဓာတ်" ဟူသည် ။ ။ ဂမနပစနာဒိကံ ကြိယံ ဓာရေတီတိ ဓာတု (ကစ္စည်း)။ ၎င်းနှင့် အညီ သွားခြင်း, ချက်ချင်း စသော ကြိယာကို ဆောင်တတ်သော ဂမ, ပစ-စသော သဒ္ဒါသည် ဓာတ် မည်၏။

(ဃ) "ပစ္စည်း" ဟူသည် ။ ။ ပဋိစ္စ ဧတသ္မာ အတ္ထော ဧတီတိ ပစ္စယော၊ ပတီယန္တိ အနေန အတ္ထာတိ ဝါ ပစ္စယော (ရူ-ဓာတုလင်္ဂဟိသုတ်အဖွင့်), ပဋိစ္စာတိ နိဿာယ။ ဧတသ္မာ ဏပစ္စယာဒိတော အပစ္စာဒိဝိသေသော အတ္ထော ဧတိ အာဂစ္ဆတီတိ ပစ္စယော။ ပတီယန္တိ ဉာယန္တိ အနေန အတ္ထာတိ ဝါ ပစ္စယော။ ပကတိတော ပရံ ဧတိတိ ဝါ ပစ္စယော (ရူ၊ ဋီ)-တို့နှင့်အညီ အပစ္စ စသော အနက်ကို ဟောတတ်သော ဏ-စသည် သည်လည်းကောင်း, ကတ္တားကံစသော အနက်ကို ဟောတတ်သော တ-စသည်သည်လည်းကောင်း, ပကတိဟု ဆိုအပ်သောလိင်ပုဒ်နောင် ဖြစ်တတ်သော အာ,ဤ-စသည်သည် လည်းကောင်း, ဓာတ်နောင်ဖြစ်သော ခ,ဆ,သ-စသည်သည် လည်းကောင်း ပစ္စည်းမည်၏။ "ဤဏ-စသည်တို့ကိုပင် ပစ္စည်း" ဟု ခေါ်ဆိုသည်။

http://www.dhammadownload.com

(ဂ) "ကြိယာ" ဟူသည် ။ ။ ဂစ္ဆတိ, ပစတိ–စသော ဝါစက သဒ္ဒါကို "ကြိယာ" ဟု ခေါ်သည်။

(စ) "ကာရက" ဟူသည် ။ ။ ကြိယာနိမိတ္တမေကန္တံ၊ ကြိယတ္ထံကာရကိ-ရိတံ (ဘေဒစိန္တာ။ ၆၃)။ ကြိယာနိမိတ္တံ ကရက်။ ပ။ ကြိယံ ကရောတိတ် ကာရက် (သဒ္ဒနီတိ သုတ္တမာလာ။ ၅၄၇)။ ၎င်းတို့နှင့်အညီ စင်စစ်ကြိယာ၏ အကြောင်းဖြစ်၍ ကြိယာဟူသောအကျိုးရှိသော အနက်သည်လည်းကောင်း, ကြိယာ၏ အကြောင်းဖြစ်သော အနက်သည် လည်းကောင်း, သွားခြင်း ချက်ခြင်း စသော ကြိယာကို ပြီးစေတတ်သော အနက်သည်လည်းကောင်း ကာရက မည်၏။

ကာရက ရှင်းလင်းချက်

ကာရကတ္ထာ ကြိယာယေဝ၊ သတ္တိ မုချေန ကာရကံ။
ဒဗ္ဗံ ဌာနျုပစာရေန၊ တဒါဓာရဏာဘာဝတော။
သဒ္ဒေါတ္ထံ ဝ ဒတိ တော့တ္ထ၊ သဒ္ဒေါ ဒဗ္ဗေဝ ဂယှတေ။
အတ္ထဿ ဝါစကော သဒ္ဒေါ၊ ပျတ္ထဒ္ဒါရေန ကာရကော။
(ဘေဒစိန္တာ။ ၆၁–၂။)

ဤနှင့်အညီ ကြိယာကိုပြီးစေတတ်သော သတ္တိသည် မုချကာရကမည်၏။ ထိုသတ္တိ၏တည်ရာဖြစ်သော ဒြပ်သည် ဌာနျုပစာအားဖြင့် ကာရက မည်၏။ ဒြပ်တည်းဟူသော သဒ္ဒါသည်လည်း ကာရကူပစာ အားဖြင့် ကာရက မည်၏။ ဤသို့လျှင် "မုချကာရက, ဥပစာကာရက" ဟု ပြား၏။ ဤကာရက အရာ၌ အကာရကလည်း သက်ဝင်သည်။

ဥဒါဟရဏ် ။ ။ ဟဒ္ဒေါတိ တုဒ္ဒေါ (ပါ၊ ဋ္ဌ၊ ၁။ ၁၇၂) ။ ။ တုဒ္ဒေါ ကား ပုလ္လိင်, ပဌမာ သိ–ဝိဘတ်, တုသ–ဓာတ်, တ–ပစ္စည်း, ကတွတ္ထကိတ် ကြိယာ, ကတ္တုကာရက။

အနက်, အဓိပ္ပာယ်, အဆုံးအဖြတ်

လိင်္ဂတ္ထ ။ ။ **ရကွောတိဝစနံ လိင်္ဂံ၊ လိင်္ဂတ္ထော တေန ဒီပိတော။**
ဧဝံ လိင်္ဂဉ္စ လိင်္ဂတ္ထံ၊ ဥတ္တာ ယောဧယျ ပဏ္ဍိတော။
(နျာသ။ ၅၃။)
သကတ္ထဒဗ္ဗလိင်္ဂါနိ၊ သရီရကမ္မာဒိကာရကံ။
ဣတိ သဒ္ဒဿ ဝိညေယျာ၊ ပဋိကတ္ထာ ယထာရဟံ။
(ဘေဒစိန္တာ။ ၂၆။)

http://www.dhammadownload.com

၎င်းတို့နှင့် အညီ သစ်ပင်စသော အနက်သည်လည်းကောင်း, သကတ်စသော အနက် ငါးပါးသည်လည်းကောင်း လိင်္ဂတ္ထမည်၏။

ဝိဘတျတ္ထ ။ ။ သိ,တိ-စသော ဝိဘတ်တို့၏ လိင်္ဂတ္ထ, ကမ္မတ္ထစသော အနက်သည် ဝိဘတျတ္ထ မည်၏။

ဓာတွတ္ထ ။ ။ ဂမု, ပစ-စသော ဓာတ်တို့၏ သွားခြင်း, ချက်ခြင်း စသော အနက်သည် ဓာတွတ္ထ မည်၏။

ပစ္စယတ္ထ ။ ။ ဏ-စသော တဒ္ဓိတ်ပစ္စည်းတို့၏ အပစ္စ-စသော အနက်သည်လည်းကောင်း, တ-စသော ကိတ်ပစ္စည်းတို့၏ ကတ္တား-စသောအနက်သည်လည်းကောင်း, အာ, ဤ-စသော ဇောတကပစ္စည်းတို့၏ ဇောတေတဗ္ဗ ဖြစ်သော အနက်သည်လည်းကောင်း ပစ္စယတ္ထ မည်၏။

ကြိယတ္ထ ။ ။ ဂစ္ဆတိ, ပစတိ-စသော ဝါစကကြိယာတို့၏ သွားတတ်, ချက်တတ် စသော အနက်သည် ကြိယတ္ထ မည်၏။

အမှာ ။ ။ ကာရကနှင့် ကာရကတ္ထ အထူးမရှိသောကြောင့် ထုတ်နုတ်ဖော်ပြရန် မလို။

အတ္ထာ ပကရဏာ လိင်္ဂါ၊ ဩစိတျာ ကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇိယန္တိ၊ နသဒ္ဒါယေဝ ကေဝလံ။
(ဇာလိနီ။ ၉၃။)

၎င်းနှင့်အညီ မည်သည့်သဒ္ဒါ မဆို အနက်, အရာ, လိင်, အသင့်, ကာလ, ဒေသ ဟုဆိုအပ်သော ခြောက်ပါးသောအကြောင်းကို ထောက်ဆ၍ အနက်အဓိပ္ပာယ်အဆုံးအဖြတ်ကို ဝေဘန်သင့်သောကြောင့် "မည်သည့်သဒ္ဒါသည် မည်သည့်အနက်, မည်သည့်အဓိပ္ပာယ်, မည်သည့်အဆုံးအဖြတ်သာ ဖြစ်သင့်သည်" ဟု အတိအကျ ဝေဘန်ရန် မလိုတော့ပြီ။ ထို့ကြောင့် သာမန်သာ ဖော်ပြရခြင်း ဖြစ်သည်။

---

(၆) နံပါတ် စည်းမျဉ်းအဖြေ

စည်းမျဉ်း (၆) ၌ "အာဘောဂ" ဟူသည်-

စောဒနာပရိဟာရာနံ၊ မနသိ အတ္ထကာရဏံ။
အာဘောဂေါနာမ (ဂန္ဆာဘရဏ။ ၇၃)-နှင့် အညီ အမှတ်မရှိ

http://www.dhammadownload.com

တစ်စုံတစ်ခုသော ဝါကျ၌ ဆိုအပ်ပြီးသော အနက်ကိုလည်းကောင်း, ဆိုအပ်လတ္တံ့သော အနက်ကိုလည်းကောင်း ထိုက်သည့်အားလျော်စွာ ကျမ်းဆရာ၏ စိတ်၌ ဖြစ်ပေါ်ခြင်းသည် (ဝါ) ထားခြင်း, နှလုံးသွင်းခြင်းသည် အာဘောဂ မည်၏။

ထိုအာဘောဂသည် "အနွယာဘောဂ, ဗျတိရေကာဘောဂ" ဟူ၍ ၂-ပါး ရှိ၏။ ထိုတွင် -

အနွယာဘောဂ ။ ။ ကျမ်းဆရာ၏ အလျော်အားဖြင့်ဖြစ်သော နှလုံးသွင်းခြင်းသည် အနွယာဘောဂ မည်၏။

ဗျတိရေကာဘောဂ ။ ။ ဆန့်ကျင်ဘက်အားဖြင့် ဖြစ်သော နှလုံးသွင်းခြင်းသည် ဗျတိရေကာဘောဂ မည်၏။

"သံဝဏ္ဏနာ" ဟူသည် ။ ။ သံဝဏ္ဏိယတိ အတ္ထော တောယာတိ သံဝဏ္ဏနာ (သာရတ္ထ၊ ၁။ ၁၉)-နှင့် အညီ သံဝဏ္ဏေတဗ္ဗ၏ အနက်ကို ဖွင့်ဆိုကြောင်းဖြစ်သော စကားရပ်သည် သံဝဏ္ဏနာ မည်၏။ ထိုသံဝဏ္ဏနာတို့၏ အပြားကို သံဝဏ္ဏနာကျမ်းလာအတိုင်း သိအပ်၏။

ဥဒါဟရဏ် ။ ။ အဘိညာတိ အဘိညာယ၊ အဓိကေန ဉာဏေန ဥတ္တာတိ အတ္ထော။ (ပါ၊ ၌၊ ၁။ ၉၈။ သီ၊ ၌။ ၁၅၈။) ဤဝါကျ၌ အဘိညာယ-ဟူသော သံဝဏ္ဏနာဖြင့် အဘိညာ-ဟူသော သံဝဏ္ဏေတဗ္ဗ၏ , ဥပါဒါရူပ်-စသည်၌ ကဲ့သို့ တွာ-ပစ္စည်း၏ ကာရိယဖြစ်သော ယ-လောပ၏ အဖြစ်ကို သိစေသည် (ဤကား အနွယာဘောဂ)။ သညာ, ပညာစသည်တို့ကဲ့သို့ အာကာရန္တ မဟုတ်သည်ကို သိစေသည် (ဤကား ဗျတိရေကာဘောဂ)။ ကိတ်ပစ္စည်းကို ဖွင့်သော ကြောင့် ဒုတိယပစ္စယပဒသံဝဏ္ဏနာတည်း။

အဓိကေန-ဟူသော သံဝဏ္ဏနာဖြင့် အဘိညာ-၌ အဘိ-ဟူသော ဥပသာရပုဒ်၏ ဝိသိဋ္ဌစသည် မဟော, ဤ၌ အဓိကတ္ထဇောတကဓ၏ အဖြစ်ကို သိစေသည်။ ဥပသာရပုဒ်၏ အနက်ကိုဖွင့်သောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာတည်း။

ဉာဏေန-ဖြင့် အဘိညာ-၌ အဘိ-ဥပသာရပုဒ်၏ အဓိကဘောဂဏ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ ဉာဏ်ဒြပ်ကို ယူရမည်၏ အဖြစ်ကို သိစေသည်။ အဘိဓေယျတ္ထသံဝဏ္ဏနာတည်း။

ဥတ္တာ-ဖြင့် အဘိညာယ-၌ ယ-၏ တွာ-ပစ္စည်း၏ ကာရိယအဖြစ်ကို သိစေသည်။ ဒုတိယပစ္စယပဒသံဝဏ္ဏနာတည်း။

http://www.dhammadownload.com

(တစ်နည်း) ၎င်း၀ါကျ၌ အဘိညာယ-ဖြင့် အဘိညာ-၌ ယကာရ-လောပကို သိစေသည် (ပဌမန္တစသည် မဟုတ်)။ သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ တည်း။

အဓိကေန ဉာဏေန-ဖြင့် အဘိညာယ-၌ နာ-ဝိဘတ်၏ ကာရိယ ဖြစ်သော "အာယ" ဟု သိစေသည် (တွာ-ပစ္စည်း၏ ယ-မဟုတ်)။ ဝိဘတ္တိပဒ သံဝဏ္ဏနာ။

ဥတွာ-ဖြင့် အဘိညာ-၌ ကျေသော ယ-သည် တွာ-ပစ္စည်း၏ ကာရိယ ဟု သိစေသည်။ နာ-စသော ဝိဘတ်တို့၏ ကာရိယ ဖြစ်သော ယ-မဟုတ်ဟု သိစေသည်။ ဒုတိယပစ္စယပဒသံဝဏ္ဏနာ။

အဘိညာတိ အဘိဇာနိတွာ။ သစ္ဆိကတွာတ် ပစ္စက္ခံ ကတွာ။ အထ-၀ါ အဘိညာ သစ္ဆိကတွာတိ အဘိညာယ အဘိဝိသိဋ္ဌေန ဉာဏေန သစ္ဆိ-ကရိတွာတိပိ အတ္ထော။ (သီ၊ ဋ္ဌ။ ၂၇၉။) ၎င်းကိုထောက်၍ "အဓိကေန ဉာဏေနဥတွာ ၀ါတိ အတ္ထော" ဟု ယခင် (ပါ) နှင့် (သီ) အဋ္ဌကထာ၌ ရှိသင့်သည်။

---

(၇) နံပါတ် စည်းမျဉ်း အဖြေ

စည်းမျဉ်း (၇) ၌ အထူးညွှန်ပြရန် မလို။ သိလွယ်ပြီ ဖြစ်သောကြောင့် ဥဒါဟရဏ်ကိုသာ ထုတ်ဆောင်၍ အမှားအမှန် ညွှန်ပြရန်သာ လိုသည်။

ဥဒါဟရဏ် ။ ။ တတ္ထ ကိလာသုနော အဟေသုန္တိ နံ အာလသိယ-ကိလာသုနော။ (ပါ၊ ဋ္ဌ။ ၁၅၃။) ဤ၌ "ကိဠာသုနော, ကိလာသုနော" ဟု ပါဠိ ၂-တွေရှိရာ လသ ကန္တီယဲ၊ အပွဲ လသတိတိ ကိလာသု၊ ဏု (အဘိဓာန်ဋီကာ။ ၅၁၆)- နှင့်အညီ လသ-ဓာတ်, ဏု-ပစ္စည်းဖြင့် ပြီးသော ဒန္တဇ လ-နှင့် ကိလာသုနော-ဟူသော ပါဠိ သင့်မြတ်သည် ။ ။ ဤကား ဓာတ်,ပစ္စည်း ဝေဖန်သော အားဖြင့် ဆုံးဖြတ်ခြင်းတည်း။

အဘိဓမ္မေ ဒုပ္ပဋိပန္နော ဓမ္မေ စိတ္တံ (စိန္တံ) အတိဓာဝန္တော အစိန္တေယျာနိပိ စိန္တေတိ၊ တတော စိတ္တကွေပဲ ပါပုဏာတိ (ပါ၊ ဋ္ဌ။ ၂၀)-၌ "ဓမ္မေ စိတ္တံ, ဓမ္မေ စိန္တံ" ဟု ပါဠိ ၂-တွေရှိရာ အတိဓာဝန္တော-ကို ထောက်၍ ဓမ္မေ စိန္တံ-ရှိသင့်သည်။ (ပါရာဇိကဏ် ဂဏ္ဌိသစ်၊ ၁။ ၁၈၃။) အကြောင်းကား-ပဂ္ဂိုလ်သည် စိတ်သို့ ပြေးသွားခြင်းဟူသော အနက် မသင့်, ကြံစည်ခြင်းသို့ ပြေးဟူသော

http://www.dhammadownload.com

အနက်သာ သင့်သောကြောင့်တည်း ။ ။ ဤကား ရှေ့နောက်ထောက်၍ ဆုံးဖြတ်ခြင်းတည်း။

---

(၈) နံပါတ် စည်းမျဉ်း အဖြေ

စည်းမျဉ်း (၈) ၌ ဆိုင်ရာ အဋ္ဌကထာပါ တစ်စုံတစ်ခုသောပုဒ်ကိုဖြစ်စေ, ဝါကျကိုဖြစ်စေ နည်း,ဥပစာ တစ်ခုခုကိုစပ်၍ မေးခြင်း-ဆိုရာ၌ (က) တစ်ခုသောပုဒ်၌ နည်း,ဥပစာ ၂-ပါးလုံးကို မေးခြင်း, (ခ) တစ်ခုသော ဝါကျ၌ နည်း, ဥပစာ ၂-ပါးလုံးကို မေးခြင်း, (ဂ) တစ်ခုသောပုဒ်၌ နည်းကိုမေး၍ တစ်ခုသော ပုဒ်၌ ဥပစာကို မေးခြင်း, (ဃ) တစ်ခုသောဝါကျ၌ နည်းကိုမေး၍ တစ်ခုသော ဝါကျ၌ ဥပစာကိုမေးခြင်းကို ဆိုလိုသည်။

"နည်" ဟူသည် ။ ။ နည်းလေးဆယ်ကျမ်းလာ ပစ္စာသတ္တိနည်း-စသည်တည်း။

"ဥပစာဟူသည် ။ ။ အဋ္ဌကထာသုံး, ဋီကာသုံးဖြစ်သော ကာရကူပစာ-စသည်တည်း။

(က) ဥဒါဟရဏ် ။ ။ ဂါမဓမ္မန္တိ ဂါမာနံ ဓမ္မံ၊ ဂါမဝါသိကမနုဿာနံ ဓမ္မန္တိ ဝုတ္တံ တောတိ (ပါ၊ ၌၊ ၁။ ၁၈၆)-၌ သံဝဏ္ဏောတမ္ဘဝယ် ဂါမ-၌ ရွာနှင့် ရွာနေလူကို အပြားမဲ့အားဖြင့် ဆိုသောကြောင့် အဘေဒနည်း။

ဂါမဓမ္မန္တိ ဧတ္ထ ဂါမသဒ္ဒေန ဂါမဝါသိနော ဝုတ္တာ အဘေဒူပစာရေနာတိ အာဟ ဂါမဝါသိကမနုဿာနန္တိ-ဟူသော သာရတ္ထ (၂။ ၂၃)-နှင့် အညီ ပြားသော ရွာနှင့် ရွာနေလူကို မပြားသကဲ့သို့ တင်စား၍ ဆိုသောကြောင့် အဘေဒူပစာ။

(တစ်နည်း) ဌာနဖြစ်သောရွာ၏ ဂါမ-ဟူသော အမည်ကို ဌာနီဖြစ်သော ရွာသားဒြပ်၌ တင်စား၍ဆိုသောကြောင့် ဌာနူပစာ။

(ခ) ဥဒါဟရဏ် ။ ။ အပတ္တာ သိသံ ဗိဇ္ဇောဟနံ၊ ဧတသ္မိံ အန္တရေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ (ပါ၊ ၌၊ ၁။ ၁၀)-၌ လောဘ, ဒိဋ္ဌိ, မောဟ ဟူသော အစိတ်ဖြစ်သော အာသဝေါတရားတို့ကို မှတ်၍ ဆိုသဖြင့် အပေါင်းဖြစ်သော ကိလေသာအကုသိုလ်ပါပမှုတို့ကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။

http://www.dhammadownload.com

အစိတ်ဖြစ်သော အာသဝေါတရား‌တို့၏ အာသဝ ဟူသော အမည်ကို အပေါင်းဖြစ်သော အလုံးစုံသော ကိလေသာအကုသိုလ်ပါပဓမ္မတို့မှ လွတ်ခြင်းကို "အာသဝေဟိ စိတ္တံ ဝိမုစ္စိ" ဟု တင်စား၍ ဆိုသောကြောင့် ဧကဒေသုပစာ။

(ဂ) ဥဒါဟရဏ် ။ ။ တတော သဿတ ဝါဒီနော "သဿတဝါဒီ" တိ အာဟံသု (ဝိ၊ ဋ္ဌ၊ ၁။ ၄၅)-၌ သဿတ-ဟူသော‌ပုဒ်ဝယ် ဌာနီဖြစ်သော အတ္တ လောဘတို့၏ မြဲခြင်း ဟူသော သဿတကို ဆိုသဖြင့် ဌာနဖြစ်သော ဝါဒကို လည်း ရသောကြောင့် အဝိနာဘာဝနည်း။

ဒိဗ္ဗသဒ်သတ္တာ ဒိဗ္ဗံ (ပါ၊ ဋ္ဌ၊ ၁။ ၁၃၂)-ဝယ် ဒိဗ္ဗံ-၌ အတူဖြစ်သော နတ်မျက်စိ၏ ဒိဗ္ဗ-ဟူသော အမည်ကို အတူရှိသော ဒုတိယဝိဇ္ဇာဉာဏ်၌ တင်စား၍ "ဒိဗ္ဗ" ဟု ဆိုခြင်းကြောင့် သဒိသူပစာ။

(ဃ) ဥဒါဟရဏ် ။ ။ တေသံ တေ ဓမ္မာ ဒုဂ္ဂဟိတာ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ (ပါ၊ ဋ္ဌ၊ ၁။ ၁၉)-၌ အကျိုးဖြစ်သော အကုသိုလ် ဓမ္မကို ဆိုသဖြင့် အကြောင်းဖြစ်သော ပါဠိဓမ္မကိုလည်းရသောကြောင့် အဝိနာဘာဝနည်း။

ရာဇာ နဂရေ ဘေရိံ စရာပေသိ (ပါ၊ ဋ္ဌ၊ ၁။ ၃၇)-၌ ဌာနီဖြစ်သော စည်၏ ဘေရိ-ဟူသော အမည်ကို ဌာနဖြစ်သော လူ၌ တင်စား၍ ဌာန ဖြစ်သော လူ၏ လှည့်လည်ခြင်းကိုပင် "ဘေရိံစရာပေသိ" ဟုဆိုခြင်းကြောင့် ဌာနူပစာ။

မှတ်ချက် ။ ။ "ဥပမာ, ဥပမာန, ဥပမေယျ, ဥပရိဂ္ဂှာ, ဥပစာများ ခွဲဝေထုတ်ဆောင်နည်းများ လည်း စပ်ဆိုင်ပါဝင်သည်" ဟုရာ၌ ဆိုင်ရာ အဋ္ဌကထာ ဝါကျကို ယုတ်၍ ဥပမာနစသည်ကို ထုတ်ဆောင်စေခြင်းကို ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ စက္ခုကိစ္စကရဏေန စက္ခုမိဝါတိပိ စက္ခု။ (ပါ၊ ဋ္ဌ၊ ၁။ ၁၃၂။) စက္ခုကိစ္စကရဏေန၊ သမဝိသမစသည်ကို မြင်ခြင်းဟုဆိုအပ်သော မျက်စိ၏ကိစ္စကို ပြုခြင်းကြောင့်။ စက္ခုမိဝ၊ မဲသစက္ခုကဲ့သို့တည်း။ ဣတိ တသ္မာပိ၊ ကြောင့်လည်း။ စက္ခု၊ စက္ခုမည်၏။

ဤဝါကျ၌ မဲသစက္ခုသည် "ဥပမိယတေ ဧတေနာတိ ဥပမာနံ" ဟူသည်နှင့်အညီ နှိုင်းယှဉ်ကြောင်းဖြစ်၍ ဥပမာန မည်၏။ ဒုတိယဝိဇ္ဇာဉာဏ်

http://www.dhammadownload.com

သည် "ဥပမိယတေတိ ဥပမေယျံ" ဟူသည်နှင့်အညီနှိုင်းယှဉ်အပ်သည်ဖြစ်၍ ဥပမေယျ မည်၏။ မံသစက္ခု, ဒုတိယဝိဇ္ဇာဉာဏ်တို့၏ ရူပါရုံကို မြင်ခြင်းကိစ္စ တစ်စိတ်တစ်ဒေသတူကြသော သဘောသည်။ ဝါ၊ "မြင်ခြင်းကိစ္စတူကြ၏" ဟု ဆင်ခြင်သောသူတို့၏ အသိဉာဏ်၌စပ်၍ထင်ခြင်းသမ္မန်သည် ဥပမာ မည်၏။ ထိုဥပမာကိုထွန်းပြတတ်သောဣဝ-သဒ္ဒါသည်ဥပမာစောတက မည်၏။

ထိုဝါကျ၌ **"ဂုဏ်တစိတ်တူ၊ မတူဒြပ်၊ ဂုဏ်ဖြင့်မှတ်မူ သဒိသူ"** ဟူသည်နှင့်အညီ အတူဖြစ်သော မံသစက္ခု၏ စက္ခု-ဟူသော အမည်ကို အတူရှိသော ဒုတိယဝိဇ္ဇာဉာဏ်၌ တင်စား၍ ဒုတိယဝိဇ္ဇာဉာဏ်ကို "စက္ခု" ဟု ဆိုသောကြောင့် သဒိသူပစာ။

ထိုဝါကျ၌ ဝိညာဏာဒိဌာနသမဝိသမအာစိက္ခနဘူတပသာဒနသတ္တိ မရှိသော ဒုတိယဝိဇ္ဇာဉာဏ်ကို ဝိညာဏာဓိဌာနသမဝိသမအာစိက္ခနဘူတ-ပသာဒနသတ္တိ ရှိသော မံသစက္ခုကဲ့သို့ ဆိုရကား **"နိသတ္တိကို၊ သတ္တိရှိလာ၊ ကျမ်း၌ပါ၊ ဝါစာသိလိ၌၊ ဥပရိတ်"** ဟူသည်နှင့်အညီ ဥပရိကျွာ ။ ။ ဤသို့ ဥပမာနစသည်ကို ထုတ်ရာ၏ ။ ။ ဥပမာနစသော ၄-ပါးကိုသာ လည်းကောင်း, ဥပရိကျွာကို လည်းကောင်း မေးနိုင်သည်။

မှတ်ချက် ။ ။ စည်းမျဉ်း (ဂ) ၌ ဥပစာ-ဟူသော စည်းမျဉ်းကို သတိပြုသင့်သည်။ အကြောင်းကား နည်း, ဥပစာ ဆိုခဲ့ပြီး ဖြစ်သောကြောင့်။

---

(၉) နံပါတ် စည်းမျဉ်း အဖြေ

စည်းမျဉ်း (၉) ၌ သတ်မှတ်ပေးသည့် အဌကထာလာ အကြောင်းအရာကို စုဏ္ဏိယဗန္ဓဖြင့် ရေးသားစေခြင်း-ဆိုရာ၌ အဌကထာပါဠိ မြန်မာပြန်ကို မာဂဓပါဠိစုဏ္ဏိယဗန္ဓ ဖွဲ့စီစေခြင်းကို ဆိုလိုသည်။

ဥဒါဟရုဏ် ။ ။ သိဂ္ဂဝ မထေရ်သည်လည်း ထိုတိဿအမည်ရှိသော ဗြဟ္မာကြီး၏ ပဋိသန္ဓေကို ယူပြီးရာဖြစ်သောနေ့မှစ၍ ခုနစ်နှစ်တို့ပတ်လုံး မောဂ္ဂလိဟူသော အမည်ရှိသော ပုဏ္ဏား၏အိမ်သို့ ဆွမ်းအလို့ငှာ ဝင်ပြီ-ဟူသော မြန်မာစကားပြင်ကို "မာဂဓပါဠိစုဏ္ဏိယဗန္ဓ ဖွဲ့စီခဲ့ပါ" ဟု ပုစ္ဆာဆင်ထုတ် မေးမြန်းရမည်။

အဖြေဥဒါဟရုဏ် ။ ။ သိဂ္ဂဝတ္ထေရောပိ တဿ ပဋိသန္ဓိဂ္ဂဟဏတော

http://www.dhammadownload.com

ပဘုတိ သတ္တဝဿာနိဗြာဟ္ဓဏဿဂေဟံ ပိဏ္ဍာယ ပါဝိသိ။ (ပါ၊ ၄၊ ၁။ ၂၉။)

---

(၁၀) နံပါတ် စည်းမျဉ်းအဖြေ

စည်းမျဉ်း (၁၀) ၌ နေတ္တိဟာရထုတ်နည်းကို ဆိုင်ရာပါဠိဖြင့် စပ်၍ မေးခြင်း-ဆိုရာ၌ ဆိုင်ရာ အဌကထာဝါကျကို ထုတ်၍ ဟာရနယ-စသည် တို့တွင် တစ်ပါးပါးကို ထုတ်စေခြင်းကို ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ ဝိတက္ကဝိစာရဝိရဟတော ဝါ ဧကောအသဟာယော ဟုတွာတိပိ ဝတ္တုံ ဝတ္တတိ (ပါ၊ ၄။ ၁၁၈)- ဟူသော ဝါကျ၌ ဝတ္တုံ-ကြိယာ၏ ကတ္တားကိုယူ၍ ပဋိစ္စသမုပ္ပါဒေါတရဏဟာရ ထုတ်ပုံကား။

ဝတ္တုံ-ကြိယာ၏ ကတ္တားအရကား ဆိုတတ်သောသူ၏ ခန္ဓာပဉ္စကတည်း။ ထို၏အကြောင်းကား အဝိဇ္ဇာတည်း။ ထိုအဝိဇ္ဇာဖြစ်သည်ရှိသော် သခ်ါရ, ဝိညာဏ် စသော တရားတို့သည် ဖြစ်ကုန်၏။ ဤသို့ အနုလောမပစ္စယာကာရ အားဖြင့် လည်းကောင်း, ထိုအဝိဇ္ဇာ၏ အရဟတ္တမဂ္ဂဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သခ်ါရနိရောဓော-စသည်ဖြင့် ပဋိလောမ ပစ္စယာ ကာရအားဖြင့်လည်းကောင်း သွင်းခြင်းသည် ပဋိစ္စသမုပ္ပါဒေါ တရဏ မည်၏ ။ ။ ဤသို့ဆိုင်ရာ အဌကထာဝါကျကို ထုတ်ပြ၍ ဟာရစသည်ကို ထုတ်စေခြင်းတည်း။

ပါရာဓိကဏ် ဒုတိယနေ့ စည်းမျဉ်းအဖြေ ပြီး၏

သီလက္ခန် ဒုတိယနေ့ စည်းမျဉ်း အဖြေ

(၁) ၌ ပဌမနေ့နှင့် အတူဖြစ်သောကြောင့် အထူးညွှန်ကြားရန်မလို။

---

(၂) နံပါတ် စည်းမျဉ်း အဖြေ

(၂) နံပါတ်စည်းမျဉ်း၌ "လိုအပ်သော ပါဠိဝါကျကို ထုတ်ပြ၍ သုဒ္ဓ အတက်, အထွက် ၂-မျိုးတို့တွင် တစ်မျိုးမျိုးကိုမေးခြင်း" ဟူရာဝယ်-

"သုဒ္ဓတက်" ဟူသည် ။ ။ ဥပမာ, ဟိတ်တို့ဖြင့် တန်ဆာမဆင်မူ၍

http://www.dhammadownload.com

သက်သက်တက်သော အတက်ကို "သုဒ္ဓတက်" ဟု ဆိုလိုသည်။

စည်းမျဉ်းဥပဒေမှတ်ချက်ဝယ် "အတက်ကို မေးရာ၌ ပါရာဇိကဏ် (၂) နံပါတ် ပုစ္ဆာအတိုင်း မေးရမည်" ဟူရာဝယ်-

"အနုသန္ဓေတက်" ဟူသည် ။ ။ အတိတ် ဖြစ်သော ရှေ့စကားကို အကြောင်း (ကြိယာဝိသေသန) ထား၍ ပစ္စုပ္ပန်ဖြစ်သော နောက်စကားကို အကျိုးအဖြစ်ဖြင့် ထားပြီးလျှင် ထိုအတိတ် ပစ္စုပ္ပန်, အကြောင်း အကျိုး ရှေ့. နောက် စကား ၂-ရပ်ကို စပ်၍ တက်သောအတက်မျိုးကို "အနုသန္ဓေတက်" ဟု ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ ဇဝံ အဝဏ္ဏဘူမိယံ တာဒိလက္ခဏေ ဒဿေတွာ ဣဒါနိ ဝဏ္ဏဘူမိယံ ဒဿေတုံ "မမံဝါဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျ" န္တိအာဒိမာဟ။ (သီ၊ ဋ္ဌ။ ၅၃။) ဤဥဒါဟရဏ်၌ ဇဝံ-မှသည် ဒဿေတွာ-တိုင်အောင် အတိတ် အကြောင်းထား၍ ဣဒါနိ-မှ အာဟ-တိုင်အောင် ပစ္စုပ္ပန် အကျိုးထား၍ ရှေး အတိတ်အကြောင်းနှင့် နောက်ပစ္စုပ္ပန်အကျိုး စကား ၂-ရပ်ကို စပ်၍ တက် သောကြောင့် "အနုသန္ဓေတက်" ဟု ဆိုလိုသည်။

(တစ်နည်း) အနုသန္ဓေတက်တွင် ပုဗ္ဗာနုသန္ဓေ၌ နိဒဿန, ကရိဏ်း, ကဲ, ကြိယာဝိသေသနအားဖြင့် (၄) ပါး။ ပရာနုသန္ဓေ၌ အာဓာရ, ကဲ, သမ္ပဒါန်, ဝိသေသန, ကတ္တား, ကဲ, ကြိယာအားဖြင့် အင်္ဂါ (၇) ပါး ။ ။ ဤသို့အားဖြင့် အင်္ဂါ (၁၁) ပါးတို့နှင့် အညီ ရှေ့နောက် အကြောင်းအကျိုးအားဖြင့် စပ်၍ တက်သော အတက်ကို "အနုသန္ဓေတက်" ဟု ဆိုလိုသည်။ (နာနာဝါဒ။)

ဥဒါဟရဏ် ။ ။ သန္တိတိ အတ္ထိ သဝိဇ္ဇန္တိ ဥပလဇ္ဇန္တိ။ ဘိက္ခဝေတိ အာ-လပနဝစနံ။ (သီ၊ ဋ္ဌ။ ၉၅။)

ဤသို့ အတ္ထိ သဝိဇ္ဇန္တိ-အစရှိသည်ဖြင့် သန္တိ-ဟူသောပုဒ်ကို ဖွင့်ပြပြီး၍ ယခုအခါ၌ ဘိက္ခဝေ-ဟူသော ပုဒ်ကို ဖွင့်ပြခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် ဘိက္ခဝေ-အစရှိသော ပါဠိကို မိန့်။

"ပုစ္ဆာတက်" ဟူသည် ။ ။ ရှေ့နောက်စကားရပ် ၂-ရပ်တို့၏ အစပ်ကို မပြမူ၍ အမေးသက်သက်ဖြင့်သာမေး၍ တက်သောအတက်ကို "ပုစ္ဆာအတက်" ဟု ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ ကိံသောပိ ဧတေန သစ္ဆိကတောတိ၊ တေသံ ဝိမတိံ ဝိဓမေန္တော "သမာရက" န္တိ အာဟ ။ ။ ဤဥဒါဟရဏ်၌ ကိံ သောပိ ဧတေန-

http://www.dhammadownload.com

စသည်ဖြင့် အမေးကိုသာပြု၍ ရှေ့နောက်အစပ်ကို မပြဘဲ တက်သောကြောင့် "ပုစ္ဆာတက်" ဟု ဆိုလိုသည်။

"စောဒနာတက်" ဟူသည် ။ ။ "အနာဘောဂစောဒနာတက်, သာဘောဂ စောဒနာတက်" ဟူ၍ ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် -

"အနာဘောဂ စောဒနာတက်" ဟူသည် ။ ။ အာဘော် မပါသော အားဖြင့် စောဒနာကြောင်းဖြစ်သောစကား (အတက်)ကို "အနာဘောဂ-စောဒနာတက်" ဟုဆိုလိုသည်။

"သာဘောဂ စောဒနာတက်" ဟူသည် ။ ။ အာဘော်နှင့်တကွ စောဒနာကြောင်းဖြစ်သော စကား (အတက်) ကို "သာဘောဂစောဒနာတက်" ဟု ဆိုလိုသည်။

အနာဘောဂစောဒနာတက်သည်လည်း လိင်္ဂနာရ, အယုတ္တ, အနယ, ဗျတိရေကအားဖြင့် ၄-ပါးရှိ၏။ ထို ၄-ပါးတို့တွင် -

"လိင်္ဂနာရစောဒနာတက်" ဟူသည် ။ ။ **အန္တောနီတံ နာမ ယထာရဟံ ပုရိမဝစနလဗ္ဘန္တရေ နီမုဂ္ဂမာနစောဒနာဓိပ္ပါယတ္ထဒဿနံယေဝ ဟောတီ**-ဟူသော ဂန္ထဋ္ဌိနှင့်အညီ-

(က) မူလဝါကျ၏ အတွင်း၌ ကွယ်ဝှက်တိမ်မြုပ်သော အနက်အရာတို့ကို အမေးမပြမူ၍ မူလိဝါကျဖြင့် အဖြေကိုသာ ပြသော အရာ၌ လည်းကောင်း, (ခ) တစ်ဝါကျတည်းပင် ဖြစ်သော်လည်း ကွယ်ဝှက်သော ပုဒ်,ဓာတ် စသည်တို့၏ အနက်ကို အမေးမပါ အဖြေသာ ပြသော အရာတို့၌လည်းကောင်း တိမ်မြုပ်သော စောဒနာပုဒ်ကို ထုတ်ဆောင်၍ တက်အပ်သော အတက်မျိုးကို "လိင်္ဂနာရစောဒနာတက်" ဟု ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ ကဓ ပန ဌာနာ ဂမနနိသဇ္ဇာသယနပဘောဒေသု ကရိယာပထေသု အညတရကရိယာပထသမာယောဂပရိဒီပနံ၊ တေန ဋ္ဌိတောပိ ဂစ္ဆန္တောပိ နိသိန္နောပိ သယာနောပိ ဘဂဝါ ဝိဟာရတိစ္ဆေဝ ဝေဒိတမ္ဟော။ သော ဟိ ဧကံ ကရိယာပထဗာဓနံ အညေန ကရိယာပထေန ဝိန္ဒိစ္ဆိတွာ အပရိပတန္တံ အတ္တဘာဝံ ဟရတိ ပဝတ္တေတိ၊ တသ္မာ ဝိဟာရတီတိ ဝုစ္စတိ ။ ။ ဤဥဒါဟရဏ်၌ အမေးကို မပြမူ၍ ရှေ့ဝါကျ၌ ကွယ်ဝှက် တိမ်မြုပ်နေသော အနက်အရာတို့ကို ပေါ်လွင်ထင်ရှားသော သော ဟိ-အစရှိသော အနုဝါကျဖြင့် အဖြေကိုသာ ပြသည်ဖြစ်၍ တတ္ထ ကဿ ကေန ဝိစ္ဆိန္နံ (သာရတ္ထ၊ ၁။ ၂၀၄) -စသည်ဖြင့်

http://www.dhammadownload.com

စောဒနာပုဒ်ကို ထုတ်ဆောင်၍ သောဟိ-အစရှိသော ဝါကျကို တက်အပ်သော ကြောင့် "လီနန္တရစောဒနာတက်" ဟု ဆိုလိုသည်။

"အယုတ္တစောဒနာတက်" ဟူသည် ။ ။ "မသင့်လျော်" ဟု နှလုံးထား၍ ကထံ, ကသ္မာ, ကိမတ္ထံ-ဟူသော ပုဒ်တို့ဖြင့် တက်သော အတက်ကို "အယုတ္တ စောဒနာတက်" ဟု ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ အထ ဧကာဟာရာတိက္ကမနတော ပဌာယ နိရန္တရံ ခါဒန္တာပိ ပိဝန္တာပိ စဝန္တိယေဝ၊ နတိဌန္တိ။ ကသ္မာ? ကမ္မဇတေဇသ ဗလဝ-တာယ, ကရဇကာယသ မန္ဒတာယ။ (သီ၊ ဌ။ ၁၀၄။) ဤဥဒါဟရဏ်၌ တစ်ကြိမ်သော အာဟာရကို လွန်သော အခါမှ စ၍ မပြတ်စားသော် လည်း ကောင်း, သောက်သော် လည်းကောင်း စုတေကုန်၏၊ မတည်နိုင်ကုန်-ဟူသော စကားသည် "မသင့်" ဟူ၍ နှလုံးထား၍ ယသ္မာ-ဟူသော ပုဒ်ဖြင့် တက်သော ကြောင့် အယုတ္တစောဒနာ မည်၏။

မှတ်ချက် ။ ။ ကသ္မာ-စသည်ဖြင့် တက်ရာ၌ တိုက်ရိုက် စပ်၍ တက် သည်ကို ပြသည်လည်း ရှိ၏။ ဆောင်၍ တက်အပ်သည်ကို ပြသည်လည်း ရှိ၏။ ထိုသို့ရှိသော်လည်း ကထံ, ကသ္မာ, ကိမတ္ထံ-ပုဒ်တို့ဖြင့် တက်လာလျှင် "အယုတ္တစောဒနာတက်" ဟူ၍ မှတ်သားရမည်။

"အန္ဓယစောဒနာတက်" ဟူသည် ။ ။ အလျော်အားဖြင့် ကေန, ကသ္မာ-ဟူသော ပုဒ်တို့ဖြင့် တက်သော အတက်သည် အန္ဓယစောဒနာတက်မည်၏။

ဥဒါဟရဏ် ။ ။ ကေန ပါဏိ ကာမဒဒေါ၊ ကေန ပါဏိ မဓုဿဝေါ။
ကေန တေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဣဇ္ဈတိ။
တေန ပါဏိ ကာမဒဒေါ၊ တေန ပါဏိ မဓုဿာဝေါ။
တေန မေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဣဇ္ဈတိ။
(သီ၊ ဌ။ ၁၆၀။)

ဤဥဒါဟရဏ်၌ အဖြေအားလျော်စွာ ကေန-ဟူသော ပုဒ်ဖြင့် တက် သောကြောင့် အန္ဓယစောဒနာတက် မည်၏။

ကိံ ပနေသ ရညာ ဝုတ္တံ အကာသိ, အဝုတ္တန္တိ? အဝုတ္တံ။ ကသ္မာ? ပဏ္ဍိတတာယ။ (ဒီ၊ ဌ။ ၁၃၄။) ဤဥဒါဟရဏ်၌ ပဏ္ဍိတတာယ-ဟူသော အဖြေ အားလျော်စွာ ကသ္မာ-ဟူသော ပုဒ်ဖြင့် တက်သောကြောင့် အန္ဓယစောဒနာတက် မည်၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ ဤသို့တက်ခြင်းသည် ကေန ကသ္မာဟိ ကကျာဝအန္ဓယာ စောဒနာ ဘဝေ-ဟူသော မူကို ကြည့်၍ တက်ခြင်း ဖြစ်သည်။

"ဗျတိရေက စောဒနာတက်" ဟူသည် ။ ။ အဖြေ၏ ဆန့်ကျင်ဘက် အားဖြင့် ယဒိ-အစရှိသော ပုဒ်တို့ဖြင့် စောဒနာကြောင်း ဖြစ်သော အတက် သည် "ဗျတိရေကစောဒနာတက်မည်၏" ဟု ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ ကတမေ စ ပန တေ ဓမ္မာ ဘဂဝတာ ဧဝံ ဃောမိ-တ်ာတိ? သဗ္ဗညုတညာဏ်။ ယဒိ ဧဝံ ကသ္မာ ဗဟုဝစနနိဒ္ဒေသော ကတောတိ? ပုထုစိတ္တသမာယောဂတော စေဝ ပုထုအာရမ္မဏတော စ။ (သီ၊ ဋ္ဌ။ ၉၃။) ဤ ဥဒါဟရဏ်၌ "ဓမ္မာ" ဟု ဗဟုဝစနန္တဖြင့် ဟောပါလျက် သဗ္ဗညုတညာဏ် တစ်ခုတည်းကိုသာ ယူခြင်းသည် "မသင့်" ဟု အဖြေ၏ ဆန့်ကျင်ဘက်အားဖြင့် ယဒိ ဧဝံ-ဟူသော ပုဒ်ဖြင့် စောဒနာတက်သောကြောင့် ဗျတိရေကစောဒနာတက် မည်၏။

"အာဘောဂ စောဒနာတက်" ဟူသည် ။ ။ နနု, နနု စ-အစရှိသော ပုဒ်တို့ဖြင့် အာဘော်နှင့်တကွ စောဒနာကြောင်းဖြစ်သော အတက်သည် "အာဘောဂစောဒနာတက် မည်၏" ဟု ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ တတ္ထ သိယာ၊ နနု ဣဒံ သီလံနာမ ယောဂိနော အဂ္ဂ-ဝိဘူသနံ။ ပ။ တံ ကသ္မာ ဣမသ္မိံ ဌာနေ အပ္ပမတ္တကန္တိ အာဟာတိ? ဥပရိဂုဏော ဥပနိဓာယ။ (သီ၊ ဋ္ဌ။ ၅၅-၆-၇။) ဤဥဒါဟရဏ်၌ "သီလမည်သည် ယောဂီပုဂ္ဂိုလ်၏ မြတ်သော တန်ဆာဖြစ်သည် မဟုတ်ပါလော။ ထိုသီလကို အဘယ်ကြောင့် 'အပ္ပမတ္တက' ဟု ဆိုပါသနည်း" ဟု အာဘော်နှင့်တကွ မေး၍ တက်သောကြောင့် အာဘောဂစောဒနာတက် မည်၏။

"သုဒ္ဓထွက်" ဟူသည် ။ ။ ပဓာနကြိယာကို ဥသျောင်ကို ကိုင်၍ ကဲ့ကတ္တားစသည်တို့ကို ဥပမာ စသည်ဖြင့် တန်ဆာမဆင်မူ၍ ထွက်ခြင်းသည် "သုဒ္ဓထွက်မည်၏" ဟူလိုသည်။ ထိုသုဒ္ဓထွက်သည် သဒ္ဒါ, ပညတ်, ပရမတ် အားဖြင့် ၃-ပါး ရှိ၏။ ထို ၃-ပါးတို့တွင်-

"သဒ္ဒါထွက်" ဟူသည် ။ ။ ပဓာနကြိယာကို ကိုင်လျက် ကတ္တားကတ္တိ, ကမ္မကမ္မိ စသည်ဖြင့် ကတ္တားကဲ့ စသည်တို့ကို ထွက်ခြင်းမျိုးကို ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ ဟောတိတိ အာချာတပဒန္တိ ဣမိနာ တာဝ နယေန ပဒဝိဘာဂေါ ဝေဒိတဗ္ဗော။ (သီ၊ ဋ္ဌ။ ၂၇။) ဤဥဒါဟရဏ်၌ ထိုပါဠိအပေါင်း

http://www.dhammadownload.com

တို့တွင် လိုရင်းကား ဝေဒိတဗ္ဗော–ဟူသည်တည်း။ အဓိပ္ပာယ်ကား–သိအပ်၏–ဟူလိုသော်။ အရှင်အဋ္ဌကထာဆရာ "ဝေဒိတဗ္ဗော–ဟူသောပါဠိဖြင့် ကမ္မီကို ဆိုတော်မူ၏။ ထိုကမ္မီ၏ ကမ္မကား အဘယ်နည်း။ ဤသို့ မေးဖွယ်ရှိ၍ ပဒဝိဘာဂေါ–ဟူသော ပါဠိကို မိန့်။ အဓိပ္ပာယ်ကား–ဝေဒိတဗ္ဗော–ဟူသော ကမ္မီ၏ ကမ္မကား ပဒဝိဘာဂေါ–ဟူလိုသော်။

"ပညတ်ထွက်" ဟူသည် ။ ။ ပဓာနကြိယာမှ ကဲ့,ကတ္တား စသည်တို့ကို ဝေါဟာရအားဖြင့် ထွက်ခြင်းကို ဆိုလိုသည်။

ထိုပါဠိအပေါင်းတို့တွင် လိုရင်းကား ဝေဒိတဗ္ဗော–ဟူသည်တည်း။ အဓိပ္ပာယ်ကား–သိအပ်၏–ဟူလိုသော်။ အရှင်အဋ္ဌကထာဆရာ ဆရာသည် ဝေဒိတဗ္ဗော–ဟူသော ပါဠိဖြင့် "သိအပ်၏" ဟု ဆိုတော်မူ၏။ အဘယ်ကို သိအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိ၍ ပဒဝိဘာဂေါ–ဟူသော ပါဠိကို မိန့်။ အဓိပ္ပာယ်ကား–ပဒ်ကို ဝေဖန်ခြင်းကို သိအပ်၏–ဟူလိုသော်။

"ပရမတ်ထွက်" ဟူသည် ။ ။ ပဓာနကြိယာမှ ကဲ့,ကတ္တား စသည်တို့ကို ပစ္စည်း, ပစ္စယုပ္ပန်အားဖြင့် ထွက်ခြင်းမျိုးကို ဆိုလိုသည်။

ထိုပါဠိအပေါင်းတို့တွင် လိုရင်းကား–ဝေဒိတဗ္ဗော–ဟူသည်တည်း။ အဓိပ္ပာယ်ကား–သိအပ်၏–ဟူလိုသော်။ အရှင်အဋ္ဌကထာဆရာ ဆရာသည် ဝေဒိတဗ္ဗော–ဟူသော ပါဠိ၌ ဝိဒ–ဓာတ်ဖြင့် အာရမ္မဏပစ္စည်း၏ အကျိုး အာရမ္မဏိက ပစ္စယုပ္ပန္နဓမ္မကို ဆိုတော်မူ၏။ ထို အကျိုး အာရမ္မဏိက ပစ္စယုပ္ပန္နဓမ္မ၏ အကြောင်း အာရုံ ပစ္စည်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိ၍ ပဒဝိဘာဂေါ–ဟူသော ပါဠိကို မိန့်။ အဓိပ္ပာယ်ကား–ဝေဒိတဗ္ဗော–ဟူသော အကျိုး အာရမ္မဏိက ပစ္စယုပ္ပန္နဓမ္မ၏ အကြောင်း အာရုံ ပစ္စည်းကား ပဒဝိဘာဂေါ–ဟူလိုသော်။

"အတ္ထဒ္ဒါရ" ဟူသည် ။ ။ **သဒ္ဒါတစ်ပါး၊ နက်များထုတ်ပြ၊ အတ္ထဒ္ဒါရ၊ မှန်မှုရ** (တွင်းကြီးနိယံ)–နှင့် အညီ သဒ္ဒါတစ်ခု၏ ဟောနိုင်သော အနက်များကို ထုတ်ပြခြင်းသည်, "အတ္ထဒ္ဒါရမည်၏" ဟု ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ အတ္ထတော ပန ဧဝံသဒ္ဒေါ တာဝ ဥပမူပဒေသသမ္ပဟံ သနဂရဟဏ ဝစနသမ္ပဋိဂ္ဂဟကာရနိဒဿနာဝဓာရဏာဒိအနေကတ္ထပဘေဒေါ။ (သီ၊ ဋ္ဌ။ ၂၇။)

"အဓိပ္ပေတတ္ထ" ဟူသည် ။ ။ **လိုရာအနက်၊ ပြလျက်ထွက်က၊ အတ္ထဒ္ဒေသ၊**

http://www.dhammadownload.com

ယင်းဝါကျ (တွင်းကြီးနိယ်)-နှင့် အညီ သဒ္ဒါတစ်ခု ဟောနိုင်သော အနက် များမှ အရာအားလျော်စွာ အလိုရှိအပ်သော အနက်ကို ထုတ်ပြခြင်းသည် "အတ္ထုဒ္ဒေသမည်၏" ဟု ဆိုလိုသည်။ အဓိပ္ပေတတ္ထလည်း မည်၏။

ဥဒါဟရဏ် ။ ။ သွာယမိမ အာကာရနိဒဿနာဝဓာရဏေသု ဒဋ္ဌဗ္ဗော။ (သီ၊ ဋ္ဌ။ ၂၈။)

---

(၃) နံပါတ် စည်းမျဉ်း အဖြေ

ကိဆ္ဆာပိ, သစေပိ, ယဒိ, ယဒိပိ, သစေ, အထ, စေ, လက္ခဏာရုစိ, နနု, နနုစ-အစရှိသော သဒ္ဒါတို့ကို ကျမ်းဆရာထားခြင်းသည် သဒ္ဒါ, အနက်, အကြောင်း, အကျိုး ဤ ၄-မျိုးတွင် တစ်မျိုးမျိုးကို မနှစ်သက်၍ ထားသည်။ ထို ၄-မျိုးတို့တွင် -

(၁) သဒ္ဒါကို မနှစ်သက်၍ ထားရာ၌ သံဝဏ္ဏေတဗ္ဗဖြစ်သောသဒ္ဒါကို မနှစ်သက်၍ထားလျှင် "သဒ္ဒါကို မနှစ်သက်၍ ထားသည်" ဟု ဆိုလိုသည်။ (၂) အနက်ကို မနှစ်သက်၍ ထားရာ၌ သံဝဏ္ဏနာဖြစ်သော အနက်ကို မနှစ် သက်၍ ထားလျှင် "အနက်ကို မနှစ်သက်၍ ထားသည်" ဟု ဆိုလိုသည်။ (၃) အကြောင်းကိုမနှစ်သက်၍ထားရာ၌သံဝဏ္ဏနာ၌ပြသောအကြောင်းကို မနှစ်သက်၍ ထားလျှင် "အကြောင်းကို မနှစ်သက်၍ထားသည်" ဟု ဆိုလို သည်။ (၄) အကျိုးကို မနှစ်သက်၍ ထားရာ၌ သံဝဏ္ဏနာ၌ ပြသော အကျိုးကို မနှစ်သက်၍ ထားလျှင် "အကျိုးကို မနှစ်သက်၍ထားသည်" ဟု ဆိုလိုသည်။ ဤသို့အားဖြင့် "သံဝဏ္ဏေတဗ္ဗ၌ သဒ္ဒါတစ်မျိုး, သံဝဏ္ဏနာ၌ အနက်, အကြောင်း, အကျိုး ၃-မျိုးဖြင့် ဖြစ်သင့်သည်" ဟု မူအားဖြင့် သတ်မှတ်ကြသည်။

သဒ္ဒါကို မနှစ်သက်၍ ထားသော ကိဆ္ဆာပိ-ဥဒါဟရဏ် ။ ။ တတ္ထကိဆ္ဆာ-ပိ ဇေဿဘဂဝတော ဝစနသဝနေ ပရိယန္တံ နာမ နတ္ထိ၊ တထာပိအတ္ထော တာဒိသောယေဝ ဘဝိဿတီတိ စိန္တေတွာ ဥပရိဝိသေသံ ပုစ္ဆန္တော "ဇဝမေဝါ" တိ အဝတွာ "အဘိက္ကန္တံ တရဏ္ဍ ပဏီတတရဏ္ဍာ" တိ အာဟ။ (သီ၊ ဋ္ဌ။ ၁၅၄။)

(၁) ကိဆ္ဆာပိ-မှ နတ္ထိ-တိုင်အောင်သောစကားသည် (နေယျတ္ထစောဒ-ကာဘောဂ)။ (၂) ဇဝမေဝါတိ-မှ အာဟ-တိုင်အောင်သော စကားသည် (နေယျတ္ထစောဒနာ)။ ("ဇဝမေဝါ" တိ ဝတ္တွာဗွဲ၊ နှ "အဘိက္ကန္တံ တရဏ္ဍပဏီတ တရဏ္ဍာ" တိ ဝတ္တွာဗွဲ-ပြင်။) (၃) တထာပိ အတ္ထော တာဒိသော ယေဝ-မှသည်

http://www.dhammadownload.com

ပုစ္ဆန္တော- တိုင်အောင်သော စကားသည် (ပရိဟာရကာဘောဂ)။ (၄) "ဧဝမေဝါ" တိ အဝတွာ "အဘိက္ကန္တ တရဉ္ဇပဏီတတရဉ္ဇာ" တိ အာဟ-သည် (နီတတ္ထ ပရိဟာရ)။ (ကိဉ္ဇာပိ-အနုဂ္ဂဟ, သမ္ဘာဝနာ၊ တထာပိ-အရုစျတ္ထ)။ ဤ၌ ကိဉ္ဇာပိ-သဒ္ဒါကို ထားခြင်းသည် အဘိက္ကန္တ တရဉ္ဇပဏီတတရဉ္ဇာ-ဟူသော သဒ္ဒါကို မနှစ်သက်၍ ထားသည်။

အနက်ကို မနှစ်သက်၍ ထားသောကိဉ္ဇာပိ-ဥဒါဟရဏ် ။ ။ "သံဃော" တိဣမ်နာ ပန ပဒေန ကိဉ္ဇာပိ အဝိသေသတော ပုဂ္ဂလသမူဟော ဝုတ္တော၊ အထ ခေါ သော ဒက္ခိဏေယျသံဃော, သမ္မုတိသံဃောစာတိ ဒုဝိဓော ဟောတိ။ တတ္ထ ဒက္ခိဏေယျသံဃောတိ အဌအရိယပုဂ္ဂလသမူဟော ဝုစ္စတိ။ သမ္မုတိသံဃောတိ အဝိသေသေနဘိက္ခုသမူဟော၊ သောဣဓ အဓိပ္ပေတော။ (ကခ်ါ၊ ၄။ ၈၅။) ဤ၌ သော ဣဓ အဓိပ္ပေတော-ဟူသော ဝါကျဝယ် သော-ဟူသော သဒ္ဒါ၏ အနက်ကို မနှစ်သက်၍ ကိဉ္ဇာပိ-ကို ထားသည်။

အကြောင်းကို မနှစ်သက်၍ ထားသော ကိဉ္ဇာပိ ဥဒါဟရဏ် ။ ။ အာပေါ ဓာတုယာ သုခုမဘာဝေန ဖုသိတုံ အသက္ကုဏေယျတ္တာ ဝုတ္တံ "အာပေါဓာတု-ဝိဝဇ္ဇိတံ ဘူတတ္တယသခ်ါတ" န္တိ။ ကိဉ္ဇာပိ ဟိ သီတတာ ဖုသိတွာ ဂယှတိ၊ သာ ပန တေဇောယေဝ။ (ဝိဘာဝိနီ။ ၁၉၆။) ဤ၌ အသက္ကု ဏေယျတ္တာ-ဟူသော သံဝဏ္ဏနာပြအကြောင်းကို မနှစ်သက်၍ ကိဉ္ဇာပိ-ထားသည်။

အကျိုးမနှစ်သက်၍ထားသော ကိဉ္ဇာပိ ဥဒါဟရဏ် ။ ။ ဧတ္ထစကိဉ္ဇာပိ ပါဋိယံ "အယံ နာမ အာပတ္တီ" တိ နဝုတ္တာ။ ဝိဝရိတွာ နိပ္ပန္နဒေါသေန ပန ဥပ္ပန္နေ ဝတ္ထုသ္မိံ "အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပဋိသလ္လီယန္တေန ဒွါရံ သံဝရိတွာ ပဋိသလ္လီယိတု" န္တိ ဝုတ္တတ္တာ အသံပရိတွာ ပဋိသလ္လီယန္တဿ ဒုက္ကဋံ ဝုတ္တံ။ (ပါ၊ ၄၊ ၁။ ၂၄၄။) ဤ၌ အသံဝရိတွာ-စသော စကားရပ်ဖြင့် "ဒုက္ကဋ်အာပတ် သင့်၏" ဟု ဆိုအပ်သော ဒုက္ကဋံ-ဟူသော သံဝဏ္ဏနာပြ အကျိုးစကားရပ်ကို မနှစ်သက်၍ ကိဉ္ဇာပိ-ထားသည်။

သဒ္ဒါ မနှစ်သက်၍ ထားသော သစေပိ-ဥဒါဟရဏ် ။ ။ သမ္ဘာဓော ဃရာဝါသောတိ သစေပိ သဋ္ဌိဟတ္ထေ ဃရေ ယောဇနသတန္တရေပိ ဝါ ဒွေ ဇာယမ္ပတိကာ ဝသန္တိ တထာပိ နေသံ သကိဉ္ဇနသပလိဗောဓဋ္ဌေန ဃရာဝါသော သမ္ဘာဓောယေဝ။ (သီ၊ ၄။ ၁၆၂။)

(၁) သစေပိ-မှသည် ဝသန္တိ-တိုင်အောင် (စောဒကာဘောဂ)။ (၂)

http://www.dhammadownload.com

ဃရာဝါသောသမ္မာဓောယေဝ (နေယျတ္ထစောဒနာ)။ (၃) တထာပိ-မှသည် သပလိဗောဇ္ဈေန-တိုင်အောင် (ပရိဟာရကာဘောဂ)။ (၄) ဃရာဝါသော သမ္မာဓောယေဝ-သည် (နိတတ္ထပရိဟာရ) ။ ။ ဤ၌ သံဝဏ္ဏေတဗ္ဗဖြစ်သော ဃရာဝါသော သမ္မာဓော-ဝယ် သမ္မာဓ-သဒ္ဒါကို မနှစ်သက်၍ သစေပိ-သဒ္ဒါကို ထားသည်။

သဒ္ဒါ မနှစ်သက်၍ ထားသော ယဒိ-ဥဒါဟရဏ် ။ ။ ယဒိ ကုသလကမ္မံ ဝိပစ္စတိ၊ တဒါ ပရိသုဒ္ဓံ ကုသလစိတ္တံ ပဝတ္တတိ၊ အထအကုသလကမ္မံ၊ တဒါ ဥပက္ကိလိဋ္ဌံ အကုသလစိတ္တန္တိ အာဟ "ဝိပစ္စမာနက ။ ပ။ ကိလိဋ္ဌံ ဝါ" တိ။ (ဝိဘာဝိနီ။ ၁၈၈။) ဤ၌ သံဝဏ္ဏေတဗ္ဗဖြစ်သော ဝိပစ္စမာနက ။ ပ။ ကိလိဋ္ဌံ ဝါ-ဟူသော သံဝဏ္ဏေတဗ္ဗဝယ် ဝိကပ်အနှက်ရှိသော ဝါ-သဒ္ဒါနှင့်တကွ ပရိသုဒ္ဓံ ဥပက္ကိလိဋ္ဌံ-ဟူသော သဒ္ဒါကို မနှစ်သက်၍ ယဒိ-ကို ထားသည်။

အနက်ကိုမနှစ်သက်၍ထားသော လက္ခဏာရုဒိ-ဥဒါဟရဏ် ။ ။ လောကေ ဥပ္ပဇ္ဇတီတိ ဇတ္ထု ပန လောကောတိ သြကာသလောကော သတ္တလောကော သခ်ါရလောကောတိ တိဝိဓော။ တ္ထ ပန သတ္တလောကော အဓိပ္ပေတော။ သတ္တလောကေ ဥပ္ပဇ္ဇမာနောပိ စ တထာဂတော နာ ဒေဝလောကေ နာ ဗြဟ္မလောကေ၊ မနုဿလောကေယေဝ ဥပ္ပဇ္ဇတိ။ (သီ၊ ဋ္ဌ။ ၁၅၆။)

(၁) သတ္တ လောကေ ဥပ္ပဇ္ဇမာနောပိ (စောဒကာဘောဂ)။ (၂) မနုဿ လောကေယေဝ နာ ဥပ္ပဇ္ဇတိ (နေယျတ္ထစောဒနာ)။ (၃) တထာဂတော နာ ဒေဝ လောကေ နာ ဗြဟ္မလောကေ (ပရိဟာရကာဘောဂ)။ (၄) မနုဿလောကေယေဝ ဥပ္ပဇ္ဇတိ (ပရိဟာရ) ။ ။ ဤ၌ သံဝဏ္ဏနာပြ မနုဿလောကေယေဝ ဥပ္ပဇ္ဇတိ-ဟူသော အနက်ကို မနှစ်သက်သောကြောင့် ဥပ္ပဇ္ဇမာနောပိ-ဟူသော လက္ခဏာ-ရုဒိကို ထားသည်။

သဒ္ဒါ မနှစ်သက်၍ထားသော နနု-ဥဒါဟရဏ် ။ ။ ဇတ္ထာဟ "နနု စ ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဣမိနာပိ အယမတ္ထောသိဒ္ဓေါ၊ အထ ကသ္မာ ပုန ဝုတ္တံ အဝိတက္ကံအဝိစာရ" န္တိ။ ဝုစ္စတေ၊ ဧဝမေတံ သိဒ္ဓေါဝါယမတ္ထော၊ နာ ပနေတံ တဒတ္ထဒီပကံ။ (ပါ၊ ဋ္ဌ။ ၁၁၉။)

(၁) နနု-မှသည် သိဒ္ဓေါ-တိုင်အောင်စကားသည် (စောဒကာဘောဂ)။ (၂) အထကသ္မာ-မှသည် အဝိစာရန္တိ-တိုင်အောင်စကားသည် (နိတတ္ထစောဒနာ)။ (၃) (ဝုစ္စတေ) ဧဝမေတံ-မှသည် တဒတ္ထဒီပကံ-တိုင်အောင်သော စကားသည်

http://www.dhammadownload.com

(ပရိဟာရကာဘောဂ)။ (၄) ပုန ပုတ္တံ အဝိတက္ကံ အဝိစာရန္တိ-ဟူသော စကား သည် (နေယျတ္ထပရိဟာရ)။ ဤ၌ အဝိတက္ကံ အဝိစာရံ-ဟူသော သံဝဏ္ဏေတဗ္ဗ သဒ္ဒါကို မနှစ်သက်သောကြောင့် နန စ-သဒ္ဒါကို ထားသည်။

သဒ္ဒါ မနှစ်သက်၍ ထားသော နန-ဥဒါဟရဏ် ။ ။ တတ္ထ သိယာ၊ နန ဣဒံ သီလံနာမ ယောဂိနော အဂ္ဂဝိဘူသနံ ။ ပ။ ဧဝမနေကေသု သုတ္တသတေသု သီလံ မဟန္တမေဝ ကတွာ ကထိတံ။ တံ ကသ္မာ ဣမသ္မိံ ဌာနေ "အပ္ပမတ္တက" န္တိ အာဟာတိ? ဥပရိဂုဏေ ဥပနိဓာယ။ (သီ၊ ဋ္ဌ။ ၅၅-၆-၇။)

(၁) သိယာ နန။ ပ။ ဝိဘူသနံ, ကထိတံ-တိုင်အောင် ဝါကျသည် (စောဒကာဘောဂ)။ (၂) ကသ္မာ-မှ အာဟ-တိုင်အောင် ဝါကျသည် (နီတတ္ထစောဒနာ)။ (၃) ဥပရိဂုဏေ ဥပနိဓာယ-ဟူသော ဝါကျသည် (ပရိဟာရကာဘောဂ)။ (၄) ဣမသ္မိံ ဌာနေ-မှ အာဟ-တိုင်အောင်သော ဝါကျသည် (နေယျတ္ထပရိဟာရ) ။ ။ ဤ၌ သံဝဏ္ဏေတဗ္ဗဖြစ်သော အပ္ပမတ္တက-သဒ္ဒါကို မနှစ်သက်၍ နန-ထားသည်။

မှတ်ချက် ။ ။ သီလက္ခန်၌ နန စ-မရှိ၊ စေ ယဒိ-တို့လည်း ပရိကပ္ပ မျှသာရ၏။

---

(၄) နံပါတ်စည်းမျဉ်း အဖြေ

(၄) ၌ "ဝိဂ္ဂဟနှင့် ဝစနဆက္ကကို မေးခြင်း" ဟူရာဝယ် "ဝိဂ္ဂဟ" ဟူရာ၌ သမာသ်, တဒ္ဓိတ်, ကိတ်ဝိဂ္ဂဟကိုသာ ယူရမည်။

သမာသ်ဝိဂ္ဂဟ ။ ။ ဇိတော မာရော ယေနာတိ ဇိတမာရော-သမာသ ဝိဂ္ဂဟ၌ (က) ဇိတမာရော-သည် ဝစန။ (ခ) ဇိတော မာရော ယေန-သည် ဝစနတ္ထ။ (ဂ) အောင်အပ်သော မာရ်၏ ရဟန္တာနှင့် ပဟာတဗ္ဗ ပဟာယက အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု။ (ဃ) ဣတိ-သည် ဝစနဟေတု ဇောတက။ (င) ဇိတမာရော-ဟူသော ပုဒ်သည် ဟောအပ်သော ရဟန္တာဒြပ် သည် ဝစနီယ။ (စ) အရဟာ, ခီဏာသဝ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

တဒ္ဓိတဝိဂ္ဂဟ ။ ။ ဒဏ္ဍော အဿ အတ္ထိတိ ဒဏ္ဍိကော-ဟူသော တဒ္ဓိတ-ဝိဂ္ဂဟ၌ (က) ဒဏ္ဍိကော-သည် ဝစန။ (ခ) ဒဏ္ဍော အဿ အတ္ထိ-သည် ဝစနတ္ထ။ (ဂ) တောင်ဝှေး၏ပုဂ္ဂိုလ်နှင့် ဌာနီ ဌာနအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်

http://www.dhammadownload.com

သည် ဝစနဟေတု။ (ဃ) ဣတိ-သည် ဝစနဟေတုဇောတက။ (င) ဒဏ္ဍီကော-သဒ္ဒါသည် ဟောအပ်သောတောင်ဝှေးရှိသောပုဂ္ဂိုလ်ဩပ်သည် ဝစနီယ။ (စ) ဒဏ္ဍီ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ကိတဝိဂ္ဂဟ ။ ။ သာသတိ အနုသာသတီတိ သတ္ထာ-ဟူသော ကိတ-ဝိဂ္ဂဟ၌ (က) သတ္ထာ-ဟူသော နိပ္ပန္နပုဒ်သည် ဝစန။ (ခ) သာသတိ အနု-သာသတိ-သည် ဝစနတ္ထ။ (ဂ) နိပ္ပန္နပြီးခြင်း၏ အကြောင်းဖြစ်သော ဆုံးမခြင်း ကြိယာသကတ်သည် (နိရုတ္တိမဏ္ဍူသာ), (တစ်နည်း) ဆုံးမခြင်းငှာ စွမ်းနိုင်သော ကတ္တား၏သတ္တိသည် (စံကျောင်းနိယ်) ဝစနဟေတု။ (ဃ) ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက။ (င) ဘုရားဖြစ်သည်, (တစ်နည်း) ရဋ္ဌပစ္စည်း၏ အရ ဖြစ်သော ကတ္တုသတ္တိ၏ တည်ရာဖြစ်သည် ဝစနီယ။ (စ) တထာဂတော ဇိနော-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။ ဤသို့အားဖြင့်ထုတ်ခြင်းသည် "ဝစနဆက္ကထုတ်နည်းမျိုး" ဟု ဆိုလိုသည်။

မှတ်ချက် ။ ။ ကြွင်းကျန်သော ကမ္မသာဓနစသော ဝိဂ္ဂဟများ၌ ကမ္မတ္ထ-ကြိယာ စသည်ကိုသာ ဝစနဟေတုအရ ထုတ်ရမည်။

---

(၅) နံပါတ် စည်းမျဉ်း အဖြေ

(က) ဟိတ်၏ သမ္ဗန်ထားနည်း။ (ခ) တ္ထ, တာ-သမ္ဗန်တို့၏ က်, ကတ္တား, သမ္ဗန်အနက် ၃-တန်ဖြစ်ရာ၌ စာစပ်နည်း။ (ဂ) ဘာဝသမ္ဗန်ပုဒ်၌ ရထိုက်သော ကိတ်, တဒ္ဓိတ် ပစ္စယတ္ထကိုလည်းကောင်း, သမာသ်ဝစနတ္ထ အဘိ-ဓေယျတ္ထကို လည်းကောင်း ဟူ၍ စည်းမျဉ်း ၃-ချက် ရှိ၏။ ထိုတွင်-

(က) ၏ အဖြေကား ။ ။ ဟိတ်၏ ဆိုက်ရာစပ်ရာ ဖြစ်သော ကြိယာ၏ ပကတိဖြစ်သော ဘာဝယောဂသမ္ဗန်နှင့် အရတူသော ကတ္တား, က်တို့တွင် တစ် ခုခုကိုဟိတ်၏ သမ္ဗန်ထားအပ်၏။

ဥဒါဟရဏ် ။ ။ တာနိ စ ဘဂဝါ အာဘိသမ္ဘု ဒ္ဓေါ၊ တသ္မာ တထာနံ ဓမ္မာနံ အာဘိသမ္ဘုဒ္ဓတ္တာ တထာဂတောတိ ဝုစ္စတိ။ (သီ၊ ဋ္ဌ။ ၆၄။) ဤ၌ အာဘိသမ္ဘုဒ္ဓတ္တာ-ဟိတ်၏စပ်ရာဖြစ်သော ဝုစ္စတိ-ကြိယာ၏ က် ဘဂဝါ-ပုဒ်ကို "ဘဂဝတော" ဟု အာဘိသမ္ဘုဒ္ဓတ္တာ-၏ သမ္ဗန်ထားအပ်၏။

(ခ) ၏ အဖြေကား ။ ။ တ္ထ, တာ-သမ္ဗန်တို့ကို က်အနက် ကတ္တား အနက်ပြန်မူ ဘာဝသမ္ဗန်ပုဒ်နှင့် တုလျတ် လိင်္ဂတ်, ဝါစ္ဆ ဝါစက သဘောရှိသော

http://www.dhammadownload.com

ကြောင့် ထိုဘာဝသမ္မန်ပုဒ်၌ တုလျတ် လိင်္ဂတ်, ဝါစ္ဆ ဝါစက အဖြစ်ဖြင့် စင်အပ်၏။ တ္တ, တာ-သမ္မန်တို့ကို "၏" ဟူ၍ သမ္မန်အနက်ပေးသော် တ္တ, တာ-တို့၌သာ စပ်အပ်၏။

ဥဒါဟရဏ် ။ ။ ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယတော စေဝ ကာယဝါစာနံ။ ဝိနယတ္ထဝိသုဟိ အယံ၊ ဝိနယော "ဝိနယော" တိ အက္ခာတော။ (သီ၊ ဋ္ဌ။ ၁၇။) ဤ၌ အယံ ဝိနယော-ကား ကတ္တားဖြစ်ခိုက် ဝိဝိဓဝိသေသနယတ္တာ-ဝယ် ဝိဝိဓ-ဝိသေသနယ-၌ ဝါစ္ဆ, တုလျတ်၊ ဝိဝိဓဝိသေသနယ-ကား ဝါစက, လိင်္ဂတ်။ အယံ ဝိနယော-ကား သမ္မန်ဖြစ်ခိုက် ဝိဝိဓဝိသေသနယတ္တာ-ဝယ် တ္တ-၌သမ္မန် သမ္မန်၌, သတ္တိမန္တ သတ္တိအဖြစ်ဖြင့် စပ်အပ်၏။

(က) ၏ အဖြေကား ။ ။ (၁) တ္တ, တာသမ္မန်တို့ကို ကတ္တားအနက် ပြန်မူ ဘာဝသမ္မန်ပုဒ်၌ ရှိသော ပစ္စည်းသည် ကိတ်ပုဒ်ဖြစ်အံ့၊ ကတ္တား အနက်ကို ဟော၏။ တဒ္ဓိတ်ပုဒ်ဖြစ်အံ့၊ ယေဘုယျအားဖြင့် အသတ္ထိအနက်ကို ဟော၏။ ဘာဝသမ္မန်ပုဒ်သည် သမာသ်ပုဒ်ဖြစ်အံ့၊ အညပုဒ်အနက်ကို ဟော၏။ (၂) တ္တ, တာသမ္မန်တို့ကို ကံအနက် ပြန်မူ ဘာဝသမ္မန်ပုဒ်၌ ရှိသော ပစ္စည်းသည် ကံ အနက်ကိုသာ ဟော၏။

(ခ) ဥဒါဟရဏ်၌ အယံ ဝိနယော-သည် ကတ္တားဖြစ်ခိုက် စပ်ရာ ဖြစ်သော ဝိဝိဓဝိသေသနယ-ဟူသောဘာဝသမ္မန်ပုဒ်သည်ဗဟုဗ္ဗီဟိသမာသ် ဖြစ်ခြင်းကြောင့် အညပုဒ်အနက်ကို ဟော၏။

(ဂ) နံပါတ် စည်းမျဉ်း အဖြေ

"အာဘောဂ" ဟူသည် ။ ။ အာဘောဂေါစ ယသ္မိ ကသ္မိ စိဝါကျေ ဝုတ္တေယေဝ ယထာဝုတ္တတ္ထသစေဝဝုစ္စမာနတ္ထသစ ယထာရဟံ ဟဒယပွန္နံ-ယေဝ ဟောတိ-ဟူသော ဂန္ထ၌ (၂၂)-အနှင့်အညီ အကြင် အမှတ်မရှိသော ဝါကျ၌ ဆိုအပ်ပြီးသော အနက်၏လည်းကောင်း, ဆိုလတ္တံ့သော အနက်၏ လည်းကောင်း ထိုက်သည်အား လျော်စွာ စိတ်နှလုံး၌ ဖြစ်ခြင်းသည် (စိတ်၌ ဖြစ်ခြင်းသည်၊ နှလုံးသွင်းခြင်းသည်) "အာဘောဂမည်၏" ဟုဆိုလိုသည်။

"သံဝဏ္ဏနာ" ဟူသည် ။ ။ "သံဝဏ္ဏိယတေ ဧတာယာတိ သံဝဏ္ဏနာ" ဟူသည်နှင့်အညီ ဖွင့်ဆိုကြောင်းဖြစ်သောကြောင့် "သံဝဏ္ဏနာမည်၏" ဟု ဆိုလိုသည်။

http://www.dhammadownload.com

ဥဒါဟရဏ် ။ ။ ဣဓာပိ တုမှံ ယေဝဿ တေန အန္တရာယောတိတေန ဥပ္ပိလာဝိတတ္ထေန တုမှာကံယေဝ ပထမဇ္ဈာနာဒီနံ အန္တရာယော ဘဝေယျာတိ အတ္ထော ဝေဒိတဗ္ဗော။ (သီ၊ ၌။ ၅၃။)

အာဘော် ။ ။ တေန ဥပ္ပိလာဝိတတ္ထေန-ဟူသော သံဝဏ္ဏနာဖြင့် "တေန-၌ တ-သည် ပက္ကန္တဝိသယတ-ဖြစ်၍ ဆိုခဲ့ပြီးသော ဥပ္ပိလာဝိတတ္ထ-ကို စွဲသတည်း" ဟု သိစေသည်။ (တစ်နည်း) "တေန-၌ တ-ဟူသော အန္တ၏ အန္တတ္ထအရ ဆိုခဲ့ပြီးသော ဥပ္ပိလာဝိတတ္ထကို ယူ" ဟု သိစေပါသည်။ (ဤကား အနွယာဘောဂ။) "တေန-၌ တ-သဒ္ဒါသည် ပသိဒ္ဓဝိသယတ, အနဘူတဝိသယတ မဟုတ်" ဟု သိစေပါသည်။ (တစ်နည်း) "တ-ဟူသော အန္တ၏ အန္တတ္ထအရ ပုဂ္ဂိုလ်စသည် မယူရ" ဟု သိစေပါသည်။ (ဤကား ဗျတိရေကာဘောဂ။)

သံဝဏ္ဏနာ ။ ။ သဗ္ဗနာမ်ဖြစ်သော လိင်အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္ထ။

အာဘော် ။ ။ တုမှာကံ-ဟူသော သံဝဏ္ဏနာဖြင့် "တုမှံ-ဟူသော ပုဒ်သည် တုမှ-သဒ္ဒါနောင် စတုတ္ထိဗဟုဝုစ် နံ-ဝိဘတ် သက်၍ နံ-ဝိဘတ်ကို အံ- ပြု၍ ပြီးသော စတုတ္ထိဗဟုဝစနန္တပုဒ်" ဟု သိစေပါသည်။

သံဝဏ္ဏနာ ။ ။ နံ-ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ။

အာဘော် ။ ။ ဘဝေယျ-ဟူသော သံဝဏ္ဏနာဖြင့် အဿ-ဟူသော ပုဒ်သည် အသ-ဓာတ်နောင် ဧယျ-ဝိဘတ် သက်၍ ဧယျ-ဝိဘတ်နှင့်တကွ ဓာတွန် သ-ကို ပြု၍ ပြီးသော အာချာတ်ပုဒ်၏ အဖြစ်ကို လည်းကောင်း, အသ-ဓာတ်သည်လည်း ဘူဝါဒိဂဏိက, ဘဝနအနက်ဟောသည်၏အဖြစ်ကို လည်းကောင်း သိစေပါသည်။ (ဤကားအနွယာဘောဂ။) အဿ-ဟူသော ပုဒ်၌ အ-သည် တ, ဣမ သဒ္ဒါတို့၏ ကာရိယ မဟုတ်သည်၏ အဖြစ်ကို လည်းကောင်း, ဿ-သည် လည်း နာမ်ဝိဘတ် မဟုတ်သည်၏ အဖြစ်ကို လည်းကောင်း, အသ-ဓာတ်သည်လည်း ဂတိ, အာဒါန, အဒန-စသော အနက်ကို ဟောသော ကီယာဒိ, ဘူဝါဒိဂဏိက မဟုတ်သည်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။ (ဤကား ဗျတိရေကာဘောဂ။)

သံဝဏ္ဏနာ ။ ။ အသ-ဓာတ်ကိုလည်းကောင်း, ထိုဓာတ်၏ အနက်ကို လည်းကောင်း, ဧယျ-ဝိဘတ်ကိုလည်းကောင်း ဖွင့်ပြသောကြောင့် ဓာတုပဒ သံဝဏ္ဏနာ, ဓာတွတ္ထသံဝဏ္ဏနာ, ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ။

http://www.dhammadownload.com

အာဘော် ။ ။ ပထမဈာနာဒီနံ-ဖြင့် အန္တ ရာယော-အရ "အန္တ ရာယ်" ဟူသည် "ပထမစျာန်စသည်တို့၏ အန္တ ရာယ်ပင်တည်း" ဟု သိစေပါသည်။ (တစ်နည်း-) အန္တ ရာယော-ဟူသော သမ္မန္ဓိပုဒ်၏ သမ္မန်ကို အနက်အား လျော်စွာ ပထမဈာနာဒီနံဟု သမ္မန်ခံရမည်၏အဖြစ်ကို သိစေပါသည်။ (ဤကား အန္ဓယာဘောဂ။) ပထမဈာနာဒီနံ-ဖြင့် အန္တ ရာယော-အရ အန္တ ရာယ်ဟူသည် "အမှတ်မဲ့ ဇီဝိတစသည်တို့၏ အန္တ ရာယ် မဟုတ်" ဟု သိစေပါသည်။ (တစ်နည်း-) "ပထမဈာနာဒီနံ-ဖြင့် အန္တ ရာယော-ဟူသော သမ္မန္ဓိပုဒ်၏ သမ္မန်ကို အရာဒ္ဓာနအား မလျော် မသက်ဆိုင်သော ဇီဝိတ စသည် မခံရ" ဟု သိစေပါသည်။ (ဤကား ဗျတိရေကာဘောဂ။)

သံဝဏ္ဏနာ ။ ။ ဤ၌ ပထမဈာနာဒီနံ-ဖြင့် အန္တ ရာယော-ဟူသော ပုဒ်၏ လိုအပ်သော အနက်အဓိပ္ပာယ်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ။

အာဘော် ။ ။ ပထမဈာနာဒီနံ-ဖြင့် "အန္တ ရာယော-အရ အန္တ ရာယ်" ဟူသည် "ပထမစျာန်စသည်တို့၏ အန္တ ရာယ်ပင်တည်း" ဟု သိစေပါသည်။ (ဤကား အန္ဓယာဘောဂ။) ပထမဈာနာဒီနံ-ဖြင့် အန္တ ရာယော-အရ "အန္တ ရာယ်" ဟူသည် "အမှတ်မဲ့ ဇီဝိတ စသည်တို့၏ အန္တ ရာယ် မဟုတ်" ဟု သိစေပါသည်။ (ဤကား ဗျတိရေကာဘောဂ။)

---

(၇) နံပါတ် စည်းမျဉ်း အဖြေ

"နိရုတ္တိနည်းဖြင့် ပုဒ်ပြီးပုံကို မေးခြင်း, ဝိပလ္လာသ ဖြစ်ပုံကို မေးခြင်း" ဟူရာဝယ် -

"နိရုတ္တိနည်း" ဟူသည် ။ ။ ပုဒ်စစ်ကျမ်းလာ ပုဒ်တည်ကာရီ, ပုဒ်ပြီးကာရိယကို နိရုတ္တိနည်းဖြင့် ပုဒ်ပြီးပုံကို ဆိုလိုသည်။ ။ "ပုဒ်ပြီး" ဟူရာ၌ ပုဒ်တည်ကာရီ, ပုဒ်ပြီးကာရိယကို မှန်ကန်အောင် ဝဏ္ဏာဂမစသော နည်းဖြင့် လည်းကောင်း, သုတ်တိုဖြင့် ပြီးအောင် စီရင်သော နည်းကို လည်းကောင်း "ပုဒ်ပြီးပုံ" ဟု ဆိုလိုသည်။

"ဝိပ္ပလ္လာသ" ဟူသည် ။ ။ ပုဒ်စစ်ကျမ်းလာ ဝိပလ္လာသ ၆-မျိုးကို ဆိုလိုသည်။

ဝဏ္ဏဝိကာရဥဒါဟရဏ် ။ ။ "ဥတုပုဏ္ဏတာယ" (သီ၊ ဋ္ဌ၊ ၁၂၈)-ဟူသည်တည်း ။ ။ ဤဥဒါဟရဏ်၌ တံ တံ သတ္တကိစ္စံ အရတိ ပဝတ္တေတီတိ

http://www.dhammadownload.com

ဥတု (နီတိ၊ ဓာတု။ ၁၅၉)-နှင့်အညီ အရ-ဓာတ်, တု-ပစ္စည်း၊ အရ-ဓာတ်ကို ဥ-ပြု၊ "ဥတု" ဟု ပြီးသည်။ ဤသို့ အရ-ဓာတ်ကို ဥ-ပြုပြီးသောကြောင့် ဝဏ္ဏဝိကာရနိရုတ္တိနည်း မည်၏။

မှတ်ချက် ။ ။ ပစ္စယာဒနိဋ္ဌာ-စသော သုတ်ကြီးဖြင့်လည်းပြီးနိုင်သည်။

ဝစနဝိပလ္လာသဉဒါဟရဏ် ။ ။ ယဲ နော ပယိရုပါသတောတိ ဝစန-ဗျတ္တယော ဧသ။ ယဲ အမှာကံ ပဥုပ္ပန္နဝသေန ပယိရုပါသန္တာနံ။ (သီ၊ ဋ္ဌ။ ၁၂၉။) ဤဉဒါဟရဏ်ဝယ် ပယိရုပါသတော-ဋ္ဌ သုတ်ကြီးဖြင့် ဗဟုဝုစ်ကို ဧကဝုစ် ပြန်၍ ပြီးသောကြောင့် ဝစနဝိပလ္လာသနိရုတ္တိနည်း မည်၏။ ဤသို့စသည်ဖြင့် ထုတ်ရမည်ဟု ဆိုလိုသည်။

---

(၈) နံပါတ် စည်းမျဉ်း အဖြေ

"နက်နဲခက်ခဲသော အဓိဗွာယ်အဆုံးအဖြတ်ကို မေးခြင်း" ဟူရာဝယ်-"နက်နဲခက်ခဲသော အဓိဗွာယ် အဆုံးအဖြတ်" ဟူသည် ။ ။ ပါဠိတော်၌ လည်းကောင်း, အဋ္ဌကထာ၌ [ ] ပါရှိသော ပုဒ်, ဝါကျတို့တွင် တစ်ခုခုကို ထုတ်ပြ၍ ပါဠိတော်ဖြစ်လျှင် အဋ္ဌကထာ ဦးကာ, အဋ္ဌကထာ ဖြစ်လျှင် အချင်းချင်း ထောက်ဆ၍ လည်းကောင်း, ဦးကာ စသည်တို့မှလာသော နည်းအရ [ ] အဓိဗွာယ်ကို (လည်းကောင်း) ဆုံးဖြတ်စေခြင်းမျိုးကို ဆိုလိုသည်။ ["လည်းကောင်း-စာလုံး လက်သီးကွင်းနေရာ၌ မရှိသင့်၊ ထောင့်ကွင်းနေရာတို့၌ ရှိသင့်၏" ဟု ယူဆသည်။]

"ကျမ်းချင်းကွဲလွဲရာ၌ ကျမ်းညှိနည်း" ဟူသည် ။ ။ အချင်းချင်း ထောက်ဆ၍ ၎င်းအဋ္ဌကထာ ဦးကာ ကွဲပြားသော အရာ၌ မဆန့်ကျင်အောင် ယူသော နည်းမျိုးသည် (ဝါ) ညှိသော နည်းမျိုးသည် ကျမ်းညှိနည်း မည်၏။

အဆုံးအဖြတ် ။ ။ ဘူမိယံ ပတိဋ္ဌိတသမကာလမေဝ ပန ဘဂဝတော တေဇော ရညော သရီရံ ဖရိ။ အထဿ တာဝဒေဝ သကလသရီရတော သေဒါ မုစ္စိံသု။ သာဒုကာ ပီဠေတွာ အပနေတဗ္ဗာ ဝိယ အဟေသုံ။ အတ္တနော အပရာဓံ သရီတွာ မဟာဘယံ ဥပ္ပဇ္ဇိ။ (သီ၊ ဋ္ဌ၊ ၁၃၈။) အတ္တနော အပရာဓံ သရီတွာ မဟာဘယံ ဥပ္ပဇ္ဇိတိ ဣဒံ သေဒမုဉ္ဆနဿ ကာရဏာဒဿနံ။ နာ ဟိ ဗုဒ္ဓါနုဘာဝတော သေဒမုဉ္ဆနံ သမ္ဘဝတိ ကာယစိတ္တပဿဒ္ဓိဟေတုဘာဝတော။ (သီ၊ ဋီ၊ သစ်၊ ၂။ ၂၅။)

http://www.dhammadownload.com

အဇာတသတ်မင်း၏ ကိုယ်သို့ နံ့ရာအခါဝယ် အဇာတသတ်မင်း၏ တစ်ကိုယ်လုံးမှ ချွေးများ ယိုစီးလာရာ ဘုရားရှင်၏ အာနဘော်တော်ကြောင့် ချွေးမထွက်နိုင်ခြင်းကို အာဂမ ပြု၍ ဆုံးဖြတ်ပါဆိုလျှင်-

အတ္တနော အပရာဓံ သရိတွာ မဟာဘယံ ဥပ္ပဇ္ဇိ-ဟူသော ချွေးထွက်ခြင်း၏ အကြောင်းပြ အဋ္ဌကထာပါဠိကို ထောက်ဆလျှင် ဘုရားရှင်၏ အာနုဘော်တော်သည် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၏ အကြောင်း၏ အဖြစ်ကြောင့် ဘုရားရှင်၏ အာနုဘော်ကြောင့် ချွေးထွက်ခြင်း မဖြစ်နိုင်ပါ။

ကျမ်းညှို ။ ။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ ။ ပ။ ဣဒံ ပဌမဗုဒ္ဓဝစနံ။ ကေစိ "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ" တိ ခန္ဓကေ ဥဒါနဂါထံ ဝဒန္တိ။ ဧသော ပန ပါဠိပဒဒိဝသေ သဗ္ဗညုဘာဝပ္ပတ္တဿ ။ ပ။ ဥဒါနာဂါထာတိ ဝေဒိတဗ္ဗာ။ (သီ၊ ဋ္ဌ။ ၁၆။)

ဓမ္မပဒဘာဏကတို့ကား အနေကဇာတိသံသာရံ-စသော ဂါထာသည် ပဌမဗုဒ္ဓဝစန မည်၏။ ခန္ဓကဘာဏကတို့ကား ယဒါ ဟဝေ ပါတုဘဝန္တိ-စသော ဥဒါန်းဂါထာသာ ပဌမဗုဒ္ဓဝစန မည်၏။ ဤကဲ့သို့ "အယူဝါဒ အဆိုကွဲရာ၌ ညီညွတ်အောင် ကျမ်းညှိပြပါ" ဟု ဆိုလျှင်-

အနေကဇာတိ ဂါထာကို သဗ္ဗညုတညာဏ်၏ အကြောင်းဖြစ်သော အရဟတ္တမဂ်, ဖိုလ်ကို အပရာဓိတပလ္လင်ထက်ဝယ် ဆင်ခြင်တော်မူသဖြင့် ဧကူန-ဝီသတိမံ ပစ္ဆဝေကွဏာဉာဏ်၏ အခြားမဲ့၌ နှလုံးသွင်းတော် မူသည်။ ထို့ကြောင့် ဓမ္မပဒဘာဏကဆရာတို့က "ပဌမဗုဒ္ဓဝစန" ဟု ယူသည်။ ခန္ဓကဘာဏကတို့ကား ယဒါ ဟဝေ ပါတုဘဝန္တိ-စသော ဥဒါန်းဂါထာသာ "ပဌမဗုဒ္ဓဝစန" ဟု ယူသည်။

ဓမ္မပဒဘာဏကတို့ဂါထာကား မနသာဝဝတ္ထပိတဖြစ်၍ မဟာဇနအား ဥပကာရ မဖြစ်။ ဂါတို့ ဂါထာသာ ဝစီဘေဒဒေသိတဖြစ်၍ ဥပကာရ ဖြစ်ရကား "ပဌမဖြစ်သည်" ဟု ခန္ဓကဘာဏကတို့ ဆိုကုန်သည်။ ဒေသနာ၏ ဥပကာရ အနုပကာရ ဖြစ်ခြင်းသည် လက္ခဏာမဟုတ်၊ ရှေးဦးစွာ မနသာဝဝတ္ထပိတ ဖြစ်ရကား ဂါတို့ဂါထာသာ "ပဌမဖြစ်သည်" ဟု ဓမ္မပဒဘာဏကတို့ ဆိုကုန်သည်။

မနသာ ပဝတ္တိတဓမ္မတွင် အနေကဇာတိဂါထာသည် ပဌမ။ ဝါစာယ-ပဝတ္တိတ ဓမ္မတွင် ယဒါ ဟဝေ ပါတုဘဝန္တိ-ဂါထာသည် ပဌမ။ ဤသို့

http://www.dhammadownload.com

ယူလျှင် ဝါဒ ၂-မျိုးလုံးပင် သင့်ပါသည်။ (သီ၊ ဋီ၊ သစ်။ ၁။ ၈၅-၆-၇ ကြည့်။ ဂဏ္ဌိသစ်၊ ၁။ ၁၃၆-လည်း ရှု။)

နီတတ္ထ ။ ။ နီယိတ္ထာတိ နီတော၊ နီတော အတ္ထော နီတတ္ထော။ ။ နီယိတ္ထ၊ သိအပ်ပြီ။ ဣတိ၊ ကြောင့်။ နီတော၊ ၏။ နီတော၊ သိအပ်ပြီးသော။ အတ္ထော၊ အနက်တည်း။ နီတတ္ထော၊ သိအပ်ပြီးသောအနက် ။ ။ နီတ-၌ တ-ပစ္စည်း အတိတ်ဟောဖြစ်၍ မုချအားဖြင့် သံဝဏ္ဏေတမ္ဗ စကားထဲ၌ တိုက်ရိုက်ပါပြီးအနက်ကို နီတတ္ထ-ခေါ်၏။

ဥဒါဟရဏ် ။ ။ ဗြဟ္မဒတ္တောတိ တဿ နာမံ။ (သီ၊ ဋ္ဌ၊ ၃၆။) ဤ၌ ဗြဂ္ဂဒတ္ထ-သဒ္ဒါသည် "ဇာတိသဒ္ဒါစသည်မဟုတ် နာမသဒ္ဒါ" ဟု ဖွင့်တိုင်း ယူရသောကြောင့် နီတတ္ထ ဖြစ်၏။ ။ ဥပစာ ရသော အဖွင့်မှ တစ်ပါး အဖွင့်တိုင်း ရနိုင်သည်။

နေယျတ္ထ ။ ။ နေတမ္ဗောတိ နေယ္ယော။ နေယ္ယော အတ္ထော နေယျတ္ထော။ ။ နေတမ္ဗော၊ ဆောင်၍ သိအပ်၏။ ဣတိ၊ ကြောင့်။ နေယ္ယော၊ ၏။ နေယ္ယော၊ ဆောင်၍ သိအပ်သော။ အတ္ထော၊ အနက်တည်း။ နေယျတ္ထော၊ အံနက်။ ။ နေယျ-၌ ဏျ-ပစ္စည်း အရဟ, သက္က, ဘဗ္ဗဟော အနာဂတ်သဘော ဖြစ်သောကြောင့် သံဝဏ္ဏေတမ္ဗထဲ၌ တိုက်ရိုက်မပါမူ၍ ဆောင်၍ သိအပ်သော အနက်ကို နေယျတ္ထ ခေါ်၏။

ဥဒါဟရဏ် ။ ။ ဖုဿ ဖုဿ ပဋိသံဝေဒေန္တီတိ ဖုသိတ္ဝာ ဖုသိတ္ဝာ ပဋိသံဝေဒေန္တီ။ ဇတ္ထ စ ကိဠာပိ အာယတနာနံ ဖုသနကိစ္စံ ဝိယ ဝုတ္တံ။ တထာပိ နံ တေသံ ဖုသနကိစ္စတာ ဝေဒိတမ္ဗာ။ နံ ဟိ အာယတနာနိ ဖုသန္တိ၊ ဖဿောဝတံ် တံ် အာရမ္မဏံ ဖုသတိ၊ အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတ္ဝာ ဒဿိတာနိ။ (သီ၊ ဋ္ဌ။ ၁၁၅။) ဤ၌ ဌာနီ ဖဿ၏ တွေ့ထိသော အခြင်းအရာကို ဌာန အာယတန၌ တင်စားသောကြောင့် ဌာနျူပစာ ဖြစ်၏။ အာယတနတို့ကို ဖဿ ပေါ် တင်စား၍ (ဝါ) ထည့်သွင်း၍ ခေါ်သည်-ဟူလို။ ဥပစာ ဖြေလိုရင်းဖြစ်သောကြောင့် နေယျတ္ထဖြစ်၏။ ။ ဥပစာ ရသော အဖြေတိုင်းပင် နေယျတ္ထ ရနိုင်သည်။

ဥဇုဝုတ် ။ ။ ဥဇုတော ဝုတ္တံ ဥဇုဝုတ္တံ၊ ။ အဖြောင့်အားဖြင့်ဆိုအပ်သော စကားတည်း။ ။ နီတတ္ထနှင့် တူ၏။

ဝင်္ကဝုတ် ။ ။ ဝင်္ကတော ဝုတ္တံ ဝင်္ကဝုတ္တံ ။ ။ အကောက်အားဖြင့်

http://www.dhammadownload.com

ဆိုအပ်သော စကားတည်း ။ ။ နေယျတ္ထနှင့် တူ၏။

အတ္ထာပန္နေ ။ ။ အနက်ရောက်သောအားဖြင့် ယူရခြင်းသည် အတ္ထာပန္နမည်၏ ။ ။ ပုဒ်စစ်၌ မကင်းရာသည်ဖြစ်၍ အနက်ရောက်သောအားဖြင့် ယူသောနည်းသည် အတ္ထာပန္နနည်း မည်၏-ဟူ၏။

ဥဒါဟရဏ် ။ ။ ဇတ္ထ ပရိယာပန္နာတိ ဇတ္ထ မယံ ဒေသနာဇာလေ ပရိယာပန္နာ၊ ဇတေနအာဗဒ္ဓါအန္တေဂေလိကတာ စ ဟုတွာဥမ္မဂ္ဂမာနာ ဥမ္မဂ္ဂန္တိ။ နံ ဟေတ္ထ အသင်္ကိတော ဒိဋ္ဌဂတိကော နာမ အတ္ထိတိ။ (သီ၊ ဋ္ဌ။ ၁၁၇။)

နံ ဟေတ္ထာတိအာဒိနာ ယထာဝုတ္တပါဠိယာ အာပန္နတ္ထံ ဒဿေတိ။ (သီ၊ ဋီ၊ သစ်၊ ၂။ ၄၆၉။)

အတ္ထာပတ္တိ ။ ။ **"ဗျတိဆိုက၊ အနွယ၊ ရကြိအတ္ထာပတ်။ အနွယဆို၊ ဗျတိကို၊ ရလိုအတ္ထာပတ်"** ဟူသည်နှင့်အညီ ဗျတိရေကဆိုက အနွယ ယူရခြင်း, အနွယဆိုက ဗျတိရေကယူရခြင်းအားဖြင့် ဆန့်ကျင်ဘက် ယူရခြင်းသည် အတ္ထာပတ္တိ မည်၏။

ဥဒါဟရဏ် ။ ။ အညေဝါတိ ဣဒံ ပနေတ္ထ ဝ ဝတ္ထာနုပဝစနံ၊ အညေဝ နုပါဏာတိပါတာ ဝေရမဏိအာဒယော။ (သီ၊ ဋ္ဌ၊ ၁။ ၉၃။)

သဒ္ဒန္တရသန္နိဿန ။ ။ သာမညဝစနောပိ သဒ္ဒေါ သဒ္ဒန္တရသန္နိဿနေန ဝိသေသဝိသယော သိယာ ။ ။ သဒ္ဒေါ၊ သဒ္ဒါသည်။ သာမညဝစနောပိ၊ သာမည သဒ္ဒါပင် ဖြစ်သော်လည်း။ သဒ္ဒန္တရသန္နိဿနေန၊ သဒ္ဒါထူး၏ အနီး၌ တည်သောကြောင့်။ ဝိသေသဝိသယော၊ ထူးသောတည်ရာ (အနက်) ရှိသည်။ သိယာ၊ ဖြစ်ရာ၏။

သာမညသဒ္ဒါ၊ ဖြစ်ငြားပါလည်း၊ တည်ရာဌာန၊ ထူးပြန်က၊ ဝိသေသတ္တ ဟောမြွိတည်း-နိယ်တို့နှင့် ညီစွာ အဋ္ဌကထာတို့၌ သာမညဆိုသော်လည်း သဒ္ဒါထူး၏ အနီး၌ တည်ခြင်းကြောင့် အနက်အဓိပ္ပာယ်အထူးကို ယူရခြင်းသည် သဒ္ဒန္တရသန္နိဿန မည်၏။

ဥဒါဟရဏ် ။ ။ သနရာမရလောကဂရုံ ။ ။ သီလကွန် ဗုဒ္ဓပဏာမ-ဂါထာ၌ လောက-သဒ္ဒါသည် လောက ၃-ပါးကို ဟောနိုင်သော သာမညသဒ္ဒါ ဖြစ်သော်လည်း ဂရု-ဟူသော သဒ္ဒန္တရသန္နိဿနကြောင့် လောကအရ အလေးဂရုပြုဖွယ်နိုင်သော သတ္တလောကကိုသာ ယူရမည်။

သဒ္ဒန္တရပေါဟန ။ ။ (သဒ္ဒန္တရသဒ္ဒါပဟ အဝ-ပုဗ္ဗ, ဟန်-ဓာတ်၊ ပ--

http://www.dhammadownload.com

အာဂုံ)။ သဒ္ဒါတစ်ပါး၏အနက်ကို ပယ်ခြင်းသည် သဒ္ဒန္တရပေါဟနမည်၏။

ဥဒါဟရဏ် ။ ။ "ဗုဒ္ဓေါ၊ ဘုရားသည်" ဟု အနက်ပေးသဖြင့် ရဟန်းသစ်ပင် မြင်မြင်သမျှ အခြားသော အနက်များ ပယ်ဖျက်ပြီး ဖြစ်၏။ "ပုရိသော၊ ယောကျ်ားသည်သာ။ ဂစ္ဆတိ၊ သွား၏။" ဟု ပေးသဖြင့် မိန်းမစသည် သွား၏ ဟူသော အနက်များကို ပယ်ပြီးဖြစ်၏။ ဧဝံ မေ သုတံ။ ဤ၌ "သုတံ၊ ကြား အပ်၏" ဟု အနက်ကို ဆိုသဖြင့် မကြားဟူသော အနက်ကို တားမြစ်သော ကြောင့် သဒ္ဒန္တရပေါဟန မည်၏ ။ ။ ဤသဒ္ဒန္တရပေါဟနကား နေရာတိုင်း မှာပင် ရနိုင်သည်။

---

(၉) နံပါတ် စည်းမျဉ်း အဖြေ

"သတ်မှတ်ပေးသည့် အဋ္ဌကထာအကြောင်းအရာ အဓိပ္ပာယ်သွားအတိုင်း ဝုတ္တောဒယဆန်းကျမ်းလာဂါထာ တစ်မျိုးမျိုးကျနအောင် စီကုံးစေခြင်း" ဟူရာ ဝယ်–

"သတ်မှတ်ပေးသည့်အဋ္ဌကထာအကြောင်းအရာအဓိပ္ပာယ်သွား" ဟူသည် ။ ။ အဋ္ဌကထာ၌ရှိသော ပါဠိဝါကျ တစ်ခုခုကို ထုတ်ပြ၍ဖြစ်စေ, မြန်မာလို ဖြစ်စေ ထုတ်ပြ၍ ထိုပါဠိဝါကျ အဓိပ္ပာယ်သွားကို မပျက်စေမူ၍ ဝုတ္တောဒယ ဆန်းကျမ်းလာ ဂါထာစီကုံးစေခြင်းကို ဆိုလိုသည်။

ဥဒါဟရဏ် ။ ။ အာကာသေ ပါဏိ'စာလေတွာ အလဂ္ဂစိတ္တတာယ စေဝ စန္ဒောပမပဋိဒါယ စ ပသံသိတော (သီ၊ ဋ္ဌ။ ၄)-ဟူသော အဋ္ဌကထာပါဠိ ဝါကျကို တတိယနကာရဝိပုလာဂါထာ စီပုံကား–

စာလေတွာ ပါဏိမာကာသေ၊ အလဂ္ဂစိတ္တတာယ စ။
စန္ဒောပမပဋိပဒါ၊ နာထေနာဟံ ပသံသိတော။

စည်းမျဉ်းမှတ်ချက်၌ ။ ။ "အဋ္ဌကထာ၌ ပါရှိသော ဂါထာ၏ အမျိုး အမည်ကိုမေးခြင်း, အနက်ယောဇနာစေခြင်းလည်း စပ်ဆိုင်ပါဝင်သည်" ဟူရာဝယ် "အဋ္ဌကထာ၌ ပါရှိသော ဂါထာတစ်ခုခုကို ထုတ်ပြ၍ ထိုဂါထာ ၏ အရိယာစသော အမျိုး, အရိယာသာမည စသော ဂါထာအမည်, အနုဋ္ဌုဘ စသော ဆန်းအမည်တို့ကို မေးရမည်, အနက်ယောဇနာစေရမည်" ဟု ဆိုလိုသည်။

http://www.dhammadownload.com

ဥဒါဟရဏ် ။ ။ တသ္မာ အကလ္ယာဏဓနံ၊ အာသီဝိသမိဝေါရဂံ။
အာရကာ ပရိဝဇ္ဇေယ္ယ၊ ဘူတိကာမော ဝိစက္ခဏော။
(သီ၊ ဋ္ဌ။ ၁၅၀။)

ဤဂါထာသည် အမျိုးအားဖြင့် ဝတ္တမျိုး, ဂါထာအမည်အားဖြင့် ပဌမ ဘကာရဝိပုလာဂါထာ, ဆန်းအမည်အားဖြင့် အနုဋ္ဌုဘဆန်း။

တသ္မာ၊ ထို့ကြောင့်။ ဘူတိကာမော၊ နိဗ္ဗာန်ကို အလိုရှိသော။ ဝိစက္ခဏော၊ ပညာရှိသည်။ အကလ္ယာဏဓနံ၊ သူတော်ကောင်းမဟုတ်သောသူကို။ အာသီဝိသံ၊ လျင်သော အဆိပ်ရှိသော။ ဥရဂံ ဣဝ၊ မြွေကဲ့သို့။ အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇေယ္ယ၊ ကြဉ်ရှာ၏။

---

(၁၀) နံပါတ် စဉ်းမျဉ်း အဖြေ

စည်းမျဉ်း (၁၀) ၌ "အဋ္ဌကထာပါဠိကို စွဲ၍ ဌာယီဘာဝ စသော ဘာဝါလင်္ကာရကို မေးခြင်း" ဟူရာဝယ်-

"အဋ္ဌကထာကို စွဲ၍" ဟူသည် ။ ။ "အဋ္ဌကထာပါဠိကို ထုတ်ပြရမည်" ဟု ဆိုလိုသည်။

"ဌာယီဘာဝစသော ဘာဝါလင်္ကာရကို မေးခြင်း" ဟူသည် ။ ။ "အလင်္ကာကျမ်းလာ ဌာယီဘာဝ (၉) ပါးနှင့်စာကွ, ဘာဝ, ဝိဘာဝ, အနုဘာဝ, ရသတို့ကို မေးရမည်" ဟု ဆိုလိုသည် ။ ။ ဘာဝဝိဘာဝစသည် ထုတ်ရာ၌-

စိတ္တဝုတ္တိဝိသေသာ တု၊ ဘာဝယန္တိ ရသေ ယတော။
ရတျာဒယော တတော်ဘာဝ၊ သဒ္ဒေန ပရိကိတ္တိတာ။ (သုဗောဓာလင်္ကာရ။ ၃၄၀)-ဟူသည်နှင့်အညီ စိတ်၏ဖြစ်ခြင်းအထူးကို ဌာယီဘာဝ ထုတ်ရမည်။ ထိုဘာဝကိုပင်လျှင် ရသ ထုတ်ရမည်။ အကြောင်းကို ဝိဘာဝ ထုတ်ရမည်။ ဝိဘာဝသည်လည်း-

(၁) အာရမ္မဏဝိဘာဝ, (၂) ဥဒ္ဒီပနဝိဘာဝဟု ၂-ပါး အပြားရှိ၏။ ထိုတွင် အာရုံအကြောင်းကို အာရမ္မဏဝိဘာဝ ထုတ်ရမည်။ ဥပထမ္ဘက-အခြေအရံအကြောင်းကို ဥဒ္ဒီပနထုတ်ရမည်။ ယော သိယာ ဗောဓကော တေသ-မနုဘာဝေါယမိရိတော (သုဗောဓာလင်္ကာရ။ ၃၄၈)-နှင့် အညီ ထိုဘာဝအမျိုးမျိုးတို့ကို သိစေတတ်သော အကျိုးအဆက်အဆက်သည် အနုဘာဝ မည်၏။

http://www.dhammadownload.com

ဘယဋ္ဌာယီဘာဝ၏ ဥဒါဟရဏ် ။ ။ အတ္တနော အပရာဓံ သရိတ္တာ မဟာဘယံ ဥပ္ပဇ္ဇိ–ဟူသော အဋ္ဌကထာ (သီ၊ ဋ္ဌ။ ၁၃၈)–၌ မဟာဘယံ ဥပ္ပဇ္ဇိ–ဟူသော စကားရပ် ကို ဘယဋ္ဌာယီဘာဝ ထုတ်လိုသော်–

မဟာဘယံ ဥပ္ပဇ္ဇိ–အရ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ရ၏။ ၎င်း ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဘယဋ္ဌာယီဘာဝ–မည်၏။ ရသအားဖြင့် ဘယာနကရသ မည်၏။ မိမိသည် ပြုအပ်သော ပိတုဃာတက အမှုသည် အာရမ္မဏဝိဘာဝ မည်၏။ ဒေဝဒတ်နှင့် ပေါင်းခြင်းစသော အခြံအရံ အကြောင်း ဟူသမျှသည် ဥဒ္ဒိပနဝိဘာဝ မည်၏။ အလုံးစုံသော ကိုယ်မှ ချွေးထွက်ခြင်း, ဘုရားထံတော်သို့ ဖြောင့်ဖြောင့်မသွားနိုင်ခြင်း, ဇီဝကကို လက်ဆွဲ၍ ကျောင်းစဉ့် လှည့်လည်ခြင်း အစရှိသော အကျိုး အဆက်အဆက်သည် အနုဘာဝ မည်၏ ။ ။ "ဤသို့စသည်ဖြင့် ထုတ်ရမည်" ဟု ဆိုလိုသည်။

သီလက္ခန် ဒုတိယနေ့ စည်းမျဉ်းအဖြေ ပြီး၏။

ဓမ္မသင်္ဂဏီ (အဋ္ဌသာလိနီ) ဒုတိယနေ့ စဉ်းမျဉ်း အဖြေ

(၁) ၌ ပဌမနေ့နှင့် အတူဖြစ်သောကြောင့် အထူးညွှန်ကြားရန်မလို။

---

(၂) နံပါတ် စည်းမျဉ်း အဖြေ

(၁) လိုအပ်သော ဝါကျကို ထုတ်ပြ၍ ဌပနာ, အာဘောဂ, အာဘောဂ–ဟေတု, ဌပနာပဋိက္ခေပ, စောဒနာ ဟူသော ဌပနာပဋ္ဌကနည်း သုဒ္ဓကျမ်းတက်, ကျမ်းထွက်တို့တွင် တစ်မျိုးမျိုးကို မေးခြင်း, (၂) ဌပနာ, အနုလောမပါပနာဒီ ကျမ်းရိုး ၅–ချက်ဖြင့် တစ်မျိုးမျိုးကို မေးခြင်းကို ဆိုလိုသည်။

ဌပနာပဋ္ဌကနည်းကျမ်းတက်

ဥဒါဟရဏ် ။ ။ ဓမ္မောတိဟေတု၊ ဝုတ္တဥ္စေတံ "ဟေတုမှိ ဉာဏံ ဓမ္မ ပဋိသမ္ဘိဒါ" တိ။ (နိ၊ ဋ္ဌ။ ၂၃။)

ကျမ်းတက်ပုံ ။ ။ အရှင်အဋ္ဌကထာဆရာ (အာလုပ်) အဋ္ဌကထာဆရာ သည် (ကတ္တား) ဓမ္မောတိဟေတု–ဟူသော ဝါကျဖြင့် ဓမ္မ–သဒ္ဒါ၏ အကြောင်း ဟော၏ အဖြစ်ကို ပြတော်မူ၏ (ဌပနာ)။ ဤသို့ ပြသည်ရှိသော် မိမိ၏

http://www.dhammadownload.com

သကဝစနသာ ဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော (အာဘောဂ)။ ထိုသို့ မယုံကြည်နိုင်ရာလေသောကြောင့် (အာဘောဂဟိတ်)။ "ဓမ္မောတိ ဟေတု" ဟူ၍ ဓမ္မ-သဒ္ဒါ၏ အကြောင်းဟောဏ် အဖြစ်မျှကိုသာ မပြဆိုသင့် (ဌပနာ ပဋိက္ခေပ)။ ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန, သာဓက, အာဂမ ဒဋ္ဌိကရဏ စကားကား အဘယ်ပါနည်း, (ဝါ) အဘယ်အာဂမယုတ္တိဖြင့် ယုံကြည်ရပါအံ့နည်း (ပုစ္ဆာ)။ ဤသို့ သူမေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေကြားလိုသောဆရာသည် ဝတ္တာဥေတ်-စသည်ကို မိန့်ဆိုတော်မူ၏။

အဓိပ္ပာယ်ကား ။ ။ "ဟေတုမိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ" ဟူ၍ ပဋိသမ္ဘိဒါ-မဂ်ပါဠိတော်၌ အရှင်သာရိပုတ္တရာ ဟောကြားလေသောကြောင့် ယုံကြည်အပ်၏-ဟူလို။

မှတ်ချက် ။ ။ **"ဌပနာပြု၊ ဒေါသလက္ခဏာ၊ အာဘောဂါနှင့်၊ ဟိတ်ဖြာ, ရှေ့ပယ်၊ နှယဆွယ်၊ မေးဖွယ်ပဋ္ဌာန၊ တက်နည်းပြ"** ဟူသည်နှင့် အညီတည်း။

အနုလောမပါပနာဒီကျမ်းတက်

ဥဒါဟရဏ် ။ ။ (က) ဓမ္မောတိ ဟေတု။ (ခ) ဝတ္တဥေတ် "ဟေတုမိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ" တိ။

ကျမ်းတက်ပုံ ။ ။ အရှင်အဋ္ဌကထာဆရာ (အာလုပ်) အဋ္ဌကထာဆရာသည် (ကတ္တား) ဓမ္မောတိ ဟေတု-ဟူသော ပါဠိဖြင့် ဒဋ္ဌိယဝါကျကို ပြဆိုတော်မူ၏ (ဌပနာ)။ ဤသို့ ဒဋ္ဌိယဝါကျကိုသာ ပြဆိုသည်ရှိသော် ဒဋ္ဌိယဝါကျသာ ရှိ၍ ဒဋ္ဌိကရဏဝါကျ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏ (အနုလောပပါပနာ)။ စင်စစ်တမူကား ဒဋ္ဌိယဝါကျသာ ရှိ၍ ဒဋ္ဌိကရဏဝါကျ မရှိဟူသော အနက်သည် မရောက်သင့် (ပဋိလောမပါပနာ)။ ထိုသို့မရောက်သင့်လေသောကြောင့် ထိုဒဋ္ဌိယဝါကျ၏ ဒဋ္ဌိကရဏဝါကျကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမရောပနာ)။ ဒဋ္ဌိကရဏဝါကျကို မပြဘဲ မနေသင့်ရာ (ပဋိလောမရောပနာ)။ မနေသင့်ဘဲလျက် နေချေပါက ဆရာ့အပေါ်၌ ဒဋ္ဌိယ ဒဋ္ဌိကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ, ဝါကျမပြည့်စုံခြင်းဟူသော အပရိပုဏ္ဏဒေါသ, ဝါကျမနှံ့စပ်ခြင်းဟူသော အဗျာပိတဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော (ဒေါသာရောပန)။ ဒဋ္ဌိကရဏဝါကျကား အဘယ်ပါနည်း (ပုစ္ဆာ)။ ဤသို့ ဌပနာဒီဒေါသာရောပနဖြင့် စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာမူပြုလိုသော အဋ္ဌကထာဆရာသည် ဝတ္တဥေတ်-စသည်ကို မိန့်။

http://www.dhammadownload.com

အဓိပ္ပာယ်ကား ။ ။ ဒဋ္ဌိယဝါကျ၏ ဒဋ္ဌိကရဏဝါကျကိုလည်း ငါဆရာပြဆိုသောကြောင့် သင်စောဒကတင်သော ဒေါသ မရောက် ကင်းစင်လွှင့်ပျောက်၏-ဟူလို။ (သဘာဝတက်လည်း တက်နိုင်သည်။)

မှတ်ချက် ။ ။ အထက်ပါအတိုင်း ဝါကျအမည်ကို သုံးသပ်၍ တက်ခြင်းကို "ဝါကျတက်" ဟု ခေါ်သည်။ ဝါကျအမည်ကို မသုံးသပ်ဘဲ အနက်သဘောကို သုံးသပ်၍ တက်ခြင်းကို "သဘာဝတက်" ဟု ခေါ်သည်။

ဌပန ပဋ္ဌကနည်းကျမ်းထွက်

ဥဒါဟရဏ် ။ ။ အဓမ္မော နိရယံ နေတိ။ (နိ၊ ဌ။ ၈၁။)

ကံပုဒ်ကိုထွက်ပုံ ။ ။ အရှင်အဌကထာဆရာ (အာလုပ်) အဌကထာဆရာသည် (ကတ္တား) နေတိ-ဖြင့် သကမ္မကကြိယာကိုပြတော်မူ၏ (ဌပနာ)။ သကမ္မကကြိယာဖြစ်၍ ကံရှိသင့်သည် မဟုတ်ပါလော (အာဘောဂ)။ ထိုသို့ ကံရှိသင့်လေသောကြောင့် (အာဘောဂဟိတ်)။ "နေတိ" ဟူ၍ သကမ္မကကြိယာကိုသာ မဆိုသင့် (ဌပနာပဋိက္ခေပ)။ ကံကား အဘယ်ပါနည်း (စောဒနာ၊ ဝါ၊ ပုစ္ဆာ)။ ဤသို့ သူမေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေအံ့သောငှာ နိရယံ-ဟူသော ပါဠိကို-မိန့်။

အဓိပ္ပာယ်ကား ။ ။ ကံကား နိရယံ ဖြစ်၏-ဟူလို။

ပါပပနာဒီကျမ်းရိုးထွက်

ဥဒါဟရဏ် ။ ။ အဓမ္မော နိရယံ နေတိ။ (နိ၊ ဌ၊ ၈၁။)

ကံပုဒ်ကိုထွက်ပုံ ။ ။ အရှင်အဌကထာဆရာ (အာလုပ်) ဆရာသည် (ကတ္တား) နေတိ-ဖြင့် သကမ္မကကြိယာကို ပြတော်မူ၏ (ဌပနာ)။ ဤသို့ ပြဆိုသည်ရှိသော် သကမ္မကကြိယာသာရှိ၍ ကံပုဒ်မရှိဟူသော အနက်သည် ရောက်၏ (အနုလောမပါပနာ)။ စင်စစ်သော်ကား ကံပုဒ် မရှိဟူသော အနက် မရောက်သင့် (ပဋိလောမပါပနာ)။ ထို့ကြောင့် ကံပုဒ်ကိုလည်း ပြဆိုသင့်၏ (အနုလောမရောပနာ)။ ကံပုဒ်ကိုမပြဆိုဘဲမနေသင့် (ပဋိလောမရောပနာ)။ ပြဆိုသင့်လျက် မပြဆိုက ဆရာအပေါ်၌ ကမ္မ ကမ္မီ ဆန့်ကျင်သော ဝိရောဓိ ဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော (ဒေါသာရောပန)။ ကံပုဒ်ကား အဘယ်ပါနည်း (ပုစ္ဆာ)။ ဤသို့ သူစောဒနာဖွယ်ရှိရကား ထိုစောဒနာကို သောဓနာလိုသော ဆရာသည် နိရယံ-ဟူသောပါဠိကို မိန့်။

အဓိပ္ပာယ်ကား ။ ။ နိရယံ-ဟူသော ကံပုဒ်ကို ငါဆရာပြဆိုသောကြောင့်

http://www.dhammadownload.com

ဝိရောဓိဒေါသ မရောက်၊ ကင်းစင်လွင့်ပျောက်၏-ဟူလို။

မှတ်ချက် ။ ။ ပညတ်, ပရမတ်လည်း ထွက်နိုင်သည်။

(ခ) မှတ်ချက်၌ ။ ။ (၁) ဧဝံ သတိ, ဧဝဉ်, ယဒိ ဧဝံ-စသည် အစချီသော ဝါကျတို့၌ နီတတ္ထအားဖြင့် ရသင့်ရထိုက်သော အနုလောမပါပနာဒိ ကို ထုတ်ပြစေခြင်း။ (၂) နေယျတ္ထအားဖြင့် ရသင့်ရထိုက်သော အနုလောမပါပနာဒိ ကို ထုတ်ပြစေခြင်းကို ဆိုလိုသည်။

ထုတ်ပုံဥပဒေ ။ ။ **ဧဝဉ်စု၊ စပ်ရာရှု၊ အနုပါပန။ အထခေါ-၏ စပ်ရာထည့်၊ ပဋိပါပန။ တသ္မာ-စု၊ စပ်ရာရှု၊ အနုရောပန။ နောက်ပုဒ်အရှိ၊ ပြန်လှန်ဘိ၊ ပဋိရောပန။** (ရွှေရေးဆောင်နိယံ။ ၁၇၄-၈။)

ဧဝံသတိ၊ ရှိသည့်ဗျူဟာ၊ ဤအရာ၌၊ ဤမှာပါပန၊ မျှသည်ရောပန၊ လဒ္ဓဒေါသ၊ မျှဂုဏဟု၊ ကိစ္စပိုင်းဖြတ်၊ ပုဒ်ကိုမှတ်သည်၊ မချွတ်မယွင်း၊ မြဲစေမင်း။ (အရှင် တိပိဋကနာဂနိယံ။ ၂၀။)

အထက်ပါနိယံများအရ ဧဝံ သတိ, ဧဝံ သန္တေ စသော စောဒနာဝါကျ၌ ဒေါသ, ဂုဏ ဝေဖန်ပြလျက် နေယျတ္ထအားဖြင့် ပြအပ်သော အနုလောမပါပနာ, ပဋိလောမပါပနာ, အနုလောမရောပနာ, ပဋိလောမရောပနာ, ဌပနာ။ ဤငါးချက်ကို ထုတ်ဆောင်အပ်၏။

ဧဝံသန္တေ-ပြယုဂ် ။ ။ အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တထေရပ္ပဘဝေါ။ ပ။ ဧဝံ သန္တေ ထေရောဝ ပဌမတရံ အာဘိဓမ္မိကော ဟောတိတိ။ (နီ၊ ဌ။ ၁၈။) ဧဝံသန္တေ-အစချီသော ဝါကျဖြင့် လဒ္ဓဒေါသကို နီတတ္ထနည်းအားဖြင့် ပြ၏။ အနုလောမပါပနာစသည်ကို နေယျတ္ထနည်းအားဖြင့် ထုတ်ဆောင်အပ်၏။

ထုတ်ဆောင်ပုံ ။ ။ "အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တထေရပ္ပဘဝေါ ဟောတိ"တိ ဝုတ္တံ (မူလဌပနာ)။ "အဘိဓမ္မာ၌ ပို့ချစဉ်မည်သည် သာရိပုတ္တရာမထေရ်လျှင် အမွန်အစဖြစ်၏" ဟု ဆိုတော်မူ၏။ (၁) ဧဝံသန္တေ ထေရောဝ ပဌမတရံ အာဘိဓမ္မိကော ဘဝေယျ (အနုလောမပါပနာ)။ ဤသို့ ဆိုသည်ရှိသော် သာရိပုတ္တရာ မထေရ်သည်သာလျှင် ရှေးဦးစွာ အဘိဓမ္မိက ပုဂ္ဂိုလ် ဖြစ်ရာ၏။ (၂) အထ ခေါ နု ထေရောဝ ပဌမတရံ အာဘိဓမ္မိကော ဘဝေယျ (ပဋိလောမပါပနာ)။ စင်စစ်သော်ကား သာရိပုတ္တရာမထေရ်သာ ရှေးဦးစွာ အာဘိဓမ္မိကပုဂ္ဂိုလ် မဖြစ်ခဲ့လေရာ။ (၃) တသ္မာ "အဘိဓမ္မေ

http://www.dhammadownload.com

ဝါစနာမဂ္ဂေါ နာမ သမ္မာသမ္မဒ္ဓပ္ပဘဝေါဟောတိတိဝတ္တွဗ္ဗံ (အနုဒ္ဒလောမ ရောပနာ)။ ထို့ကြောင့် "အဘိဓမ္မာဒ်၌ ပို့ချစဉ်မည်သည် မြတ်စွာဘုရားလျှင် အမွန်အစ ဖြစ်၏" ဟု ဆိုအပ်၏။ (၄) "နာ အဘိဓမ္မေ ဝါစနာမဂ္ဂေါနာမ သာရိပုတ္တထေရပ္ပဘဝေါ ဟောတိ" တိ ဝတ္တွဗ္ဗံ (ပဋိလောမရောပနာ)။ "အဘိဓမ္မာဒ်၌ ပို့ချစဉ် မည်သည် သာရိပုတ္တရာမထေရ်လျှင် အမွန်အစ ဖြစ်၏" ဟု မဆိုအပ်။ ။ ဤသို့ ထုတ်ဆောင်အပ်၏။ ဓဝံ သန္တေ တိ ပုဗ္ဗေ ဝုတ္တမဂဟေတွာ ဝါစနာမဂ္ဂသ ထေရပ္ပဘဝတ္တွဝစန မေဝ ဂဟေတွာ ဧတေန ပုရိမဝစနဉ္စ ပဋိက္ခိပန္တော စောဒေတိ။ (မူလဋီကာ၊ ၁။ ၁၈။)

မှတ်ချက် ။ ။ ဓဝံ သတိ-နှင့် ဓဝံ သန္တေ-အတူတူပင်။

အမှာစကားရပ် ။ ။ အဋ္ဌသာလိနီအဋ္ဌကထာဒ်၌ ဓဝဋ္ဌိ-အစရှိသော ဝါကျများ စာအုပ်နံပါတ် (၂၀၈-၉၊ ၃၉၃၊ ၄၁၃)-တို့၌ တွေ့ရှိရသော်လည်း အပြစ်ပြလဒ္ဓဒေါသ မဟုတ်ကြဘဲ လဒ္ဓဂုဏနှင့် တပ္ပါကဋိကရဏတို့သာ ဖြစ်ကြ၏။ (၄၁၃)-၌ တွေ့ရှိသော ဝါကျကား ဓဝဋ္ဌိသာ ဖြစ်ရမည်။ ၎င်းဝါကျလည်း အဖြေပြဝါကျသာ ဖြစ်၏။ ဓဝဋ္ဌိ-ဝါကျ လဒ္ဓဒေါသပြ တွေ့ရှိပါက ဓဝံ သတိ, ဓဝံ သန္တေ, ယဒိ ဓဝံ-အစရှိသော ဝါကျတို့၌ ပြဆိုအပ်သော နည်းဖြင့် အနုလောမပါပနာစသည်ကို ထုတ်ဆောင်၍ ယူအပ်၏။

ယဒိ ဓဝံ-ဥဒါဟရဏ် ။ ။ ယဒိ ဓဝံ ဒူရေ ဘေရီအာဒီသု ဝဇ္ဇမာနေသု "ဒူရေ သဒ္ဒေါ" တိ ဇာနနံ နာ ဘဝေယျာတိ? နော နာ ဘဝတိ။ (နီ၊ ဋ္ဌ။ ၃၅၂။) ယဒိ ဓဝံ-အစရှိသောဝါကျဖြင့် လဒ္ဓဒေါသကို နိတ္ထာနည်းအားဖြင့် ပြ၍ ကျန်ပဋိလောမပါပနာ စသည်ကို နေယျတ္ထအားဖြင့် ထုတ်ဆောင်အပ်၏။

ထုတ်ပုံ ။ ။ "အာမ သမ္မတ္တဂေါစရ" န္တိ ဝုတ္တံ (မူလဋ္ဌပနာ)။ "အာမ သမ္မတ္တဂေါစရံ" ဟု ဆိုတော်မူ၏။ (၁) ယဒိ ဓဝံ ဒူရေ ဘေရီအာဒီသု ဝဇ္ဇမာနေသု "ဒူရေ သဒ္ဒေါ" တိ ဇာနနံ ဘဝေယျ (အနုလောမပါပနာ)။ အကယ်၍ ဤသို့ဖြစ်ပါက အဝေးရှိ စည်စသည်တို့ကို တီးခတ်အပ်ကုန်သည် ရှိသော် "အဝေးသံ" ဟု သိခြင်း ဖြစ်ရာ၏။ ("အဝေးသံ" ဟု သိရာ၏)။ (၂) အထ ခေါ ဒူရေ ဘေရီအာဒီသု ဝဇ္ဇမာနေသုပိ "ဒူရေ သဒ္ဒေါ" တိ ဇာနနံ နာ ဘဝေယျ (ပဋိလောမပါပနာ)။ စင်စစ်သော်ကား ဝေးသော အရပ်၌ စည်စသည်တို့ကို တီးခတ်အပ်သော်လည်း "အဝေးသံ" ဟု မသိရာ။ (၃) တသ္မာ ဓတံ "အသမ္မတ္တဂေါစရ" န္တိ ဝတ္တွဗ္ဗံ (အနုလောမရောပနာ)။ ထို့ကြောင့် ထိုရုပ်ကို "အသမ္မတ္တဂေါစရ" ဟု ဆိုအပ်၏။ (၄) နာ "အာမ သမ္မတ္တဂေါစရ" န္တိ ဝတ္တွဗ္ဗံ

http://www.dhammadownload.com

(ပဋိလောမရောပနာ)။ "အာမ သမ္မတ္တဂေါစရံ" ဟု မဆိုသင့် ။ ။ ဤကား ယဒိ ဧဝံ-ဝါကျ ပါပနာဒိ ထုတ်ပုံတည်း။

မူလဋီကာ ဥဒါဟရဏ် ။ ။ သဗ္ဗံ တဒါရမ္မဏံ "ပရိတ္တာရမ္မဏာ" န္တိ ဝုတ္တံ (ဌပနာ)။ (၂) ယဒိ ဧဝံ မဟဂ္ဂတဝိပါကောပိ မဟဂ္ဂတာနုဘာဝနမေဝ အာပဇ္ဇတိ (အနုလောမပါပနာ)။ (၂) နာ (ပဋိလောမပါပနာ)။ (၃) တသ္မာ သမာဓိ သုခါနုဘာဝနဘူတော၊ သောပိ ကမ္မာနုရူပတောယေဝ ကမ္မာရမ္မဏော ဟောတိ (အနုလောမရောပနာ)။ (မူလဋီကာ၊ ၁။ ၁၉၀) ၌ ပါပနာ, ရောပနာ ၄-ချက် ပြည့်စုံအောင်မပါ။ ပဋိလောမရောပနာ ကင်းလွတ်ခဲ့သည်၊ ၎င်းပဋိလောမ ရောပနာ ထည့်လိုသော်-(၄) "နာ သဗ္ဗံ တဒါရမ္မဏံ 'ပရိတ္တာရမ္မဏာ' န္တိ ဝုတ္တံ" ဟု ထည့်လေ။

ယဒိ ဧဝံ၊ နှစ်ပါးပြွမ်းလျက်၊ တတ်စွမ်းသောလျှောက်၊ အပြစ်ကောက်မူ၊ နောက်စကားကို၊ မှတ်သားကိုင်လျက်၊ ယဒိ-ထက်ဝယ်၊ စွက်သည်ကြိုယာ၊ အသစ်ရှာ၊ ဧဝံ-နောက်မှာ၊ သတိလာ၊ သန္တေသု-လည်း ရံတခါ-ဟူသော ၅င် တိပိဋကနာဂနိယံ (၂၅)-နှင့် အညီ ယဒိ-စပ်ရာကြိုယာ အသစ်ရှာ၍ ထည့်စွက်ပြီးလျှင် ဧဝံ-နောက်မှာ ဤနေရာ၌ သတိ-ယှဉ်၍ အနက်ပေးပါ-ဟူလို။

အနုလောမပါပနာစသည်အဓိပ္ပာယ် ။ ။ ဤအနုလောမပါပနာထုတ်ရာ စကားရပ်တို့တွင် -

(၁) အဘိဓမ္မေ ဝါစနာမဂ္ဂေါနာမ သာရိပုတ္တတ္ထေရပ္ပဘဝေါ ဟောတိတိ ဝုတ္တံ-ဟူသော စကားရပ်သည် ဌပေတိ ဧတာယာတိ ဌပနာ၊ ဌပိတမ္ဘာတိ ဝါ ဌပနာ၊ ဌပိယတေ ဝါ ဌပနာ-ဟူသော ကရဏသာဓန, ကမ္မသာဓန, ဘာဝ သာဓန ဝစနတ္ထနှင့် အညီ အဝိနာဘာဝနည်းအားဖြင့် အပြစ်တင်လို၍ ပရိဟာရ ဆရာ ဆိုအပ်သော စကားရပ်ကို ထားကြောင်း, ထားအပ်, ကြားခြင်းမျှ ဖြစ်သောကြောင့် ဌပနာ-မည်၏။ (ကျမ်းဆရာ၏ ဂဟေတမ္ဘစကားကို ဌပနာ ထားရမည်။)

(၂) ဧဝံ သန္တေ ထေရောဝ ပထမတရံ အာဘိဓမ္မိကော ဘဝေယျ-ဟူသော စကားရပ်သည် ပရဿ ဥပရိ ဒေါသံ ပါပေတိ ဧတာယာတိ ပါပနာ၊ အနုလောမေန ပါပနာ အနုလောမပါပနာ-ဟူသော ဝစနတ္ထနှင့်အညီ သူတစ်ပါး၏ အထက်၌ တိုက်ရိုက် အလျော်အားဖြင့် (ဝါ) အနုလုံအားဖြင့် (ဝါ) အနွယ အားဖြင့် အပြစ်သို့ ရောက်စေကြောင်း (ဝါ) အပြစ်တင်ကြောင်း ဖြစ်သောကြောင့် အနုလောမပါပနာ-မည်၏။

http://www.dhammadownload.com

(၃) အထ ခေါ နထေရောဝ ပထမတရံ အာဘိဓမ္မိကော ဘဝေယျ-ဟူသော စကားရပ်သည် ပရသ ဥပရိ ဒေါသံ ပါပေတိ ဧတာယာတိ ပါပနာ၊ ပဋိလောမေန ပါပနာ ပဋိလောမပါပနာ-ဟူသော ဝစနတ္ထနှင့် အညီ သူတစ်ပါး အပေါ်၌ တဖန် အပြန်အားဖြင့် (ဝါ) ပဋိလုံအားဖြင့် (ဝါ) ဗျတိရိက်အားဖြင့် အပြစ်သို့ ရောက်စေကြောင်း (ဝါ) အပြစ်တင်ကြောင်း ဖြစ်သောကြောင့် ပဋိလောမပါပနာ-မည်၏။

(၄) တသ္မာ အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သမ္မာသမ္မုဒ္ဓပ္ပဘဝေါ ဟော-တီတိ ဝတ္တဗ္ဗံ-ဟူသော စကားရပ်သည် ယထာဝုတ္တသ ဥပရိ ဒေါသံ ရောပေတိ ဧတာယာတိ ရောပနာ၊ အနလောမေန ရောပနာ အနလောမရောပနာ-ဟူသော ဝစနတ္ထနှင့် အညီ အကြင်အကြင် ဆိုအပ်ပြီးသော ဌပနာစကားရပ်၏ အပေါ်၌ တိုက်ရိုက် အလျော်အားဖြင့် (ဝါ) အနလုံအားဖြင့် (ဝါ) အနွယအားဖြင့် အပြစ်သို့ တင်ကြောင်း ဖြစ်သောကြောင့် အနလောမရောပနာ-မည်၏။

(၅) နအဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တထေရပ္ပဘဝေါဟောတီတိ ဝတ္တဗ္ဗံ-ဟူသော စကားရပ်သည် ယထာဝုတ္တသ ဥပရိ ဒေါသံရောပေတိ ဧတာယာတိ ရောပနာ၊ ပဋိလောမေန ရောပနာ ပဋိလောမရောပနာ-ဟူသော ဝစနတ္ထနှင့် အညီ အကြင်အကြင် ဆိုအပ်ပြီးသော ဌပနာ-စကားရပ်၏အပေါ်၌ တဖန် အပြန်အားဖြင့် (ဝါ) ပဋိလုံအားဖြင့် (ဝါ) ဗျတိရိက်အားဖြင့် အပြစ်သို့ ရောက်စေကြောင်း ဖြစ်သောကြောင့် ပဋိလောမရောပနာ-မည်၏။

ထိုတွင် ။ ။ အနလောမပါပနာနှင့် ပဋိလောမပါပနာ ၂-ပါးတို့ကား ပုဂ္ဂလပဌာန ဖြစ်သည်။ အနလောမရောပနာနှင့် ပဋိလောမရောပနာ ၂-ပါး တို့ကား ဓမ္မပဌာန ဖြစ်သည်။ ဤသို့ ခွဲခြား မှတ်သားအပ်၏။ ကျန်သော ယဒိ ဧဝံ-စသည်၌လည်း ဤနည်းအတိုင်း ခွဲစေအပ်၏။

---

(၃) နံပါတ် စည်းမျဉ်း အဖြေ

(၁) ဝါ, အထဝါ, အပိစ အပရောနယော-တို့၏ သဒ္ဒါ အနက်, အကြောင်း အကျိုး ဝါကျလဲလှယ်ပုံကို မေးခြင်း။ (၂) တေန, တသ္မာ, တေနေဝါဟ, တေန ဝုစ္စတိ, တေန ဝုတ္တံ, ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာ, အဓိပ္ပေတံ, ကထိတံ, သမ္ဘဝတော-စသည် ထားပုံအဓိပ္ပာယ်ကို ဝါကျထုတ်ပြ၍ မေးခြင်း၊ (၃) ပုနရတ္တိဒေါသ စသော ဂန္ဆဒေါသတို့ကို ပါဠိထုတ်ပြ၍ မေးခြင်း ဤ ၃-

http://www.dhammadownload.com

မျိုးကို ဆိုလိုသည်။

ဝါ–သဒ္ဒါလဲလှယ်ပုံဥဒါဟရဏ် ။ ။ သံကိလေသေ ဝါ နိယုတ္တာ တဿ အာရမ္မဏာဘာဝါနတိက္ကမနတောတိ သံကိလေသာ။ (နီ၊ ၌။ ၈၅။) သံကိ–လေသေဝါ–စသော ပါဠိ၌ သံကိလေသိကာ–ဟူသော ပါဠိတော် သံဝဏ္ဏေတဗ္ဗ ပုဒ်ဝယ် ဏိက–ပစ္စည်း၏ အရဟတ္ထ (ထိုက်ခြင်း) အနက်မှ တပါး နိယုတ္တ (ယှဉ်တတ်) ဟူသော အနက်ကို လဲလှယ်ပြလိုသောကြောင့် ဝါ–သဒ္ဒါကို ထားပါသည်။

ရှင်းချက် ။ ။ ပဌမဝိကပ်၌ "သံကိလေသံ အရဟန္တီတိ သံကိလေသိကာ" ဟု ပြု၍ ဏိက–ပစ္စည်းသည် အရဟအနက်ဟော ပြ၏။ ဒုတိယဝိကပ်၌ "သံကိလေသေ နိယုတ္တာ သံကိလေသိကာ" ဟု ပြု၍ ဏိက–ပစ္စည်းသည် နိယုတ္တအနက်ဟောပြ၏။ ထို့ကြောင့် ဒုတိယဝိကပ်ပြဝါကျ၌ဝါ–သဒ္ဒါဖြင့် "အနက်ကို လဲလှယ်၏" ဟု မှတ်သင့်၏။

ဝါ, အထဝါ–ဝါကျ လဲလှယ်ပုံအဓိပ္ပာယ်

ကြောင်းကျိုးနှစ်စု၊ တစ်ခုခု၊ လဲမှူ ဝါ, ထဝါ။ ကြောင်းကျိုးနှစ်ပါး၊ လဲလိုခြား၊ ထားကြ အပရော–သာ။ (တောင်တွင်းနိယ်။ ၁၁၂–၃။)

အနက်သဒ္ဒါ၊ မပါကြွင်းကျန်၊ ဆိုလတ်ပြန်ရာ၊ ဝါ, ထဝါ။ ရှေ့၌ဓိပ္ပာယ်၊ ကျယ်၍ချုံးရာ၊ ဝါ, ထဝါ။ ရှေ့၌ဆိုလတ်၊ စကားထပ်၍၊ ထူးရပ်ဆိုရာ၊ ဝါ, ထဝါ။ (တွင်းကြီးနိယ်။ ၁၂၄–၅–၆။)

အထ ဝါ–ကား၊ အကြောင်းတူ၊ အကျိုးမူကား အပြား၊ အကျိုးတူ၊ အကြောင်းမူကား အပြား။ (ရှင်တိပိဋကနာဂနိယ်။ ၆၂။)

နိယ်များ အရ – (၁) အကြောင်းကို လဲလှယ်ရာ၌လည်းကောင်း, (၂) အကျိုးကို လဲလှယ်ရာ၌လည်းကောင်း, (၃) အနက်ကြွင်း အနက်ကျန်ကို လဲလှယ်လိုရာ၌လည်းကောင်း, (၄) အကြောင်းအကျိုး နှစ်ပါးလုံးကို လဲလှယ်လိုရာ၌လည်းကောင်း, (၅) သဒ္ဒါကြွင်း သဒ္ဒါကျန်ကို လဲလှယ်လိုရာ၌ လည်းကောင်း, (၆) ရှေးအဓိပ္ပာယ် ကျယ်နေသည်ကို အကျဉ်းချုံး ပြလိုရာ၌လည်းကောင်း, (၇) ရှေ့စကားထက် ထူးသော အရာကို ပြလိုရာ၌လည်းကောင်း "ဝါ, အထ ဝါ–သဒ္ဒါ ထားကြသည်" ဟု မှတ်အပ်၏။ ထိုတွင်–

"အကျိုးလဲလှယ်ရာ၌ အကြောင်းတူ၍ အကျိုးပြား ဖြစ်စေရမည်၊ အကြောင်းလဲလှယ်ရာ၌ အကျိုးကူ၍ အကြောင်းပြား ဖြစ်စေရမည်" ဟု မှတ်၍

http://www.dhammadownload.com

ထုတ်လေ။ ဝါ-ပြယုဂ်ရှေ့၌ဆိုပြီး ဖြစ်သည်။

အထဝါ-သဒ္ဒါ လဲလှယ်ပုံ ဥဒါဟရုဏ် ။ ။ ဧကော ဥဒေတိတိ ဧကောဒိ ။ ပ။ အထဝါ သမ္မယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ၊ ဥဠာပေတီတိ အတ္ထော။ (နီ၊ ဌ။ ၂၁၃။) ဤပြယုဂ်၌ ဧကောဒိ-ဟူသော သဝဏ္ဏတဗ္ဗပုဒ်ဝယ် ဥဒိ-သဒ္ဒါ၏ ဥဒါန အနက်မှတစ်ပါး ဥဒါယန (ဥဠာပန) အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် အထ ဝါ-သဒ္ဒါ ထားသည်။

အထ ဝါ-ဥဒါဟရုဏ်တစ်နည်း ။ ။ အနိစ္စတာနိဒ္ဒေသေ ခယဂမနဝဏ်သေန ခယော။ ဝယဂမနဝဏ်သေန ဝယော။ ဘိဒ္ဓနဝဏ်သေန ဘေဒေါ။ အထ ဝါ ယသ္မာ တံ ပတ္တာ ရူပံ ခီယတိ, ဝေတိ, ဘိဒ္ဓတီတိ စ၊ တသ္မာ ခီယတိ ဇေတသ္မိန္တိ ခယော၊ ဝေတိ ဇေတသ္မိန္တိ ဝယော၊ ဘိဒ္ဓတိ ဇေတသ္မိန္တိ ဘေဒေါ။ (နီ၊ ဌ။ ၃၅၆။) ဤဥဒါဟရုဏ်၌ ခယ, ဝယ, ဘေဒ-သဒ္ဒါတို့ဝယ် ဏ-ပစ္စည်း၏ ဘာဝသာဓန အနက်မှတစ်ပါး အဓိကရဏ အနက်ကို လဲလှယ်၍ ပြလိုသောကြောင့် အထ ဝါ-သဒ္ဒါထားရသည်။

အကျိုးလဲ အထဝါ-ဥဒါဟရုဏ် ။ ။ အပရောနယော ပကရဏာရမ္ဘေ ရတနတ္တယပူဇာမဝစနံ ရတနတ္တယဿ ယထာဘူတ ဂုဏမာချာပနေန ပကရဏေ ဂါရဝုပ္ပါဒနတ္ထံ။ အထ ဝါ ရတနာတ္တယပူဇာမဝစနံ သတာစာရာဝေါက္ကမနတ္ထံ၊ တံ ဝိညူနံ စိတ္တာရာဓနတ္ထံ၊ တံ ပကရဏသုဂ္ဂဟနတ္ထံ၊ တံ ဝစနတ္တာဝဗောဓနတ္ထံ၊ တံ သဗ္ဗသမ္ပတ္တိနိပ္ဖာဒနတ္ထံ။ (ရာသ။ ပဇ္ဇာမ။) ဤပြယုဂ်၌ ရှေ့ဝါကျစကားရပ်ဖြင့် ရတနတ္တယပဇ္ဇာမကို ဆိုရခြင်းဟူသော အကြောင်းကြောင့် ရအပ်သော ပကရဏဂါရဝုပ္ပါဒနအကျိုး, ရတနတ္တယဂါရဝုပ္ပါဒန အကျိုးတို့ကိုပြဆိုပြီး၍နောက်ဝါကျစကားရပ်ဖြင့်ရတနတ္တယပဇ္ဇာမကို ဆိုရခြင်းဟူသောယခင်အကြောင်းကြောင့်ပင် တစ်မျိုးအားဖြင့် ရအပ်သော သတာစာရဝေါက္ကမနအကျိုး, ဝိညူနံ စိတ္တာရာဓနအကျိုး, ပကရဏဥဂ္ဂါဟနအကျိုး, ဝစနတ္တာဝဗောဓနအကျိုး, သဗ္ဗသမ္ပတ္တိနိပ္ဖာဒန အကျိုးတို့ကို ပြဆိုတော်မူ၏။ ထို,ကြောင့် "အကျိုးကိုသာ လဲလှယ်လိုသောကြောင့် အထ ဝါ-သဒ္ဒါ ထားသည်" ဟု မှတ်အပ်၏။ ဤ၌ အကြောင်းတူ၍ အကျိုးသာ ပြားသောကြောင့် "အကျိုးလဲ" ဟု ဆိုသည်။

အကြောင်း, အကျိုး ၂-ပါးစုံလဲ အထ ဝါ-ဥဒါဟရုဏ် ။ ။ ဓမ္မသံဝဏ္ဏနာယံ သတ္တရိ ပဇ္ဇာမကရဏံ ဓမ္မဿ သုက္ခာတဘာဝဝေန သတ္တရိပသာဒဇနနတ္ထံ, သတ္တု စ အဝိတထဒေသနာဘာဝပ္ပကာသနေန ဓမ္မ ပသာဒဇနနတ္ထံ။

http://www.dhammadownload.com

ပ။ ဟောတိတိ။ အထ ဝါ ရတနတ္တယပဏာမဝစနံ အတ္တနော ရတနတ္တယ-ပသာဒဿ ဝိညာပနတ္ထံ၊ တံ ပန ဝိညူနံ စိတ္တာရာဓနတ္ထံ၊ တံ အဋ္ဌကထာ ယဂါဟဏတ္ထံ၊ တံ သဗ္ဗသမ္ပတ္တိနိပ္ဖါဒနတ္ထံ။ (ဓမ္မသင်္ဂဏီ မူလဋီကာ။ ၁။) ဤ ပြယုဂ်၌ ရှေ့စကားရပ်ဖြင့် မြတ်စွာဘုရား၌ ရှိနိုးကြောင်း ဖြစ်သော ပဏာမ စေတနာဟူသော အကြောင်းကြောင့် ရအပ်သော သတ္တရိပသာဒနနအကျိုး, ဓမ္မပသာဒနနအကျိုး, မဟာတော အတ္တသိဒ္ဓိအကျိုးတို့ကို ပြဆိုတော်မူပြီး၍ နောက်စကားရပ်ဖြင့် ရတနတ္တယပဏာမကို ဆိုရခြင်း ဟူသော အကြောင်းကြောင့် ရအပ်သော ရတနတ္တယပသာဒဝိညာပန အကျိုး, ဝိညူနံ စိတ္တာရာဓနအကျိုး, အဋ္ဌကထာယဂါဟန အကျိုး, သဗ္ဗသမ္ပတ္တိနိပ္ဖါဒနအကျိုးတို့ကို ပြဆိုတော်မူ၏။ ထို့ကြောင့်အကြောင်း, အကျိုး ၂-ပါးလုံး လဲလှယ်၍ပြလိုသောကြောင့် "အထ ဝါ-သဒ္ဒါထားသည်" ဟု မှတ်အပ်၏။ ။ ဤ၌ အကြောင်းလည်းပြား အကျိုးလည်း ပြားသောကြောင့် "အကြောင်း အကျိုး ၂-ပါးစုံ လဲ၏" ဟု ဆိုသည်။

အပိစ, အပရော နယော-ဝါကျလဲလှယ်ပုံ အဓိပ္ပာယ် ။ ။ အပိစ, အပရော နယော၊ တက်သောဝါကျ၊ ရှေ့အတ္ထမှ၊ ထူးထအနက်၊ ဆိုလျက်တက်။ အပရော နယော အတ္တနောမတိ၊ မှတ်ထားဘိ-ဟူသော တွင်းကြီးနိယံ (၆၀၊ ၁၄၀)-အရ (၁) ရှေ့ဆိုအပ်ပြီးသော အနက်မှ ထူးသောအနက်ကိုပြလိုရာ၌ လည်းကောင်း, (၂) မိမိအယူဝါဒကို ပြလိုရာ၌ လည်းကောင်း, "အပိစ" ဟူ၍ လည်းကောင်း, "အပရော နယော" ဟူ၍ လည်းကောင်း ဝါကျအစဦးမှာ ထားတော်မူကြသည်။

(၁) သဒ္ဒါကိုလည်းကောင်း, (၂) အနက်ကိုလည်းကောင်း, (၃) အကြောင်းကိုလည်းကောင်း, (၄) အကျိုးကိုလည်းကောင်း လဲလှယ်လိုရာ၌လည်း "အပိစ, အပရော နယော သဒ္ဒါ ထားကြသည်" ဟု မှတ်အပ်၏။

အပိစ-သဒ္ဒါ အကြောင်းလဲ ဥဒါဟရဏံ ။ ။ အပိစ အယံ ဖဿော နာမ ယထာ ပါသာဒံ ။ ပ။ အဝသေသာ ဒဗ္ဗသမ္ဘာရသဒိသာတိ တသ္မာပိ ပဋ္ဌမံ ဝုတ္တော။ (နီ၊ ဋ္ဌ။ ၁၅၁။) ဤဥဒါဟရဏ်၌ အပိစ အယံ ဖဿော နာမ-အစရှိသော ဝါကျဖြင့် ဖဿစေတသိက်၏ ရှေးဦးစွာ စဉ်ထားရခြင်း အကြောင်းကို ပြဆိုရာ မူလရှေးဝါကျ ဖဿစေတသိက်၏ အာရုံတွေ့ဆုံရာ ရှေးဦးစွာ ကျရောက်ခြင်းဟူသော (ပဋ္ဌမာဘိနိပါတအကြောင်းမှတစ်ပါး ပြာသာဒ်စသည်ထွင် တိုင်ထုတ်လျောက်စသည်ရှိရာတိုင်သည်ကျန်အဆောက်အဦတို့ထက် အားရှိသောအကြောင်း (ဗလဝပစ္စယ) ဖြစ်သကဲ့သို့ ဖဿစေတသိက်တရား၏

http://www.dhammadownload.com

အခြားသော တရားတို့ထက် အားကြီးပြဋ္ဌာန်းခြင်း ဟူသော (ဗလဝပစ္စယ) အကြောင်းတစ်ပါးကို လဲလှယ်၍ ပြသည်။ ထို့ကြောင့် "အကြောင်းပြားသည်" ဟု မှတ်လေ။

အဝိစ-သဒ္ဒါ၏ အနက်ထူးလဲ ဥဒါဟရဏ် ။ ။ အဝိစ ပသတ္ထာသုန္ဒရာ ဝါ ဒိဋ္ဌိ သမ္မာဒိဋ္ဌိတိ ဣမိနာပိ နယေန တေသံ ဝစနတ္ထော ဝေဒိတဗ္ဗော။ (နီ၊ ဋ္ဌ။ ၁၆၇။) ဤပြယုဂ်ိဒ် သမ္မာဒိဋ္ဌိ-ဒ် သမ္မာ-သဒ္ဒါ၏ ရှေးဝါကျ၌ ပြအပ်ပြီးသော အဝိပရိတတ္ထ (မဖောက်မပြန် အမှန်အဟုတ်)-ဟူသော အနက်မှတစ်ပါး ၎င်း သမ္မာ-သဒ္ဒါ၏ ပသတ္ထ (ချီးမွမ်းခြင်း) အနက်, သုန္ဒရတ္ထ (ကောင်းခြင်း) အနက် တစ်မျိုးကို လဲလှယ်၍ ပြသည်။ ထို့ကြောင့် အနက်လဲလှယ်လိုသောကြောင့် အဝိစ-သဒ္ဒါထားပါသည်။ ဤ၌ "သဒ္ဒါတူ၍ အနက်ပြားသည်" ဟု မှတ်အပ်၏။

မှတ်ချက် ။ ။ အဝိစ-သဒ္ဒါသည် အပရော နယော-နှင့် "အဓိပ္ပာယ်တူသည်" ဟု မှတ်အပ်၏။ "အဝိစာတိ အညဝစနံ ဝတ္တုမ္မံ အတ္ထိ အတ္ထော၊ အထ ဝါ အဝိစာတိ အပရော နယော" ဟု အဋ္ဌသာလိနီယောဇနာဆရာ (၆၉) ဖွင့် ပြတော်မူ၏။

အပရော နယော-အနက်လဲ ဥဒါဟရဏ် ။ ။ အပရော နယော-ယံဇတ္ထ ဝုဿိမန္တော ။ ပ။ အဘိဓမ္မော တေန အက္ခာတော။ (နီ၊ ဋ္ဌ။ ၂၀။) ဤဥဒါဟရဏ်၌ အဘိဓမ္မ-ဟူသောပုဒ်ဝယ် အဘိ-သဒ္ဒါ၏အနက်ကို ပဓာနအားဖြင့် ပြဆို၏။ ထိုသို့ ပြဆိုရာကျမ်းဥုံးအစ ရှေးဝါကျများက အဘိ-သဒ္ဒါ၏အနက်ကို ပြဆိုပြီး ဖြစ်သောကြောင့် ရှေးပြဆိုအပ်သော အဘိ-သဒ္ဒါ၏ အတိရေကတ္ထ, ဝိသေသတ္ထ (အလွန်, အထူး) အနက်တို့မှတစ်ပါး ၎င်း အဘိ-သဒ္ဒါ၏ ဝုဿိမန္တ, သလက္ခဏ, ပူဇိတ, ပရိစ္ဆိန္န, အဓိကဟူသော အနက်များကို လဲလှယ်၍ ဖွင့်ပြတော်မူ၏။ ထို့ကြောင့် အနက်လဲလှယ်လိုသောကြောင့် အပရောနယော-သဒ္ဒါထားပါသည်။ ဤ၌လည်း "သဒ္ဒါ တူ အနက်ပြား ဖြစ်သည်" ဟု မှတ်လေ။

အပရော နယော-အနက်လဲ ဥဒါဟရဏ် တစ်နည်း ။ ။ အပရော နယော။ ဓမ္မောတိ ဟေတု။ (နီ၊ ဋ္ဌ။ ၂၃။) ဤဝါကျဖြင့် ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓ-သဒ္ဒါ ၄-ပါးတို့တွင် ဓမ္မ-သဒ္ဒါ၏ ပါဠိတော် ဝစနပဗန္ဓဟူသော တန္တီ အနက်မှတစ်ပါး ၎င်းဓမ္မ-သဒ္ဒါ၏ ဟေတု (အကြောင်း) အနက်ကို လဲလှယ်၍ ဖွင့်ပြတော်မူ၏။ ရှေ့ဝါကျများက ဓမ္မောတိ တန္တီ-စသည်ဖြင့် ဓမ္မ-သဒ္ဒါ၏ တန္တီ အနက်ကိုပြဆို၍ ဤဝါကျ၌ "ဓမ္မောတိ ဟေတု" ဟု ဟေတုအနက်ကို

http://www.dhammadownload.com

ပြသောကြောင့် အနက်လဲလှယ်လို၍ အပရော နယော-သဒ္ဒါ ထားပါသည် ။ ။ ဤ၌လည်း "သဒ္ဒါတူ အနက်ပြားဖြစ်သည်" ဟု မှတ်လေ။

တသ္မာ, တေန-ထားပုံ အဓိပ္ပာယ်

"စဝ္ဆေ ကတ္တာ၊ တသ္မာ တေန၊ အယံ ဟေတ္ထတိ၊ မနသိကတ္တာ၊ ကျမ်းမှာ လာကြို့၊ လဒ္ဓဂုဏ်" ဟူ၍လည်းကောင်း, **"အကျိုးတစ်ပါး၊ ပြီးလပ်ငြားသော်၊ တစ်ပါးအကျိုး၊ ပြီးရိုးတွေ့ကြို့၊ လဒ္ဓဂုဏ်"** ဟူ၍လည်းကောင်း, တွင်းကြီး (၉၅-၉) ဆရာတော် မိန့်ဆိုတော်မူချက်အရ အကျိုးတစ်ပါး ပြီးဆုံးသည့်နောက် ထိုမှဆက်လက်၍ ရအပ်သော အကျိုးဂုဏ်တစ်ပါးကို ထပ်မံပြဆိုခြင်း ဟူသော လဒ္ဓဂုဏ်အရာမျိုးဌ် တသ္မာ-သဒ္ဒါဖြင့်ထား၍ ပြတော်မူကြသည်။

တသ္မာ-လဒ္ဓဂုဏ် ဥဒါဟရဏ် ။ ။ ဥဘယမ္မိ စေတံ အနဓိပ္ပေတံ။ တသ္မာ နေဝ ဒဿနေန နာ ဘာဝနာယ ပဟာတဗ္ဗော ဟေတု ဧတေသံ အတ္ထိတိ နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာတိ အယမတ္ထော ဂဟေတဗ္ဗော။ (နီ၊ ဋ္ဌ။ ၈၆။) ဤဝါကျများတွင် ဥဘယမ္မိ စေတံ အနဓိပ္ပေတံ-ဝါကျဖြင့် အဟိတ်တရာတို့ကို တတိယပုဒ်အရ မကောက်ယူရခြင်း, ဟေတု-ဝဇ္ဇတရာတို့ကို ပယ်ခြင်းသို့ ရောက်ခြင်းဟူသော ၂-ပါးစုံသော အနက်အဓိပ္ပာယ်ကို အလိုမရှိအပ်ဟူသော အကျိုးစကားကို ပြဆိုတော်မူ၏။ ထိုနှစ်ပါးစုံကို အလိုမရှိအပ်သောကြောင့် တတိယပဒကို ဝစနတ္ထပြုရာဌ် ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်-ဝစနတ္ထအနက်ကို မယူဘဲ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထအနက်ကိုသာ ယူအပ်၏ ဟူသော ထိုရှေ့အကျိုးမှ ဆက်၍ ရအပ်သော အကျိုးတစ်ပါး လဒ္ဓဂုဏ်ကို ပြဆိုခြင်းငှာ နောက်ဝါကျဌ် "တသ္မာ" ဟု မိန့်ဆိုတော်မူသည်။ ထို့ကြောင့် တသ္မာ-သဒ္ဒါ "လဒ္ဓဂုဏ်ပြလို၍ ထားသည်" ဟု မှတ်အပ်၏။

တေန-လဒ္ဓဂုဏ် ဥဒါဟရဏ် ။ ။ တေန ဧကကာရကဝါဒေါ ပဋိသေ-ဓိတော ဟောတိ။ (နီ၊ ဋ္ဌ။ ၁၀၂။) ဤဝါကျဌ် သမဝါယစသော အနက် ၅-မျိုးလုံးကို သမယ-သဒ္ဒါဖြင့် သိမ်းယူအပ်၏ ဟူသော အကျိုးစကားရပ်မှ တစ်ပါး-သော် (ဝါ) ထိုသမဝါယစသော သမယတို့တွင် သမဝါယ ဟုဆိုအပ်သော သမယသည် တစ်ပါးမက များစွာသော အကြောင်းကြောင့် ကုသိုလ်စသော ဓမ္မတို့၏ ဖြစ်ခြင်းကို ပြခြင်းဟူသော အကျိုးစကားရပ်မှတစ်ပါး, ထိုမှ ဆက်လက်၍ ရအပ်သော အကျိုးဟု ဆိုအပ်သော ပြကတေ့လျှင် အကြောင်းရှိသော ဝါဒကို တားမြစ်အပ်၏ ဟူသော အကျိုးတစ်ပါး လဒ္ဓဂုဏ်ကို ပြဆို၏။ ထို့ကြောင့် လဒ္ဓဂုဏ်ကို ပြလို၍ တေန-သဒ္ဒါ ထားသည်။

http://www.dhammadownload.com

တေနေဝါဟ–ထားပုံအဓိပ္ပာယ် ။ ။ **တေနေဝါဟ၊ ဉာပက၊ တေနာဟ–ကား၊ ကျမ်းတစ်ပါး**–ဟူသော ရှင်တိပိဋကနာဂနိယံ (၇၁) အရ ဉာပက, သာဓက ကိုပြလိုသော အရာဌာနများ၌ တေနေဝါဟ–သဒ္ဒါထားကြသည်။

တေနေဝါဟ–ဥဒါဟရဏ် ။ ။ တေနေဝါဟ "ယဝဋ္ဌိဒံ ဘိက္ခဝေ ဥပမာပိ နု သုကရာ၊ ယာဝ လဟုပရိဝတ္တံ စိတ္တာ" န္တိ။ (နိ၊ ဋ္ဌ။ ၁၀၃။) ဤဥဒါဟရဏ်၌ ဤတိ တေသံ ကာလပရိတ္တတာယ ဥပမာပိ နတ္ထိ–ဟူသော ရှေးဒဋ္ဌိယ သာဓျ ဉာပျ ဝါကျဖြင့် ဆိုအပ်ပြီးသော ထိုစိတ်တို့၏ ကာလ တိုတောင်းသည်၏ အဖြစ်၌ နှိုင်းခိုင်းစရာ ဥပမာပင် မရှိ ဟူသော သကဝစနကို ဒဋ္ဌိကရဏ, အာဂမ ဟူသော သာဓက, ဉာပကကို ပြလိုသောကြောင့် တေနေဝါဟ–သဒ္ဒါ ထားသည်။

(၁) ဒဋ္ဌိကရဏ, (၂) အာဂမ, (၃) သာဓက, (၄) ဉာပကကိုပြလိုသော အရာများ၌ တေနေဝါဟ–ထားရိုးရှိသည်။

မှတ်ချက် ။ ။ တေနဝုစ္စတိ, တေနဲဝုတ္ထံ–တို့လည်းအတူတူပင်မှတ်အပ်၏။

တေန ဝုစ္စတိ–ဥဒါဟရဏ် ။ ။ တေန ဝုစ္စတိ ဝိဂတထိနမိဒ္ဓေါတိ။ (နိ၊ ဋ္ဌ။ ၄၁၂။) ဤဥဒါဟရဏ်၌လည်း ရှေးဖြစ်သော ဒဋ္ဌိယ, သာဓျ, ဉာပျ ဖြစ်သော သကဝစနကို ဒဋ္ဌိကရဏ, သာဓက, ဉာပကဖြစ်သော ပရဝစနဖြင့် ပြလိုသောကြောင့် တေနဝုစ္စတိ–သဒ္ဒါထားသည်။

တေနဝုတ္ထံ–ဥဒါဟရဏ် ။ ။ တေန ဝုတ္ထံ–တိကဋ္ဌ ပဋ္ဌာနဝဏ္ဏ ဒုကုတ္တမံ။ ပ။ ဆ ပစ္စနီယမိ နယာ သုဂမ္ဘီရာ။ (နိ၊ ဋ္ဌ။ ၁၀။) ဤဥဒါဟရဏ်၌ ရှေ့၌ အကျယ်ဆိုအပ်ပြီးသော တိကပဋ္ဌာန်း အစရှိဓာ ပစ္စနီကပဋ္ဌာန်း ဖြ–ကျမ်း ရှိသည်၏ အဖြစ်တို့ကို (၁) ဒဋ္ဌိကရဏ, (၂) အာဂမ, (၃) သာဓက, (၄) ဉာပက ကို ပြလိုသောကြောင့် တေန ဝုတ္ထံ–သဒ္ဒါထားသည်။

တေန ဝုတ္ထံ–ဥဒါဟရဏ်တစ်မျိုး ။ ။ ဝိဝိဓာ ဟိ ဇတ္ထာ။ပ။ "ဝိနယော" တိ အက္ခာတော။ တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္ထံ– "ဝိဝိဓဝိသေသနယတ္ထာ။ ပ။ ဝိနယော ဝိနယောတိ အက္ခာတော" တိ။ (နိ၊ ဋ္ဌ။ ၁၉။) ဤဝါကျ၌ ဝိဝိဓာ ဟိ–အစရှိသော စကားရပ်ဖြင့် အကျယ်အားဖြင့် ပြဆိုအပ်ပြီးသော ဝိနယ–သဒ္ဒါ၏ ဝစနတ္ထကို ပြဆိုတော်မူပြီး၍ ထိုဝါကျကို နိဂုံးအုပ် ပြလိုသောကြောင့်လည်းကောင်း, ထို၏ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့်လည်း ကောင်း တေန ဝုတ္ထံ–ထားသည်။

ဂယောတမ္မာ, ဝတ္ထမ္မာ–စသည် ထားပုံ အဓိပ္ပာယ် ။ ။ **ဂယောတမ္မာ၊**

http://www.dhammadownload.com

ဝတ္တဗ္ဗာ-နှင့်၊ သက္ကာလည်းပြ၊ သာမညသည်၊ ဌာနဝိသေ၊ ထည့်သင့်ပေလှ၊ အတ္ထယုတ္တိ၊ ကြံတွေးရှိ။ (တွင်းကြီးနိယံ။ ၃၂)- နှင့်အညီ သာမညအားဖြင့် ဖွင့်ဆိုရေးသားအပ်သော အရာဌာနများမှာ သာမညဖြစ်သော အနက်အဓိပ္ပာယ်မှ ဝိသေသဖြစ်သော အနက်အဓိပ္ပာယ်ကို ယူစေလိုသော ဌာနများ၌ အကြောင်း အကျိုး, အာရုံ အာရမ္မဏိက သင့်တင့်ညီညွတ်၍ အတ္ထယုတ္တိရှိစေရန် "ဂဟေတဗ္ဗာ" ဟူ၍လည်းကောင်း, "ဝတ္တဗ္ဗာ" ဟူ၍လည်းကောင်း, "အဓိပ္ပေတံ" ဟူ၍လည်းကောင်း, "ကထိတံ" ဟူ၍လည်းကောင်း အရာအားလျော်စွာ ထားကြသည်။

ဂဟေတဗ္ဗာ-ဥဒါဟရဏ် ။ ။ သဗ္ဗေသံ ပန ဝါဒေသု ယုတ္တံ ဂဟေတဗ္ဗံ။ (နီ၊ ၌။ ၃၂၆။) ဤဥဒါဟရဏ်၌ မထေရ် ၃-ပါးတို့၏ ဝါဒ သာမညမှ ယုတ္တဖြစ်၍ ယူအပ် ယူသင့် ယူထိုက်သော ဝိသေသဝါဒကို ပြလိုသောကြောင့် ဂဟေတဗ္ဗံ-သဒ္ဒါထားသည်။

မှတ်ချက် ။ ။ ဂဟေတဗ္ဗံ, ဂဟေတဗ္ဗော, ဂဟေတဗ္ဗာ-ထားပုံအဓိပ္ပာယ် အတူတူဖြစ်သည်။ "လိင်မျှသာကွဲ၏" ဟု မှတ်အပ်၏။ ဝတ္တဗ္ဗံ, အဓိပ္ပေတံ, ကထိတံ-တို့၌လည်း နည်းတူသိအပ်၏။

ဝတ္တဗ္ဗာ-ဥဒါဟရဏ် ။ ။ "အာရမ္မဏေ ပဝဋ္ဌနကစိတ္တာနိ နာမ ကတီ" တိ ဟိ ဝုတ္တေ "ဣမာနေဝ ဒွေ" တိ ဝတ္တဗ္ဗံ။ (နီ၊ ၌။ ၃၀၂။) ဤဥဒါဟရဏ်၌ "အာရုံ၌လည်၍ဖြစ်တတ်သော စိတ်" ဟု ဆိုက အကုသိုလ်စိတ် ၁၂-ပါးလုံး ပဝဋ္ဌနကစိတ် မည်၏။ သို့သော်လည်း "အကုသိုလ်စိတ် ၁၂-ပါးဟု ဆိုအပ်သော ပဝဋ္ဌနက သာမည အနက်မှ မောဟမူစိတ် ၂-ပါးဟု ဆိုအပ်သော ပဝဋ္ဌနက ဝိသေသအနက်ကိုသာ ဤအရာ၌ယူရမည်" ဟု ပြလိုသောကြောင့် ဝတ္တဗ္ဗံ-သဒ္ဒါထားသည်။

အဓိပ္ပေတံ-ဥဒါဟရဏ် ။ ။ ပထမဝါဒသို့ဦ သသခ်ါရာသခ်ါ ရဝိဓာနံ ပစ္စယဘေဒတော အဓိပ္ပေတံ။ (နီ၊ ၌။ ၃၂၆။) ဤဥဒါဟရဏ်၌သာမည အနက်မှ ဝိသေသအနက်ကို ယူစေလိုသောကြောင့်လည်းကောင်း, စကားလုကို ပြလိုသောကြောင့်လည်းကောင်း အဓိပ္ပေတံ-သဒ္ဒါ ထားသည်။

နိယံ ။ ။ **အဓိပ္ပေတံ၊ နည်းထူးကြံ၊ လုရန်စကားမှာ** (ရွှေရေးဆောင်နိယံ။ ၃၁၉)-နှင့်အညီတည်း။

ကထိတံ-ဥဒါဟရဏ် ။ ။ ဧတေဟိ အသမ္မုဋ္ဌံ နိဇ္ဇဋာကာသံဝ ကထိတံ။ (နီ၊ ၌။ ၃၆၂။) ဤဥဒါဟရဏ်၌ အာကာသသာမညအနက်မှ တစ်ပါး မတွေ.

http://www.dhammadownload.com

ထိကောင်းသော နိဗ္ဗဋ္ဌာကာသတည်းဟူသော အာကာသဝိသေသအနက်ကို ယူစေလိုသောကြောင့်လည်းကောင်း, စကားလုံးကိုပြလိုသောကြောင့်လည်းကောင်း ကထိတ်-သဒ္ဒါထားသည်။

နိယံ ။ ။(၁) သူကလှိုင်မှူ၊ စကားလုံး၊ ထားမှု ကထိတာ။ (၂) ဥပစာရ၊ အာသင်္၊ ထားကြ ရံတစ်ခါ။ (ရွှေရေးဆောင်နိယံ။ ၃၁၉။ ၃၁၆။)

သမ္ဘဝတော-ထားပုံ ။ ။ သမ္ဘဝတိ၊ စသည်ရှိက၊ ဗျဘိစာရော၊ သြဇော၊ အတ္ထရောက်ရာ၊ ကျမ်းတွင်လာ-ဟူသော တွင်းကြီးနိယံ (၃၃) နှင့် အညီ- (၁) ယုံမှားသင်္ကာရှိခြင်း-ဗျဘိစာရ, (၂) ယထာရုတပါဠိနှင့် သင့်တင့်ညီညွတ်ခြင်း- သြဇော, (၃) သဒ္ဒါအားဖြင့် တိုက်ရိုက်မုချ မပြသော်လည်း အနက်အားဖြင့် ရောက်သော အတ္ထာပန္နအရာတို့၌ "သမ္ဘဝတိ" ဟူ၍ လည်းကောင်း, "သမ္ဘဝတော" ဟူ၍ လည်းကောင်း စသည် ထားကြသည်။

သမ္ဘဝတော-ဥဒါဟရဏ် ။ ။ တတော ပရံ ပဌမဒုကံ ဒုတိယတတိယေဟိ သဒ္ဒိ ယောဇေတွာ တေသံ "ဟေတူ နု ဟေတူ" တိ အာဒီနံ ပဒါနံ ဝသေန ယထာသမ္ဘဝတော အပရေပိ တယော ဒုကာ ဝုတ္တာ။ တတ္ထယထော "ဟေတူ စေဝ ဓမ္မာ သဟေတုကာ စာ" တိ ဧတံ သမ္ဘဝတိ၊ တထာ "ဟေတူစေဝဓမ္မာအဟေတုကာ စာ" တိ ဣဒမ်ိ။ (နိ၊ ဋ္ဌ။ ၈၉။)

အနက်အားဖြင့် အတ္ထာပန္နဖြစ်ပုံ ။ ။ ဤဓမ္မသင်္ဂဏီပါဠိတော်၌ ဟေတု-ဒုက်ကို 'မူ' ထား၍ သဟေတုကဒုက် ပဌမပုဒ်ဖြစ်သော သဟေတုပုဒ်ကို မူလီသွင်း၍ ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ၊ သဟေတုကာ စေဝ ဓမ္မာ နု စ ဟေတူ-ဟူသော ဒုက်ဖြစ်သကဲ့သို့ ဒုတိယ, တတိယဒုက်တို့၏ ဒုတိယပုဒ်ကို ထည့်သွင်း၍ (၁) ဟေတူ စေဝ ဓမ္မာ အဟေတုကာစ၊ အဟေတုကာစေဝဓမ္မာ နု စ ဟေတူ။ (၂) ဟေတူ စေဝ ဓမ္မာ ဟေတုဝိပ္ပယုတ္တာ စ၊ ဟေတုဝိပ္ပယုတ္တာ စေဝ ဓမ္မာ နုစဟေတူ အစရှိသော ဒုက်ပွားကို အတ္ထာပန္နပြလိုသောကြောင့် သမ္ဘဝတော, သမ္ဘဝတိ-ထားသည်။

ပုနရုတ္တိဒေါသ စသော ဂန္ထဒေါသများ

(က) ပုနရုတ္တိဒေါသ ။ ။ ထပ်နီးထင်စွာ၊ ရှိစပါ၍၊ နောက်မှာဝါကျ၊ ပုနရုတ္တိ၊ တင်ဘိဒေါသ၊ အကျယ်, သဓေါ၊ ဥဒ္ဒေသနှင့်၊ ဆင့်သည့်နိဒ္ဒေ၊ နိဂုမ်းနေမှု၊ ပုဗ္ဗေဝါကျ၊ ရှေးဌာနကို၊ ပုနရုတ္တိ၊ တင်ဖွယ်ရှိ၏-ဟူသော

http://www.dhammadownload.com

ရှစ်သောင်းလေးထောင် နိယံအရ ဝိတ္ထာရ, သခေ်ပစသော အတူ အထပ် လက္ခဏာရှိသော ဝါကျများ, ဥဒ္ဒေသနှင့် နိဒ္ဒေသဝါကျ, နိဂမနိယနှင့် နိဂုမ်း ဝါကျများ တွေ့လေပါက ရှေ့ဖြစ်သောဝါကျကို "ပုနရုတ္တိဒေါသ တင်ဖွယ်ရှိ၏" ဟု မှတ်ယူရမည်။

ဥဒါဟရုဏ် ။ ။ ဧတ္ထ ပန တီသု ပိဋကေသု တိဝိဓော ပရိယတ္တိဘေဒေါ ဒဲဋ္ဌဗ္ဗော။ တိသော ပရိယတ္တိယော အလဂဒ္ဒူပမာ, နိဿရဏတ္ထာ, ဘဏ္ဍာဂါရိကပရိယတ္တိတိ။ (နီ၊ ၎။ ၂၄။) ဤဥဒါဟရုဏ်၌ ဧတ္ထ ပန-စသော သခေ်ပဝါကျနှင့် တိသောဟိ-စသော ဝိတ္ထာရဝါကျတို့၏ အနက်အဓိပ္ပာယ်မှာ "ပရိယတ္တိအပြား ၃-ပါးရှိ၏" ဟု အတူဖြစ်နေရကား ဧတ္ထပန-ဝါကျ၌ ပုန ရုတ္တိဒေါသတင်လေ။ တိက္ခဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် သခေ်ပ, မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ အတွက် ဝိတ္ထာရဝါကျ ရေးရိုးဖြစ်သောကြောင့် ပုနရုတ္တိဒေါသ မရောက်ဟူ၍ မှတ်။

(ခ) ဧကတ္ထဒေါသ ။ ။ **သဒ္ဒါနှစ်ခု၊ နှစ်ခုအတ္ထ၊ တူလေက၊ ဧကတ္ထ-ဒေါသတင်**-ဟူသည်နှင့်အညီ (၁) သဒ္ဒါနှစ်ခု တူသော်လည်းကောင်း၊ (၂) အနက်နှစ်ခုတူသော်လည်းကောင်း ဤသို့သော နေရာအနက်များ၌ ရှေ့ဝါကျကို ဧကတ္ထ ဒေါသ တင်လေ။

မှတ်ချက် ။ ။ သဒ္ဒါ, အနက် ၂-ပါးစုံ တူရာ၌လည်း "တင်နိုင်၏"ဟု မှတ်။ ၎င်းဧကတ္ထဒေါသကို "ပုနရုတ္တိဒေါသ" ဟု ကျမ်းဆရာတို့ ဆိုတော် မူကြ၏။ အတူတူမှတ်လေ။

(ဂ) အဗျာပိတဒေါသ ။ ။ **(၁) သမုစ္စယ၊ ဖြေဝါကျ၊ ဧဝ-အတင်သွင်း။** (ဖက်ပင်အိုင်နိယံ။) **(၂) စ, ပိသဒ္ဒ-ါ၊ ရှိလေပါက၊ ရှေ့ဝါကျ၊ ဧဝ-အတင်ထုတ်။** (နိယံသစ်။) **(၃) လက္ခဏာရုစိ၊ ဝါကျရှိ၊ အဗျာပိတလင်း။** (သစ်။) **(၄) စ-နှင့် နောက်တွင်၊ အဖြေမြင်သည့်၊ ရှေ့တွင်ဝါကျ၊ သူ့ဒေါသကို၊ ဧဝ-အာဘော်၊ မုချမျှော်၍၊ ဖော်သည့်နောက်မှာ၊ အဗျာပိတ၊ တင်ကြစမြဲ၊ ဆိုမလွဲတည်း။** (ရှစ်သောင်းလေးထောင်နိယံ။) ဤနိယံကဗျာများအရ သမုစ္စယ အနက်ရှိသော စ,ပိ-သဒ္ဒါတို့ဖြင့် နောက်ဝါကျ တက်လာက ရှေ့ဝါကျကို အဗျာပိတဒေါသ တင်၍ တက်ရမည်။ နောက်ဝါကျဖြင့် "၎င်း အဗျာပိတဒေါသ ကို ပယ်သည်" ဟု မှတ်အပ်၏။

အဗျာပိတတင်ရန် ဥဒါဟရုဏ် ။ ။ တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။ သဒ္ဓမ္မဥ္ဇဿ ပူဇေတွာ။ (နီ၊ ၎။ ၁။) ဤဥဒါဟရုဏ်၌ တဿပါဒေ

http://www.dhammadownload.com

နမသိတွာ-ဝါကျကိုသာ ဆိုချေပါက တရား, သံဃာတို့ကို ရိုမခိုးဘုရားကိုသာ ရိုခိုး၏-ဟူသော အဓိပ္ပာယ် သက်ရောက်ရကား ရတနာ ၃-ပါး ရှိသည်တွင် တရား, သံဃာရတနာတို့၌ မနှံ့စပ်ခြင်း ဟူသော အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ထို့ကြောင့် ထိုဒေါသကို ပယ်ရန် သဒ္ဒမ္မဋ္ဌသ ပူဇေတွာကို-ကို မိန့်ဆို၏။

(ဃ) အတိဗျာပိတဒေါသ ။ ။ (၁) ဧဝ-ဝါကျ၊ ဖြေမြင်က၊ သမုစ္စယ နှင့် လင်း။ (ဖက်ပင်အိုင်။) **(၂) စောဒကလှိုင်၊ ဧဝ-ထိုင်။** (ရွှေရေးဆောင်။) **(၃) များမဆက်ဆံ၊ ထူးဟန်ဖော်ပြ၊ ဝိသေသ၊ ဒေါသအတိ ဗျာပိလင်း။ (၄) တစ်နည်းတစ်နည်း၊ မှတ်ဖွယ်ဆည်းပိမှ်၊ နောက်တည်းအဖြေ၊ ဧဝ-နေမူ၊ မသွေစလျှင်၊ အာဘော်ဆင်၍၊ တင်သည့် အတိ၊ ဗျာပိဒေါသ၊ ရှေ့ဝါကျတည့်**-စသော နိယ်ကဗျာများအရ ဧဝ-သဒ္ဒါဖြင့် ပြအပ်သော ဝါကျ တက်လာပါက ရှေ့ဝါကျကို အတိဗျာပိတဒေါသ တင်၍ တက်ရမည်။ နောက်ဝါကျဖြင့် "အလွန်နှံ့သော အတိဗျာပိတဒေါသကို ပယ်သည်" ဟု မှတ်အပ်၏။

အတိဗျာပိတတင်ရန် ဥဒါဟရဏ် ။ ။ ဓမ္မသင်္ဂဒေါ် ပနာသံ ပရိယတ္တိ-ဟေတုဂုဏာ။ လ။ နိဒ္ဒိဝတာယံ၊ သွယမိဓာပိ နိဿတ္တနိဒ္ဒိတာယမေဝ ဝတ္တတိ။ (နီ၊ ၌။ ၈၁။) ဤပြဿုဂ်၌ ဓမ္မသင်္ဂဒေါ် ပနာယံ-စသော ရှေ့သာမညဝါကျကိုသာ ဆိုချေပါက ကုသလာ ဓမ္မာ-၌ ဓမ္မ-သည် ပရိယတ္တိ, ဟေတု, ဂုဏ စသည် အနက်များ၌လည်း ဖြစ်၏ဟူသော အဓိပ္ပာယ် အပိုအလွန် သက်ရောက်လေရကား နိဿတ္တနိဒ္ဒိဝ အနက်ထက် ပိုလွန်၍ မလိုအပ်သော အနက်တို့၌ အလွန်နှံ့စပ်ခြင်း အတိဗျာပိတဒေါသ ရောက်ရာ၏။ ထို့ကြောင့် ထိုဒေါသကို ပယ်ရန် သွာယမိဓာပိ-စသော စကားကို မိန့်သည်။

(ဂ) ဝိရောဓိဒေါသ ။ ။ "(၁) ရှေးအဆိုနှင့်၊ တစိုးတစိ၊ ဆန့်ဖွယ်ရှိ၍၊ မချိပန်းစွာ၊ ဤရှင်းရာဖြင့်၊ ဤမှာဤလျှင်၊ မဆန့်ကျင်ဟု၊ နောက်တွင် စပ်ကာ၊ ပြဆိုလာမူ၊ မှတ်ရာခဲ့ဘိ၊ ဝိရောဓိတည့်၊ တင်ဘိထုတ်အပ်၊ သေချာမှတ်လော့။ (ရှစ်သောင်းလေးထောင်။) **(၂) ဒဋ္ဌိကရဏ-ယထာဟ, တေနာဟ, တေန ဝုတ္တံ, တေနဝကွတိ၊ စသည်ရှိလည်း၊ ဝိရောဓိဒေါသတင်"** ဟူသည်နှင့် အညီ (၁) ရှေ့ နောက်ဆန့်ကျင်သော အရာ၌လည်းကောင်း, (၂) ဒဋ္ဌိကရဏ စသော ဝါကျများ၌လည်းကောင်း ရှေ့ဝါကျ၌ ဝိရောဓိ ဒေါသ တင်ရမည်။

ဝိရောဓိတင်ရန် ဥဒါဟရဏ် ။ ။ တေနေဝါဟ "ယာဝဇ္ဇိဒံ ဘိက္ခဝေ ဥပမာပိ နု သုကရာ၊ ယာဝ လဟုပရိဝတ္တံ စိတ္တ"န္တိ။ (နီ၊ ၌။ ၁၀၃။) ဤဥဒါဟရဏ်၌ ရှေးဒဋ္ဌိယဝါကျကိုသာ ဆိုချေပါက ဒဋ္ဌိယ, ဒဋ္ဌိကရဏဆန့်ကျင်

http://www.dhammadownload.com

သော ဝါကျဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ထို့ကြောင့် တနေဝါဟ-မိန့်။ တနေဝါဟ ဒဋ္ဌိကရဏဖြင့် ဝိရောဓိဒေါသကို ပယ်၏။

(စ) ဩစိတျဟီနဒေါသ ။ ။ "ယုတ္တိဒဋ္ဌိကရဏ၊ ယင်းဝါကျ၊ ဩစိတျ-ဟီနတင်" ဟူသည်နှင့်အညီယုတ္တိဒဋ္ဌိကရဏဝါကျများ၌ ဩစိတျဟီနဒေါသ တင်၍ ထုတ်ရမည်။ ဝိရောဓိဒေါသနှင့်တူ၏။

---

(၄) နံပါတ်စည်းမျဉ်း အဖြေ

ဗျပ္ပတ္တိစတုက္ကထုတ်ပုံ

"ဗျပ္ပတ္တိစတုက္က" ဟူသည် ။ ။ ဗျပ္ပတ္တိ, ဗျပ္ပတ္တိနိမိတ်, ဝပတ္တိ, ဝတ္တိ-နိမိတ် ၄-ပါးကိုဆိုလိုသည်။ ထိုတွင် **ဂစ္ဆတိတိ, ရညောပုရိသောတိ, ဟတ္ထော အဿ အတ္ထိတိ, ဒဏ္ဍော အဿ အတ္ထိတိ အာဒိကာယ ဗျပ္ပတ္တိယာ အပေက္ခိတံ ဂမန သမ္ဗန္ဓာဒိကံ ဗျပ္ပတ္တိနိမိတ္တံ**-ဟူသော ဘေဒစိန္တာဒီပနီ (၁၆၂) အထိအားဖြင့် (၁) ဝိဂ္ဂဟတ္ထသဒ္ဒါဟူသော ဝစနတ္ထ ဝိဂ္ဂဟ ဝါကျ ဟူသမျှသည် ဗျပ္ပတ္တိမည်၏။ (၂) ၎င်းကိုငဲ့သော ၎င်း၏အကြောင်းဖြစ်သော ကိတ်ဝစနတ္ထအရာ၌ သွားခြင်း ချက်ခြင်းစသော ကြိယာ, သမာသ် တဒ္ဓိတ် ဝစနတ္ထအရာ၌သမ္ဗန်စသည်သည် ဗျပ္ပတ္တိနိမိတ် မည်၏။ (၃) ပုဒ်ပြီးအဖြစ်သို့ ရောက်သော အဝိဂ္ဂဟတ္ထသဒ္ဒါဟု ဆိုအပ်သော နိပ္ပန္နသဒ္ဒါသည် ပဝတ္တိ မည်၏။ (၄) ထို၏ အကြောင်းဖြစ်သော ဇာတ်အစရှိသော အနက် ၅-ပါးသည် "ပဝတ္တိနိမိတ်မည်၏" ဟု မှတ်အပ်၏။

ကိတ်ဝစနတ္ထ ဥဒါဟရဏ် ။ ။ သန္နိသိန္နော ။ ။ သဲ သောဘ်မာနော ဟုတွာ နိသီဒတိတိသန္နိသိန္နော-ပြု ။ ။ ဤ၌ (၁) သဲ သောဘမာနော ဟုတွာ နိသီဒတိတိ-ဟူသော ဝိဂ္ဂဟဝါကျသည် ဗျပ္ပတ္တိမည်၏။ (၂) သဲ-ဟူသော နိ-ဟူသော, သီ-ဟူသော, ဒ-ဟူသော, တိ-ဟူသော အစိတ်ပရမတ္ထသဒ္ဒါ၏ အကြောင်းဖြစ်သော သဲနိသီဒနကြိယာသည် ဗျပ္ပတ္တိနိမိတ် မည်၏။ (၃) သန္နိသိန္နော-ဟူသော နိပ္ပန္နသဒ္ဒါသည် ပဝတ္တိ မည်၏။ (၄) သန္နိသိန္နော-ဟူသော အပါင်းပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ်သော သဲနိသီဒကြိယာသည် ပဝတ္တိနိမိတ် မည်၏။

သမာသ်ဝစနတ္ထ ဥဒါဟရဏ်။ ။ ပါရိဆတ္တကမူလံ ။ ။ ပါရိဆတ္တ-ကဿ မူလံ ပါရိဆတ္တကမူလံ-ပြု ။ ။ ဤ၌ (၁) ပါရိဆတ္တကဿ မူလံ-ဟူသော ဝိဂ္ဂဟဝါကျသည် ဗျပ္ပတ္တိမည်၏။ (၂) ပင်လယ်ကသစ်ပင်ခြေ၏

http://www.dhammadownload.com

အနီးဖြစ်သော အရပ်ဒြပ်နှင့် သမီပီ, သမီပအဖြစ်ဖြင့် စပ်ခြင်း သမ္မန်သည် ဗျုပ္ပတ္တိနိမိတ်မည်၏။ (၃) ပါရိဆတ္တကမူလံ-ဟူသော နိပ္ပန္နသဒ္ဒါသည် ပဝတ္တိမည်၏။ (၄) ပင်လယ်ကသစ်ပင်၏ အနီးဖြစ်သောအရပ်၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ် မည်၏။

တဒ္ဓိတ်ဝစနတ္ထ ဥဒါဟရဏ် ။ ။ အာဒိစ္စော။ ။ အဒိတိယာ အပစ္စံ အာဒိစ္စော-ပြု ။ ။ ဤ၌ (၁) အဓိတိယာ အပစ္စံ-ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ မည်၏။ (၂) အဓိတိနတ်သမီးဒြပ်၏ သားဒြပ်နှင့် ဇနက, ဇညအဖြစ်ဖြင့် စပ်ခြင်း သမ္မန်သည် ဗျုပ္ပတ္တိနိမိတ် မည်၏။ (၃) အာဒိစ္စော-ဟူသော နိပ္ပန္နသဒ္ဒါသည် ပဝတ္တိ မည်၏။ (၄) နေဗိမာန်၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သောဇာတ်သည် ပဝတ္တိနိမိတ် မည်၏။

မှတ်ချက် ။ ။ ရှေးဆရာတော်များ အလိုအားဖြင့် ကိတ်ပုဒ်, သမာသ်ပုဒ်, တဒ္ဓိပုဒ်၊ ဤ ၃-မျိုးတို့၌သာ ဗျုပ္ပတ္တိစတုက္ကကို ခွဲတော်မူကြသည်။

(တစ်နည်း) ဗျုပ္ပတ္တိစတုက္ကထုတ်ပုံ ။ ။ တတြ ဝိသေသေဟိ ကြိယာ ပကတိ ပစ္စယာဒီဟိ ဥပ္ပဇ္ဇတီတိ ဗျုပ္ပတ္တိ၊ ဂေါအာဒိသဒ္ဒသရူပံ၊ တဿာ နိမိတ္တံ ဗျုပ္ပတ္တိနိမိတ္တံ၊ ကြိယာပကတိပစ္စယာဒယော။ ပဝတ္တယတိ တတ္ထ တတ္ထ အတ္ထေ-ပယောဇယတီတိ ပဝတ္တိ၊ ဂေါအာဒိကော သဒ္ဒေါ၊ တဿ နိမိတ္တံ ပဝတ္တိ နိမိတ္တံ၊ ဇာတိကြိယာဂုဏဒဗ္ဗနာမာနိ-ဟူသော အဘိဓာန် ဋီကာ (၄၃၆) အလိုအားဖြင့် (၁) ဂေါ-အစရှိသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ မည်၏။ (၂) ကြိယာ, ပကတိ, ပစ္စည်း စသည်သည် ဗျုပ္ပတ္တိနိမိတ် မည်၏။ (၃) ဂေါ-အစရှိသော အပေါင်း ပညတ္တိသဒ္ဒါသည် ပဝတ္တိ မည်၏။ (၄) ဇာတ် အစရှိသော အနက် ၅-ပါးသည် ပဝတ္တိနိမိတ် မည်၏။

ကိတ်ဝစနတ္ထ ဥဒါဟရဏ် ။ ။ သန္နိသိန္နော။ ။ သံ သောဘမာနော ဟုတွာ နိသီဒတီတိ သန္နိသိန္နော-ပြု ။ ။ ဤ၌ (၁) သံ-ဟူသော, နိ-ဟူသော, သိံ-ဟူသော, နော-ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ မည်၏။ (၂) သံ-ပုဗ္ဗ နိ-ပုဗ္ဗ, သဒ-ဓာတ်, တ-ပစ္စည်းသည် ဗျုပ္ပတ္တိနိမိတ် မည်၏။ (၃) သန္နိသိန္နော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ မည်၏။ (၄) သန္နိသိန္နော-ဟူသော အပေါင်းပညတ္တိသဒ္ဒါ၏အကြောင်းဖြစ်သော တင့်တယ်သပွါယ်စွာ နေထိုင်ခြင်းကြိယာသည် ပဝတ္တိနိမိတ် မည်၏။

မှတ်ချက် ။ ။ သမာသ်, တဒ္ဓိတ်ဝစနတ္ထတို့၌လည်း ဤနည်းအတိုင်း

http://www.dhammadownload.com

ကောက်ယူလေ။

---

(၅) နံပါတ် စည်းမျဉ်း အဖြေ

လိင် ။ ။ ဣတ္ထိလိင်, ပုလ္လိင်, ဒွိလိင်, တိလိင်, အလိင်တို့ကို ဝေဖန်ရမည်။ ။ **ဂဏ** ။ ။ မနောဂိုဏ်း, မနောဂဏာဒိဂိုဏ်း, **ပု, ဂု, ပုမာ၊ ဂစ္ဆန္တာ၊ ရာစာ, သတ္ထာဒိ၊ စိတ်, ရတ်, ကညာ၊ ဂိုဏ်းနဒါ၊ ဂဟပတာဒိ**။ (အမနော) – (၁၃) ပါး, **ဘူ, ရု, ဒိ, သွာ၊ ကီ, ဂဟာ၊ တနာ, စုရာဒိ**– (၈) ပါးတို့ကို ဝေဖန်ရမည် ။ ။ **ဂဏဝိမုတ်** ။ ။ ဂိုဏ်းဖြင့် မရေတွက်ဘဲ ဂိုဏ်းမှလွတ်သော အဗျယပုဒ်များ, ဥပသာရ, နိပါတ်။ ။ **အန္တ** ။ ။ ကာရန္တ၊ အကာရန္တစသည် ။ ။ **ပဒ** ။ ။ နာမ်, အာချာတ်, ဥပသာရ, နိပါတ်။

ခွဲပုံ ။ ။ ကရဏာ-ကား လိင်အားဖြင့် ဣတ္ထိလိင်, ဂိုဏ်းအားဖြင့် ကညာဒိဂိုဏ်း, အန္တအားဖြင့် အာကာရန္တ, ပဒအားဖြင့်ကိတပဒ (တစ်နည်း) ကိတန္တသမာသပဒတည်း ။ ။ ဝိယ-ကား လိင်အားဖြင့် အလိင်, ဂိုဏ်းအားဖြင့် ဂဏဝိမုတ်, အန္တအားဖြင့် အကာရန္တ, ပဒအားဖြင့် နိပါတပဒတည်း။

---

(၆) နံပါတ် စည်းမျဉ်း အဖြေ

အာဘောဂနှင့် သံဝဏ္ဏနာ

ဥဒါဟရဏ် ။ ။ ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္မေန္တိ ဝိဒ္ဓံသေန္တိတိ ကုသလာ။ (နိ၊ ၄။ ၈၁။)

ဖော်ပုံ ။ ။ ကုစ္ဆိတေ-ဟူသော သံဝဏ္ဏနာဖြင့် ကုသလာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ဝယ် ကု-သဒ္ဒါသည် မြေကြီးစသော အနက်၌လည်း ဖြစ်သောကြောင့် ဤအရာ၌ မြေကြီးစသော အနက်ကို မဟော ကု-သဒ္ဒါ၏ ကုစ္ဆိတ (စက်ဆုပ်အပ်) အနက်ကိုသာ ဟောသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေတော်မူ၏။ နိပါတလိင်ထ္ထသံဝဏ္ဏနာ။ ကုသဒ္ဒသ ပထဝီအာဒီနမ္ပိ ဝါစကတ္တာ ဣဓ ကုစ္ဆိတဗ္ဗတ္ထဝါစကော ကုသဒ္ဒေါတိ ဉာပေတုံ ကုစ္ဆိတေတိ ဝုတ္တံ။ (ယောဇနာ။ ၆၁။) ပါပကေ ဓမ္မေ-ဖြင့် ကုစ္ဆိတဗ္ဗမည်သည်လည်း အလိုမရှိအပ်သော အနိဋ္ဌရူပါရုံစသည်တို့၌လည်း ဖြစ်သောကြောင့် ဤအရာ၌ ကုစ္ဆိတ-သဒ္ဒါသည် အနိဋ္ဌရူပါရုံစသည်ကို မဟောမူ၍ အကုသလပါပဓမ္မကိုသာ ဟော

http://www.dhammadownload.com

သည်၏ အဖြစ်ကို သိစေသည်။ အဘိဓေယျတ္ထသံဝဏ္ဏနာ။ အနိဋ္ဌရူပါဒယောပိ ကုစ္ဆိတာ နာမ အတ္ထိ၊ တသ္မာ ပါပဓမ္မေတိ (ပါပကေဓမ္မေတိ) ဝုတ္တံ။ (ယောဇနာ။ ၆၁။) သလယန္တိ-ဖြင့် ကုသလာ-ပုဒ်ဝယ် သလာ-၌ သလ-ဓာတ်ယူ၍ "သလယန္တိတိ သလာ" ဟု "ဟေတုကတ္တုသာဓနဝစနတ္ထပ္ပြဂရမည်" ဟု သိစေ၏။ အဘိဓာနတ္ထ, ဒုတိယဓာတုပဒ, ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။ စလယန္တိ-ဖြင့် သလ-ဓာတ်၏လည်း အာသုဂတိအနက်, ပဝတ္တနအနက်, ဝိန္ဒနအနက်တို့၌လည်း ဖြစ်သောကြောင့် ယင်းအနက်များကို မယူမူ၍ ဤအရာ၌ "သလ-ဓာတ်၏ စလန (တုန်လှုပ်ခြင်း) အနက်ဟော" ဟု သိစေ၏။ ဓာတွတ္ထ, ပကတျတ္ထ, သဒ္ဒတ္ထသံဝဏ္ဏနာ။ ကဲမ္ပေန္တိ-ဖြင့် စလ-ဓာတ်၏လည်း ဘက္ခနအနက်၌ ဖြစ်သောကြောင့် ဘက္ခနအနက်ကို မယူမူ၍ ဤအရာ၌ စလ-ဓာတ်၏ ကမ္ပနအနက်ဟော၏ အဖြစ်ကို သိစေသည်။ ဓာတွတ္ထ, ပကတျတ္ထ, သဒ္ဒတ္ထသံဝဏ္ဏနာ။ ဝိဒ္ဓံသေန္တိ-ဖြင့် ဤအရာ၌ "တုန်လှုပ်စေသည်" ဟူသည် "ဖျက်ဆီးခြင်း ဝိဒ္ဓံသနပင်တည်း" ဟု အဓိပ္ပာယ်ကို သိစေသည်။ ပကဟျတ္ထ, သဒ္ဒတ္ထ, ဘာဝတ္ထသံဝဏ္ဏနာ။ ဣဓ ကမ္မနံ နာမ ဝိဒ္ဓံသနမေဝါတိ ဉာပေတုံ ဝိဒ္ဓံ သေန္တီတိဝုတ္တံ။ (ယောဇနာ။ ၆၂။)

---

(၇) နံပါတ် စည်းမျဉ်းအဖြေ

ဓဝ-၏ နိဝတ္တေတဗ္ဗစသော အနက်

(က) ဒြပ်ဟော သဒ္ဒါနောင် ဓဝ-ရှိက (၁) မိမိထိုင်ရာ ဒြပ်ကို ဂဟေတဗ္ဗတ္ထထုတ်၊ (၂) အခြားဆန့်ကျင်ဘက်ဒြပ်ကို နိဝတ္တေတဗ္ဗတ္ထ ထုတ်၊ (၃) ဒြပ်၌ ရကောင်းသောဂုဏ်ကို အနုညာတတ္ထ ထုတ်ရမည်။

(ခ) ဂုဏ်ဟော သဒ္ဒါနောင် ဓဝ-ရှိက (၁) မိမိထိုင်ရာ ဂုဏ်ကို ဂဟေတဗ္ဗတ္ထ ထုတ်၊ (၂) အခြား ဆန့်ကျင်ဘက်ဂုဏ်ကို နိဝတ္တေတဗ္ဗတ္ထ ထုတ်၊ (၃) ဂဟေတဗ္ဗဂုဏ်၏ တည်ရာ ဒြပ်ကို အနုညာတတ္ထ ထုတ်ရမည်။

(ဂ) ကြိယာနောင် ဓဝ-ရှိပါက (၁) မိမိထိုင်ရာ ကြိယာကို ဂဟေတဗ္ဗတ္ထ ထုတ်၊ (ရံခါ ကြိယာကား သန္နိဋ္ဌာနတ္ထ ဖြစ်၏။) (၂) အခြား ဆန့်ကျင်ဘက် ကြိယာကို နိဝတ္တေတဗ္ဗတ္ထ ထုတ်၊ (၃) ဒြပ်, ဂုဏ်များကို အနုညာတတ္ထ ထုတ်ရမည်။

(က) ဥဒါဟရဏ် ။ ။ သဗ္ဗညုတညာဏေနေဝ သက္ကာ ဇာနိတုံ။ (နိ၊ ၌။

http://www.dhammadownload.com

၁၃။) (၁) သဗ္ဗညုတဉာဏ်တော် ဒြပ်သည် ဂဟေတဗ္ဗတ္ထ မည်၏။ (၂) ပဒေသ ဉာဏ်တော် ဒြပ်သည် နိဝတ္တေတဗ္ဗတ္ထ မည်၏။ (၃) သဗ္ဗညုတဉာဏ်တော်၏ သာဂရ ၃-ပါးမှ တစ်ပါး အခြားသော တရားဥသုံ အလုံးစုံကို သိခြင်းငှာ စွမ်းနိုင်ခြင်း ဟူသော ဂုဏ်တော်သည် အနုညာတတ္ထ မည်၏။

နိယ် ။ ။ **ဒြပ်နောင်ပေ၊ ဧဝ-နေ၊ ကန့်လေ ဒြပ်ချင်း**။ (တောင်တွင်း။ ၁၃-၂။)

နိဝတ္တေတဗ္ဗ၊ ဒြပ်ပြ၊ အနုညာတဂုဏ်ကိုထုတ်မြဲ။ (ဘုရားကြီး။ ၉၄။)

တစ်နည်း ဥဒါဟရုဏ် ။ ။ ဣမဉ္စိ သဗ္ဗညုဗုဒ္ဓါဝ ပဋိဝိဇ္ဈန္တိ။ (နိ၊ ဋ္ဌ။ ၁၃။) (၁) သဗ္ဗညုတဘုရားရှင် ဒြပ်သည် ဂဟေတဗ္ဗတ္ထ မည်၏။ (၂) ပစ္စေကဗုဒ္ဓါ သာဝကဒြပ်သည် နိဝတ္တေတဗ္ဗတ္ထ မည်၏။ (၃) သဗ္ဗညုတ ဘုရားရှင်၏ ပဋိဝေဓဉာဏ်မှ တစ်ပါး ပစ္ဆဝေက္ခဏာဉာဏ်တော် စသောဂုဏ်သည် အနုညာတတ္ထ မည်၏။

(ခ) ဥဒါဟရုဏ် ။ ။ ဧဝံ ပဝေဒိတတ္တာ ပန တေနေဝါကာရေန ပစ္စုပဋ္ဌာတိတိ သန္နိပါတပစ္စုပဋ္ဌာနောတိ ဝုတ္တော။ (နိ၊ ဋ္ဌ။ ၁၅၂။) (၁) ဖဿ စေတသိက်၏ ဖုသနာကာရအားဖြင့် ဖြစ်ခြင်း ဟူသော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ မည်၏။ (၂) ဖဿစေတသိက်၏ ဝေဒနုပါဒါကာရအားဖြင့် ဖြစ်ခြင်းဟူသော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ မည်၏။ (၃) တိဏ္ဏံသန္နိပါတာကာရအားဖြင့် ဖြစ်သော သညာစသော အခြားသော စေတသိက်ဒြပ်သည် အနုညာတတ္ထ မည်၏။

နိယ် ။ ။ **ဂုဏ်၏ နောက်မှာ၊ ဧဝ-ပါ၊ ကန့်ရာ ဂုဏ်ချင်းချင်း**။ (တောင်တွင်း။ ၁၃၃။)

နိဝတ္တေတဗ္ဗ၊ ဂုဏ်ဖြစ်က၊ ဒဗ္ဗ အနုညာတထုတ်မြဲ။ (ဘုရားကြီး။ ၉၅။)

(ဂ) ဥဒါဟရုဏ် ။ ။ ဥပါဒိယန္တေဝ ဘူတာနိ။ (နိ၊ ဋ္ဌ။ ၉၂။) (၁) စွဲမှီဖြစ်ခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ မည်၏။ (၂) မစွဲမှီဘဲ မဖြစ်နိုင်ခြင်း ကြိယာသည် နိဝတ္တေတဗ္ဗတ္ထ မည်၏။ (၃) ဥပါဒါရုပ်တို့၏ နိဿိတဘောဂုဏ်သည် အနုညာတတ္ထ မည်၏။

နိယ် ။ ။ **ကြိယာနောင်ပေ၊ ဧဝ-နေ၊ ကန့်လေကြိယာချင်း**။ **ကြိယာ**

http://www.dhammadownload.com

နောက်၊ ဧဝ-ရောက်၊ ချင့်ထောက်ယူလေလျှင်း။ (တောင်တွင်း။ ၁၃၄။)

နိဝတ္တေတမ္မ၊ ကြိယာပြ၊ ဒမ္မ,ဂုဏ်ကို၊ အနုညာတထုတ်မြဲ။ (ဘုရားကြီး။ ၉၆။)

"ယ, တ-စသည်တို့၏ အနက်ကို မေးခြင်း" ဟူရာ၌ ။ ။ 'ယ-သဒ္ဒါ၏ စွဲအပ်သော အနက်ကိုလည်းကောင်း, တ-သဒ္ဒါ၏-

"ပက္ကန္တ ဝိသယောစေဝ၊ ပသိဒ္ဓဝိသယော တထာ။

အနဘူတဝိသယောစေတိ၊ တံသဒ္ဒေါ ယံ နု ပေက္ခတေ" ဟု ဇာလိနီ (၂၀၀)- ၌ ဆိုအပ်သော ၃-ပါးသော ပက္ကန္တဝိသယ, ပသိဒ္ဓဝိသယ, အနဘူတ-ဝိသယ တ-သဒ္ဒါတို့၏ အဖြစ်ကိုလည်းကောင်း, ထိုသဒ္ဒါတို့၏ စွဲရာအနက်ကို လည်းကောင်း,

နိယံ ။ ။"ဟိတ်တွင်၍သာ၊ သုံးသပ်ရာ၊ တသ္မာ-အကြောင်းပြ။ ဟိတ်၏ ဖိုလ်သာ၊ သုံးသပ်ရာ၊ တသ္မာ-ဂုဏ်လဒ္ဓ။ ဟိတ်ဖိုလ်နှစ်ရပ်၊ သုံးသပ်က၊ တသ္မာ-နိဂုံးပြ။ (သမ္မန္ဓစိန္တာဂဏ္ဌိသစ်၊ နှာ-၈၂)" ဟူသည်နှင့် အညီ ကာရဏာ, လဒ္ဓဂုဏ်, နိဂုံး တ-သဒ္ဒါတို့၏ အစွဲကို လည်းကောင်း, ယောတိ ဥဒ္ဒေသော၊ သောတိ နိဒ္ဒေသော-ဟူသည်နှင့် အညီ ယ, တ-သဒ္ဒါတို့၏ အကျဉ်း, အကျယ် အနက် ဖြစ်ပုံ အဓိပ္ပာယ်ကိုလည်းကောင်း, **"အနိယတ်ယ၊ စွဲသမျှနှင့်၊ ထို ယ-ကြိယာ၊ ယင်းနှစ်ဖြာကို၊ ဆောင်ကာစွဲရ၊ တ-သဒ္ဒ၊ မှတ်ကြ နိယမာ။** (သမ္မန္ဓစိန္တာဂဏ္ဌိသစ်။ နှာ-၉၆) ဟူသည်နှင့်အညီ ယ, တ-တို့၏ အစွဲအထူးကို လည်းကောင်း မေးနိုင်သည်။

---

(၈) နံပါတ် စည်းမျဉ်း အဖြေ

ကြိယာ ၅-တန်ထုတ်နည်း ။ ။ "ကြိယာ ၅-တန်" ဟူသည် ။ ။ ဒဿနတ္ထ, ဒီပကတ္ထ, ပကာသနတ္ထ, ဝိဘာဝတ္ထ, အနုဘာဝတ္ထ ဤအနက် ၅-ပါးပင်တည်း ။ ။ ၎င်းကို ကြိယာ ၅-တန်ဟူ၍ လည်းကောင်း, ကတ္တား ၅-တန်ဟူ၍လည်းကောင်း ခေါ်ဝေါ် သုံးနှုန်းကြ၏ ။ ။ အဋ္ဌကထာ, ဋီကာများ၌ -(၁) ထူးထွေဆန်းပြားသော အနက်အဓိပ္ပာယ် ရှိရာဌာန၌ လည်းကောင်း, (၂) တိုက်ရိုက်မဟုတ် သွယ်ဝိုက်၍ ယူစေလိုရာ၌လည်းကောင်း, (၃) ထိုပုဒ်၏ ဂုဏ္ဍတ္ထ ပဋိစ္ဆန္န ဖြစ်ရာမျိုး၌လည်းကောင်း ကြိယာ ၅-တန်, သို့မဟုတ် ကတ္တား ၅-တန်

http://www.dhammadownload.com

ထုတ်ကြသည်။

နိယံ ။ ။ထူးဆန်းတစ်ဝ၊ ဝကံတစ်ရက်၊ ပုဒ်နက်ငုပ်က၊ ပဒတ္ထ၊ ထုတ်ပြ ငါးအတ္ထာ။ (ရွှေရှေးဆောင်။ ၁၈၃။)

အကြောင်း ၁-မျိုး၊ အကျိုး ၃-မျိုး ယူ၍ ထုတ်နည်း

ဥဒါဟရဏ် ။ ။ ကရဏာ ဝိယ သတ္တေသု၊ ပညာ ယသေ မဟေသိနော။ ဧယျဓမ္မေသု သတ္တေသု၊ ပဝတ္တိတ္ထ ယထာရုစိ။ (နိ၊ ဋ္ဌ။ ၁။)

ဤ၌ (၁) ပဝတ္တိတ္ထ-၌ ပ-ရှေးရှိသော ဝတ္ထု-ဓာတ်အရ ပဋိဝေဓဉာဏ်, ပစ္စဝေက္ခဏာဉာဏ်လျှင် ရှေ့သွားရှိသော ဒေသနာဉာဏ်တော်၏ ဖြစ်ခြင်းသည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထကြိယာ မည်၏။ (၂) ထိုဒေသနာဉာဏ်၏ အကြောင်းဖြစ်သော ရှေးရှေးဘဝ၌ လေ့ကျင့် ဆည်းပူးတော်မူအပ်သော မဟာကရုဏာတော်နှင့် ကောင်းစွာ ယှဉ်ခြင်း, အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ အဆောက်အဦး ဖြစ်သော ပါရမီ ၃၀, စွန့်ခြင်းကြီး ၅-ပါး, စရိယ ၃-ပါး အစရှိသော အကျင့်တော်သည် (ဖလူပစာရတ္ထအားဖြင့် ပြအပ်သော) ဒီပကတ္ထကြိယာ မည်၏။ (၃) ထိုဒေသနာဉာဏ်၏ အကျိုးဖြစ်သော အတ္တဟိတ, ပရဟိတ, ပယောဇနသမ္ပတ္တိသည် (ပဋမကာရဏ္ဏပစာရတ္ထအားဖြင့် ပြအပ်သော) ပကာသနတ္ထကြိယာ မည်၏။ (၄) ထို၏ အကျိုးဖြစ်သော အတ္တဟိတပဋိပန္နစသော ပုဂ္ဂိုလ် ၄-ယောက်တို့တွင် မြတ်စွာဘုရား၏ ၄-ယောက်မြောက်ဖြစ်သော အတ္တဟိတ, ပရဟိတ ပဋိပန္နပုဂ္ဂိုလ်၏ အဖြစ်သည် (ဒုတိယ ကာရဏ္ဏပစာရတ္ထအားဖြင့် ပြအပ်သော) ဝိဘာဝတ္ထကြိယာ မည်၏။ (၅) ထို၏ အကျိုးဖြစ်သော မြတ်စွာဘုရား၌၏ အနုတ္တရဒက္ခိဏေယျ ပုဂ္ဂိုလ်၏အဖြစ်, နိရာတိသယ, ပဏာမာရဟ ပုဂ္ဂိုလ်၏အဖြစ်, မိမိဟုဆိုအပ်သော အဋ္ဌကထာဆရာ၏ ရှိခိုးခြင်းကြိယာ၏ အရာရောက်သည်၏အဖြစ်သည် (တတိယကာရဏ္ဏပစာရတ္ထအားဖြင့် ပြအပ်သော) အနုဘာဝတ္ထကြိယာ မည်၏။

တစ်နည်း ဥဒါဟရဏ် ။ ။ တဿ ပါဒေ နမဿိတ္ဝာ။ (နိ၊ ဋ္ဌ။ ၁။) ဤ၌ (၁) ဂုဏ္ဌတ္ထဖြစ်သော နမဿိတ္ဝာ-၌ နမဿနကြိယာအရ အဋ္ဌကထာဆရာ၏ သန္တာန်၌ ဖြစ်သော မြတ်စွာဘုရားအား ရှိခိုးကြောင်း ဖြစ်သော ပဏာမစေတနာသည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထကြိယာ မည်၏။ (၂) ထိုပဏာမစေတနာ၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရ, သဒ္ဓါ, မေတ္တာ

http://www.dhammadownload.com

ပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် (ဖလူပစာရတ္ထအားဖြင့် ပြအပ်သော) ဒီပကတ္ထကြိယာ မည်၏။ (၃) ပဏ္ဏာမစေတနာ၏ အကျိုးဖြစ်သော အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်းသည် (ပဌမ ကာရဏူပစာရတ္ထအားဖြင့် ပြအပ်သော) ပကာသနတ္ထကြိယာ မည်၏။ (၄) ထိုအန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း၏ အကျိုးဖြစ်သော သောတုဇနတို့၏ အဋ္ဌကထာကို သင်ယူ လေ့ကျက် ဆောင်ရွက် မှတ်သား နာကြားရခြင်းသည် (ဒုတိယကာရဏူပစာရတ္ထအားဖြင့် ပြအပ်သော) ဝိဘာဝတ္ထကြိယာ မည်၏။ (၅) ထိုသင်ယူ လေ့ကျက် ဆောင်ရွက် မှတ်သား နာကြားခြင်း၏ အကျိုးဖြစ်သော အဘိဓမ္မာ၏ သရုပ်သဘောကို ထိုးထွင်း၍ သိမြင်ခြင်း, သိသဖြင့် ကျင့်ခြင်း, ကျင့်သဖြင့် ဝမ်းမြောက်ခြင်း ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ; ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, ဝိမုတ္တိဉာဏ်, ဝိမုတ္တိဉာဏဒဿနဉာဏ်, အနုပါဒိသေသနိဗ္ဗာန် တိုင်အောင်သော အကျိုး အမျိုးမျိုးသည် (တတိယ ကာရဏူပစာရတ္ထအားဖြင့် ပြအပ်သော) အနုဘာဝတ္ထကြိယာ မည်၏။

အကြောင်း ၂-မျိုး, အကျိုး ၂-မျိုးယူ၍ ထုတ်နည်း

ဥဒါဟရဏ် ။ ။ တသ္မာ ပါဒေ နမဿိတွာ ။ ။ ဤ၌ (၁) နမဿနကြိယာအရ အဋ္ဌကထာဆရာ၏ သန္တာန်၌ ဖြစ်သော ဗုဒ္ဓပဏ္ဏာမစေတနာသည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထ မည်၏။ (၂) ထို၏အကြောင်းဖြစ်သော ယောနိသောမနသိကာရ, သဒ္ဓါ, မေတ္တာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် (ဖလူပစာရတ္ထအားဖြင့် ပြအပ်သော) ဒီပကတ္ထ မည်၏။ (၃) ထိုပဏ္ဏာမစေတနာ၏ အကျိုးဖြစ်သော အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်းအကျိုးသည် (ကာရဏူ-ပစာရတ္ထအားဖြင့် ပြအပ်သော) ပကာသနတ္ထ မည်၏။ (၄) ထို ၃-ပါး တို့၏ အကြောင်းဖြစ်သော သမ္မဒ္ဓပဏ္ဏာမာရဟဘောဂုဏ်, ခေတ္တင်္ဂတဘောဂုဏ်သည် (ဒုတိယဖလူပစာရတ္ထအားဖြင့် ပြအပ်သော) ဝိဘာဝတ္ထ မည်၏။ (၅) ထို၏ အကျိုးဆက်ဖြစ်သော အဋ္ဌကထာကို သင်ယူ လေ့ကျက် ဆောင်ရွက် မှတ်သားခြင်း, အဘိဓမ္မာ သရုပ်သဘောကို ထိုးထွင်း၍ သိခြင်း, သိသဖြင့် ပါမောဇ္ဇ, ပီတိအစ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်ခြင်း စသော အကျိုး အမျိုးမျိုးသည် (ဒုတိယကာရဏူပစာရတ္ထအားဖြင့် ပြအပ်သော) အနုဘာဝတ္ထ မည်၏။

ဤကား ။ ။ ဆတ်ဆတ်မုချ၊ တိုက်ရိုက်ပြက၊ ဒဿနဆို။ အကြောင်းကိုပြ၊ ဒီပကမျိုး၊ ကျိုးပကာသန။ မူလကြောင်းမှာ၊ ဝိဘာဝမှန်။ ကျိုးပရမ္မရာ၊

http://www.dhammadownload.com

နဘာဝါ။ ကြိယာငါးတန်၊ ထုတ်နည်းတည်း–ဟူသော နိယံအရ ထုတ်ခြင်းတည်း။

ဝိဇ္ဇမာနသဒ္ဒါဠ် လက္ခဏာဒိ နှင့် ဒဿနာဒိ တွဲပုံ

"ဒဿန မူ၊ ယူ လက္ခဏ၊ ဒီပက ပဒဋ္ဌာန်၊ ပကာသန် ကိစ္စ၊ ဝိဘာဝ သပ္ပတ္တိ၊ ယူဘိ အာကာရ၊ နဘာဝ ဖလ၊ ပစ္စုပဋ္ဌာန်၊ မှတ်ရန် ဝိဇ္ဇမာန၊ ကတ္တားငါးတန်ပြ" ဟူ၍လည်းကောင်း, **"ဒဿနာ လက္ခဏ၊ ဒီပက ပဒဋ္ဌာန်၊ ပကာသနကိစ္စ၊ ရသံကို ယှဉ်တွဲ၊ ဝိဘာဝသပ္ပတ္တာ၊ အာကာရာထုတ်ရ အမြဲ၊ အနဘာ ဖလာစွဲလို့၊ ဆရာနဲ့ မှတ်ကြမသွေ"** ဟူ၍လည်းကောင်း ဆိုသော လင်္ကာများအရ ဝိဇ္ဇမာနသဒ္ဒါဠ်–

(၁) လက္ခဏာကို ဒဿနတ္ထကြိယာကောက်။ (၂) ပဒဋ္ဌာန်ကို ဒီပကတ္ထကြိယာ ကောက်။ (၃) ကိစ္စရသကို ပကာသနတ္ထကြိယာ ကောက်။ (၄) သမ္ပတ္တိရသနှင့် အာကာရပစ္စုပဋ္ဌာန်ကို ဝိဘာဝတ္ထကြိယာ ကောက်။ (၅) ဖလပစ္စုပဋ္ဌာန်ကို အနဘာဝတ္ထကြိယာ ကောက်။

(တစ်နည်း) ဝိဇ္ဇမာနသဒ္ဒါဠ် လက္ခဏာဒိ နှင့် ဒဿနာဒိ တွဲပုံ

"လက္ခဏ် ဒဿန၊ ဒီပက ပဒဋ္ဌာန်၊ ရသံသမ္ပတ္တိ၊ ထုတ်ဘိ ပကာသန်၊ ကိစ္စံရသ၊ ဝိဘာဝတည်း၊ အနဘာဝ ပစ္စုပဋ္ဌာန်၊ ထုတ်ကြောင်းပြန်သည်၊ ကြိယာငါးတန် ထုတ်နည်း တစ်နည်းတည်း" ဟူသည်နှင့် အညီ ဝိဇ္ဇမာနသဒ္ဒါဠ်–

(၁) လက္ခဏာကို ဒဿနကြိယာကောက်။ (၂) ပဒဋ္ဌာန်ကို ဒီပကတ္ထကြိယာကောက်။ (၃) သမ္ပတ္တိရသကို ပကာသနတ္ထကြိယာကောက်။ (၄) ကိစ္စရသကို ဝိဘာဝတ္ထကြိယာ ကောက်။ (၅) ပစ္စုပဋ္ဌာန်ကို အနဘာဝတ္ထကြိယာ ကောက်။

သဲအင်းဆရာတော် အလိုအားဖြင့်–(၁) သဘောကို လက္ခဏာ။ (၂) ငုတ်, ပေါ် သတ္တိ ၂–မျိုးကို ရသ။ (၃) အာကာရပစ္စုပဋ္ဌာန်, ဖလပစ္စုပဋ္ဌာန် ၂–မျိုးကို ပစ္စုပဋ္ဌာန်။ ထိုတွင် ရသသည် အကြောင်း ဖြစ်ရမည်။ ပစ္စုပဋ္ဌာန် ၂–မျိုးတွင် "အာကာရပစ္စုပဋ္ဌာန်သည် အကြောင်းဖြစ်ရမည်။ ဖလပစ္စုပဋ္ဌာန်သည် အကျိုးဖြစ်ရမည်" ဟု မိန့်ဆိုတော်မူ၏။ မဏိမဉ္ဇူဆရာတော် အလိုအားဖြင့်– "ကိစ္စရသကို ကြိယာကောက်, သမ္ပတ္တိရသကို ဂုဏ်ကောက်" ဟု မိန့်တော်မူ၏။

ဥဒါဟရဏ် ။ ။ ကုသလံ ။ ။ (၁) အနဝဇ္ဇသုခဝိပါကလက္ခဏာသည်

http://www.dhammadownload.com

ဒဿနတ္ထကြိယာ မည်၏။ (၂) ယောနိသောမနသိကာရပဒဋ္ဌာန်သည် ဒီပကတ္ထ ကြိယာ မည်၏။ (၃) အကုသလဝိဒွံသနကိစ္စရသသည် ပကာသနတ္ထကြိယာ မည်၏။ (၄) ဝေဒါနဘာဝသမ္ပတ္တိရသသည် ဝိဘာဝတ္ထ မည်၏။ (၅) ဣဋ္ဌ ဝိပါကပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထကြိယာ မည်၏။

ကြိယာ ၅-တန်ထုတ်နည်း ပြီး၏။

ဒဋ္ဌဗ္ဗံ, ဝေဒိတဗ္ဗံ, သိဒ္ဓံ ထားပုံ

"ဒဋ္ဌဗ္ဗံ-ကား သန္နိဋ္ဌာန်၊ ဝေဒိတဗ္ဗံ-ကား သံသယ၊ သိဒ္ဓံရှိက စကားကျ။ (ရှင်တိပိဋကနာဂ။ ၈၄)" ဟူသည်နှင့် အညီ-(၁) သန္နိဋ္ဌာန်ကျ မုချတ္ထ, နိတတ္ထ, ဥဒ္ဓကတ္ထ, ကေန္တ အားဖြင့် ယူရမည့်အနက်အဓိပ္ပာယ်ကို ပြလိုရာ၌ ဒဋ္ဌဗ္ဗံ-ထားသည်။ (၂) "မုချအားဖြင့် မယူဘဲ နှစ်လုံးနှစ်ခွ သံသယဖြစ်လျက် ဥပစာ-ရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် ရသင့်ရာ ယူရမည်" ဟု ပြလို ရာ၌ ဝေဒိတဗ္ဗံ-ထားကြသည်။ (၃) အတ္ထာပန္န, သဒ္ဒါပန္န, သာမတ္ထိယအားဖြင့် စကားကျ စကားရောက်ကို ပြလိုရာ၌ သိဒ္ဓံ-ထားကြသည်။

ဒဋ္ဌဗ္ဗံ-ဥဒါဟရဏ် ။ ။ စေတသော အဂူပသမေ အယောနိသောမနသိ-ကာရပဒဋ္ဌာန်၊ စိတ္တဝိက္ခေပေါတိ ဒဋ္ဌဗ္ဗံ။ (နီ၊ ဋ္ဌ။ ၂၉၂။) ဤဥဒါဟရဏ်၌ ဥဒ္ဒစ္စစေတသိက်၏ သဘောကား "စိတ်၏ပြန့်လွင့်ခြင်းပင်တည်း" ဟု "သန္နိဋ္ဌာန်ကျ, မုချတ္ထ, ဥဒ္ဓကတ္ထ, ကေန္တ အားဖြင့် ယူရမည်" ဟု ပြလို၍ ဒဋ္ဌဗ္ဗံ-ထားသည်။

ဝေဒိတဗ္ဗံ-ဥဒါဟရဏ် ။ ။ သဟဇာတဓမ္မေသု အကမ္မနဋ္ဌေနေဝ ဝိရိယ-ဗလံ ဝေဒိတဗ္ဗံ။ (နီ၊ ဋ္ဌ၊ ၂၉၁။) ဤဥဒါဟရဏ်၌ ဝိရိယစေတသိက်သည် မိမိ နှင့် သဟဇာတဖြစ်သော တရားတို့၌ မတုန်လှုပ်ခြင်းဟူသော အနက်ကြောင့် သာလျှင် "ဝိရိယဗိုလ်မည်၏" ဟု "ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တ အားဖြင့် ယူရမည်" ဟု ပြလို၍ ဝေဒိတဗ္ဗံ-ထားသည်။

သိဒ္ဓံ-ဥဒါဟရဏ် ။ ။ ကာယကမ္မံ ပန ကာယဒ္ဒါရမ္ပိယေဝ ဗဟုလံ ပဝတ္တတိ၊ အပ္ပံ ဝစီဒ္ဒါရေ။ တသ္မာ ကာယဒ္ဒါရေ ဗဟုလံ ဝပတ္တိတော တေသ ကာယကမ္မဘာဝေါ သိဒ္ဓေါ၊ ဝနစရကထုလ္လ ကုမာရိကာ ဒိဂေါ-စရာနံဝနစရကာဒိ ဘာဝေါ ဝိယ။ (နီ၊ ဋ္ဌ။ ၁၂၇။) ဤဥဒါဟရဏ်၌ ကာယက်, ဝစီက်, မနောက် ၃-ပါးတို့တွင် "ကာယဒ္ဒါရ၌ ဖြစ်သော က်သည် ကာယက် မည်၏။ ဝစီဒ္ဒါရ၌ ဖြစ်သော က်သည် ဝစီက် မည်၏။

http://www.dhammadownload.com

မနောဒွါရဋ္ဌ ဖြစ်သောကံသည် မနောကံ မည်၏" ဟု ပြဆိုရာ ကာယကံသည် အနည်းငယ်အားဖြင့် ဝစီဒွါရဋ္ဌ ဖြစ်သော ကြောင့် ဝစီကံ မည်သင့်သော်လည်း ဝနစရက (တောမုဆိုး), ထုလ္လကုမာရိက ဂေါစရ (အပျိုဟိုင်းမ အိမ်၌ ဆွမ်းခံသော ရဟန်း) ဆိုသောစကား၌ "မုဆိုး၏ အနည်းငယ် တစ်ခါတစ်ရံ မြို့တွင်း လှည်လည်သွားလာရာအခါ, ထိုရဟန်း၏ အခြားသော အိမ်၌ ဆွမ်းခံလှည့်လည် သွားလာရာအခါတို့၌လည်း ဝနစရက, ထုလ္လကုမာရိကဂေါစရ-အမည်ရသကဲ့သို့ ကာယဒွါရဋ္ဌသာ အများအားဖြင့် ဖြစ်သောကြောင့် ကာယကမ္မ-ဟူသော အမည်သာ ရသည်" ဟု ပြလိုသောကြောင့် သိဒ္ဓေါ-ထားသည် ။ ။ သိဒ္ဓံ, သိဒ္ဓေါ, သိဒ္ဓါ-အတူတူပင်။

ဒဋ္ဌဗ္ဗံ, ဓေဒိတဗ္ဗံ, သိဒ္ဓံ ထားပုံ ပြီး၏။

သိဒ္ဓံ အဓိပ္ပာယ်

သိဒ္ဓံသည် အကျဉ်းအားဖြင့် (၁) "ပစ္စက္ခသိဒ္ဓံ, (၂) အနုမာနသိဒ္ဓံ, (၃) ပရိကပ္ပသိဒ္ဓံ, (၄) သိဒ္ဓေယျသိဒ္ဓံ" ဟု ၄-မျိုးရှိ၏။ ၎င်းပြင် သဒ္ဒသိဒ္ဓံ, အတ္ထသိဒ္ဓံ, သဒ္ဒတ္ထသိဒ္ဓံ, အာကပ္ပသိဒ္ဓံ, အတ္ထာပန္န အတ္ထာပတ္တိတို့လည်း ရှိသေး၏။ ၎င်းတို့ကား အကျဉ်း ၄-ပါးတွင် အကျုံးဝင်နိုင်၏။

(၁) အာရုံအားဖြင့် အာရမ္မဏိကကို လည်းကောင်း, အကြောင်းဟေတုဖြင့် အကျိုး ဖလကိုလည်းကောင်း တိုက်ရိုက်မုချအားဖြင့် မျက်မှောက်ဆတ်ဆတ် သိမြင်ရခြင်းသည် ပစ္စက္ခသိဒ္ဓံ မည်၏။ ရုပ်နာမ်ဓမ္မတို့၏ သဘာဝ အလျောက် ဖြစ်ခြင်းကို သိခြင်းသည်လည်း ပစ္စက္ခသိဒ္ဓံ မည်၏။ (၂) အာရမ္မဏိက ဖြင့် အာရုံကိုလည်းကောင်း, အကျိုးဖလဖြင့် အကြောင်း ဟေတုကိုလည်း ကောင်း, အာရုံအကြောင်းဖြင့် အာရမ္မဏိက အကျိုးကို လည်းကောင်း, သဒ္ဒါ၏ အနေအထား အရိပ်အရောင်ကို ထောက်ဆ၍လည်းကောင်း ဉာဏ်ဖြင့် မှန်းဆ သိရခြင်းသည် အနုမာနသိဒ္ဓံ မည်၏။ (၃) အာရုံအားဖြင့် အာရမ္မဏိကကို လည်းကောင်း, အကြောင်းဖြင့် အကျိုးကိုလည်းကောင်း ကြံဆ၍ သိရခြင်းသည် ပရိကပ္ပသိဒ္ဓံ မည်၏။ (၄) အာဂုမ်, ဉာပကဟိတ်, သာဓကပါဌ်, ယုတ္တိဒဋ္ဌိကရဏ, သဒ္ဒန္တရိတ်, သဒ္ဒယဘာသိတ, အတ္ထာပကရဏလိင် စသောအရာတို့ဖြင့် ပြီးစေကြောင်း သိကြောင်းသည် သိဒ္ဓေယျသိဒ္ဓံ မည်၏။

၎င်းပြင် ။ ။ (၁) အနက်အားဖြင့် မသိရဘဲ သဒ္ဒါအားဖြင့်သာ သိရခြင်းသည် သဒ္ဒသိဒ္ဓံ မည်၏။ (၂) သဒ္ဒါအားဖြင့် မသိရဘဲ အနက်အားဖြင့်သာ

http://www.dhammadownload.com

သိရခြင်းသည် အတ္ထသိဒ္ဓိ မည်၏။ (၃) သဒ္ဒါ, အနက် ၂-ပါး၌ဖြင့် သိရခြင်းသည် သဒ္ဒတ္ထသိဒ္ဓိ မည်၏။ (၄) နတ်ရွာ, နိဗ္ဗာန်ကို ကြံဆ၍ သိရခြင်းသည် အာကာပသိဒ္ဓိ မည်၏။ (၅) ဗျတိရေကဆိုက အနွယကို သိရခြင်း, အနွယဆိုက ဗျတိရေကကို သိရခြင်းသည် အတ္ထာပန္န, အတ္ထာပတ္တိ မည်၏။

(၁) ပစ္စက္ခသိဒ္ဓိ ဥဒါဟရဏ် ။ ။ နိဗ္ဗာန် ပန လောကုတ္တရသဒ်ါတ် စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ။ (သင်္ဂဟ ရပ်ပိုင်း။) ဤဥဒါဟရဏ်၌ လောကုတ္တရာဟု ဆိုအပ်သော နိဗ္ဗာန်ကို မဂ်ဉာဏ်ရသော အရိယာပုဂ္ဂိုလ်တို့သည်သာ မိမိတို့၏ အသီးအသီးသော မဂ်ဉာဏ်ဖြင့် တိုက်ရိုက် မုချအားဖြင့် မျက်မှောက်ပြု၏ဟု မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ခြင်းကို "ပစ္စက္ခသိဒ္ဓိ" ဟု ဆိုသည်။

သာဓက ။ ။ "စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗ"န္တိ ဣမိနာ နိဗ္ဗာနသဒ်ါတ် တံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ (ဋီကာကျော်။ ၂၁၆။)

(၂) အနုမာနသိဒ္ဓိဥဒါဟရဏ် ။ ။ မဟဂ္ဂတာရမ္မဏာ ဓမ္မာ။ (ပါဠိတော်။ ၂။) ဤဥဒါဟရဏ်၌ မဟဂ္ဂတာရမ္မဏာ ဓမ္မာ-ဟူသော တိကမာတိကာပဒ၌ "မဟဂ္ဂတာရမ္မဏာ" ဟု သာမညအားဖြင့် ဆိုလျှင်ပင် ထို၏အာရုံဖြစ်သော အာကာသနဉ္စာယတနမဟဂ္ဂုတ်စိတ်, အာကိဉ္စညာယတနမဟဂ္ဂုတ်စိတ် ၆-ခု တို့ကြောင့် အာရမ္မဏိကဖြစ်သော ဝိညာနဉ္စာယတန, နေဝသညာနာသညာယတနစိတ်များကို ဉာဏ်ဖြင့် မှန်းဆ၍ သိရ၏။ ထို့ကြောင့် အနုမာနသိဒ္ဓိ မည်၏။

(၃) ပရိကပ္ပသိဒ္ဓိဥဒါဟရဏ် ။ ။ ဣဒါနိ ယထာ နိက္ခိတ္တာယ မာတိကာယ သင်္ဂဟိတေ ဓမ္မေ ပဘေဒတော ဒဿေတုံ "ကတမေ ဓမ္မာ ကုသလာ" တိ ဣဒံ ပဒဘာဇနီယံ အာရဒ္ဓံ။ (နိ၊ ဋ္ဌ။ ၉၇။) ဤ၌ မြတ်စွာဘုရား၊ရှင်၏ ကတမေ ဓမ္မာ ကုသလာ-စသော ပဒဘာဇနီယပါဠိတော်ကို ဟောကြောင်းဖြစ်သော ဝိရိယပြဋ္ဌာန်းသော ဒေသနာဉာဏ်တော်တည်းဟူသော အကြောင်းကို ပြသဖြင့် ထို၏ အကျိုးဖြစ်သော ဓမ္မပဋိဂ္ဂါဟကတို့၏ သန္တာန်၌ သဒ္ဓါပသန္နကုသိုလ်စိတ္တုပ္ပါဒ်, နောင်လာနောက်သားတို့၏ အဘိဓမ္မာကို သင်ယူခြင်း, တတ်သိနားလည်ခြင်း, ရုပ်နာမ်ဓမ္မကို သိ၍ ဈာန်မဂ်ဖိုလ်ရခြင်း စသော မိမိသူတစ်ပါး နှစ်ဦးသားတို့၏ လောကီ လောကုတ္တရာ အကျိုးများကိုလည်း ဥပစာအားဖြင့် ကြံဆ၍ သိအပ်သောကြောင့် ပရိကပ္ပသိဒ္ဓိမည်၏။

(၄) သိဒ္ဓေယျသိဒ္ဓိ ဥဒါဟရဏ် ။ ။ ယထာဟ "တဇ္ဇံ တဿာရုပ္ပံ ကထံ မဇ္ဇေတိ"တိ။ (နိ၊ ဋ္ဌ။ ၁၈၃။) ဤဥဒါဟရဏ်၌ တဇ္ဇာ-သဒ္ဒါ၏ တဿာရုပ္ပ အနက်၌ ဖြစ်၏ဟူသော အဓိပ္ပာယ်ကို တဇ္ဇံ တဿာရုပ္ပံ ကထံ မဇ္ဇေတိ-

http://www.dhammadownload.com

ဟူသော ပါဠိတော်သာကေဖြင့် ထောက်ဆ၍ ယုံကြည်စေအပ် ပြီးစေအပ်သော ကြောင့် သိဒ္ဓေယျသိဒ္ဓိ (၀၊) သဒ္ဒေယျသိဒ္ဓိ မည်၏။

မှတ်ချက် ။ ။ တွင်းကြီးနိယံနှင့် ၎င်းအဖြေကျမ်းတို့၌ မိန့်ဆိုအပ်သော သိဒ္ဓေယျသိဒ္ဓိကို "သဒ္ဒေယျသိဒ္ဓိ" ဟူ၍ လည်းကောင်း, ပရိကပ္ပသိဒ္ဓိနှင့် အာကပ္ပသိဒ္ဓိ တို့ကိုလည်း ညြကပ္ပနသိဒ္ဓိ သို့ သွင်း၍လည်းကောင်း မူလ-ပဏ္ဏာသဋ္ဌီကာ၌ အရှင် ဓမ္မပါလထေရ် မိန့်တော်မူသည်။

သာဓက ။ ။ တိဝိဓော ဟိ အတ္ထော၊ ကောစိ ပစ္စက္ခသိဒ္ဓေါ, ယော ရူပါဒိဓမ္မာနံ ပစ္စတ္တဝေဒနီယော အနိဒ္ဒိသိတဗ္ဗာကာရော။ ကောစိ အနုမာန-သိဒ္ဓေါ, ယော ယဒုဒါဒိသု ပသိဒ္ဓေန ပစ္စယာယတ္ထဘာဝေန သာဓိယမာနော သဒ္ဒါဒိနံ အနိစ္စတာဒိအာကာရော။ ကောစိ ညြကပ္ပနသိဒ္ဓေါ, ယော ပစုရ-ဇနဿ အစ္ဆန္နမဓိဋ္ဌော သဒ္ဓါဝိသယော ပရလောကနိဗ္ဗာနာဒိ။ တတ္ထ ယဿ အတ္တနော ဝစနံ ပစ္စက္ခသိဒ္ဓေ အနုမာနသိဒ္ဓေ စ အတ္ထေ နာ ဝိသံဝါဒေတိ အဝိပရီတပုဂ္ဂလတ္တိယာ၊ တဿ ဝစနေန သဒ္ဒေယျတ္ထသိဒ္ဓိ, သဒ္ဒေယျရူပါ ဇဝ စ ယေဘုယျေန သတ္တာဂုဏာ အစ္ဆန္နသမ္ဘဝတော။ (မူလပဏ္ဏာသဋ္ဌီကာ၊ ၂။ ၃၀၃။)

---

(၉) နံပါတ် စည်းမျဉ်း အဖြေ

သဘောအဓိပ္ပာယ်မေးပုံ ။ ။ "မဟာဘုတ် ၄-ပါး-တို့၏ မဟာဘူတ သာမညဖြစ်ပုံ သဘောအဓိပ္ပာယ်ကို ဥပမာအားဖြင့် ရှင်းခဲ့ပါ" ဟူရာ၌-မျက်လှည့်အတတ်ကိုတတ်သော မျက်လှည့်ဆရာသည် ပတ္တမြားမဟုတ်သော ရေကို ပတ္တမြားလုပ်၍ ပြ၏။ ရွှေမဟုတ်သော ခဲစသည်ကို ရွှေလုပ်၍ ပြ၏။ မိမိကိုယ်တိုင် ဘီလူးမဟုတ်ဘဲလျက် ဘီလူးအဖြစ်ကိုလည်း ပြ၏။ မိမိကိုယ်တိုင် ဂုက်မဟုတ်ဘဲလျက် ဂုက်အဖြစ်ကိုလည်း ပြတတ်၏။ ဤအတူပင် ပထဝီ, အာပေါ, တေဇော, ဝါယော-ရုပ် ၄-ခုတို့သည်လည်း အညိုမဟုတ်ဘဲ အညို, အဝါ မဟုတ်ဘဲ အဝါ, အနီမဟုတ်ဘဲ အနီ, အဖြူမဟုတ်ဘဲ အဖြူ၏ အဖြစ်ကို ပြတတ်ကုန်၏။ ထို့ကြောင့် မဟာဘုတ်တို့သည် "မဟာဘူတသာမည မာယာ-ကာရမဟာဘူတနှင့် တူကုန်၏" ဟု မှတ်အပ်၏။

မဟာဘူတသာမညတော်တိ ဧတာနိ ဟိ ယထာ မာယာကာရော အမဏိ-ယေဝ ဥဒကံ မဏိကတ္တာ ဒဿေတိ၊ အသုဝဏ္ဏံယေဝ လေဠုံ သုဝဏ္ဏံ ကတ္တာ ဒဿေတိ၊ ယထာ စ သယံ နေဝ ယက္ခော နာ ပက္ခီ သမာနော ယက္ခဘာဝမို

http://www.dhammadownload.com

ပက္ခိဘာဝမှိ ဒဿေတိ၊ ဇဝမေဝ သယံ အနိလာနေဝ ဟုတွာ နီလံ ဥပါဒါရူပံ ဒဿေန္တိ။ အပိတာနိ၊ အလောဟိတာနိ၊ အနောဒါတာနေဝ ဟုတွာ သြဒါတံ ဥပါဒါရူပံ ဒဿေန္တိတိ မာယာကာရမဟာဘူတသာမညတော မဟာဘူတာနိ။ (နီ၊ ဋ္ဌ။ ၃၃၈။)

လက္ခဏာဒိစတုက္ကကို မေးရာ၌ ။ ။ လက္ခဏာဒိသု ဟိ တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ သမညံ ဝါ လက္ခဏံနာမ၊ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသော နာမ၊ ဥပဋ္ဌာနာကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံ နာမ၊ အာသန္နကာရဏံ ပဒဋ္ဌာနံ နာမ။ ဤအဋ္ဌသာလိနီ (ဋ္ဌ။ ၁၀၅) ညွန်ကြားချက်နှင့် အညီ မေးနိုင်သည်။

ပရမတ္ထအဆုံးအဖြတ်မေးပုံ ။ ။ "ဝေဒနာစေတသိက်ကဲ့သို့ ကြွင်းသော ဖဿစသော သမ္မယုတ်တရားတို့သည်လည်း အာရုံ၏ အရသာကို ခံစားရသည် ဖြစ်ပါကုန်လျက် ဝေဒနာစေတသိက်ကိုသာ အနုဘဝနရသဆို၍ ကြွင်းတရား တို့ကို အနုဘဝနရသ မဆိုရဟု၍ အဋ္ဌကထာဆရာ အာဘော်ကျ ဆုံးဖြတ်ပါ" ဟူရာ၌-

ဝေဒနာစေတသိက်သည် အာရုံ၏ အရသာကို ခံစားခွင့် ကြုံက စင်စစ် အားဖြင့် အစိုးတရ အရှင်သခင်ကဲ့သို့ အကြွင်းမဲ့ ပြည့်ပြည့်ဝဝ အာရုံ၏ အရသာ ကို ခံစား၏။ ဖဿစသော ကြွင်းသော သမ္မယုတ်တရားတို့ကား ထိုအာရုံကို တစ်စိတ်တစ်ဖို့မျှ အားဖြင့်သာ ခံစားတတ်ကြ၏။ ထို့ကြောင့် ဝေဒနာကိုသာ အနုဘဝနရသ ဟုဆို၏။ ဖဿစသော သမ္မယုတ်တရားတို့ကို အနုဘဝနရသ မဆိုအပ်ကုန်။ ဥပမာအားဖြင့် ရှင်ဘုရင်အထံ ပွဲတော်အုပ် ဆက်သသော စားဖိုသည်ယောက်ျားသည် ပွဲတော်စာ အနည်းငယ်ကိုသာ ခံစားသုံးဆောင် ရလျက် ရှင်ဘုရင်ကသာ အလိုရှိသလောက် အစိုးတရ ပိုင်နိုင်စွာ အကုန်ခံစား သုံးဆောင်ရသကဲ့သို့ မှတ်အပ်၏။ (နီ၊ ဋ္ဌ။ ၁၅၃။)

ပရမတ္ထတရားတို့၏ ဖြစ်ပုံမေးခြင်း ။ ။ သဒ္ဒမ္မဋ္ဌသ ပူဇေတွာ (နီ၊ ဋ္ဌ။ ၁)-၌ (၁) သဒ္ဒမ္မံ-ပါဠိဖြင့် မဂ် ၄-ပါး, ဖိုလ် ၄-ပါး, နိဗ္ဗာန်, ပရိယတ္တိအားဖြင့် ၁၀-ပါးသော တရားတော်ဟု ဆိုအပ်သော ပရမတ္ထတရားတို့ကို အာရုံ၏အဖြစ်ဖြင့် အဋ္ဌကထာဆရာ သန္တာန်၌ ဖြစ်ပုံကို ပြတော်မူ၏။ (၂) အသ-ပါဠိဖြင့် ဓမ္မိဿရဓမ္မံသာမိ ဖြစ်တော်မူသော မြတ်စွာဘုရား၏ ခန္ဓာ ၅-ပါး ပရမတ္ထတရားကို ပြတော်မူ၏။ (၃) ပူဇေတွာ-ပါဠိဖြင့် အာမိသပူဇာ, ဓမ္မပူဇာအားဖြင့် ဖြစ်သော ဒါနမယ, သီလမယ, ဘာဝနာမယ ကုသိုလ်စေတနာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်၏ အဋ္ဌကထာဆရာ သန္တာန်၌ ဖြစ်ပုံကို ပြတော်မူ၏။

http://www.dhammadownload.com

ဝိထိဖြစ်ပုံအဓိပ္ပာယ်မေးခြင်း ။ ။ သဒ္ဓမ္မဋ္ဌသ ပူဇေတွာ-ဟူသော ပါဠိ၌ တရားတော် ၁၀-ပါးကို ပူဇော်တော်မူသော အဋ္ဌကထာဆရာသန္တာန်၌ တရားတော် ၁၀-ပါးဟူသော ဓမ္မာရုံကို အာရုံပြု၍ မနောဒွါရဝိထိဖြစ်၏။

ဖြစ်ပုံ ။ ။ ဓမ္မာရုံကို အာရုံပြု၍ အတီတတွင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၇-ကြိမ်, ထို့နောင် ဘွင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

---

(၁၀) နံပါတ် စည်းမျဉ်း အဖြေ

ပဋ္ဌာန်းစပ်နည်း ။ ။ အဓမ္မောနိရယံနေတိ-၌ စပ်ပုံ အဓမ္မော-ကား နေတိ-၌ သဟဇာတပစ္စည်း။ နေတိ-ကား သဟဇာတပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်အပ်၏။

ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်ပုံနှင့် ပြိုင်ပုံ ။ ။ အဘယ်သို့ ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်သနည်းဟူမူကား-အဓမ္မော-အရ အကုသိုလ်ဒွါဒသင်္ဂရှိသော လောဘ, ဒေါသ, မောဟ စေတသိက်တို့ကို ပစ္စည်းယူ၍ နေတိ-အရ အကုသိုလ် ဒွါဒသ, ဟိတ် ၃-ပါး ကြဉ်သော စေတသိက် စတုဝီသ သမ္မယုတ္တနာမက္ခန္ဓာ, သဟိတ် စိတ္တဇရုပ်တို့ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူ၍ အကုသိုလ်ဒွါဒသင်္ဂ ရှိသော လောဘ, ဒေါသ, မောဟ ပစ္စည်းတရားက အကုသိုလ် ဒွါဒသ, အကုသိုလ်ဟိတ် ၃-ပါး ကြဉ်သော စေတသိက်စတုဝီသ သမ္မယုတ္တနာမက္ခန္ဓာ ၄-ပါး, သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား (၁) ဟေတု (၂) သဟဇာတ (၃) အညမည (၄) နိဿယ (၅) သမ္မယုတ္တ (၆) ဝိပ္ပယုတ္တ (၇) အတ္ထိ (၈) အဝိဂတ။ ဤ ၈-ပစ္စယသတ္တိတို့ဖြင့် ယထာရဟ ကျေးဇူးပြု၏။

ပဋ္ဌာန်းပစ္စည်း စပ်နည်းနှင့် ပတ်သက်၍ မှတ်ချက် ။ ။ **ကတ္တားနှင့် ကြိယာ၊ စပ်ပါကြ သ,နှန်,ပူ၊ ကြိယာက် စပ်ဟန်ရိုး၊ မျိုးအာရုံဟူ၊ အဿတ်, ဗာဟျတ်နှင့်၊ နှစ်ရပ်တဲ့ကရိဏ်းမူ၊ ကတ္တားတူ သုံးမျိုး၊ သမ္မဒါန်အာရုံမျိုး ရံခါပ၊ အကြွင်းမှာတိဒေသ၊ ဥပတဲ့မျိုး**-ဟူသော ရှေးဆရာတော်တို့၏ အချိုးကဗျာအရ-

ကတ္တားနှင့် ကြိယာ စပ်သောအခါ သဟဇာတ, အနန္တရ, ပုရေဇာတမျိုး စပ်ရမည်။ ကံနှင့် ကြိယာ စပ်သောအခါ အာရုံမျိုး စပ်ရမည်။ အဿတ္ထိက, ဗာဟိရကရိဏ်းနှင့် ကြိယာ စပ်သောအခါ ကတ္တားကဲ့သို့ သဟဇာတ, အနန္တရ,

http://www.dhammadownload.com

ပုရေဇာတ ၃-မျိုး စပ်ရမည်။ သမ္ပဒါန်နှင့် ကြိယာ စပ်သောအခါ အာရုံမျိုး စပ်ရမည်။ ထိုမှ ကြွင်းကျန်သော အပါဒါန်, သြကာသ ကာရကနှင့် ကြိယာ စပ်သောအခါ၌ လည်းကောင်း, သမ္ဓန်, အာလုပ်, ဟိတ်, လက္ခဏ စသော အကာရကနှင့် စပ်သောအခါ၌ လည်းကောင်း ပကတူပနိဿယမျိုး စပ်ရမည် ဟု မှတ်အပ်၏။

ဓမ္မသင်္ဂဏီ ဒုတိယနေ့ စည်းမျဉ်းအဖြေ ပြီး၏။

ကျမ်းရင်း ၃-ကျမ်း မေးခွန်းထုတ် စည်းမျဉ်းအဖြေ ပြီး၏။

နည်းပြ ဓမ္မာစရိယကျမ်း ပထမအုပ် အလုံးစုံပြီးပြီ

http://www.dhammadownload.com

လေးဘွဲ့ရ ဓမ္မာစရိယ
ဆရာကြီး ဦးသာဌေးမြင့် ပြုစုအပ်ပြီးသော
ဘာသာ, သာသနာနှင့် လူသား အကျိုးပြုကျမ်းများ

---

(၁) နည်းပြ ဓမ္မာစရိယကျမ်း (ပ)
(၂) နည်းပြ ဓမ္မာစရိယကျမ်း (၃)
(၃) အမြတ်ဆုံး ဇနီး
(၄) ကျေးဇူးကြီးလှ မိနှင့်ဘ
(၅) သစ္စာစွမ်းအား
(၆) သောကမီးငြိမ်းရေး
(၇) ဘဝကူးကောင်းရေး
(၈) မြင်းခြံ အဘိဓေမဟာရဋ္ဌဂုရုပွတ္တိ
(၉) မြန်မာစကားပုံ ဖြစ်ကြောင်းစုံ (ပ)
(၁၀) မြန်မာစကားပုံ ဖြစ်ကြောင်းစုံ (၃)
(၁၁) ရသပဒ္ဓာန်း
(၁၂) ဝစီဘေဒ ထိတိုင်းရ
(၁၃) ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလ
(၁၄) စရိုက်အခြေခံသော လူကဲခပ်နည်း
(၁၅) အိပ်မက်စစ်တမ်း
(၁၆) ဘေးကင်းသစ္စာဂါထာမန္တန်တော်
(၁၇) ဆောင်းပါးပေါင်းချုပ် (ပ) (၃) (တ) (စ)
(၁၈) စျာန်ခန်း မှတ်တမ်း (ပ) (၃) (တ) (စ) (မ)
